www.burmeseclassic.com

စေယျမင်းသျှင်

# ဂျီမြေမှသည်




www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွံ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၁၂၇၀၂၁၀
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၃၂၈၀၃၁၀

စီစဉ်သူ ❑ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ❑ ၂၀၁၁၊ ဩဂုတ်လ
အုပ်ရေ ❑ ၅၀၀
မျက်နှာဖုံး ❑ မြတ်မင်းဟာန်
ကွန်ပျူတာစာစီ ❑ *Welfare*
အတွင်းဖလင် ❑ *Quality*

ပုံနှိပ်သူ
ဇော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၅၀၀ကျပ်

၈၉၅ . ၈၃

ဇေယျမင်းသျှင်
ဤမြေမှသည်/ ဇေယျမင်းသျှင် –ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၁။
၃၃၇–စာ ၊ ၁၂စင်တီ× ၁၈စင်တီ။
(၁) ဤမြေမှသည်

## စပ်လျှဉ်း၍ . . .

[ ၁ ]

❑

ဖြစ်ရပ်မှန်ဇာတ်လမ်းဆိုသည်တို့ကို ကာလအတန်ကြာခြား ခဲ့ပြီးမှ ပြန်လည်ဖော်ထုတ် ရေးဖွဲ့ဖန်တီးတင်ပြရာ၌ မလွဲမသွေကြုံရ သော အခက်အခဲကလေးများ ရှိနေတတ်ပါသည်။ ရေးဖွဲ့သူသည် ထိုထို အခက်အခဲ၊ အဖုအထစ်ကလေးများကို အထုံးပြေအောင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းသမှုပြုရမြဲလည်း ဖြစ်ရိုးထုံးစံ။

ဦးစွာရင်ဆိုင်ရသည်က ဖြစ်ရပ်မှန်ဟုဆိုအပ်သော အကြောင်း ဇာတ်ကြီးအား မည်မျှအထိ ပိုင်းခြားကန့်သတ်၍ တင်ပြမည်နည်းဟု အဆုံး အဖြတ်ပြုရသည့် အရေးဖြစ်သည်။ ဖြစ်စဉ်ဖြစ်ရပ်တစ်ခုလုံးအား ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ကွက်များခွဲလျက် အကြောင်းစဉ်ကြီးတစ်ခုလုံးကိုပင် အရေလည်၊ အပတ်စေ့အောင် ဆစ်ဆစ်ပိုင်းပိုင်းတင်ပြမည်လား။ ဘက်စုံ၊ ထောင့်စုံ၊ အခြေအနေမျိုးစုံက ရုပ်စုံမှန်ပြောင်းကြည့်နေရသလို စုံတကာစေ့အောင် ဖော်ပြမည်လား၊ ပိုင်း၍၊ ကန့်၍ သင့်လျော်ရာကိုသာ ကောက်နုတ်ရေးဖွဲ့မည်လား။ ဖြစ်စဉ်ဖြစ်ရပ်၏ အကျယ်အဝန်းနှင့် ကာလ၏အနံ့အလျားကို လိုသလို ချိန်ဆတည်းဖြတ်၍ ဖန်တီးမည်လား။ ရေးဖွဲ့သူ၏ ဦးနှောက်နှင့် ရင်တို့ နှစ်ကိုယ်ကြား၊ နှစ်နားပြုရတတ်သည်။

ကျွန်တော်တို့ကမူ မိမိအသိပေးတင်ပြလိုသည့် ပဓာနဦးတည်ချက် (Main Theme) နှင့် စပ် ဆိုင်သမျှကိုသာ စိစစ်သန့်စင်၍ ကျစ်ကျစ်လျစ်လျစ် အကိုးအကားပြု ရေးဖွဲ့ရခြင်းကို ပို၍အာလျှသန်သည်။

ဒုတိယအခက်အခဲမှာ ဖြစ်ရပ်မှန်ဇာတ်လမ်းတည်ရာ ကာလ၊ ဒေသ၊ ပယောဂ နောက်ခံဝန်းကျင်များကို စိုစိုပြည်ပြည်၊ သိုင်းသိုင်းပိုင်းပိုင်းဖြစ်ရလေအောင် ကြိုးကြိုးကုတ်ကုတ် ဖွေရှာအပံ့အပိုးပြုရခြင်း ဖြစ်ပါသည်။

ရေးဖွဲ့တင်ပြလိုသည့်ဇာတ်လမ်း (Plot) နှင့် ဦးတည်ချက် (Theme)၊ အကြောင်းခံစကား (Message) စသည်စသည်တို့၏ အကျယ်အပြန့်၊ ထုထည်ကြီးမားလေ၊ အကိုးအထောက်၊ မှီငြမ်းပြုရာ နောက်ခံကား၏ နယ်နိမိတ်အလျားက ခရီးဆန့်လေဖြစ်ရာ ဖြစ်စဉ်မှန်၊ အချက်အလက်မှန်၊ စာကိုး စကားကိုး ခိုင်ခံ့အားကောင်းစေမှုကို အထူးဂရုပြုရတတ်ပါသည်။

ရည်ရွယ်ရင်းဇာတ်လမ်းကို ဖန်တီးရေးဖွဲ့ရသည်ထက် ပို၍ စေတနာ၊ ဝါသနာ၊ ဖွဲ့တို့ကို အရင်းအနှီးပြုရသည်ဟု ထင်ပါသည်။

စိတ်ကူးသစ်စာပေ

ကျွန်တော်တို့ကား ဝင့်ကြီးစွာပင် ထိုသို့ လုံ့လပြုရေးဖွဲ့ရသည့်လေ့၌ ပျော်မွေ့တတ်ရာ ရသစာပေ၏ အရသာကို ခံတွင်းပျက်စေသည်အထိ လောမကြီးမိဖို့ ကိုယ့်ကိုယ်ကိုယ် မနည်းကြီး ဖက်သတ်နေရလေ့ရှိသည်။

တတိယမှာ ဖြစ်ရပ်မှန်တွင် အကြောင်းစပ်နှီးနွှယ်ရာရာ ပုဂ္ဂိုလ်၊ မြို့ရွာဒေသ၊ အချိန်ကာလ စသည်စသည်တို့အား မူရင်းအတိုင်း သုံးစွဲဖော်ပြမည်လား။ ဖြစ်ရပ်ဖြစ်စဉ်ကိုသာ ပဓာနပြု၍ သင့်လျော်ရာရာတို့၌ အပြောင်းအလဲပြုကာ သင်္ကေတများ၊ နာမ်စားများ၊ အညွှန်းများ၊ အမည်ဂုဏ်များ၊ အတိုကောက်စကားသုံးများကို အစားထိုးရေးဖွဲ့မည်လား။

တိကျမှုအပေါ်မူတည်၍ တန်ဖိုးအလေးအပေါ့ ကွာခြားမြဲထုံးစံဖြစ်ရာ လွန်စွာအလေးအနက်ထား စဉ်းစားရသည့် ကိစ္စတစ်ရပ်ဖြစ်ပါ၏။ နောက်ဆက်တွဲဂယက်၊ ပဲ့တင်သံ၊ လှိုင်းတံပိုးများ ရှိတတ်လေ၍လည်း သတိကြီးကြီး၊ သတိမြဲမြဲ ထားရလေ့ရှိပါသည်။

ကျွန်တော်တို့ကမူ ဖတ်သူ၊ နာသူရင်သို့ မိမိကမ်းဆင့်လိုသော [illegible] (Message) နှင့် ဦးတည်ချက် (Theme)ကိုသာ မျှဝေလိုရင်းဖြစ်ရာ ဇာတ်လမ်းပါဇာတ်ဆောင်တို့၏ အမည်၊ ကာလ၊ ဒေသ၊ အခြေအနေတို့ကို သင့်နိုးရာရာ အပြောင်းအလဲပြုတင်ပြရန် ကြိုးစားမြဲဖြစ်သည်။

သို့ရာတွင် နောက်ခံကား၏ ပီပြင်ထင်ရှားမှုအတွက်ကိုမူ တိကျနိုင်သမျှ တိကျစေရန် ဖွေရှာကြိုးကုတ်၍ စိစစ်ဖော်ပြနိုင်ရန် ကြိုးစားသည်။ ဇာတ်လမ်းနှင့်ဇာတ်ဆောင်တို့၏စရိုက် ဖွံ့ဖြိုးစေမှုအတွက် သင့်နိုးရာရာ အားဖြည့်ဇာတ်ဆောင်များကိုလည်း လိုအပ်သလို စိတ်ကူးဖြင့် ဖန်တီးထည့်သွင်းကာ စရနယ်ရေးဖွဲ့ရသည်ကို နှစ်သက်တတ်သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ပဓာနနှင့် အလေးအနက်အပြုအပ်ဆုံး အရေးကြီးသည့် အချက်မှာ ဖြစ်ရပ်မှန်ဇာတ်လမ်းဆိုသည်ကို မည်သည့်အကြောင်းရင်း အခြေခံဖြင့် ရေးဖွဲ့မည်နည်း။ မည်သည့်စေတနာက အနိုးအဆော်ပြု၍ ရေးဖွဲ့သနည်း။ ရေးဖွဲ့သူက မည်သည့်ယုံကြည်မှုဖြင့် ရပ်တည်ရေးဖွဲ့သနည်း။

အရေးဖွဲ့ခံ ပုဂ္ဂိုလ်များအပေါ် မလိုလားအပ်သည့် ပုဂ္ဂလိက အကျိုးသက်ရောက်မှုများ ဖွဲ့နှောင်ခြင်းမခံရအောင် မည်သို့ အကာအကွယ် ပြုရေးဖွဲ့မည်နည်း။ ဖြစ်ရပ်မှန်ဇာတ်လမ်းဆိုသည်ကို ဖော်ထုတ်ရေးဖွဲ့ဖန်တီးလိုက်၍ ဖတ်သူ၊ နာသူတွင် မည်သို့သော အကျိုးတစ်စုံတစ်ရာ ရစေနိုင်မည်နည်း။ ထိုထိုအချက်များကို ချင့်ချိန်ရခြင်းဖြစ်ပါသည်။

စာပေလောကတွင် ဖြစ်ရပ်မှန် (True story) ကို အခြေခံသော ရသစာပေဖန်တီးမှု ပေါ်ထွန်းအားကောင်းခဲ့သည်မှာ ကြာတောင့်ကြာခဲ့ပါပြီ။ The New Journalism ဟူသော အရေးအသားပုံစံသစ်သည် ၁၉၅၀ ခုနှစ်များအတွင်းက စတင်သန္ဓေတည်ကာ ၁၉၆၀ ခုနှစ်များအတွင်းတွင် လေးစားဂရုပြုခံရသည့် အနေအထားသို့ ရောက်ရှိလာလျက် ဖွံ့ဖြိုးကျယ်ဝန်းလာခဲ့သည်မှာ ကမ္ဘာ့စာပေရှုခင်းတွင် မြင်သာတွေ့သာနိုင်သည်။

သို့တစေ မျက်မှောက်ခေတ်မြန်မာစာပေနယ်၌ အတ္ထုပ္ပတ္တိစာပေ (Biogr-aphy)၊ ဖြစ်ရပ်မှန်မှုခင်းဇာတ်လမ်း (True Criminal Case) နှင့် ဖြစ်ရပ်မှန်အပေါ် အခြေခံသော ရသဟန်အရေးအဖွဲ့တို့ အကွဲအပြားမရှိ၊ ရောထွေးယှက်တင်ရှိဆဲဟု ယူဆရသည်။

ဆရာမကြီး ဂျာနယ်ကျော်မမလေး၏ 'သူလိုလူ'၊ ဆရာကြီး ဒေါက်တာမောင်မောင်၏ 'နိုင်ငံတော်လုပ်ကြံမှု'နှင့် စာရေးဆရာကြီး နန္ဒ၏ 'သံနှင့်သွေး'၊ 'မိုးယံသို့ချီ'၊ 'ငါ့သွေး ငါ့ဓား ငါ့ရောဝတီ' တို့ကို ကွဲကွဲပြားပြားသိ၍ ခံစားနှစ်သက်သူ၊ ဝင်စားမြတ်နိုးသူတို့ အတန်နည်းနေသေးသည်ဟု ဆိုဝံ့သည်။

သည်တွင် ဖြစ်ရပ်မှန် (True Story) ကို အခြေခံပြု၍ ရသစာပေတစ်စုံတစ်ရာ အသစ်ပြုစုဖန်တီးရေးဖွဲ့သူတို့က မျက်မှောက်ရေပန်းစားနေသော 'ဖြစ်ရပ်မှန်ရာဇဝတ်မှုခင်း' ဆိုသည်များနှင့် ထင်ယောင်ထင်မှားဖြစ်သွားမည်ကို အစိုးရိမ်ပိုမိရသည်။ စည်းချင်း၊ ဘောင်ချင်း၊ နယ်နိမိတ်ချင်း နီးကပ်လွန်းသော်လည်း တင်ပြပုံချင်း၊ အားထုတ်ကြိုးပမ်းမှုချင်း၊ စေတနာချင်း အနှိုင်းအထပ်မပြုစကောင်းဟု ယုံကြည်၍ ဖြစ်သည်။

ကျွန်တော်တို့ကမူ ...

ဖတ်သူ၊ နာသူအတွက် စေတနာကောင်းအခြေခံဖြင့် လက်တို့ပြောပြလိုသည့်လိပ်ပြာ နိုးထလာ၍ ရင်တွင် ထိထိခိုက်ခိုက်ခံစားရလွန်းသည့်အခါ မျက်မှောက်နှင့် အနာဂတ်ကာလအကျိုးအတွက် မေ့လျော့လျော့လျည်း တိမ်ကောပပျောက်မသွားစကောင်းသည့် အတိတ်ဖြစ်ရပ် တစ်စုံတစ်ရာကို လက်ဆင့်ကမ်း နှိုးနှောလိုသည့်အခါတိုင်း ဖြစ်ရပ်မှန် အခြေခံရသစာပေအဖွဲ့အနွဲ့ပုံစံဖြင့် ရေးဖွဲ့တင်ပြရန် တခုတ်တရကြိုးပမ်းမြဲဖြစ်ပါသည်။

❀ ❀ ❀



www.burmeseclassic.com

[ ၂ ]

❏

'ဤမြေမှသည်' သည် ဖြစ်ရပ်မှန်ကို နောက်ခံပြု၍ စာရေးသူက စိတ်ကူးဖန်တီးရေးဖွဲ့ထားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။

အခါတစ်ပါး၌ ...

ရေးဖွဲ့သူသည် နိုင်ငံ့ဝန်ထမ်းဘဝဖြင့် 'ဤမြေမှသည်' ဖြစ်ပေါ်လာမည့် ဖြစ်ရပ်မှန်အကြောင်းထုပ္ပတ်ကို ရှာရှာကြံကြံ၊ တေ့တေ့တင်တင် ကြုံမိခဲ့ရသည်။ ဤသို့ဖြစ်၏။

၁၉၆၉ ခုနှစ် စက်တင်ဘာလအတွင်းက မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကျောက်မိုင်းကော်ပိုရေးရှင်းပိုင် ထုံးဘိုကျောက်မိုင်းမှ ကျောက်မိုင်းလုပ်သားကြီး (၁၉) ဦးတို့သည် ဒုတိယကမ္ဘာစစ်အတွင်း



ဂျပန်တို့စစ်ရှုံး၍ ထွက်ပြေးဆုတ်ခွာရင်း ရတနာသေတ္တာများ မြှုပ်နှံထားခဲ့သည်ဆိုသည့် နေရာအား ရှာဖွေတူးဖော်ခွင့်ပြုပါရန် သက်ဆိုင်ရာသို့ လျှောက်ထားခဲ့ကြသည်။

စူးစိုက်စွဲမြဲသောလုံ့လသည် အချည်းနှီးမဖြစ်ခဲ့ပါ။

လုပ်သားကြီးတို့က ထိုထိုရတနာပစ္စည်းများ မြှုပ်နှံခဲ့သည်ဆိုသည့် မြေနေရာကို အတိအကျ ဖော်ထုတ်ရှာတွေ့ခဲ့ပါသည်။ ပေနှစ်ဆယ်အကျယ်၊ ပေသုံးဆယ်အနက် မြေကျင်းကြီးအတွင်းမှ ရတနာပစ္စည်းများကို စောင့်ရှောက်ဖို့ ဖက်ဆစ်ဂျပန်တို့ ရက်ရက်စက်စက် သတ်ဖြတ်ထားခဲ့သည့် လူအရိုးများ၊ ဂျပန်စားရည်များ၊ အသုံးအဆောင်ပစ္စည်းများ သဗ္ဗန်ပေါင်းတို့ကိုလည်း တူးဖော်ရရှိခဲ့သည်။

ပေသုံးဆယ်အနက်အရောက်၌ မြေကျင်းကြီး၏အောက်ခြေကို ဘိလပ်မြေသရွတ်ဖြင့် သမံတလင်း (ကွန်ကရစ်) ကိုင်လျက်ထားသည်။ မြေကျင်းကြီး၏ တစ်ဖက်နံရံ ကျောက်တောင်မျက်နှာပြင်အား လိုဏ်ခေါင်းတူးဖောက်လျက် ကွန်ကရစ်ဖြင့် ပြန်လည်ပိတ်ဆို့ထားခဲ့သည်ကိုလည်း တွေ့ရ၏။

ရတနာပစ္စည်းများသည် မြေကျင်းကြီး၏အောက်ခံ ကွန်ကရစ်ကြမ်းခင်းပြင်ထုကြီးအောက်တွင် ရှိလေသလော။

ကျောက်တောင်မျက်နှာပြင်ကို ဖောက်ထွင်းလျက် ကွန်ကရစ်နံရံကြီးဖြင့် ပိတ်ဆို့ထားသည့် ကျောက်လိုဏ်ခေါင်းအတွင်း၌ပင် ရှိလေသလော။

ရတနာပစ္စည်းများသည် အမှန်တကယ်ပင် ရှိနေပါသလော။

ကွန်ကရစ်ကြမ်းခင်းနှင့် နံရံများ၌ ဘေးအန္တရာယ်ဖြစ်စေနိုင်



www.burmeseclassic.com

www.burmeseclassic.com

သည့် မြေမြှုပ်မိုင်းတွေ၊ လျှို့ဝှက်မိုင်းတွေ ဆင်မထားနိုင်ဘူးလော ... လော ... လော ... လော။

မည်သူမျှ အဖြေရှာမတွေ့နိုင်ခဲ့ရသော ပဟေဠိများဖြစ်သည်။ ဤသို့ဖြင့် ဇာတ်လမ်းက တစ်ခန်းရပ်သွားခဲ့ရသည်။

သို့ပင်ဖြစ်လည်း ...

အသင့်ယုတ္တိအတန်အသင့်ရှိသော ဤ 'ရတနာပုံပြင်' က ကျွန်တော်တို့ရင်နှလုံးထောင့်ထဲ၌ စွဲမြဲကိုကပ်နေရစ်ခဲ့သည်။ ပုန်းဝပ်မှိတ္တွယ် အောင်းနေခဲ့သည်။ ယနေ့ထက်တိုင်လည်း စွန့်ခွာမသွားသေး။

"၁၉၄၂ မှသည် ၁၉၄၅ အထိ ဂျပန်ခေတ် သုံးနှစ်သုံးမိုးကာလ အတွင်း၌ အရှေ့တောင်အာရှနှင့် အာရှနိုင်ငံများအနက် အသင့်အတင့် ကြွယ်ဝချမ်းသာသည်ဟု ဆိုနိုင်ရာသော မြန်မာပြည်သည် ဖက်ဆစ်တို့၏ သွေးစုပ်ဝါးမျိုမှု သံဖနောင့်အောက်၌ ပြာပုံအတိဖြစ်ခဲ့ရသည်။ ခရုဆံကျွတ်ဖြစ်ခဲ့ရသည်။ ပြည်သူတို့ ကုန်းကောက်စရာမရှိ၊ ကျပ်တည်းဆင်းရဲမွဲတေ ခဲ့ကြရသည်။ သည်နိုင်ငံ၏ အဆီအနှစ်၊ ဩဇာအမြုတေ ရတနာများကိုသာ ဤသို့ကေန် မြှုပ်နှံထားခဲ့ရိုး အမှန်ဆိုလေလျှင် .."

ဤသို့ဖြင့်လျှင် ...

'ဤမြေမှသည်' ကို ကြိုးပမ်းရေးဖွဲ့မိရတော့သည်။

✿ ✿ ✿

[ ၃ ]

☐

ကျွန်တော်တို့၌ နိုင်မာစွဲမြဲသော ယုံကြည်မှုတွေရှိသည်။
ထက်သန်ပြင်းပြသော ခံယူချက်တွေ ထားဆဲ။
နိုးကြားသော စေတနာစိတ်ထားတွေ ရှင်သန်နေလေမြဲ။
ထိုသို့သာ ဆိုပါရစေ ...။

ကျွန်တော်တို့နိုင်ငံသည် တိုင်းခြားသားတို့၏ တစ်ပါးကျွန်ပြုမှုကို နှစ်ရာချီ၍ ခါးစည်းခံခဲ့ရဖူးသည်။ ၁၈၂၄–၁၉၄၈ ကာလအတွင်း နှစ်ပေါင်း ၁၂၄ နှစ်မျှ ကျွန်သက်ရှည်ခဲ့ဖူးသည်။ သည်အထဲ၌ ၁၉၄၂–၁၉၄၅ သုံးနှစ်ရာသီတွင် ဖက်ဆစ်မိစ္ဆာဂျပန်တို့၏ ဗေးမိုးထားသော သံဖနောင့်အောက်ဝယ် သက်ဆင်းကျရောက်ခဲ့လေ၍ နိုင်ငံအလုံး 'ဖွတ်ကျောပြာစု၊ ခရုဆံကျွတ်' ဘဝဆိုးသို့ ဆိုက်ရောက်ခဲ့ကြရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးလျှင် အင်္ဂလိပ်နယ်ချဲ့တို့ ပြန်ဝင်လာသည်။ ၁၉၄၈ တွင်မှ အကြွင်းမဲ့လွတ်လပ်ရေးကို အနှောင်အဖွဲ့ကင်းကင်း ရခဲ့၏။ ပေးဆပ်လိုက်၊ စတေးလိုက်ရသည့် သွေး၊ ချွေး။ မျက်ရည်၊ ဘဝ၊ အသက်၊ စည်းစိမ်တွေ နည်းရော့သလား။ အသင်္ချေအနန္တ ..။ အနတဂ္ဂမ ..။ များမှများ ...။

တစ်ပါးကျွန်ဖြစ်၍ နစ်နာဆုံးရှုံးမှုတွေကလည်း ဒုနှင့်ဒေး။

အမျိုးသားဥပဓိ (National Identity) နှင့် အမျိုးသားစရိုက်လက္ခဏာ (National Characteristics) တွေ ကွယ်လုမတတ်ဖြစ်ခဲ့ရသည်။ နိုင်ငံနှင့်လူမျိုး၏ပုံရိပ် (State & National Image) ညှိုးနွမ်းသေးသိမ်ခဲ့ရသည်။ ကမ္ဘာ့မိသားစုအလယ်၌ မဖွယ်မရာ၊ သိမ်သိမ်ငယ်ငယ်၊ ညှိုးညှိုးနွမ်းနွမ်း နေခဲ့ရသည်။

ဤမျှသာလော ...။

အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တွေ ရုပ်ပိုင်းရော၊ နာမ်ပိုင်း (အသိ၊ အတတ်ပညာပိုင်း) ပါ ပျောက်ဆုံးပျက်စီး မြုပ်ကွယ်ခဲ့ရသည်။

ဆိုပါစို့ ...။ ခမ်းခမ်းနားနား မြန်မာ့တိုင်းရင်းဆေးပညာရပ်ကြီးတစ်ခုလုံး ချည့်ချည့်နဲ့နဲ့ဖြစ်ခဲ့ရသည်။ ဆေးကျမ်းတွေ၊ ပေ၊ ပုရပိုက်တွေ ကွယ်ကုန်သည်။ ဆရာစဉ်သမားဆက် အမွေခံမည့် မျိုးနွယ်အစဉ့် ပါးလျခဲ့သည်။ 'ဗိန္ဓော' ဟူသော ဝေါဟာရဆိုးဖြင့် ချိုးချိုးဖဲ့ဖဲ့၊ နှိပ်နှိပ်နယ်နယ် ပညတ်ခံထားရချိန်၌ မြန်မာတိုင်းရင်းဆေးပညာဖြင့် ကုသခံရန်ပင် ကိုရွှေမြန်မာတို့ ရှက်စနိုးခဲ့ကြသည်။ မြန်မာ့နား၌ ကြား၍မျှပင် မလျော်ရာ။

တစ်ခုပဲ ပြောကြည့်လိုက်ပါဦးမည်။ မြန်မာ့'အဂ္ဂိရတ်ပညာ'..။



မပြုံးလိုက်ပါနှင့်ဦး ...။

ယနေ့သိပ္ပံပညာနှင့် နည်းပညာတွေ (Sciences & Technologies) ဤမျှရှေ့တန်းရောက်၊ လျှမ်းလျှမ်းတောက်နေသောခေတ်ကြီး၌ မည်သည့်နိုင်ငံ၊ မည်သည့်သိပ္ပံပညာရှင်၊ မည်သည့် နိုဘယ်ဆုရဓာတုဗေဒပါမောက္ခကြီးတွေက သံကို ရွှေဖြစ်အောင် ပြုနိုင်ကြသနည်း။

ဟုတ်ကဲ့ ...။ ရှေးက မြန်မာကြီးတို့ အဟုတ်တကယ်ပြုစွမ်းနိုင်ခဲ့ကြ၏။

*'ပြဒါးသေက တစ်ဆွေဝ*

*သံသေ တစ်ပြည်ဝ'*..သတဲ့။ သံကိုပင် ရွှေဖြစ်အောင်ပြုစွမ်းနိုင်သော အဆင့်လွန်ဓာတုဗေဒ သိပ္ပံပညာရပ်ကြီးတစ်ခု၊ လက်တွေ့အသုံးချ ကုန်ထုတ်ဓာတုဗေဒပညာရပ်ကြီးတစ်ခု မြန်မာမှုနယ်ပယ်မှာ အမှန်တည်နေပါလေသည်။ လုပ်နည်းတွေရှိသည်။ ထုံးနည်းစည်းကမ်းတွေရှိသည်။ စံနှုန်းတွေရှိသည်။ သတ်မှတ်ချက်၊ ပြဋ္ဌာန်းချက်တွေရှိသည်။ ကန့်သတ်ချက်တွေ၊ တားမြစ်မှုတွေရှိသည်။ ရှေးဆရာအစဉ်အဆက် လက်ဆင့်ကမ်းခဲ့ကြရိုးဖြစ်သည့် ပညာဘဏ်တိုက် 'ပေ၊ ပုရပိုက်၊ ပုတ်တမ်း၊ ကျမ်းကြီးကျမ်းနိုင်' တွေ တကယ်ရှိ၊ အဟုတ်ရှိနေပါသည်။

သို့တစေ ကျွန်တော်များ နောင်လာနောက်သားတို့ကား ထိုပညာရပ်ကြီးအနားသို့ပင်လျှင် မသီမကပ်နိုင်ကြပြီ။ 'မစားရသည့် သပျစ်သီး ချဉ်သည်' ဟု သမုတ်လျက် 'ယုံတမ်းပုံပြင်တွေပါကွာ' ဟု ရယ်သွမ်းသွေး၊ ရယ်ပွဲဖွဲ့ကြသည်။ ဟုတ်ပေလိမ့်မည်။

ထိုထိုကမ္ဘာ့အဆင့်လွန် မြန်မာ့လောကဓာတ်ပညာ 'အဂ္ဂိရတ်ကျမ်း' စာတစ်ပိုဒ်မှ စကားသုံးတစ်ခုမျှကိုပင်လျှင် အနက်မထင်နိုင်လေ



www.burmeseclassic.com

www.burmeseclassic.com

ပြီးဖြစ်၍လည်း ပညာရပ်၏အနှစ်သာရကို ထောက်စမ်းသိမိဖို့ကား ဝေးစွခြောက်ပါး။

သည်သို့လျှင်ဖြစ်စေအောင် တစ်ပါးကျွန်ဘဝ 'ကျွန်စိတ်' တွေက မှိုင်းတိုက်ခဲ့သည်ကိုးလေ။

ထားလိုက်ဘိဦး ...။

သည်မြေ၊ သည်ရေ၊ သည်နိုင်ငံကို တဒင်္ဂကျွန်ပြုရခိုက် ဤမြေမှသည် အဆိသြဇာ၊ အနှစ်အသား၊ အမြုတေ၊ ရတနာမှန်သမျှတို့ကို ခိုးကြဝှက်ကြသည်။ သိမ်းကြဆည်းကြသည်။ ကဲ့ကြဆောင်ကြသည်။ လုကြယက်ကြသည်။ ဖျက်ကြဆီးကြသည်။ နှစ်ထောင်ချီ၍ ခမ်းနားကြီးကျယ်ခဲ့ဖူးသော ပြည့်စည်းစိမ်၊ ပြည့်ဝမ်းကိုဖောက်လျက် သူတို့နိုင်ငံ၊ သူတို့အကျိုးအတွက် တမက်တမောပြုရက်ခဲ့ကြသည်။

နန်းစဉ်ရတနာ ပြည်တန် 'ငမောက်' ပတ္တမြားကြီး ဘယ်ရောက်နေသနည်း။

ကုန်းဘောင်မင်းရိုးအနွယ်ကော်ဝင် ရှေးမင်းအဆက်ဆက်တို့၏ ဘိုးတော်၊ ဘေးတော် မင်းဧကရာဇ်များ၊ အဂ္ဂမဟေသီများ၏ ကိုယ်စားတော် ရွှေသားရုပ်တုတော်ပေါင်း နှစ်ဆယ်ကျော်ကို မြန်မာပြည်သိမ်းပိုက်ရေးတာဝန်ခံ ကာနယ်စလေဒင်နှင့် အရပ်ဘက်မြို့ပြအုပ်ချုပ်ရေးတာဝန်ခံ ဆာရစ်ချပ်တင်ပယ်လ်တို့ မှတ်တမ်းမှတ်ရာများနှင့်တကွ လက်ခံသိမ်းဆည်းသွားခဲ့ရာမှသည် ယခုအခါ အဘယ်နေရာရောက်နေပါသနည်း။ ကမ္ဘာ့ မည်သည့်ပြတိုက်ကြီး၌ ထိန်းသိမ်းထားပါသနည်း။ အင်္ဂလန်နိုင်ငံ ဘက်ကင်ဟမ်နန်းတော်ကြီး၏ မည်သည့်အဆောင်၌ စံနေတော်မူပါသနည်း။ 'ငမောက်' ရော၊ 'ဇမ္ဗူရာဇ်ရွှေစင်ရွှေသားအတိ အချိန် ၂၀၀ နီးပါးမျှရှိသည့် ကုန်းဘောင်ဆက်မင်း၊ မိဖုရားရုပ်တုတော်များ' ရော မြန်မာနိုင်ငံသို့ ပြန်မရောက်။ အဘယ်သို့ ပျောက်ပျက်ကုန်ပါလေသနည်း။



သမိုင်း၏မြုပ်ကွက်တွေက များထွေလွန်းလှသည်။

'ဤမြေမှသည်' သည် ဆိုခဲ့ပါ သမိုင်း၏ မြုပ်ကွက်များအနက်မှ အကြောင်းထုပ္ပတ်တစ်ခုကို အမှုကွန်းတင်ခြင်းလည်း မည်ပါ၏။

❀ ❀ ❀

www.burmeseclassic.com

| ၄ |

❑

'ဤမြေမှသည်' သည် ဖြစ်ရပ်မှန်ကိုနောက်ခံပြု၍ စာရေးသူက ကွန့်မြူးရေးဖွဲ့ထားသော ဝတ္ထုတစ်ပုဒ်သာဖြစ်သည်။

'ဤမြေမှသည်' ကိုဖတ်၍ ဤမြေ၌ ဤသို့ဖြစ်ခဲ့ဖူးသည်ကိုး ဟု အမှတ်ထင်ထင် သတိမူမိလျှင်ပင် ကျွန်တော်တို့ ရေးသားရကျိုး နပ်၍ ဝမ်းမြောက်မိပါမည်။

ထို့ထက်ပို၍မူ 'ဤမြေ၌ ဤအရာမျိုးတွေကို စနစ်တကျ သုတေသနပြု ရှာဖွေဖော်ထုတ်၍ သည်သို့သော နိုင်ငံပိုင် မြုပ်ကွယ်နေသော ရတနာတွေကိုများ အမှန်ရရှိခဲ့ပါသော် နိုင်ငံတော်သစ်တည်



ဆောက်ရေးနှင့် အမျိုး၊ ဘာသာ၊ သာသနာ ဖွံ့ဖြိုးရေးတို့အတွက် အထောက်အပံ့ကောင်း မဖြစ်နိုင်ပေလော'.. ဟု တစ်ဆင့်မြှင့်၍ အတွေးရင့်မိခဲ့ကြမည် ဆိုပါလျှင် ...

ကျွန်တော်တို့၏ ရည်ရွယ်ရင်းသို့ ရောက်ပြီဟု ဆိုပါမည်။ ။

မေတ္တာဖြင့်

**ဧဝယျမင်းသျှင်**

www.burmeseclassic.com

www.burmeseclassic.com

## ညှိမြေမှုထည်

ဘယ်အရာမဆို 'ရာသီ' ဆိုတာရှိတယ်။

မိုးကောင်းကင်အောက်က ဘယ်ကိစ္စမဆို 'အချိန်' ဆိုတာရှိတယ်။ မွေးဖွားလာဖို့အချိန်၊ စိုက်ပျိုးဖို့အချိန်၊ စိုက်ထားတာတွေကို ခူးဆွတ်ဖို့အချိန်၊ ဖြိုချလိုက်ဖို့အချိန်၊ တည်ဆောက်ဖို့အချိန်၊ ဝမ်းနည်းပူဆွေးရဖို့အချိန်၊ က,ခုန်နေဖို့အချိန်၊ ကျောက်ခဲတွေကို လွှင့်ပစ်ရဖို့အချိန်၊ ကျောက်ခဲတွေကို စုဖို့အချိန်၊ သိမ်းဆည်းထားဖို့အချိန်၊ ဆုတ်ဖြဲရဖို့အချိန်၊ ချုပ်လုပ်ရဖို့အချိန်၊ နှုတ်ပိတ်နေရမယ့်အချိန်နဲ့ စကားပြောရမယ့်အချိန် ... ။

✿ ✿ ✿

နိုတိုးဝေဝင်း

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

## 'သေမင်းတမန်'

(၈ မတ်၊ ၁၉၄၅ – ၉ မတ်၊ ၁၉၄၅)

အခန်း [ ၁ ]

❑

နေဝင်တော့မည်။

အနောက်မိုးကုပ်စက်ဝိုင်း၌ ပုစွန်ဆီသွေးအရောင် နေလုံးရဲရဲကြီးမေးတင်ထားသည့် စစ်ကိုင်းမင်းဝံတောင်ရိုးကြီးကား အိပ်ရာဝင်ပြီးစိုက်မျှဉ်းနေသည့် အဘိုးအိုတစ်ဦးနှယ် ပန်းပန်းရိရိ လဲလျောင်းလျက်ရှိသည်။ အမှောင်က တစ်စစ စုပ်မျိုနေသဖြင့် ညရီဆည်းဆာ၏ အလင်းသည်လည်း ဖြည်းဖြည်းချင်း မှိန်ဖျော့ချင်လာသည်။

တောင်ရိုးအခြေတွင် ခွေကာပိုက်ကာ ပျင်းရိပျင်းတွဲ တငြိမ့်ငြိမ့်စီးဆင်းနေသည့် ဧရာဝတီသည် ဆည်းဆာရောင်တွင် တလက်လက်လင်းနေဆဲ။ မြင်ကွင်းကား မှုန်မှုန်ရီရီ ဝေဝါးစွာ မြူပြာပြာတို့ရောယှက်၍ညို့ညို့မှိုင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှေ့နားဆီတွင် မြေအပြင်မှ စွံ့စွံ့တက်ကာ အထီးတည်းမို့ ထွက်နေသော မန္တလေးတောင်တော်နှင့် စေတီများကို လှမ်း၍မြင်ရသည်။ တောင်မင်း၏အခြေတွင် မြူနိုးတို့ရစ်သိုင်းလျက် စောင်းတန်းတစ်လျှောက် နှင့် တောင်တော်ဦးမှစေတီများ၌ မီးရောင်လက်လက်လင်းနေသည်။ စစ်၏ ဘေးဒဏ်ဖြင့် ပြိုပျက်ပုံလဲနေသည့်တိုင် မန္တလေးကား ဓမ္မရိပ်၌ ဖွဲ့ခတ် အားတင်းထားနိုင်သေးဟန်ရှိသည်။

ကမ္ဘာစစ်မီးကြီး မြန်မာနိုင်ငံသို့ ကူးစက်လာခါစကပင် ဂျပန် လေယာဉ်များနှင့် မဟာမိတ်လေယာဉ်များ၏ ရက်ရက်စက်စက်ပစ်ခတ် ချေမှုန်းမှုဒဏ်ကို အဓိကပစ်မှတ်အဖြစ် ငုတ်တုတ်ခံခဲ့ရသည့် ဒဏ်ရာ ဒဏ်ကွင်းများကား အဝေးမြင်ရှုကွင်း၌ပင် မတင့်တယ်။ အပြိုပြိုအလဲလဲ အပိုင်းပိုင်းအပြတ်ပြတ်။

မီးလောင်ပြင်မြင်ကွင်းတွင် ဗုဒ္ဓဘုရားရှင်အား ထွန်းညှိပူဇော် ထားသည့် ဆီမီးတိုင်ကလေးများအား မန္တလေးတောင်တစ်ခုလုံး၌ တလင်းလင်းတလက်လက် မြင်တွေ့နေရသည်ကသာ မန္တလေး၏ အသက် ဓာတ်တငွေ့ငွေ့ ရှင်သန်နေသေးကြောင်း သက်သေဖြစ်နေသည်။

သည်မှာဘက်တွင် အောင်ပင်လယ်လယ်ကွင်းများက ရှမ်းရိုးမ တောင်ခြေအထိ တစ်ပြန့်တစ်ပြောတည်နေသည်။ စစ်ရိပ်စစ်ငွေ့အောက်၌ အပြေးအလွှားရိတ်သိမ်းပြီးစ လယ်ကွင်းများသည် တလင်းများ၊ ကောက် ရိုးပုံများ၊ မီးခိုးတလူလူလယ်တဲများနှင့် လက်စမသိမ်းရသေးသည့် သက် ငြိမ်ပန်းချီကားတစ်ချပ်သဖွယ် ဖြစ်နေ၏။

ကျနေ၏အလင်းက တရိပ်ရိပ်မှိန်လာနေသည်။

ဝမ်းနာ၍ အလေးအပေါ့သွားရန် အကြောင်းပြလျက် သူနှင့်





င်ပင်သော တပ်ကြပ်ကလေးရှိဂေဟာရှစ်ကို ခွင့်တောင်းကာ အလုပ် င်မှ သူထွက်လာသည်ကပင် အတန်ကြာခဲ့ပြီ။ သို့သော် နေမဝင်မီ က်စသတ်ရမည့် သူတို့လုပ်ငန်းကြီးအပေါ် အားလုံးကပင် အထူးအာရုံ က်ကာ လုပ်ကိုင်နေကြရသဖြင့် သူပျောက်နေသည်ကို ချက်ချင်းတော့ တိထားမိဦးမည်မထင်။

လွန်ခဲ့သည့်တစ်လကျော်ကပင် သူနှင့်အတူ သီးသန့်ရွေးထား သည့် ဂျပန်စစ်သားများနှင့် သူတို့အင်ဂျင်နီယာတပ်မှ ဗိုလ်မှူးကာတို ျံဦးစီးသည့် မြန်မာလုပ်သားများ၊ ထုံးဘိုတွင်တပ်စွဲထားသည့် ယန္တရား ပ်မှ ဗိုလ်ကြီးဥချိရာစံ၏ မြန်မာလုပ်သားများ တစ်ရာ့ငါးဆယ်ကျော် န်းကို အသုံးပြုကာ နေ့ည အင်တိုက်အားတိုက် လုပ်ကိုင်ခဲ့ရသည့် ျှို့ဝှက်လုပ်ငန်းကြီးကို ယနေ့ညနေတွင် အပြီးသတ်ရမည်ဟု သူသိ ားသည်။

နံနက်စောစောက တပ်ကြပ်ကလေး ရှိဂေဟာရှစ်ကို သူဝယ် င်းထားသည့် ကြက်ဥခြင်းများ အပ်ချိန်ကပင် တပ်ကြပ်ကလေးက ပုတ်မထင်ပြောသည်ကို သူကြားခဲ့သည်။ ခါတိုင်း 'ဟန်ယုနေ့ကာဒို (ပွေးရပ်ဌာနေ)' ဆိုသည့် သီချင်းကလေးကို တအေးအေးဆိုကာ စိတ် ားလက်အေးရှိလွန်းလှသည့် ဗိုလ်မှူးကာတိုမိချိစံပင်လျှင် သည်ကနေ့ ပြေးပြေးလွှားလွှား ဗျာများနေသည်။ မန္တလေးက ဂျပန်ဗိုလ်ချုပ်တစ်ဦး ယ်တိုင် သည်လုပ်ငန်းကို ဦးစီးဆောင်ရွက်နေသည်ဖြစ်၍လည်း သည် အရေးတကြီး ဆောင်ရွက်နေကြရခြင်းဖြစ်မည်။

"ကိုရှိနိစံ . . . ဒီကနေ့လုပ်ငန်းခွင်မှာ ကျွန်တော့်အနားမှာ ကျူပါ။ သိပ်ပင်ပန်းလိမ့်မယ်။ အလုပ်ခွဲတဲ့အချိန်မှာ ဗိုလ်မှူးကာတို



www.burmeseclassic.com

www.burmeseclassic.com



မိချိုစံရဲ့ ပစ္စည်းပစ္စယတွေသယ်ဖို့ ရုံးကိုလာခဲ့ပါ။ တပ်ကြပ်ကြီး အာဆာဒါစံကိုလည်း ပြောထားပြီးပြီ။ ကိုရှိန်စံယုံကြည်ရတဲ့ လူငယ်နှစ်ယောက်လည်း ခေါ်လာခဲ့ပါ''

''ဟုတ်ကဲ့''

တပ်ကြပ်ကလေးရှိဂေဟာရုစံက အလုပ်မခွဲမီကပင် သူ့ကို ကြိုပြောထားသည်။ သည်တပ်ကြပ်ကလေးနှင့် သည်အင်ဂျင်နီယာတပ်ဗိုလ်မှူးကာဝတိုမိချိုစံတို့သည် သူ့အပေါ် ဘယ်ဘဝက ရေစက်ပါခဲ့သည်မသိ။ အလွန်းသင့်လွန်းလှသည်။

သူ့ကို သည်ဂျပန်တပ်သို့ အလုပ်သမားအဖြစ် အပ်နှံပေးခဲ့သည့် သူ့အစ်ကိုဝမ်းကွဲ ကိုဖိုးလွန်းနှင့် သူ့အစ်ကို၏ဆရာ ရိက္ခာနှင့်ထောက်ပံ့ရေးတပ်အရာရှိ ဗိုလ်မှူးဆူဂါဒိုစံတို့၏ မျက်နှာကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။ သည်မျှ ကြမ်းတမ်းခက်ခဲသည့် ဂျပန်ခေတ်ဆိုး ခေတ်ကျပ်ကြီးအတွင်း သည်အလုပ်ရလေမှ လူလည်းမပင်မပန်း၊ စားဝတ်နေရေးလည်း ချောင်လည်စပြုခဲ့ရသည်ကား အမှန်။

သူ၏မွေးဇာတိ သည်ရပ်သည်ရွာတွင် သူတို့လိုအပ်သော ရိက္ခာပစ္စည်းနှင့် အလုပ်သမား၊ လှည်းယာဉ် စသည်များကို အလွယ်တကူအဆင်ပြေစွာ ရှာဖွေစီစဉ်ပေးနိုင်နေ၍လည်း သူက မြန်မာအလုပ်သမား၊ အလုပ်ကြပ်များထက် ပို၍နေရာရကာ ရုံး၏ လက်တိုလက်တောင်းသဖွယ်ဖြစ်နေခဲ့သည်။

''မောင်ရှိန်စံ . . . မင်း ဘာလို့ မြန်မြန်ပြန်ရောက်လာရတာလဲ။ ဒီနေ့တစ်ရက်တည်းနဲ့တော့ မင်းပြန်မရောက်နိုင်ဘူး ထင်နေတာ''

ကြက်ဥခြင်းများနှင့် သူပြန်ရောက်လာသည်ကို တွေ့ရ၍





ဗိုလ်မှူး ကာဝတိုမိချိုစံက ပြောသည်။ သူ့မျက်နှာတွင် အဓိပ္ပာယ်ဖော်ရခက်သော မျက်နှာရိပ်ကို သူတွေ့ခဲ့ရသည်။ ဘာကိုအလိုမကျ ဖြစ်ရပါလိမ့်ဟု သူမဝေခွဲတတ်။ မတွေးတတ်။

သည်ကနေ့ အလုပ်ခွဲသည့်အခါ သူအပါအဝင် မြန်မာအလုပ်သမားခြောက်ဆယ်ကိုသာ သုံးကာ ကျန်အလုပ်သမားများကို ထုံးဘိုယန္တရားတပ်ဘက် ပြန်ခေါ်သွားခဲ့သည်။ သူကတော့ သူ့ဗိုလ်မှူး ကာဝတိုမိချိုစံနှင့် ရုံးက တပ်ကြပ်ကလေး ရှိဂေဟာရုစံတို့နှင့်အတူ လျှို့ဝှက်လုပ်ငန်းကြီးဟု သူသိထားသော ထုံးဘိုတောင်တန်းကြီးပေါ်မှ လုပ်ငန်းခွင်သို့ ဦးစွာလိုက်ခဲ့ရသည်။

စာရေးကိရိယာ အစုံအလင်ပါသည့် ပတ္တူအိတ်ကြီးတစ်လုံးနှင့် စားသောက်စရာထည့်သည့်ခြင်းကို ပိုးလွယ်ကာ၊ လက်ဆွဲကာ သည်ထုံးကျောက်တောင်ကြောကြီးတစ်လျှောက် ပေငါးရာခြောက်ရာခန့် တက်လာရသည်မှာ ပင်ပန်းလွန်းသည်။

ထုံးဘိုရွာမှ ထုံးဘိုတောင်ကြောကြီး ခြေရင်းသို့အကူး ပေနှစ်ထယ်ခန့်ကျယ်သည့် ရေချောင်းကလေးက ပေါင်လယ်ခန့် ရေရှိနေသေးသည်။ ထိုချောင်းကူးတံတားကလေးကို သူတို့အင်ဂျင်နီယာတပ်ကပင် သံဘောလီတံတားအဖြစ် တည်ဆောက်ထားခဲ့ခြင်းဖြစ်သည်။

တံတားကလေး၏ ဝဲဘက်မှမြှောင်လျက် သူတို့လုပ်ငန်းခွင်အထိ အတက်အဆင်းပြေပြစ်အောင် လမ်းရာကလေးကို သွားဖြစ်ရုံပြုပြင်ထားသည့်တိုင် တစ်ဆစ်ချိုးမော့တက်ကလေးရှိနေ၍ ခြေလက်ပန်းလျှချင်ဖွယ်ဖြစ်သည်။ လုပ်ငန်းခွင်သို့ သူတို့ရောက်တော့ အရှေ့ရှုပ်ရှီးမဆိမှ နေဝန်းနီနီက ရဲခနဲ ကျော်၍ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းခွင်သို့ ဦးစွာရောက်လာသည်က ကင်ပေတိုင်ဗိုလ်ကိုအိဇမိစံနှင့် လက်နက်အပြည့်အစုံတပ်ဆင်ထားသော လုံခြုံရေးတပ်ဖွဲ့ဖြစ်သည်။ ဗိုလ်မှူးရှိဘာတာစံဦးစီးသော စစ်ကိုင်းမှတပ်ဖွဲ့ဖြစ်ကြောင်း တပ်ကြပ်ကလေးက သူ့ဗိုလ်မှူးအား တိုးတိုးသတင်းပို့နေသည်ကို ကြားရ၏။

အနီရောင်ဘူးသီးငါးပေါင်းကြော် စာတမ်းထိုးထားသည့် အဝါရောင်လက်ပတ်ကို တပ်ဆင်ထားသော ဂျပန်စစ်ပုလိပ် (တပ်ကြပ်ကြီး) သည် မည်သူ့ကိုမျှ လူမထင်ဟန် စစ်ဖိနပ်သံပြင်းပြင်းနှင်း၍ သူ့ရဲဘော်များအား နေရာချထားပေးနေသည်။ ဘယ်လက်က ဂျပန်ဓားလက်ကိုင်ထိပ်ကို တင်းတင်းဆုပ်ကိုင်၍ ဓားအိမ်ကော့ထောင်နေအောင် လက်ကို ဆန့်တန်းကိုင်ထားသည့်ဟန်က မာန်ပါလှသည်။ မျက်နှာကလည်း မာမာကြောကြော၊ ရှုတင်းတင်း။

သိပ်မကြာလိုက် ...။

ယန္တရားတပ်မှူး ဗိုလ်မှူးကြီးယာမခုချိစံနှင့်အတူ ဂျပန်ဘုရင့်တပ်မတော်တံဆိပ်နှင့် စစ်အရာရှိကြီးများ အုပ်စုလိုက်ရောက်လာကြသည်။ သူက သူတို့လုပ်ငန်းခွင်ရှိ ယာယီဖွင့်ထားသည့် ထန်းရွက်တဲနောက်က ဘောင်မှဲ့ချုံအကွယ်တွင်နေကာ ပုန်း၍ ဝပ်နေလိုက်သည်။

သည်လျှို့ဝှက်လုပ်ငန်းကြီးကို ဦးစီးသည့် ဂျင်နရယ်အီဆိုမူရာစံတစ်ယောက်သာ မြင်ဖူး၊ တွေ့ဖူး၍ သူသိသည်။ ကျန်စစ်အရာရှိကြီးများကိုကား သူမသိ။ သူ့အင်ဂျင်နီယာတပ်ဗိုလ်မှူး ကာတိုမိချိစံနှင့် ယန္တရားတပ်ဗိုလ်ကြီး ဥချိရာစံတို့နှစ်ယောက်လည်း စစ်အရာရှိကြီးများနောက်က လိုက်သွားကြသည်။





တပ်ကြပ်ကလေးထံ ရေနွေးကြမ်းနှင့် ကောက်ညှင်းပေါင်း၊ ကြက်ဥပြုတ်၊ ဘယာကြော်တို့ကို သွားပေးတော့ တပ်ကြပ်ကလေးက ပြုံးကာရယ်ကာဖြင့် သူနှင့်အတူစားကြသည်။

သိပ်မကြာလိုက် ...။

စစ်ကားကြီးများ အလေးအပင်ဖြင့် တအီအီမောင်းနှင်လာသံကို ကြားရ၏။ လေးငါးစီးမဟုတ်။ ဆယ်စီးထက်မနည်း ရှိမည်ထင်သည်။ ဝန်လေးလေးလံလံကို တင်ဆောင်၍ တောင်ခြေကုန်းစောင်းကို ကြိတ်ရုန်းတက်လာရသည်ဖြစ်ရာ စက်သံများက အဆမတန် ဆူညံပေါက်ကွဲနေသည်။ သူက ဖုန်လုံးများ တလိပ်လိပ်တက်လာနေသော တောင်ခြေဆီ လှမ်းကြည့်၏။

ချောင်းကလေး၏ဘေးမှပတ်လျက် တောင်ခြေအတိုင်း မောင်းတက်လာသည့် စစ်သုံးကားတန်းရှည်ကြီးကို ဖုန်တထောင်းထောင်းကြား၌ မြင်နေရသည်။ ကားရှေ့အလံတိုင်တွင် စိုက်ထူထားသော အဖြူရောင်အောက်ခံတွင် နေဝန်းနီနီပါသည့် ဂျပန်အလံများကား လေဝယ်တလွင့်လွင့်။

တံတားကလေးအလွန် ကိုက်တစ်ရာခန့် တောင်ခြေပြန့်ကလေး၌ စစ်ကားတန်းကြီး ရပ်သွားသည်။ စူးစူးရှရှ အမိန့်ပေးသံ၊ ကားပေါ်မှ ခုန်တက်ခုန်ဆင်းပြုသံ၊ ပစ္စည်းတွန်းသံရွှေ့သံ၊ လူသံသူသံတွေ သဲသဲရုတ်ရုတ်ကြားရ၏။

တစ်ဦးနှင့်တစ်ဦး အားပေးသံ၊ သတိပေးသံ၊ တွန်းထိုးကြိမ်းမောင်းသံတို့က သူတို့နှင့် တစ်စထက်တစ်စ နီးလာသည်။ မြန်မာလိုပြောသံအချို့ကိုလည်း သဲ့သဲ့ကြားသည်။ စူးစူးဝါးဝါးအသံများထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ယန္တရားတပ်မှ ထောင်ထောင်မောင်းမောင်း လူထွားကြီး ဗိုလ်ဟာနားယစ်နှင့် တပ်ကြပ်ကြီး တကေးဒါးစ်တို့၏အသံကား အကျယ်လောင်ဆုံး မြည်ဟိန်းနေ၏။

မကြာမီ . . .

သူတို့ရှေ့သို့ ကြိုးများဖြင့် အနိုင်အခံ့ချည်နှောင်ကာ ဝါးပိုးစိမ်းဖြင့် လျှိုထမ်းသယ်ယူလာသည့် သံသေတ္တာကြီးများ တစ်လုံးပြီးတစ်လုံး ရောက်လာသည်။ သူ့ဗိုလ်မှူး ကာတိုမိချိစံနှင့် ဗိုလ်ကြီးဥချိရာစံတို့လည်း ချက်ချင်းပင် ရောက်လာကြသည်။ တပ်ကြပ်ကလေးကိုခေါ်၍ သူ့ဗိုလ်မှူးက တိုးတိုးပြောလိုက်ပြီးနောက် သူလွယ်ပိုးသယ်ယူလာသည့် ပတ္တူအိတ်ကြီးတစ်လုံးဖြင့် သူတို့ အလုပ်ရှုပ်ကြရ၏။

ဗိုလ်မှူးကာတိုမိချိစံက နေဝန်းနီတံဆိပ် အမှတ်အသားပါသောဖိုင်အနီကြီးကိုင်လျက် သူတို့ရှေ့မှောက်သို့ သယ်ဆောင်ရောက်ရှိလာသော သံသေတ္တာကြီးများအား တစ်လုံးပြီးတစ်လုံး အမှတ်အသားများနှင့် အသေးစိတ် တိုက်ဆိုင်စစ်ဆေးနေသည်။

သံသေတ္တာကြီးများကား ကြီးမားခိုင်ခံ့လွန်းလှ၏။

တပ်ကြပ်ကလေးက ပေကြိုးဖြင့် သေသေချာချာတိုင်း၍ မှတ်တမ်းအတွင်း ဂျပန်စာဖြင့် ရေးမှတ်နေ၏။ သူ့စိတ်အထင် အလျားသုံးပေ၊ အနံနှစ်ပေ၊ အမြင့်နှစ်ပေခန့်ရှိမည်။ အထူးသီးသန့်ထုတ်လုပ်ထားခြင်းဖြစ်နိုင်သည်။

စစ်စိမ်းရောင်ဆေးသုတ်ထားသည့် သံသေတ္တာကြီးများကားအရွယ်တူ၊ အမျိုးအစားတူ၊ ထုထုထဲထဲ။ အလျားလိုက်တွင် လက်ဆွဲသံမဏိကိုင်းနှစ်ခုစီ။ အနံဘက်တွင် လက်ဆွဲသံမဏိကိုင်းတစ်ခုစီ တပ်





ဝင်ထားသည်။ အတွင်းတွင် မည်သည့်ပစ္စည်းများ ထည့်သွင်းထားသည်ကိုမူကား သူမသိ။ သူတင်မက သည်လျှို့ဝှက်စီမံကိန်းကြီးကိုလုပ်ကိုင်နေကြရသည့် ဂျပန်စစ်အရာရှိများ၊ ဂျပန်စစ်သားများလည်းဇာတိအကျသိမည် မထင်။ သူတို့ကား စစ်သားများပီပီ စစ်မိန့်နာခံ၍တာဝန်တစ်ရပ်ကို ကျေပွန်အောင် ထမ်းရွက်နေကြခြင်းသာဖြစ်ကြောင်းသူတို့၏ လှုပ်ရှားဆောင်ရွက်နေပုံအရ သိသာလွန်းနေသည်။

သေတ္တာကြီးများပေါ်တွင် ဘူးသီးငါးပေါင်းကြော် ဂျပန်စာများရေးမှတ်ထားပြီး ရုံးတံဆိပ်ဝိုင်းအနီများ၊ ဂျပန်စစ်အရာရှိလက်မှတ်များရှုပ်နေအောင်ပါသည့် မှတ်တမ်းစက္ကူများ ကပ်ထားသည်။ တစ်နေရာမှတစ်နေရာ၊ ဂျပန်တပ်တစ်တပ်မှတစ်တပ် လက်ပြောင်းလက်လွှဲပြုလျက် အဆင့်ဆင့် လက်ဆင့်ကမ်းသယ်ယူလာခဲ့ရသည့် သဘောပင်ဖြစ်သည်။

"မြန်မြန်လုပ် . . . နေမဝင်ခင် ပြီးမှဖြစ်မှာ။ ဗိုလ်ဟာနားယရဲ့ တပ်ကြပ်ကြီးတကေးဒါးတို့ကိုလည်း မြန်မြန်သယ်ဖို့ ပြောဦး။ မင်းတို့ မှတ်တမ်းယူပြီးတဲ့သေတ္တာတွေကို ဗိုလ်ကြီးဥချိရာနဲ့ သူ့တပ်စုကိုလွှဲပေးတဲ့မှတ်တမ်းမှာလည်း လက်မှတ်သေချာထိုးခိုင်း"

"ဟိုက်"

ထုံးဘိုယန္တရားတပ်မှူး ဗိုလ်မှူးကြီးယာမခုချိစံက သူ့ဗိုလ်မှူးကာတိုမိချိစံကို အမိန့်ပေးသည်။ ထိုအမိန့်က လုပ်ငန်းခွင်အတွင်း တောမီးကဲ့သို့ ချက်ချင်းကူးစက်ပျံ့နှံ့ကာ စွဲလောင်သည်။ သံသေတ္တာကြီးများကို တောင်ခြေမှသယ်ယူနေသော ဗိုလ်ဟာနားယစ်နှင့် တပ်ကြပ်ကြီးတကေးဒါးစ်တို့ဦးစီးသည့် အလုပ်သမားအဖွဲ့မှာ တောင်ပေါ်၊ တောင်



www.burmeseclassic.com

www.burmeseclassic.com



အောက် ကူကယ်ခေါက်ကယ် တက်သုတ်ရိုက်၍ သယ်ယူနေကြရတော့၏။ ဦးစီးခိုင်းစေနေသည့် ဂျပန်စစ်ဗိုလ်နှင့် တပ်ကြပ်ကြီး၊ တပ်စိတ်မှူး ဂျပန်အကြပ်များ၏ အော်ဟစ်ငေါက်ငမ်း ကြိမ်းမောင်းသံများက တောလုံးညံသည်။

မြန်မာအလုပ်သမားများကား စကားသဲယဲ့ယဲ့ပင် မထွက်နိုင်တော့။ တစ်ကိုယ်လုံး ချွေးတွေ ရေနှင့်လောင်းချိုးထားသည်သို့ ရွှဲစိုနေကာ သဲမှုန့်၊ ဖုန်မှုန့်များ ကပ်ငြိပေလူးနေသဖြင့်လည်း ခြေနှစ်ချောင်းနှင့် ကျွဲများနှယ်ဖြစ်နေ၏။ လျှာအလျားလိုက်ထွက်၍ ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေကြသည်။

''မောင်ရှိန်စံ . . . မင်းကောင်လေးတွေကို မြန်မြန်လုပ်ခိုင်းဦးဟေ့။ ရှိဂေဟာရရေးမှတ်ပြီးတဲ့ သံသေတ္တာတွေကို ဒီဘက်မှာ သပ်သပ်ရွှေ့ထား။ ဗိုလ်ကြီးဉချိရာလက်မှတ်ထိုးပြီး သူ့အမိန့်ရမှ သယ်တဲ့တပ်စုဆီကိုလွှဲပေး။ တွေ့လား . . . လက်ခံတဲ့ တပ်ကြပ်ကလေးကို။ အဲဒါ အာကီဂါဝါတဲ့။ သူ့ကိုပဲ မောင်ရှိန်စံလွှဲပေးရမယ်။ သူကမှ သူ့တပ်စုကို လွှဲပေးလိမ့်မယ်''

''ဟိုက်''

''ဟေ့ . . . ရှိဂေဟာရ။ မင်း စစ်ပြီး၊ မှတ်ပြီးသား သေတ္တာတွေကို မှင်နီနဲ့ ကန့်လန့်ဖြတ်တားပြီး မှတ်စမ်း။ အေး . . . မြင်သာထင်သာရှိအောင် ရေး။ တို့နောက်ဆုံးအတည်ပြုတဲ့ စာရွက်ကို သံသေတ္တာတွေရဲ့ အပေါ်ဆုံးမျက်နှာပြင်မှာ ကပ်နော်။ အဲဒီမှာ ဂျင်နရယ်အီဆိုမူရာစံရဲ့ လက်မှတ်နဲ့ တို့တပ်မှူးတွေရဲ့ လက်မှတ်တွေပါတယ်။ ရှိရှိသေသေလုပ်''





''ဟိုက်''

အချိန်က တရွေ့ရွေ့ကုန်လာသည်။ နေကလည်း ပို၍ပို၍ ပူပြင်းလာသည်။ မန္တလေးလွင်ပြင်နှင့် ရှမ်းရိုးမအစပ်တွင်တည်နေသော သည်ထုံးဘိုတောင်ကြောကြီးကား ထုံးကျောက်တောင်များဖြစ်၍ ဝါးရုံတော၊ ချုံနွယ်စေးပျစ်များသာရှိပြီး သစ်ပင်ကြီးများကား ပါးရှားလှသည်။ သူတို့ရောက်ရှိနေသည့်နေရာမှာ ကွင်းပြောင်ပြောင် ကျောက်တောင်ကတုံးဖြစ်၍ ပို၍ပူသည်။

သူက သိပ်မထိသေးသော်လည်း သူခေါ်လာသည့် ထွေးမောင်နှင့် မောင်ငယ်တို့မှာကား သီသီသာသာပန်းနေကြပြီ။ ဗိုလ်ကြီးဉချိရာစံတပ်ဖွဲ့မှ အကူတွဲဖက်ပေးထားသည့် ဂျပန်ရဲဘော်လေးယောက်မှာမူ ခြေကုန်လက်ပန်းကျနေသော်လည်း စစ်သွေးစစ်မာန်ဖြင့် တင်းထားဟန် သူတို့၏မေးရိုးကြီးများ ထောင်ထနေကြ၏။

တောင်ခြေမှ အလုပ်သမားအဖွဲ့အသီးသီး သယ်ပိုးယူဆောင်လာသမျှ သံသေတ္တာများကို သူတို့ခြောက်ဦးတည်းဖြင့် ဒိုင်ခံကာ သယ်လိုက်၊ မ,လိုက်၊ ချလိုက်၊ ပြောင်းလိုက်၊ ရွှေ့လိုက် လုပ်နေရသည်မှာ ခရီးပင်မဝေးသော်လည်း ကြာတော့ ဒဏ်ပိလာသည်။ နားထင်နားရင်းများ ချောင်ကျကာ မျက်တွင်းများလည်း ချိုင့်ဝင်နေကြ၏။

နေ့တစ်ဝက်ကျိုး၍ မွန်းတိမ်းကျော်ကျော်တွင် ထမင်းစားခေတ္တနားသည်။ ထိုအချိန်အထိ သံသေတ္တာကြီး သုံးဆယ့်နှစ်လုံးကို တောင်ခြေမှ လှိုဏ်ဂူကစီမံကိန်းလုပ်ငန်းခွင်သို့ သယ်ယူနိုင်ခဲ့ကြပြီးဖြစ်သည်။ ဦးစီးကြီးကြပ်ရသော ဂျပန်စစ်အရာရှိကြီးများ၊ အမိန့်ပေးစေခိုင်းရသူဗိုလ်၊ အကြပ်များမှအပ ကျန်မြန်မာအလုပ်သမားများ၊ ဂျပန်စစ်သား



www.burmeseclassic.com

www.burmeseclassic.com



များမှာ ထမင်းပင် ဖြောင့်ဖြောင့်စားမဝင်။ အမောဆို့ကာ နီးရာတွင် ပစ်လှဲရင်း နားနေကြရသည်။

"ရှိဂေဟာရ ...မင်းတို့ယူလာတဲ့ စားစရာတွေထဲက ဟို သီးသန့်ထည့်လာတဲ့ အကြော်အလှော်နဲ့ သစ်သီးတွေကို ဗိုလ်ကြီးဥချို ရာစံဆီ သွားပို့လိုက်။ မောင်ရှိန်စံကိုခေါ်သွား။ ဂျင်နရယ်အီဆိုမူရာစံ နဲ့ အရာရှိကြီးတွေအတွက် ငါတို့တပ်ဖွဲ့က ပို့နိုင်းလိုက်တာလို့ သတင်း ပို့နိုင်း။ ဟုတ်လား။ သွား ...မြန်မြန်"

"ဟိုက်"

ညကတည်းက သူ့ကို ချက်ပြုတ်ကြော်လှော်ကာ စိစဉ်ဝယ် ယူနိုင်းထားသည့် ကြက်ကြော်၊ ဆတ်သားခြောက်ကြော်၊ ကြက်ဥပြုတ်၊ သရက်သီးမှည့်နှင့် ရွှေငှက်ပျောသီးများအား ပြင်ဆင်ခင်းကျင်း သယ် ဆောင်ကာ သူနှင့်တပ်ကြပ်ကလေးတို့ လျှို့ဝှက်စီမံကိန်းလုပ်ငန်းခွင် သို့ ထွက်လာခဲ့ကြသည်။ သံဆူးကြိုးနှစ်ထပ် ကာရံထားသော လုပ်ငန်း ခွင်အဝင်ဝတွင် ဗိုလ်ကြီးဥချိုရာစံကို တွေ့သည်။

"ဟိတ် ...ရပ် ...ရပ်လိုက်။ ရှိဂေဟာရစံ ...မင်း ဘာ လာလုပ်တာလဲ။ ဒါ ...ကန့်သတ်နယ်မြေ၊ တားမြစ်နယ်မြေလေ။ တာဝန်မရှိဘဲ မသွားရ၊ မလာရဘူး။ မင်းဗိုလ်မှူးက မပြောဘူးလား"

"ဟိုက် ...ဂျင်နရယ်အတွက် ဗိုလ်မှူးက ဒီစားစရာတွေ ကို ဗိုလ်ကြီးဆီ ပို့နိုင်းလိုက်တာပါ"

"အေး ...ထားခဲ့ပြီး ပြန်တော့"

"ဟိုက်"

သံဆူးကြိုးနှစ်ထပ်ကာရံထားသော ပေတစ်ရာ့ငါးဆယ်ပတ်





လည်ခန့် ဝင်းကြီးကို ဂျပန်စစ်ပုလိပ်များက အတွင်း၊ အပြင် လက်နက် ခဲယမ်းအပြည့်အစုံဖြင့် စောင့်ကြပ်လျက်ရှိသည်။ ဂျင်နရယ်အီဆိုမူရာစံ နှင့် စစ်အရာရှိကြီးများကား သံဆူးကြိုးဝင်းအတွင်း ရွက်ဖျင်တဲအမိုး အောက်၌ ဝိုင်းဖွဲ့ကာ စားသောက်လျက်ရှိရာ ဇွန်းသံ၊ ပန်းကန်သံ၊ ရယ်မောသံ၊ စားသောက်နေသံများကို သဲ့သဲ့ကြားနေရ၏။

သူက မျက်ဝန်းကိုရွှေ့ကာ ဝန်းကျင်ကို အကဲခတ်သည်။ မည် သည့်ရည်ရွယ်ချက်မျှ မရှိ။ စူးစမ်းလိုခြင်းသက်သက်မျှသာ ဖြစ်သည်။ သို့နှင့်တိုင် သူမြင်ရသည့်မြင်ကွင်းကြောင့် အံ့သြရ၏။

သည်နေ့တစ်ပိုင်းလုံး တောင်ခြေမှ ပင်ပန်းကြီးစွာသယ်ယူ ခဲ့ကြသော သံသေတ္တာကြီးများကို တစ်လုံးမျှမတွေ့ရတော့။ မည်သို့ ပျောက်ကွယ်သွားသနည်း။ မည်သည့်အရပ်သို့ ရွှေ့ပြောင်းသွားသနည်း။ သည်သံဆူးကြိုးဝင်းအတွင်း သယ်ယူသွားသည်ကမူ သေချာသည်။ သို့ ဖြစ်လျှင် ...

သူ့မျက်စိထဲတွင် ဝါးလှေကားထောင်ထားသော ပေနှစ်ဆယ် ပတ်လည်ခန့်မြေတွင်းကြီးကို မြင်သည်။ ဘေးတွင် အုန်းဆံကြိုးတုတ် တုတ်ကြီးများနှင့် သစ်သားချောင်းရှည်ကြီးများကိုလည်း စနစ်တကျ စုပုံထားသည်ကို တွေ့ရ၏။

ကျင်းကြီး၏မြောက်ဘက်ခြမ်း မြေကွက်လပ်၌ သဲပုံတစ်ပုံ၊ ဟုံးအိတ်များ၊ ဘိလပ်မြေအိတ်များ၊ ရေစည်ပိုင်းသုံးလုံးနှင့် ပန်းရံလုပ် ငန်းသုံးပစ္စည်းများကိုလည်း မြင်ရ၏။ သရွတ်ဖျော်ပြီး သုံးလက်စ လက် ကျန်မဆလာတစ်ပုံကိုလည်း တွေ့သည်။ သံသေတ္တာကြီးများကို သည် မြေကျင်းကြီးထဲသို့ ...။



www.burmeseclassic.com

www.burmeseclassic.com



သူ ဆက်မတွေးတော့ပါ။ သိသင့်သည်ထက် ပို၍သိခဲ့မိလျှင် သက်ဆိုးမရှည်တတ်ကြောင်းကို သည်စစ်တွင်းကာလ ခေတ်ပျက်ကြီး၌ သူကောင်းကောင်းသိခဲ့ပြီးပြီ။ သူနှင့် သူ၏တပ်ကြပ်ကလေးတို့ သူတို့တဲရှိရာကို ပြန်လာခဲ့ကြသည်။

"မောင်ရှိန်ရေ ... ငပုတွေနဲ့နေရတာ မျက်စိရှင်ရှင်၊ နားလျှင်လျှင်တော့ နေဟေ့။ ခေတ်ကာလကြီးက တယ်မကောင်းဘူး။ ကြားနေရတဲ့သတင်းတွေကလည်း ဟိုတစ်မျိုး၊ ဒီတစ်မျိုးကွ။ ဒီရက်ပိုင်းတွေမှာ ကျွဲညီနောင်ကလည်း အလာစိပ်လွန်းတယ်။ အင်္ဂလိပ်ဗုံးကြဲလေယာဉ်တွေကလည်း မိတ္ထီလာနဲ့မန္တလေးကို တရစပ် ဗုံးကြဲဖျက်ဆီးနေသတဲ့။

ဗမာ့တပ်မတော်က ဗိုလ်မှူးကြီးဗထူးရဲ့တပ်တွေဟာ ဂျပန်တပ်တွေနဲ့ ဗိုလ်ချုပ်အောင်ဆန်းဦးစီးတဲ့တပ်တွေကို တော်လှန်တိုက်ခိုက်နေကြပြီလို့လည်း ကြားတယ်။ ကောလာဟလလားတော့ မသိဘူး။ မိတ္ထီလာဘက်က ဗိုလ်သောင်းကြည်ရဲ့ တပ်ရင်း (၅) ဟာ သူတို့တပ်ရင်းနဲ့တွဲထားတဲ့ ဂျပန်စစ်အကြံပေးအရာရှိနဲ့ အကြပ်တွေကို သုတ်သင်ပြီး မိတ္ထီလာတစ်နယ်လုံးမှာ ငပုတွေကို ပြန်ချနေကြပြီတဲ့ဟေ့။

ငပုတွေကလည်း မချစ်သော်လည်း အောင့်ကာနမ်းနေရပေမယ့် ဗမာ့တပ်မတော်ကိုရော၊ တို့မြန်မာတွေကိုရော အယုံအကြည်မရှိတော့တဲ့ပုံပဲ။ မင်းတို့လို ငပုတွေနဲ့ အနီးကပ်နေပြီး သူတို့ခိုင်းတာလုပ်၊ သူတို့အကြောင်း အူမချေးခါးသိနေတဲ့သူတွေဆိုရင် သိပ်အလွတ်ပေးမယ်မထင်ဘူး။ သတိဝိရိယလေးလည်း ထား။ ရတနာသုံးပါးလည်း မမေ့နဲ့။ ပါးစပ်တစ်ပေါက်၊ လျှာတစ်ချောင်းအတွက် အသက်စွန့်ပြီး သူတို့နဲ့ပေါင်း သင်းလုပ်ကိုင်စားနေရပေမယ့် ဉာဏ်သီးလည်းစား၊ လေး





သံလည်း နားထောင်နိုင်မှ တော်ကာကျမယ်နော်"

တမြန်နေ့ညကပင် ခေါင်းရင်းအိမ်မှ ဘကြီးဦးလှဖေက သူ့ကို တိုးတိုးကျိတ်ကျိတ် သတိပေးခဲ့သေးသည်။ ဘာသာရေးကိုင်းရှိုင်း၍ ရွာဦးက ဘုန်းကြီးကျောင်းတွင်သာ ဝေယျာဝစ္စလုပ်ကိုင်ရင်း နေ့နေ့ညည အချိန်ကုန်နေသည့်တိုင် သူ့သားအကြီး ကိုချစ်သန်းက ဗမာ့တပ်မတော်ထဲ ဝင်သွားသည်မှာ ကြာပြီ။ ယခုမူ သီပေါမြို့၌ တပ်နေချနေသည့် ဗမာ့တပ်မတော်၌ ဗိုလ်လေးဖြစ်နေပြီဟု သိရသည်။

သူ့သားအငယ် မျိုးလွင်ကား ရွာမှ ပေါ်လိုက်၊ ပျောက်လိုက်။ မည်သည့်အလုပ်အကိုင် လုပ်ကိုင်သည်ကို မသိရသော်လည်း မျိုးလွင်ရွာသို့ပြန်လာလျှင် သူနှင့်အတူ သတင်းမျိုးစုံ ပါလာတတ်သည်။ သူတို့အိမ်သွားလျှင် စုံစီနဖာ ထွေထွေရာရာများကို ကြားရတတ်၏။

သူ့ကို ဘကြီးဦးလှဖေက သတိပေးသောနေ့တွင် သူ ရွာသို့ပြန်ရောက်နေခဲ့သည်။ မျိုးလွင်ကို အုန်းချောရွာမှ ကျောင်းဆရာလေးကိုဖေခင်၊ တိုင်းရင်းဆေးဆရာကြီး ဦးကြီးသန့်၊ ကျောက်မီးရွာမှ သခင်သာမြိုင်တို့နှင့်အတူ အိမ်ဦးခန်းမှာ မြင်ခဲ့ရသေးသည်။

"ကိုရှိန်စံ ... ဒီကပြန်ရင် ဘာပစ္စည်းမှ ပြန်မယူတော့ဘူးနော်။ ဆေးကြောမနေနဲ့တော့။ အားလုံးစုပြီးသာ ထုပ်ထားလိုက်တော့။ ဗိုလ်ကိုအိဇမိစံ လာယူလိမ့်မယ်။ ကိုရှိန်စံလည်း ကျွန်တော့်ဘေးမှာပဲခြအနေ ကြည့်နေပါ"

"ဟုတ်ကဲ့"

တပ်ကြပ်ကလေး ရှိဂေဟာရစ်က သူ့ကို တိုးတိုးသတိပေးပါ။ အင်ဂျင်နီယာတပ်မှ ဗိုလ်ကြီးဥချီရာစံနှင့်တွေ့ပြီး ပြန်လာကာမှ



www.burmeseclassic.com

www.burmeseclassic.com



တပ်ကြပ်ကလေး၏မျက်နှာ သိသိသာသာပျက်နေသည်။ သူ မည်သို့မျှ တွေးကြံမတတ်သော်လည်း စိတ်ထဲ၌ စနိုးစနောင့်ဖြင့် ဖြစ်စပြုပြီ။

လျှို့ဝှက်စီမံကိန်း၊ အရွယ်တူပုံစံတူ နိုင်ခံ့လေးလံလှသည့် သံသေတ္တာကြီးများ၊ ပေနှစ်ဆယ်ပတ်လည်ခန့် မြေကျင်းကြီးနှင့် များပြားလှသည့် ဂျပန်ကင်ပေတိုင် စစ်ပုလိပ်များ၊ ဂျပန်စစ်ဗိုလ်ချုပ် ဂျင်နရယ် အီဆိုမူရာစံနှင့် ဂျပန်စစ်တပ်အရာရှိကြီးများ ...။

အရေးပါသော လုပ်ငန်းကြီးတစ်ရပ်တွင် သူတို့ပါဝင်လုပ်ကိုင်နေကြရခြင်းဖြစ်ကြောင်း တရေးရေး သူသဘောပေါက်လာ၏။

"မောင်ရှိန်စံ ..."

"ဟိုက် ... မာစတာ"

"မောင်ရှိန်စံ ရိက္ခာနဲ့ စားစရာတွေ လိုက်ဝယ်တော့ ထုံးဘို၊ အုန်းချောနဲ့ ကျောက်မီး၊ ရွှေစာရံတို့ဘက်မှာ ဘာထူးသလဲ။ ဘာသတင်းတွေ ကြားခဲ့ရသလဲ"

"ဟိုက် ... ဘာမှတော့ သိပ်မထူးပါဘူး မာစတာ။ ကျွဲညိနောင်ကတော့ ဒီရက်ပိုင်း ပိုပြီးအလာစိပ်လာတာရယ်၊ လာရင်လည်း တံတားတွေ၊ ရုံးတွေ၊ မော်တော်ကားတွေ၊ လှေသင်္ဘောတွေ၊ ဓာတ်ဆီဆိုင်တွေ၊ ဂိုဒေါင်တွေကို အဓိကထားပြီး ဗုံးကြဲ၊ စက်သေနတ်နဲ့ပစ်လုပ်လာတာကိုပဲ ရွာတွေမှာ ပြောစရာဖြစ်နေပါတယ်။ လူတွေလည်း ဟိုလိုလို၊ ဒီလိုလိုနဲ့ ရတတ်သမျှ စားရေရိက္ခာ ရှာကြံစုနေကြတယ် မာစတာ"

"အင်း ..."

" ......"





"စစ် ... စစ် ... စစ်ဆိုတာ ဘယ်အချိန်ဘယ်ကာလ၊ ဘယ်မပေါ်မှာ ဘယ်သူနဲ့ ဘယ်သူပဲဖြစ်ကြဖြစ်ကြ ကြုံလာရမယ့် စစ်ရဲ့လက္ခဏာတွေကတော့ ဒီအတိုင်းချည်းပါပဲ။ ရှုံးကြမယ်။ နိုင်ကြမယ်။ သေကြမယ်။ အိုနာကျိုးကန်း ဖြစ်ကြရမယ်။ စစ်ဘေးစစ်ဒဏ်သင့်လေရာမှာ မြို့တွေ၊ ရွာတွေ ပျက်ကြရမယ်။ စည်းစိမ်ဥစ္စာတွေ ဆုံးရှုံးကြရမယ်။ မိဘ၊ မောင်နှမ၊ သားချင်းဆွေမျိုး၊ ချစ်သူခင်သူတွေ သေကွဲရင်လည်း ကွဲကြရမယ်။ ဒါမှမဟုတ် ရှင်ကွဲရင်လည်း ကွဲကြရမယ်။ အဲဒါ စစ်ပဲ"

မနေ့ညက သူရွာသို့မပြန်မီ သူ့ဗိုလ်မှူး ကာတိုမိချိစံက သူ့အကြိုက် ဂျပန်ဆာကေအရက်ကို ငါးခူးငါးပိကောင်ကြော် သံပုရာရည်ညှစ်၍ မြည်းရင်း သူ့အားပြောခဲ့သည့်စကားများ။ မျက်နှာပေး၊ မျက်လုံးအကြည့်များက ထူးသည်ဟု ယခုမှထင်လာသည်။

"မောင်ရှိန်စံ ... ကလေးဘယ်နှယောက်ရှိသလဲ"

"ဟိုက် ... မာစတာ။ နှစ်ယောက်ပါ။ အကြီးက မိန်းကလေးပါ။ အသက်ငါးနှစ်။ အငယ်ကလေးက သုံးနှစ်အရွယ် ယောကျ်ားကလေးပါ"

"အို ... ငယ်ကြသေးတာပဲ"

"ဟိုက်"

"ကျုပ်မှာလည်း ဂျပန်မှာထားရစ်ခဲ့ရတဲ့ သားသမီးတွေ အများကြီးပေါ့။ ကျုပ်ကိုယ်ကျုပ်တောင် မယုံကြည်နိုင်အောင် စစ်ကြီးကပြောင်းလဲပေးခဲ့တာလေ။ မောင်ရှိန်စံ ... ကျုပ်ကို ဘယ်လိုမြင်လဲ။ ကျုပ်ပြောတာက ကျုပ်ဟာ စစ်သား၊ စစ်ဗိုလ်တစ်ယောက်နဲ့ တူရဲ့လားလို့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ...ဟိုလေ ...မာစတာ ..."

"မပြောနဲ့ ...မပြောပါနဲ့။ ကျုပ်သိပြီးသားပါ။ ကျုပ်ဟာ စစ်သားကောင်းတစ်ယောက် မဟုတ်ဘူး။ ဘယ်တော့မှလည်း ကျုပ်ဟာ စစ်သားကောင်းတစ်ယောက် ဖြစ်လာမှာမဟုတ်ဘူး။ နိပ္ပုန်နိုင်ငံတော်ကြီးနဲ့ နိပ္ပုန်ဧကရာဇ် ဘုရင်မင်းမြတ်တင်နော်ဟေကာအတွက် လိုအပ်ချက်အရ စစ်ထဲဝင်ပြီး စစ်မှုထမ်းခဲ့ရပေမယ့် ကျုပ်က စာသင်တဲ့ကျောင်းဆရာတစ်ယောက်ပဲ။ တက္ကသိုလ်ကျောင်းက ဆရာတစ်ယောက်ပဲ။ ကျောင်းဆရာရဲ့နှလုံးသားက ငြိမ်းချမ်းရေးကိုပဲ မြတ်နိုးတယ်။ စစ်ကိုမုန်းတယ်။ ကျောင်းဆရာရဲ့အလုပ်က ငြိမ်းချမ်းရေးအတွက် စစ်ကိုဆန့်ကျင်ဖို့။ ကဲ ...ကျုပ် လိုလူက ဘယ်မှာစစ်သားကောင်း ဖြစ်နိုင်တော့မှာလဲ မောင်ရှိန်စံ။ ပြောစမ်းပါဦး"

" ......"

သူ့ဗိုလ်မှူး ကာတိုမိချိစံ တော်တော်လေးမူးနေပြီ။

ခါတိုင်း သည်သို့ စကားများများမပြောစဖူး။ ပြုံးပြုံးပြုံးပြုံးဖြင့် သူကြိုက်လှသည့် 'ဟန်ယုနေ့ကာဒို(မွေးရပ်ဌာနေ)' ဆိုသည့် သီချင်းလေးကို ညည်းကာညည်းကာ အလုပ်လုပ်နေတတ်ပြီး နွတ်နည်းလွန်းသည်။ သည်ကနေ့တော့ ...

"ကျုပ် ဘာကြောင့် မြန်မာပြည်စစ်မြေပြင် ရောက်ခဲ့ရသလဲ။ သိလား မောင်ရှိန်စံ"

"ဟိုက် ...မသိပါဘူး မာစတာ"

"ဟား ...ဟား ...ဟား ...မြန်မာစာနဲ့ မြန်မာစကား တတ်လို့တဲ့။ အခု မင်္ဂလာဒုံတပ်မြေမှာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး





လုပ်နေတဲ့ ကျုပ်ရဲ့အဖေဘက်က နှစ်ဝမ်းကွဲအစ်ကို ဗိုလ်မှူးမာရိကားစံက ထောက်ခံလိုက်လို့ နိပ္ပုန်ဘုရင့်တပ်မတော် အမှတ် (၁၅) တပ်တော်ရဲ့ သေနာပတိ ဗိုလ်ချုပ်ကြီးရိုကျိုအိရိုအီဒါးစံက သီးသန့်ရွေးချယ်ခေါ်ယူခဲ့တာတဲ့လေ။ ကဲ ...ကျုပ်စစ်သားဖြစ်ခဲ့ရပုံက အဲဒါပဲ။ မောင်ရှိန်စံတို့ရဲ့ မြန်မာစာနဲ့စကားကို တတ်လို့တဲ့"

"ဟိုက်"

ဗိုလ်မှူးကာတိုမိချိစံက ပြောလည်းပြောသည်။ သောက်လည်းသောက်သည်။ မူးလည်း တော်တော်မူးနေပြီ။ ဝိုင်းသိမ်းမှ သင့်မည်။

"ဟိုက် ...မာစတာ။ မာစတာဝယ်ခိုင်းထားတဲ့ ရိက္ခာပစ္စည်းတွေက နည်းနည်းများပါတယ်။ ကျွန်တော် ဒါတွေသိမ်းပြီး ရွာကို စောစောပြန်ရမယ်ထင်တယ်။ မာစတာ နားတော့မလား"

"ထားခဲ့ ...။ ရှိဂေဟာရှ သိမ်းလိမ့်မယ်။ ကျုပ်ပေးထားတဲ့ စာရင်းထဲက ပစ္စည်းတွေကို မနက်ဖြန်မရလည်း ကိစ္စမရှိဘူး။ မောင်ရှိန်စံမလာနိုင်ရင် မလာနဲ့။ ရိက္ခာပစ္စည်းစုံမှပဲ လာခဲ့တော့။ ကြားလား"

"ဟိုက် ...မာစတာ"

"ထပ်ပြောမယ်နော် မောင်ရှိန်စံ။ မနက်ဖြန်မလာရင်လည်း ကိစ္စမရှိဘူး။ ဖြစ်တယ် ...။ ကျုပ်လည်း ဒီလောက်ပဲပြောနိုင်တယ် ဟုတ်လား။ တင်နော်ဟေကာ အိုယုရှရှိနေ ငါ့အိမတ်စ်"

သူနားမလည်သော ဂျပန်စကားတစ်ခွန်းကို ပြောကာ သူမပြောယ်မဖော်နိုင်သော သူ့ဗိုလ်မှူး၏အကြည့်ကို သူတစိမ့်စိမ့်သတိရသည်။ ထူးတော့ အမှန်ထူးနေမှန်းလည်း သူ့စိတ်က နှိုးဆော်နေရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်သို့ဖြင့် နေ့ခင်းပိုင်းတွင် သူတို့လုပ်ငန်းကြီး ဆက်ကြပြန်၏။ တစ်မနက်ခင်းလုံး လူရုပ်မပေါက်တော့သည့် သယ်ယူရေးလုပ်သားအဖွဲ့မှာ ရှိသမျှအားအင်ကလေးများကို ညှစ်ထုတ်၍ ဆင်းသွားကြရပြန်သည်။

တရွေ့ရွေ့တအိအိ တွန်းတွန်းထိုးထိုး ဆောင်ရွက်ခဲ့ကြရာ သံသေတ္တာကြီးအလုံးခြောက်ဆယ်ကို တောင်ခါးစောင်းရှိ စီမံကိန်းလုပ်ငန်းခွင်တည်ရာနေရာသို့ သယ်ယူပြီးချိန်၌ ကျနေပင် အတော်စောင်းခဲ့ပြီ။ ညနေလေးနာရီကျော်ကျော်ခန့် ရှိပြီထင်သည်။

သယ်ယူရေးလုပ်သားအဖွဲ့ကား ခြေလက်ပင်မလှုပ်ချင်အောင် ချုံးချုံးကျနေတော့၏။ လူဦးရေခြောက်ဆယ်ခန့်ရှိသည့် မြန်မာလုပ်သားများအား ယာယီလုပ်ငန်းရုံး တစ်ဖက်ရပ်တဲကလေး၏အနီး တောင်လက်ပံပင်ကြီးအောက်၌ စုဝေးထားကာ နားနေစေသည်။

လုံးပတ် လူကြီးသုံးလေးဖက်စာ၊ ပင်စောက် ပေခုနစ်ဆယ်ရှစ်ဆယ်ခန့်ရှိသည့် တောင်လက်ပံပင်ကြီးကား ရွက်ဖားဝေဝေဖြင့် နေ့နေကို အံတုလျက်ရှိသည်။ ပွင့်ကျန်များကြွင်းရစ်သေးသဖြင့် ကိုင်းဖျားကိုင်းနားဆီ၌ လက်ပံပွင့်နီနီများကို မြင်နေရကာ အရိပ်ဝန်းကျယ်ကျယ်ကိုလည်း ပေးနိုင်သေး၏။

ဤတောင်လက်ပံပင်ကြီးမှ ပေတစ်ရာခန့်အကွာတွင် ပင်သက်ရာချီမည့် ကညင်ပင်အိုကြီးတစ်ပင်က ထီးထီးမားမားကြီး ရှိနေသည်။ ကညင်ပင်ကြီးမှာ လျှို့ဝှက်စီမံကိန်းတည်ရာ သံဆူးကြိုးဝင်း၏ ခပ်လှမ်းလှမ်း၌ ကုန်းပြင်ကလေးကို စီးမိုး၍ရှိနေခြင်းဖြစ်သည်။ ကညင်ပင်ရိပ်၌ ခြေကုန်လက်ပန်းကျနေသော ဂျပန်စစ်သားများ စုဝေးနားနေသည်





ကို မြင်ရ၏။

သူ့ဖိုလ်မှူးနှင့် တပ်ကြပ်ကလေးတို့ကား လက်ကျန်သံသေတ္တာကြီးများကို စစ်ဆေးနေဆဲပင်။

သည်အချိန်တွင် သူဝမ်းနာလာခဲ့ခြင်းဖြစ်သည်။

ဂျင်နရယ်အီဆိုမူရာစ်အတွက် အုန်းချော့ရွှာ ဘဒွေးထွန်းအောင်တို့ သရက်ခြံမှ နက်တည့်၊ အောင်ဒင်နှင့် ပန်းဆွဲသရက်သီးမှည့်များ ဝယ်ယူရရှိခဲ့ရာ ဒွေးလေးဒေါ်လှချယ်က သူ့အတွက်နှင့် သူ့ကလေးများ အတွက် သရက်သီးတစ်ခြင်း ထည့်ပေးလိုက်၏။

အိမ်သို့ပြန်ရောက်စက တစ်ခါ၊ ထမင်းစားပြီးစတွင် တစ်ခါနှစ်ကြိမ်တိုင် သရက်သီးမှည့်များကို အားရပါးရစားမိခဲ့ရာ မနက်လင်းကားကြီးကတည်းကပင် ဝမ်းက ပျက်ချင်ချင်။ အလုပ်များလွန်း၍ မေ့လျောင်ဖြစ်နေသောဝမ်းက ယခု အလုပ်ပြီးခါနီး၌ တစ်ကြော့ပြန်ရစ်ချင်လာသည်။

သူက တပ်ကြပ်ကလေးရှိဂေဟာရုစ်ကို အသာလက်တို့ကာတိုးတိုးပြော၍ ခွင့်တောင်းရ၏။ တပ်ကြပ်ကလေးက ခဏတွေ၍ စဉ်းစားဟန်ပြုကာ သူ့ဗိုလ်မှူးကို တိုးတိုးသတင်းပို့သည်။ ဗိုလ်မှူးက သူ့ကိုလှမ်းကြည့်လျက် ခေါင်းကို အသာညိတ်ပြသည်။ တပ်ကြပ်ကလေးက သူတို့တပ်ဖွဲ့၏ ခွင့်ပြုလက်မှတ်တစ်စောင်ကိုယူကာ သူ့ကိုကမ်းပေးသည်။

"ကိုရှိန်စံ ...ဒီမှာ အရာရှိကြီးတွေ ရှိနေတယ်။ အလေးပေါ့ကိစ္စကို ဒီနားမှာ ကပ်မလုပ်ပါနဲ့။ ခပ်ဝေးဝေး၊ ခပ်လှမ်းလှမ်းကို သွားပြီးရှင်းခဲ့ပါ။ ကျင်းတူးပြီး တစ်ခါတည်းဖုံးခဲ့။ ခေါ်ယူသွား"



www.burmeseclassic.com

www.burmeseclassic.com



တပ်ကြပ်ကလေးက သူ့ကိုပြောပြီး တစ်လက်စတည်း လုံခြုံရေးအစောင့် ဂျပန်စစ်ပုလိပ်အားလည်း ဂျပန်ဘာသာဖြင့် လှမ်း၍ပြော၏။

"ဟိုက် ... ရှိဂေဟာရစ်။ ကျွန်တော် ကိစ္စပြီးတာနဲ့ ချက်ချင်းပြန်လာပါ့မယ်"

"သွား ... သွား ... မြန်မြန်သွား"

သူက ဂျပန်စစ်ပုလိပ်အား သူ့တပ်ကြပ်ကလေး၏ ခွင့်ပြုလက်မှတ်ကို ပေးလိုက်သည်။ ထိုခွင့်ပြုလက်မှတ်ကြောင့်ပင်လော၊ သူ့ညာဘက်လက်မောင်းတွင်ပတ်ထားသည့် အဖြူရောင်အောက်ခံပေါ်၌ အနီရောင် ဘူးသီးငါးပေါင်းကြော် ဂျပန်စာလုံးများပါသည့် လက်ပတ်ကြောင့်ပင်လော၊ အနံ့အသက်မကောင်းသည့် အညစ်အကြေးစွန့်မည့်ကိစ္စ ဖြစ်၍လော။ မည်သည်ကြောင့်ဟု အတပ်မသိ။ ဂျပန်စစ်ပုလိပ်တစ်ယောက်မျှ သူနှင့်အတူ လိုက်မလာကြ။

သူ မရည်ရွယ်ဘဲလျက် တော်တော်လေးလှမ်းအောင် လျှောက်လာခဲ့သည်။ သူ့စိတ်အထင် ပေသုံးရာခန့်ရှိလိမ့်မည်ထင်သည်။ မြေလမ်းရာကလေးမှ ဘေးသို့ဖဲ့ထွက်ခဲ့ပြီး ဝါးပိုးဝါးရုံများ အုပ်အုပ်ဆိုင်းဆိုင်း။ ရှုပ်ရှုပ်ထွေးထွေးရှိနေသည့် သဲချောင်းကလေးဘေး တောင်လက်ပံပင်ကြီးအခြေတွင် တောစိုးတောင်စိုးနတ်တို့အား တောင်းပန်လျက် သူ့ဝမ်းကိစ္စကို ရှင်းရသည်။ အလုပ်ဖိစီး၍ ချုပ်တည်းထားခဲ့လေသမျှ ရေကာတာကျိုးပေါက်ဘိသို့ ဒလဟောသွန်ချလိုက်ရသည်ကြောင့် လူက ချက်ချင်းပင် နုံးချည့်သွားရ၏။ ဝမ်းကား ရစ်၍ရစ်၍နာနေဆဲပင်။





နေဝင်တော့မည်။

သူတို့၏လုပ်ငန်းကြီးလည်း လက်စသိမ်းရတော့မည်ထင်သည်။

"အား ..."

"အား ..."

"အား ..."

"အား ..."

"အား ..."

တောတစ်ခွင်တောင်အနှံ့ လိုက်သံဖြင့် ပဲ့တင်ထပ်သွားသော ာကျင်ကျင် မချိမဆံ့အော်ဟစ်သံကြီးများကို ကြားလိုက်ရ၏။ ရင်ထဲ ကာ ခေါင်းနားပန်းကြီးမိရသည်။ သူတို့လုပ်ငန်းခွင်ဘက်မှ ကြား သော အသံများ။ ဘာတွေဖြစ်ကုန်ကြပြီနည်း။ သံသေတ္တာကြီးများ ၍ ထိမိခိုက်မိလျှင်ပင် သည်သို့ တစ်ပြိုင်နက်တည်း အော်ဟစ်ညည်း ရာ အကြောင်းမမြင်။ ယခုကြားလိုက်ရသည်က သေငယ်ဇောဖြင့် လန့်တကြား အော်ဟစ်လိုက်သည့်အသံ။ ပြီးလျှင် တစ်ပြိုင်တည်း၊ စုတည်း ထွက်ပေါ်လာသည့်အသံ။ အကြောင်းရင်းကို ဝေခွဲမှန်း ၍ မရချင်။

"အား ..."

"အား ..."

"အီး ..."

"အမေရေ ..."

"အား ..."

နောက်တစ်ကြိမ် အသံနက်ကြီးက တောလုံးညံ၍ ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ ရှေးနည်းအတူ ကြောက်မက်စဖွယ် ချောက်ချောက်ချားချား အသံနက်ကြီးများ။ အူထဲက ယားလာသည်။ မထင်စကောင်းသော်လည်း သည်ဂျပန်တပ်ဖွဲ့များနှင့်တွဲကာ နိုးနိုးကပ်ကပ်အလုပ်လုပ်လာခဲ့သည်ဖြစ်၍ သူတို့၏ အမူအကျင့်၊ လက်စလက်နကိုမူ ရိပ်မိချင်သလိုလို။ သူ့အပေါ် သံယောဇဉ်တကြီးရှိသည့် သူ့ဗိုလ်မှူး ကာတိုမိချိစံနှင့် တပ်ကြပ်ကလေး ရှိဂေဟာရုစံတို့၏ မျက်ဝန်းအကြည့်များကို ရုတ်တရက်မြင်ယောင်လာသည်။ သို့ဆိုလျှင် သည်ငပုတွေ ...

တစ်ကိုယ်လုံး တုန်ယင်လာကာ သွေးကြောများအတွင်းသို့ ကြောက်ရွံ့စိတ်တို့ ပျံ့နှံ့စီးဝင်သွားသည်။ မြွေဆိပ်တက်သည်ထက်ပင် မြန်မည်ထင်၏။ ဆောက်တည်ရာမရ ယောက်ယက်ခတ်နေသည့်စိတ်ကို အနိုင်နိုင်ချုပ်တည်းကာ သူလုပ်သင့်သည့်အလုပ်ကို စဉ်းစားကြည့်သည်။

စိတ်ကိုတုံးတုံးချလျက် အနီးဆုံးရှိနေသော တောင်လက်ပံပင်ကြီးပေါ်သို့ သူကုတ်ကပ်၍ တက်လိုက်သည်။ သူတို့လုပ်ငန်းခွင်တည်နေရာက တစ်ဆစ်ချိုးကွေ့ တောင်ကမူကလေးပတ်ကာ ကွယ်နေသော်လည်း လက်ပံပင်ကိုင်းထက် အပေါ်မြင့်မြင့်က စီးကြည့်လျှင် သေသေချာချာ မြင်နိုင်သည်။ သစ်ရွက်အုပ်အုပ်များက သူ့ကို လုံခြုံအောင် ကွယ်ထားနိုင်သည်။

"အား ..."

"အား ..."

"အား ..."

"အား ..."

---

စိတ်ကူးသစ်စာပေ



"အား ..."

အော်သံနက်ကြီးများနှင့်အတူ သူမြင်ရသည့်မြင်ကွင်းကြောင့် မှုအသည်းတွေ ပြောင်းပြန်လန်သွားမတတ် ထိတ်လန့်သွား၏။ သေချာသည်။ ဤအထူးလျှို့ဝှက်စီမံကိန်းကြီးတွင် တစ်နေ့တာလုံး ကျွဲများ၊ နွားများသဖွယ် ကုန်းကျုံးရုန်းကန်သယ်ပိုးပေးခဲ့သည့် မြန်မာအလုပ်သမားများအား လက်စတုံး သုတ်သင်နေခြင်းပါတကား။

သံဆူးကြိုးနှစ်ထပ်ကာ မြေကွက်လပ်တွင် ငါးယောက်တစ်တွဲ ရှေ့နောက်တန်းကာထိုင်နေကြသည့် မြန်မာအလုပ်သမားများမှာ ဆောက်တည်မနိုင်။ ငိုကြွေးမြည်တမ်းလျက် တုန်ရင်နေကြသည်။ ဘေးပတ်လည်တွင် စစ်ကိုင်းတပ်မှ ကင်ပေတိုင်စစ်ပုလိပ် ဗိုလ်မှူးရှိဘာတာစီးသော လုံခြုံရေးတပ်ဖွဲ့က သူတို့တစ်တွေအား လက်နက်ကိုယ်စီဖြင့် ပတ်လည်ဝိုင်းထားသည်။

ဗိုလ်ကိုအိဇမိစံနှင့် တပ်ကြပ်ကြီးဦးစီးသော သတ်သင်ရေးအဖွဲ့က ဂျပန်ဓားရှည်ကြီးများဖြင့် ရှေ့ဆုံးက ငါးယောက်တစ်စုကို ခုတ်ပိုင်းချလိုက်ရာ ခေါင်းနှင့်ကိုယ် အိုးစားကွဲသွားလျက် ဦးခေါင်းမဲ့ လည်ပင်းပုံးတိတိများမှ သွေးများ မြင်မကောင်းအောင် ငေါက်တောက်ပန်းထွက်နေတော့သည်။

သက်မဲ့ကိုယ်ကောင်ကြီးမှာလည်း လက်နောက်ပြန် ကြိုးတုပ်ထားသည့်တိုင် သွေးအိုင်ထဲတွင် ကွေးကောက်တွန့်လိမ်နေကြ၏။ စစ်ပုလိပ်ငါးယောက်က သံချိတ်ကောက်ကြီးများဖြင့် သက်မဲ့ကိုယ်ခန္ဓာကြီးများ၊ ဦးခေါင်းများအား ချိတ်ဆွဲကာ မြေကျင်းကြီးအတွင်းသို့ ပစ်ချနေကြသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လူအုပ်၏အဆုံး နောက်ဘိတ်ဆုံးလေးယောက်တွဲ၌ ထွေးမောင်၊ မောင်ငယ်နှင့် ညီတင်တို့အား တွေ့ရ၏။ တစ်ယောက်လို။

မြတ်စွာဘုရား ...။

'ဘုရားကယ်မခဲ့ခြင်းပါတကား' ဟု သူတွေးသည်။ သူသာ ဝမ်းမနာခဲ့လျှင် ...

သူ ဆက်၍မတွေးရဲတော့။ သူလုပ်ရမည့် တစ်ခုတည်းသော အလုပ်ကို သူပြတ်ပြတ်သားသားသိပြီ။ သူပြန်လာဦးမည်ထင်၍သာ ဂျပန်စစ်ပုလိပ်များ လိုက်မလာသေးခြင်းဖြစ်သည်။ သိပ်မကြာမီ သူရောက်မလာခဲ့လျှင် သူတို့လိုက်လာကြလိမ့်မည်။

သူ တုန်တုန်ရင်ရင်ဖြင့် တောင်လက်ပံပင်ကြီးပေါ်မှ တွယ်ဆင်း၏။ ခြေလက်တို့ မမြဲချင်။ ရိုးတွင်းခြင်ဆီထဲကပင် အားအင်တို့ဆုတ်ယုတ် ပျောက်ကွယ်ခဲ့လေပြီထင်သည်။ ဝမ်းပျက်မှုကြောင့် ချည့်နဲ့နေရသည်၌ ကြောက်ရွံ့ထိတ်လန့်ဖွယ်မြင်ကွင်းကြောင့် နတ်ဝင်သည်ကဲ့သို့ တုန်ယင်လှုပ်ရှားစွာ ဟိုတွယ်သည်ဆွဲဖြင့် မျက်ဝန်းများ မှုးရီဝေသီနေတော့၏။

"အား ..."

"အား ..."

"အား ..."

"အီး ..."

"အား ..."

သွားရှာကြပြန်ပြီ။ တစ်လကျော်ကျော် အတူတကွ လက်ပွန်းတတီး သည်လျှို့ဝှက်စီမံကိန်းကြီးတွင် အလုပ်လုပ်ခဲ့ကြသည့် သူတို့





...်တွေနှင့် သူတို့မိသားစုများ၏ဘဝကို တွေးရင်းပင် ရင်နင့်ရသည်။ ...ကိုယ်တိုင် ကျောက်မီး၊ အုန်းချော၊ ရွှေစာရံ၊ ကံကောက်၊ သမ္မတော၊ ...ောင်ပင်လယ်၊ အနီးစခန်း၊ ဇီးပင်ကြီး၊ ပေပင် စသည့် ရွာနီးဝန်း...ျင်အနှံ့ လိုက်လံရှာဖွေကာ စည်းရုံးခေါ်ဆောင်လာခဲ့သည့် ရိုးသား...ကြသော မြန်မာကျေးတောနေ လုပ်သားကြီးများ။ သေတွင်းသို့ဝင်... သူပင် ရှာဖွေခေါ်ငင်ခဲ့သလို ဖြစ်နေသည်။

"အို ... အမေ့"

နောင်ဆုံးကိုင်းကို နင်း၍ ဆင်းမည်အပြု၌ စိတ်အတွေးပြန့်...ာ ခြေတုန်လက်တုန်ဖြစ်လျက် ကိုယ်နေဟန်ချက်ပျက်သွား၏။ လက်...ဆွဲမိဆွဲရာကို အားကိုးတကြီးလှမ်းဆွဲလိုက်သော်လည်း ကိုင်းဖျားက...က်နုများသာ လက်တွင်းပါလာခဲ့ပြီး အထောက်အမှီမရ၊ အောက်သို့...ြုလွတ်လက်လွတ် ပြုတ်၍ကျလာသည်။

"ဝုန်း ..."

"အား ..."

အမြင့်ဆယ့်လေးငါးပေက ကျ၍သာ တော်တော့သည်။ ကိုယ်...ို လူး၍လွန့်လိုက်သဖြင့် တင်ပါးဆုံနှင့်မြေကြီး ပြင်းထန်စွာရိုက်မိရုံမှ...်ပါး ခြေလက်အင်္ဂါတစ်စုံတစ်ရာ ထိခိုက်ပွန်းပဲ့ခြင်းမရှိ။ တင်ပါး...က်တော်အောင့်သွား၏။ သို့ရာတွင် သည်ဒဏ်ရာမျှကို ပြာလဲ့ဇာချဲ့...ရ၍ မရသေး။ သေဘေးက နီးသည်။ ဂျပန်ငပုတို့ တစ်စုတစ်ဝေးကြီး...ိုက်မလာမီတွင် သူပြေးရမည်။

တောင်လက်ပံကိုင်းထက်မှ အကျ၌ အောက်သို့လွင့်စဉ်သွား...ာ ဓားမတိုကို လိုက်၍ရှာရသည်။ ပင်ခြေအနီး သစ်ပျဉ်းဘေးက



www.burmeseclassic.com

www.burmeseclassic.com



ချုံစပ်၌ တွေ့၏။ သူ့တပ်ကြပ်ကလေး ရှိဂေဟာရစ်ကိုပင် ကျေးဇူးတင်ရသေးသည်။

သူပေးလိုက်၍သာ သည်တောသည်တောင်ထဲ၌ အသက်ရှင်ရပ်တည်ဖို့ အားကိုးရာ ဓားမတိုတစ်ချောင်း ကိုယ်နှင့်မကွာ ပါနိုင်ပေသေးသည်။ 'လက်နက်မစွဲ သူရဲမမည်' ဆိုရိုးစကားထက် သူတို့တောသူတောင်သားဘာဝ လက်ထဲတွင် ဓားဆွဲ၍ တောတစ်ခွင်တောင်အနှံ့ အသက်ဆန့်ထားနိုင်ပေသည်။

သူ့ကိုယ်ပေါ်ရှိ အိတ်များထဲ နှိုက်စမ်းကြည့်သည်။ အညာမုံရွာလက်ယက်ထည် ဖျင်ကြမ်းအကျီလက်ရှည်၏ အိတ်ထောင်ထဲ၌ ယမ်းမီးခြစ်ဘူးကလေး တစ်ဘူးပါသည်။ နေဝန်းနီတံဆိပ် သစ်သားမီးခြစ်ဆံဘူးကလေးဖြစ်၏။

သူ့ဗိုလ်မှူးက သူ့အတွက် ရုံးသုံးအဖြစ် စားဖိုချောင်ဝင်နိုင်ရန် ထုတ်ပေးထားခဲ့ခြင်းဖြစ်သည်။ မီးခြစ်ဆံက များသေးသည်။ အကျီအတွင်းအိတ်ကပ်၌ ဂျပန်ငွေစက္ကူအချို့ အခေါက်လိုက်ပါသည်။ မနေ့က ဝယ်ယူခဲ့ရသည့် ရိက္ခာပစ္စည်းများအတွက် သူ့တပ်ကြပ်ကလေးနှင့် စာရင်း မရှင်းရသေး။

သူ့ပုဆိုးဖြင့် ခါးကြားတွင် အမြဲတစေလိမ်ထားတတ်သော ဆေးဘူးကလေးလည်း ရှိသည်။ သူတို့ နေ့လယ်စာထမင်းဝိုင်းအတွက် လိုရမည်ရ ဆောင်ထားခဲ့ခြင်းဖြစ်သည်။ ယခုတော့ သူ့အတွက် အဆင်သင့်နေသည်။

"ဟူး . . ."

လေပူတစ်ချက်ကို တစ်ဝကြီးမှုတ်ထုတ်ကာ သူ့ခြေလှမ်းများ





က စ၍ပြေးသည်။ သဲချောင်းရိုးစပ်ကလေး၏ဘေး မြေနုမြေမွကလေးများကို ရွရွနင်းကာ ကိုယ်ကို ကုန်း၍ကိုင်း၍ ညွတ်၍တိမ်း၍ ပြေးသည်။ သူ၏နောက်ကျောတွင် လျှို့ဝှက်စီမံကိန်းဆိုတာကြီးနှင့် ဂျပန်စစ်သားများ တစ်ပြုံတစ်မကြီး ကျန်ခဲ့ကြပြီ။

ထိုစဉ်အခိုက်မှာပင် နေဝန်းကွယ်ခဲ့၏။

ဝန်းကျင်ကို မြင်သာရုံမျှ အလင်းကျန်နေသေးသော်လည်း ညှိရီဆည်းဆာသည် တောင်နိုးမြူငွေ့ဖြင့် ပြာပြာမှုန်သည်။ မှောင်ပေတော့မည်။

သောသောရုတ်ရုတ် တောတိုးသံနှင့်အတူ ဗိုလ်ကလေးတစ်ဦး ဦးဆောင်သော ဂျပန်စစ်ပုလိပ်တစ်သိုက်က ဝါးရုံပင်အကွယ်မှ ဘွားခနဲ ပေါ်လာသည်။ တောင်လက်ပံပင်ကြီးပတ်လည်တွင် ခြေရာခြေကြောင်းခံကာ ဟိုသည်လှေ့လာစူးစမ်းကြရင်း သဲချောင်းရိုးစပ်ကလေး သို့ ပြေးဆင်းသွားကြ၏။

ညဉ့်၏အမှောင်ထုက ကန့်လန့်ကာချသလို အလွှာလိုက် တောနှင့်တောင်စွယ်ကို ဖုံးသည်။ မှောင်လာလေပြီ။

ကင်ပေတိုင်ဗိုလ် ကိုအိဇုမိ၏မျက်ဝန်းမှာ မီးဝင်းဝင်းတောက်လျက် မေးကြောကြီးများ ထောင်ထနေသည်။ သူတို့အဖွဲ့ကို လမ်းပြရသည့် ယန္တယားတပ်မှ တပ်ကြပ်ကြီးတကေးဒါးသည်လည်း ဓားအိမ်ကို တင်းတင်းဆုပ်လျက် အသက်ရှူသံပြင်းပြင်း၊ မျက်နှာထားတင်းတင်း။

ခဏအတွင်း၌ပင် အမှောင်သည် တောအလုံးကို စုပ်မျိုလိုက်တော့၏။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂ ]

❑

အမှောင်သည် တောနှင့်တောင်ကို စုပ်မျိုထားသည်။

ဝန်းကျင်သည် ပိတ်ပိတ်သားမှောင်လှ၏။ ကြိုတင်ပြင်ဆင်ယူဆောင်လာသည့် ရေနံချေးဖတ်စည်းထားသော ဝါးစိမ်းတုတ်မီးတိုင်ကြီးများကြောင့်သာ လုပ်ငန်းခွင်တစ်ပိုက် လင်းချင်းနေတော့သည်။ စစ်သုံးလက်ဆွဲမှန်အိမ်လေး ဆယ့်လေးငါးလုံး၏ အလင်းရောင်ကလည်း ညအမှောင်ကြောင့် ပို၍လင်းနေသလိုပင်။

နွေဦးညဖြစ်၍ နေဝင်ပြီးစ ညဦးယံသည် ပူလောင်မွန်းအိုက်ချင်သည်။ လေငြိမ်နေကာ သစ်ပင်ချုံနွယ်တို့သည် ရွက်ဖျားပင်မခတ်။ ဤလျှို့ဝှက်စီမံကိန်း၏ လက်စသိမ်းလုပ်ငန်းအဖြစ် မျက်မြင်သက်သေမြန်မာလုပ်သားများအား သုတ်သင်ရှင်းလင်းကာ မြေကျင်းကြီးအတွင်း ပစ်ချမြှုပ်နှံပြီးပြီ။





သူတို့၏ သွေးကွက်သွေးအိုင်များအား ရှင်းလင်းသုတ်သင်ကာ ...မြေများနှင့်အတူ မြေကျင်းကြီးထဲ သယ်ယူထည့်ဖို့ခဲ့သည့်တိုင် လတ်...လောတွင် သူသတ်ကုန်းသဖွယ် ဖြစ်ခဲ့ရသော သည်တလင်းပြင်၌...သတိစရာ လူသေကောင်အနံ့၊ သွေးညှီနံ့တို့က သဲမှုန်၊ ဖုန်မှုန်များနှင့်အတူ ဝေ့ဝဲပါလာနေဆဲဖြစ်၏။ အသက်ရှူနေရသည်ကပင် အနံ့...သက်မကောင်းချင်။

လွန်ခဲ့သည့် တစ်လခန့်မှ စတင်ကာ လျှို့လျှို့ဝှက်ဝှက်၊ သိပ်...သိပ်သည်းသည်း နေ့နေ့ညည ပင်ပန်းကြီးစွာ ကြိုးပမ်းဆောင်ရွက်ခဲ့...ရသည့် ဤစီမံကိန်းလုပ်ငန်းကြီးသည် ရည်ရွယ်သည့်အတိုင်း အစစ...ဆင်ပြေချောမွေ့ခဲ့ပါလျက် လက်စသိမ်းခါနီးမှ တိမ်းတိမ်းပွေ့ပွေ့ဖြစ်...ရလေသည်ကို ဂျင်နရယ်အီဆိုမူရာ မကျေနပ်နိုင်။ ဒေါသအမျက် တား...မရနိုင်အောင် ထွက်နေသည်။

လက်ရှိအခြေအနေတွင် ဂျပန်ဘုရင့်တပ်မတော် (မြန်မာနိုင်ငံ...ိုင်ရာ) စစ်ဌာနချုပ် စစ်သေနာပတိ ဂျင်နရယ်အီးဒါး၏လက်အောက်...၌ ဒိဗိဇံတပ်မကြီးများကို အုပ်ချုပ်ရသည့် ဂျင်နရယ်ကာဝါဘီ၊ ဂျင်န...ရယ်ကီမူရတို့ရှိသည်။

စစ်ဦးစီးအရာရှိကြီးများဖြစ်သည့် ဂျင်နရယ်နစု၊ ဂျင်နရယ်...ကားတို့နှင့်အတူ ဂျင်နရယ်အီဆိုမူရာသည် စစ်ဆင်ရေးမှူးကြီး (Army Commenders) အဖြစ် ကြီးကြပ်ဆောင်ရွက်နေရ၏။ သူ့လက်အောက်...တွင် တပ်မတော်မှူးများဖြစ်သည့် ဂျင်နရယ်မုတဂူချိ၊ ဟုန်းဒါး၊ စကုရိုင်း...ဒ် (ဗမာ့တပ်မတော်အကြံပေးအရာရှိ) နှင့် တပ်မမှူးများ အများကြီး...ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ နိပ္ပန်တပ်မတော်ကြီး၏ မြန်မာပြည်စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်လျက်ရှိနေသည့် ဂျပန်စစ်အရာရှိကြီးများစွာအနက်မှ အလွန်အရေးကြီးသော ဤလျှို့ဝှက်စီမံကိန်းကြီးကို ဗိုလ်ချုပ်ကြီးအီးဒါးက သူ့အား တာဝန်ပေး၍ ဆောင်ရွက်စေခဲ့ခြင်းဖြစ်၏။

ဂျပန်ပြည်ရှိ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးတိုဂျိုကိုယ်တိုင် သီးခြား လျှို့ဝှက်အမိန့်စာဖြင့် ထုတ်ပြန်ညွှန်ကြား တာဝန်ပေးခဲ့ခြင်းဟုလည်း သူသိထားသည်။ သို့ဖြစ်၍လည်းသည် တာဝန်အတွက် သူဂုဏ်ယူ၏။ အလေးအနက်ထားကာ အလေးအမြတ်ပြုသည်။ ယခုမူ အဘယ်ကြောင့် ...

"ဝမ်းသွားရုံသက်သက်ဆိုရင် ဘာကြောင့် အခုထိ ပြန်မရောက်ရသေးတာလဲ။ ဗိုလ်ကိုအိဇမိနဲ့ သူ့စစ်ပုလိပ်အဖွဲ့ကရော ဒီချည့်ချည့်နဲ့နဲ့ မြန်မာလုပ်သားတစ်ယောက်ကို ဘာကြောင့် ဒီလောက်အချိန်အတိုင်းအတာအတွင်း မိအောင် ရှာမတွေ့နိုင်ရတာလဲ။ ကဲ ... ကျုပ်ကို တစ်ဆိတ် နားလည်အောင်ရှင်းပြပါဦး ဗိုလ်မှူးကာတိုမိချိစံရဲ့"

ကျားဟိန်းသလို ဟိန်းထွက်လာသည့် အသံနှင့်အတူ ဂျင်နရယ်အီဆိုမူရာ၏မျက်ဝန်းက မီးလျှံနှယ်တောက်လောင်ကာ ဝင်းဝင်းလက်နေ၏။ သူ့လက်ဖဝါးတုတ်တုတ်ကြီးများဖြင့် သစ်သားစားပွဲခုံအား တဝုန်းဝုန်းပုတ်ကာ ပြောသည်။

ဗိုလ်မှူးကာတိုမိချိကား ငြိမ်သက်စွာ နှုတ်ဆိတ်နေခြင်းသာ အကောင်းဆုံးဟု ယူဆကာ မတုန်မလှုပ်ရပ်နေ၏။ ယန္တရားတပ်မှူး ဗိုလ်မှူးကြီးယာမခုချိစံ၊ သူတို့အင်ဂျင်နီယာ တပ်ဖွဲ့၏တပ်မှူး ဗိုလ်မှူးကြီး ယာနဂီဒါးစံ၊ ကင်ပေတိုင် (စစ်ပုလိပ်) ဗိုလ်မှူးရှိဘာတာစံနှင့်တကွ





ကျန်အရာရှိများလည်း တုတ်တုတ်မျှမလှုပ်ကြ။

တော်သေးသည်။ သူ၏အစ်ကိုဝမ်းကွဲ မင်္ဂလာဒုံစစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးမာရိကားစံနှင့် သူ၏ ဆရာမူရိုင်းမျိုးရိုးဂုဏ်သိက္ခာ၊ သူ့အား မြန်မာပြည်စစ်မြေပြင်သို့ သီးသန့်ခေါ်ယူတာဝန်ပေးခဲ့သော ယခင် အမှတ် (၁၅) တပ်တော်၏ သေနာပတိ၊ ယခုမြန်မာပြည်စစ် မြေပြင်ဆိုင်ရာ နိပ္ပန်တပ်မတော်ကြီး၏ စစ်သေနာပတိဂျင်နရယ်ရီဂျိအီရိအီဒါးစံ၏မျက်နှာသာ မထောက်ခဲ့လျှင် ဂျင်နရယ်အီဆိုမူရာ၏ လက်ဝါးဒဏ်ကို သူ့ပါးပြင်က ကောင်းကောင်းကြီး ခံစားနေရလောက်ပြီ။

"မင်းမှာ ရှင်းပြစရာ စကားတစ်လုံးတောင် မရှိတော့ဘူးလားဗိုလ်မှူးရဲ့။ ကျုပ်ကိုပြောစမ်းပါဦး"

ကျားဟိန်းသံက ညည်းငြူယံတွင် ပို၍ ကျယ်လောင်သည်။

"ဟိုက် ... ဒီအလုပ်သမားက ယန္တရားတပ်နဲ့ အတူတွဲပြီးလိုက်လာခဲ့တာ တစ်နှစ်ကျော်၊ နှစ်နှစ်နီးပါးရှိနေပါပြီ ဂျင်နရယ်။ ဒီယန္တရားတပ်နဲ့ စက်ရုံအတွက်လိုအပ်တဲ့ ထောက်ပံ့ရေးပစ္စည်း၊ ရိက္ခာ၊ သတင်း၊ ဆက်သွယ်ရေးယာဉ်အားလုံးကို ဒီဒေသကျေးရွာတွေက ရအောင် သူပဲ ဖွေစုဆောင်း လုပ်ကိုင်ပေးခဲ့တာပါ။ စိတ်ချယုံကြည်ရတဲ့သူပါပဲ။ ဝမ်းလျှောဝမ်းပျက်တာဆိုတော့လည်း ဒီကနဲ့ နည်းနည်းလှမ်းလှမ်းကို သွားလိုက်တာပါ။ ထွက်ပြေးမယ်လို့တော့ မထင်ခဲ့မိဘူး"

"တောက်"

"ကျွန်တော့်သုတ်သင်ရေးအဖွဲ့ကလည်း နည်းနည်းလောသွားတယ် ဂျင်နရယ်။ ရှိဂေဟာရုနဲ့အတူ ပစ္စည်းသိမ်းရင်း ရှိနေတယ်ထင်



www.burmeseclassic.com

www.burmeseclassic.com



လို့ အချိန်သိပ်နှောင်းသွားမှာစိုးတာနဲ့ သုတ်သင်ရေး စခိုင်းလိုက်တာ။ ဒီကအသံတွေကြားလို့ပဲ ရိပ်မိပြီး ထွက်ပြေးသွားတာလည်း ဖြစ်နိုင်ပါတယ်။ လူစုံ မစုံ သေချာမစစ်မိလိုက်တာ ကျွန်တော့်ပေါ့ဆမှုပါ''

ကင်ပေတိုင်ဗိုလ်မှူး ရှီဘာတားစံက ဝင်ထိန်းသည်။ သူကား ဂျင်နရယ်အိဆိုမူရာ၏ လက်ရင်းတပည့်ဖြစ်သလို စစ်ကိုင်းတိုင်းတစ်ခွင်၊ ချင်းတွင်းမြစ်တစ်ကြော၌ လက်သံပြောင်လွန်းလှ၍ ရန်သူမဟာမိတ်တို့၏ တပ်ဖွဲ့ ၁၃၆ (Force 136) မှ ညအချိန် လေထီးဖြင့်ချပေးသော မဟာမိတ်စစ်သည်များကို မကြာခဏ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သူပင် ဖြစ်သည်။ စစ်ကိုင်းတစ်မြို့လုံးက သူ့ကို ပုဏ္ဏကဟုပင် အမည်ပေးထားပြီး ဖိန့်ဖိန့်တုန်အောင် ဩဇာကြီးမားသူဖြစ်၏။ လက်ရှိတွင် ဂျင်နရယ်အိဆိုမူရာ၏ လက်ရုံးသဖွယ် အနီးကပ် အကြံပေးဆောင်ရွက်နေရသူလည်းဖြစ်သည်။

''လုပ်စရာရှိတာ ဆက်လုပ်ခွင့်ပြုပါ ဂျင်နရယ်။ ဒီမြန်မာအလုပ်သမားကောင်ကို ဒီညမကူးစေရပါဘူး။ မိအောင်ဖမ်းပါမယ်။ တပ်ကြပ်ကြီး တကေးဒါးက ဒီတောဒီတောင်ထဲမှာ နေ့စဉ် တောလည်နေကျပါ။ မလွတ်နိုင်ပါဘူး။ လက်စသိမ်းလုပ်ငန်းတွေပြီးမှ ဂျင်နရယ်လည်း ပြန်နားရမှာမဟုတ်လား။ နက်ဖြန်မနက်ပိုင်းလည်း ရွှေဘိုဘက်ကပြန်လာမယ့် အမှတ် (၃၃) ဒီဗီဇံတပ်မ၊ အမှတ် (၃၁) ဒီဗီဇံတပ်မနဲ့ အမှတ် (၁၅) ဒီဗီဇံတပ်မကြီးတွေရဲ့ စစ်ဆင်ရေး ညှိနှိုင်းအစည်းအဝေး တက်ရဦးမှာ ရှိသေးတယ်လေ''

ယန္တရားတပ်မှူး ဗိုလ်မှူးကြီးယာမခုချိစံကလည်း ပြေရာပြေကြောင်း မဝံ့မရဲ ဝင်ပြောသည်။ သူတာဝန်ယူထားရသည့် တပ်မြေတွင်





နှင့် တိုက်ရိုက်သက်ဆိုင်နေသည့် လုပ်ငန်းကြီးဖြစ်၍ သူတာဝန်ခံ ...ား မပြောရ၍မဖြစ်။ တပ်ကြပ်ကြီးတကေးဒါးစံက သည်မြန်မာကောင် ...ို မိအောင်ဖမ်းလာနိုင်မည်ဟု သူယုံကြည်သည်။

ဖမ်းမိလာခဲ့လျှင်တော့ သည်ကျောင်းဆရာလူထွက် အင်ဂျင် ...ယာတပ်ဗိုလ်မှူးကို ဦးချိုးထားရဦးမည်။ စစ်သားက စစ်သားနှင့်မတူ။ ...န်မာအလုပ်သမားများနှင့် ရောရောထွေးထွေး၊ သီချင်းကလေးတအေး ...ား၊ ယမကာနံ့လေးတသင်းသင်းနှင့် သည်ဗိုလ်မှူးကို မြင်စကပင် ...ည်မရခဲ့။ သူ့အလုပ်နှင့်သူတော့ ကျွမ်းကျင်ပိုင်နိုင်သည်။ တော်သည် ...ု ပြောသံကြားရသည်။ သို့သော် စစ်သားပုံမပီသော စစ်သားမို့ မျက်စိ ...ဲ ထော်လော်ကန့်လန့်။

''တော်ကြတော့ . . . ကျုပ် ခင်ဗျားတို့ကို ရှည်ရှည်ဝေးဝေး ...ပြောချင်တော့ဘူး။ လက်ရှိစစ်ရေးအခြေအနေကို ခင်ဗျားတို့သိပြီး ...ား။ နားလည်ပြီးသား။ မနက်ဖြန် စစ်ဆင်ရေးအစည်းအဝေးမှာလည်း ...သေးစိတ် သိကြရမှာပဲ။ အခုအခြေအနေက မြန်မာပြည်စစ်မြေပြင် ... အာရှမှာ နိပ္ပန်တပ်မတော်ကြီးအတွက် အဆုံးအဖြတ်လောက်နီးနီး ...ရေးကြီးနေတယ်။

ဒါပေမဲ့ ခင်ဗျားတို့အရာရှိကြီးတွေကိုယ်တိုင် သာမန်အချိန် ...မှာလို တွေးခေါ်လုပ်ကိုင်နေကြတုန်းပဲ။ ပေါ့ပေါ့ဆဆ ဆောင်ရွက် ...ကြဆဲပဲ။ ဘယ်မလဲ . . . ခင်ဗျားတို့ရဲ့ တိုက်ပွဲဝင်စိတ်ဓာတ်။ ဘယ် ...ဲ . . . ခင်ဗျားတို့ကို ယုံယုံကြည်ကြည်နဲ့ တာဝန်လွှဲအပ်လိုက်တဲ့ နိပ္ပန် ...ရှင့်နိုင်ငံတော်ကြီးနဲ့ တင်နော်ဟေကာနိပ္ပန် ဧကရာဇ်ဘုရင်မင်းမြတ် ...တွက် သစ္စာရှိမှု၊ အမိန့်နာခံမှုနဲ့ တာဝန်ကျေပွန်မှု။ ခင်ဗျားတို့ ဒီလိုပုံ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဒီစစ်ကြီးကို ဘယ်လိုနိုင်အောင်တိုက်ကြမှာလဲ။ ပြောကြစမ်းပါဦး။ တောက် . . .''

ပြောနေရင်းကပင် ဂျင်နရယ်အိဆိုမူရာ၏ စကားသံက တင်းမာပြတ်တောက်လျက် ဟိန်းထွက်လာပြန်သည်။ မီးအလင်းရောင်အောက်၌ တန်းစီရပ်ထားသော ဂျပန်စစ်သားများနှင့် ပတ်ပတ်လည်လုံခြုံရေးယူထားသော ဂျပန်စစ်ပုလိပ်များမှာ ကျောက်ရုပ်များသဖွယ် မျက်တောင်ပင်မခတ်ဝံ့ဘဲ ရပ်နေကြသည်။ သူတို့၏ အရိပ်ရှည်ရှည်မည်းမည်းများသာ မီးရောင်အောက်တွင် တလှုပ်လှုပ်ယိမ်းထိုး က,ခုန်နေကြ၏။

ဂျင်နရယ်အိဆိုမူရာက လက်နှစ်ဖက်ကို နောက်ပစ်ကာ သူ့စစ်အရာရှိကြီးများ၊ သူ့ဂျပန်တပ်ဖွဲ့များကို တည့်တည့်မျက်နှာချင်းဆိုင်လျက်မေးသည်။

''ကဲ . . . ဒီပျက်ကွက်မှုအတွက် ဘယ်လိုတာဝန်ယူမှာလဲ။ ဘယ်သူတာဝန်ယူမှာလဲ''

မီးလျှံမျက်ဝန်းများမှ အေးစက်ပြင်းထန်သောစကားလုံးတို့ လျှံကျလာသည်။ အခြေအနေက ရုတ်ခြည်းပင် တင်းမာသွား၏။ ဗိုလ်ချုပ်၏ ဤမေးခွန်းက မရဏခေါ်သံဖြစ်သည်။ သေမိန့်ဖြစ်သည်။ နိပ္ပွန်ဘုရင့်နိုင်ငံတော်ကြီးအတွက်၊ ဧကရာဇ်အရှင်မင်းမြတ်အတွက် အမြင့်မြတ်ဆုံးသော ပေးဆပ်မှုကို တောင်းဆိုခြင်းဖြစ်သည်။

ညသည် တိတ်ဆိတ်၍ လေပင် ခေတ္တအသက်ရှူရပ်နေသည်။

''အဲဒီအလုပ်သမားကို ပြင်ပထွက်ခွာခွင့်ပြုလိုက်တာ ကျွန်တော်ပါ။ ကျွန်တော်ပဲ တာဝန်ယူပါရစေ''

---

စိတ်ကူးသစ်စာပေ



''ဟေ . . .''

''ဟာ . . . ရှီဂေဟာရ . . . ဒီကောင်ကွာ''

ဗိုလ်မှူးကာတိုမိချိစံကိုယ်တိုင်ပင် မှင်တက်မိရသည်။ မမျှော်င့်ဘဲ တပ်ကြပ်ကလေးရှီဂေဟာရစံက သူရပ်နေရာမှ ရှေ့တစ်လှမ်းက်ကာ ဂျင်နရယ်အိဆိုမူရာကို ရဲရဲဝံ့ဝံ့သတင်းပို့သည်။ သူတားချိန် မရလိုက်။ ကျန်စစ်အရာရှိကြီးများလည်း ငြိမ်၍ကြည့်နေကြသည်။ နရယ်အိဆိုမူရာကိုယ်တိုင်ပင် ရုတ်တရက်ပေါ်ပေါက်လာသော အခြေနေကို အံ့အားကြီးသင့်နေသည်။ တပ်ကြပ်ကလေးကို စိုက်၍ကြည့်၏။

''ဩော် . . . ဒီလိုလား။ ကဲ . . . ဟုတ်ပါပြီတဲ့။ မင်းက ဘယ်တာဝန်ယူမှာလဲ . . . ကဲ . . . ငါပြောတဲ့စကားရဲ့ အဓိပ္ပာယ်နဲ့ မင်းစပ်ကထွက်သွားတဲ့ စကားတစ်ခွန်းရဲ့အဓိပ္ပာယ်ဟာ ဘာလဲဆိုတာ း်သိရဲ့လား''

အေးစက်မာကြောသောအသံက တည်ငြိမ်လွန်းနေသည်။ ညယှောင်နှင့် မလုံမလောက်အလင်းရောင်အောက်၌ သည်ကွင်းပြင်လေးတစ်ပိုက်တွင် ရပ်တည်နေကြသော ဂျပန်စစ်အရာရှိကြီးများ၊ ကြပ်များ၊ စစ်သည်များ၏ ကိုယ်စီအသက်ရှူသံပြင်းပြင်းကို မရဏ သံနှယ် စည်းချက်မညီ ကြားနေရ၏။

''ကျွန်တော်မျိုး၏ဝိညာဉ်သည် ဤနေရာ၊ ဤဒေသ၊ ဤ၊ ဤတောင်၌ ကျင်လည်ကာ နိပ္ပွန်နိုင်ငံတော်နှင့် ဧကရာဇ်ဘုရင်ပြတ်အတွက် ဤနေရာဌာန၏ လုံခြုံရေးကို စောင့်ရှောက်ကာကွယ် ကိန်းဝပ်တည်ပါစေသတည်း''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တပ်ကြပ်ကလေးရှိဂေဟာရစ်၏ ပြတ်သားနိုင်ကျည်သော ဆု တောင်းသံက တိတ်ဆိတ်နေမှုကို ရုတ်တရက် ဖောက်ထွင်းထွက်လာ သည်။

ပြီးလျှင် တပ်ကြပ်ကလေးသည် ဓားရှိုးကိုကောက်ကိုင်ကာ ဓားသွားကို ဆွဲထုတ်လိုက်သည်။ မီးအလင်းရောင်တွင် ဓားသွားက ပြိုးပြိုးပြက် ဝင်းလက်လျက်ရှိ၏။

ဂျပန်လူမျိုးတို့အဖို့ မိမိဂုဏ်သိက္ခာအတွက် 'စပ္ပုကု'ခေါ် ကိုယ့် ကိုယ်ကိုယ်သတ်သေသည့်အလုပ်မှာ လိုအပ်သည့်အခါ နှစ်သက်လိုလား စွာပင် လုပ်ကိုင်နိုင်ကြသည့်အလုပ်ဖြစ်သည်။ တုန်လှုပ်တွန့်ဆုတ်ခြင်း ကင်းအောင်လည်း အစဉ်အဆက် လေ့ကျင့်သင်ကြားပေးခဲ့ကြပြီးဖြစ် သည်။

အမျိုးသားများမှာ ဝမ်းဗိုက်ကို ဓားနှင့်ခွဲသည့် 'ဟာရာကီရီ' လုပ်ရပြီး အမျိုးသမီးတို့မှာ လည်မျိုကို ဓားနှင့်ထိုးစိုက်သွင်းကာ သွေး ကြောများကို တစ်ချက်တည်း ဖြတ်တောက်ပစ်ရသည့် 'ဂျိဂါအိ' လုပ် ကြရသည်။

သည့်အတွက် အကြောက်တရား လုံးဝမရှိ။

တိကျသော ဆုံးဖြတ်ချက်သာ ရှိသည်။

ရှိဂေဟာရစ်၏ရင်၌ ခံစားမှုကင်း။ ဟင်းလင်းဗလာ။

တည်ငြိမ်စွာ စိတ်နေမြတ်၍ အသေတတ်အောင် သူ့ကိုယ်သူ ထိန်းသည်။ စိတ်ရောလူပါ မတုန်မလှုပ် ကျောက်ဆစ်ရုပ်သို့ ငြိမ်သက် နေသည့်အခါ ဓားသွားကိုထောင်ကာ ဓားရှိုးကို လက်ဖြင့် တင်းတင်း ဆုပ်ကိုင်လိုက်၏။





ဘဝတစ်ခု၏ နောက်ဆုံးအချိန်။ အသက်ကို ဝအောင်ရှူသည်။ မျက်လုံးကို မှိတ်ထားသည်။ သူ့ရင်၊ သူ့နှလုံးသားထဲသို့ ခိုဝင်လာ သော အမေ၊ အဖေ၊ ညီအစ်ကိုမောင်နှမများ၊ သားနှင့်သမီး၊ နိပွန် ဘုရင့်တပ်မတော်မှ အငြိမ်းစားယူခဲ့သည့် သူ့အဘိုး တပ်ကြပ်ကြီး ဟာ ရုံးယစ်။ အားလုံးကို ရင်ထဲက မောင်းထုတ်လိုက်သည်။ ဦးကိုညွတ် လျက် နိပွန်ဧကရာဇ်မင်းမြတ်အား ကြီးစွာသောချစ်ခြင်းဖြင့် နောက်ဆုံး ဂါရဝပြုသည်။

''တင်နော်ဟေကာ ဘန်ဇိုင်း''

'ဘုရင်မင်းမြတ် သက်တော်ရာကျော်ရှည်ပါစေ' ဟူသည့် ဆု တောင်းသံနှင့်အတူ မီးရောင်တွင် ဓားသွားက ဝင့်ခနဲ လျှပ်ပြက်သည့် နှယ် လက်သွား၏။ သူမြတ်နိုးလှသည့် သူ့ရဲကောင်း သူ့အဘိုး၏အမွေ ဂျပန်ဓားရှည်က သူ့ဝမ်းဗိုက်ကို ထိုးစိုက်ခွဲချသွားသည်။ တပ်ကြပ် ကလေး၏ခန္ဓာကိုယ်သည် တအိအိပြိုကာ မြေသို့လဲသည်။

''တင်နော်ဟေကာ ဘန်ဇိုင်း ...''

ဂျင်နရယ်အီဆိုမူရာသည် အလွန်လေးမြတ်စွာ ဆုတောင်း လျက် သူ့တပ်ကြပ်ကလေးကို အလေးပြုလိုက်သည်။

ကျန်စစ်အရာရှိကြီးများ၊ စစ်သည်များအားလုံး တညီတညွတ် တည်း ကြွေးကြော်ကာ တပ်ကြပ်ကလေးကို အလေးပြုကြသည်။ ဗိုလ်မှူး ယာတိုမိချိစံ၏ရင်တွင် လှိုက်လှိုက်လှဲလှဲ ကြေကွဲဝမ်းနည်းစိတ်က တင်း တင်းဆုပ်ခြေလျက်ရှိ၏။ 'သွားနှင့်ပေဦးတော့ ရှိဂေဟာရစ်ရေ၊ ကုသိုလ် ကံတက် မကုန်ကြသေးရင် ဒီမြေပေါ်မှာပဲ တို့တွေ ပြန်ဆုံကြသေးတာ ပေါ့။ သိပ်မကြာတော့တဲ့ တမလွန်မှာလေ' ဟု သူ့ရင်ထဲ၌ မြည်တမ်း



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။

နီပွန်ဘုရင့်နိုင်ငံတော်ကြီးအတွက် အလွန်တာဝန်ကျေပွန်ချ လှသော သစ္စာကြီးမားလှသည့် သူ့အချစ်ဆုံးစစ်သည်တစ်ဦးကား စစ် မြေတွင် ရန်သူ့လက်ချက်ဖြင့်မဟုတ်ဘဲ ဂုဏ်သိက္ခာနှင့် တာဝန်အတွက် အသက်ကိုလဲလှယ်ကာ သူ့အား စွန့်သွားခဲ့ပြီ။

တဒင်္ဂ၌ ပကတိတိတ်ဆိတ်နေသည်။

ထိုသို့တိတ်ဆိတ်နေမှုကပင် ချောက်ချားစရာ အနေအထား တစ်ရပ်ကို ဖြစ်ပေါ်စေ၏။ ဤထိတ်လန့်ဖွယ် တိတ်ဆိတ်မှုကို မည်သူ က စတင်ပြိုပျက်စေမည်နည်း။ အားလုံးက တိတ်တခိုးမျှော်လင့်နေ ကြသည်။

"စစ်မြေမှာ စစ်သားတစ်ယောက်ကျဆုံးရတာဟာ ဘာမှ မဆန်းဘူး။ အခုလို နီပွန်နိုင်ငံတော်ကြီးအတွက် အင်မတန်အရေးကြီး နေတဲ့ အခါကာလမျိုးမှာ ကျုပ်တို့လို ဗိုလ်ချုပ်ကြီးကအစ၊ ရဲဘော် ကလေးတွေအဆုံး အချိန်မရွေး သေဘေးကြုံနိုင်တယ်ဆိုတာ စိတ်ထဲ အမြဲစွဲမှတ်ထားကြ။ ဘယ်လိုသေမလဲ၊ ဘယ်သူ့အတွက်သေမလဲ၊

ကိုယ့်ရဲ့သေခြင်းဟာ ဘယ်လောက်တန်ဖိုးရှိသလဲကသာ စစ် သည်တစ်ယောက်အတွက် စစ်မှန်တဲ့ ဂုဏ်သိက္ခာတရားပဲ။ ဒီကနေ့ ဆင်နွှဲနေတဲ့ နီပွန်တပ်မတော်ကြီးရဲ့ စစ်ဆင်ရေးတွေမှာ ဘာမှအကူ အညီမပေးနိုင်ဘဲ အသက်ရှင်နေမယ့်အစား သေခြင်းကိုရွေးပြီး အလုပ် အကျေးပြုတာက ပိုပြီးအဓိပ္ပာယ်ရှိတယ်"

ဂျင်နရယ်အီဆိုမူရာ၏ စကားသံက မြားတစ်စင်းနှယ် သူ့ ရှေ့၌ တန်းစီရပ်နေကြသော ဂျပန်စစ်သည်တို့၏ရင်ကို စူးဝင်လျက်





ရှိ၏။ မည်သူမှ အသက်ပြင်းပြင်းရှူဖို့ သတိမရနိုင်ကြ။

"ကိုင်း . . . လက်စသိမ်းလုပ်ငန်းတွေ အပြီးသတ်မယ်။ နောက် တစ်နာရီမှာ လုပ်ငန်းအားလုံး ပြီးချင်တယ်။ ဗိုလ်မှူးကြီးယာနဂိဒါးစံ က အင်ဂျင်နီယာလုပ်ငန်းတွေကို ကြီးကြပ်ပါ။ ဗိုလ်မှူးကြီးယာမခုချိစံ က သံဆူးကြိုးဝင်းအပါအဝင် ဘာအမှတ်အသားမှ မကျန်ရစ်စေရ အောင် အားလုံးဖျက်သိမ်းပြီး သင့်တော်ရာမှာ မြေမြှုပ်ဖျက်ဆီးဖို့လုပ် ပါ။

ဗိုလ်မှူးရှိဘာတားစံက မင်းစစ်ပုလိပ်အဖွဲ့နဲ့ ကြိုတင်ဆန္ဒယူ မှူးချယ်ထားတဲ့ 'နီပွန်ဇာနည်' တပ်ဖွဲ့ရဲ့ နောက်ဆုံးတာဝန်ကို ကြီးကြပ် ဆောင်ရွက်ပါ။ နေရာတွေ အတိအကျ မှတ်သားပေးပြီးသားပဲ။ မလွဲ စေပါစေနဲ့။ ကိုင်း . . . အခုစမယ်။ နောက်တစ်နာရီမှာ တန်းအပ်နိုင် တာ မြင်ချင်တယ်။ ဆက်လုပ်ကြ"

ဂျင်နရယ်၏စစ်မိန့်သံက မြင်းတစ်ကောင်ကို ဇက်ခွံ့ကာ သံ ပူးဖိနပ်ဖြင့်တို့၍ တာလွှတ်လိုက်သည့်နှယ် တန်းစီရပ်နေသော တပ်ဖွဲ့ သီးသီး ချက်ချင်းတန်းဖြုတ်သည်။ ကိုယ့်ဆိုင်ရာဆိုင်ရာ လုပ်ငန်း ခွင်များသို့ အလုအယက်ဝင်ကြ၏။ ညသည် ချက်ချင်းအသက်ဝင်လာ ပြန်၏။

"ဗိုလ်မှူးကာတိုမိချိစံ . . . ကျုပ်နဲ့ခဏလိုက်ခဲ့"

"ဟိုက် . . ."

ဂျင်နရယ်အီဆိုမူရာက သူ့ရှေ့မှဦးဆောင်ကာ မန္တလေးလွင် ပြင်၏ ညရှုခင်းကို စီးမိုးမြင်နေရသော ကုန်းကမူလေး၏ထိပ်၊ ကညင် ပင်ကြီးအောက်သို့ ရှေ့ရှု၍သွားသည်။ မီးအလင်းရောင်များက သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦး၏နောက်ကျောတွင် ကျန်ရစ်ခဲ့၏။ အပင်ရိပ်က နည်းနည်းမှောင်သည်။ တိမ်ကင်းစင်သည့် နွေညဖြစ်၍ ကြယ်ရောင်အလင်းက ဝန်းကျင်မြင်ကွင်းကို သဲ့သဲ့မြင်စေသည်။

သူတို့နှစ်ဦး စီးမိုးကြည့်နေသည့် မန္တလေး၏ညရှုခင်းကား မှောင်အတိကျလျက်ရှိ၏။ တစ်ပြန့်တစ်ပြောမြင်နေရသည့် ကွင်းပြင်ကျယ်ကြီး၌ လက်လုပ်မီးရောင် မှိတ်တုတ်မှိတ်တုတ်များကိုသာ ဟိုတချို့သည်တချို့ မြင်နေရသည်။

မတ်လ (၄) ရက်နေ့ကပင် ဗိုလ်ချုပ်ကြီးစလင်း၏ မဟာမိတ်တပ်များသည် မိတ္ထီလာမြို့ကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကြပြီဖြစ်ပြီး ယင်း၏ သံချပ်ကာယန္တရားတပ်များကလည်း မန္တလေးမြောက်ဘက် စစ်မျက်နှာကို ခြိမ်းခြောက်တိုက်ခိုက်လျက်ရှိရာ နေဝင်မီးငြိမ်းအမိန့်ပင် မလိုအပ်တော့ဘဲ လျှပ်စစ်မီးရောင်များ ဆိတ်သုဉ်းနေတော့သည်။

လွန်ခဲ့သည့်ရက်ပိုင်းက မန္တလေးစစ်မျက်နှာတစ်ခွင်လုံးကို မဟာမိတ်ဗုံးကြဲလေယာဉ်များ (Lock-heeds) နှင့် ကျွဲညိနောင်တို့က ပတ်ပတ်လည်ပြောင်းဆန်အောင် ချေမှုန်းတိုက်ခိုက်ခဲ့သေးရာ သည်စစ်နယ်ဝန်းအတွင်း မီးအလင်းရောင်ကို လုံခြုံအောင်ထိန်းသိမ်းနိုင်ဖို့ပင် ဂျပန်စစ်ပုလိပ်များ အနိုင်နိုင် ကြိုးပမ်းနေကြရတော့သည်။ သူတို့၏ ဤလျှို့ဝှက်စီမံကိန်းအတွက် အရေးကြီးလွန်းလှ၍သာ အရဲစွန့်ကာ ညမီးရောင်ကို အသုံးပြုနေရခြင်းဖြစ်၏။ အန္တရာယ်ကား ကြီးလှဘိသည်။

"ဗိုလ်မှူးကာတိုမိချိစံ ..."

"ဟိုက် ..."

"လက်ရှိ စစ်ရေးအခြေအနေကို ခင်ဗျားသိပါတယ်နော်။





င်ဗျားလည်း မျက်စိကြီးနားကြီးရပ်ဝန်းက လာခဲ့တာဆိုတော့ ရိပ်မိန်သမျှ ရိပ်မိမှာပါ။ လွန်ခဲ့တဲ့နှစ် ဇွန်၊ ဇူလိုင်လကစပြီး အိန္ဒိယပြည်ကို ခရီးရှည်ထိုးဖောက်ချီတက်ခဲ့တဲ့ ကျုပ်တို့ရဲ့ အမှတ် (၃၃)၊ (၃၁) အမှတ် (၁၅) ဒိဗိဇံတပ်မကြီးတွေဟာ စလင်းရဲ့တပ်တွေကို အနိုင်ကိုက်နိုင်ဘဲ ဆုတ်ခွာလာခဲ့ရတယ်။

မဏိပူရနဲ့ အင်ဖာစစ်မြေပြင်မှာ ကျုပ်တို့တပ်တွေရဲ့ ဆုံးရှုံးမှု ဒီစစ်ပွဲကြီးအတွင်း မကြုံဖူးလောက်အောင် ကြောက်ခမန်းလိလိ ခဲ့တယ်။ တပ်ရဲ့ ခြောက်ဆယ်ရာခိုင်နှုန်းလောက် ကျဆုံး၊ ဒဏ်ရာရ ပျောက်ဆုံးခဲ့ရတယ်။ တမူးလမ်းက ဆုတ်လာတဲ့ တပ်တွေဟာလည်း င်းတွင်းဒေသစစ်နယ်ဝန်းမှာ ပိတ်မိနေကြပြီ။

မြန်မာပြည်မြောက်ပိုင်း စစ်မြေပြင်မှာလည်း ဝင်းဂိတ်ရဲ့တပ်လက်ထဲကို မြစ်ကြီးနားမြို့ကျသွားပြီ။ စလင်းရဲ့ အမှတ် (၁၄) တပ်တော်မှာ ဒိဗိဇံတပ်မကြီးခုနစ်တပ်နဲ့ သံချပ်ကာ ယန္တရားဘရီဂိတ်တပ်ရှိနေပြီး အခု မန္တလေးကို ဦးတည်ချီတက်လာခဲ့ကြတာ ကျုပ်တပ်တွေတောင် ရွှေဘိုကနေ ဆုတ်ခဲ့ကြရပြန်ပြီ။ ဒါဟာ လတ်တလော ခြေအနေပဲ။ မနက်ဖြန်စစ်ဆင်ရေးအစည်းအဝေးမှာ ဘာသတင်း ထပ်ကြားရဦးမလဲဆိုတာ မသိနိုင်သေးဘူး"

" ....... "

"မြန်မာပြည်စစ်မြေပြင်ရဲ့ ရှေ့ဆက်တွေ့ကြုံလာရဦးမယ့် လားအလာကို ကျုပ်ဖြင့် စဉ်းတောင်မစဉ်းစားချင်ဘူး။ ဂျပန်မှာရှိတဲ့ ိုးရအဖွဲ့ဝန်ကြီးချုပ်လည်းဖြစ်၊ စစ်ဦးစီးချုပ်နဲ့ ကြည်းတပ်ရေးရာ ကြီးလည်းဖြစ်တဲ့ ဗိုလ်ချုပ်ကြီးဟီဒေကီတိုဂျိုက မြန်မာပြည်စစ်



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်ရဲ့ အရေးပါမှုကို လျှော့တွက်ခဲ့သလို ဂျပန်ပြည်က စစ်ဦးစီး ဌာနချုပ်နဲ့ ရန်ကုန်စစ်ဦးစီး ဌာနချုပ်ကြားမှာလည်း သဘောထားကွဲလွဲချက်တွေ သိပ်ကြီးမားနေတယ်။

တိုကျိုက ကျုပ်တို့ရဲ့ ဗိုလ်ချုပ်ကြီးတွေဟာ မြန်မာတွေအပေါ် သိပ်အထင်သေးခဲ့လွန်းတယ်လို့ ကျုပ်ထင်တယ်။ ဒီကနေ့ကြုံတွေ့နေရတဲ့ မြန်မာပြည်စစ်မြေပြင်ရဲ့ စစ်မျက်နှာအသီးသီးက ရှုံးနိမ့်မှုတွေ၊ အခက်အခဲ၊ အကျပ်အတည်းတွေဟာ သိပ်များတယ်။ ရှေ့လျှောက်ဒီ့ထက်ပိုဆိုးလာဦးမယ်။

ဒါဟာ တိုကျိုက ပုဂ္ဂိုလ်ကြီးတွေဟာ သူတို့လေ့ကျင့်ပျိုးထောင်ပေးခဲ့တဲ့ အိုမိုဒါမွန်ဂျိ (ဗိုလ်ချုပ်အောင်ဆန်း) နဲ့ တကာစူကီစူစူမု (ဗိုလ်မှူးကြီးနေဝင်း) ဦးဆောင်တဲ့ မြန်မာစစ်ခေါင်းဆောင်တွေရဲ့ ခေါင်းဆောင်မှု၊ စစ်စည်းရုံးမှု၊ စွမ်းရည်သတ္တိနဲ့ မြန်မာပြည်သူလူထုတွေရဲ့ အကြွင်းမဲ့လွတ်လပ်လိုတဲ့ စိတ်ဓာတ်ထက်သန်ပြင်းပြမှုကို အမှန်အတိုင်း မမြင်နိုင်၊ မသုံးသပ်နိုင်ခဲ့လို့ပဲ။

ဗမာ့တပ်မတော်နဲ့ တွဲဖက်ထားတဲ့ ဗိုလ်မှူးကြီးတာကာဟာရှိနဲ့ ဗိုလ်မှူးဖူဂျီဝါရာတို့က ရန်ကုန်စစ်ရုံးချုပ်ကို မြန်မာပြည်သူလူထုနဲ့ ဗမာစစ်တပ်အပေါ်မှာ ဂျပန်ကင်ပေ (စစ်ပုလိပ်) တွေရဲ့ ဆက်ဆံရေးနဲ့ နှိပ်စက်ညှဉ်းပန်းမှုတွေဟာ တရားလွန်နေပြီ။ တစ်နေ့နေ့မှာ အင်မတန်ဆိုးဝါးပြင်းထန်တဲ့အကျိုးဆက်တွေ ဖြစ်ပေါ်လာနိုင်တယ်လို့ ထောက်ပြလာခဲ့တာလည်း ကြာပြီ။

ကျုပ်တို့ဗိုလ်ချုပ်ကြီးတွေက ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်မှာ အရှေ့တောင်အာရှရဲ့ အကြီးမားဆုံး အင်္ဂလိပ်ခံတပ်ကြီးဖြစ်





တဲ့ စင်ကာပူခံတပ်ကြီးကို သိမ်းနိုင်ခဲ့တာ၊ စစ်သားပေါင်း (၆၀၀,၀၀၀) ပါတဲ့ စင်ကာပူခံတပ်က မဟာမိတ်တပ်တွေကို ခြွင်းချက်မရှိ လက်နက်ချအောင် တိုက်နိုင်ခဲ့တာ၊ စလီဗီးကျွန်းနဲ့မလေးပြည်မကြီးကို သိမ်းနိုင်ခဲ့တာ စတဲ့ အတိတ်က အောင်ပွဲတွေထဲမှာ ယစ်မူးနေကြတုန်းပဲ။ သာယာနေကြတုန်းပဲ။

ဗိုလ်မှူးဖူဂျီဝါဒါတင်ပြခဲ့တဲ့ 'စစ်ပွဲဆိုတာ ရန်သူများကို ချေမှုန်းဖျက်ဆီး ခြင်းသက်သက်မဟုတ်ဘဲ ရန်သူများကို အခွင့်အရေးပေးတီးပေးပြီး မိမိတပ်မတော်က အသာရစေဖို့ ဆောင်ရွက်ရမယ်' ဆိုတဲ့ စစ်သဘောတရားအခြေခံ အိန္ဒိယနဲ့ မြန်မာပြည်စစ်မြေပြင်ဆိုင်ရာ ကြံပြုချက်စာတမ်းကို ချောင်ထိုးထားခဲ့ကြတယ်။ ကင်ပေ (စစ်ပုလိပ်) တွေကို အာဏာတွေပုံပေးပြီး ထင်သလိုလုပ်ခွင့် ပြုပေးခဲ့တယ်။ အခုရုံးရဲ့ရှေ့ပြေးနိမိတ်တွေဟာ အဲဒီအကျိုးဆက်တွေပေါ့။ အခုမှ လက်မချင်လို့တော့ မဖြစ်နိုင်တော့ဘူး"

ဂျင်နရယ်က စကားစကိုရပ်၍ ငြိမ်သွားပြန်သည်။ ဟိုဝေးဝေးမှ မန္တလေးတောင်နှင့် စစ်ကိုင်းမင်းဝံတောင်ရိုးကြီးဆီမှ မြင်ကွင်းကို မျှော်ကြည့်နေလေသည် ထင်၏။ ဗိုလ်မှူးကာတိုမိချိစံသည်လည်း ငေး၍ငင် ကြည့်နေမိသည်။ ကာလရှည်ကြာ သူ့ရင်တွင်း၌ သန္ဓေတည်၍ မြုံနေခဲ့သော စကားများကို ဂျင်နရယ်အီဆိုမူရာစံ၏နှုတ်က လျှံကျလာနေသည့်အတွက် သူအံ့သြသည်။

"အခု ကျုပ်ပြောမယ့်စကားဟာ မြန်မာပြည်စစ်မြေပြင်ဆိုင်ရာ စစ်သေနာပတိ ဗိုလ်ချုပ်ကြီးရိုကိုအိရိုအီးဒါးရယ်၊ ရန်ကုန်စစ်ဦးစီးချုပ်ရုံးက ဂျပန်ဘုရင့်တပ်မတော်ရဲ့ ဘဏ္ဍာထိန်း၊ စစ်ထောက်ပံ့မှုရေးရာ



www.burmeseclassic.com

www.burmeseclassic.com



ဌာနကြီးမှူး ဗိုလ်ချုပ်တာနာကားရယ်၊ ကျုပ်ရယ်၊ ဗိုလ်မှူးရယ် ဒီလေးယောက်ပဲသိရမယ့် အထူးစစ်ရေးလျှို့ဝှက်အမိန့်ပဲဖြစ်တယ်။ သိပြီးရင် ခင်ဗျားရင်ထဲ၊ နှလုံးသားထဲမှာ မှတ်သားထားဖို့ပဲလိုတယ်။ စာတင်ပေတင် ရေးတာ၊ မှတ်တာ ခွင့်မပြုဘူး။ ဒါ ... ဂျပန်ဘုရင့်တပ်မတော်ကြီးရဲ့ စစ်ဦးစီးချုပ် ဂျင်နရယ်တိုဂျိုကပေးတဲ့ နှုတ်မိန့်ပဲ။ ဒီထိ ရှင်းသလား"

"ဟိုက် ..."

"ဒီလျှို့ဝှက်စီမံကိန်းကြီးကို 'Project P' လို့ အမည်ပေးထားတယ်။ 'P' ရဲ့ စကားဝှက်က Professor 'ပါမောက္ခ' တဲ့"

"ဟိုက် ... ဂျင်နရယ်"

"ခင်ဗျားကို မြန်မာပြည်စစ်မြေပြင်အတွက် အထူးရွေးချယ်စေလွှတ်လိုက်တဲ့ အကြောင်းရင်းကို သိသလား"

"မြန်မာစာနဲ့ မြန်မာစကား အထူးကျွမ်းကျင်လို့ ဖြစ်တဲ့အကြောင်း သိထားပါတယ် ဂျင်နရယ်။ ဒါကြောင့်လည်း ဒီဒေသမှာ အထူးလျှို့ဝှက်တည်ဆောက်ထားတဲ့ မြန်မာပြည်သုံးငွေစက္ကူ (The Japanese Goverment Rupees) ရိုက်နှိပ်ထုတ်ဝေတဲ့ စက်ရုံနဲ့ မြန်မာပြည်အတွင်း ဒေသအသီးသီးက 'ရန်သူပိုင်ပစ္စည်းများ စုဆောင်းရေးအဖွဲ့' တွေ ပေးပို့တဲ့ ရွှေ၊ ငွေ၊ သတ္တုအမျိုးမျိုးကို စနစ်တကျ ကျိုချက်သန့်စင်၊ ဘလောက်တုံးတွေပြုလုပ်ပြီး ဂျပန်ပြည်မကြီးကို ပစ္စည်းပြန်ပို့မှု ပြုလုပ်ပေးရတဲ့တပ်ဖွဲ့ရဲ့ အထူးအရာရှိအဖြစ် တာဝန်ပေးအပ်ခဲ့တာလို့လည်း ဂျင်နရယ်အီးဒါးစံက ပြောခဲ့ဖူးပါတယ်"

"မှန်တယ် ...။ ခင်ဗျားရဲ့အစ်ကို မင်္ဂလာဒုံစစ်တက္ကသိုလ်





ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးမာရိကားစံရဲ့ လျှို့ဝှက်တင်ပြချက်ထဲမှာ ခင်ဗျားရဲ့အဘိုးဟာ လက်ရှိနိပ္ပွန်ကေရာဇ် ဘုရင်မင်းမြတ်ရဲ့ အဘိုးလက်ထက်က အင်မတန်အားကိုးယုံကြည်ခဲ့ရတဲ့ မှူးမတ်တစ်ယောက်ဖြစ်ခဲ့ပြီး ခင်ဗျားတို့ရဲ့ မျိုးရိုးဇာတိဟာလည်း ဟယိုးဂိုခရိုင် (HyoGo) က နာမည်အကြီးဆုံး ဆာမူရိုင်းမျိုးနွယ်စုဖြစ်တယ်ဆိုတဲ့ တင်ပြချက်နဲ့ တက္ကသိုလ်မှာ ခင်ဗျားရဲ့ စွမ်းဆောင်ရည်မှတ်တမ်းတွေအပေါ် ဝန်ကြီးချုပ်က သဘောကျယုံကြည်လို့ ရွေးချယ်ခဲ့တာပဲ။ ခင်ဗျားရဲ့ ငယ်စဉ်ကကျောင်းနေဖက် စစ်ထောက်ဌာနကြီးမှူး ဗိုလ်ချုပ်တာနာကားက ခင်ဗျားကို အပြည့်အဝထောက်ခံချက်ပေးခဲ့တာကိုလည်း ထည့်သွင်းစဉ်းစားခဲ့တယ်"

ဗိုလ်မှူးကာတိုမိချိစံက ငြိမ်၍နားထောင်နေမိသည်။ သည်အကြောင်းများကို သူလုံးဝမသိခဲ့။ သိဖို့လည်း မလိုအပ်ခဲ့။ ကြိုတင်သိခဲ့လျှင်လည်း သည်သို့တာဝန်ပေးအပ်ခဲ့မှုကို ငြင်းပယ်မိခဲ့မည်ကောင်း။ အကိုက်၊ သူ့သဘာဝက စစ်ကိုမုန်းသူ။ ငြိမ်းချမ်းခြင်းကို တပ်မက်မက်နိုးသူ။ သာယာလှပ ငြိမ်းချမ်းသောကမ္ဘာကြီးအား စစ်ဖြင့်လွှမ်းမိုးချယ်လှယ်တည်ဆောက်၍ မရနိုင်ဟု အစဉ်ယုံကြည်စွဲမြဲသူ။

ဂျပန်နိုင်ငံသားတစ်ဦးအနေဖြင့်၊ သိက္ခာကြီးမားသော ဆာမူရိုင်းမျိုးနွယ်တစ်ဦးအနေဖြင့် နိပ္ပွန်နိုင်ငံတော်ကြီးနှင့် ကေရာဇ်ဘုရင်မင်းမြတ်အတွက် သစ္စာစောင့်သိရှိသေစွာ စစ်ကြီးထဲဝင်ကာ စစ်မှုထမ်းခဲ့သော်လည်း သူမရွေးချယ်ခဲ့သော သည်လမ်းသည် သူ့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့သည်ကား အမှန်။

"တကယ်တော့ 'Project P' ဆိုတဲ့ စကားဝှက်ထဲက 'Pro-



www.burmeseclassic.com

www.burmeseclassic.com



fessor' ဆိုတာ ခင်ဗျားကိုရည်ညွှန်းခဲ့တာပဲ ဗိုလ်မှူး''

''ခင်ဗျာ ...ဂျင်နရယ်''

''ဟုတ်တယ် ...။ လက်ရှိစစ်ရေးအခြေအနေအရ အိန္ဒိယနဲ့တရုတ်စစ်မြေပြင်ရဲ့ အခြေအနေတွေဟာ ထိုးစစ်စတင်ခါစက စစ်ရေးအသာစီးရခဲ့ပေမယ့် မြန်မာနိုင်ငံမှာ အခြေပြုပြီး စစ်စည်းရုံးမှုနဲ့ စစ်ထောက်ပံ့မှုကို စနစ်တကျ၊ ခိုင်ခိုင်မာမာ မတည်ဆောက်နိုင်သေးခင်အလျင်စလို ဆင်နွှဲခဲ့တာကြောင့် မမျှော်လင့်ဘဲ ဝင်းဂိတ်ရဲ့ လျှပ်တစ်ပြက်စစ်ဆင်ရေး ခြသေ့်တပ်တွေနဲ့ စလင်းရဲ့လေထီးတပ်တွေ၊ ဗိုလ်မှူးကြီးမာစ်ဂရေ့ လေ့ကျင့်ပေးထားတဲ့ ကိုလံဘိုစစ်သင်တန်းကျောင်းဆင်း မြန်မာလူငယ်တွေကို အခြေခံဖွဲ့စည်းထားတဲ့ Force 136 တပ်တွေ နောက်ကျောက စိမ့်ဝင်ထိုးဖောက်မှုကို ခံခဲ့ရတယ်။ ဆက်သွယ်ရေးလမ်းကြောင်းတွေ ပြတ်တောက်ခဲ့ရတယ်။

စစ်လက်နက်ပစ္စည်းတွေ၊ ရိက္ခာဆေးဝါးတွေ၊ စက်ယာ[ဉ်]ယန္တရားတွေ၊ စက်သုံးဆီတွေ ဖြည့်တင်းထောက်ပံ့မှု ရပ်ဆိုင်းခဲ့ရတယ်။ အခုဆိုရင် အိန္ဒိယနဲ့တရုတ်စစ်မြေပြင်က တပ်ဦးကျိုး၊ တပ်လန်၊ တပ်ဆုတ်လာခဲ့တဲ့ ဂျပန်ဒီဗီဇံတပ်တွေဟာ ချင်းတွင်းမြစ်ဝှမ်းဒေသ၊ မြန်မာပြည်မြောက်ပိုင်းနဲ့ ရှမ်းပြည်နယ်တွေမှာ ရန်သူတပ်တွေရဲ့ အပြင်းအထန်လိုက်လံချေမှုန်းမှုကို အလူးအလဲခံနေရတယ်။ ဒီကနေ့ညနေပိုင်းကမိတ္ထီလာကျသွားပြီ။ မန္တလေးကို မြောက်ဘက်မိုးကုတ်ဒေသကနေ ထိုးစစ်ဆင်နွှဲမယောင် စစ်ယောင်ပြခဲ့ပြီးမှ စလင်းရဲ့တပ်တွေက ပခုက္ကူကနေ ဧရာဝတီကိုဖြတ်ကူးပြီး မိတ္ထီလာကို နောက်ကဝင်တိုက်ခဲ့တာပဲ''

'' ......''

---

စိတ်ကူးသစ်စာပေ



''ဒီစစ်ကြီးအတွက် စတေးခဲ့ရ၊ ကျဆုံးခဲ့ရတဲ့ စစ်သည်တွေဟာလည်း မနည်းတော့ဘူး။ စစ်ကိုမုန်းတာ ခင်ဗျားတစ်ဦးတည်း မဟုတ်ပါဘူး ဗိုလ်မှူး။ စစ်မြေပြင်က ဘယ်အဆင့်၊ ဘယ်စစ်သည်ကိုပဲမေးမေး ကမ္ဘာပေါ်မှာ စစ်ကိုအမုန်းဆုံးလူသားဟာ စစ်သားတွေပါပဲဆိုတာ ဖြေကြမှာပါ။

ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်တပ်မတော်အတွက်ဆိုတာထက် စစ်ပွဲအတွင်း ကိုယ့်အသက်ရှင်ရပ်တည်ရေး၊ ကိုယ်အသက်မသေရေးအတွက် ရုန်းကန်ရင်း လူလူချင်းသတ်နေကြရတာဟာ စစ်သားတွေအမုန်းပါ။ ဒီတော့ စစ်မြေပြင်မှာ အရေးကြီးတာက ကိုယ်ဟာ ရှင်သန်ကျန်ရစ်ရမယ့်သူ ဖြစ်နေစေဖို့ပဲ''

''ဒါက ဂျင်နရယ်ရဲ့ စစ်ဝါဒလားခင်ဗျာ''

''ဗိုလ်မှူးရေ ... စစ်ရေးအခြေအနေဆိုတာ ကျုပ်တို့ဗိုလ်ချုပ်ကြီးတွေက ဖန်တီးခွင့်ရှိတာ မဟုတ်ဘူးဗျ။ ကျုပ်တို့က ဦးတည်ချက်လမ်းကြောင်းပဲ ချပေးနိုင်တာ။ ကျန်တာက ဒီစစ်ကြီးကို ကိုယ်တိုင်ရင်ဆိုင်တိုက်ခိုက်နေရတဲ့ စစ်မြေပြင်က စစ်သားတွေကပဲ အဆုံးအဖြတ်ပေးတော့တာ။

စစ်သည်သူရဲတွေ သေရဲ၊ သတ်ရဲ၊ အနိုင်ယူရဲနေသေးသရွေ့ ဘယ်တော့မှ စစ်မရှုံးဘူး။ စစ်သားရဲ့ ရင်ထဲမှာ ရှင်သန်ကျန်ရစ်ရမယ်၊ အနိုင်ရမှဖြစ်မယ်ဆိုတဲ့ မီးလျှံမငြိမ်းသေးသရွေ့ ယာယီရှုံးနိမ့်မှုကလွဲပြီး အဓိကစစ်ပွဲကြီးတွေမှာ ဘယ်တော့မှမရှုံးဘူး။ အေး ... စစ်သည်ရဲ့ ရင်ထဲက နိုင်လိုစိတ်၊ အသက်ရှင်ရပ်တည်လိုစိတ်တွေ ခန်းခြောက်သွား ... ပျောက်ကွယ်သွားပြီ၊ အသွားတုံးသွားပြီဆိုရင် အရှေးနဲ့အမြန်ပဲ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစစ်ပွဲ ရှုံးပြီမှတ်''

''ဒါဆို ဂျင်နရယ် ... ကျွန်တော်တို့တပ်တွေ ...''

''ဟုတ်တယ် ဗိုလ်မှူး။ ကျုပ်တို့တပ်တွေရဲ့ အနေအထားဟာ ၁၉၄၂ က မြန်မာပြည်စစ်မြေပြင်ကို ထိုးဖောက်ဝင်ရောက်လာချိန်က စိတ်ဓာတ်အနေအထားရဲ့ ငါးဆယ်ရာခိုင်နှုန်းတောင် မရှိချင်ကြတော့ဘူး။ ရန်သူ့ထိုးစစ်ကြောင့်ဆိုတာထက် မြန်မာပြည်သူလူထုရဲ့ မုန်းတီးမှု၊ ဆန့်ကျင်မှုကို တစ်နေ့တခြား ပိုပိုပြီးခံလာနေရတာရယ်၊ ဗမာ့တပ်မတော်ရဲ့ ကူညီပံ့ပိုးလက်တွဲဆောင်ရွက်လိုစိတ်တွေ ကျဆင်းသွားတာရယ်ကြောင့် ကျုပ်တို့တပ်တွေရဲ့ တိုက်စစ်၊ ခံစစ်အရှိန်ဟာ လိုသလို မြှင့်တင်လို့ မရတော့ဘူး။

ကာနယ်ဆူဇူကီးဦးစီးတဲ့ မိနာမိခိကန် (Minami KiKa) အဖွဲ့ဝင်တွေရဲ့ ဂျင်နရယ်အီးဒါးစံဆီတင်သွင်းတဲ့ အစီရင်ခံစာအချို့မှာ ဗမာ့တပ်မတော်ကတောင် ကျုပ်တို့ကို ပြန်ပြီး တော်လှန်တိုက်ခိုက်လာနိုင်တယ်လို့ တင်ပြခဲ့ကြတယ်။ ဒါကြောင့် လက်ရှိစစ်ရေးအခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီး ဒီ 'Project-P' ကို ကျုပ်တို့ရေးဆွဲ ဆောင်ရွက်ရတာပဲ။ ကျန်တာတော့ ဗိုလ်မှူးက ကျုပ်ထက်ပိုသိပါတယ်။ ကိုယ်တိုင်ဦးစီးကြီးကြပ်ဆောင် ရွက်ခဲ့ရတာပဲလေ''

''ဟိုက် ...''

ဂျင်နရယ်အီဆိုမူရာစံထံမှ သက်ပြင်းချသံသဲ့သဲ့ ကြားရသည်။ ညအမှောင်သည် ပို၍သိပ်သည်းလာနေသလိုပင်။ တစ္ဆေအိုကြီးတစ်ကောင်က ဆာလောင်မွတ်သိပ်စွာ အငမ်းမရစုပ်မျိုနေသည့်နှယ် ညက အလင်းမှုန်မှုန်ကိုပင် ဖမ်းစားဝါးမျိုနေတော့သည်။





အဝေးမြင်ရှခင်းပြင်ကျယ်ကြီးမှ သူတို့တပ်ဖွဲ့များ၏ လုပ်ငန်းွင်ဆိသို့ အကြည့်ကိုရွှေ့သည်။ စောစောကလေးကပင် အခိုင်အမာရှိနေခဲ့သော တဲကလေးများ၊ နှစ်ထပ်သံဆူးကြိုးကာ ဝင်းကြီးနှင့် လုပ်ငန်းသုံးအဆောင် ဝန်စည်စလယ်များ၊ ဆောက်လုပ်ရေးပစ္စည်းလက်ကျန်များ မရှိတော့။ စနစ်တကျ ဖျက်သိမ်းဖျောက်ဖျက်ခဲ့ကြပြီးပြီ။

မကြာမတင်အချိန်ကမှ မြေကျင်းကြီးအဖြစ်ရှိခဲ့သော 'Project-P' ၏ တည်ရာနေရာသည်လည်း လက်စလက်နပျောက်သွားခဲ့ပြီ။ ချုံနွယ်င်ယောင်ကလေးများပင် အစားထိုးစိုက်ထားပြီးပြီ။ ကာလမကြာမီွင် တောချုံရိုင်းများ၊ မြက်ပင်ရှည်ကြီးများ ဖုံးလွှမ်းသွားပေလိမ့်မည်။ ိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သူတို့မှတစ်ပါး သိနိုင်သူလည်း ရှိတော့မည်ဟုတ်။ အချိန်ကာလနှင့်အတူ မြုပ်ကွယ်သွားပေလိမ့်မည်။

''တပ်ကြပ်ကလေးအတွက် ဗိုလ်မှူးလိုပဲ ကျုပ်လည်း ရင်ထဲကောင်းလှပါဘူး။ သိပ်ရဲရင့်တဲ့ လူကလေးပဲ။ ချီးကျူးမိပါရဲ့။ ဒါပေမဲ့ည်း သူ့လမ်းကို သူရွေးချယ်သွားတာ သိပ်ကောင်းသွားတယ်။ သူရွေးချယ်ခဲ့ရင် ကျုပ်က အဲဒီလမ်းကို ရွေးပေးရတော့မှာလေ''

''ဗျာ ...''

''ဟုတ်တယ် ဗိုလ်မှူး။ 'Project-P' ကို အသေးစိတ်သိတဲ့လူက ရှင်သန်ကျန်ရစ်ခွင့်ရှိသူ၊ ရှင်ကို ရှင်သန်ကြွင်းရစ်ရမယ့်သူကျုပ်တို့လေးယောက်ပဲရှိတယ်။ ကျန်တဲ့သူတွေကတော့ တပ်ကြပ်ကလေးနောက်ကို အနေးနဲ့အမြန် လိုက်ကြရမှာပဲ။ သိပ်အရေးကြီးတဲ့ ဒီလျှို့စီမံကိန်းကြီးကို တိတိကျကျသိထားတာကိုက သေမိန့်ကျလိုက်တာ။ ဒါကြောင့် ဗိုလ်မှူးကို ကျုပ်ဒီမှာ ခေါ်ပြောနေရတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုဂျင်နရယ် ... သူတို့တွေက ..."

"ဟုတ်တယ် ... သူတို့ရဲ့ကံကြမ္မာလို့ပဲ သတ်မှတ်ရတော့မယ်။ ဒီထဲက 'နိပွန်ဇာနည်' အဖြစ် ရွေးချယ်ခံထား၊ ကိုယ်တိုင်ဆန္ဒပြုထားတဲ့ စစ်သည်တွေက တပ်ကြပ်ကလေးနည်းတူ ဝိညာဉ်အဖြစ်နဲ့ ဒီနေရာကို စောင့်ရှောက်ကြလိမ့်မယ်။ ဗိုလ်မှူးနဲ့ ကျုပ်ကလွဲရင် ကျန်တဲ့အရာရှိတွေ၊ စစ်သည်တွေဟာ မြစ်ကြီးနားက ဆုတ်ခွာခဲ့ရတဲ့ မြို့စောင့်တပ်မှူး ဗိုလ်မှူးကြီးမာရုယာမရဲ့ တပ်ပြန်လည်ဖွဲ့စည်းတဲ့ထဲမှာ ထည့်သွင်းပြီး မြစ်ကြီးနားကနေ နမ့်ခမ်းမှာ စုစည်းခုခံနေရတဲ့ စစ်မြေပြင်ကို ပို့လိုက်မယ်။ စစ်မြေပြင်မှာ သူရဲကောင်းပီပီ တိုက်ရင်းသေချင်သေပေါ့။ မသေလို့ ကျန်ရစ်ခဲ့ကြရင်လည်း စစ်ကြီးပြီးတဲ့အထိ ဒီစီမံကိန်းကြီးဘက်ကို စိတ်ဦးလည်နိုင်မှာ မဟုတ်လောက်တော့ပါဘူး။ ဗိုလ်မှူးကြီး အထက်အရာရှိတွေကိုတော့ အင်ဖာကဆုတ်လာတဲ့ တပ်တွေရှိရာ ရခိုင်ရိုးမနဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသတွေကို ပြောင်းရွှေ့လိုက်မယ်။ ဒါ ... လတ်တလောအစီအစဉ်ပဲ"

"ကျွန်တော်ကရော ဂျင်နရယ်။ ကျွန်တော်က ဘာဆက်လုပ်ရမှာလဲ"

"ခင်ဗျားရဲ့သူငယ်ချင်း ဗိုလ်ချုပ်တာနာကာရဲ့ စစ်ထောက်ဌာနကို ပြောင်းပေးလိုက်မယ်။ ဟိုမှာ ဗိုလ်ချုပ်တာနာကာက အသေးစိတ် ညွှန်ကြားချက်ပေးလိမ့်မယ်။ ရှင်းပြီလား"

"အကယ်၍များ ..."

"ဒီမှာဗိုလ်မှူး ... ဗိုလ်မှူးသိသင့်တာမှန်သမျှ ကျုပ်အားလုံးပြောပြပြီးပြီ။ ဒီ့ထက်ပိုပြီး မသိချင်ပါနဲ့။ သိဖို့လည်း မကြိုးစားပါနဲ့





...နီးတယ်။ ကျုပ်လည်း ခင်ဗျားထက် ပိုသိခွင့်ရတဲ့သူမဟုတ်ပါဘူး"

"ဟိုက် ... ဂျင်နရယ်"

"ဩော် ... ဒါနဲ့ ဗိုလ်မှူးရေ ..."

"ဟိုက်"

"ဂျင်နရယ်အီးဒါးက အမှာပါးလိုက်တဲ့ စကားလက်ဆောင်...း ရှိသေးတယ်"

"ဟိုက်"

"ဂျပန်ပြည်မှာ ခင်ဗျားသိပ်ချစ်တဲ့ ဇနီး၊ သားနဲ့သမီး၊ မိသားစု...ရှိနေသေးတယ်ဆိုတာ ဘယ်တော့မှ မမေ့ပါနဲ့။ သူတို့ရဲ့ သေရေး...ရေးဟာ ခင်ဗျားရဲ့ နှုတ်လျှာစောင့်စည်းမှုအပေါ်မှာ တည်နေတယ်...တာ အမြဲသတိပြုပါတဲ့။ ကဲ ... ဗိုလ်မှူး။ သွားကြစို့"

"တောက် ..."

သူ့ရင်တွင်းက ကျယ်လောင်ပြည့်ဟိန်းလှသော တက်ခေါက်...ည် လည်ချောင်းဝမှသည် ထွက်မလာနိုင်သည့်တိုင် သူ့ရင်တစ်ပြင်...ို ပျံ့၏။ သူ့ရင်ထဲက စက်ဆုပ်မုန်းတီးမှုသည် အလိပ်လိပ်လျှံ...လာသည်။ သူ့လက်က ဓားရိုးကို တင်းတင်းဆုပ်ထားမိပြီး သူ့သွေး...များအတွင်းမှ သွေးတို့ကား ပွက်ပွက်ဆူဝေနေတော့၏။

ဂျင်နရယ်အီးဆိုမူရာစံကား တပ်ဖွဲ့များရှိရာသို့ ပြန်ဆင်းသွား...တောင်လက်ပံပင်ကြီး၏အရိပ်၌ ခြေတစ်လက်မမျှ မရွေ့မိဘဲ သူ့...ို ချုပ်တည်းနေရသည်။

'စစ်ဆိုတာ ဒါတဲ့လား။ စစ်ပွဲတစ်ပွဲအောင်နိုင်မှုဟာ စစ်သည်...းတွေရဲ့ အသက်သွေးတွေထက် ပိုပြီးကြီးကျယ်မြင့်မြတ်နေသတဲ့



www.burmeseclassic.com

www.burmeseclassic.com



လား။ စစ်ရဲ့ပရိယာယ်၊ စစ်ရဲ့သေနင်္ဂဗျူဟာတွေမှာ လိုအပ်ခဲ့ရင် ကိုယ့်
စစ်သည်တွေကိုတောင် စတေးရစမြဲလား။ ဒါဟာ စစ်တဲ့လား’

သူဦးနှောက်ထဲ၌ မေးခွန်းတို့က ပလုံစီပွက်ထကာ တလျှ
လှုပ် ခုန်ပေါက်နေကြသည်။ ရင်ထဲတွင် အော်ဂလီဆန်ကာ ပျို့တ
လာသည်။ ကညင်ပင်ကြီး၏ပင်စည်ကို လက်ထောက်မှီကာ မှေး
လိုက်ရ၏။

“တင်နော်ဟေကာ ဘန်ဖိုင်း ...”

“တင်နော်ဟေကာ ဘန်ဖိုင်း ...”

“တင်နော်ဟေကာ ဘန်ဖိုင်း ...”

အစုအဝေးလိုက် ဟစ်ကြွေးသံက မိုးယံသို့ လွင့်ပျံလာ
သည်လျှို့ဝှက်စီမံကိန်းကြီးအတွက် အထူးသီးသန့်ရွေးချယ်ထားသေ
‘နိပွန်ဇာနည်’ တပ်ဖွဲ့၏ နောက်ဆုံးဆုတောင်းသံ ဖြစ်လိမ့်မည်။

‘သွားနှင့်ကြပေဦးတော့ ရဲဘော်တို့ရေ ... သွားနှင့်ကြပေ
တော့’

ဗိုလ်မှူးကာတိုမိချိစံက အမှောင်ရိပ်တွင် တစ်ဦးတည်းရပ်
အလေးပြုလိုက်သည်။ မရည်ရွယ်ပါဘဲလျက် မျက်ရည်စက်တို့ ကြွေ
သည်။

“ဆာယိုးနားရား”

ညသည် အိုမင်းခဲ့ပြီ။

အမှောင်သည်လည်း ပို၍ သိပ်သည်းခဲ့၏။ အမှောင်သ
တောနှင့်တောင်ကို စုံးစုံးမြုပ်စုပ်မျိုထားလေသည်။

❀ ❀ ❀

အခန်း [ ၃ ]

အမှောင်သည် တောနှင့်တောင်ကို စုပ်မျိုထား၏။

ညသည် တစ်စထက်တစ်စ ပို၍ အိုမင်းလာခဲ့သည်။

အသက်မရှုနိုင်ဘဲ တရကြမ်းအသက်လုကာ ထွက်ပြေးခဲ့သော
ခြေအစုံသည် ခြေကုန်လက်ပန်းကျကာ အလဲလဲအပြိုပြိုဖြစ်လာမှ
ရပ်နားမိတော့သည်။ အတန်အသင့် အကာအကွယ်ရတန်ရာသည့်
ငှက်ပျောပင်အုပ်အုပ်လေးဘေး၌ ခြေပစ်လက်ပစ်လှန်လှဲလျက်
က်ရှူမှန်အောင်ကြိုးစားရင်း မှေးနေ၏။ ရင်တွေက တဒိန်းဒိန်း
နေသည်။ ပြေးရင်းလွှားရင်း သူ့ကိုယ်ကထွက်သော ချွေးတို့ဖြင့်
မျိုးထားသကဲ့သို့ ရွှဲလျက်ရှိသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တောင်လက်ပံပင်ပေါ်က ကျခဲ့သည့်ဒဏ်ကြောင့် တင်ပါးဆုံ ရိုးက နာချင်သေးသည်။ အာရုံများက စိတ်လှုပ်ရှားရလွန်းသဖြင့် ပင် ပန်းနွမ်းနယ်နေပြီ။ နောက်ကျိနေပြီ။ သူ့ပတ်ပတ်လည်တွင် ပုစဉ်းရင်ကွဲ သံများ ဖုံးလွှမ်းနေ၏။ တစ်ချီတစ်ချီတွင် တောကောင်တို့၏ အော်သံ မြည်သံများ ခပ်ဝေးဝေးက လွင့်လာသည်။ ထိုအသံများမှတစ်ပါး တစ် တောလုံးတစ်တောင်လုံး တိတ်ဆိတ်နေတော့သည်။

"ရေ ... ရေ ..."

ရင်ထဲ ရေတောင်းသံများ ဆူညံ၍နေသည်။ သူ့ပါးစပ်တစ် လုံး ဆေးကပ်နေကာ အာခံတွင်းတစ်ခုလုံး မီးလောင်ထားသလို ပူ လောင်ပြင်းပြလှ၏။ လျှာကလည်း ခြောက်သွေ့ကာ ကြမ်းနေတော့ သည်။ ချွေးထွက်လွန်ခဲ့ပြီဖြစ်၍ တစ်ကိုယ်လုံး နုံးချည့်နေသည်။ သူ အတိုင်းပင် ခွေခွေလေးလှဲကာ အိပ်လိုက်ချင်သည်။ သို့တစေ သူ ဂျပန်ငပုကောင်တွေ တောအနှံ့တောင်အနှံ့ ဖဝါးခြေထပ်လိုက်လာ မည်က သေချာသည်။

သာမန်အချိန်တွင် စစ်ပုလိပ် (ကင်ပေ) တစ်ကောင်ကို တွေ့ ရဖို့ပင် ခဲယဉ်းသော်လည်း သည်နေ့တစ်နေ့လုံး သူတို့လုပ်ငန်းခွင် ကင်ပေတွေ တင်းကြမ်းပြည့်နေခဲ့သည်။ စစ်ကိုင်းဘက်ကမ်းက 'ပုဏ္ဏ ဟု နာမည်ဆိုးဖြင့် ကျော်ကြားလှသည့် ကင်ပေတိုင်ဗိုလ်မှူးဦးဆော ၍ တောင်ခြေမှသည် သူတို့လုပ်ငန်းခွင်အထိ နေရာမလပ် ကင်ပေ တွေကို ရှောင်၍မလွတ်ခဲ့။ ထိုအခြေအနေကပင် သူ့အတွက် အခွင့်မသာ နိုင်မှန်း သူတွက်ဆ၍ရသည်။

ကင်ပေ (စစ်ပုလိပ်) ဆိုသည်က အခြား စစ်မြေပြင်က ဂျ





စ်သားတွေနှင့်မတူ။ သူတို့ရွာက တောမုဆိုးထွန်းကျော်၏ အမဲလိုက် ွေးတွေလို လူစားမျိုးများဖြစ်ကြသည်။ သွေးညှိနံ့ရလျှင် လျှာအလျား ိုက်ထွက်ကာ သားကောင်နောက်သို့ တရှုတ်သီထိုးလိုက်တတ်ကြစမြဲ။ ူ့ကိုလည်း အလွတ်ပေးမည်မဟုတ်။ သူသိသင့်သည်ထက် ပိုသိခဲ့ပြီး ီ။

သူတို့ကို သေလူစာရင်းသွင်းကာ သတ်ဖို့ စီစဉ်ထားပြီးဖြစ်၍ ည်သည့်လူ့ဂုဏ်ချက်မှုမထားဘဲ ခိုင်းစေခဲ့ကြခြင်းဖြစ်မှန်း ယခုမှ ရိပ် သည်။ သူနှင့်ဘဝတူ အလုပ်သမားတွေကိုပင် သတ်ခဲ့ကြပြီးပြီ။ သူ ာ ကံသီ၍ ပြေးနိုင်လွှားနိုင်၊ အသက်ရှင်ရပ်တည်ခွင့် ရနေနိုင်သေး င်းဖြစ်၏။ ဘယ်နည်းနှင့်မျှ သူ့ကို အရှင်ထားမည်မဟုတ်။ မြေလှန် ာကာ သုတ်သင်ကြမည်ကား မြေကြီးလက်ခတ်မလွဲ။

သူတို့ ဘယ်ပုံဘယ်နည်း ရောက်လာကြမည်နည်း။

သူ့အတွေးအာရုံများ ထုံထိုင်းနေသည်။ အသက်ရှင်ခြင်းနှင့် ခြင်းတရားကြားမှာ ကြုံတွေ့ရမည့် ပြဿနာများကို သူဖြေရှင်း စွမ်း ရှိ၊ မရှိ မသေချာတော့။ စိတ်ဓာတ်ကို ခွန်အားက လိုက်၍မီ လည်း မရေရာတော့။ ယခုပင် သူ့ခွန်အားတို့ လျော့ပါးလွန်းလှ ။

ခြေလက်မလှုပ်၊ ကိုယ်ကိုနေရာမရွှေ့ဘဲ ပတ်လည်ကို မျက်လုံး ားကြည့်သည်။ နားကိုစွင့်၍ နှာခေါင်းက မုဆိုးတောလိုက်ခွေးနှယ် အနံ့ခံကြည့်သည်။

"အို ... ဘုရား ... ဘုရား ..."

'ဘုရားရှင်၏ တန်ခိုးတော်ပဲ' ဟုသာ ရင်ထဲက ဦးချရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့နှာခေါင်းထဲတွင် တောင်ငှက်ပျောသီးအနံ့ကို ရ၏။ သည်တော့မှ အကြံရသည်။ တောငှက်ပျောပင်၏ ပင်စည်ကို ဓားဦးဖြင့်ထိုး၍ ထွက်ကျလာမည့်အရည်ကို ရေငတ်ပြေအောင် ပါးစပ်ဖြင့်စုပ်၍ရမည်။ ရင်ကျပ်တာ၊ အသံဝင်တာတော့ ဖြစ်ကောင်းဖြစ်မည်။ လတ်တလော ရေငတ်ဝေဒနာတော့ပြေသည်။ တောငှက်ပျောသီးမှည့်ကို စားမည်။

ရေရှည်လျှင် သည်တောသည်တောင်ထဲမှာ ငှက်ဖျားမိချင်မိလိမ့်မည်။ သို့တစေ လောလောဆယ်တော့ ဗိုက်ပြည့်သည်။ နောင်ခါလာ နောင်ခါ့ဈေး။ အသက်ရှင်သန်ဖို့ အားအင်ကလေးပြည့်အောင်မွေးရဦးမည်။ ဤသည်က လတ်တလော ချက်ချင်းရှင်းရမည့်ကိစ္စဖြစ်သည်။

ခြေလက်တို့ ခဲဆွဲထားသလို လေးလံနေသည့်တိုင် လူးလဲ၍ ထရသည်။ 'မောင်ရှိန်ရေ ... အသက်မသေ ရှင်ကျန်ချင်သေးရင် ထနိုင်ရမယ်။ ရပ်နိုင်ရမယ်။ ပြေးနိုင်ရမယ်။ အားခဲထားစမ်း' ဟု သတိပေးသံတို့က သူ့ခေါင်းတွင်း၌ တစီစီပြေးလှည့် ဆော်သြနေသည်။

ကယိမ်းကယိုင်၊ ကယောင်ကယင်ဖြင့် ကြိုးစား၍ထကာ မှောင်ကြီးထဲတွင် တောငှက်ပျောပင်ကိုစမ်း၍ အသီးခိုင်ကို ရှာသည်။ သင်းပျံ့မွှေးချိုသည့် ငှက်ပျောသီးမှည့်နံ့က နှာဝကို ချူလာသည်။ ခြေတစ်ချက်ခုန်ကာ ဟီးလေးခို၍ ငှက်ပျောပင်စည်ကို ညွတ်ကိုင်းကျလာအောင် သူကြိုးစားသည်။

သူ့ခန္ဓာကိုယ်အလေးချိန်ကြောင့် တောငှက်ပျောပင်က တဒိအိယိုင်၍ ပြိုလာ၏။ သူ့လက်က ငှက်ပျောခိုင်ကို စမ်းမိသည်။ လက်ဖြင့် အသာဖိကြည့်ကာ မှည့်နေသည်ထင်ရသည့် ငှက်ပျောသီးလေးငါး





လုံးကို အခိုင်မှခြွေကာ ဆောင့်ကြောင့်ထိုင်လျက် စား၏။

"အား ... ပါး ... ပါး ... အရသာရှိလိုက်တာ"

သူ့တစ်သက်တွင် ဤမျှ ချိုဆိမ့်မွှေးပျံ့သည့် အရသာမျိုး ယ်စားရဖူးသေးပါတကား။ နတ်သုဒ္ဓါဆိုသည်မှာ ဒါမျိုးထင်ပါရဲ့ဟု သူ ွားသည်။ တစ်ကိုယ်လုံးရှိ အကြောများပင် တဖျင်းဖျင်း စိမ့်၍တက် ာသည်။ ဗိုက်ပြည့်ကာ ရေငတ်ပြေသည်အထိ သူတစ်ဝစားလိုက် ၏။ ဆယ်လုံးခန့်ကို သူ အင်္ကျီဖြင့်ချွတ်ကာ ထုပ်သည်။

"ဓား ... ဓား ... ငါ့ရဲ့ဓား"

ယခုမှပင် သူ့လက်နက်ကို သတိရတော့၏။ ကိုယ်နှင့်မကွာ ဝင်ခဲ့သည့် ဓားမတိုကို သူ့နံဘေး၌ စမ်း၍တွေ့သည်။ ခါးကြားက ားဘူးကို အသာစမ်းကာ တစ်တို့နှစ်တို့ လျှာဖြင့်ယက်၏။ မီးခြစ်ဘူး ိုလည်း သတိတရစမ်းကြည့်ကာ သေသေချာချာပင် ခါးကြား၌ လိမ်၍ ားလိုက်၏။

"ကိုင်း ... အဆင်သင့်တော့ ဖြစ်ပြီ"

သူ့ကိုယ်သူ အားပေးလျက် အမှောင်အတွင်းက အသံဗလံ ျားကို နားစွင့်ကြည့်လိုက်သည်။

ဝေခွဲ၍မရသော အသံများကို ကြားနေရသည်ဟု စိတ်ထဲမှာ င်မိ၏။ တောကြက်တောငှက်မြည်သံမျှ မကြားရ။ တောရိုင်းတိရစ္ဆာန် ည်သံ တစ်စုံတစ်ရာကိုမျှ မကြားရ။ တစ်တောလုံးတစ်တောင်လုံး ်ဆိတ်ခြင်းကြီးမက တိတ်ဆိတ်ငြိမ်သက်နေသည်။ တစ်စုံတစ်ရာ ာ အန္တရာယ်သည် လက်တစ်ကမ်းအကွာသို့ ရောက်နေပြီ။ တစ် ယ်လုံးရှိ အာရုံကြောများအားလုံး ကြောက်စိတ်ကြောင့် တောင့်တင်း



www.burmeseclassic.com

www.burmeseclassic.com



သွားဏေ၏။

သည့်နေရာက ခွာသင့်ပြီဟု ကိုယ့်စိတ်က ပြန်သတိပေးသည်။ ယူသင့်ယူအပ်ရာရာကလေးများကို ကောက်ယူကာ ခြေလှမ်းပြင်လိုက်သည်။ နောက်ဆုံးအကြိမ်အဖြစ် တောသံတောင်သံကို နားစိုက်လိုက်၏။

တိတ်ဆိတ်နေရာမှ ခပ်ဝေးဝေးက ဆူညံသံ၊ တောတိုးသံများကို ရုတ်တရက် ကြားရသည်။ တောဆူသံမဟုတ်။ တောတိရစ္ဆာန်အသံမဟုတ်။ ထိုအသံများနှင့် လုံးဝမတူသော အသံဖြစ်သည်။ တစ်နေ့ခင်းလုံး အကြားရိုးကာ နားစွဲနေသည့် ကင်ပေတိုင်စစ်ပုလိပ်ဗိုလ်နှင့် တပ်ကြပ်ကြီး၏အသံကိုပင် သူ့နားထဲ ကြားနေရသည် ထင်မိ၏။

ရှိသမျှအားအင်တို့ကို စုစည်းလျက် ခြေဦးတည်ရာသို့ အသံလုံအောင်နင်း၍ ခွန်အားရှိသမျှ ပြေးခဲ့မိတော့သည်။

❀ ❀ ❀

❑

ဝမ်းပျက်နေသည့် ချည့်ချည့်နဲ့နဲ့ မြန်မာအလုပ်သမားတစ်ယောက်ကို သည်မျှအချိန်ကြာကြာ လိုက်လံရှာဖွေခဲ့သည့်တိုင် ယခုအထိ လက်ရဖမ်းဆီးမမိသေးသည်ကို မချိတရိခံစားနေရ၏။ ဒေါ်သ . . မဟုတ်သေး။ နာကြည်းခံခက်မှုဟုဆိုမှ မှန်မည်။ သူလို ဒုဗိုလ်တစ်ယောက် ဦးစီး၍ သည်တောသည်တောင်ကို ကျွမ်းကျင်နှံ့စပ်ပြီး တပ်ကြပ်ကြီး ကကေးဒါးစံက လမ်းပြကာ ကင်ပေ (စစ်ပုလိပ်) ဆယ်ယောက်တောင် ပါလာပါလျက်နှင့် သည်မြန်မာကောင်ကို အသေဖြစ်ဖြစ်၊ အရှင်ဖြစ်ဖြစ် ဖမ်းမမိခဲ့လျှင် ရာဇဝင်ရိုင်းရော့မည်။ ဂျင်နရယ်အီဆိုမူရာစ်၏ ဒေါ်သကို ခါတ်ဆီလောင်း၍ မီးရှို့သည်ကမှ တော်ပေဦးမည်။ နောက်ဆက်တွဲအကျိုးဆက်ကလည်း သေးသေးသိမ်သိမ် ဖြစ်လာလိမ့်မည် မဟုတ်။

"ဒီမြန်မာကောင်ရဲ့ အလောင်းပဲဖြစ်ဖြစ်၊ အရှင်လတ်လတ်ပဲဖြစ်ဖြစ် ပါမလာဘဲ မင်းတို့မျက်နှာကို မမြင်ချင်ဘူး"

မြန်မာပြည်ဆိုင်ရာ စစ်ဆင်ရေးမှူးကြီး ဂျင်နရယ်အီဆိုမူရာစ်၏ရှေ့မှောက်တွင်မှ ဖိုးသင်းမျောက်လို အကျိုးနည်း။ မျက်နှာပျက်စရာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့လျော့မှုကြီးကို ကြုံခဲ့ရ၍ ဗိုလ်မှူးရှိဘာတားစ်၏မျက်နှာ မည်းနေ အောင် ပုပ်သိုးနေသည်။ ဂျင်နရယ်ရှိနေသည့်တိုင် သည်အမိန့်ကို သူတို့ အား တစ်ချက်လွှတ်ပြောချဖြစ်ခဲ့သည့်ကပင် သူ့ဒေါသတွေ အထွတ် အထိပ်သို့ ရောက်နေပြီမှန်း သိသာစေသည်။

သည်မြန်မာကောင်ကလည်း တော်တော်ဒုက္ခပေးလှသည်။ ဗိုလ်မှူးကာတိုမိချိစ်နှင့် သူ့ကိုယ်ရေးအကူ တပ်ကြပ်ကလေးရှိဂေဟာ ရှုစ်တို့က မျက်နှာသာပေးထား၍ ဘုန်းကြီးတစ္ဆေဖြစ်နေသည့်အကောင်။ တိုကျိုက တိုက်ရိုက်စေလွှတ်သည့် အထူးအရာရှိမို့ ဗိုလ်မှူးကာတိုမိချိစ်ကို မည်သူမျှ သိပ်မလွန်ဆန်ရဲ။ မျက်နှာကြောမတင်းရဲ။ သူတို့ ယန္တရား တပ်မှူးနှင့် အင်ဂျင်နီယာတပ်က တပ်မှူး၊ ဗိုလ်မှူးကြီးများပင် သူ့ကို အလိုက်သင့် ကြည့်ပေါင်းနေရသည်ဟုဆိုသည်။ ထိုဗိုလ်မှူးက ယုံကြည် စွာ တာဝန်ပေးစေခိုင်းထားသည့် သည်မြန်မာကောင်ကို တို့ဖို့၊ ထိဖို့က မလွယ်။ ဈေးနွားလို ဘေးမဲ့ပေးထားရသည်။ ထို့ကြောင့်ပင် သင်းက ရောင့်တက်ကာ သည်မျှ အတင့်ရဲခဲ့ခြင်းဖြစ်သည်။

"တောက် ..."

ဗိုလ်ကိုအိဇမိစ်က နာနာကြည်းကြည်း တက်တစ်ချက်ခေါက် သည်။ သည်အသံက တိတ်ဆိတ်လှသောညယံကို ကျယ်လောင်စွာ ဖောက်ထွင်းသွား၏။

"ဗိုလ်ကြီး ... ဗိုလ်ကြီး ... လာကြည့်ပါဦး။ ဒီမှာတွေ့ပြီ၊ ဒီကောင် ဒီနားတစ်ဝိုက်မှာပဲ ရှိရမယ်။ ထွက်သွားတာ ဘာမှမကြာ သေးဘူး"

ဗိုလ်ကလေးက စစ်သုံးလက်နှိပ်မီးကို အသံကြားရာသို့ဝဲကာ





ိုးကြည့်လိုက်သည်။ မီးရောင်အောက်တွင် တောငှက်ပျောပင်အုပ် ကလေးအခြေ၌ တပ်ကြပ်ကြီးတကေးဒါးစ်က ဒူးထောက်ထိုင်လျက် တစ်စုံ တစ်ရာကို သေချာကြည့်နေ၏။ သူက ငှက်ပျောပင်အုပ်ကလေးဆီ လျှောက်လာခဲ့သည်။ သူ့နောက်လိုက် စစ်ပုလိပ်များအားလည်း ရောက် ရှာနေရာတွင် ခေတ္တရပ်ကာ အမိန့်စောင့်ဖို့ မီးဖြင့် အချက်ပြလိုက် သည်။ တောတိုးသံ၊ ခြေသံတို့ ရုတ်တရက် ရပ်သွား၏။

"ဒီမှာ ဗိုလ်ကြီး ... ဒီနေရာမှာ သူအိပ်သွားတယ်။, ဒီငှက် ပျောသီးအခွံတွေက သူစားသွားတဲ့ အခွံကျန်တွေ။ ငှက်ပျောခိုင်မှာ လည်း ငှက်ပျောသီးတွေ ပြုတ်နေသေးတော့ သူသယ်သွားတဲ့သဘော ပဲ။ ဒါကြောင့် သူ နေရာကောင်းမှာ ပုန်းခိုပြီး အိပ်နေနိုင်တယ်လို့ ကျွန်တော်တို့ ယူဆလို့ရတယ်"

"မင်းရဲ့ စကားဖွာလှတဲ့ သောက်ပါးစပ်ကို တစ်ဆိတ်ပိတ် မထားနိုင်ဘူးလား တပ်ကြပ်ကြီး။ မင်းဆီကအကြံဉာဏ်ကို လိုချင်တဲ့ အခါ ငါတောင်းမယ်။ အခုတော့ မင်းအပေါက်ကြီးကို ပိတ်ထားစမ်း"

ဗိုလ်ကိုအိဇမိစ်က ဒေါပွပွဖြင့် ဖိဟောက်လိုက်သည်။ တကေး ါးစ်တို့လို ကြည်းတပ်၊ ခြေလျင်တပ်များမှ စစ်သည်များမှာ ခပ်တုံး တုံး၊ ခပ်ထိုင်းထိုင်း။ ကိုယ့်ကိုယ်ကိုယ် ထင်တစ်လုံးနှင့်ကောင်တွေက များသည်။ ကင်ပေ (စစ်ပုလိပ်) များကဲ့သို့ စနစ်တကျ လေ့ကျင့်မွေးမြူ ထာ ပြုစုပျိုးထောင်ထားသူများ မဟုတ်ကြ။

မိုးကောင်းမြို့ ကင်ပေတပ်ဖွဲ့မှ တပ်ကြပ်စုကေဇိုအိုနိုစ်သည် ရန်သူမဟာမိတ်တပ်များကပင် ဆုတော်ငွေထုတ်၍ သတ်ဖြတ်ရန် ကြိုး ပမ်းခြင်းခံခဲ့ရပြီး ကြည်းတပ်တပ်ဖွဲ့များ၌ ဗိုလ်မှူး၊ ဒုတိယဗိုလ်မှူးကြီး



www.burmeseclassic.com

www.burmeseclassic.com



အဆင့်ရှိ အရာရှိကြီးများကပင်လျှင် အထင်တကြီး တလေးတစား ဆက်ဆံခဲ့ရသူဖြစ်သည်။ သို့ဖြစ်၍ သည်လိုပိုးစိုးပက်စက် ပောက်နိုင်ပါမှ သည်ခြေလျင်တပ်ကကောင်တွေနှင့် တန်ကာကျသည်။

ဗိုလ်ကလေးက ငှက်ပျောခွံနှင့် တောငှက်ပျောပင်များကို သေသေချာချာကြည့်၏။ ငှက်ပျောပင် ပင်စည်က ခုတ်ဖြတ်ရာများကိုတွေ့၍ မျက်မှောင်ကြုတ်ကာ စဉ်းစားသည်။

"ဒီကောင့်မှာ ဓားပါတယ်။ သောက်ရမ်းလျှောက်လိုက်မနေကြနဲ့။ 'Force 136' က လေထီးနဲ့ဆင်းလာတဲ့ကောင်ဖြစ်နေရင် အကုန်မသာ ပေါ်သွားမယ်။ ဗိုလ်ချုပ်တစ်ယောက်နဲ့ ဂျပန်တပ်ဖွဲ့ လေးငါးခြောက်ဆယ်ကြားထဲက ဓားဆွဲပြီး ထွက်ပြေးနိုင်သေးတာကို ပေါ့ပေါ့လျှော့မတွက်နဲ့"

ငှက်ပျောပင်ပင်စည်ကို မီးထိုးပြပြီး ပြောသည်။ သူ့စကားက အလွန်တာသွား၏။ 'Force 136' ဆိုသော စကားလုံးက ဂျပန်တပ်များအဖို့ လောလောဆယ် နှလုံးငြိမ်ဆေးဖြစ်နေသည်မဟုတ်လား။ မြန်မာပြည်စစ်မျက်နှာတွင် မြန်မာများကို သံဖြူရေပ်၊ ချွေးတပ်၊ ကင်ပေတိုင်ဟူသော စကားသုံးလုံးက ခြောက်လှန့်လျက်ရှိသကဲ့သို့ လတ်တလောအခြေအနေတွင် စလင်း၊ ဝင်းဂိတ်နှင့် Force 136 ဟူသော စကားသုံးလုံးက ဂျပန်တပ်များကို တစ္ဆေတစ်ကောင်လို ဖြခြောက်လျက်ရှိနေသည်။

"တကေးဒါးစံက ရှေ့က လမ်းပြ။ ကျန်တဲ့လူတွေက နှစ်ယောက်တစ်တွဲ တွဲပြီး အဖွဲ့ခွဲရှာမယ်။ သံသယရှိရင် အနီးမကပ်နဲ့။ သေနတ်နဲ့ ပစ်ခတ်ချေမှုန်း။ အသေဖမ်းမယ်။ ဒီနေရာတစ်ဝိုက်မှာ





ပုန်းသူတပ် လုံးဝမရှိဘူး။ ကွက်ပြည့်နှင်းရှာကြ။ ဒီကောင်လွတ်သွားလို့ မဖြစ်ဘူး"

တိုတောင်းပြတ်သားသောအမိန့်ကို အချိန်ကိုက်ပေးလိုက်နိုင်သဖြင့် ဗိုလ်ကလေး သူ့ကိုယ်သူ အလွန်ကျေနပ်သွားသည်။ သို့နှင့်တိုင် သူတို့လူစုသည် လမ်းမရှိသော ညဉ့်အမှောင် တောကြီးတောင်ကြီးအလယ်တွင် တဝဲလည်လည် ဖြစ်လျက်ရှိသည်။

သူတို့ လျှို့ဝှက်လုပ်ငန်းခွင်မှ ထွက်ခွာလာခဲ့ကြသည်မှာ ယခုဆိုလျှင် ငါးနာရီကျော်လာခဲ့ပြီဖြစ်၏။ ထူထပ်ပေါ်များလှသော ဆူးချုံများကို တိုးဝှေ့သွားနေရသဖြင့် သူတို့၏ယူနီဖောင်းများမှာ စုတ်ပြတ်ကုန်ကြသည်။ လက်များ၊ မျက်နှာများတွင်လည်း ပွန်းရာခြစ်ရာများနှင့် ပြည့်လာသည်။ ရေလောင်းထားသလို တစ်ကိုယ်လုံးထွက်နေသည့် ချွေးများကြောင့် ဆူးခြစ်ဒဏ်ရာများမှာ မခံမရပ်နိုင်အောင်ပင် စပ်ဖျင်းဖျင်း၊ အောင့်သက်သက် အခံရဆိုးလှသည်။

တောင်ကလေးတစ်လုံးကိုကျော်ကာ ချောင်းငယ်ကလေးသုံးလေးခုကို ဖြတ်ခဲ့ရပြီးဖြစ်၍ ကိုယ်အောက်ပိုင်းက ရေများ၊ ရွှံ့ဗွက်များ ပေလူးနေကာ ကိုယ်အထက်ပိုင်းက ချွေးတို့ဖြင့်ရွှဲနစ်နေသည့် သူတို့ ပုံဖြစ်မှာ မြန်မာပြည်မြောက်ဖျားက လယ်ကွင်းများထဲတွင် တွေ့ခဲ့ရသော ရွှံ့လူးနေသည့်ကျွဲများလို ဖြစ်၍နေသည်။

ချောင်းကွေ့ချောင်းစပ်ကလေးများတွင် သစ်ရွက်များသည် ဆွေးမြည့်ပုပ်သိုးလျက်ရှိကာ ထွက်လာနေသည့် အနံ့အသက်မှာလည်း သည်းမခံနိုင်လောက်အောင်ပင် ဆိုးရွားလှသည်။ သည်နေရာမျိုးများကို အချိန်ကုန်ခံကာ ရှောင်ကွင်းသွားနေရသဖြင့်လည်း ခရီးဖင့်လှ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် သွားနေရင်းကပင် အသက်ရှူမဝသဖြင့် မကြာခဏ ရပ်နားနေကြရ၏။ ရပ်နားလိုက်သည့်အခါတိုင်း ဒူးများတဆတ်ဆတ်တုန်ကာ ကွေး၍ညွတ်၍ လဲမတတ်ပြိုမတတ် ဖြစ်လာတတ်သည်။ လည်ချောင်းကလည်း မခံမရပ်နိုင်လောက်အောင် ပူလောင်ခြောက်သွေ့လျက်ရှိကြ၏။

"စစ်ပွဲဆိုတာ အမြင့်မားဆုံးသော အနုပညာတစ်ရပ်ပဲဖြစ်တယ်။ စစ်ပွဲတစ်ခုအတွင်းမှာ ပါဝင်တိုက်ခိုက်နေရတဲ့ စစ်သည်တွေဟာ ကိုယ့်အသက်ကိုယ်လုပြီး ရှင်သန်ကျန်ရစ်အောင် ရန်းကန်တိုက်ခိုက်ရတဲ့ ဖန်တီးမှုလောက် စိတ်လှုပ်ရှားဖွယ်ကောင်းပြီး တက်ကြွရှင်သန်တဲ့ အနုပညာကို ဘယ်မှာရှာတွေ့နိုင်မလဲ။

စစ်ရဲ့အနုပညာမှာ အံ့ဩကသော့ချက်က အခွင့်သာခဲ့ရင် ကိုယ့်ရည်မှန်းချက်ကို သိမ်းပိုက်ဖို့။ အခွင့်မသာခဲ့ရင်တော့ နောက်တစ်ကြိမ်ကြိုးစားခွင့်အတွက် ရှင်သန်ကျန်ရစ်ဖို့။ ဒီအတွက် အခက်အခဲ၊ ပင်ပန်းဆင်းရဲမှုတွေကို ကြံ့ကြံ့ခံ ဖွဲ့ခတ်ပြီး တောင့်ခံထားနိုင်ဖို့လိုတယ်။ သွေး၊ ချွေး၊ မျက်ရည်နဲ့ပဲ ရေးလို့ရတဲ့ စစ်ရဲ့အနုပညာမှာ သွေးဟာ ရဲရဲနီနေမှ တောက်ပြောင်မယ်။ ချွေးလင့်ခြင်းရယ်၊ မနက်ဖြန်ရယ်ကို ရင်ထဲထည့်ထား။ အင်အားက သူ့အလိုလို ဖြစ်လာလိမ့်မယ်"

ဗိုလ်ကိုအိဇမိစံက တပ်မ (၁၈) တပ်မမှူး ဗိုလ်ချုပ်မူတာဂူချိ ပြောဖူးသည့် မိန့်ခွန်းကို တစ်ဝက်တစ်ပြက်သတိရမိသည်။ မြန်မာပြည် စစ်မြေပြင်သို့ ချီတက်ခြင်းမပြုမီ သူတို့တပ်များအား စစ်ထွက်မိန့်ခွန်းအဖြစ် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒိုင်းဟွန်းအေး (Dai Hoae) ဟု သူတို့ခေါ်သည့် ဂျပန်စစ်ဦး





ချုပ်မှ ဒုတိယဗိုလ်ချုပ်ကြီး အီမာမူရာနှင့် ဒုတိယဗိုလ်ချုပ်ကြီး ဟုမ်းမားတို့လည်း တက်ရောက်ကာ ဩဝါဒပေးခဲ့ကြသည်။ သို့သော် သူ့ကားလောက် နားမစွဲ။ ဗိုလ်ကလေးက စိတ်ဓာတ်ကျချင်ချင်ဖြစ်နေသည့် သူ့တပ်စုကို ခေတ္တအနားပေးလိုက်သည်။ အနားပေး၍ အားမွေးပြီးမည်။

သူ့ရဲဘော်များမှာ ပါးစပ်ကိုမျှ မစေ့နိုင်။ မောပန်းလွန်းသဖြင့် သူတို့မှာ အသိဉာဏ်ကင်းမဲ့နေသလိုပင် ဖြစ်နေကြ၏။ သူတို့အား အဆိုးဆုံးနှိပ်စက်နေသည်မှာ ရေငတ်ခြင်းဖြစ်၏။ သူတို့၏ ကိုယ်နှင့်မကွာဆောင်ခဲ့ကြသော စစ်သုံးရေဘူးများတွင်လည်း ရေတစ်ပေါက်မျှ မရှိပြီတော့။

စစ်မြေပြင်တွင် နဖူးတွေ့ဒူးတွေ့ ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ရသည့် အတွေ့အကြုံမရှိသော ကင်ပေ (စစ်ပုလိပ်) များ ဖြစ်နေကြ၍လည်း ပင်ပန်းမှုဒဏ်ကို အလူးအလဲခံနေကြရသည်။ သူတို့အထဲတွင် မဟာပြည်မြောက်ပိုင်းစစ်မြေပြင်မှ ပြန်ရောက်စ နာလန်ထတပ်ကြပ်လေး တက်ဆူအိုအာဘေးမှာ အဆိုးရွားဆုံးဖြစ်နေသည်။

လမ်းလျှောက်တော့လည်း ဒယီးဒယိုင်။ ခနော်နီခနော်နဲ့။ သူ့ကိုယ်လုံး ယိမ်းထိုးလျက်ရှိ၏။ သူသည် စိတ်ကိုတင်း၍ တပ်စုနှင့်အတူ လျှောက်နေခဲ့ရာမှ အနားပေးလိုက်သည်နှင့် ချက်ချင်းပင် ဒူးခွေယိုင်ကာ ပျော့၍လဲသွားသည်။ သူ့နောက်က ကပ်လျက်ပါလာသော တပ်သားအိဇမိယက သူ့ကို ထိန်းပွေ့ထားလိုက်နိုင်၍သာ တော်တော့သည်။

ညသည် တစ္ဆေတစ်ကောင် အစာချောင်းနေသည်သို့ သိပ်



www.burmeseclassic.com

www.burmeseclassic.com



သိပ်သည်းသည်း အမှောင်ထုအတွင်း၌ မလှုပ်မချောက် တိတ်ဆိတ်
သည်။ အချိန်ကလည်း တရွေ့ရွေ့သွားကာ အမှောင်ထဲကို တိုးဝင်
တော့၏။ တပ်ကြပ်ကြီး တကေးဒါးစံတစ်ယောက်သာ ပင်ပန်းမှုဒဏ်
ထိမထင်ဟန် ကိုယ်နေမပျက်ရှိနေသည်။

ဗိုလ်ကလေးသည် ပစ္စတိုသေနတ်ကို ဘယ်လက်သို့ ပြောင်
ကိုင်လိုက်ပြီး ညာဘက်လက်ဖြင့် ဓားအိမ်မှဓားကို ချွတ်လိုက်သည်
သို့သော် လုံးဝထွက်လာအောင် ချွတ်လိုက်ခြင်းကားမဟုတ်။ အရေ
ကြုံ၍ ဓားကိုချွတ်ရမည်ဆိုလျှင် အလွယ်တကူ ချွတ်၍ ရ၊ မရ စစ်ဆေ
ခြင်းသဘောသာဖြစ်သည်။ အလွယ်တကူ ချွတ်၍ရကြောင်း သေချ
သည့်အခါ ဓားကို ဓားအိမ်အတွင်းသို့ ဒေါက်ခနဲ ပြန်ဆောင့်သွင်
လိုက်သည်။ သူ့တစ်ကိုယ်လုံးလည်း ချွေးတွေရွဲနစ်နေပြီ။

ထိုစဉ်အခိုက် ...

တောတိုးသံလိုလို ကြားလိုက်ကြရသည်။ တိရစ္ဆာန်တစ်ကော
ကောင်၏အသံတော့ မဟုတ်နိုင်။ ခြေသံလုံအောင် တမင်ဖုံးကွယ်လှ
ရှားနေသည့်အသံမျိုး။ တပ်ကြပ်ကြီးက အသာထရပ်ကာ သူ့ဗိုလ်ကလေ
၏မျက်နှာကို လှမ်းကြည့်သည်။ ဗိုလ်ကိုအီဇမိစံက လက်သုံးချောင်
ထောင်လျက် ဆက်လိုက်ဖို့ လက်သင်္ကေတဖြင့် အသံတိတ်ညွှန်ကြ
လိုက်၏။

ကိုယ်ခန္ဓာတောင့်တောင့်တင်းတင်း ဒုတပ်ကြပ်ဟာတာနာ
နှင့် တပ်ကြပ်ကိုဟီမိုရီယာမတို့နှစ်ဦးကို လက်ညွှန်ပြလိုက်ရာ သူ
သုံးဦးက သားကောင်ကို ခုန်အုပ်တော့မည့် ကျားရဲများ၏ ဖျတ်လတ်
မျိုးဖြင့် သုတ်ခနဲထကာ ထွက်သွားကြတော့သည်။





ကျန်ရဲဘော်များလည်း သွေးညှိနှံ့ရနေသည့် ခွေးအ,အုပ်ကဲ့
စစ်၏မြူသံကို ကြားရသည့်နှယ် သွေးနိုးလာကြသည်။ သူတို့၏
နက်၊ စစ်ဝတ်တန်ဆာများကို ပြုပြင်ကာ ကိုယ်နေဟန်ထားကို
ည်း အသင့်အနေအထားသို့ ပြောင်းလိုက်ကြ၏။

ယခုမှ ညက ပို၍မှောင်မည်းတိတ်ဆိတ်လာသလို ခံစားရ
ည်။ စောင့်ဆိုင်းရခြင်းအား စိတ်ရှည်သည်းခံရမည့်ဝန်ကို ဆက်၍
း‌ချင်တော့။ ဝုန်းဝုန်းဒိုင်းဒိုင်း ပေါက်ကွဲလိုက်ချင်သည်။ တပ်ကြပ်ကြီး
အဖွဲ့ထံက တစ်စုံတစ်ရာ အသံမကြားရသေး။ သူစိတ်စော၍နေ

"ဒိုင်း ... ဒိုင်း ..."

"ဒိုင်း ..."

"ဒိုင်း ... ဒိုင်း ..."

ကျည်စုပေါက်ကွဲသံက ည၏တိတ်ဆိတ်မှုကို တစ်စစီပြိုကွဲသွား
ည်။ ဗိုလ်ကလေးနှင့် သူ၏တပ်စုသည် သေနတ်သံကြားရာဆီသို့
ပြေးကလေး ချီတက်ခဲ့ကြသည်။ တပ်ကြပ်ကြီးတို့က သူတို့ကို ရပ်
င့်လျက်ရှိသည်။

"ဗိုလ်ကြီး ... လူဆိုတာကတော့ သေချာပါတယ်။ ထိသွား
လို့လည်း ထင်တယ်။ ဒါပေမဲ့ ဒီနားမှာပဲ ခြေရာက ပျောက်သွား
။ လူသံကြားလိုက်ရတာကတော့ အသေအချာပဲ"

"မင်းတို့ဟာကလည်း မရေမရာရှိလိုက်တာကွာ။ ချီးတဲ့မှ ..။
တာ သေချာနေရင် ဒီလိုအချိန် ဒီလိုတောကြီးမျက်မည်းထဲမှာ ဒီ
ကောင်ကလွဲလို့ ဘယ်သူရှိရဦးမှာလဲ။ သုံးယောက်နဲ့တစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့မှာ သေနတ်တွေ၊ လက်နက်တွေ အပြည့်အစုံနဲ့။ မလွတ်တမ်း ဝိုင်းပစ်ထားရမှာပေါ့။ ခုတော့ မင်းတို့အမေလင်က လွတ်သွားပြန်ပြီ။ တောက် ...''

အပြေးအလွှားရောက်လာသော ဗိုလ်ကလေးမှာ မှန်းချက်နှင့် နှမ်းထွက်မကိုက်။ နာကြည်းခံခက်ဖြစ်လျက် ရှိနေလေသည်။ သူသည် မြန်မာပြည်စစ်မြေပြင်သို့ ၁၉၄၂ ခုနှစ် နှစ်ဆန်းစကပင် ဗိုလ်ချုပ်ကြီး အီးဒါးစ်၏ အမှတ် (၁၅) တပ်မကြီးမှ 'ဟာရာရှိဘူတိုက်' တပ်တော်နှင့် အတူ တရုတ်–မြန်မာနယ်စပ်တွင် ချန်ကေရှိတ်၏ တရုတ်တပ်များကို လိုက်လံ တိုက်ခိုက်ရာ၌ ပါဝင်ခဲ့ဖူးသည်။

လက်ရှိအခြေအနေထက်မက ကြီးမားလေးလံသော၊ ပြင်း ထန်ကြမ်းတမ်းသော တာဝန်များ၊ တိုက်ပွဲများကို ကြုံဖူးခဲ့လှပြီ။ သို့ လျက် ယခုကဲ့သို့ ခရုခါးတောင်းကျိုက်ဖမ်းရသည့် မဖွယ်မရာလုပ်ငန်း ကလေးကျခါမှ ပွဲသိမ်းမလှဖြစ်နေရသည်ကို ရှက်လည်းရှက်၊ ဒေါသ လည်း ထွက်လှသည်။

ယခုဆိုလျှင် ညဦးတစ်ဝက်ကျိုးခဲ့ပြီ။

ပစ်မှတ်သားကောင်ကို အရိပ်တောင် မမြင်ရသေး။ သဲလွန်စ များ၊ ခြေရာခြေကြောင်းများ တွေ့နေပါလျက် သူတို့နှင့်လက်တစ်ကမ် အကွာအတွင်း ဝိုင်းကြီးပတ်ချာလှည့်ကာ ပြေးလွှားပုန်းအောင်းနေသည့် သည်အကောင်ကို တော့တော့တင်တင်မရှာနိုင်သည်မှာ ညံ့ရာကျလွန်း သည်။

"ကိုင်း ... တပ်ကြပ်ကြီး။ မင်းနဲ့ ငါးယောက် တစ်ဖွဲ့၊ ငါနဲ့ ငါးယောက်တစ်ဖွဲ့ အဖွဲ့နှစ်ဖွဲ့ခွဲမယ်။ အခု ဒီကနေ ငါမီးထိုးပြထားတဲ့





ချောင်းရိုးကလေးကို ဆုံမှတ်မျဉ်းထားလိုက်။ တောင်ဘက်ခြမ်းကို ငါ့ အဖွဲ့၊ မြောက်ဘက်ခြမ်းကို မင်းတို့အဖွဲ့ ပိုက်စိပ်တိုက်ပြီး တောနင်း ကြတော့။ ပစ်မှတ်ကိုမိပြီဆိုမှ သတ်မှတ်ထားတဲ့အတိုင်း အချက်ပေး သေနတ်သံပေး။ မတွေ့မချင်းသာ ရှာကြတော့။

အစကတော့ တို့က ဒီကောင့်ကို သေတွင်းပို့ဖို့ ဒီတောထဲကို ခဲ့ကြတာ။ အခု ဒီကောင်ကြောင့် ငါတို့ပါ သေတွင်းနှုတ်ခမ်းဝကို ရောက်နေပြီ။ ဒီကောင်မသေရင် တို့သေမှာပဲ။ မင်းတို့လည်း ဂျင်နရယ် ရဲ့အကြောင်း ကြားပြီး၊ သိပြီးသားပဲ။ ထူးပြောစရာ မရှိတော့ဘူး။ ထွက်ကြတော့''

ဗိုလ်ကလေးစကားဆုံးသည်နှင့် တပ်ကြပ်ကြီးတကေးဒါးက ချောင်းကြီးထဲမှာပင် မဲ့ပြုံးကို အားရပါးရကြီး ပြုံးလိုက်၏။ လက်တွေ့ စစ်မြေပြင်အတွေ့အကြုံ ရင့်ကျက်မှုမရှိဘဲလျက် ကြားဖူးနားဝနှင့် တလွဲ အချော်တွေ လျှောက်လုပ်နေသော ကင်ပေတိုင်ဗိုလ်ကလေးကို နည်း နည်းတော့ အကဲစမ်းပညာပြရဦးမည်ဟု အားခဲသည်။

သူ့အနီးတွင်ရပ်နေသော သုံးယောက်ကို မည်သူတွေလဲဟု လှည့်ပင်မကြည့်တော့ဘဲ ရွေးချယ်လိုက်ကာ ဦးဆောင်၍ လှည့်ထွက်လာ ခဲ့သည်။ 'ဖွီ' ခနဲ တံတွေးကို ထွေးထုတ်လိုက်သံနှင့် တမင် အသံခပ် ပြင်းပြင်းခြေဆောင့်နင်း၍ ထွက်လာခဲ့ခြင်းက သူ၏စိန်ခေါ်သံဟု ဗိုလ် ကလေး သိလိမ့်မည်ထင်သည်။

သူတို့ခြေလျင်တပ်တွေက ကင်ပေ (စစ်ပုလိပ်) တွေထက် ဘယ်လိုနေရာတွေတွင် သာလေသလဲဆိုသည်ကို သိစေမည်ဟုလည်း ရင်ထဲက ကြိမ်းဝါးလိုက်၏။ ခြေသံကို လုံအောင်ထိန်းရန် မလိုတော့



www.burmeseclassic.com

www.burmeseclassic.com



သည့် အခြေအနေဖြစ်ခဲ့၍ သူတို့တစ်သိုက် တောတိုးသွားသံက အမှောင်ထဲတွင် ညှိုးညှိုးညံ့ညံ့ ရှိလွန်းလှသည်။

"ကဲဟော့ . . . တို့လည်း စကြစို့။ တစ်ယောက်နဲ့တစ်ယောက် နားတစ်ကမ်းစာလောက်ခွာပြီး သေသေချာချာရှာကြ။ ဒီကောင့်လက်ထဲမှာ ဓားတစ်လက်ရှိနေတယ်။ လူလုံးသိပ်ကွာသွားရင် တစ်ယောက်ယောက် ဒုက္ခဖြစ်ဦး၊ သိနိုင်မှာ မဟုတ်ဘူး။ တွေ့ရင်တော့ တစ်ခါတည်း လက်စတုံးသာ လုပ်လိုက်။ လူမှန်းမသေချာဘဲနဲ့တော့ ကျည်မထွက်စေနဲ့။ သူ့ကို လှန့်ပြီးခြောက်ထုတ်သလို ဖြစ်နေဦးမယ်"

ပြောရင်းဆိုရင်းပင် ရင်ဘောင်တန်းဖြန့်၍ နေရာယူလိုက်ကြသည်။ သားကောင်ကို အနံ့ခံရှာဖွေရာတွင် သူတို့ကင်ပေတပ်ဖွဲ့က အလျင်ဆုံးဟု ဗိုလ်ကလေးက ယူဆသည်။ နိပွန်တပ်မတော်ကြီးက မဟာအာရှစစ်ပွဲကြီး၌ အရေးသာကာ အထက်စီးရယူနိုင်ခဲ့ခြင်းမှာ သူတို့ ကင်ပေတပ်ဖွဲ့အသီးသီး၏ သတင်းထောက်လှမ်းမှုနှင့် လျှို့ဝှက်ရန်သူများကို ဖော်ထုတ်သုတ်သင်နိုင်ခဲ့ခြင်းကြောင့်ပင်။

ဂျပန်တပ်မတော်သိမ်းပြီးသား နယ်မြေအတွင်းသို့ တိတ်တဆိတ် ထိုးဖောက်လျှို့ဝှက်စစ်ဆင်ရေးပြုလုပ်လာမှုကို ကင်ပေတပ်ဖွဲ့က နည်းမျိုးစုံဖြင့် အကြိမ်ကြိမ် ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့သည်။ ကာကွယ်နိုင်ခဲ့သည်။ သူတို့နှင့် လက်တစ်ကမ်းအကွာ တစ်မိုင်ပတ်လည်အတွင်းက သည်မြန်မာကောင်ကို တစ်နာရီအတွင်း လက်ရဖမ်းကာ ဇက်ကိုပိုင်းပြလိုက်ရဦးမည်။ သူ့ရင်တွင်းတွင် ပလုံစီပွက်ထနေသော ဒေါသ၊ အာဃာတတို့ကို လွယ်ပိုးလျက် သူတို့သည် အမှောင်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့၏။

---

စိတ်ကူးသစ်စာပေ



"ဗိုလ်မှူး ရှိဘာတားစံ . . . ဒီချည့်ချည့်နဲ့နဲ့ ပေါ့ဟိုး တစ်ယောက် ယောက်ကို ညတစ်ဝက်ကျိုးတာတောင် တပ်စိတ်တစ်စိတ်ရဲ့ ဖမ်းမရနိုင်ဘူးဆိုတော့ မင်းတပ်ဖွဲ့ကို မင်းပဲစီရင်ပေတော့။ အဲဒီပွက်ပြေးတဲ့ကောင်ကို အသေမိမိ၊ အရှင်မိမိ။ ဒါ . . ငါလိုချင်တဲ့အဖြေမဟုတ်တော့ဘူး။ မနက်လင်းရင် မင်းကောင်တွေရဲ့ သောက်ခွက်တွေကို ငါမမြင်ချင်ဘူး။ မင်း ဘယ်လိုစီရင်လိုက်တယ်ဆိုတာကို ချက်ချင်းသင်ပြ။ ကြားလား"

ဂျင်နရယ်အီဆိုမူရာက ဝင်းဝင်းတောက်နေသော မီးလျှံမျက်လုံးများဖြင့် ကင်ပေ (စစ်ပုလိပ်) တပ်ဖွဲ့မှူး ဗိုလ်မှူးရှိဘာတားစံအား များဟိန်းသလို ငေါက်ငမ်းပြောကြားခဲ့သည့် သူတို့အတွက် သည်အမိန့်ကိုမှ ဗိုလ်ကိုအိဇုမိစံနှင့် သူ့အဖွဲ့ သိခွင့်မရခဲ့တော့။ ညသည် တဖြည်းဖြည်း ပါးလျလာကာ သူတို့တစ်သိုက်အား သေတွင်းသို့ တွန်းပို့လျက်ရှိသည်။ ရှမ်းရိုးမနှင့် တစ်ဆက်တစ်စပ်တည်းသော ထုံးဘိုတောင်ကြောကြီးကား ညအမှောင်အောက်၌ မလှုပ်မယှက် ကျွန်ခြေကြီးစွာ ငြိမ်သက်ပေလေ၏။

☸ ☸ ☸

www.burmeseclassic.com

www.burmeseclassic.com

□

အိပ်ပျော်နေရာက ရုတ်တရက် လန့်နိုးလာသည်။

ခြေလက်တို့ကို ကောင်းစွာ အလှုပ်အရှားပြုနိုင်သော်လည်း ပက်လက်အနေအထားမှ ဟိုသည်လူးလွန့်၍မရ။ အနည်းငယ်လှုပ်လိုက် မိသည်နှင့် လက်ဝဲဘက်နံစောင်းက အသည်းခိုက်မျှ နာကျင်လှ၏။ ဂျပန်ငပုတို့ မည်းမည်းမြင်ရုံ ရမ်းပစ်လိုက်သော လိပ်စာမပါသည့် ကျည်တစ်တောင့်က သူ့ကိုယ်ကို တည့်တည့်ထိမှန်ကာ တစ်ကိုယ်လုံး လေထဲသို့ မြောက်တက်လျက် လွင့်စဉ်သွားသည်ကို ပြန်သတိရ၏။

မည်သည့်နေရာကိုထိသည်မှန်း တိတိကျကျမသိသော်လည်း မီးစကြီးဖြင့် ထိုးလိုက်သလို၊ မီးလျှံကြီးဟပ်လိုက်သလို ပူခနဲခံစားလိုက် ရကာ ကြီးမားပြင်းထန်လှသော အင်အားတစ်ခုက ဆောင့်တွန်းခြင်း လိုက်ရသည်ကိုလည်း ရေးရေးမှတ်မိသည်။

သူ့မျက်လုံးထဲမှာ မီးတွေလောင်နေသလို ပူလောင်ကျိန်းစပ် နေသည်။ ကိုယ်ခန္ဓာတစ်ခုလုံးလည်း အပူငွေ့တွေဖြင့် လောင်မြိုက် နေသည်။ သူဖျားနေပြီ။ ဖျားနေပြီထင်သည်။ အာခေါင်တို့က ခြောက် သွေ့ပူလောင်နေသည်။ နှုတ်ခမ်းများသည် ပက်ကြားအက်များကွဲ





ကွဲအက်နေပြီး လည်ချောင်းတစ်လျှောက်၌လည်း ကျိန်းစပ်နာကျင် နေသည်။

ထန်းချောဖျာဟောင်းကလေးပေါ်၌ ဂုံနီစနွမ်းနွမ်းကလေး ခင်း ပေးထားကြောင်း လက်ဖြင့်စမ်းကြည့်၍ သိသည်။ အောက်ခံမြေ သဲနုနု ပေါ်တွင် ခင်းထား၍ အိနေ၏။ ခေါင်းအောက်တွင်မူ ဝါးပိုးဝါးပိုင်းကို ဖက်နီး စုတ်တစ်ထည်ဖြင့် ခုလျက်၊ ပတ်လျက်ထားပေးသည်ကိုလည်း သိနေသည်။

အနံ့အသက်နှင့် အလင်းမှုန်သဲ့သဲ့အောက်၌ မြင်ရသောမြင် ကွင်းများကြောင့် လိုဏ်ဂူတစ်ခုခုထဲ ရောက်နေမှန်း သတိထားမိ၏။ ခေါင်းက ဆာလွန်းမက ဆာလာသည်။ မျက်စိမှိတ်လိုက်ရာ မျက်ရည်ပူ များ စီးကျလာသည်။

"အား ... ကျွတ် ... ကျွတ် ..."

အနိုင်နိုင်အောင့်အည်းထားရင်းကပင် ညည်းသံက ထွက်ဖြစ် အောင် ထွက်သွားသေးသည်။ သူမသေသေးဟူသော အသိနှင့် သူ့ကို ပြုစုမည့်သူ ရှိနေသေးသည်ဟူသည့် အသိတို့ကြောင့် နောက်ထပ်ကြုံ ရမည့်ဒုက္ခကို အားတင်းခံတော့မည်ဟု သူဆုံးဖြတ်ပြီးဖြစ်သည်။ သည် ကြားထဲကပင် စိတ်မှတ်မဲ့ ညည်းလိုက်မိခြင်းဖြစ်သည်။

မျက်စိကို အားယူ၊ အားယူ၍ ဖွင့်ကြည့်လိုက်တိုင်း မျက်ခွံ များက လေးလံလာကာ ပြန်၍အိပ်ပျော်သွားပြန်၏။

"အား ... ရေ ... ရေပေးပါ"

သည်တစ်ခါတော့ ရင်ကွဲမတတ် ပူလောင်ပြင်းပြကာ ရေငတ် လာ၍ တမ်းတမ်းတတပင် ညည်းမိတော့သည်။ အလင်းရောင်ကလေး



www.burmeseclassic.com

www.burmeseclassic.com



သဲ့သဲ့မှုန်မှုန်မြင်ရသည်။

"အလို ... မီးရောင် ... မီးရောင်ပါတကား"

ရင်ထဲက လှိုက်ခနဲခုန်သည်။ သူနှင့်အနီးကပ်ဆုံးအရပ်ဟွင် ကယ်တင်ရှင်တစ်ဦးဦး ရှိနေပြီ။ ခြေသံကြားသည်။ မြေပြင်ကို ရွရွ ကလေးရှပ်တိုက်ကာ တရွေ့ရွေ့လှမ်းလာနေသည့် ခြေသံ။ ညင်သာ လွန်းလှသည်။ ခြေသံနီးနီး၍လာတိုင်း အလင်းရောင်က ပို၍ပို၍ လင်း လာနေ၏။ သူ့မျက်စိကို ဖွင့်ကြည့်ရင်း ခြေသံရှင်ကို စောင့်သည်။

"ဒကာ ... သတိရလာပြီလား"

အလွန်တိုးညင်း၍ သိမ်မွေ့သောအသံကို အနားကပ်၍ ကြား ရ သည်။ သူ့မျက်နှာအထက်နားဆီတွင် ဆီမီးခွက်ငယ်ကို ကိုင်မြှောက် ကာ သူ့ကိုကုန်းကြည့်နေသည့် ရဟန်းအိုကြီးတစ်ပါး၏ မျက်နှာတော် ကို အနီးကပ်ဖူးတွေ့ရသည်။ တစ်ခေါင်းလုံး ဆံပင်ဖြူတို့ ထိုးထိုးထောင် ထောင်ဖြင့် သက်ရှယ်တော်အိုမင်းလွန်းလှကာ ပိန်လှီချည့်နဲ့လွန်းလှ၏။ သက်တော်ကို ခန့်မှန်းရန်ပင် ခက်လွန်းသည်။

သို့ရာတွင် မျက်ခုံးမွေးဖြူဖြူအောက်မှ မျက်ဝန်းတော်ကား ပကတိ ငြိမ်းချမ်းတည်ကြည်လှဘိ။ ကိုယ်ကို သူ့အပေါ်ကိုင်းလျက် စိုက် ကြည့်နေသော မျက်ဝန်း၌ မေတ္တာ၏အရှိန်သတ္တိများ တဖျပ်ဖျပ်ကွန့် မြူးနေသည်ကို ခံစားမိရသည်။

"အင်း ... အင်း ... ကျုပ်ဒကာ သတိရလာမင့်ပေါ့ကိုး။ ဘုရားရှင် ကျေးဇူးတော်ပေပဲ။ ဘုရားရှင် ကရုဏာတော်ပေပဲ။ ဘုရား ရှင်ရဲ့ မေတ္တာတော်ပေပဲ။ သာဓု ... သာဓု ... သာဓု ..."

တိုးညင်းသော်လည်း အားအင်ပြည့်လွန်းသည့် စကားသံက





သူ့ရင်တွင်းသို့ တိုးလျှိုစီးဝင်၏။ ကြည်ညိုသော ဇောစိတ်အဟုန်ဖြင့် ဆရာတော်အား ဝတ်ဖြည့်ကန်တော့ရန် လက်အုပ်ချီဖို့ ကြိုးစားကြည့် သည်။ မရ။

"အား ... လား ... လား ... နာလိုက်တာ။ ဘုရားကယ် တော်မူပါ"

အသည်းခိုက်အောင် နာကျင်မှုက သူ့ကိုဖိစီးသည်။ သူ့ဒဏ်ရာ သည် ငန်းမန်းတက်လျက် ရောင်ရမ်းနေပြီထင်သည်။ သူ့ကိုယ်ခန္ဓာ ကြီးက လေးလံလှ၏။

"မလှုပ်နဲ့ဒကာ ... မလှုပ်နဲ့။ ဒကာရဲ့ဒဏ်ရာက တော်တော် ရောင်နေသေးတယ်။ ယမ်းခိုးယမ်းငွေ့ဒဏ်နဲ့ လေးငါးရက်တစ်ပတ်တော့ ဒီလိုပဲရောင်နေဦးမှာပဲ။ တော်သေးတယ် ကိုယ်ပူချီသွားပေလို့။ ညလယ် ဆိုရင် အပူက အတော်ပြင်းတာ။ အင်း ... ဒုက္ခ ... ဒုက္ခ ...။

လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ အဆမတန်လောင်မြိုက် နေလေတော့ လူနဲ့လူအချင်းချင်း သူက ငါ့သတ်၊ ငါက သူ့သတ်နဲ့ သတ္တန္တရကပ်ဘေးဆိုးကြီးက တောမီးလောင်သလို လောင်ပြီပလေ။ အင်း ... အင်း ... သတ္တဝါတွေရဲ့ ကံတွေပ။ ဒုက္ခ ... ဒုက္ခ ..."

"ဦးတင်ပါရဲ့ဘုရား။ တပည့်တော်ကို ရေကလေးတစ်ပေါက် လောက် စွန့်ပါဘုရား"

"အေး ... အေး ... ခဏလေးသည်းခံ ဒကာ ... ခဏ လေး"

ဆရာတော်က ဆီမီးတိုင်ခွက်ကို သူ့ခေါင်းရင်းတွင် ခဏတင် ကာ တလှုပ်လှုပ်ရွေ့လျားလျက် ပျောက်ကွယ်သွားပြန်၏။ သူက အမိုး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြက်ကိုကြည့်ကာ လေ့လာလျက်ရှိ၏။ သူတို့ မကြာခဏ သွားခဲ့ဖူး၊ ရောက်ခဲ့ဖူးသည့် ရန်ကင်းတောင်၊ ငါးရံ့မင်းတောင်၊ ကျောက်ဆည်ဓာတ်တော်တောင်များ၌ တွေ့ရတတ်သည့် ထုံးကျောက်လိုဏ်ဂူကြီးမျိုးဖြစ်သည်။

မျက်နှာကြက်အမိုးဖြူဖြူ၌ ကျောက်ခက်ပန်းဆွဲများ တွဲရရွဲသီကျကာ စီးမိုးနေ၏။ မီးအလင်းရောင်၌ ထုံးကျောက်နံရံများက အလင်းပြန်လျက် အခန်းတွင်းဝယ် လင်းချင်းနေတော့သည်။ သူ့နေရာကလေးက ပေနှစ်ဆယ်ပတ်လည်ခန့် ခပ်ဝိုင်းဝိုင်းအခန်းကလေးလိုဖြစ်နေကာ သူ့အခန်းကိုဖြတ်လျက် လိုဏ်ပေါက်က တိုးလျှိုပေါက်တည်နေဟန်ရှိသည်။ ခြောက် ခြောက်သွေ့သွေ့၊ သန့်သန့်ရှင်းရှင်းရှိ၏။

သည်တောသည်တောင်တွင် သည်လိုကျောက်လိုဏ်ဂူကြီးမျိုးရှိသည်ဟု မကြားစဖူး၍ သူက အံ့သြချင်ချင်။ အိပ်မက်မဟုတ်။ လက်တွေ့ဖြစ်ရပ်မှန်းသိနေသည့်တိုင် အံ့သြနေဆဲဖြစ်သည်။

"အနိစ္စ၊ ဒုက္ခ၊ အနတ္တ ...။ မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှုတရားတွေချည်းသာတကား။ အင်း ... အင်း ..."

ဆရာတော်၏ ဓမ္မသံဝေဂဆင်ခြင်ပွားများသံနှင့်အတူ ခြေသံတဖျပ်ဖျပ်ကို ကြားရသည်။ တစ်နေ့ချင်းအတွင်း ကြုံရ၊ တွေ့ရသော သူ့အဖြစ်အပျက်များကို ပြန်လည်တွေးလျက် မျက်စိမှိတ်ထားလိုက်သည်။

"မထနဲ့ ... ဒကာ။ နေသာသလိုနေ။ ဘုန်းကြီး ဒီသပွတ်ခါးအူ ရေစစ်ကလေးနဲ့ ရေစက်ချပေးမယ်။ ဖြည်းဖြည်းချင်း အသာစုပ်ယူ။ လောဘတကြီး မသောက်လိုက်နဲ့ကွယ့်။ အစာရယ်၊ ရေရယ်





မဝင်တာကြာတော့ နင်သွား၊ သီးသွားတတ်တယ်။ လောဘနောက်မှာ ဒုက္ခက ကပ်ပြီးရှိနေတတ်တာကလား။ သတိကလေးထား ... သတိ သတိ ..."

ဆရာတော်၏ မေတ္တာဓာတ်အပြည့်ပါသော အသံတော်က နားနှင့်ရင်ကို အေးစေသည်။ သူ့နှုတ်ခမ်းမှတစ်ဆင့် သူ့လျှာပေါ်သို့ တစ်ပေါက်ပေါက်၊ တစ်စက်စက် ကျနေသော ရေစက်များက သူ့ဝမ်း၊ သူ့ဟာလောင်မှုကို ငြိမ်းစေသည်။ သည်ရေတစ်ပေါက်တစ်စက်သည် သူ့အသက်ဓာတ်ကို ဆက်ပေးသည့် ခွန်အားများဖြစ်ကြောင်း သူမှတစ်ပါး မည်သူမျှ သူ့လောက်သိမည်မဟုတ်တော့ပေ။

ရေအေးအေး ဝဝဝင်သွား၍ နေရထိုင်ရသည်မှာ ပို၍အဆင်ပြေလာသည်။ နောက်ကျိကိုက်ခဲနေသော ခေါင်းလည်း ကြည်လင်စပြုပြီ။ မနေ့ကကြုံခဲ့ရသည့် သူ့အဖြစ်ကို ရှင်းရှင်းလင်းလင်း ပြန်အမှတ်ရလာသည်။

"ဟင် ..."

သူထွက်ပြေးလွတ်မြောက်လာသည့်အတွက် သူ့တပ်ကြပ်လေးနှင့် သူ့ဗိုလ်မှူးတို့ မည်သို့ပြဿနာ ကြုံတွေ့နေကြပါလိမ့်။ ဒုက္ခတစ်ခုခုနှင့်တော့ ကြုံတွေ့ကြမည်ထင်၏။ သူစိတ်မကောင်း။ သူ့အပေါ်ကောင်းကြသည့် သည်ရှားရှားပါးပါး ဂျပန်စစ်သားလူကောင်းများခမျာ သူ့ကြောင့် ဒုက္ခများကြရဦးမည်ထင်သည်။

တစ်ဘဝ၊ တစ်ခန္ဓာတည်မြဲဖို့ ကိုယ်လွတ်ရုန်းခဲ့သည့် သူ့အပေါ် နောက်ဆုံးအချိန်ထိ စေတနာထားခဲ့ကြသေးသည်။ သူဝမ်းနာ၍ လုပ်ငန်းခွင်မှ ထွက်ခွာခွင့်တောင်းခံစဉ်က ဗိုလ်မှူးကာတိုမိချိစံ၏ မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



အကြည့်နှင့် တပ်ကြပ်ကလေးရှိဂေဟာရုစ်၏ အကြည့်တို့ကို အမှတ်ထင်ထင် သတိရလာသည်။ မထင်စကောင်း၊ ထင်စကောင်း သူ့အား အသက်ရှင်ဖို့ အခွင့်အရေးတစ်ရပ် ဖန်တီးပေးခဲ့ခြင်းပါတကားဟု သူတွေးသည်။ ကျေးဇူးတင်လျက် သတိရခြင်းများစွာဖြင့် မျက်ရည်များက တတွေတွေ စီးကျလာတော့သည်။

"အေး ...အေး ...ဒဏ်ရာက သိပ်များနာနေလား ကျုပ်ဒကာ။ သည်းခံကွယ့် ...သည်းခံ ...သည်းခံ။ ဘဝဆိုတာ ဇာတိရယ်လို့ ရလာပြီးကတည်းက ဒုက္ခဆင်းရဲက ကိုယ်နဲ့တစ်ပါတည်း ကပ်ပါလာခဲ့ပြီးသား။ ဘာမှ ကိုယ်စိုးကိုယ်ပိုင်မဟုတ်တဲ့ အနတ္တတရားနဲ့ ဖြစ်၊ တည်၊ ပျက် အစဉ်ကြီးထဲ တရစပ်ချုပ်ပျောက်နေတဲ့ အနိစ္စတရားတွေကလည်း ကိုယ့်ဝန်းကျင်၊ ကိုယ့်ဘေးမှာ တည်နေ၊ ရှိနေပြီးသား။ တရားဆိုတာ တောထဲတောင်ထဲထွက်၊ တစ်ခုတ်တရကြီး ပင်ပန်းကြီးစွာ ရှာဖွေနေရတာမျိုး မဟုတ်ပါဘူးကွယ်။

ကိုယ့်ခန္ဓာထဲမှာပဲ သတိနဲ့စောင့်ကြည့်၊ သည်းခံနိုင်သမျှ သည်းခံ။ သဒ္ဓါနဲ့၊ ပညာနဲ့၊ သတိနဲ့၊ ဉာဏ်နဲ့ယှဉ်ပြီး ယောနိသောမနသိကာရ အသင့်အတင့် နှလုံးသွင်းနိုင်ရင်ကိုပဲ ကျေးဇူးကြီးလှပါပြီကွယ်။ အေး ...အေး ...ပစ္စုန်ပ္ပန်တည့်တည့်ကိုရှု။ ကိုယ်ဘယ်လိုမှ ပြန်ပြီး ပြုပြင်စီရင်လို့မရနိုင်တော့တဲ့ အတိတ်ကိုလည်း စွဲလမ်းတကြီးဆုပ်ကိုင်မထားနဲ့။ လွှတ်ချထားခဲ့။ ဖြေချထားခဲ့။ စွဲသမျှဒုက္ခနော်။ ဒီလိုပဲ ...။

ဘယ်လိုမှ ပြုပြင်စီရင်လို့မရသေးတဲ့ အနာဂတ်ကိုလည်း အားကိုးတကြီး ဝမ်းပန်းတသာ လှမ်းမမျှော်လေနဲ့။ နတ္ထိနော် ...နတ္ထိ။





ာချည်းနှီး ဗလာကြီးရယ်။ ဘာမှမဟုတ်တာကြီး။ ဒီတော့ ဟောဒီပစ္စုပ္ပန်တည့်တည့်ကလေးမှာပဲနေ။ အဲဒီပစ္စုပ္ပန်ကလေးမှာ ဖြစ်မှု၊ ပျက်မှုသဘောလေးတွေကိုပဲ ဆင်ခြင်နှလုံးသွင်းနေ။ နာရင် နာတယ်ပေါ့ကွယ်။ ာတဲ့နေရာလေးတစ်ပိုက်ကို စိတ်စိုက်ထားလိုက်။ နာတယ် ...နာတယ် ...နာတယ်လို့ မှတ်နေ။

နာနေတာက အထည်ကိုယ်ကောင်ကြီး။ ရုပ်ကြီးက ...နာတဲ့သဘောလေးကို သိသိနေတဲ့ စိတ်ကလေးက နာမ်အလုပ်၊ နာမ်ကိစ္စ။ ကဲ ...အဲဒီထဲမှာ ကိုယ်မပါတော့ဘူး။ ငါမပါတော့ဘူး။ ကင်းနေ၊ လွတ်နေရော မဟုတ်လား။ တဒင်္ဂပဟာန်တော့ ငြိမ်းပေတာပေါ့ ကျုပ်ဒကာရဲ့။ အင်း ...အင်း ...အင်း ...အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ မြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှု တရားတွေပါတကား။ အင်း ...အင်း..."

ဆရာတော်ကြီး၏ စကားသံတိုးလျလျကို ကြားနေရသည်။ ပုံးစေ့ပတ်စေ့ သူမသိ၊ သူနားမလည်။ သို့သော်လည်း အငြိမ်းဓာတ်၊ ေအးဓာတ်တို့ကမူ သူ့ဆီသို့ကူးစက်ကာ ဝေဒနာလျော့ပါးသွားသလိုားရသည်။ ကြံကြံဖန်ဖန်ကြုံလာသည့် သူ့ကံကိုပဲ တစ်မျိုးလှည့်တွေးျက် ဝမ်းသာကျေနပ်နေတော့၏။

"ဆရာတော်ဘုရား ...တပည့်တော် ဒီကို ဘယ်လိုများရောက်လဲ သိပါရစေဘုရား။ ဆရာတော်ရဲ့ ကျေးဇူးတွေကိုလည်း ဦးတင်ျက်ပါဘုရား"

သည်တစ်ခါတော့ သူ့ရင်တွင်းက သိချင်လွန်းသည့်ဆန္ဒကို ိုမ်မရ၍ ဖွင့်ဟလျှောက်ထားမိရသည်။ ဆရာတော်က တ္တရြွေပိုရ၍ ျက်သွားသကဲ့သို့ မျက်နှာနေပြောင်းသွား၏။ သူ့မျက်နှာကို တည့်



www.burmeseclassic.com

www.burmeseclassic.com



တည့် စူးစူးစိုက်ကြည့်နေ၏။

"ကျုပ်ဒကာကို ဘုန်းကြီးပြောနေတာ အဲဒါပဲလေ ... ဒကာရဲ့။ သိစရာဆိုတာ သိအပ်၊ သိသင့်တဲ့အချိန်မှာ သိရမှ တန်ဖိုးရှိတာ။ မလိုအပ်တဲ့ အခါကာလမှာ သိသင့်တာထက် ပိုသိထားရင် အပိုဝန်ကြီး ထမ်းထားရသလို ရှိတော့မပေါ့။ ဘုရားရှင်ကလည်း တိတိကျကျ ဟောထားတယ်လေ။ 'အပ္ပကိစ္စောစ' ... တဲ့။ နည်းတဲ့အမှုကိစ္စ ရှိရမယ် တဲ့။ ဘဝကို ပေါ့ပေါ့ပါးပါးလေး ရင်ဆိုင်ဖြတ်ကျော်တတ်တာဟာလည်း အရေးကြီးတဲ့ဘဝ နေနည်းတစ်ခုပဲ ကျုပ်ဒကာရဲ့"

" ......"

"ကိုင်း ... ကိုင်း ... အခြေအနေကိုကြည့်လို့ နောက်သုံးလေးရက်၊ တစ်ပတ်နေရင် ကျုပ်ဒကာသိချင်တာ၊ သိသင့်တာတွေ သိလာရပါလိမ့်မယ်။ အခုတော့ ဝေဒနာ မြန်မြန်သက်သာပျောက်ကင်းအောင်သာ သည်းခံနေဦး။ ဒိက ဘုန်းကြီးအိုကြီးကိုလည်း ဝန်ပိုတွေ ထပ်မပေးနဲ့တော့။ ခဏနေ ပြောင်းဖူးဟင်းချိုလေး သောက်ရတာပေါ့။

ခုတော့ ဝေဒနာကိုပဲ ခုနဘုန်းကြီးမိန့်ခဲ့သလို သတိကပ်ပြီး ရှုချင်ရှုနေ။ ဒါမှမဟုတ်ရင်လည်း 'အရဟံ' ဂုဏ်တော်ပွားပြီး ဗုဒ္ဓါနုဿတိ ဆင်ခြင်နေပေါ့ ... ဒကာရယ်။ ကံဆိုတာ အလုပ်ကွယ့်။ အလုပ်ကောင်းမှ ကံကောင်းတတ်တာ"

"တင်ပ့ါဘုရား"

တလှုပ်လှုပ်ဖြင့် ပျောက်ကွယ်သွားပြန်သည်။

သည်ကျောက်လိုဏ်ဂူထဲတွင် မည်မျှကြာကြာနေရဦးမည် မသိ တတ်နိုင်သေး။ လုံခြုံရာအရပ်ဟုတော့ ယုံစားချင်သည်။ သည်ဂျပန်





ပုတွေ သူ့ကို တောအန္တံတောင်အန္တံ မြေလှန်ရှာကြဦးမည်ကား မုချ။ ည်ကျောက်လိုဏ်ဂူသည် သူတို့လျှို့ဝှက်လုပ်ငန်းခွင်နှင့် မည်မျှဝေး နည်း။ ဂျပန်စစ်ပုလိပ်တို့၏ သေနတ်ဒဏ်ရာကြီးနှင့် သူ့ကို သည် ုန်းတော်ကြီးအို တစ်ပါးတည်းဖြင့် သည်လိုဏ်ဂူထဲ အရောက်သယ် ောင်လာရန်ကား လွယ်ကူသည့်ကိစ္စမဟုတ်။

ဤသို့ဆိုလျှင် ...

မနေ့ညက သည်တောတောင်အတွင်း၌ သူနှင့် သူ့နောက် ် ထက်ကြပ်မကွာလိုက်လာသော ဂျပန်ကင်ပေတပ်ဖွဲ့အပြင် အခြား ်စ်စုံတစ်ယောက် ရှိနေသေးသလော။ မတွေးတတ်နိုင်ပြီ။ သူ့ဦးခေါင်း ည့် ချာလည်လည်၍ မူးရီလာပြန်လေပြီ။ ဆရာတော်ကြီးဆုံးမခဲ့သလို ်ကိုစုစည်းကြည့်နေရင်းကပင် မိန်းမောကာ အိပ်ပျော်ခြင်းသို့ရောက် ည်။

ည၏အမှောင်ထုသည် ပါးလျစပြုပြီ။

အရုဏ်၏အလင်းမျှင်များလည်း ဟိုတစ်စသည်တစ်စ နီးထစ ပြီ။ တောနှင့်တောင်သည် လှုးလွန့်လာ၏။ အိပ်ရာမှနိုးစ တောကြက်၊ ာငှက်၊ တောတိရစ္ဆာန်တို့၏ အသံဗလံများဖြင့်လည်း စည်ကားလာ ၏။

နေ့သစ်တော့မည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## ပထမပိုင်း

# 'သေရေးရှင်ရေး'

(၁ မတ်၊ ၁၉၄၅ – ၃ မတ်၊ ၁၉၄၅)

### အခန်း [ ၁ ]

❑

"မြန်မာပြည်က လူကြီးလူကောင်းတွေက ကျုပ်တို့အပေါ် ...သဘောထားတစ်မျိုး ပြောင်းနေတယ်ဆိုရင် တို့ကရော သူတို့အပေါ် ...ကြောင့် သဘောထားမပြောင်းနိုင်ရမှာလဲ ဂျင်နရယ်အီးဒါးရဲ့။ ကဲ ...ယ်လိုလဲ ပြောကြည့်ပါဦး ...။ မြန်မာပြည်စစ်မြေပြင်က လက်ရှိ ...ခြအနေနဲ့ အဲဒီအပေါ် လွတ်လပ်စွာသုံးသပ်ထားတဲ့ ခင်ဗျားရဲ့အမြင် ...။ ဒီကလူကြီး မင်းများအားလုံးကလည်း ကျုပ်လိုပဲ စိတ်ဝင်စားကြ ...ပုံမယ်ထင်ပါတယ်"

သူမနှစ်မြို့နိုင်သည့် အသံနေအသံထားကို ကြားရပြန်ပြီ။ ဂျပန် ...ရှင့်တပ်မတော်ကြီး၏ စစ်ဦးစီးချုပ်၊ ကြည်းတပ်ရေးရာဝန်ကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



အစိုးရအဖွဲ့ဝန်ကြီးချုပ်အဖြစ် လေးလံဖိစီးလွန်းလှသည့် တာဝန်... များကို ပခုံးထက်တွင်ထမ်းလျက် မဟာမိတ်တို့နှင့် ရင်ဆိုင်နေရသ... စစ်မျက်နှာအသီးသီးမှ အရေးအရာကိစ္စများကို အမြဲတစေ စဉ်း... သုံးသပ်ကာ အဆုံးအဖြတ်ပြုနေရသူ ဗိုလ်ချုပ်ကြီးတိုဂျိုကို ပုဂ္ဂိုလ်... အရ သူအလွန်လေးစားခဲ့သည်။ သူစံပြုကာ အတုယူခဲ့ရသော စစ်ခေါ်... ဆောင်ကြီးတစ်ဦးလည်း ဖြစ်ခဲ့သည်။

သို့ဖြစ်ပါလျက် အင်ဖာ–မဏိပူရစစ်မြေပြင်၌ ကြီးမားလှသ... အရှုံးကို ရင်ဆိုင်ကြုံတွေ့စေခဲ့သော စစ်နည်းဗျူဟာအမှား၊ စစ်ဆင်... စီမံချက်အမှားများအား ဆက်တိုက် မျက်စိမှိတ်ချမှတ်ခဲ့ပြီး ယနေ့ထ... တိုင် စစ်မြေပြင်အခြေအနေနှင့် မကိုက်ညီသော သုံးသပ်ဆုံးဖြတ်မှု... ကို ပြုနေဆဲဖြစ်သည့် စစ်ဦးစီးချုပ်အပေါ်၌ အားမလိုအားမရဖြစ်လျ... ရှိသည်။

စစ်မျက်နှာအသီးသီး၌ ဖြန့်ကျက်ခြေကုပ်ယူတပ်စွဲလျက် ရှိ... တို့နှင့် ထိပ်တိုက်ရင်ဆိုင်ဟန့်တားထားရသည့် စစ်မြေပြင်တပ်များ... စစ်ဦးစီးချုပ်ရုံး၏အမိန့်ကို မိနစ်၊ စက္ကန့်နှင့်အမျှ တမော့မော့လည်... ကာ အရေးတကြီး စောင့်မျှော်နေကြခိုက် ယခုအချိန်မှပင် စစ်မြေ... အခြေအနေကို စစ်ရေးသုံးသပ်မှု တင်ပြနိုင်းနေသေးသည့် စစ်ဦး... ဌာနချုပ်၏ တာဝန်မဲ့မှုကိုလည်း ဘဝင်မကျချင်။

ဗိုလ်ချုပ်ကြီးအီးဒါးက ဘေးပတ်လည်ကို တစ်ကျော့မျက်... ရွေ့ကာ ဝဲ၍ကြည့်သည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မတ်ဆုအိုက... ကို ခုကဲ၊ ဂျပန်စစ်ဦးစီးဌာနချုပ်၏ ထိပ်တန်းစစ်ဆင်ရေး အကြ... အရာရှိချုပ် မာဆာနိုဘူဆူကျီး၊ အိန္ဒိယနိုင်ငံအင်ဖာစစ်မျက်နှာ၌ ဖေ...





...၁၅ ရက် ည ၇ နာရီ ၅၀ မိနစ်ကို နောက်ဆုံးထား၍ ခွင်းချက်မရှိ ...ပြားပေးရန် မဟာမိတ်တို့၏ တောင်းဆိုမှုအပေါ် မဟာမိတ်တပ်ဖွဲ့ ...ဆောင်များနှင့် ကိုယ်တိုင်တွေ့ဆုံဆွေးနွေးခဲ့သော ဒုတိယဗိုလ်ချုပ် ...ယာမရှိတ၊ ဖျက်သိမ်းခဲ့ပြီးဖြစ်သည့် ဗမာ့လွတ်လပ်ရေးတပ်မတော် ...နာပတိဟောင်းနှင့် မိနာမိအဖွဲ့အကြီးအကဲဟောင်း ဗိုလ်မှူးကြီး ...ကိုဘူဇူကီး၊ အိန္ဒိယအမျိုး သားတပ်မတော် (အိုင်အင်အေ) နှင့် တွဲဖက် ...သည့် စစ်ဆင်ရေးအရာရှိ ဗိုလ်မှူးအီဝါးအီချီဖူကျီဝါရာတို့ကို စစ်ဦး ...ချုပ်၏လက်ဖျာဘက်စားပွဲ၌ အခန့်သားတွေ့ရသည်။

ဂျပန်ကြည်းတပ်၏ ဗဟိုစစ်ဆင်မှုအရာရှိချုပ် ဗိုလ်ချုပ်ကြီး ...ယာမက ဦးစီးချုပ်၏ လက်ဝဲဘက်ဘေး၌ မတုန်မလှုပ်မျက်နှာပေး ...ထိုင်နေ၏။ သူ့ဘေးတွင် ကပ်လျက်ရှိနေ၍လည်း သူ့မှတ်တမ်း ...ကျက်များပေါ်၌ ဗဿျူး၏ နာမည်ကျော်ဟိုက္ကူကဗျာများကို ရေးခြစ် ...ပြင်းအား တစေ့တစောင်းမြင်နေရသည်။

အရေးကြီးသည့် စစ်ဆင်ရေးအမိန့်များကို နှုတ်တိုက်ရွတ် ...ကာ နှုတ်မိန့်ချပေးနေသည့်တိုင် မည်သို့မျှ အကဲဖမ်းမရနိုင်သည့် ...ပေပေမျက်နှာပေးဖြင့် လက်ကသည်သို့ ဟိုက္ကူကဗျာတို ကလေး ...ကို တရစပ်ရေးခြစ်နေလေ့ရှိသူဟု နာမည်ကြီးသူဖြစ်သည်။

သူ့စစ်ဝတ်စုံ၌ ရှေးဆာမူရိုင်းခေတ် ကဗျာပေါင်းချုပ်စာအုပ် ...လွဲ၍ ဘာမျှထည့်မထားတတ်သူဟုလည်း နာမည်ကျော်သည်။ ယခင် ...ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးဟာတာ၊ မြန်မာပြည်စစ်မြေပြင်သေနာ ...ဟောင်း ဗိုလ်ချုပ်ကြီးကဝါဘီတို့နှင့်လည်း တစောင်းစေးနှင့် မျက် ...ပမာ အစေးမကပ်ခဲ့သူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်အတူ မြန်မာပြည်စစ်မြေပြင်မှ ပါလာသည့် စစ်ဆင်ရေးအရာရှိချုပ် ဗိုလ်ချုပ်အိဆိုမူရာ၊ ဗိုလ်ချုပ်တာနာကား၊ ဗိုလ်ချုပ်ကိမူရာ၊ ဗမာ့တပ်မတော်၏ အကြံပေးအရာရှိချုပ် ဗိုလ်ချုပ်ဆကူရိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ် မစ္စတာရင်ဆိုဇာဝါဒါ၊ သူ၏ကိုယ်ရေးအရာရှိ ဗိုလ်မှူးကြီးတို့က ရှေ့နောက်စဥ်ကာ မတ်မတ်ထိုင်လျက်ရှိကြသည်။

ဗိုလ်ချုပ်ကြီးအီးဒါးက လည်ချောင်းကိုရှင်းလျက် ပါးစပ်ပြင်သည်။

"အိန္ဒိယနိုင်ငံမှာရှိတဲ့ အာရှအရှေ့တောင်ပိုင်း မဟာမိတ်တပ်ပေါင်းစုရဲ့ အထူးအာဏာရစစ်သေနာပတိချုပ်နေရာကို မောင့်ဘက်တန်တာဝန်ယူပြီးတဲ့နောက်ပိုင်း စစ်ရေးအခြေအနေတွေဟာ ပြောင်းလဲမှုလာခဲ့တယ်။

ဝန်ကြီးချုပ်ချာချီက မောင့်ဘက်တန်ရဲ့ တစ်ခုတည်းသောတာဝန်ဟာ မြန်မာနိုင်ငံကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရေးလို့ ဦးတည်ချက်သတ်မှတ်ပေးခဲ့ပြီး မောင့်ဘက်တန်သဘောကျ လုပ်ဆောင်ခွင့်ပြုခဲ့တာဟာလည်း ဒီပြောင်းလဲမှုတွေရဲ့ အခြေခံအကြောင်းရင်းပါပဲ"

"အင်း ... ဆိုပါဦး။ ဒီအထိတော့ ကျုပ်နဲ့ အမြင်ချင်းတူတယ်"

ဝန်ကြီးချုပ် ဂျင်နရယ်တိုဂျိုက ဝင်ထောက်သည်။ သူ့အမြင်ဖြင့် ဤမျှရိုးရှင်းလွန်းလှသည့် အခြေခံအကြောင်းတရားကိုပင် အချိန်နှင့်တစ်ပြေးညီ သုံးသပ်ခြင်းမပြုနိုင်ခဲ့ဘဲ စစ်ရေးချိန်ခွင်လျှာ စောင်းထိုးကျဆင်းနေကာမှ လက်အောက်တပ်မှူးများနှင့် သဘောထားညှိနေ





ရသည့် စစ်ဦးစီးဌာနချုပ်၏ အား...ဒယားကို မနှစ်သက်နိုင်ခြင်းဖြစ်သည်။

ရှေ့တန်းစစ် မြေပြင်၌ မိမိတို့တပ်များ ရန်သူတို့၏ထိုးစစ်ကြောင့် အပြုံပြုံအလဲလဲ၊ ထိခိုက်ဆုံးရှုံးမှုကြီးစွာဖြင့် တစ်ဆုတ်ည်း ဆုတ်နေရသည့် အခြေအနေတွင် ထိုသို့ဖြစ်ပေါ်လာစေရသည့် င်းမြစ်အမှန်ကို ရှင်းရှင်းပြတ်ပြတ်မြင်ကာ အချိန်မီမကုစားနိုင်သေးင်းအတွက်လည်း စိုးရိမ်ပူပန်မိသည်။

"မောင့်ဘက်တန်က စတီးဝဲလ်၊ ဝေဗယ်၊ ဝင်းဂိတ်၊ စလင်းတို့ရဲ့တပ်တွေနဲ့ စစ်စည်းရုံးမှု၊ စစ်ပြင်ဆင်မှုကို စနစ်တကျတည်ဆောက်ပြီး တရုတ်နိုင်ငံစစ်မျက်နှာမှာ ချန်ကေရှိတ်တပ်တွေ စစ်ရေးသာနေချိန်၊ တစ်နည်း ရန်သူအင်အားကောင်းနေချိန်မှာ စနစ်တကျ စစ်စည်းပြင်ဆင်မှု ခိုင်ခိုင်မာမာမလုပ်ရသေးဘဲ အိန္ဒိယစစ်မျက်နှာကို အလောကြီး ထိုးစစ်ကြီးချီခဲ့တာဟာလည်း ဒီကနေ့ စစ်ရေးအကဲမသာမှုရဲ့ င်မအကြောင်းတရားလို့ မြင်ပါတယ်"

သူက စကားကို ခေတ္တရပ်၍ အကဲခတ်သည်။ ကျန်ပုဂ္ဂိုလ်များ အားလုံးက သူ့စကားကို ငြိမ်၍နားထောင်နေကြသည်။ ကိုယ်စိတ်တွေးများဖြင့် ငြိမ်နေကြခြင်းလည်း ဖြစ်နိုင်သည်။ ဆွေးနွေးနေသည့် အကြောင်းအရာပေါ် လုံးဝစိတ်မဝင်စားသည်လည်း ဖြစ်နိုင်သည်။

ဗိုလ်ချုပ်ကြီး စုဂီးယာမလိုအာရုံကကို ဤစစ်ဆင်ရေးခန်းမတွင်း လုံးလုံးရှိမနေသည်လည်း ဖြစ်နိုင်သေးသည်။ ဆာမူရိုင်းပွဲကောင်း ကဗျာဆရာ 'ဆိုးကန်စံ' ၏ ဟိုက္ကူကဗျာကလေးများအား ကုပ်ကုပ်ရေးခြစ်နေခြင်း၌သာ သူ့စိတ်အာရုံက ကျက်စားလျက်ရှိရာ



www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးနေသည့် စကားသံများကို ကြားပင်ကြားပါလေစဟု သံသယဝင်ရတော့မလိုဖြစ်နေသည်။

"အာရှတောင်ပိုင်းတစ်ခုလုံးနဲ့ ပတ်သက်တဲ့ ဂျပန်စစ်ဆင်မှုရဲ့ အဓိကရည်မှန်းချက်ဟာ မြန်မာပြည်လမ်းမကြီးကို ပိတ်ဆို့ဖို့ဖြစ်တဲ့အတွက် အိန္ဒိယအမျိုးသားတပ်မတော်ကို အင်အားတောင့်တင်းအောင် အခြေအနေသစ်တစ်ရပ် ဖန်တီးပေးတာဟာ ရန်သူမဟာမိတ်တွေကို အခက်အခဲတွေ့အောင် တွန်းပို့ပေးတဲ့ဗျူဟာဆိုတာကိုတော့ ဂျင်နရယ် လက်ခံတယ်မဟုတ်လားခင်ဗျာ။ 'ကိုယ်ကသာမတိုက်ရင် ကိုယ်ရှုံးမယ်' ဆိုတဲ့ စစ်အခြေခံသဘောတရားဟာ ရိုးရိုးကလေးပါ"

စစ်ဆင်ရေးအကြံပေးအရာရှိချုပ် မာဆာနိုဘူဆူဂျီးက သူဦးစီးတင်ပြခဲ့သည့် အိန္ဒိယထိုးစစ်အပေါ် ခုခံကာကွယ်စကားဆို၏။ 'အာရှတောင်ပိုင်းကို ဂျပန်က ထိုးစစ်ဆင်တိုက်ခိုက်သင့်သည်ဟု တိုက်တွန်းထားသည့် သေနင်္ဂဗျူဟာအမြင်နှင့် ထိုသို့တိုက်ခိုက်မှုမှာ တရားမျှတမှုရှိသည်။ ချိန်ခါသင့်စစ်ရေး လိုအပ်ချက်တစ်ရပ်ဖြစ်သည်' ဟူသောသဘောထားကို ဆုပ်ကိုင်လျက် ဂျပန်စစ်ဦးစီးဌာနချုပ်သို့ ဆူဂျီးက တွန်းတွန်းထိုးထိုး တင်ပြခဲ့ခြင်းဖြစ်သည်။

မလေးကျွန်းဆွယ်ကို မြောက်ဘက်မှတောင်ဘက်သို့ အလျားလိုက်ဖြတ်ကျော်ချီတက်ပြီး အင်္ဂလိပ်တို့၏ စင်ကာပူခံတပ်ကြီးကို နောက်ကျောမှ ထိုးဖောက်တိုက်ခိုက်ရန်အတွက် ပြောက်ကျားတိုက်ပွဲသဏ္ဍာန် စစ်ဆင်ရေးစီမံကိန်းအား ပြောင်းလွယ်ပြင်လွယ် 'စီမံချက်အရှင်' များဖြင့် ရေးဆွဲတင်ပြခဲ့သည်။

ထိုမျှမက အာရှတောင်ပိုင်းဒေသ တောတောင်များအတွင်း





'ပြောက်ကျားစစ်နည်းဗျူဟာ' စစ်သင်တန်းတစ်ခုကိုလည်း ၎င်းကပင် းစီးဆောင်ရွက်ခဲ့သေးသည်။ ရည်ရွယ်သည့်အတိုင်းလည်း ၁၉၄၂ ခုနှစ် န်းစတွင်ပင် ကမ္ဘာကျော်စင်ကာပူခံတပ်ကြီးကို ပြောင်မြောက်စွာ စ်ဆင်သိမ်းယူနိုင်ခဲ့၏။ ထိုအချိန်မှစတင်ကာ ဆူဂျီး၏ဩဇာသည်လည်း ျပန်စစ်ဦးစီးဌာနချုပ်၌ ဝင်ဆံ့အရေးပါလာခဲ့သည်။

"မဟာအာရှစစ်ပွဲဟာ အာရှနိုင်ငံတွေကို ကိုလိုနီဘဝတွေက ွတ်မြောက်ရေးအတွက်ရည်မှန်းတဲ့ စစ်ပွဲဖြစ်တယ်ဆိုတဲ့ ဓာတ်ပြား ာင်းကြီးတော့ တဆိတ် ထပ်မဖွင့်ကြပါနဲ့ဗျာ။ မိမိကိုယ်မိမိ၊ မိမိ ိုင်းပြည်၊ မိမိကာကွယ်ရေးအတွက် ဆင်နွှဲတဲ့စစ်ပွဲကို မဟာအာရှသာ ညီမျှကောင်းစားရေးဆိုတဲ့ အပေါ်ယံ ဟန်ဆောင်မျက်နှာဖုံးစွပ်ထား ာ လူကြီးမင်းတို့အားလုံး အသိပဲမဟုတ်လား"

တစ်ချိန်လုံးငြိမ်၍ သူ့ဟိုက္ကျူကဗျာများနှင့်သူ အလုပ်ရှုပ်နေ သော ဂျင်နရယ်စုင်းယာမက သံပြတ်ဖြင့်ပြောသည်။ သူ့စစ်ဆင်ရေး ျက်များသည် တိုတောင်းသော်လည်း တိကျရှင်းလင်းကာ ထိရောက် ှိသည်။

စစ်ဌာနချုပ်၏ ရည်ရွယ်ချက်၊ ပန်းတိုင်နှင့် ပင်မအခြေခံ ျာရိုးပြုရမည့် စစ်နည်းဗျူဟာကိုသာ တိတိကျကျ ကန့်သတ်ပေး ြီး စစ်မြေပြင်ရှိ တပ်မှူးများက နေ့စဉ်ပြောင်းလဲဖြစ်ပေါ်နေသည့် ရေးအခြေအနေများအတိုင်း မိမိတို့အစီအစဉ်ဖြင့် လွတ်လပ်စွာ ားခွင့်ပြုထားသည့်အတွက် လှုပ်ရှားတပ်များက ပို၍သဘောကျ ှိသည်။

အပိုစကားမဆို၊ အပိုလှုပ်ရှားမှုမရှိတတ်သည့် ရိုးရှင်းပြတ်



www.burmeseclassic.com

www.burmeseclassic.com



သားသော သည်စစ်ဗိုလ်ချုပ်ကြီးက ထိန်းကွပ်ထား၍သော ဂျပန်တ ‌တော်ကြီးများ ဟန်ချက်မပျက် တည်နေနိုင်ခြင်းဖြစ်၏။ စစ်မြေပြ များတွင်သာ အနေများသူမို့လည်း ဆူဂီးတို့လို စာရွက်ပေါ်၌ ဉာ ကစားထားသည့် စစ်ဆင်ရေးစီမံကိန်းများ ရေးဆွဲသူတွေကို အထ မကြိုက်။

ခေတ္တမျှ ငြိမ်သွားကြသည်။ မာဆာနိုဘူဆူဂီးက ထပ်၍ အတွ တက်ဆင်ခြေပေးနိုင်ရန် စကားလုံးရှာနေသည်။ စစ်ဦးစီးချုပ် ဗိုလ်ချ ကြီးတို့ဂျိုက သူ့စစ်ဗိုလ်ချုပ်များ၏ မျက်နှာကို တစ်ဦးချင်းစီ ဝေ့ ကြည့်ကာ တစ်စုံတစ်ရာကို အတွေးနက်နက် စဉ်းစားနေ၏။

"အာရှဒေသမှာ အင်္ဂလိပ်တို့ရဲ့ စစ်ရေးအရ အဓိကအချ အချာ ပင်မသွေးကြောဟာ စင်ကာပူပဲ။ စင်ကာပူကို ထိုးစစ်ဆင် အင်္ဂလိပ်ကို မောင်းထုတ်နိုင်ရင် အာရှဒေသက အဖိနှိပ်ခံပြည်သူ ကိုလည်း လွတ်မြောက်စေမယ်။

တစ်ဖက်မှာရှိနေတဲ့ ဂျပန်–တရုတ်စစ်ပွဲကို အသာစီးနဲ့ ပြီး ရေးမှာလည်း အထောက်အပံ့ဖြစ်စေမှာပဲမဟုတ်လား။ အလားတူ အင်ဖာ–မဏိပူရ ထိုးစစ်သစ်ကြီးဟာလည်း မဟာမိတ်တွေရဲ့ ချန် ရှိတ်ကို အထောက်အကူပေးနေတဲ့ အင်ဖာ–ကူမင်းသွား လီဒိုလမ် ကြီးကို ပိတ်ဆို့ဖြတ်တောက်ပစ်လိုက်ဖို့ပဲ မဟုတ်ပါလား"

"ဒါက လူကြီးမင်းရဲ့စိတ်ကူးထဲက အတွေးလေ။ စစ်မြေပြ မှာ နှစ်ခါထပ်သုံးတဲ့ သေနင်္ဂဗျူဟာဆိုတာ ကိုယ့်ကိုယ်ကိုယ်သတ်သေ ကြီးကျစ်ပြီး ရန်သူကိုကမ်းပေးလိုက်တာနဲ့ အတူတူပဲ ကျူပ်လူရဲ့"

ဗိုလ်ချုပ်ကြီးစုငီးယာမ၏စကားက သူတို့ရင်ထဲသို့ စူး





က်ဝင်သည်။ စစ်ဦးစီးချုပ်သည်ပင် သူ့ဗိုလ်ချုပ်ကြီးကို တစ်ချက်လှမ်း ကြည့်ကာ ခေါင်းညိတ်လိုက်သည်။ ပြီးလျှင် ဒုတိယဗိုလ်ချုပ်ကြီးယာမ တဘက်သို့လှည့်၍ ...

"ကဲ ... အင်ဖာစစ်မြေပြင်အခြေအနေကလေး အကျဉ်းချုပ် ပြောပါဦး ဂျင်နရယ်"

ဟု အမိန့်ပေးလိုက်သည်။

"၁၉၄၄ မတ်လလယ်ထိ အမှတ် (၁၅)၊ အမှတ် (၃၁) နဲ့ (၃၃) ဖိတပ်မကြီးတွေဟာ ချင်းတွင်းမြစ်ဝှမ်းနဲ့ ရခိုင်ရိုးမကိုကျော်ပြီး အိန္ဒိယ ကို အောင်မြင်စွာ ချီတက်နိုင်ခဲ့ပါတယ်။ စစ်ပွဲရဲ့ ကနဦးအခြေအနေ မှာ စလင်းရဲ့ အမှတ် (၁၄) တပ်မတော်ကို ပြတ်ပြတ်သားသား တိုက် က်ချေမှုန်းနိုင်ခဲ့ပြီး မဟာမိတ်တပ်တွေရဲ့ လမ်းပန်းအဆက်အသွယ် ကိုလည်း ဖြတ်တောက်နိုင်ခဲ့တယ်။

မဏိပူရလွင်ပြင်က အင်ဖာနဲ့အာသံနယ်ခြား ကိုဟီးမားမြို့ တွေမှာ မဟာမိတ်တပ်တွေအများအပြားကို ဝိုင်းပတ်ပိတ်ဆို့ထားနိုင် တယ်။ အိန္ဒိယနိုင်ငံမှာ ပြောင်းရွှေ့ရုံးစိုက်နေတဲ့ ဆာဒေါ်မန်စမစ် အစိုးရ ဖွဲ့တွေတောင် ထိတ်လန့်တုန်လှုပ်နေကြရအောင် ခြိမ်းခြောက်နိုင်ခဲ့ တယ်။ ဒါပေမဲ့ အဲဒီလိုအကဲသာနေတဲ့ စစ်ရေးအခြေအနေကို ကြာ ည့်ထိန်းမထားနိုင်ဘဲ အပြီးသတ် အဆုံးအဖြတ်ထိုးစစ်ကြီးကိုလည်း ဝင်နွှဲလိုက်နိုင်ခဲ့ဘူး"

"ဘာကြောင့်လဲ"

ဂျင်နရယ်တိုဂျိုက ဖြတ်၍မေးသည်။

"ကျွန်တော်တို့ ဂျပန်တပ်တွေက ကိုယ့်အခြေခံစခန်းနဲ့ ဝေး



www.burmeseclassic.com

www.burmeseclassic.com



လွန်းတယ်။ လူမနီးသူမနီး တောကြီးတောင်ကြီးတွေကို ရက်ပေါင်းများစွာ ဖြတ်သန်းတိုက်ခိုက်နေရတယ်။ လက်နက်၊ ခဲယမ်းမီးကျောက်၊ ရေ၊ ရိက္ခာကို အချိန်မီ အလျှံမပြတ် ထောက်ပံ့ဖြည့်တင်းဖို့လည်း မလွယ်ဘူး။

အခြေခံစခန်းဖြစ်တဲ့ မြန်မာပြည်စစ်မြေပြင်မှာ ဝင်းဂိတ်ရဲ့ ခြင်္သေ့တပ်တွေက နောက်ကျောက ဝင်ဖြတ်နေတယ်။ စတီးဝဲလ်ရဲ့ လီဒိုလမ်းမကြီးကိုလည်း မစီးနိုင်တော့ဘူး။ ကိုယ့်ရဲ့တပ်တွေကိုတောင် ရန်သူက ပြန်ပြီးခြိမ်းခြောက်လာနေတယ်။ အဓိကအဆုံးအဖြတ်ကတော့ တိုက်ခိုက်ရေးတပ်တွေနဲ့ ထောက်ပံ့ရေးအခြေခံစခန်းတွေအကြား ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်သွားတာပဲ''

''ဟုတ်တယ် ... မြန်မာပြည်မှာ လျှပ်တစ်ပြက်စစ်ဆင်ရေးဆိုပြီး ကျွန်တော်တို့စစ်ကြောင်းတွေရဲ့ နောက်ပိုင်းမှာ ဝင်မွှေနေတဲ့ ဝင်းဂိတ်ရဲ့ ခြင်္သေ့တပ်ဖွဲ့ဟာ လက်ရွေးစင်အင်အား သုံးထောင်ပဲပါတယ်။ ဗြိတိန်ဘုရင့် တပ်မတော်က တပ်ရင်း ၁၃၊ ဂေါ်ရခါးရိုင်ဖယ်တပ်၊ အမှတ် (၂) ဘားမားရိုင်ဖယ်တပ်တွေနဲ့ ဖွဲ့စည်းထားတာ။

ခြင်္သေ့တပ်မဟာကို စစ်ကြောင်းကြီး ခုနစ်ကြောင်းခွဲပြီး စစ်ကြောင်းတစ်ကြောင်းမှာ စစ်ကြောင်းမှူးဗိုလ်မှူးတစ်ဦး၊ အရာရှိရှစ်ဦး၊ အခြားအဆင့်နှစ်ရာငါးဆယ်၊ လားနဲ့မြင်းအကောင် ငါးဆယ်စီနဲ့ ဖွဲ့စည်းပေးထားတယ်။ ပေါ့ပေါ့ပါးပါး၊ လျင်လျင်မြန်မြန် လှုပ်ရှားနိုင်တဲ့ ခြင်္သေ့တပ်ဖွဲ့သုံးထောင်ဟာ ချင်းတွင်းမြစ်ဝှမ်းဒေသက ကျုပ်တို့စစ်နယ်ဝန်းကြီးတစ်ခုလုံးကို ကျုံ့သွားအောင်၊ ခြေမဆန့်သာအောင် ထိန်းချုပ်ပြီး လှုပ်ရှားနိုင်ခဲ့ကြတယ်''





ဂျင်နရယ်ယာမရှိတ၏ ရှင်းပြချက်အား ဗိုလ်ချုပ်ဆကူရိုင်းက လက်ရှိစစ်မြေပြင်အခြေအနေများဖြင့် ဖြည့်စွက်ဆွေးနွေးသည်။ စားပွဲဝိုင်းပတ်ပတ်လည်ရှိ ပုဂ္ဂိုလ်များအားလုံးက ခေါင်းတညိတ်ညိတ်ပြုကာ ရှင်းပြချက်ကို အသိအမှတ်ပြုကြသည်။ ဗိုလ်ချုပ်ကြီးစုငီးယာမက စစ်ဆင်ရေး ညွှန်ကြားခန်းမကြီးထဲရှိ နီပွန်ဘုရင့်တပ်မတော်သုံး နေဝန်းနီအလံကြီးကိုငေးကြည့်ကာ ခပ်မိန့်မိန့်ပြုံးလိုက်သည်။

သည်စကားကို ပြောလည်းပြောချင်သည်။ စကားလုံးတို့က ရင်ထဲမှ အလုအယက်တိုးဝှေ့ထွက်နေကြလေရာ လည်ချောင်းပင်ယားနေ၏။ ပြောသင့်၊ မပြောသင့် ချိန်ဆနေရသည်။ ၁၉၄၄ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ စစ်မျက်နှာအသီးသီး၌ စစ်ရေးအနေအထားနိမ့်ပါးမှုများ ကြုံနေရခိုက် ကိုယ့်ပေါင်ကိုယ်လှန်ထောင်း သင့်၊ မသင့် စဉ်းစားနေရခြင်းဖြစ်သည်။ မပြောမပြီး၊ မတီးမမြည် ပြောသင့်သမျှတော့ ပြောရပေမည်။

ခန့်ညားတောက်ပြောင်သော စစ်ဦးစီးဌာနချုပ်ရုံး၌သာ လူထုကာ၏အလေးပြုခြင်းကို မိန့်မိန့်ကြီးခံယူလျက် ဒိုဘိကျစစ်ဝတ်စုံ အဆောင်အယောင်များနှင့် ပျော်မွေ့နေကြပြီး တကယ့်စစ်မြေပြင်တိုက်ပွဲများကြားသို့ အလည်အပတ်ပင်မရောက်ဖူးသေးသည့် စစ်ဆင်ရေးဦးစီးအဖွဲ့ကို သိသင့်ရာရာ ပြောတော့ပြောရဦးမည်။

''စစ်ရဲ့အခြေခံသဘောနဲ့ ကြည့်ရင်ကိုပဲ မဟာမိတ်တပ်တွေနဲ့ ကျုပ်တို့တပ်တွေရဲ့ ကွာခြားချက်ကြီးဟာ တဖြည်းဖြည်း သိသာလာနေတာကို သတိပြုမိကြရဲ့လား။ ကျုပ်တို့တပ်တွေကို တပ်ဖွဲ့အလိုက် စစ်ဆင်နည်းတွေဖြစ်တဲ့ ရန်သူတပ်ဖွဲ့ကို ဝိုင်းပတ်ပိတ်ဆို့တဲ့နည်း၊ တပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြန့်တဲ့နည်း၊ တိုက်ခိုက်ချေမှုန်းတဲ့နည်းတွေကိုပဲ သင်ပေးခဲ့ကြပြီး 'စစ်ပွဲ ဆိုတာ ဘာလဲ' ဆိုတာ သင်မပေးခဲ့ကြဘူး။

ကြည်းတပ်စစ်တက္ကသိုလ်တွေမှာလည်း တပ်ရင်းအဆင့်၊ တပ်မ အဆင့် စုဖွဲ့ဆင်နွှဲရတဲ့ စစ်ပွဲကြီးတွေအတွက်လောက်ပဲ စစ်သေနင်္ဂဗျူ ဟာတွေ သင်ကြားပေးခဲ့ကြပြီး စစ်ဆင်ရေးစီမံချက်တွေ ဆွဲခဲ့ကြတယ်။ စစ်ပွဲဆိုတာ ဘာလဲ။ ပူးပေါင်းစစ်ဆင်ရေးကြီးတွေ၊ တပ်ပေါင်းစုကြီး တွေကို ဘယ်လိုစုဖွဲ့ စစ်ဆင်ရေးလုပ်ကြမလဲဆိုတဲ့ စစ်မြေပြင်မှာ လက် တွေ့ကြုံနေရစမြဲ စစ်ရေးလိုအပ်ချက်တွေကို သင်ကြားမပေးနိုင်ခဲ့ဘူး။

ဒါပေမဲ့ ကျုပ်တို့ရန်သူ မဟာမိတ်တပ်တွေကတော့ စစ်နယ် ဝန်းတစ်ခုတည်းမှာပဲ နိုင်ငံမတူ၊ လူမျိုးမတူတဲ့ တပ်ပေါင်းစုတပ်မဟာ ကြီးတွေကိုတောင် ဟန်ချက်ညီညီ ပူးပေါင်းစစ်ဆင်နိုင်အောင် သင်ကြား လေ့ကျင့်ပေးထားကြတယ်။ အာရှတောင်ပိုင်းစစ်မျက်နှာမှာ ကျုပ်တို့ တပ်တွေ စစ်ရေးအကဲမရဘဲ ယာယီရှုံးနိမ့်နေရခြင်းမှာ ဒါလည်း အရေး ကြီးတဲ့ အကြောင်းတစ်ရပ်ပဲ''

ဂျင်နရယ်စုငီးယာမက အားလုံးကို ခြုံငုံသုံးသပ်ကြည့်ခြင်း ဖြစ်သည်။

"ကဲ ...လူကြီးမင်းတို့ကို ကျုပ်မေးပါရစေ။ အခု မြန်မာ ပြည်စစ်မြေပြင်မှာ ကျုပ်တို့တပ်တွေရဲ့အင်အား ဘယ်လောက်ရှိသလဲ၊ ရန်သူမဟာမိတ်တပ်တွေရဲ့အင်အား ဘယ်လောက်ရှိသလဲ။ လူကြီးမင်း တို့ သိကြပါရဲ့လား''

အားလုံး ငြိမ်သွားသည်။ ယနေ့စစ်ဆင်ရေး အစည်းအဝေး၌ အဓိကအကြောင်းအရာနှင့်ဆိုင်သောမေးခွန်းကို ပထမဆုံးစတင်ကြား





ခြင်းဖြစ်၏။ စစ်ဦးစီးချုပ် ဂျင်နရယ်တိုက်ဂျိုကိုယ်တိုင်ပင်လျှင် ခါးမတ် ာကာ မျက်လုံးများပြူး၍ ဘာပြောမည်နည်းဆိုသည်ကို နားစွင့်နေ ၏။

''ကိုင်း ...ဗိုလ်ချုပ်အီဆိုမူရာစံ။ ခင်ဗျားကပဲ စောစောက ျုပ်ရုံးခန်းမှာ ခင်ဗျားနဲ့ ကျုပ်ရဲ့စစ်ဆင်ရေးအရာရှိချုပ်တို့ အသေးစိတ် ကျက်ချက်ထားတဲ့ စစ်ရေးအင်အားစာရင်းကို အားလုံးသိအောင် ပြောပြ ိုက်စမ်းပါဦး''

ဂျပန်စစ်ဦးစီးဌာနချုပ်ရုံး၊ စစ်ဆင်ရေးဆိုင်ရာဌာနကြီး တည် ည့်အခန်းများမှာ စစ်ရုံးတစ်ရုံးထက် သိပ္ပံပညာရပ်ဆိုင်ရာ ဘွဲ့ယူ ာတမ်းများ ပြုစုနေသည့် သုတေသနခန်းမတစ်ခုနှင့်ပင် တူနေသေး ည်။ ဌာနအကြီးအကဲ ဗိုလ်ချုပ်ကြီးစုငီးယာမက စိတ်ကြိုက်ဖွဲ့စည်း ျက် ပုံစံသွင်းထားသဖြင့်လည်း စစ်ဆင်ရေးဌာနကြီးရှိ အရာရှိကြီး ယ်များမှာ တက္ကသိုလ်ဆရာများ၊ ကထိက၊ ပါမောက္ခများပမာ ကမ္ဘာ ဝှမ်းလုံး၌ တပ်ဖြန့်ထားသည့် ဂျပန်တပ်တော်များ၊ တပ်မဟာကြီး ျား၊ စစ်ကြောင်းကြီးများတည်ရာ စစ်နယ်ဝန်းအလိုက် ကိန်းဂဏန်း ျက်အလက်များကို တကုပ်ကုပ် တိတိကျကျ ထောက်လှမ်းစုစည်း ျက် စစ်ဦးစီးချုပ်ထံ တင်ပြကြရသည်။

အရေးကြီးသော အချက်အလက်များကိုလည်း ဆိုင်ရာဒေသ ဦးစီးဌာနချုပ်များနှင့် တပ်မှူးများထံ ဖြန့်ဝေပေးနေရသည်။ ဗိုလ် ချုပ်အီဆိုမူရာသည် တိုကျိုရောက်ကတည်းက သည်အခန်းတွင် နေ့နေ့ ညည တွဲဖက်အလုပ်လုပ်ခဲ့ကာ မြန်မာပြည်စစ်မြေပြင်ဆိုင်ရာ အချက် အလက်များကို ပြည့်ပြည့်စုံစုံ စုဆောင်းနိုင်ခဲ့ပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျင်နရယ်အီဆိုမူရာသည် သက်ပြင်းကို မျိုချသည်။ သူသိထားသမျှ အချက်အလက်ကိန်းဂဏန်းများက တကယ့်အန္တရာယ်ဆိုးကြီးတစ်ရပ်ဆီသို့ ဦးတည်ညွှန်ပြနေသည်။ ရလဒ်မကောင်းနိုင်သည့် နိဂုံး၏အလားအလာများကို လှစ်ဟနေသည်။ တန်ဖိုးပေါင်းများစွာ ပေးဆပ်ရင်းနှီးရတော့မည့် ကစားပွဲကြီး၏အပြေကို နိမိတ်ဆိုးပြနေသည်။

ဤအဖြစ်မှန် အချက်အလက်များက သူတို့ဂျပန်ဘုရင့်တပ်မတော်ကြီး၌ ကိုယ်ပေါ်တွင် အပူနာ အနာစိမ်းကြီးများ ပေါက်နေသည်သို့ တဖြည်းဖြည်း ပြွတ်သီးခဲ၍လာနေသည်။ အချိန်မီ မျက်စိမှိတ်၊ အံကြိတ်၍ ရင်းမှည့်နေသည့် သွေးပုပ်ပြည်ပုပ်များကို အနာခံညှစ်ထုတ်မပစ်နိုင်ပါက တဖြည်းဖြည်း အနာဆိပ်တက်လျက် ငန်းမန်းဖမ်း ရောင်ရမ်းကာ အသက်ကိုပင် အန္တရာယ်ပြုလာတော့မည်။

ဤလိုအချိန်မျိုးတွင် သည်မျှထင်ရှားလာနေသည့် စစ်ရေးအနိဋ္ဌာရုံအော်သံများကို မျက်စိမှိတ်၊ နားပိတ်ကာ အဘယ့်ကြောင့် နေနိုင်ကြသည်ကိုလည်း သူစဉ်းစား၍မရ။

သူ့ကိုကြည့်နေကြသည့် မျက်ဝန်းများအား တည့်တည့်ရင်ဆိုင်လျက် သူစပြောသည်။

"လက်ရှိ မြန်မာပြည်စစ်မျက်နှာမှာ အရပ်ရပ်စုဖွဲ့ထားတဲ့ ဂျပန်စစ်သည်အင်အားက သုံးသိန်းနှစ်သောင်း၊ ဆူဘတ်ချန်ဒရာဘို့စ်ရဲ့ အိန္ဒိယအမျိုးသားတပ်မတော် (အိုင်အင်အေ) နဲ့ ဗိုလ်မှူးကြီးဆူဇူကီတို့ရဲ့ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) နှစ်ရပ်ပေါင်းအင်အားက နှစ်သောင်းငါးထောင်၊ မိမိအင်အား သုံးသိန်းလေးသောင်းငါးထောင်ကျော် ဖြစ်ပါတယ်"





"အင်ဖာက ဆုတ်လာတဲ့ အမှတ် (၂၅) တပ်မ အင်အားတွေပါ စုဖွဲ့မိပြီလား"

"ဟုတ်ကဲ့ ...။ အားလုံးဟာ မြန်မာပြည်နယ်နိမိတ်ထဲကို ဟုတ်လာပြီး ရခိုင်ရိုးမ၊ ချင်းတွင်းမြစ်ဝှမ်းဒေသနဲ့ မြောက်ဘက်တောင်တန်းဒေသတွေမှာ မဟာမိတ်တပ်တွေကို ထိပ်တိုက်ရင်ဆိုင်ထားပါတယ်"

"အေး ... အေး ... ဆက်ပါဦး"

"စစ်မျက်နှာရဲ့ အခြားတစ်ဖက်က ရန်သူမဟာမိတ်တပ်တွေကတော့ အင်္ဂလိပ်-အိန္ဒိယစစ်သည် တစ်သန်းနှစ်သိန်း၊ သီဟိုဠ် - အာဖရိကတေးလျှတပ်သား တစ်သိန်း၊ ချန်ကေရှိတ်ရဲ့ ယူနန်တရုတ်စစ်သည် ငါးသိန်း၊ ချန်ကေရှိတ်ရဲ့ တရုတ်တပ်တွေကို ကူညီရင်း ပါလာတဲ့ အမေရိကန်တပ်သားတစ်သိန်း၊ စုစုပေါင်း တစ်သန်းခြောက်သိန်းဖြစ်ပါတယ်။ ရန်သူနဲ့ မိမိတပ်ရဲ့အင်အား အချိုးအနေနဲ့ နှိုင်းယှဉ်ကြည့်ရင် ငါးချိုးတစ်ချိုးသာသာပါပဲခင်ဗျ"

"ဟေ ..."

"မြတ်စွာဘုရား ..."

"သေချာရဲ့လား ဗိုလ်ချုပ်"

ပဒူအုံကို တုတ်နှင့်ထိုး၍ ဆွပေးလိုက်သလိုရှိသည်။ စစ်ဆင်ရေးဌာနမကြီးတစ်ခုလုံး အသက်ဝင်လာသည်။ သူတို့သိလိုက်ရသည့် အချက်အလက်ကိန်းဂဏန်းများက သူတို့အား အသက်ရှူဖို့ကိုပင် ခေတ္တမေ့လျော့သွားစေတော့သည်။

"ဒါဟာ ကြည်းတပ်ရေးရာဝန်ကြီးဌာန၊ ရာထူးခန့်အပ်ရေးဌာနမှူး ဒုတိယဗိုလ်ချုပ်ကြီး တိုမိနာဂါနဲ့ ဗဟိုစစ်ဦးစီးဌာန စစ်ဆင်ရေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရာဌာနမှူး ဒုတိယဗိုလ်ချုပ်ကြီးတာနာကားတို့ စိစစ်အတည်ပြုပြီးတဲ့ အချက်အလက်တွေပါခင်ဗျာ။

စိတ်ချယုံကြည်နိုင်တဲ့ သတင်းရင်းမြစ်တွေက ရယူစုဆောင်းထားတာပါ။ မြန်မာပြည်စစ်မျက်နှာက ကင်ပေ (စစ်ပုလိပ်) အကြီးအကဲ ဗိုလ်မှူးကြီးယာမာဒါရဲ့ လျှို့ဝှက်အစီရင်ခံစာတွေနဲ့လည်း တိုက်ဆိုင်စိစစ်ပြီးပါပြီ။ အနီးစပ်ဆုံး ကိုက်ညီပါတယ် ဦးစီးချုပ်''

''အင်း ...''

ဂျင်နရယ်တိုဂျိုက သံရှည်ကြီးဆွဲ၍ သက်ပြင်းချသည်။ သူထင်ထားသည်ထက်ပင် အခြေအနေက ဆိုးနေသေးသည်။ တရုတ်ပြည်စစ်မျက်နှာနှင့် အမေရိကန်အရေးကိစ္စ၊ ဟစ်တလာ၏ နာဇီတပ်များ ရုရှစစ်မျက်နှာတွင် ဆိုးဆိုးဝါးဝါး ရှုံးနိမ့်နေရသည့်အခြေအနေ၊ မဟာမိတ်တပ်များဘက်မှ အကျိုးဆက်ကြီးမားပြင်းထန်သော အဖျက်စွမ်းအားမြင့် လက်နက်ဆန်းတစ်မျိုးကို လျှို့ဝှက်ထုတ်လုပ်နေသည့်ကိစ္စ၊ စစ်မျက်နှာအသီးသီးတွင် ဖြန့်ကျက်ထားသည့် တပ်တော်များအားလုံး အတွက် စစ်အသုံးစရိတ်နှင့် စစ်ထောက်ပံ့မှုရံပုံငွေများ အလျှံပယ်အေ ရရှိရေးကိစ္စ၊ ပြည်တွင်း၌ တစ်စထက်တစ်စ ကြီးထွားလာနေသည့် ကွန်မြူနစ်အဖွဲ့အစည်းနှင့် အစိုးရဆန့်ကျင်ရေးအဖွဲ့အစည်းများ၏ အရေး ကိစ္စတို့၌ လုံးလည်ချာလည် လိုက်နေခဲ့မိသဖြင့် မြန်မာပြည် စစ်မျက်နှာ အရေးကို ယာယီအဆက်ပြတ်ခဲ့မိသည်။ သူ၏စစ်ဆင်ရေးမှူးကြီး ဂျင် နရယ်စိုင်းယာမကို အားကိုးယုံကြည်စွာ လွှဲထားခဲ့၏။

ယခုမူ မြန်မာပြည်စစ်မျက်နှာ၏ အရေးကိစ္စက ကမ္ဘာ ဝှမ်းလုံး၌ ဂျပန်ပါဝင်ဆင်နွှဲနေသော စစ်ပွဲကြီးအတွက် အရေးပါ





ဆုံးအဖြတ်များကို တောင်းဆိုနေပြီ။ သူ့လက်အောက် တပ်မှူးအသီး သီးက အချိန်နှင့်အမျှ သူ့အမိန့်ကို ငံ့လင့်နေကြပြီ။

''အဲဒါဟာ စစ်ရေးအင်အား နှိုင်းယှဉ်ချက်သက်သက်သာ ရှိ ပါသေးတယ် လူကြီးမင်းများခင်ဗျား။ တိုက်လေယာဉ်၊ ဗုံးကြဲလေယာဉ်၊ ချပ်ကာကားတွေ၊ တင့်ကားတွေ၊ ယန္တယားတပ်တွေ၊ စစ်သုံးမော် တော်ယာဉ်တွေ၊ စစ်လက်နက်ပစ္စည်းတွေချင်း နှိုင်းယှဉ်မပြောသေးဘူး။ အချက်အလက်တွေကိုပါ ချပြလိုက်ရင် လူကြီးမင်းတို့ သိပ်အံ့သြ သွားကြလိမ့်မယ်''

ဂျင်နရယ်စိုင်းယာမက ငါးသေကောင်၏ မျက်နှာမျိုးဖြင့် အေး စက် ထောက်ပြလိုက်သည်။ စစ်ပွဲ၏အဆုံးအဖြတ်ကို ကိုင်တွယ် ပကာ အမျိုးမျိုးချက်ပြုတ်ကြော်လှော် တည်ခင်းညှော်ခံနေကြသည့် ခေါင်းကို ချိမ,ထားသူများက စစ်ပွဲနှင့်ဆိုင်ရာ သည်လိုအချက် ကများအား တအံ့တသြဖြစ်နေကြပုံကို မြင်နေ၊ တွေ့နေရသည် စက်ဆုပ်စရာကောင်းလှသည်။

''ဘယ်လိုကောင်တွေလဲ။ အမှိုက်စုတ်လို ကောင်စားမျိုးတွေ။ ပေါ်ဆီပဲ ကြော့ခပ်တတ်ပြီး အောက်ခံရေထဲက အနယ်အဖွန်ကို တတ်တဲ့ကောင်တွေ။ ဒီအချိန်မှာ ဒီလိုကောင်တွေကို လေယာဉ် ပေါ်စုတင်ပြီး ချင်းတွင်းမြစ်ဝှမ်းဒေသနဲ့ မြန်မာပြည်မြောက်ပိုင်း ရှေ့တန်းစစ်မျက်နှာ Red Line မှာ သွားချထားလိုက်ရရင် ဘာ လုပ်ကြမလဲ။ သောက်တလွဲတွေချည်း လျှောက်လုပ်ကုန်မယ် ယ်။ ထို့ ...''

သူတို့မျက်နှာများကိုကြည့်ရင်း အော်ဂလီဆန်ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် အာရုံနောက်ကျိစရာ အတွေးများဖြင့် မွန်းကျ သွားသည့် စစ်ဆင်ရေးခန်းမကြီးမှာ ရုတ်တရက် မှိုင်းမှုန်သွားသလို ရ၏။ စစ်ဦးစီးချုပ်က 'အခြေအနေမှန်ကို ရဲရဲရင့်ရင့်လက်ခံ။ ပြဿ အခက်အခဲကို ဝံ့ဝံ့စားစားရင်ဆိုင်' ဆိုသည့် ကိုယ်တိုင်ရေးစည်းက ကို သံမဏိစည်းမျဉ်းတစ်ရပ်လို ကျင့်သုံးသူပီပီ သူ့လူများအား ထွ ပေါက်ဆီသို့ ဦးတည်ပေးချင်သည်။ ပဲ့ကိုင်ပေးချင်သည်။ တောတိုင် တောင်တိုင်းမှာ လမ်းရှိသည်။ လမ်းဆုံးလျှင် ရွာတွေ့မည်။

အန္တရာယ်အနည်းပါးဆုံး၊ အခုအခံအဟန့်အတား အပါးလျ ဆုံး၊ ပွန်းတီးမှုအသက်သာဆုံးလမ်းကို ရွေးလျှောက်တတ်ဖို့တော့ သည်။ ငုတ်တုတ်ကြီးထိုင်၍ တွေဝေနေသည့် စစ်ဦးစီးအဖွဲ့ဖြင့် သူ လိုချင်သည့်ရလဒ်ကို ပြောင်းပြန်လှန်ယူ၍ မရနိုင်သည်ကမူ သေ သည်။

"ကဲ . . . စစ်ဆင်ရေးမှူးကြီးကပဲ ဆက်ပြောပါဦး။ ဒီအ အနေမှာ ဘာလုပ်သင့်သလဲ။ ကျုပ်တို့ရဲ့ စစ်သည်တွေဆီကို ဘာ ပေးသင့်သလဲ"

ဂျင်နရယ်စုငီးယာမက သူ့ဘောင်းဘီအိတ်ထဲမှ ပစ္စည်းတစ် စည်းဝေးစားပွဲကြီးပေါ်သို့ ချပြလိုက်သည်။ အားလုံးက သူ၏ပစ္စ ကို မြင်ရသည့်အခါ ဝေခွဲမရဟန် ဖြစ်သွားကြ၏။

"ဒါဟာ ချင်းဂိုဏ်းကို စတင်တည်ထောင်တဲ့ ဗောဓိ အထိမ်းအမှတ်အဖြစ် ကလေးကစားစရာအရုပ် ထုလုပ်ထားတဲ့ (Daruma) အရုပ်ကလေးဆိုတာတော့ လူကြီးမင်းတို့ သိကြမှာပါ။ မပါ၊ လက်မပါ၊ ဦးခေါင်းနဲ့ကိုယ်သာရှိပြီး ပစ်ချလိုက်ရင် ဘယ်





ချပစ်ချ ထောင်လျက်သားပဲကျတဲ့ အရုပ်ပေါ့။ မြန်မာပြည်မှာတော့ 'ပစ်တိုင်းထောင်' လို့ခေါ်တယ်"

"အဲဒီတော့ . . ."

"ကျုပ်တို့တပ်တွေဟာ ဒီဒရုမအရုပ်ကလေးလို ပစ်တိုင်း ထောင်နေအောင် ကျုပ်က လူကြီးမင်းတို့ကို ချင်းဂိုဏ်းက ထင်ရှားတဲ့ ပုံရိပ်ကလေးတစ်ခုအကြောင်း အရင်ပြောပြချင်တယ်။ သည်းခံပြီး နားထောင်ကြည့်ကြတာပေါ့"

" . . . . . . "

"ဂျပန်ပြည်မှာ 'ဟကုဝင်' ဆိုတာ အင်မတန်နာမည်ကြီး တယ်။ ချင်းဂိုဏ်းဆရာကြီးတစ်ဦးပဲ။ သူ့ 'ဆတောရိ' ဉာဏ်အလင်းရ သွားပုံလေးကို ပြောချင်တာ။ ၁၈ ရာစုနှစ်က အဖြစ်အပျက်ပါ။

ဘယ်လိုလဲဆိုတော့ အဲဒီဟကုဝင်ဟာ တစ်နေ့မှာ ရွာထဲကို ဆွမ်းခံသွားတယ်။ ဆွမ်းခံကြွတော့ ဆင်းရဲတဲ့ အမယ်အိုရဲ့အိမ်ရှေ့မှာ ဆွမ်းရပ်မိတယ်။ အဲဒီအချိန်မှာ အမယ်အိုက တံမြက်စည်းလှည်းနေ တယ်။ ဆွမ်းမလောင်းဘူး။ မကြည်ညိုလို့လား၊ လောင်းစရာမရှိလို့လား တော့ မသိဘူး။ ဒါပေမဲ့ ဟကုဝင်က ဇွဲကောင်းတဲ့ပုဂ္ဂိုလ်ကိုး။ ဒီတော့ အမယ်အို မလောင်းမချင်း မသွားဘူး။ ရပ်နေတယ်။

အမယ်အိုက အိမ်ရှေ့မှာ တံမြက်စည်းလှည်းတာဆိုတော့ တံမြက်စည်းလှည်းလိုက်၊ ဘုန်းကြီးကို လှည့်ကြည့်လိုက်။ ဘုန်းကြီး ကလည်း မသွားဘူး။ ကြာတော့ အမယ်အို စိတ်အချဉ်ပေါက်လာတယ်။ 'ဒီလောက်တောင်မှ မသွားချင်လှတာ သိရောပေါ့' ဆိုတဲ့သဘောနဲ့ အမယ်အိုက ဘုန်းကြီးနား ကပျာကယာကပ်သွားပြီးတော့ ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို တံမြက်စည်းရိုးနဲ့ ရိုက်ချလိုက်တယ်။ ဘုန်းကြီး ခွေခနဲ လဲပါ
ရော။

လဲကျသွားတာနဲ့တစ်ပြိုင်နက် ဟာကုဝင်' ဟာ ဆတော
ဉာဏ်အလင်းရသွားတယ်။ အဲဒါကို သူတို့က ဘာခေါ်သလဲဆို
Sudden Enlightenment ရုတ်တရက် ဉာဏ်အလင်းရသွားခြင်း
ကျုပ်ပြောချင်တာက ကျုပ်တို့စစ်ဦးစီးအဖွဲ့ဝင်တွေဟာ စစ်နဲ့ဆိုင်
'ဆတောရိ' ရစေချင်တာပဲ။ ကဲ . . . အမယ်အိုက 'ဟာကုဝင်' ဘု
တော်ကြီးကို တံမြက်စည်းနဲ့ရိုက်သလို ဗိုလ်ချုပ်ဆက္ကူရိုင်းကပဲ မေး
မြန်မာပြည်မိတ္ထီလာစစ်မျက်နှာက အဖြစ်အပျက်ကလေးကို ပြေ
လိုက်ပါဦး''

ဗမာ့တပ်မတော်၏ အကြံပေးအရာရှိချုပ် ဗိုလ်ချုပ်ဆက္ကူ
က သူ့နေရာမှ ထရပ်လိုက်၏။ သပ်ရပ်ခန့်ညားလှသော သူ့ဟန်
စစ်ဦးစီးအရာရှိတစ်ဦးအနေဖြင့် လေးစားရိုကျိုးချင်စရာဖြစ်သည်။ သူ
စကားမစမီ အားလုံးကို ဦးညွတ်လိုက်သေးသည်။

''မတ်လဆန်းပိုင်းမှာပဲ ကျွန်တော်တို့တပ်တွေဟာ မိတ္ထီ
ကို ဆုံးရှုံးတော့မလို အခြေအနေမျိုး ကြုံခဲ့ရတယ်။ စလင်းရဲ့တစ်
လက်ထဲရောက်သွားဖို့ လက်တစ်ကမ်းအလိုပဲ။ ကျွန်တော်တို့တပ်
ဟာ မိတ္ထီလာကို အခိုင်အမာကာကွယ်ထားခဲ့ကြရတယ်။ စစ်ပွဲ
တစ်ပွဲအနေနဲ့ သိပ်အရေးကြီးတဲ့ စစ်ဆင်ရေးသင်ခန်းစာကြီးတ
ကိုလည်း ကံအားလျော်စွာ ရခဲ့တယ်။ ဒါဟာ ဗိုလ်ချုပ်ကြီးစော
ပြောခဲ့သလို ဆတောရိ၊ စစ်ရေးဆိုင်ရာ ဆတောရိပေါ့''

''အင်း . . . ပြောပါ . . . ပြောပါ''

စိတ်ကူးသစ်စာပေ



''မိတ္ထီလာမြို့နဲ့ မြင်းခြံမြို့အကြားက ရွာတစ်ရွာမှာ ဖြစ်ခဲ့
တဲ့ တိုက်ပွဲတစ်ပွဲတုန်းကပေါ့။ အဲဒီမိတ္ထီလာတစ်ပိုက်ဟာ ခြောက်သွေ့
ပြီး သဲဆန်တဲ့မြေအမျိုးအစားရှိလို့ ရေအတော်ရှားပါတယ်။ ရေမရှိရင်
စစ်တိုက်လို့လည်း မရပါဘူး။ အဲဒီမှာပဲ ရန်သူတပ်တွေနဲ့ ဂျပန်တပ်တွေ
ဟာ သူနိုင်ကိုယ်နိုင် အပြိုင်တိုက်ကြပါတယ်။ နှစ်ဖက်စလုံး ရေပြတ်
သွားပါပြီ။ ရေအရင်ရတဲ့ဘက်က နိုင်မှာသေချာပါတယ်။

''ဒါနဲ့ ကျွန်တော်တို့တပ်ဖွဲ့ထဲက ဗိုလ်မှူးယိုရှီဒိုဟာ ကျည်
ဆန်မိုးရွာနေတဲ့ကြားထဲက သူ့အသက်ကို ပဓာနမထားဘဲ ရေထောက်
ပံ့နိုင်ရေးအတွက် ရေဘူးတွေကို သူ့ကျောမှာချိတ်၊ သေနတ်လက်နက်
လည်း ဘာတစ်ခုမှမကိုင်ဘဲနဲ့ တိုက်ပွဲကြားမှာ ရေလိုက်ဝေပါတယ်။

ပစ်ခတ်တိုက်ခိုက်နေကြတဲ့ စစ်သားတွေရဲ့ ရေဘူးတွေကို ရေ
လိုက်ဖြည့်ပေးပါတယ်။ ဒီလို ရေလိုက်ဖြည့်တာ ရန်သူထက် ကျွန်တော်
တို့ဘက်က ပိုဦးပါတယ်။ ပိုမြန်ပါတယ်။ ဒါကြောင့် ရန်သူတွေဟာ ဆက်
မတိုက်နိုင်ဘဲ ဒီပွဲမှာ ဆုတ်ပေးခဲ့ကြရပါတယ်။

စစ်ပွဲဆိုတာ ကျည်ဆန်တွေနဲ့ချည်း စစ်ဆင်ဖို့ မဟုတ်ပါဘူး။
ရေထောက်ပံ့ရေးကလည်း အရေးကြီးပါတယ်။ ရေထောက်ပံ့မှု ဘယ်
လောက်အရေးကြီးတယ်ဆိုတာကို သက်သေထူလိုက်တဲ့ အတွေ့အကြုံ
တစ်ခုပါပဲ''

စစ်ဆင်ရေးခန်းမကြီးတစ်ခုလုံး အပ်ကျသံမျှ မကြားရအောင်
တိတ်ဆိတ်နေသည်။ စစ်၏သရုပ်နှင့် စစ်ပွဲတစ်ပွဲ၏ အသက်ဝိညာဉ်
ဟုသည်မှာ ဘာလဲကို အရိုးရှင်းဆုံး လင်းပြနိုင်သည့် ပုံပြင်ကလေး
တစ်ပုဒ်အဖြစ် စစ်ဦးစီးချုပ်၏ရင်ထဲသို့ စွဲဝင်သွား၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပြီ ...။ နောက် သူဘာပြောဦးမလဲ''

စိတ်စောစွာဖြင့် မထုံတက်တေး ရေခဲတုံးကြီး သူ့စစ်ဆင်ရေးမှူးချုပ်အား လှမ်းကြည့်မိသည်။

''ဆက်စပ်ပြီး လူကြီးမင်းများကို ကျုပ်ပြောပြချင်တဲ့ဖြစ်ရပ်က အမှတ် ၂၅ ကြည်းတပ်ရဲ့ စွမ်းဆောင်ရည်အကြောင်းပါ။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့မှာ ယိုးဒယားနိုင်ငံတောင်ပိုင်းနဲ့ ဗြိတိသျှပိုင် မလေးနိုင်ငံမြောက်ပိုင်းကို ကမ်းတက်တိုက်ခိုက်သွားတဲ့တပ်ပါ။

မလေးကျွန်းဆွယ်တစ်လျှောက် စခန်းချနေတဲ့ ဗြိတိသျှ-အိန္ဒိယတပ်တွေကို တစ်တပ်ပြီးတစ်တပ် အနိုင်ယူလို့ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်နေ့မှာ ဂျဟိုဘာဟာရူး တောင်ဘက်ကမ်းထိ ရောက်သွားခဲ့တယ်။ စစ်သည်အင်အား ၃၅၀၀ ပဲရှိတဲ့ အဲဒီဂျပန်ကြည်းတပ်ဟာ ကမ်းတက်ပြီးတဲ့နောက် ရက်ပေါင်း ၅၅ ရက်အတွင်းမှာ မိုင် ၆၆၀ ခန့်ရှိတဲ့ ခရီးလမ်းတစ်လျှောက် တိုက်ပွဲပေါင်း ၉၆ ပွဲကို အနိုင်ယူ တိုက်ခိုက်နိုင်ခဲ့တယ်။ တံတားပေါင်း ၂၅၀ ကျော်ကို သိမ်းပိုက်နိုင်ခဲ့တယ်။ လျှပ်စီးလိုမြန်တဲ့ စစ်ဆင်ရေးတစ်ခုပဲ။ သူတို့ ဘယ်လိုစိတ်ဓာတ်နဲ့ တိုက်ခဲ့ကြတာလဲ။ ဘယ်လိုစစ်ဆင်ရေးစီမံချက်တွေ ရေးဆွဲပြီး တိုက်ပွဲဝင်ခဲ့ကြတာလဲ။

ရန်သူရဲ့ ဟန့်တားတိုက်ခိုက်မှု၊ ခုခံပိတ်ဆို့မှုတွေနဲ့အတူ ရေ စိမ်း၊ မြေစိမ်း၊ ဒေသစိမ်းက သဘာဝတရားရဲ့ စိန်ခေါ်မှုအခက်အခဲ၊ အကျပ်အတည်းတွေကို သူတို့ ဘယ်လိုရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြတာလဲ။ သူတို့ရဲ့ အဓိကအင်အားက ဘာလဲ။ လေ့လာကြည့်ဖို့ မကောင်းဘူးလား''





ဂျင်နရယ်စုဝီးယာမက လေသံအေးအေးဖြင့် ပြောပြီးသည် နှင့် သူ့အာရုံက သူ့ဟိုက္ကူကဗျာများပေါ်သို့ ပြန်လည်သက်ဝင်သွားကာ ငြိမ်သွားပြန်တော့သည်။ သို့ရာတွင် သူပစ်ခဲ့သော စကားမိုင်းဗုံးများက ...န်းမတွင်းရှိ စစ်အရာရှိကြီးများ၏ ရင်တွင်း၌ တဝုန်းဝုန်း ပေါက်ကွဲနေတော့၏။

'တတ်လည်း တတ်နိုင်တဲ့လူ။ အခုတော့ သူမဟုတ်တော့သလို ...။ ငြိမ်နေပြန်ပြီ။ သွေးအေးလွန်းတဲ့လူပဲ'

ထုတ်ဖော်မပြောကြသော်လည်း သည်သို့ပင် တွေးနေမိကြသည်။ စစ်ဦးစီးဌာနချုပ်ရုံး၏ ထိပ်တန်းစစ်ဆင်ရေး အကြံပေးအရာရှိချုပ် မာဆာနိုဘူဆူဂျီးက ဂျင်နရယ်စုဝီးယာမကို စေ့စေ့စပ်စပ်ကြည့်မိသည်။

''ဗိုလ်ချုပ်ကြီးက လက်ရှိအာရှတောင်ပိုင်းစစ်မြေပြင်ရဲ့ အဓိကအချက်အချာဖြစ်တဲ့ မြန်မာပြည်စစ်မျက်နှာကို အပြောင်းအလဲဖြစ်သွားစေမယ့် လျှပ်တစ်ပြက်စစ်ဆင်ရေးစီမံချက်တွေ၊ ဘယ်လိုကျကျ ပစ်တိုင်းထောင်နေတတ်တဲ့ ဒရုမစိတ်ဓာတ်တွေ လိုအပ်နေပြီလို့ ဆိုလိုချင်တာ ...လား''

''သေချာတာပေါ့ ကျုပ်လူရယ်။ စားပွဲပေါ်က တွေးလုံးတွေကို ခဏမေ့ထားပြီး တကယ့်စစ်မြေပြင်က လိုအပ်ချက်တွေကို အမြန်...ုံး ဘယ်လိုဖြည့်ဆည်းကြမလဲ။ ဘယ်လိုဖာထေးကြမလဲ။ ဘယ်လို ...ပြင်တည်ဆောက်ကြမလဲ။ ဘယ်လို 'ဘူရှီဒိုစိတ်ဓာတ်' တွေ၊ ခွန်အားတွေ သွင်းပေးကြမလဲ။ စစ်ဆင်ရေးစီမံချက်ဆိုတာ လက်အောက်တပ်တွေက လိုက်မလှုပ်ရှားနိုင်ရင် စာရွက်ပေါ်က စကားလုံးအစုအဝေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသက်သက်ပဲ ကျုပ်လူ့ရဲ့။ ကျုပ်က အဲဒါကို ပြောနေတာ''

လင်းခနဲ ပြာထွက်သွားသည်။

ဝင်းခနဲ တောက်ပသွားသည်။

'သတောရိ' ဉာဏ်အလင်းပေါက်သွားခြင်း ဟုတ်၊ မဟု တော့ သူမသိ။ လက်တွေ့ရင်ဆိုင်နေရသည့် စစ်မျက်နှာအသီးသီး စစ်ရေးအကဲမသာမှုများကို ရပ်တန့်သွားစေကာ လတ်တလောအသ ရှုချောင်စေမည့် နည်းလမ်းများကိုမူ သူ့ဉာဏ်အမြင်တွင် ထင်ဝ ရှားရှား၊ တိတိကျကျ တွေးမိလိုက်ပြီဟု စစ်ဦးစီးချုပ် ဂျင်နရယ်တို့ က ထင်သည်။ သူ့စိတ်အစဉ်သည် ကြည်လင်သွား၏။ ပေါ့ပါးသွား လွတ်လပ်သွား၏။ ကာလအတန်ကြာ ဖိစီးနေခဲ့သော သောကဝန် အငွေ့ပျံပျောက်ကွယ် သွားသလိုပင်။ သူ အားရပါးရ ပြုံးလိုက်သ

''ကိုင်း ... ဒီနေ့အစည်းအဝေးတော့ ဒီလောက်နဲ့ နား တာပေါ့။ ဗိုလ်ချုပ်ကြီးစုငီးယာမနဲ့ မြန်မာပြည်က ကျုပ်ရဲ့အထူးဧည့်သ တော်ကြီးများကို ဒီကနေ့ညစာ ကျုပ်ကပဲ ဧည့်ခံပါရစေ။ ကျုပ်း မှာပဲ သီးသန့်ပြုလုပ်မှာဖြစ်လို့ လွတ်လွတ်လ သပ်ပဲ ကြွခဲ့ကြပါခင်ဗျာ''

''ဟုတ်ကဲ့ ... ဦးစီးချုပ်ခင်ဗျား။ ဒီကနေ့အတွက် ကျွန်တေ လိုလိုလားလား လိုက်နာဆောင်ရွက်ချင်ဆုံး အမိန့်တစ်ခုပါပဲခင်ဗျ ကျေးဇူးတင်ပါတယ်''

''ဟား ... ဟား ... ဟား ... ဟား ...''

''ဟား ... ဟား ... ဟား ...''

''ဟား ... ဟား ...''

စစ်ဆင်ရေးခန်းမကြီးက ပြန်လည်အသက်ဝင် စိုပြည်





သည်။ လွတ်လပ်ပေါ့ပါးစွာ ကြည်ကြည်မြူးမြူး ဖြစ်လာကြပြန်သည်။

သို့သော် ...

ဗိုလ်ချုပ်ကြီးအီးဒါးက အန္တရာယ်ခေါ်သံကို သဲ့သဲ့ကြားသည်။ စစ်ရေးငင်သည့် သွေးညှီနံ့ကိုပင် ရလာသည်ထင်မိ၏။ မြန်မာပြည် စစ်မျက်နှာတစ်ခုလုံးသည် အိန္ဒိယနှင့်တရုတ်မှ ပြုဆင်းလာသည့် စစ်ဦး ကျိုး တပ်လန်လာမှုဝန်ကို မည်မျှ တောင့်ခံထားနိုင်ဦးမည်နည်း။

'အရေးပေါ် အသက်ကာယ်ရမယ့် ကုထုံးကတော့ လိုနေပြီ။ ဆေးမမီရင်တော့ အနေးအမြန်သေမှာပဲ'

စစ်ဆင်ရေးခန်းမကြီးက လှမ်းထွက်လာသည့် သူ့ခြေလှမ်း တို့ကပင် တုံ့ဆိုင်းချင်နေသည်။ သူ့ရင်တွင်း၌လည်း တစ်ကိုယ်တည်း စကားပြောနေမိတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [ ၂ ]

❑

"တစ်ဝက်ကျန်နေတဲ့ ရှန်ပိန်ပုလင်းဟာ လူသားရဲ့ရန်သူ တဲ့"

ဂျင်နရယ်တိုဂျိုက ပြောလိုက်သည့် ထရန် ပြင်နေကြသူများ အားလုံး ထိုင်ခုံသို့ပြန်ထိုင်ကာ ဝိုင်းဖွဲ့လိုက်ကြရပြန်သည်။ ပုလင်းထဲ မှ လက်ကျန် ရှန်ပိန်အရက်ကိုကြည့်၍ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ကြ၏။

"ကျုပ်မှာသာ ပိုက်ဆံရှိနေရင် အဲဒီပိုက်ဆံကို ရှန်ပိန်ဝယ်ဖို့ ထက် ပိုပြီးကောင်းတဲ့သုံးစွဲနည်း အခုအထိ စဉ်းစားလို့မရနိုင်သေးဘူး"

ဂျင်နရယ်တိုဂျိုက သူတို့အား ရှန်ပိန်ငှဲ့ပေးရင်း ပြောသည်။ ရှန်ပိန်ကုန်သွားတော့မှပင် အခန်းထဲမှ သူတို့ထွက်ဖြစ်ကြတော့၏။ ရာသီ





ဥတုက သာသာယာယာ၊ အေးအေးချမ်းချမ်းရှိသည်။ ဂျပန်ရိုးရာအဆန် ဆုံးဖြစ်အောင် ကြိုးစားပြုပြင်ထားသည့် ပန်းခြံ၊ အိမ်ခန်း၊ အသုံး အဆောင်ပရိဘောဂများ၊ တိုးလျှလျှရှာမီခင်တေးသံသာများက သူတို့ စိတ်ကို သိမ်မွေ့နူးညံ့လာစေကာ သည်မြေသည်ရေ၊ သည်အမိနိုင်ငံ ကို ချစ်ခင်တွယ်တာစိတ်များ တဖွားဖွား လှုးလွန့်ရုန်းကြွ ရှင်သန်လာ စေတော့၏။ ဖူဂျီယာမ၊ ချယ်ရီပန်း၊ ကောင်းကင်ပြာပြာ၊ ပင်လယ် ရေလှိုင်းနှင့် နှင်းပွင့်ဖြူဖြူကလေးများ။ မျက်စိမှိတ်ထားသော်မှ ရင်အပြင် ၌ အမှတ်ထင်ထင် မြင်လာနေသေးသည်။

"Bushido, The Soul of Japan နဲ့ပတ်သက်ပြီး မင်းကို ကျုပ် ပြောပြခဲ့ဖူးတာ မှတ်မိသေးရဲ့လား အီဆိုမူရာစ်"

"ဟုတ်ကဲ့ ဦးစီးချုပ်။ ဂျပန်ပြည်ကနေ မြန်မာပြည်စစ်မျက်နှာ ကို အမှတ် ၁၅ တပ်မတော်နဲ့အတူ မထွက်ခွာခင် ညစာခံပွဲညက ပြော ခဲ့တဲ့စကားပါ။ 'ဘူရှီဒို' ခေါ်တဲ့ ဂျပန်စိတ်ဓာတ်ဆိုတာ အစဉ်အဆက် က ဘုရင့်မျိုးနွယ်တို့ ဆက်ခံရရှိတဲ့ ရတနာသုံးပါးနဲ့ ကိုယ်စားပြုဖော်ပြ တယ်လို့ ဦးစီးချုပ်ပြောပြခဲ့တာကို မှတ်သားထားခဲ့မိပါတယ်"

"အင်း . . . မမေ့သေးဘဲကိုး"

"အမတေရာစုအိုမိကာမိ နတ်သမီးက ဂျပန်ဘုရင်ကေရာဇ် ရဲ့ ဘိုးဘွားများကိုပေးလိုက်တဲ့ မှန်တစ်ချပ်၊ ဓားရှည်တစ်ချောင်းနဲ့ ပတ္တမြားတစ်လုံးဟာ ဂျပန်စိတ်ဓာတ်၊ ဂျပန်ဝိညာဉ်ရဲ့အစလို့ ဆိုပါတယ် ခင်ဗျာ"

"အေးပါ . . . အေးပါ . . .။ အသေးစိတ်တွေကတော့ ထား လိုက်ပါတော့လေ။ မင်းရင်ထဲမှာ ဘူရှီဒိုစိတ်ဓာတ် စွဲမြဲနေသေးတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို သိရတာနဲ့တင်ပဲ ဝမ်းသာလှပါပြီ”

သူတို့သည် ဘွန်ဖိုင်းပင်ပုကလေးများ၊ ကျောက်တုံးကျောက်ခဲ အရွယ်ရွယ်အစားစားများ၊ ဝါးရုံပင်လှလှကလေးများ၊ စမ်းချောင်းအတု၊ ရေတံခွန်အတုကလေးများ၊ ချုံနွယ်ပန်းပင်အုပ်အုပ်ကလေးများဖြင့် ရိုးရှင်းလှပစွာ ပြုစုထားသော ချစ်စရာဥယျာဉ်ငယ်ကလေးကို ဖြတ်လျှောက်လျက် ပန်းချီပြခန်းကလေးထဲသို့ ဝင်မိခဲ့ကြ၏။ ဂျပန်ရိုးရာဝတ်စုံကို သာ ဝတ်ဆင်ထားကြသဖြင့်လည်း စိတ်အနေပေါ့ပါးလန်းဆန်းနေကြ သည်။ ဦးစီးချုပ်၏မျက်နှာသည်ပင် နီရောင်ရောင်ပန်းသွေးထလျက် အပြုံးလဲ့လဲ့ စွက်နေ၏။

အပြင်ဘက်ကကြည့်လျှင် ပန်းချီပြခန်းလေးတစ်ခုမှန်း အတပ် မသိနိုင်။ ကျေးလက်ရိုးရာ တောအိမ်ကလေးတစ်လုံးသဖွယ် ဆောက် လုပ်ထားခြင်းဖြစ်သည်။ ချင်းဗုဒ္ဓဘာသာဝင် ရဟန်းတော်တစ်ပါး၏ တောရကျောင်းသင်္ခမ်းကလေးလိုလို၊ ရှေးခေတ်ဆာမူရိုင်းသူရဲကောင်း၊ တစ်ဦး၏ ယာတောအိမ်ကလေးလိုလို။ သန့်စင်ခြင်း၊ ရိုးသားခြင်း၊ ငြိမ်း ချမ်းခြင်းတို့က သမမျှတစွာ အချိုးကျ ပေါင်းစပ်ပျော်ဝင်နေသည်။

သည်အိမ်ကလေးကား ဂျင်နရယ်တိုဂျို၏ တစ်ကိုယ်တော် ကွန်းခိုရာ နေရာကလေးသာဖြစ်၏။ တိုင်းရေးပြည်ရာကိစ္စများ၊ စစ်ရေး မက်ရေးများကို ယာယီမေ့ဖျောက်ထားချင်သည့်အခါတိုင်း ခိုနားနိုင်သည့် နေရာကလေးလည်း ဖြစ်သည်။

“လူဆိုတာ အသက်ကြီးလာတာနဲ့အမျှ သူ့ရင်ထဲက သူ ကောင်းတွေ လျော့လျော့သွားတတ်တာပဲ။ ဒါပေမဲ့ သူရဲကောင်းဆိုတာ လူတစ်ယောက်အတွက် အမြဲလိုအပ်နေတတ်တဲ့ အရာတစ်ခုပဲလေ”





သူတစ်ကိုယ်တည်းပြောနေသယောင် စကားက ဗိုလ်ချုပ်အီ ိုပူရာနှင့် ဂျင်နရယ်အီးဒါးတို့နားသို့ တိုးဝင်သွားသည်။ ဗိုလ်ချုပ် ာနာကားကမူ စစ်ဆင်ရေးအရာရှိချုပ် ဂျင်နရယ်စုဂီးယာမနှင့်အတူ န်းချီကားများကို စိမ်ပြေနပြေကြည့်နေခဲ့ကြသည်မှာ ကြာလေပြီ။

‘ဒီလူတွေဟာ ဒီစစ်ကြီးနဲ့သာမကြုံရရင် ကဗျာဆရာ၊ ပန်းချီ ရာအကျော်အမော်တွေ ဖြစ်လာနိုင်ကြတဲ့ လူတွေပဲ။ အခုတော့နေ အချိန်နဲ့အမျှ လူသတ်တဲ့ကိစ္စ၊ လူသေတဲ့ကိစ္စတွေအတွက်ပဲ အသက် င်နေရသလို ဖြစ်နေကြရပြီ’ ဟု သွားရင်းလာရင်း အတွေးလွန်ကာ င်နရယ်အီးဒါးက တွေးရင်း နှမြောနေမိလေ၏။

“ကျုပ်အသက်ကြီးလာတဲ့အခါ ဖြစ်ချင်တာက ဘဝကိုငြီးငွေ့ င်းမရှိတဲ့ အဘိုးအိုကြီးတစ်ယောက်ရဲ့ ဘဝပဲ။ တောလမ်းကလေး ွေမှာ ဖြည်းဖြည်းသာသာလမ်းလျှောက်ရင်း တောတောင်ရေမြေ၊ စ်ပင်၊ ပန်းပွင့်တွေဆီက အသက်ရှင်နေထိုင်မှုအနုပညာကို သင်ယူ ရမယ်။

နေ၊ လ၊ ကြယ်တာရာ၊ အခါရာသီတွေဆီက အခွင့်အလမ်း တွေကို စောင့်မျှော်နိုင်မယ်။ ရှေးက ပညာရှိကြီးတွေ ရေးသွားခဲ့တဲ့ ျုံးလက်ကဗျာတွေကို ရှာဖွေစုဆောင်းဦးမယ်။ ဖတ်ရှုခံစားဦးမယ်။ ျာနဲ့ ပန်းချီကားတွေဆီက ဘဝနေနည်းအတတ်ပညာတွေကို ဆည်း ူးမယ်။ အဲဒီလို ဘဝကို မငြီးမငွေ့ ပြည့်ပြည့်ဝဝကြီး နေသွားချင ။ ကဲ ... ကျုပ်ဟာ သိပ်လောဘကြီးတဲ့ အဘိုးကြီးတစ်ယောက် ာ သေချာသွားပြီမဟုတ်လား”

နာမည်ကျော် ဂျပန်ပန်းချီဆရာကြီး ပိုကူဆာအိနှင့် ဟိရို



www.burmeseclassic.com

www.burmeseclassic.com



ရှိဂေးတို့၏ ပန်းချီကားများရှေ့၌ ဗိုလ်ချုပ်ကြီးစုငီးယာမနှင့် ဗိုလ်ချုပ် တာနာကားတို့နှစ်ဦး စကားလက်ဆုံကျနေသည်ကို တွေ့သည်။ နှစ်ဦးသားကို မြင်ရသည်မှာ ရင်းနှီးနွေးထွေးလွန်းလှ၏။ သူတို့က ဆရာကြီး ဟိုကူဆာအိ၏ 'မဟာဒီလှိုင်း (The Wave)' ပန်းချီကားရှေ့တွင် ရပ်ကြည့်နေကြခြင်းဖြစ်သည်။

"ဘဝမှာ အသက်ရှင်နေရတာက သေတာထက် ပိုပြီးစွမ်းအားကြီးတယ်။ မုန်တိုင်းကြီးတိုက်လာခဲ့ရင် ပင်လယ်လှိုင်းကြီးတွေက လည်း တို့တွေကို ရန်ပြုလာတတ်တယ်။ ဝါးမျိုဖမ်းစားဖို့ ကြိုးစားလာကြတယ်။ ဒါပေမဲ့ တို့က တို့လုပ်စရာရှိတာတွေကို ပုံမှန်အတိုင်း လုပ်နေကြရုံပဲ။

မုန်တိုင်းကြီးတိုက်လာခဲ့ရင်လည်း တို့က မကြောက်မရွံ့ဘဲ မုန်တိုင်းနဲ့အတူ နေနိုင်ကြရမယ်။ မုန်တိုင်းစဲသွားတဲ့အခါ တို့ဘဝဟာ ပြန်ပြီးပျော်စရာ ကောင်းလာပြန်ရော။ တို့ဘဝမှာ မုန်တိုင်းမတိုက်ခင် ကထက် မုန်တိုင်းတိုက်ပြီးမှ နေ့တိုင်းနေ့တိုင်းဟာ ပိုပြီး တန်ဖိုးရှိလာ တတ်တယ်တဲ့။

ကျုပ်ငယ်ငယ် ဒီပန်းချီကားကို စပြီးကြည့်ခဲ့ရဖူးတဲ့နေ့မှာ ကျုပ်အဖေက ကျုပ်ကိုရှင်းပြခဲ့ဖူးတာ။ အဲဒီကတည်းက လူသားရဲ့ အဓိက အလုပ်ဟာ အသက်ရှင်ရပ်တည်ဖို့ပဲဆိုတာကို ကျုပ် ကောင်းကောင်း နားလည်ခဲ့တယ်"

ဂျင်နရယ်စုငီးယာမက တွေတွေငေး၍ ရှင်းပြနေသည်။ 'အခု တော့လည်း ကျုပ်ချစ်တဲ့နိုင်ငံ၊ ကျုပ်ချစ်တဲ့လူမျိုးတွေဟာ စစ်ပွဲမုန်တိုင်း ကြီးရဲ့ ဗဟိုချက်ထဲကို ရောက်မှန်းမသိ ရောက်နေရပြီပဲ။ ဘယ်လို





အသက်ရှင်ကျန်ရစ်အောင် ရုန်းကန်နေထိုင်တတ်ရမလဲဆိုတာကို သိချင် လိုက်ပါဘိ' ဟုလည်း သူတွေးသည်။ ကွယ်လွန်ရှာပြီဖြစ်သည့် သူ့ဖခင် ကိုလည်း သတိရနေ၏။ ဂျင်နရယ်တိုဂျိုနှင့်အဖွဲ့က ခြေသံကို ဖော့နင်း ကာ သူတို့နောက်တွင် ဝင်၍ရပ်လိုက်သည်ကိုပင် ရုတ်တရက် သတိ မထားမိ။

"ဆရာကြီး ဟိုကုဆာအိဟာ (၁၇၆၀-၁၈၄၉) ကာလအတွင်း မှာ ပေါ်ထွန်းခဲ့တာဖြစ်ပြီး ဆရာကြီးဟီရိုရှိဂေးကတော့ (၁၇၉၇-၁၈၅၈) ကာလအတွင်းမှာ ကြီးပြင်းခဲ့တာပေါ့။ ဒီပန်းချီဆရာကြီးနှစ်ဦးဟာ သူတို့ ရဲ့နိုင်ငံကို သူတကာထက်ပိုတဲ့ ချစ်မြတ်နိုးစိတ်နဲ့ ဂျပန်ရိုးရာရှုခင်း တွေကို ပြုပြင်မွမ်းမံမှုမပါဘဲ ပကတိအမြင်အတိုင်း ရိုးရိုးရှင်းရှင်း ရေး ဆွဲလေ့ရှိတယ်။ အဲဒီရိုးဂုဏ်၊ အဲဒီမျိုးချစ်စိတ်တွေက အသက်ဝင်လွန်း လို့ သူတို့ ကျော်ကြားလာကြတာပေါ့။

ဟိုကုဆာအိဆရာကြီးက ရေလုပ်သား တံငါတွေ၊ ကျေးလက် တောရွာက လယ်သမားတွေရဲ့ နေထိုင်အသက်ရှင်သန်ရမှုနဲ့ မိသားစု ဘဝကို အထူးပြုရေးဆွဲလေ့ရှိတယ်။ ဒါကြောင့် သူ့ပန်းချီကားတွေဟာ သက်ငြိမ်ပန်းချီကားပဲဖြစ်ဖြစ်၊ ပြည်သူလူထုတွေရဲ့ အလုပ်လုပ်နေပုံ ကို ဖော်ကျူးတဲ့ ပန်းချီကားပဲဖြစ်ဖြစ် အသက်ဓာတ်တွေအပြည့်နဲ့ ရှိနေတတ်တယ်။

သူရွေးထားတဲ့ မြင်ကွင်း။ သူရေးထားတဲ့မျဉ်းတွေ ကိုယ်တိုင် က ပြူးထူးက,ခုန်နေကြသလိုပဲ။ သူတို့ခေတ်ကာလက ဂျပန်ပြည်သူ တွေရဲ့ ဝိညာဉ်တွေဟာ သူ့ပန်းချီကားတွေမှာ ပူးကပ်ခိုဝင်နေတယ်။ သူရေးလိုက်တဲ့ အကြောင်းအရာတွေကလည်း ကြည်နူးချမ်းမြေ့ ပျော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်စရာတွေ၊ ရှုန်းကန်လှုပ်ရှားရင်း အသက်ရှင်နေထိုင်ရတာကိုပဲ ကျေနပ်
ပျော်မွေ့နေတဲ့ အခြေခံအချက်အလက်တွေနဲ့ ပြည့်နှက်နေတာပဲ။

ဆရာကြီးဟီရိုရှိဂေးကတော့ အဝေးမြင်ရှုခင်းတွေနဲ့ ကျေးငှက်
ကလေးတွေရဲ့သဘာဝကို အသေးစိတ်ရေးဆွဲရတာမှာ ဝင်စားတယ်
တယ်။ လမင်းကို နောက်ခံထားပြီး ငန်းရိုင်းတွေခရီးနှင်နေကြပုံ၊ နှင်း
ဖြူဖြူတွေနဲ့ဝေနေတဲ့ ထင်းရှူးပင်ကလေးပေါ်က အစာချောင်းနေတဲ့
လင်းယုန်ပုံမျိုးတွေကို သူဆွဲလေ့ရှိတာပေါ့။

ဆရာကြီးနှစ်ဦးစလုံးပဲ ဂျပန်နိုင်ငံနဲ့ ဂျပန်လူမျိုးတွေရဲ့ ခံစား
ချက်ကို နက်နက်ရှိုင်းရှိုင်း ကူးစက်ခံစားပြီး သူတို့ရဲ့ ပန်းချီအနုပညာ
နဲ့ ပီပြင်အောင် ထပ်တူပြုဖော်ပြနိုင်စွမ်းကြတယ်။ သူတို့ရဲ့ပန်းချီကား
တွေထဲမှာ ဂျပန်လူမျိုးတွေရဲ့ စိတ်ဓာတ်ဝိညာဉ်တွေ စိမ့်ဝင်နေကြတယ်။
Art of Living လို့ခေါ်တဲ့ အသက်ရှင်နေထိုင်မှုအနုပညာကို သူတို့ပန်းချီ
တွေထဲက ငါတို့တွေ လေ့လာသင်ယူနိုင်တယ်''

ဂျင်နရယ်တိုဂျိုက သူ့ပန်းချီကားတစ်ချပ်ချင်းစီကို လက်ညှိုး
ညွှန်ပြရင်း တစ်ခွန်းချင်း လေးလေးဆေးဆေးပြော၏။ အားလုံး
သက် တိတ်ဆိတ်စွာ ပန်းချီကားများကို အာရုံသစ်ဖြင့် အရသာခံ
ကြလေသည်။ နံရံ၌ ငွေဖယောင်းတိုင်စင်ကလေးများဖြင့် လှပစွာ
ချိတ်တွယ်၍ ချစ်စရာဖယောင်းတိုင် ဝါဝါကလေးများကိုလည်း ထွန်း
ထားသေးရာ အလင်းရောင်တွင် ပန်းချီကားတစ်ချပ်ချင်းစီတိုင်း
လှပစွာအသက်ဝင်နေသည်။

ဆရာကြီးဟီရိုရှိဂေး၏ 'ဟိုဒကမ်းခြေ'၊ 'အေးဝက ဝဲကတော့
များ'၊ 'အိုဘာရှိက မိုးပြေးထဲမှာ'၊ 'Fugi from the Seven-Ri' 'Beach
South'၊ 'အေးဝက ဝဲကတော့များ (ဘယ်ကြည့်အမြင်)'၊ 'ရီနိုရှီမက
တို့ဟ်ဂူ'၊ 'တာကာနဝ လပြည့်ည'၊ 'နီဆာကာ'၊ အူချီကာဝါက ညနေ
ဝင်းနှင်းများ' စသည့်ပန်းချီကားများ၊ ဆရာကြီးဟိုကုဆာအိ၏ ကမ္ဘာ
ကျော် 'ကိုတံငါ'၊ 'မဟာဒီလှိုင်း' စသည့် ပန်းချီကားချပ်ကြီးများကား
သူတို့၏အသည်းနှလုံးကို သူတို့ခန္ဓာအပြင်ဘက်သို့ ရုတ်တရက်ပြုတ်
ထွက်ခုန်ကျလာလုခမန်း ဖမ်းစားထား၏။





အချိန်သည် အသက်ရှူရပ်နေသည်။

ဝင်သက်လေ၊ ထွက်သက်လေ ရှူသံနှင့် ညင်သာသည့် ခြေ
လှမ်းသံတို့မှအပ ညသည် တိတ်ဆိတ်လွန်းသည်။ ပန်းချီကားများအတွင်း
မှ လှိုင်းသံ၊ မိုးသံ၊ ရေဝဲကတော့ပွက်သံ၊ ငှက်ရိုင်းတို့အော်မြည်သံ၊
တောင်ပံခတ်သံ၊ သစ်ရွက်တို့လှုပ်ခတ်သံ၊ နှင်းဖြူဖြူတို့ တဖြောက်
ဖြောက် ကြွေဆင်းလာသံတို့သည်သာ အခန်းတွင်း၌ သောသောညံနေ
တော့၏။

''သေရေးရှင်ရေး အသက်လုရုန်းကန်နေရချိန်မှာ အဓိပ္ပာယ်
ရှိနေတတ်ဖို့ဆိုတာ တော်ရုံလူတွေ တတ်နိုင်တဲ့ကိစ္စမဟုတ်ဘူး''

ဂျင်နရယ်တိုဂျိုက နောက်သို့လှည့်၍ပြောကာ အခန်း၏ဦးထိပ်
တကူးတကချိတ်ဆွဲထားသည့် 'မဟာဒီလှိုင်း' ပန်းချီကားအောက်မှ
သန့်ခင်းကျင်းပြင်ဆင်ထားသည့်နေရာ၌ ထိုင်ချလိုက်သည်။ ကျန်
လူများလည်း သူ့ကိုဗဟိုပြုလျက် ဝိုင်းဖွဲ့ကာ ထိုင်လိုက်ကြသည်။

တစ်လက်မခန့်ထူသော ကောက်ရိုးထုဖြင့် ပူးတွဲချုပ်ထားသည့်
တာမိရိုးရာသုံး ကောက်ရိုးဖျာများမှာ အထူးသေသပ်လှပသည်။ တစ်ခု
တစ်ခု ဆက်စပ်၍ ခန်းလုံးပြည့်ခင်းထားကာ ကောက်ရိုးဖျာများ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်၌ တရုတ်ပြည်ထွက် ကတ္တီပါကော်ဇောကြီးတစ်ချပ်ကို ခင်းထား
၏။ အနီရောင် ဓာမဏီငှက်ပုံ ကော်ဇောကြီးကား လှလွန်းသည်။

သူတို့တစ်တွေ၏ တကယ့်အချိန်ရောက်ပြီဆိုသည်ကို လူတိုင်း
သိသည်။ ညနေခင်းကစ၍ ယခုအချိန်တိုင် တစ်ခွန်းမျှမပြောကြသေး
ဘဲ မသိကျိုးကျွန်ပြုထားခဲ့သည့် အကြောင်းအရာများအတွက် တင်ကူး
စီစဉ်ထားသောအချိန်။ သည့်အတွက်ပင် သည်နေရာ၌ တကူးတက
စုဝေးကြရခြင်းဖြစ်သည်။ တော်တန်ရုံကိစ္စမျှဖြင့် ဂျင်နရယ်တိုဂျို၏
သားရဲတွင်းသို့ ဝင်နိုင်ဖို့မလွယ်။

"ကျုပ်ကတော့ ကိုယ်လုပ်ခဲ့တာတွေအတွက် ဘယ်တော့မှ ပြ
အရှက်မရဘူး။ ခင်ဗျားတို့လည်း ဒီလိုပဲဖြစ်လိမ့်မယ်ထင်တယ်"

ဂျင်နရယ်တိုဂျိုက စ၍ပြော၏။ သူ့စကား၏ ဦးတည်ရာကို
သူတို့သိသည်။

"ကျုပ်တို့ငှက်တွေက ပျံတော့ပျံနေကြတာပဲ။ ဒါပေမဲ့ တကယ်
စိတ်ပါလက်ပါ ပျံနေကြတာတော့လည်း မဟုတ်ပြန်ဘူး"

ဂျင်နရယ်စုငီးယာမကလည်း သူ့အမြင်ကို ဝင်ပြောသည်။ သူ
ဘာကိုဆိုလိုချင်မှန်းလည်း အားလုံးသိကြသည်။

"ဝေးဝေးရောက်ချင်တဲ့ ငှက်တွေဟာ မြင့်မြင့်ပျံတတ်ဖို့တော့
လိုတယ်၊ မမောမပန်း တောက်လျှောက် တစ်ဆက်တည်းပျံနိုင်ဖို့ ခွန်အား
လည်း လိုအပ်တယ်။ အစုအစည်းမပျက် အုပ်ဖွဲ့ပျံသန်းနိုင်ပြီး လိုအပ်
တဲ့အခါမှာ တစ်ကောင်တည်း ထိုးဖောက်ပျံသန်းရဲဖို့လည်း လိုတယ်၊

လူကြီးမင်းတို့ . . . ဒီမှာရှိနေတဲ့ ကိုယ့်နာမည်ပါတဲ့ ဖိုင်
တွေကို ယူလိုက်ကြပါ။ ခင်ဗျားတို့တာဝန်ကျရာဒေသရောက်မှပဲ ဖွင့်





ကြပါ။ အဲဒီထဲမှာ ကျုပ်တို့ဂျပန်ဘုရင့်တပ်မတော်ကြီးရဲ့ လက်ရှိအနေ
အထားကို ပြောင်းလဲသွားစေနိုင်မယ့် စစ်ဆင်ရေးစီမံကိန်းကြီးတွေကို
အသေးစိတ် ဖော်ပြထားတယ်။

စစ်ဆင်ရေးစီမံချက်တွေကို အကောင်အထည်ဖော်မယ့် သက်
ဆိုင်သူ တပ်မှူးတွေကိုပဲ တိုက်ရိုက် တာဝန်ပေးအပ်တာဖြစ်တယ်။ သေ
သေချာချာ ကြိုတင်သိထားရမှာက ဒါဟာ စောဒကတက်ခွင့်မရှိတဲ့
စစ်ချက်လွှတ်အမိန့်ဆိုတာပဲ။ ဒီကနေ့ ဒီမှာပျက်ကွက်နေတာဆိုလို့
စစ်ရေးကြီးတာဝန်တစ်ခု ထမ်းဆောင်နေတဲ့ ကျုပ်တို့ရဲ့ပါမောက္ခလေး
တစ်ယောက်ပဲရှိတယ်"

"ဗိုလ်မှူးကာတိုမိချိစ် . . ."

"ဟုတ်တယ် . . . သူနဲ့သက်ဆိုင်တာတွေကို ဗိုလ်ချုပ်အီဆို
ဂျာရဲ့လက်ထဲကို ကျုပ်အပ်လိုက်မယ်။ သူလုပ်ရမယ့် အကြောင်းအရာ၊
သူ့တာဝန်နဲ့ပတ်သက်တဲ့ အခန်းကဏ္ဍကိုတော့ ဗိုလ်ချုပ်ကပဲ ရှင်းပြ
လိုက်ပေတော့။ အသေးစိတ်အချက်အလက်တွေကို ဗိုလ်ချုပ်ကြီး
ဂါးက လိုအပ်တဲ့အချိန်မှာ လိုအပ်သလောက် ခင်ဗျားတို့ကို ရှင်းပြ
ပါ့မယ်"

ဂျပန်ရိုးရာဝတ်စုံကို ဝတ်ဆင်ထားသည့်တိုင် လေသံနှင့် ကိုယ်
ဟန်အနေက စစ်ဦးစီးချုပ်တစ်ဦးကဲ့သို့ ဖြစ်လာသည်။ သူ အလေး
အနက်ပြု၍ စကားပြောသည့်အခါတိုင်း တွေ့ရလေ့ရှိတတ်သည့်အတိုင်း
နဖူးပက်ပခုံးက တွန့်၍တွန့်၍တက်သွားသည်ကို မြင်နေရ၏။ မျက်နက်
ဝန်း၌ မီးလျှံတလက်လက်။

"နောက်ထပ် ပြတ်သားတဲ့ အဆုံးအဖြတ် ရလဒ်အဖြေ မရ



www.burmeseclassic.com

www.burmeseclassic.com



မချင်း လူကြီးမင်းတို့နဲ့ ပြန်ဆုံကြဖို့ အစီအစဉ်မရှိဘူး။ ဒီကပြီးတာ အထူးလေယာဉ် ပြင်ဆင်ထားတယ်။ ကိုယ်တာဝန်ကျရာ စစ်မျက်နှာ အထိ ချက်ချင်းပို့ပေးလိမ့်မယ်။ ဒီတော့ ခုလိုဆုံစည်းခွင့်ကြုံခိုက် ဂျပန် ဘုရင့်နိုင်ငံတော်ကြီးနဲ့ ကေရာဇ်မင်းမြတ်အတွက် ဆုတောင်းလိုက်ကြ စို့''

''တင်နော်ဟေကာ ဘန်ဇိုင်း ...''

''တင်နော်ဟေကာ ဘန်ဇိုင်း ...''

''တင်နော်ဟေကာ ဘန်ဇိုင်း ...''

'မဟာဒီလှိုင်း' ပန်းချီကားဘေး၌ ဘေးချင်းယှဉ်လျက် ချိတ် ဆွဲထားသော မိဘစဉ်ဆက် လက်ဆင့်ကမ်းခဲ့သည့် ဂျပန်ကင်ဒိုဓါး ရှည်ကြီး နှစ်ချောင်းကား အဟန့်ကြီးစွာ သူတို့ကို စီးမိုးကြည့်နေလေ သည်။

❀ ❀ ❀

အခန်း [ ၃ ]

❑

ရန်ကုန်မြို့၏ ကမ်းနားလမ်းညချမ်းသည် မီးရောင်တထိန် ထိန်လင်းလျက် စည်ကားရှုပ်ထွေးလှသည်။ အရောင်မျိုးစုံနေသော ထောက်ဂျားမိန်းမများ၊ ကားများ၊ ချယ်ရီရီများ၊ ဆိုက်ကားများက ကျဉ်း မြောင်းလှသည့် ကတ္တရာခင်းလမ်းကို တိုးမပေါက်နိုင်အောင် ပြည့်ကျပ် ညိုတွေ့ နေရာယူထားကြ၏။

မျက်နှာချင်းဆိုင်နေသည့် လမ်း၏ဟိုဘက်သည်ဘက်က စား သောက်ဆိုင်များမှ မွှေးပျံ့သော အကြော်အလှော်၊ ဟင်းနံ့ကြွေးနံ့များ သည် စစ်ကြီး၏အရိပ်အောက်၌ နေနေရသည်ကိုပင် ခေတ္တမေ့ထား ပျံ့ဖွယ် အပြိုင်အဆိုင် ထောင်းထောင်းထနေသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လူနေဆိုင်ခန်းများနှင့် တွဲဖက်ဖွင့်ထားသော ကျူလယာဆို ကလေးများ၊ သစ်သီးဆိုင်များ၊ ကွမ်းယာဆိုင်များနှင့် တိုက်ဘေးက လျက် ခုံမှိခင်းကျင်းထားသည့် လက်ဖက်ရည်ဆိုင်ကလေးများ၊ အရ ဆိုင်ငယ်ကလေးများ၊ အသားကင်ဆိုင်ကလေးများ၌လည်း လူတရှ ရှန်း။ သူ့ပရိသတ်နှင့်သူ စည်ကားရှုပ်ထွေးနေ၏။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်နေ့တွင် ဂျပန်တပ်မတေ တိုက်လေယာဉ် ၃၀၊ ဗုံးကြဲလေယာဉ် ၇၀ နှင့်လည်းကောင်း၊ ဒီဇင်ဘ ၂၅ ရက်နေ့တွင် တိုက်လေယာဉ် ၃၀၊ ဗုံးကြဲလေယာဉ် ၈၀ ဖြင့်လည်း ကောင်း စိစိညက်ညက်ကြေမတတ် ချေမှုန်းတိုက်ခိုက်ခြင်းခံခဲ့ရပြီးနော သုသာန်တစ်စပြင်ကြီးပမာ မီးလောင်ပျက်စီး၍ ကျိုးနှင့်ဖုတ်ဖုတ်ခြေ ကပ်သွားခဲ့သော မြို့တော်ရန်ကုန်မှာ ဒဏ်ရာများ အကင်းမသေ သည့်တိုင် ဂျပန်တို့ကပေးသည့် လွတ်လပ်ရေးနှင့်အတူ ပြန်လ စည်ကားလာခဲ့သည်။

ဂျပန်စီးပွားရေးကုမ္ပဏီကြီးများ၊ တိုင်ဝမ်နှင့် အိန္ဒိယကုမ္ ကြီးများက မြန်မာစီးပွားရေးလုပ်ငန်းကြီးများထဲ အလုံးအရင်းဖြင့် ဝင်လာနေပြီး ပြည်တွင်းမှ ဆန်၊ ဝါဂွမ်း၊ ကျွန်းသစ်၊ ရေနံ၊ သတ္တုမျိုးစုံကို စစ်ရိက္ခာအဖြစ် ဂျပန်နိုင်ငံသို့ သင်္ဘောကြီးငယ်မျာ နေ့စဉ်မပြတ်တင်ပို့နေရရာ ရန်ကုန်ဆိပ်ကမ်းကို အမှီပြုလျက် နားလမ်းတစ်ပိုက်နှင့် တရုတ်တန်းဝန်းကျင်မှာ နေ့နေ့ညည အ အကျယ် စည်ကားလျက်ရှိတော့၏။

အော်စတင်ကားနက်ကလေးတစ်စီးက ကမ်းနားလမ်းမှ ကွေ့လာကာ ဟိုချီတေ (Hochite) စားသောက်ဆိုင်ရှေ့၌ ထိုးရပ်





၏။ ဆူညံရှုပ်ထွေးနေသည့် ကမ်းနားလမ်းဝန်းကျင်တွင် ဂျပန်ရေတပ် ၏လက်အောက်၌ ဖွင့်လှစ်ထားရှိသည့် ဤစားသောက်ဆိုင်မှာ ကျယ်ဝန်း သန့်ရှင်းပြီး လူဝင်သန့်သည်။

ဂျပန်စစ်ဦးစီးဌာနချုပ်နှင့် ဘုရင့်ရေတပ်မတော်မှ အရာရှိကြီး များ၊ ယင်းတို့၏မိသားစုများ၊ ဗမာ့တပ်မတော်အရာရှိကြီးများနှင့် ရန်ကုန် မြို့တွင် အခြေစိုက်ထားသည့် နီချိမင်ကုမ္ပဏီ၊ မစ်ဆူအီနှင့် မစ်ဆူဘီရှိ ကုမ္ပဏီ၊ မစ်ဆုဘီရှီဆိုးကို စသည့် ဂျပန်စီးပွားရေးကုမ္ပဏီကြီးများမှ ကုန်သည်ကြီးများ စသည်တို့သာ သီးသန့်ဝင်ထွက်သွားလာခွင့်ရှိခြင်း ကြောင့်လည်း ခမ်းနားလှပအောင် အထူးမွမ်းမံထားသည်။

ဤဆိုင်မှ အစားအသောက်များနှင့် 'မတ်ဆုမိစ်' တို့လို ချော မောလှပလွန်းသည့် ဂျပန်နိုင်ငံသူ ဂေရှားမယ်ချောချောကလေးများ ည့် 'ဟိုချီတေ' ဟူသည့် အမည်ထက် ပို၍ကျော်ကြားလှသည်။

''ငါ့ကို ချထားခဲ့တော့။ နီချိမင်က မစ္စတာရှိဂဲယာယာမနာ ကို ကြည်းတပ်က စွီကိုအင် (Suikoen) စားသောက်ဆိုင်မှာ ခေါ် းလိုက်။ ငါ သီးသန့်အခန်းတစ်ခန်း စီစဉ်ထားခဲ့ပြီးပြီ။ နောက်တစ် ရှိမှာတွေ့မယ်။ အားလုံးအဆင်သင့်ဖြစ်ရင် တာမာကီရဲ့ ဂျစ်ကား ငါ့ကိုလာခေါ်။ အခန်းထဲ ဝင်မလာခဲ့နဲ့။ အရင်လိုပဲ တင်ပူရာငါးကြော် ပွဲနဲ့ ဂန္ဓမာပန်းတစ်ပွင့် ပို့ပေးလိုက်။ ကားကို ဆိုင်ရှေ့အထိ မောင်း ခဲ့နဲ့။ ဗောတံတားထိပ်က တရုတ်ထမင်းပေါင်းဆိုင်ရှေ့မှာ ရပ်ထား။ လာတဲ့အထိ စောင့်နေ''

အနောက်တိုင်းဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသူက ိုးပြောကာ ကားရှေ့ခန်းတံခါးကိုဟ,လျက် အောက်သို့ဆင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကားမောင်းသူက တစ်စုံတစ်ရာပြောသည်ထင်၏။ စာအုပ်ငယ် တစ်အုပ်မှ စာရွက်တစ်စကို ဆုတ်ဖြဲကာ ထိုသူသို့ ပေးသည်။ ဝတ်စုံ အနက်နှင့်လူ ကားအောက်သို့ဆင်းကာ ခြေစုံရပ်မိသည်နှင့်တစ်ပြိုင် နက် ကားက ဝူးခနဲ အပြင်းမောင်းထွက်သွားလေ၏။

အသားဖြူဖြူ၊ ပိန်ပိန်သွယ်သွယ်၊ ဆံပင်တိုပါးပါးနှင့် မျက်လုံး မျက်ဖန်ကောင်းကောင်း၊ လူရည်သန့် ထိုသူက လမ်းထောင့်၌ ကား ကွေ့ပြီး ပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်နေပြီးမှ သူ့ကိုယ်ကို သပ်ရပ်အောင် ထပ်မံပြုပြင်သည်။ မည်းနက်တောက်ပြောင်နေသည့် သူ့ရှူးဖိနပ် ဦးကို ငုံ့ကြည့်သည်။ ပြီးလျှင် သက်ပြင်းတစ်ချက်ကို ခိုး၍ ချကာ ဆိုင်တွင်းသို့ ဝင်လာခဲ့၏။

သူ့ဝိုင်းနှင့်သူ စည်ကားရှုပ်ထွေးနေသည့် အောက်ထပ်စားပွဲ ဝိုင်းများ၌ ရေတပ်အရာရှိဗိုလ်ကလေးတစ်ဦးက ဂေရှားမယ်ကလေးများ နှင့် တွဲ၍ကနေသည်။ သူ့အဖော်များကလည်း စစ်ချီသီချင်းတစ်ပုဒ်ကို သံပြိုင်သီဆိုပေးလျက်ရှိနေ၏။ စားပွဲဝိုင်းတိုင်း၌ လူပြည့်နေကြပြီး ဆာကေပုလင်းများ၊ စားပွဲသောက်ပွဲများဖြင့် မြိုင်ဆိုင်နေကြတော့သည်။

'တောက် ... ဒီအစုတ်ပလုတ်ကောင် သောက်ရူးကလည်း ဒီကမခွာတော့ဘူး။ ဘာမှသောက်ရေးပါအောင် လုပ်နိုင်တာလည်း မဟုတ် ဘဲနဲ့ အလကားခြေရှုပ်နေတယ်။ အောက်ထပ်တစ်ခုလုံးမှာ သူ့လူ သောက်ရူးတွေ ဘယ်နှကောင်တောင် ထည့်ထားသလဲ မသိဘူး။ အမှန်က ဒီကောင်တွေ ဟယ်လ်ပင်လမ်းက ဆောင်ကြာမြိုင်ရှေ့မှာဖြစ်ဖြစ်၊ ပြေပြ ကုန်းက စစ်ဝန်ကြီးရုံးမှာဖြစ်ဖြစ် ရှိနေသင့်တာ'

မီးဖိုခန်းဘက်သွားသည့် လမ်းဘေးအခန်းနံရံကို ကျောမှီကာ





ဆိုင်အတွင်းဝင်ပေါက်ကို မျက်နှာပြုလျက် စားပွဲတစ်လုံးတွင် တစ်ဦး တည်း ထိုင်နေသည့် အရပ်ဝတ်ပုဂ္ဂိုလ်တစ်ဦးကိုကြည့်ကာ သူ့စိတ်ထဲ က ပြောမိ၏။

စားပွဲပေါ်တွင် သောက်ပြီး၊ သောက်ဆဲ ဆာကေပုလင်းများ၊ အစားစရာပန်းကန်များ ဖရိုဖရဲဖြင့် မူးယစ်နေဟန်ရှိသည့် ထိုလူကို သူ ကောင်းကောင်းသိသည်။ အမှတ် (၂၈) တပ်တော်လက်အောက်တွင် ဖွဲ့စည်းထားသည့် ဟာယာတေတိုင်၊ ဆူကီနိုကီကန်၊ ကာမိကာဇေ၊ အာကီ ယာကီကန်စသည့် ထောက်လှမ်းရေးတပ်ဖွဲ့များအနက်မှ ဟာယာတေတိုင် (ပုန်တိုင်း) ထောက်လှမ်းရေးတပ်ဖွဲ့မှူး ဗိုလ်ကြီးအာဆာဒါဖြစ်သည်။

ဆိပ်ကမ်း ကုန်တင်ကုန်ချ အလုပ်သမားတစ်ဦးကဲ့သို့ ပုပု၊ ဝင်တိုတို၊ ဗလကောင်းကောင်း သူ့ပုံသဏ္ဍာန်က အရက်စွဲနေသည့် စစ်တပ်အရာရှိပေါင်းပုံစံ ဖမ်းထားသော်လည်း ရန်ကုန်မြို့ရှိ ဂျပန် တပ်ဖွဲ့များအနက် အလျင်ဆုံး ထောက်လှမ်းရေးသမားဖြစ်ကြောင်း သူ ကောင်းကောင်းသိသည်။

ဗိုလ်ကြီးဟု တရားဝင်သိထားကြသည့် သူ့ရာထူးသည်ပင်လျှင် အဟုန်တကယ်ဟုတ်မဟုတ် အတိအကျမပြောနိုင်ကြသေး။ ယခင်စစ် ဦးစီးချုပ်ဟောင်း ဂျင်နရယ်ကဝါဘီ၏ လက်အောက်အရာရှိများနှင့် ပက်ဆိုင်သော စည်းကမ်းဖောက်ဖျက်မှု၊ လာဘ်ပေးလာဘ်ယူခြစားမှု များကို လက်ဆုပ်လက်ကိုင် တိတိကျကျ ဖော်ထုတ်ခဲ့သူမှာလည်း သူပင် ဖြစ်သည်။ 'ဒီခွေးအ,ကောင် ဒီမှာမဲနေတာ ဘာကြောင့်လဲ။ ဒီကောင် အနံ့ရသွားပြီလား။ မဖြစ်နိုင်ပါဘူး' ဟု သူက ဖြေ၍တွေးသည်။

''မစ္စတာကြိုတင်မှာထားတဲ့အခန်းမှာ ညွှန်သည် စောစော



www.burmeseclassic.com

www.burmeseclassic.com



ကပဲ ရောက်နေပါပြီခင်ဗျာ''

ဆိုင်အုပ်ချုပ်သူက လေးစားရိုကျိုးစွာဖြင့် ကိုယ်ကိုကိုင်း၍ ပြော သည်။ ဖြစ်သင့်သည်ထက် ပိုပိုသာသာလွန်ကဲလွန်းနေသည့် သူ့ အရာကို မနှစ်မြို့သည့်တိုင် ဟန်မပျက် ခေါင်းညိတ်အသိအမှတ် လိုက်ပြီးနောက် ဝန်းကျင်ဘေးဘီကို ဝေ့ဝဲကြည့်မိသည်။

ဗိုလ်ကြီးအာဆာဒါ၏ မျက်ဝန်းအတွင်းမှ ရှင်သန်ဖျတ်လတ် မှုကို သတိထားလိုက်မိသည်။ အပေါ်ထပ်သို့တက်သည့် လှေကားဘ ဆီသို့ သူမျက်နှာအလှည့်တွင် ဂျပန်စစ်အရာရှိတစ်ဦးနှင့် ဗမာ့တပ်မတော် တံဆိပ်တပ်ဆင်ထားသည့် စစ်အရာရှိတစ်သိုက် ဝင်လာသည်ကို လှ ခနဲမြင်ရ၏။

ကြိုဆိုသူအား ဂျပန်ငွေစက္ကူငါးရာကို လက်ထဲထိုးထည့်ပေး ကာ သူ့လက်ကိုဆွဲလျက် လှေကားမှ ခပ်သုတ်သုတ်တက်လာခဲ့ကြသည်။ ဂျပန်ထောက်လှမ်းရေးသမားသည် နောက်မှရောက်လာသောအဖွဲ့ကို အာရုံပြောင်းလိုက်မိ၍ မြင်ကွင်းမှ သူဘယ်လိုပျောက်သွားသည်ကို သ ထားမိမည်မဟုတ်ပေ။ နှုတ်ခမ်းကိုညွှတ်ကွေးကာ မဲ့ပြုံးတစ်ချက် လ ခနဲပေါ်လာလျက် ရုတ်ခြည်းပင် ပျောက်ကွယ်သွား၏။

''ဟော ... ရောက်လာပြီလား ဗိုလ်ချုပ်''

''ရှူး ... ခင်ဗျားကို ဒီလိုမခေါ်ဖို့ ကျုပ်သတိပေးထားတာ အကြိမ်ဘယ်လောက်များခဲ့ပြီလဲ မစ္စတာမာဆာအိုမာဆူဒါ''

''ဆောရီးခင်ဗျာ ... လူကြီးမင်း။ ကျွန်တော် သတိမထား လိုက်မိတာကို ခွင့်လွှတ်ပါ''

''ကဲ ... ဘယ်လိုလဲ။ ခင်ဗျားစိတ်ကို ချမ်းသာပျော်ရွှင်စေ





အလုပ်တွေကိုပဲ အရင်လုပ်ကြမလား။ အရေးကြီးတဲ့ အလုပ် ားကို အရင်ပြောကြမလား''

''လူကြီးမင်း ဆန္ဒအတိုင်းပါပဲ''

''ဒါဆိုလည်း ခင်ဗျားနဲ့ကျုပ် နှစ်ယောက်တည်း စားရင်း ာက်ရင်း အလုပ်ကိစ္စပြီးပြတ်အောင် အရင်ဆွေးနွေးကြတာပေါ့''

စားပွဲအနီးက ခေါင်းလောင်းကြိုးအနီကလေးကို အသာဆွဲ က်သည်။ ပြီးလျှင် သူက မာဆာအိုမာဆူဒါကို ပြုံး၍ကြည့်နေလိုက် ။ အာရှတစ်လွှားတွင် ဂျပန်တို့ တလူလူလွှင့်ခဲ့သော စစ်တံခွန်များ၌ ပ်ငြိလိုက်ပါရင်း အချိန်တိုအတွင်း လျင်မြန်စွာ ကြွယ်ဝဆူဖြိုးလာ ကြသည့် သူတို့ဂျပန်စီးပွားရေးသမားများဘဝကို တစိမ့်စိမ့်တွေးနေ ည်။

မြန်မာနိုင်ငံသည် အင်္ဂလိပ်တို့၏လက်အောက်ခံ ကိုလိုနီဘဝ ဆယ်စုနှစ်ပေါင်းများစွာ သွေးစုပ်ခံဘဝဖြင့် နေခဲ့ရသည့်တိုင် ာဝအရင်းအမြစ်ကြွယ်ဝလှသဖြင့် 'ရွှေနိုင်ငံ' (The Golden Land) တင်စားခေါ်ဝေါ်ကြသကဲ့သို့ပင် အမှန်တကယ် အေးချမ်းငြိမ်သက် ဆန်ရေစပါးနှင့်သယံဇာတ ပေါများလှသည်။

ဗြိတိသျှအုပ်စိုးသူတို့၏ လက်ဝေခံ အိန္ဒိယကုမ္ပဏီကြီးများ၊ င်နဲ့ရှင်ကြီးများ၊ သူဌေးကြီးများနှင့်အပြိုင် ဒေသခံတိုင်းရင်းသား ကုမ္ပဏီကြီးများ၊ သူဌေးကြီးများလည်း စီးပွားရေးနယ်ပယ်တွင် စင် ရှိခဲ့သေး၏။ ဂျပန်-အိန္ဒိယ ရေကြောင်းဆက် သွယ်ရေးဌာနကြီး ဖြစ်သော N.Y.K နှင့် O.S.K သင်္ဘောလိုင်းများသည် မစ်ဆူရီနှင့် ဂျူဘီရှိတို့ကဲ့သို့ ဂျပန်စီးပွားရေး ကုမ္ပဏီလုပ်ငန်းဌာနကြီးများ၏ ကုန်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတန်ပေါင်းများစွာကို အိန္ဒိယနှင့် မြန်မာနိုင်ငံတို့သို့ ပို့ဆောင်ပေး ခဲ့ကြသည်။

မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ် သွားလာခဲ့သည့် ဂျပန်ပင်လယ်ကူးသင်္ဘောကြီးများမှာ ၁၉၃၅ ခုနှစ်က ၆၄ စီး၊ ၁၉၃၆ ခုနှစ်တွင် ၆၁ စီးအထိ ရှိလာခဲ့သည်။ ၁၉၃၇ ခုနှစ် ဂျပန်–တရုတ်စစ်ပွဲကြောင့်သာမဟုတ်ခဲ့ပါက သည့်ထက်ပို၍ လျင်မြန် စွာ ကြီးထွားလာနိုင်သည့် အလားအလာများလည်း ရှိခဲ့သည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် 'ဗမာ့လွတ်လပ် ရေးတပ်မတော်' (B.I.A) နှင့်အတူ ဂျပန်အမှတ် ၃၃၊ အမှတ် ၅၅ ဒိဗိဇံ တပ်မကြီးများက ယိုးဒယားနိုင်ငံမှတစ်ဆင့် မြန်မာပြည်စစ်မျက်နှာသို့ ချီတက်ခဲ့ကြပြီး မတ်လ ၈ ရက်နေ့တွင် ရန်ကုန်ကို သိမ်းယူနိုင်ခဲ့သည်။ ထိုကာလ၏နောက်ပိုင်း၌ ဂျပန်စီးပွားရေးကုမ္ပဏီကြီးများ၏ ခေတ်ဆန်း ချိန်ကာလ ရောက်ရှိလာတော့၏။

မြန်မာပြည်စစ်မြေပြင်တွင် အင်္ဂလိပ်တပ်များအား တိုက်ခိုက် ချေမှုန်းလျက်ရှိသော ဂျပန်ဒိဗိဇံတပ်မကြီးများ အရေးအတွက်ထက် မြန်မာ့စီးပွားရေးနယ်ပယ်အသီးသီးကို ဝါးမျိုသိမ်းပိုက်ရန် အလုအယက် ရောက်ရှိလာကြသည့် ဂျပန်စီးပွားရေးသမားများ၊ ကုမ္ပဏီပိုင်ရှင်ကြီး များ၊ စွန့်စားသူများ၊ ခေတ်ပျက်သူဌေးလုပ်ရန် လောဘတကြီးရည် မှန်းထားသူများသာ များပြားလှစွာ တစ်မိုးလုံးဖျောက်ဆိပ်ဖြစ်ခဲ့ကြသည်။

သူတို့ ရည်မှန်းထားသကဲ့သို့လည်း ဂျပန်ကြည်းတပ်စစ်ဦးစီး ဌာနချုပ်၏ ကျောထောက်နောက်ခံဖြင့် မြန်မာ့စီးပွားရေးကို လက်ဝါး ကြီးအုပ်နိုင်ခဲ့ကြသည့် ဂျပန်စီးပွားရေး ကုမ္ပဏီကြီးများမှာ မယုံကြည်





နိုင်အောင်ပင် ကြီးပွားချမ်းသာလာခဲ့ကြ၏။ မြန်မာပြည်စစ်မျက်နှာတွင် ဂျပန်စစ်တပ်နှင့် စစ်သားများအပေါ် မြန်မာပြည်သူလူထုက ရွံရှာမုန်း တီးကာ စက်ဆုပ်နာကြည်းလာသလောက် ဂျပန်စီးပွားရေးကုမ္ပဏီကြီး များ၏ ခြေကုပ်ကား ခိုင်မြဲဆဲပင်။

အရေးမလှခဲ့သည့် အင်ဖာထိုးစစ်ကြီး စစ်ဦးကျိုးချိန်မှ စတင် ကာ ဂျပန်ကြည်းတပ်စစ်ဦးစီးဌာနချုပ်နှင့် စစ်ဆင်ရေးဌာနခွဲများသည် ဂျပန်စီးပွားရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်ကြီးများကို တစ်ပြန်တစ် လှည့် အားကိုးအားထားပြုကာ မှီခိုလာရသည့်အခြေအနေသို့ ရောက် လာသည်။

"ဒီဆိုင်က ဘဲကင်နဲ့ ဆူရှီက ပထမတန်းအမျိုးအစားထဲက ပဲ ဂျပန်ရိုးရာအစားအစာတွေဆိုရင်လည်း ဂျပန်က တိုက်ရိုက်တင် သွင်းလာတာဆိုတော့ ဒီဆိုင်ထဲမှာရှိနေတဲ့အချိန်ဆို ကိုယ့်ကိုယ်ကိုယ် ဂျပန်ပြည်မှာပဲ နေနေရသလို ထင်နေမိတယ်။ ဒီဆိုင်မှာ တစ်ကြိမ်နား စားသောက်ပြီးရင် တစ်ပတ်စာအားအင်တွေရှိလာသလိုပဲ မာဆူဒါစံ ရဲ့"

"တယ်ဆိုတဲ့ စာပါလား"

ဂေရှားမယ်ကလေးများ သယ်ယူလာသည့် အရောင်အသွေး စုံ ဖွေးပုံ့ကြိုင်နေသည့် စားစရာပွဲများနှင့် ဝိစကီများကိုကြည့်လျက် ဗိုလ်က မှတ်ချက်ပြုသည်။ နှင်းပွင့်ကလေးလို သန့်စင်လှပသည့် မတ်ဆု ဒိုင်နီရိကိုဆုရှတာနိစံ၊ အိဝါမစံတို့လို ဂျပန်သူကလေးများကို မြင် တိုင်း ဖူဂျီရာမနှင့် ပန်းချယ်ရီတို့ကို လွမ်းတ,ရစမြဲ။

"နေပါဦး ...စကားမစပ် ကျွန်တော် တစ်ခုမေးပါရစေဦး။



www.burmeseclassic.com

ရေတပ်ကဖွင့်တဲ့ ဒီဟိုချီတေး (Hochite) ဆိုင်ရယ်၊ ကြည်းတပ်ကဖွင့် တဲ့ စွီကိုအင် (Suikoen) ဆိုင်ရယ်၊ ပုဂ္ဂလိက နာဂါရာစိုး (Nagaraso) ဆိုင်ရယ်၊ လူကြီးမင်းစိတ်ကြိုက်ရွေးပါဆိုရင် ဘယ်ဆိုင်ကိုရွေးမလဲ''

''ဟား ... ဟား ... ဟား ... သိပ်စိတ်ဝင်စားစရာကောင်း တဲ့ မေးခွန်းပဲ။ ကျုပ်တောင် တစ်ခါမှ စဉ်းစားမကြည့်မိခဲ့ဖူးဘူး။ မာသ ဒါစံပဲ ပေါက်ပေါက်ရှာရှာ''

''ကဲပါလေ ... မေးထားတာလေး အရင်ဖြေပါဦး''

သူက သူ့ရှေ့မှ မွှေးပျံ့နေသည့် ဘဲကင်တစ်ဖတ်ကို ပါးစပ် တွင်းသို့ပစ်သွင်းကာ ဝါးလျက် ဂေရှားမယ်ကလေး ငှဲ့ထည့်ပေးသည့် Hundred Pippers စကော့ဝီစကီကို တစ်ကျိုက်ကျိုက်ချလိုက်သည်။ ယမကာရည်က လည်ချောင်းဝမှ ပူခနဲဆင်းသွားကာ ဝမ်းကိုနွေးလာ စေသည်။ သွေးကြောများထဲရှိ သွေးများကို မြူးထူးဆူပွက်လာစေသည့် ချဉ်ဖတ်တစ်ဖတ်ကို ကောက်ဝါးလိုက်မိရပြန်သည်။

''အားပါးပါး ... ဝီစကီက အကောင်းစားပါလား''

''ရန်သူပိုင်ပစ္စည်းများ စုဆောင်းရေးတပ်ဖွဲ့ရဲ့ ကောင်းမှုပေ ပေါ့ ခင်ဗျား။ အင်္ဂလိပ်လူကြီးလူကောင်းများရဲ့ ပဲခူးကလပ်နဲ့ ဂျင်မခါးက ကလပ်နှစ်ခုက အရက်သိုလှောင်ခန်းတွေနဲ့တင် ဒုတိယကမ္ဘာစစ်ကြီး အောင်မြင်စွာ ပြီးဆုံးတဲ့အထိ လူကြီးမင်းတို့ အခုလို ယမကာကောင်း ကောင်းကလေးတွေကို မှိုဝဲဖို့ စိတ်မပူရတော့ပါဘူး။ ဟဲ ... ဟဲ ... ဟဲ ...''

''သြော် ... ဒီလိုလား။ ခင်ဗျားတို့ဆီက စစ်တပ်နဲ့ဆိုင်တဲ့ ထောက်ပံ့ရေးပစ္စည်းတွေ၊ သတ္တုမျိုးစုံတွေ၊ စက်သုံးဆီနဲ့ စက်မှုက





ကြမ်းပစ္စည်းတွေ အဆက်မပြတ်စီးဝင်လာနေမှန်း သိနေပေမယ့် ခင်ဗျား ပြောတဲ့ တပ်ဖွဲ့အကြောင်းတော့ အသေးစိတ်မသိခဲ့ဘူးဗျ''

''ရန်သူပိုင်ပစ္စည်း စုဆောင်းရေးတပ်ဖွဲ့ဆိုတာကတော့ ရှင်း ရှင်း ပြောရရင် တကယ့်ကို တေလေကြမ်းပိုး၊ သူခိုးအဖွဲ့ သက်သက်ပဲ ပေါ့ဗျ။ အလုပ်က ဘာလဲဆိုတော့ မြို့ထဲက လူမနေတော့တဲ့ အိမ်လွတ် တွေထဲကို ဝင်ကြ၊ ကိုယ်လိုချင်တဲ့ ပစ္စည်းတွေကို ထင်သလိုယူကြတာ ပဲ။

ဂျပန်စစ်တပ် ရောက်လာတာနဲ့ အင်္ဂလိပ်လူမျိုးတွေနဲ့ တချို့ ...ပာလူကုံထံတွေဟာ ကိုယ့်အိမ်ကို ဒီအတိုင်းထားခဲ့ကြပြီး စစ်ဘေး ...င်းရာ တောရွာတွေဘက်ကို လက်လွတ်ထွက်ပြေးကုန်ကြတယ်။ ကျွန် ...ာ်တို့ ဂျပန်တပ်ဖွဲ့တွေ ရောက်သွားတဲ့အခါ အိမ်အားလုံးနီးနီးမှာ ...ချင်တွေ လုံးဝကို မရှိကြတော့ဘူး။

အဲဒီအိမ်တွေကို ရောက်တဲ့အခါ ပန်းကန်ခွက်ယောက်တွေ၊ ...ထောင်ပရိဘောဂတွေ၊ အဝတ်အစားတွေ၊ ပြီးတော့ အဖိုးတန် ...ကာတွေ အကုန်သိမ်းယူကြရတယ်။ အဲဒီပစ္စည်းတွေကိုစုပြီး ရန်ကုန် ...းစီးဌာနချုပ်ကို ပို့ရတယ်။ စစ်တပ်အာဏာပိုင်တွေဟာ မီးဖိုချောင် ... ပန်းကန်ခွက်ယောက်တွေ၊ အိုးတွေကို အထူးရချင်ကြတယ်။

အင်္ဂလိပ်လူမျိုးတွေနေခဲ့တဲ့ အိမ်တွေ၊ ရုံးတွေကဆိုရင် ပစ္စည်း ...ကောင်းစားတွေဆိုတာ အများကြီးပဲ သိမ်းယူနိုင်ခဲ့တယ်။ ငွေကြေး ...ရှုတွေ၊ သံ၊ ကြေးနီ၊ သတ္တု၊ ငွေထည်ကြေးထည် ပစ္စည်းမျိုးစုံက ... ပစ္စည်းစာရင်းအတိအကျ အပ်နှံကြရတယ်။ လုံးဝ လျှော့လို့ ...ကလို့ မရဘူးခင်ဗျ။

www.burmeseclassic.com



အခုလို ပစ္စည်းတွေကို သိမ်းနေ၊ ယူငင်နေကြပုံမျိုးကို ပြ
နေရတဲ့အခါ စစ်ပွဲဆိုတာ အတော်စိတ်ပျက်စရာကောင်းတဲ့ အလုပ်
လားလို့ တွေးမိတယ်ခင်ဗျာ။ လူဦးရေသန်းချီရှိပြီး 'အရှေ့တိုင်းရဲ့ဗင်းနစ်'
လို့ ကမ္ဘာကျော်ခဲ့တဲ့ ရန်ကုန်မြို့ကြီးကို 'ရန်သူပိုင်ပစ္စည်းစုဆောင်းရေ
တပ်ဖွဲ့' တွေက အမဲဖျက်သလို ပိုက်စိပ်တိုက်ပြီး မြေလှန်ရှာလိုက်တ
ဂျပန်စစ်ဌာနချုပ် ဂိုဒေါင်တွေမှာသာ ပစ္စည်းတွေတောင်လိုပုံကုန်ပေ
မြန်မာပြည်သူလူထု တွေခမျာတော့ နေ့ချင်းညချင်း 'ဖွတ်ကျောပြာ
ခရုဆံကျွတ်' ဖြစ်ကုန်ကြတော့တာပဲ။ မန္တလေးမှာလည်း ဒီလိုပဲ။ ကျန်
မြို့ကြီးတွေမှာလည်း ဒီလိုပဲ။ အို ... တောရော၊ မြို့ပါ ဒီလိုချည်းပါ
ခင်ဗျာ။ စိတ်ပျက်စရာကြီးပါ''

မာဆာအိုမာဆူဒါက သူ့မျက်နှာကြီးကို ရှုံ့ကာမဲ့ကာ ပြော
နေသည်။ သူတို့လို စီးပွားရေးသမားဆိုသည့် 'ဘနဖူးသိုက်တူး'
များကပင်လျှင် ဩချနေရပြန်သည်ဆိုတော့လည်း ...

'ဒီလူ တော်တော်သိထားတာပဲ။ ဒီလိုပဲ ဂျပန်စစ်တပ်ရဲ့
ချေးခါးသိထားတဲ့ အန္တရာယ်ကောင်တွေ ဘယ်လောက်များနေပြီ
တစ်နေ့နေ့တော့ အချိန်ယူစီစဉ်ပြီး လက်စတုံးပစ်ရမှာပဲ' ဟု သူ
အရှည်ကြီး တွေးနေ၏။ ဝီစကီဖန်ခွက်ကိုယူကာ တစ်ကျိုက် ပေ
လိုက်ပြန်သည်။

''ကဲပါလေ ... ဒါတွေထားပါဦး။ ကျွန်တော်မေးထားတာ
လုပ်ပါဦး''

''အေးဗျာ ... ပျော်ရွှင်စရာကိစ္စသက်သက်ဆိုရင်တော့
အင် (Suikoen) ဆိုင်၊ စားစရာသောက်စရာ ကိစ္စသက်သက်ဆိုရင်





ဂါ ရာစိုး (Nagaraso) ဆိုင်၊ လုပ်ငန်းကိစ္စဆိုရင်တော့ ဟိုချိတေ
(Hochite) ဆိုင်။ ဒီလိုပဲ ရွေးချယ်ထားရတာပေါ့ဗျာ။ ကဲ ... ကျေနပ်ပြီ
လား''

''ဟုတ်ပါတယ်လေ။ ကြည်းတပ်က စွီကိုအင်ဆိုင်ဆိုရင် ဆိုင်
လည်း အတော်လေးကြီးပြီး ဂေရှားမယ်ဦးရေ ငါးဆယ်ခြောက်ဆယ်
လောက်ရှိတယ်။ ဂျပန်ပြည် တောင်ဘက်ကျွန်းဖြစ်တဲ့ ကျူးရှူးကျွန်း၊
ရှူးမဲမြို့က အဖွဲ့လိုက် ခေါ်ယူထားတာတဲ့။ လူကြီးမင်းရွေးချယ်မှု
တော့ မှန်ပါပေတယ်။ ဟဲ ... ဟဲ ... ဟဲ ...''

မာဆာအိုမာဆူဒါက တဟဲဟဲရယ်ကာ ဝီစကီသောက်လိုက်၊
စရာများကို စားလိုက် ပြုနေလေ၏။ သည်အချိန်တွင် အလုပ်စကား
ရန်သင့်ပြီဟု သူဆုံးဖြတ်သည်။ ရည်ရွယ်ရင်းကိစ္စကို ပြီးပြတ်အောင်
မှ ဖြစ်တော့မည်။

''ချင်းတွင်းမြစ်ဝှမ်းက တောတွေတောင်တွေထဲ၊ မြန်မာပြည်
က်ပိုင်းက တောကြီးတောင်ကြီးတွေထဲ၊ ရခိုင်ရိုးမက တောတွေ
တောင်တွေထဲမှာ အသက်တွေ၊ ချွေးတွေ၊ သွေးတွေ စတေးပြီး စစ်သည်
တွေက စွန့်စားနေကြရသလောက် ဒီလိုစီးပွားရေးသမားတွေက မြို့ကြီး
တွေပေါ်မှာ စည်းစိမ်ယစ်မူးနေကြတယ်။ တစ်သွေး၊ တစ်သံ၊
စိတ်ဆိုတာ ဘယ်မှာလဲ''

သူ့ရင်ထဲ၌ သွေးတို့ဆူပွက်လာနေတော့သည်။ သူ့ဖန်ခွက်ထဲ
ဝီစကီလက်ကျန်ကို လက်စသတ်သည်။ သူတို့အား ပြုစုပေးနေသည့်
ယ်ကလေးများကိုလည်း လက်ပြကာ မောင်းထုတ်လိုက်သည်။

''ကဲ ... အလုပ်ကိစ္စ ပြောကြစို့''



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ... ပြောပါ ... လူကြီးမင်း"

"ရူပီ (အိန္ဒိယငွေ) သုံးသန်းနဲ့ မော်တော်ယာဉ်တွေ ဝယ် စုဆောင်းဖို့ ခင်ဗျားတို့ကုမ္ပဏီကို တာဝန်ပေးထားတာနဲ့ပတ်သက် လက်ရှိဆောင်ရွက်မှုအခြေအနေကို အတိအကျသိချင်တယ် မာဆူဒါ"

"တော်တော်ခရီးရောက်နေပါပြီခင်ဗျာ။ ညွှန်ကြားထား အတိုင်း အင်ဂျင်လည်းကောင်း၊ ဘော်ဒီလည်းခိုင်ပြီး ခိုင်းနိုင်သေး ကာရှိချက်ပလက်ကုန်တင်ယာဉ်ကြီးတွေ၊ အပေါ့စားဝန်လောက်ပဲ နိုင်ပြီး ခရီးတိုပဲခိုင်းနိုင်တဲ့ အုပ်ချုပ်မှုယာဉ်တွေ၊ အင်ဂျင်စက်ကိုပဲ ပြီး လေ့တွေမှာ တပ်သုံးနိုင်မယ့် ယာဉ်ဟောင်းတွေနဲ့ ဂျစ်ကားမျိုး ရနိုင် သမျှ ဝယ်ယူစုဆောင်းနေပါပြီ။

ကြည်းတပ်စစ်ဦးစီးဌာနချုပ်ရဲ့အမိန့်နဲ့ ရန်သူတပ်တွေ ပြင်သုံးစွဲမယ်ထင်တဲ့ ယာဉ်အိုယာဉ်ဟောင်းတွေကိုလည်း ထိုက် တဲ့တန်ဖိုးနဲ့ ဝယ်ယူဖျက်ဆီးနေတဲ့ကိစ္စလည်း ဒေသအလိုက် အဆင် နေပါတယ်။ အဲ ... ဒါပေမဲ့"

"အင်း ... ဆိုပါဦးလေ။ ဘာအခက်အခဲရှိလို့လဲ"

"ကြုံရတဲ့ အခက်အခဲကတော့ နှစ်ခုခင်ဗျ။ ကျွန်တော် ပုဂ္ဂလိက ကုမ္ပဏီတွေအတွက်ကတော့ အခက်အခဲပေါ့လေ။ လူကြီး တို့အတွက်ကတော့ ချက်ချင်းရှင်းပေးနိုင်မယ့် ပြဿနာမျိုးပါ"

"ပြောပါ ... ပြောပါ ...။ နားထောင်ကြည့်ကြတာ"

"တစ်ခုက ဗမာ့တပ်မတော် ထောက်ပံ့ရေးတပ်တွေက ကျွန်တော်တို့လိုပဲ မော်တော်ယာဉ်နဲ့ မြင်းတွေကို အလုအယက်စု နေပြီး စုဆောင်းရသမျှကိုလည်း နယ်ဘက်တပ်ရင်းတွေဆီ အပို





လွှတ်နေတဲ့ကိစ္စပါ"

"ဘယ်လို ..."

"ဟုတ်ပါတယ်။ အရင် မြေနီကုန်းမှာ စစ်ဝန်ကြီးရုံးနဲ့ တွဲ ဖွင့်ထားတဲ့ ဗမာ့ကာကွယ်ရေးတပ်မတော် ထောက်ပံ့ရေးတပ်ခွဲဟာ ဝင်ဒါမီယာထဲမှာ တပ်ရင်းအဆင့် တိုးချဲ့ဖွဲ့စည်းခဲ့ပြီး စစ်သုံး ယာဉ်တွေ၊ ဆင်၊ မြင်းတွေကို တောဘက်တွေအထိ လိုက်စုဆောင်း ပါတယ်။

သူတို့က ပိုပြီးအဆင်ပြေတာက သူတို့တိုင်းပြည်လွတ်လပ်ရေး တွက်ဆိုပြီး အလှူခံတဲ့အခါ လူထုတွေက အားတက်သရောလှူ နေကြတာပဲ။ ၁၉၄၄ ခုနှစ်ဆန်းပိုင်းကစလို့ သူတို့နဲ့ယှဉ်ပြီးဝယ်ရင် ခက်အခဲတွေ့လာရတာပဲ။ ဗမာ့တပ်မတော်က တစ်နေ့တခြား အင် ားပိုကောင်းလာနေတယ်"

"အင်း ..."

မာဆာအိုမာဆူဒါ ပြောသည့်အချက်က ဖြစ်နိုင်ဖို့များသည်။ သင်ရေးမှူးချုပ် ဂျင်နရယ်အီဆိုမူရာကလည်း တစ်ခါနှစ်ခါပြောဖူး ည်။ ဗမာ့ကာကွယ်ရေးတပ်မတော် အကြံပေးအရာရှိချုပ် ဗိုလ်ချုပ် ကူရိုင်းကလည်း ပြောဖူးသည်။ စစ်ဦးစီးချုပ် ဂျင်နရယ်အီးဒါးက လျှင် ဗမာ့ကာကွယ်ရေးတပ်မတော်အား တာဝန်ပေးထားသလိုလို။ တော့ သဲသဲကွဲကွဲ၊ ရေရေရာရာ မရှိလှ။

စစ်သုံးယာဉ်နှင့် ဝန်တင်တိရစ္ဆာန် ဆင်၊ မြင်း၊ မြည်း၊ လား က စစ်ပွဲတစ်ပွဲတွင် အဆုံးအဖြတ်ပြုနိုင်သည့် လက်နက်တစ်မျိုး ဖြစ်၏။ များများစုဖွဲ့ထားနိုင်သူက စစ်ရေးအကဲသာနိုင်သည်။ အထူး



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် တောတောင်မြစ်ချောင်းပေါများလှသည့် မြန်မာပြည်စစ်ပြေ
တွင် ပို၍အရေးကြီးသည်။ သည်ကိစ္စကို သေသေချာချာ စိစစ်ရဦးမ

"ကဲ ... ပြောပါဦး။ နောက်တစ်ခုက ..."

"ဂျပန်စစ်တပ်က တောင်းဆိုတဲ့ ပစ္စည်းတွေထဲက တချို့
ကျွန်တော်တို့ ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီတွေက ထောက်ပံ့ပေ
ရတာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီရိက္ခာနဲ့စစ်ထောက်ပံ့ပစ္စည်းတွေ စုဆော
မှုကို ချောချောမောမော မဆောင်ရွက်နိုင်ခဲ့ပါဘူး။ ဂျပန်တပ်မတေ
အတွက် ကျင့်သုံးလိုက်တဲ့ တပ်အလိုက် ကိုယ်ပိုင်ရိက္ခာနဲ့ စစ်ထောက်
ပစ္စည်း စုဆောင်းမှုမူဝါဒကြောင့် ကျွန်တော်တို့ ပုဂ္ဂလိကကုမ္ပဏီ
အခက်တွေ့နေရပါတယ်"

"ဘယ်လိုမျိုးလဲ။ အသေးစိတ်ပြောပါဦး"

သူက ပြောစရာ လမ်းဖွင့်ပေးလိုက်သည်။ သူတို့အပေါ် ဂျ
ကြည်းတပ်စစ်ဆင်ရေးဌာနချုပ်က ပေးထားသည့် တာဝန်နှင့်လုပ်
ခွင့်ကို အသုံးပြုကာ သူတို့ကုမ္ပဏီအကျိုးအတွက် အဝတ်စုတ်ရော
သလို ညှစ်ထုတ်ယူတတ်ကြသည့်သဘောကို မြန်မာပြည်၏ ဂျပန်ေ
စစ်အုပ်ချုပ်ရေး သုံးနှစ်ခရီးအတွေ့အကြုံတွင် သူနောကြေခဲ့ပြီ။
မင်၊ မစ်ဆူအိ၊ မစ်ဆူဘီရှိ ... မည်သည့်ကုမ္ပဏီဖြစ်ဖြစ် သည်
ချည်းသာဖြစ်သည်။

"ဒေသတစ်ခုမှာ တာဝန်ပေးထားတဲ့ ဂျပန်တပ်မ၊ တပ်
တွေဟာ ကိုယ်တာဝန်ကျတဲ့ဒေသတွေမှာ အခြားတပ်ဖွဲ့တွေ၊ မသ
ဆိုင်တဲ့ကုမ္ပဏီတွေ ဝင်မလာအောင် ပိတ်ပင်ခဲ့ပါတယ်။ ပစ္စည်းသ
ယူပို့ဆောင်မှုနဲ့ ပစ္စည်းရွှေ့ပြောင်းမှုတွေကိုလည်း ထိန်းချုပ်ထား





ကြောင့် အခက်အခဲက ပိုကြီးမားလာပြီး ပစ္စည်းရှားပါးမှုတွေ ကြုံရ
ပါပဲခင်ဗျာ"

"ဪ ..."

"စင်ကာပူမှာ ဗိုလ်ချုပ်ကြီးတိုမိုဟုမိယာမရှိတရဲ့ အမိန့်နဲ့ ဗိုလ်
ချုပ်ကာဝါမူရာဦးဆောင်ပြီး ဒုတိယဗိုလ်မှူးကြီးအိုအိရှိရဲ့ အမှတ် ၂ ကင်
ပေတပ်ဖွဲ့က ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီ ၂၁ ကနေ ၂၃၊ ဖေဖော်ဝါရီ ၂၅
ကနေ မတ်လ ၁ ရက်နေ့အထိ တရုတ်ကုန်သည် ငါးသောင်းကျော်ကို
စုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြပြီးတဲ့နောက်ပိုင်း မြန်မာပြည်မှာ
လည်း ပစ္စည်းသယ်ယူပို့ဆောင်ရွှေ့ပြောင်းရတာ အရမ်းကို တင်းကျပ်
ပါတယ်။ ဒါဟာ ကျွန်တော်တို့လုပ်ငန်းတွေ နှောင့်နှေးစေရတဲ့ အဓိက
အချက်ပါပဲ"

မာဆူဒါက ဝီစကီကို သူ့ဖန်ခွက်ထဲသို့ ထပ်ဖြည့်ပေးသည်။
ရေခဲတုံး ကြည်ကြည်အေးအေးကလေးများ ပေါလောမျောလျက် ရွှေ
ကြိုရောင်လဲ့လဲ့ပြေးနေသည့် စကော့ဝီစကီက စွဲမက်စရာကောင်းသည်။
သာသာမျှဉ်းမျှဉ်း စုပ်ယူမြိုချလိုက်ပြီး သူ့ရှေ့က ဘဲကင်ကို ကောက်ယူ
စားနေလိုက်သည်။ မာဆူဒါကလည်း ဝီစကီကို အရသာခံကာ သောက်
နေ၏။

"မာဆူဒါစံ"

"ဟုတ်ကဲ့ ..."

"ခင်ဗျားကို သိပ်အရေးကြီးတဲ့ တာဝန်တစ်ခု ပေးချင်တယ်။
ကျုပ်တို့ ကြည်းတပ်စစ်ဦးစီးဌာနချုပ်နဲ့ စစ်ဆင်ရေးဌာနချုပ်အတွက်
သိပ်အရေးကြီးတဲ့ တာဝန်တစ်ရပ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"တကယ်တော့ ဒီတာဝန်ကို ကျုပ်တို့စစ်ဦးစီးဌာနချုပ်၊ ဘဏ္ဍာ ထိန်းဌာနက တာဝန်ယူဆောင်ရွက်ရမှာဖြစ်ပေမယ့် ဖြတ်သန်းရမယ့် လမ်းကြောင်း၊ ခရီးစဉ်အခြေအနေ၊ လမ်းခရီးတစ်လျှောက်ရှိနေတဲ့ ဗဟို တပ်မတော်စစ်ကြောင်းတွေ၊ ရန်သူမဟာမိတ်တပ်ဖွဲ့တွေရဲ့ အနေအထား တွေကြောင့် ခင်ဗျားတို့လို ပုဂ္ဂလိကကုမ္ပဏီက အရပ်ဘက်ကုန်ပစ္စည်း ရွှေ့ပြောင်းမှုပုံစံမျိုးနဲ့ ဆောင်ရွက်ချင်တာ။ လမ်းခရီးလုံခြုံရေးအတွက် ကျုပ်တို့ဌာနက ဗိုလ်မှူးကြီးတစ်ဦးနဲ့ လုံခြုံရေးတပ်စုတစ်စုက အရပ် ဝတ်အရပ်စားနဲ့ပဲ လိုက်ပြီး ခရီးဆုံးအထိ စောင့်ရှောက်ပေးလိမ့်မယ်"

"ဘယ်လိုတာဝန်များလဲခင်ဗျာ"

"အခုလာမယ့် မတ်လ ၄ ရက်နေ့မှာ ခင်ဗျားတို့ကုမ္ပဏီက ဂျပန်ကြည်းတပ်ရဲ့ 'အာကာဆုကီ (Akatsuki) ရေကြောင်းပို့ဆောင်ရေး တပ်ဖွဲ့' က ပင်လယ်ကူးသင်္ဘောတွေနဲ့ တင်လာတဲ့ မြန်မာနိုင်ငံပစ္စည်း၊ ဖြန့်ဖြူးရေးသမဝါယမအဖွဲ့ကိုပို့မယ့် အထည်အလိပ်နဲ့ ဆေးဝါး၊ ဒီ ကရက်၊ သကြားတွေကို မန္တလေးကို ပို့ရမယ်လို့ သိထားတယ်။ ပို့ ဆောင်မယ့်ကားတွေကအစ စီစဉ်ပြီးပြီလို့လည်း ဆိုတယ်။ အဲဒါ ဟုတ် ပါသလား"

"မှန်ပါတယ် ဗိုလ်ချုပ်။ အဲ ... အဲ ... လူကြီးမင်း"

"အဲဒီယာဉ်တန်းမှာ အထက်မြန်မာပြည် စစ်မျက်နှာအတွက် အရေးတကြီးပို့ပေးရမယ့် စစ်သုံးပစ္စည်းသေတ္တာတွေကို ရောနှောပြီး သယ်ပေးလို့ ရနိုင်မလား"

"အရေအတွက် ဘယ်လောက်များပါသလဲ"

---

စိတ်ကူးသစ်စာပေ



"အလျားသုံးပေ၊ အနံနှစ်ပေ၊ အမြင့်နှစ်ပေရှိမယ့် သံသေတ္တာ ပြီး အလုံးခြောက်ဆယ် ..."

"ဟာ ... များလှချည်လားခင်ဗျာ"

"သူတို့ချည်း သီးသန့်မဟုတ်ဘဲ ခင်ဗျားတို့ကုမ္ပဏီက ပို့မယ့် ပစ္စည်းတွေနဲ့ ရောနှောပြီး ပုံဖျက်တင်ချင်တာ။ လိုအပ်တဲ့ကားကိစ္စကို ခင်ဗျားတို့ပဲ စီစဉ်လေ။ မတ်လ ၄ ရက်နေ့ ယာဉ်တန်းနဲ့ပါသွားပြီး ခရီး ဆုံးကို ချောချောမောမောရောက်ဖို့ပဲ အရေးကြီးတယ်။

မော်တော်ယာဉ် ငှားခ၊ တင်ခ၊ ချခ၊ အထွေထွေကုန်ကျ စရိတ် ကျသင့်သမျှကိုတော့ အခုသိချင်တယ်။ ခန့်မှန်းခြေပေါ့ဗျာ ..။ ရက်ဖြန့် ဘဏ်ဖွင့်ချိန်အတွင်း ခင်ဗျားတို့ကုမ္ပဏီရဲ့ ငွေစာရင်းထဲကို ငွေများဝင် လွှဲပေးလိုက်မယ်။ ဘယ့်နှယ်လဲ"

"အင်း ... တိုကျိုရုံးချုပ်ကို အစီရင်ခံလို့တော့ ဖြစ်ရဲ့မဟုတ် လား"

"No..No မာဆူဒါစံ။ ခင်ဗျားနဲ့ကျုပ်နဲ့ကလွဲလို့ ဘယ်သူမှ သိခွင့်မရှိဘူး။ ခင်ဗျားကို ရွေးချယ်တာဝန်ပေးခဲ့တာကလည်း ခင်ဗျား ရန်ကုန်ကိုရောက်ခဲ့တဲ့ ၁၉၄၂ ခုနှစ် ဧပြီလ ၂ ရက်နေ့ကနေ ဒီကနေ့ အထိ မြန်မာပြည်အတွင်း ဂျပန်စစ်တပ်အတွက် ခင်ဗျားရဲ့အကျိုးဆောင် မှုတွေရယ်၊ ခင်ဗျားရဲ့ ကိုယ်ရေးရာဇဝင်ရယ်၊ 'မစ်ဆူဘီရှိဆိုးကို (Mitsubishi Soko) သိုလှောင်ရေးကုမ္ပဏီ' မှာ အမှုထမ်းခဲ့ဖူးတဲ့ မှတ် တမ်းတွေရယ်ကို အသေးစိတ်စိစစ်ပြီးမှ ရွေးချယ်ခဲ့တာမို့ ဒီတာဝန်ရဲ့ အဘောကို ခင်ဗျား သဘောပေါက်လိမ့်မယ်ထင်ပါတယ်"

" ......"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မာဆူဒါစံ ..."

"ဟုတ်ကဲ့"

"ခင်ဗျားကို တိတိကျကျ ထပ်ပြောရရင် ဒါဟာ တိုကျို ဂျပန်စစ်ဦးစီးဌာနချုပ်ရဲ့အမိန့်ပဲ။ နိပွန်ဘုရင့်တပ်မတော်ကြီးရဲ့ တာ နှင်းအပ်မှုပဲ။ ရှင်းပြီလား"

တဒင်္ဂ၌ အခန်းအတွင်းတွင် ရုတ်တရက် ဆိတ်ငြိမ်သွားသ

လျှပ်စစ်ပန်ကာ၏တဝီဝီလည်သံမှလွဲ၍ မည်သည့်အသံမျှမ

မာဆာအိုမာဆူဒါသည် သောက်ထားမိသော ယမကာအ များပင် လွင့်စဉ်သွားလျက် သွေးလန့်သွားမိသည်။ ဘန်ကော တစ်ဆင့် ရန်ကုန်သို့ စစ်တပ်သုံးလေယာဉ်ဖြင့် ရောက်လာခဲ့သည် ထိုနေ့တွင်ပင် ကုမ္ပဏီတာဝန်များ မထမ်းဆောင်ခဲ့ရဘဲ ရန်သူပိုင်ပစ္စ များ စုဆောင်းရေးအဖွဲ့သို့ ဂျပန်စစ်ဦးစီးဌာန၏ အမိန့်အရ အရပ်ဘ အကြံပေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရပုံ၊ နေ့ချင်းညချင်း ရန်ကုန်မြို့အခြေစိုက် ကုမ္ပဏီရုံးခွဲ၏ ဒေသဆိုင်ရာ အရာရှိချုပ်အ တိုးမြှင့်တာဝန်ပေးခြင်းခံခဲ့ရပုံ၊ ဂျပန်စစ်တပ်သို့ ပေးသွင်းရမည့် နှင့်စပါး ရောင်းဝယ်ကြိုက်ခွဲခွင့်ကို သူတို့မစ်ဆူဘီရှိကုမ္ပဏီကြီးက ရခိုင်နှုန်းအထိ ချုပ်ကိုင်ဆောင်ရွက်ခွင့်ရခဲ့ပုံ၊ မြန်မာနိုင်ငံပစ္စည်း ဖြူးရေး သမဝါယမအဖွဲ့ပိုင် ပစ္စည်းများအား သယ်ဆောင်ဖြန့်ဖြူး ကို သူတို့ကုမ္ပဏီက ဆောင်ရွက်ခွင့်ရရှိခဲ့ပုံတို့အား တရေးရေးပြန် လာသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းသို့ ဂျပန်နိုင်ငံ ဝင်ရောက်လာ နှင့်အတူ သူ့ဘဝက နေ့ချင်းညချင်း အခြေအနေ ပြောင်းလဲမြင့်





ကာ ကြွယ်ဝချမ်းသာလာခဲ့ရ၏။ မြန်မာပြည်စစ်မျက်နှာတွင် သူ ည် စစ်ဝတ်စုံမဝတ်၊ လက်နက်မစွဲသည့် စစ်သည်တော်တစ်ဦးပမာ ရေးပါသော စစ်ဆင်ရေးများ၌လည်း ပါဝင်ဆင်နွှဲခဲ့ရဖူးပြီ။ သူလျှောက် ည့်လမ်းမှာ တစ်ကြောင်းတည်းသာရှိသည်။

"ကျွန်တော် ဘာဆက်လုပ်ရမှာလဲ"

"ခင်ဗျားအလုပ်ကိုပဲ ခင်ဗျားဆက်လုပ်နေပါ ... မာဆူဒါစံ။ င်ဗျားကို ကျုပ်ရဲ့လူတစ်ယောက် လာဆက်သွယ်ပါလိမ့်မယ်။ သူ ိုယ်တိုင်ဆက်သွယ်ပြီး ပေးတဲ့အမိန့်အတိုင်း တစ်သဝေမတိမ်းလိုက် ုပ်ပါ။ ကြားလူမရှိဘူး။ အထောက်အထားမထားဘူး။ နှုတ်မိန့်နဲ့ အလုပ် ုပ်မယ်။ ခင်ဗျားကို လာပြီးဆက်သွယ်မယ့် ပုဂ္ဂိုလ်ရဲ့အမည် မှတ် ားပါ။ 'ကာတိုမိချိစံ' ... တဲ့"

"ကာတိုမိချိစံ ..."

"ဟုတ်တယ်။ ဗိုလ်မှူးကာတိုမိချိစံ ...။ သူ့ကိုယ်သူ ဆက် ွယ်မယ့် စကားဝှက်က 'Professor (ပါမောက္ခ)' ..."

"'Professor ..."

"ဟုတ်တယ်။ 'Professor ... တဲ့"

"ဘယ်တော့လောက် ..."

"အဲဒါ သူရွေးချယ်လိမ့်မယ်။ သူဆုံးဖြတ်လိမ့်မယ်"

"ဟုတ်ကဲ့"

"ကိုင်း ... မာဆူဒါစံရေ။ ကျုပ်ကို ဗိုလ်ချုပ်အိဝါကူရိုစံက ပြဲ ဆုံးမခဲ့တဲ့ ဂျပန်ရှေးဟောင်း စကားပုံတစ်ခုရှိတယ်။ 'မင်းတို့ က်က အစွမ်းကုန်ကြိုးစားကြ။ နောက်ပိုင်းအခြေအနေနဲ့ ပတ်သက်



www.burmeseclassic.com

လို့ကတော့ ကံတရားရဲ့စီမံရာကိုသာ နာခံဖို့ပြင်ထား' . . . တဲ့။ အခု လည်း ဒီအတိုင်းပဲပြောချင်တယ်။ ကျုပ်တို့လိုချင်တာဟာ ခင်ဗျားအက်က အကောင်းဆုံးစွမ်းဆောင်နိုင်မှုကိုပဲ။ ကျန်တာ ကျုပ်တို့တာဝန်ပေါ့ဗျာ''

''ဟုတ်ကဲ့ ခင်ဗျာ''

''ကဲ . . . ကဲ . . . ကျုပ်တို့ရဲ့ ဝိစကီနဲ့စားစရာတွေ အလဟဿ ဖြစ်ကုန်တော့မယ်။ မတ်ဆုမိအိနိုစံနဲ့ သူ့ကလေးမတွေလည်း စောင့်ရတာ ပျင်းရှာကြရော့ပေါ့။ သူတို့ကို အလှည့်ပေးလိုက်ကြရအောင်။ ချီးယားစ်''

''ချီးယား . . . စ်''

သူက ခေါင်းလောင်းကြိုးအနီလေးကို လှုပ်၍ ဆွဲလိုက်ပြန်သည်။ ခိုးခိုးခစ်ခစ်ရယ်သံ ညီးညီးညံ့ညံ့နှင့်အတူ ဂေရှားမယ်လေးများက သူကြိုတင်မှာယူထားသည့် ဟင်းလျာအမယ်များကို သယ်ယူကာ ဝင်လာကြ၏။ ဟင်းလျာနံ့က နှာဝကို ခြူသည်။ မွှေးကြိုင်သင်းပျံ့လှပေ၏။

''ခွန်နီချိဝ''

ဂေရှားမယ်ခေါင်းဆောင် မတ်ဆုမိစံက သူ့ကို ဦးညွှတ်ဂါရဝပြုရင်း ဟင်းလျာတစ်ပွဲကို သယ်ယူလာသည်။ တင်ပူရာငါးကြော်။ ပန်းကန်နှုတ်ခမ်း၌ တင်ထားသည့် ဂန္ဓမာပန်းဝါကလေးတစ်ပွင့်။

သူက သဲ့သဲ့ပြုံး၍ ဝိစကီကို လက်စသတ် မော့သောက်ချလိုက်သည်။

''မာဆူဒါစံရေ . . . ကျုပ်ကို ခွင့်ပြုဦး။ ဒီကနေ့တစ်ညတာရဲ့





ညှိခံမှုကို ကျုပ်ကပဲ တာဝန်ယူရမှာဆိုတော့ အားရပါးရ နားလိုက်ပါ။ ဟုတ်လား . . . ။ ကျုပ်တော့ ပြေးရဦးမယ်''

''ဟုတ်ကဲ့ . . . ကျေးဇူးပါခင်ဗျာ''

ရယ်သံများကို သူ့နောက်ကျော၌ ချန်ထားရစ်ခဲ့သည်။ သူ မျက်နှာမှူဦးတည်ရာအရပ်၌ကား . . .

❁ ❁ ❁

www.burmeseclassic.com

## အခန်း [ ၄ ]

"သူ့ထက်သာအောင် မထိုးနိုင်ဘဲနဲ့ ဘယ်တော့မှ ကိုယ်က စပြီး မထိုးလေနဲ့။ သူထိုးသမျှကို ကိုယ်က ကောင်းကောင်းခံနိုင်စွမ်း ရှိပြီဆိုမှ သူ့ကို ထောင့်မှာပိတ်ပြီး ထိုးဖို့ကြိုးစား။ ဒါ . . . ကျုပ်ရဲ့ ဘဝ ပေးသင်ခန်းစာပဲ"

အေးစက်စက်၊ မာကျောကျောလေသံနှင့် ခပ်စိမ်းစိမ်းမျက်ဝန်း အကြည့်က အန္တရာယ်၏အရိပ်အငွေ့ကို ပြနေသည်။ ကြည်လင်ရွှင်ပျ လျက်ရှိနေခဲ့သော အခြေအနေသည် ရုတ်တရက်ပင် ပြိုကွဲသွား၏။ နောက်ဆုံးအချိန်အထိ တင်း၍ တောင့်ခံထားနိုင်ခဲ့သော နှစ်ဖက်ဆက် ဆံရေးအနေအထားသည်လည်း မျှခြေ၌ မရှိတော့။ မီးတောင်တစ်ခု





ဟ၍ပေါက်ကွဲထွက်တော့မလို၊ မုန်တိုင်းကြီးတစ်ခု ရိုင်းရိုင်းစိုင်းစိုင်း ဝင်ပြီး မွှေတော့မလို . . .

"နေပါဦးလေ . . . ကျွန်တော်တို့ဘက်က ယတိပြတ်အဖြေ ပေးသေးတာမှမဟုတ်ဘဲ။ စစ်တပ်အတွက် အရေးပေါ်အခြေအနေမျိုး ဆိုရင်တော့ ကျွန်တော်တို့ကုမ္ပဏီရုံးချုပ်ကလည်း ဒီအတိုင်း လက်ပိုက် ထိုင်ကြည့်နေမတဲ့လား။ အခုဟာက တိုကျိုရုံးချုပ်က ညွှန်ကြားချက် ကို ခဏကလေးစောင့်ပေးဖို့ တင်ပြနေတာပါ။ ကျွန်တော်တို့ အရပ် ဘက်ကုမ္ပဏီတွေရဲ့ လုပ်ထုံးလုပ်နည်းဆိုတာက စစ်တပ်နဲ့ သဘာဝ ချင်း၊ လုပ်နည်းလုပ်ဟန်ချင်း မတူတတ်ကြဘူးလေ။ ဒါကို ဗိုလ်ချုပ် လည်း ကောင်းကောင်း အသိသားမဟုတ်လား"

မစွတာယာမာနာကာက ပြေရာပြေကြောင်း လေပြည်ထိုး ကြည့်သည်။ သူရင်ဆိုင်နေရသည့် ပုဂ္ဂိုလ်အကြောင်းကိုလည်း သူက အစင်းသိဖြစ်နေ၍ ရွံ့ကြောက်ကြီးကြောက်သည်။ ရန်ကုန်မြို့အခြေစိုက် ဂျပန်ကြည်းတပ်စစ်ဦးစီးဌာနချုပ်၏ စစ်ထောက်ပံ့ရေးဌာနကြီးမှူး၊ ထျာတော်ထိန်း ဗိုလ်ချုပ်တာနာကာအား သူကောင်းကောင်းသိပြီး ဖြစ်သည်။

တိုကျိုမြို့ နီချိမင်ကုမ္ပဏီမှ အရာထမ်းတစ်ဦးဖြစ်သော မစွတာ ယာမာနာကာသည် ၁၉၄၂ ခုနှစ် မေလ မိုးဦးကျကာလတွင် ရန်ကုန်မြို့ သို့ ရောက်ရှိခဲ့သည်။ ဂျပန်စစ်တပ်အုပ်စိုးမှုလက်အောက် မြန်မာနိုင်ငံမှ ထွက်သော ဆန်စပါးရောင်းဝယ်မှု၏ ငါးဆယ်ရာခိုင်နှုန်းနှင့် ဝါဂွမ်း လုပ်ငန်းအားလုံးကို နီချိမင်ကုမ္ပဏီက လုပ်ကိုင်ခွင့်ရရှိထားပြီးဖြစ်ရာ မြန်မာပြည်ဒေသအနှံ့အပြား၌ ကွန်ရက်သဖွယ် ဖွင့်လှစ်ဆောင်ရွက်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည့် သူတို့ကုမ္ပဏီ၏ လုပ်ငန်းဌာနများကို ကြီးကြပ်ရန်နှင့် ဂျပ စစ်တပ်နှင့် ကုမ္ပဏီအကြား ဆက်သွယ်ရေးလုပ်ငန်းကို ဦးစီးရန်တာ ဖြင့် သူရောက်လာခဲ့ရခြင်းဖြစ်သည်။

အထူးသဖြင့် စစ်ဦးစီးဌာနချုပ် စစ်ထောက်ပံ့ရေးဌာနအတွ မြန်မာပြည်စစ်မြေပြင်ရှိ ဂျပန်စစ်သားများဆိုင်ရာ ရိက္ခာပြဿနာ ပြေလည်စေရေး မဟာတာဝန်ကြီးတစ်ရပ်ကို ထမ်းဆောင်ရန်ပင်ဖြ ၏။ တိုကျိုရုံးချုပ်က သူ့အပေါ် ယုံကြည်စွာပင် လုံးလုံးပုံအပ်ထား

"ဒီမှာ မစ္စတာယာမာနာကာ။ ကျုပ်တို့စစ်တပ်နဲ့ လက် အလုပ်လုပ်လာတဲ့ ဒီသုံးနှစ်လောက်အတွင်းမှာ ခင်ဗျားတို့ဂျပန်ကုမ္ပ ကြီးတွေ ဘယ်လောက်အကျိုးရှိ၊ ဘယ်လောက် ကြီးပွားချမ်းသာသွ ကြသလဲဆိုတာ ကျုပ်ထက်ပိုသိတဲ့သူ မရှိဘူးဆိုရင် ခင်ဗျားယုံလိမ့်မ ထင်တယ်။ ဟုတ်စ ..."

ဖြေစရာစကားလုံးမရှိသော သည့်မေးခွန်းကိုမှ သူက ချေ ပိတ်၍ မေးနေပြန်သည်။

ဂျပန်တပ်မတော်သည် မြန်မာနိုင်ငံကို သူတို့လက်ခုပ်ထဲမှ ရေ ကဲ့သို့ သွန်လိုသွန်၊ မှောက်လိုမှောက် ထင်သလို ကြိုးကိုင်ချယ်လှ နေခဲ့သည်မှာ ကြာခဲ့ပြီဖြစ်၏။ ဂျပန်စီးပွားရေးကုမ္ပဏီကြီးများနှင့် ဂျပ စစ်တပ်လက်ဝေခံ ထိုင်ဝမ်၊ အိန္ဒိယကုမ္ပဏီများကလည်း ရှေ့သွားနော လိုက်ညီလှစွာပင် မြန်မာတိုင်းရင်းသားတို့အား သွေးစုပ်ခဲ့ကြပြီးဖြစ် ၁၉၄၅ ခုနှစ် နှစ်ဆန်းစအခြေအနေမှာ အလွန်အမင်း ဆိုးဝါးနေ တော့သည်။

အင်ဖာစစ်ဆင်ရေးအတွက် ယိုးဒယား-မြန်မာ မီးရထားလမ်





ဖောက်လုပ်မှုကို ဂျပန်စစ်တပ်က တက်သုတ်ရိုက်ဆောင်ရွက်နေလျက် ရှိသကဲ့သို့ ရိက္ခာပစ္စည်းအစမွသိမ်းယူမှုကိုလည်း အကြီးအကျယ်ပြုလုပ် နေဆဲဖြစ်သည်။ စစ်ဆင်ရေးရိက္ခာအဖြစ် အသုံးပြုရန် ကျွဲနွားအမြောက် အများကို ဂျပန်စစ်တပ်က စုဆောင်းသိမ်းယူခဲ့သည်။ ကျွဲနွားမရှိ၍ လယ်ယာစိုက်ပျိုးရေးမလုပ်နိုင်။ လူတွေလည်း အငတ်ငတ်အပြတ်ပြတ် ဖြစ်ကြရသည်။

၁၉၄၃ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှစ၍ စားနပ်ရိက္ခာကုန်ပစ္စည်း များ အဆမတန် ရှားပါးလာခဲ့သည်။ ရိက္ခာပစ္စည်းစုဆောင်းမှုနှင့် အတင်း အဓမ္မသိမ်းယူမှုများကိုလည်း ဂျပန်စစ်တပ်က တိုးမြှင့်လုပ်ဆောင်လာ သည်။ ဂျပန်စစ်တပ်နှင့်အတူ မြန်မာနိုင်ငံအခြေစိုက် ဂျပန်ကူးသန်း ရောင်းဝယ်ရေးကုမ္ပဏီများကလည်း အပြိုင်အဆိုင်ပင် စစ်ရိက္ခာ ထောက်ပံ့မှုကို ပင်မစီးပွားရေးလုပ်ငန်းကြီးတစ်ရပ်အဖြစ် ဆောင်ရွက် ကြရာ အစားအစာ ရှားပါးပြတ်လပ်မှုပြဿနာမှာ တစ်နေ့တခြား ကြီး ထွားလာနေတော့သည်။

"ဗိုလ်ချုပ်ပြောတာက အကျိုးစီးပွားပြဿနာပါ။ အခု ဗိုလ် ချုပ်တောင်းဆိုနေတာက တကယ်လက်တွေ့ ရင်ဆိုင်ဖြေရှင်းရတဲ့ စစ် ဆင်ရေးရိက္ခာတွေ ဖြည့်တင်းပေးရမယ့်ပြဿနာ ဖြစ်နေပါတယ်။ မှန်ပါ တယ်ဗိုလ်ချုပ်။ ကျွန်တော်တို့ နီချီမင်၊ မစ်ဆူဘီရှိ၊ မစ်ဆူအီ၊ ဟာနာ ရှီကာနဲ (Hanashi Kane) စတဲ့ကုမ္ပဏီကြီးတွေဟာ မြန်မာပြည်မှာ စီးပွား ရှာဖွေခဲ့ကြသလိုမျိုး တစ်ကြိမ်တစ်ခါမှ မကြုံခဲ့ရဖူးသေးတာ ဝန်ခံ ပါတယ်။

ဒီသုံးလေးနှစ်လောက် တိုတောင်းတဲ့ကာလကလေးအတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



နှင့်လောက်အောင် အကျိုးအမြတ်တွေ ရရှိခဲ့ကြပါတယ်။ ကုန်ကုန်ပြော ရရင် မြန်မာတိုင်းရင်းသားနဲ့ စစ်ပြေးအင်္ဂလိပ်တွေပိုင်တဲ့ ကောင်းတယ် မွန်တယ်ဆိုလေသမျှ ပန်းကန်ခွက်ယောက်၊ ပရိဘောဂ၊ ယာဉ်ပျက်စက် ပျက်ပါမကျန်အောင် ဂျပန်ကိုသယ်ခဲ့ကြတဲ့အတွက် ဒီမှာက အခွံဟောင်း လောင်းပဲ ရှိတော့တာပါ။

မြန်မာတွေဟာ အဝတ်ဆိုရင် ဂျပန်စစ်တပ်က လံကွတ်ပါ ဘောင်းဘီကိုတောင် အလုအယက်ဝယ်သုံးနေကြရတဲ့ အခြေအနေပါ။ ကျွန်တော်တို့ကုမ္ပဏီကြီးတွေရဲ့ လောင်းရိပ်အောက်မှာပဲ မြန်မာပြ မွဲပြာကျသွားတာပါ။

ဒါပေမဲ့ ဗိုလ်ချုပ်ခင်ဗျား ... ဗိုလ်ချုပ်အခုပြောနေတဲ့ ဂျပန် စစ်သားတစ်သိန်းအတွက် သုံးလစာရိက္ခာကို ဒီရန်ကုန်မှာပဲ အမြန် စုဆောင်းပေးရမယ်ဆိုတာကတော့ ချက်ချင်းအဖြေပေးဖို့ သိပ်ခက် ပြဿနာကြီးပါ။ လက်ရှိအခြေအနေမှာ စားဝတ်နေရေးကျပ်တည်းလွ လို့ မြန်မာပြည်သူလူထုတွေက ဂျပန်ဆိုရင် စစ်သားပဲဖြစ်ဖြစ်၊ ကုန်သ ပဲဖြစ်ဖြစ် မကြည်ဖြူကြတော့ဘူး။ မကြည့်ချင်လောက်အောင်ကို မုန်း နေကြပါပြီ။ ဒီကာလကြီးမှာ ...''

''ခင်ဗျား တော်တော်ခက်ပါလားဗျာ''

''ခွမ်း ...''

စားပွဲပေါ်ရှိ ဖန်ခွက်လှလှကလေးတစ်လုံးက ရုတ်တရက် လေ ထဲ၌ အရှိန်ပြင်းစွာ လွင့်ပျံသွားပြီး အခန်းနံရံကို ဝင်မှန်သည်။ ဖန် အတွင်းမှ ယမကာများက အနံ့နံ့အပြားပြားစဉ်ထွက်လျက် ဖန် လည်း အစိတ်စိတ်အမြွှာမြွှာကွဲသွား၏။





''ခင်ဗျား အခြေအနေကို တကယ်မသိတာလား၊ မသိချင် ယောင်ဆောင်နေတာလား မစ္စတာယာမာနာကာ။ အဲဒါကို ကျုပ်သိပ်သိ ချင်နေတယ်''

သွားကိုစေ့လျက် လေသံမျှသာပြောလိုက်သော်လည်း အေး စက်တင်းမာသည့်အသံက ချောက်ချောက်ချားချားဖြစ်အောင် ပြုစား နိုင်စွမ်းသည်။ မစ္စတာယာမာနာကာသည် လက်ရှိအခြေအနေကို ထိန်း ချုပ်နိုင်ရန် စကားလုံးရွေးရင်း သီးနင်၍ပင်နေ၏။

''ဒီလိုပါ ... ဗိုလ်ချုပ်။ မြန်မာပြည်ရဲ့ လက်ရှိအခြေအနေ က ...''

''တော်တော့ ... ကျုပ်ပြောမယ်''

သူက စကားကို ဖြတ်ဝင်ဖြတ်၍ နင်းသည်။ ဖြူနုသည့် သူ့ မျက်နှာတစ်ပြင်လုံး သွေးရောင်ရဲရဲ လွှမ်းနေလေပြီ။ ထိန်းချုပ်နေသည့် ကြားကပင် စစ်ဗိုလ်ချုပ်တစ်ဦး၏ဇာတိက ဘွင်းဘွင်းပေါ်လာနေ၏။

''မြန်မာပြည်ဟာ စစ်မဖြစ်ခင်တုန်းက ကမ္ဘာပေါ်မှာရှိတဲ့ ဆန် တင်ပို့ရောင်းချခဲ့တဲ့ နိုင်ငံတွေထဲမှာ ပြည်ပကို ဆန်စပါးအများ တင်ပို့ရောင်းချခဲ့တဲ့ နိုင်ငံဖြစ်တယ်။ တစ်နှစ်တစ်နှစ်အတွင်းမှာ စပါးကို တန်ချိန်သုံးသောင်းလောက်အထိ တင်ပို့ရောင်းချနိုင်စွမ်း တယ်။

ဆန်စပါးအထွက်နှုန်း ကျလာတယ်ဆိုပေမယ့် စစ်မဖြစ်ခင် က ဒီလောက်များများ တင်ပို့ရောင်းချနိုင်ခဲ့တဲ့နိုင်ငံမှာ အခုလောက် သင့်သေးဘူး။ မြန်မာတွေဝှက်ထားတဲ့ဆန်တွေ ရှိနေဦးမယ်။ အဲဒီ တွေကို ပိုက်စိပ်တိုက်ရှာဝယ်ဖို့ ခင်ဗျားတို့ကိုပြောနေတာ ကိုယ့်လူ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့။ ရှင်းပြီလား''

''တွန်းတွန်းတိုက်တိုက် ကြိုးစားရင်တော့ ရတန်သမျှ ရ ပါလေ။ ဒါပေမဲ့ မြန်မာပြည်သူလူထုတွေနဲ့ ဆက်ဆံရေးတော့ ပျက် လိမ့်မယ်ထင်တယ်။ လူတွေက သိပ်ခက်ခဲကျပ်တည်းနေကြပြီ။ တ နေရာတွေမှာ ငတ်တဲ့ပြတ်တဲ့အခြေအနေအထိ ဖြစ်နေတယ်။ သ အားပေးလွန်းရင် ထုနဲ့ထည်နဲ့ အုံကြွလာနိုင်တယ်နော်။ တော်ကြာ တော်တို့ကုမ္ပဏီတွေအပေါ်မှာ ဝန်ထုပ်ကြီးလာပိနေဦးမယ်''

''ဒါ . . . ကိစ္စမရှိပါဘူးလေ။ ကင်ပေတွေ ကြည့်လုပ်ပါ မယ်။ ခင်ဗျားတို့ တစ်လဘယ်လောက်စုနိုင်မလဲ။ ဘယ်လောက်ပြ စုနိုင်မလဲ။ အဲဒါ ကျုပ်သိချင်တယ်''

''ဒီလောက်တော့ မပြန်နိုင်ဘူးခင်ဗျ။ ကျန်တဲ့ ကုမ္ပဏီ နဲ့လည်း ညှိကြရဦးမယ်။ ဒါနဲ့ ဒီလို ဆန်နဲ့စစ်ရိက္ခာတွေ တရ စုဆောင်းလိုက်တဲ့အတွက် တုံ့ပြန်မှုတွေရှိလာရင် ကျွန်တော်တို့ လုံခြုံမှုကို ဗိုလ်ချုပ်တို့စစ်တပ်က တာဝန်ယူမယ်မဟုတ်လား''

မစ္စတာယာမာနာကာက ၁၉၄၂ ခုနှစ် မတ်လ ၁၅ ရ တွင် အမှတ် (၁၅) ဂျပန်တပ်တော်က ရေးဆွဲထုတ်ပြန်ခဲ့သည့် 'အ ပိုက်ခံ မြန်မာနိုင်ငံအတွင်း အုပ်ချုပ်ရေးဆိုင်ရာ အခြေခံစည်း အပိုဒ်–၄၀' ကို ရည်ညွှန်း၍ ပြောကြားလိုက်ခြင်းဖြစ်သည်။

ယင်းစည်းမျဉ်း၌ တိုင်းရင်းသားဒေသခံပြည်သူများက စစ်တပ်ကို ကြောက်ရွံ့နေမှုများ ပပျောက်အောင်လုပ်ရန် အတိ ပြဋ္ဌာန်းထားသည်။ ဆွမ်းခံရင်း ငှက်သင့်သွားနိုင်သည်။ 'ဆူး ဘူး' ဘဝကိုလည်း ထည့်တွက်နေရသည်။





''ထားပါလေ . . . ဒီကိစ္စတွေ ပေါ်လာရင် ကျုပ်တို့စစ်ထောက် ရေးဌာနက တာဝန်ယူပါမယ်။ ဂျင်နရယ်အီးဒါးကိုလည်း ကြိုသတင်း ားလိုက်ပါမယ်''

''ဟုတ်ကဲ့ ဗိုလ်ချုပ်''

''ကိုင်း . . . ဒါဆို ကျုပ်တို့ ဆန်ကိစ္စကို မူအားဖြင့် သဘော ညီမှုရပြီလို့ ဆိုနိုင်ပြီပေါ့။ ဟုတ်လား . . .''

''ဟုတ်ကဲ့ခင်ဗျ။ ရုံးချုပ်ကိုတော့ ကျွန်တော်ပဲ ကြည့်အစီရင် းမှာပေါ့''

''အဲဒါက ခင်ဗျားကိစ္စပဲလေ''

ခေတ္တမျှငြိမ်သွားသည်။ ယခုမှပင် သူက ဖန်ခွက်တစ်လုံးထဲ ယမကာကို ငှဲ့ထည့်ဖြစ်တော့သည်။

''နေဦးဗျ . . . စောစောက ကျုပ်ပြောတဲ့ အင်ဂျင်ကောင်း င်း၊ ဘော်ဒီကောင်းကောင်း ကုန်တင်ကားကြီးဆယ်စီးကိစ္စ ထပ် ပေးရဦးမယ်။ ကျုပ်ပြောထားတဲ့နေ့မှာပဲ ပဲခူးက စစ်ထောက်ပံ့ ပ်ကို အချိန်မီရောက်ပါစေနော်။ ကျုပ်မှာထားတဲ့အတိုင်း စစ်သုံး က္ခာကြီး အလုံးခြောက်ဆယ်လည်း တစ်ပါတည်းအပ်နိုင်အောင် ပေးပါ။ ကျသင့်တဲ့ငွေကို မနက်ဖြန် ကျုပ်ရုံးမှာ လာထုတ်လိုက်။ ပြီလား . .''

''အဲဒါတော့ ဖြစ်ရပါစေမယ် ဗိုလ်ချုပ်''

''ကဲ . . . ဒါဆို ပွဲပြတ်ပြီ။ နောက်ကို ခင်ဗျား သူနဲ့ဆက်သွယ် လုပ်လုပ်ပါ။ ကျုပ်လက်အောက်က ဗိုလ်မှူးအိဇုမယာပဲ''

''ဟုတ်ကဲ့''



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာယာမာနာကာသည် အခန်းတွင်းမှ အမြန်ဆုံး သည်။ မွန်းကျပ်ပိတ်လှောင်နေသော စိတ်ဝန်ပိမ္ဗဒဏ်ကို အလူး ခံခဲ့ရပြီးဖြစ်၍ သူဆက်လက်သည်းခံရန် ဝန်လေးနေမိသည်။ သူ့စိတ် သူ မနည်းကြီး ထိန်းနေရ၏။

'စစ်နဲ့စစ်သားမှာ စစ်ပွဲက စစ်သားဆိုတာကို လိုအပ် တစ်ရပ်အဖြစ်နဲ့ မွေးဖွားယူခဲ့ပြီးတဲ့နောက် စစ်သားကသာ စစ်ကို ဖန်တီးယူနေတော့တာပဲကိုး' ဟု သူတွေးသည်။ သည်ဂျပန်စစ် အာဏာပိုင်တို့ လုပ်နေပုံဖြင့် မြန်မာပြည်သူလူထု၏ ဆန့်ကျင် ကောင်းကောင်းကြီး ထိပ်တိုက်ရင်ဆိုင်ရဦးတော့မည်မှန်းလည်း သူ ထဲက သိနေသည်။

'သည်လိုလုပ်နေပုံကြီးကိုကြည့်ရတာ တို့တစ်တွေ စစ် လား။ စစ်ရှုံးတော့မှာလား။ စစ်ဆုတ်ဖို့ ကြိုတင်ပြင်ဆင်နေကြတာ အင်ဖာထိုးစစ်ကြီးမှာတော့ အလဲအကွဲ အကြီးအကျယ် ရှုံးနိမ့်ခဲ့ အင်ဖာက ဆုတ်လာတဲ့တပ်တွေ မြန်မာပြည်အနောက်ဘက်စစ်မျက် မှာ ခြေချင်းလိမ်နေတာပဲ ...တဲ့။

တို့ကုမ္ပဏီ ကားတွေ၊ ယာဉ်တွေတောင် စစ်တပ်က ဆင့် လို့ ဂုက်ထားကြရတယ်။ စစ်ဆိုတာမျိုးဟာ နိုင်တုန်းကောင်းတာပါ ရှုံးရိပ်ပြပြီဆိုမှဖြင့် တယ်မနိပ်ချင်တော့ဘူး။ ဒီကြည်းတပ် စစ်ဌာန က ကောင်တွေ ဒီလောက်ပျာယာခတ်နေပုံထောက်ရင် သိပ်မကြာ မြန်မာပြည်ကို ကျောခိုင်းရတော့မယ်ထင်တယ်'

ရင်ထဲအတွေးက အဆီးအတားမရှိ။ ကရွတ်ကင်းလျှောက် နေမိသည်။ စစ်၏အနိဋ္ဌာရုံများကို သည်မြန်မာပြည်ရောက်မှ ပက်





ကြီး ကိုယ်တွေ့ကိုယ်ကြုံဖြစ်ခဲ့၍ တစ်ခါတစ်ရံ လူသားစိတ်ဖြင့် စာနာ ကြကွဲရတတ်သည်။

မန္တလေးတွင် သကြံန်တက်စ ၁၉၄၂ ခုနှစ် ဧပြီလ (၂၃) ရက် နေ့တွင် ဂျပန်လေတပ်က လာရောက်ဗုံးကြဲခဲ့သည်။ လူနေရပ်ကွက် ကြီးများ တော်တော်ပါသွားသည်။ မီးရထားဘူတာရုံကြီးကို အဓိက ပစ်မှတ်ထားသဖြင့်လည်း အနီးရှိ တရုတ်တန်းရပ်ကွက်မှာ ပြောင်တလင်း ခါအောင် မီးလောင်ပြာကျသွားရတော့သည်။

ကလေး၊ လူကြီး၊ ကျွဲ၊ နွား အတုံးအရုံး သေကြေကြရသည်။ ယခုလဆန်းစ မန္တလေးကို သူရောက်သည့်အခါ၌ပင် ထိုထိုစစ်၏ ဒဏ် ဒဏ်ချက်များအား မြို့လူထုက ခါးစည်းခံနေရဆဲ။ မြင်ခဲ့၊ တွေ့ခဲ့ရ သည်။

သမိုင်းသည် အတိတ်တွင် ရပ်တန့်၍မနေ။

ပစ္စုပ္ပန်ကို ဖြတ်သည်။

အနာဂတ်ကို မျှော်သည်။

အတိတ်ကို လွမ်းစွာမြတ်နိုးနေ၍ မရ။ လွန်ခဲ့သည်များကို ယူ ကျုံးမရဖြစ်နေ၍လည်း အကျိုးမထူး။ လုပ်စရာရှိသည်များကို ဆက်၍ လုပ်ရသည်။ အတိတ်မှ သင်ခန်းစာယူတန်ယူ၍၊ အားယူတန်ယူ၍ ခရီး ဆက်ရသည်။

အလုပ်သည် ကံဖြစ်သည်။ ကောင်းသောအလုပ်ကို လုပ်ခြင်း ဖြင့် ကောင်းသောကုသိုလ်ကံကို ဖြစ်စေသည်။ ကုသိုလ်ကံကို ဆည်း ပူးသိုမှီးရသည်။ အတိတ်တွင်သာမွေ့လျော်သောသူတို့ကို သမိုင်းက အတိတ်တွင်သာ ထားရစ်ခဲ့တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟူး . . ."

မစ္စတာယာမာနာကာက သက်ပြင်းတစ်ချက်ကို ခပ်လေးလေး ချလျက် သီးသန့်စားသောက်ခန်းမှ ထွက်လာခဲ့သည်။ လက်ရှိကာလ ရန်ကုန်မြို့၌ ဂျပန်ကြည်းတပ်စစ်ဦးစီးဌာနချုပ်မှ ဖွင့်လှစ်ထားသည့် ပထမ တန်းစား စွိကိုအင် (Suikoen) စားသောက်ဆိုင်ကြီးပေါ်တွင် နှစ်နာရီ နီးပါးမျှ နေခဲ့မိပါလျက် ရေကလေးတစ်စက်မျှကိုပင် သောက်ဖို့သတိမရ နိုင်လောက်အောင် သောကပွေခဲ့မိသော မိမိအဖြစ်ကိုလည်း အလိုလို ဒေါ်ပွ၏။

"ရေငတ်လိုက်တာ"

ယခုမှပင် အာခေါင်များက ခြောက်သွေ့အက်ကွဲလာလျက် ရေကို အပြင်းအထန် မွတ်သိပ်လာသည်။

သို့နှင့်တိုင် . . .

ကျောခိုင်း၍သာ သူထွက်လာမိခဲ့သည်။

'စောစောက မာဆူဒါဆိုတဲ့ကောင်ရယ်၊ အခု ဒီယာမာနာ ကာရယ်ကိုမှ လက်စတုံးနှုတ်မပိတ်နိုင်ရင် တို့ရဲ့ စစ်ရေးလျှို့ဝှက်ချက် တွေဟာ မလုံခြုံနိုင်ဘူး။ ဒီကောင်တွေ အရပ်ဘက်ဝန်ထမ်းဘဝနဲ့ စစ်တပ် ကို မှီတွယ်ရှင်သန်ရတဲ့ သန်းတွေလို ကြီးထွားလာနေကြတာ။ အခု တော့ သူတို့တွေအင်အားက သိပ်ကျယ်ပြန့် နေရာယူလာနေပြီ။ သိသင့် တာထက်လည်း ပိုပြီးသိနေကြပြီ။

စစ်မြေပြင်တစ်ခုမှာ နေနေရတဲ့ လူတစ်ယောက်အတွက် အသက်ရှင်ရပ်တည်နေဖို့ဆိုတာ သိသင့်တာထက် ပိုသိလာလေလေ၊ မသေချာတော့လေလေပဲ။ မန္တလေးကို ယာဉ်တန်းစထွက်တာနဲ့ ဒီနှစ်

---

စိတ်ကူးသစ်စာပေ



ကောင်ကို ရှင်းပစ်ရမယ်'

ဗိုလ်ချုပ်တာနာကားက တွေးနေသည်။

စောစောက သူပေါက်ခွဲခဲ့သော ဖန်ကွဲစများက တစ်စစီ ဟို ...ည့် လွင့်စဉ်ပြန့်ကျဲနေ၏။ သောကဖြင့်ဆူဝေနေသော သူ့စိတ်တို့သည် ...ည်း ချက်ချင်းအာရုံတည်အောင် စုစည်း၍ မရတတ်ချေ။

မနက်ဖြန် . . .

မနက်ဖြန်က လာတော့မည်။

မနက်ဖြန်က မြုန်းဒိုင်းကြီး ရောက်လာဦးတော့မည်။

တစ်ရံတစ်ခါ လောက၌ နေစရာအချိန်နှင့် နေစရာနေရာ ... ပါးရှားလွန်းလှသည်။

'လွတ်လပ်မှုရှိတဲ့နေရာဟာ ကိုယ့်အိမ်ရှိတဲ့ နေရာဖြစ်တယ်'

သည်အတွေးက သူ့ကို ဖူဂျီယာမခြေရင်းမှ ချယ်ရီပွင့်တွေ ...နေသည့် သူ့ဇာတိမြေ ဂျပန်ကျေးလက်တောရွာသေးသေးလေးနှင့် ...တို့တောင်ယာလယ်တောကလေးဆီ စိတ်ဦးလည်စေ၏။

လွတ်လပ်မှုရှိတဲ့ ကျွန်ုပ်၏အိမ်။

တစ်ပြန်တစ်လှည့် ရောက်ခွင့်ကြုံပါလေဦးမည်လား။

သူ ခေါင်းကို အသာလေး ယိမ်း၍၊ တိမ်း၍ ခါမိတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၅ ]

❑

ဤသို့ဖြင့် အချိန်တရွေ့ရွေ့ကုန်သည်။

မှောင်ချထားသည့် ညနက်မည်း၌ ကားကလေးက တရိပ်ရိပ်
ပြေးနေ၏။ အာရ်ဘီ ၂၇၈၅ ဝက်စလီအမျိုးအစား နက်ပြာရောင်ကား
ကလေးပေါ်၌ သူနှင့်သူ့မိတ်ဆွေသာပါသည်။ သည်ကနေ့ နံနက် (၉)
နာရီခန့်ကပင် စစ်ဦးစီးဌာနချုပ်ရုံးသို့ ရောက်ရှိသတင်းပို့ခဲ့သည်ဆိုသော်
သူ့ကျောင်းနေဖက်သူငယ်ချင်းကို ည (၁၀) နာရီကျော်မှသာ ဆုံနိုင်တော့
သည်။

စာများ၊ ကဗျာများဖြင့် တောကြားတောင်ကြားတွင် မွေ့လျော်
နေသော သူ့သူငယ်ချင်းအား စွိကိုအင်စားသောက်ဆိုင်၌ သီးသန့်စ





ပေးထားခဲ့သော်လည်း တကယ်တမ်းသူနှင့်တွေ့ရသောအခါ မြေနီကုန်း
ရှိ စကုရ (Sakura) ဂျပန်ရုပ်ရှင်ရုံ၌သာဖြစ်သည်။ လက်ထဲ၌ ဂျပန်
ဟိုက္ကူ ကဗျာစာအုပ်လေးတစ်အုပ်ကိုသာလျှင်ကိုင်၍ ပေါ့ပါးလွတ်လပ်
လွန်းနေသည့် သူ့သူငယ်ချင်းကိုကြည့်ကာ အားကျမိသည်။ ငယ်ဘဝ
ကိုပင် လွမ်းမိသေးတော့၏။

"ဟေး ... ကာတိုမိချိစ်"

အသားဖြူဖြူ၊ လူပုံခပ်နွဲ့နွဲ့၊ ဆံပင်တိုပါးပါးနှင့် သူ့ကို လူ
အုပ်ကြား၌ အလွယ်တကူရှာတွေ့သည်။ မှတ်မိလွယ်သော ရိုးသားဖြူစင်
သည့် တောသားမျက်နှာ။ လောကကြီးအား ကလေးငယ်လေးတစ်
ယောက်လို အစဉ်အမြဲ စူးစမ်းလေ့လာနေတတ်သည့် မျက်ဝန်းများ။
တောင်ကုန်းမြင့်ကလေးပေါ်မှ မူလတန်းကျောင်းသေးသေးကလေး၌
သူနှင့် စတင်ဆုံတွေ့စဉ်ကအတိုင်း။ အပြောင်းအလဲမရှိ။

သူရပ်စောင့်နေလိုက်သည်။

သူ့သူငယ်ချင်းက သူ့အနားသို့ လေတိုးသလို ရုတ်တရက်
ရောက်လာကာ သူ့လက်ကို ဖမ်းဆုပ်သည်။ သွေးတွေ နွေးထွေးလှ
ချည်။

"တာနာကားစံ ... မင်း သိပ်ပိန်သွားသလိုပဲ။ တိုကျိုတစ်
ခေါက် ပါသွားသေးတယ်ဆို"

"အေး ... တာဝန်တွေက မင်းသိတဲ့အတိုင်းပဲ သူငယ်ချင်း။
ကဲပါ ... ဒါတွေ နောက်မှပြောကြရအောင်။ အခုအချိန်ကနေ မနက်
(၄) နာရီအထိ တို့အားပြီ။ သူငယ်ချင်း ဘယ်သွားမလဲ။ စွိကိုအင်မှာ
ပျော်ခဲ့ရဲ့လား။ ကိုယ် မတ်ဆုမိစံကို သေချာမှာထားခဲ့ပါတယ်။ ကဲ ...



www.burmeseclassic.com

www.burmeseclassic.com



လာ ... ကားပေါ်တက် သူငယ်ချင်း''

''စကုရမှာပဲ ရုပ်ရှင်ကို ပွဲဆက်ကြည့်နေတာနဲ့တင် အချိန်ကုန်တာပါပဲ သူငယ်ချင်းရယ်။ ရုပ်ရှင်ကြည့်ရင်း ဂျပန်ပြည်ကို အလွမ်းဖြေရတယ်။ ကိုယ့်မွေးရပ်ဌာနေကိုလည်း ငြိမ်ငြိမ်ကလေး လွမ်းလို့ရတယ်။ လူတွေထဲမှာနေတော့ နွေးထွေးလုံခြုံတယ်။ လူတွေဟာ လူတွေပါပဲ။ ဂျပန်ရယ်၊ ဗမာရယ် မဟုတ်ပါဘူး။

ဒီလောက် စစ်မီးကြီးလောင်လို့ ဆင်းရဲကျပ်တည်း ဒုက္ခတွင်းထဲရောက်နေပေမယ့်လည်း ပျော်ကြောင်းရှာပြီး ပျော်နေနိုင်တဲ့ ဒီဗမာပြည်သူတွေကြားထဲမှာနေရတာ ဘဝရဲ့ အသက်ဓာတ်တွေ ပြည့်လာသလိုပဲ သူငယ်ချင်းရေ''

''ဘယ်လိုလဲ ... ကိုယ့်လူ။ မန္တလေးမှာ မြန်မာပြည်သူ ဇနီးလှလှကလေးများ ရှိနေလေပြီလား''

''ဟား ... ဟား ... ဟား ... အခုလောက် ဒုက္ခပေးရတာနဲ့ပဲ တင်နေ့ာ်ဟေကာကိုယ်စား ဗမာပြည်သူတွေကို မျက်နှာမပြဝံ့အောင် အားနာနေရပါပြီကွာ။ တော်ပါတော့ ... တော်ပါတော့ ...''

သူ့သူငယ်ချင်းက စစ်ကိုမုန်းသူ။ ငြိမ်းချမ်းရေးနှင့် သဘာဝတရား၏ အလှအပကို ခုံမင်မြတ်နိုးသူ။ ကမ္ဘာစစ်ကြီးအတွင်းသို့ ဂျပန်နိုင်ငံဝင်ရောက်ရန် တာစူပြင်ဆင်နေ...ကာလများက စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများကို ဦးဆောင်စီစဉ်မှုဖြင့် တက္ကသိုလ်အာဏာပိုင်များ၏ အရေးယူမှုကို အကြိမ်ကြိမ်ခံခဲ့ရသူ။

ကားကလေးအနီးတွင် ဗမာ့ကာကွယ်ရေးတပ်မတော်စစ်ဝတ်စုံဖြင့် ရဲဘော်တစ်စုကို ယောင်ပေပေတွေ့ရသည်။ မျက်မှန်တဝင်းဝင်း





ဖြင့် တပ်ကြပ်ကလေးက သေသေချာချာ စူးစမ်းနေဟန်ရှိ၏။

သူပြုံးမိသည်။

ယခု သူစီးနေသည့်ကားက ဗမာ့ကာကွယ်ရေးတပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်စီးသည့်ကားနှင့် တစ်ပုံစံတည်း၊ တစ်ရောင်တည်း။ ဗမာဗိုလ်ချုပ်ကားက အာရ်ဘီ ၂၄၈၄။ သူတို့ကြည်းတပ်စစ်ထောက်ပံ့ရေးဌာနမှပင် ထုတ်ပေးထားခြင်းဖြစ်သည်။ သူတို့ဗမာဗိုလ်ချုပ်၏ကားဟု ထင်နေကြဟန်တူသည်။

ကားကို ကန်တော်ကြီးသို့ ဦးတည်မောင်းလာခဲ့၏။

ဗဟန်းတွင် အလွန်လူစည်သည်။ ပျော်ပွဲရွှင်ပွဲတွေ ပျော်ပျော်ပါးပါး၊ စည်စည်ကားကားရှိသည်။ တစ်လျှောက်လုံး ဈေးဆိုင်၊ စားသောက်ဆိုင်များဖြင့် ပြည့်နေ၏။ 'လေထီး' လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များ၊ ခေါက်ဆွဲဆိုင်များ နာမည်ကြီးသည်။ လက်ဖက်ရည်တစ်ခွက် ဂျပန်စက္ကူဖြင့် ငွေတစ်ဆယ်၊ နှစ်ဆယ် ပေးရသည်။ ခေါက်ဆွဲတစ်ခွက် ငါးဆယ်၊ တစ်ရာ။ ဂျပန်စစ်တပ်နှင့် ဂျပန်ကုမ္ပဏီများက ငွေစက္ကူများကို စက်ဖြင့်ရိုက်၍ ပေါပေါများများဖြန့်ဝေပေးသည်။

ဗမာပြည်သူလူထုတွေ စိတ်မလေလွင့်ရအောင်၊ ဂျပန်ကို တော်လှန်ချင်စိတ်တွေ နည်းပါးအောင် လုပ်နည်းတစ်ရပ်ဟု သူတို့အား စစ်သေနာပတိချုပ် ဂျင်နရယ်အီးဒါးက ပြုံးကာရယ်ကာ သူ့နည်းဗျူဟာကို ရှင်းပြခဲ့ဖူးသည်။ ထုတ်ပေးသောငွေများက တစ်ခါတစ်ခါ မင်ပင်မခြောက်သေ့သေး။ စက္ကူညံ့သဖြင့် ကြာကြာမခံ။ မြန်မြန်စုတ်တတ်သည်။ ငွေစက္ကူလက်ခံရယူသူများက သစ်သစ်တောင့်တောင့် 'ထောင်မလဲသဲကော်' ဖြစ်မှ ကြိုက်တတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သူက ပြုံးလိုက်၏။

ကန်တော်ကြီးကို ဖြတ်သန်းတိုက်ခတ်လာသည့် ညလေအေးက ရေနံ့ဖြင့် လန်းဆတ်သန့်စင်စွာ မွှေးနေသည်။ စိတ်ရော၊ ကိုယ်ပါ ရွှင်လန်းသွား၏။

"မင်းချစ်တဲ့ ဗမာလူထုတွေတော့ မင်းရိုက်ထုတ်နေတဲ့ စက္ကူတွေနဲ့ ကစားနေကြရတာ ပျော်နေထင်ပါရဲ့ကွာ။ သူတို့ပျော်နေတော့ တို့များ ငြိမ်းချမ်းရေးပါမောက္ခကြီးလည်း စိတ်ချမ်းသာရပေတာပေါ့"

ကာတိုမိချီ၏မျက်နှာ အုံ့မှိုင်းသွားသည်။ သူ့အပြုံးလဲ့လဲ့ကလေးများလည်း ပျောက်ကွယ်သွား၏။

"ဘဝရဲ့ကုသိုလ်လို့ ပြောရမလား၊ ဆန်းကြယ်တဲ့ ကံတရားရဲ့ ပြက်ရယ်ပြုလှောင်ပြောင်ခြင်းပဲလို့ ယိုးစွပ်ရမလား။ ကြုံနေရတာတွေကတော့ တကယ်မခံချိချင်စရာပဲလေ။ စစ်ကိုအလွန်မုန်းတဲ့ ငါလို လူမျိုးက အလွန်ငြိမ်းချမ်း၊ အလွန်ရိုးသားဖြူစင်၊ အလွန်ဘာသာတရားကိုင်းရှိုင်းတဲ့ နိုင်ငံတစ်ခုကို အမဲဖျက်သလို ဖျက်နေကြတဲ့ စစ်ပွဲကြီးရဲ့ ယန္တရားတစ်ခုအဖြစ် ဘာမဆိုင်ညာမဆိုင် ဝင်ပါနေရတယ်။

သူတို့ပိုင်ဆိုင်မှုမှန်သမျှကို ဓားပြတိုက်သလို လုယက်ယူငင်ဖို့ စက္ကူစုတ်တွေကို ငွေစက္ကူဆိုပြီး ပဋ္ဌလက်ဆန်ဆန် ရိုက်နှိပ်ထုတ်ဝေပေးနေရတယ်။ သူတို့တွေပိုင်ဆိုင်လေသမျှ ရွှေထည်၊ ငွေထည်၊ အဖိုးတန်သတ္တုမှန်သမျှ ဂျပန်စစ်တပ်တွေကသိမ်း။ ငါက ဦးစီးပြီး ကျိုချက်သန့်စင်၊ ပုံစံသွန်းလောင်း၊ တိုကျိုကို ပြန်ပို့ကြ။ ဟုတ်လည်း ဟုတ်နေတာပေါ့ကွာ။ တကယ့်သူခိုး၊ ဓားပြအကြီးစားအလုပ်မျိုးကိုမှ လုပ်နေရတယ်လို့။ ငါ့ဘဝနှယ် . . . လူဖြစ်ရှုံးလိုက်လေကွာ"





ဗိုလ်မှူးကာတိုမိချီစံ၏ မချိတရိ စိတ်မကောင်းစရာစကားကို ကြားရသဖြင့် ရွှင်နေသော သူ့စိတ်ပင် လေးလံချင်လာမိသည်။

မြို့တော်ရန်ကုန်၏ည။

စစ်တွင်းကာလ မဟာမိတ်တပ်မှ လေကြောင်းရန်အန္တရာယ်ကြောင့် နေဝင်မီးငြိမ်း မှောင်အတိချထားရသည့် မြို့ပင်ဖြစ်ငြားလည်း စစ်ကိုစိုးမိုးနေနိုင်သေး၍ ပမာမခန့်ဟန် မီးရောင်တထိန်ထိန်တို့ကို စည်ကားရာ လူနေရပ်ကွက်ကြီးများ၌ တွေ့မြင်နေရသေးသည်။ ဗိုလ်မှူးကာတိုမိချီသည် မြို့တွင်းမြင်ကွင်းကို ပထမဆုံး မြင်တွေ့ဖူးခြင်းဖြစ်သည်။ လမ်းများပေါ်၌ မော်တော်ယာဉ်ကြီးငယ်များ၊ လန်ချားများ၊ ဆိုက်ကားများ ဥဒဟို မောင်းနှင်သွားလာနေကြဆဲ။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ကြက်ပျံမကျစည်ကားပြီး အရှေ့တောင်အာရှတစ်ခွင် အလှဆုံးမြို့ဟု ထင်ရှားခဲ့သည့် မြို့တော်ရန်ကုန်၏ လမ်းများပေါ်၌ အာရ်အီးတီ (Rangoon Electric Transway) ကုမ္ပဏီပိုင် ဓာတ်ရထားသံလမ်းများကို နဂိုပကတိအတိုင်း မြင်နေရသေးသည်။

ညသည် နွေးနေရာမှ တစ်စစ အအေးဓာတ်ကလေးဝင်လာ၏။ ဂျပန်ဘုရင့်လေတပ်မတော်လက်ချက်ဖြင့် ကျိုးပဲ့ပျက်စီးခဲ့ရသော မြို့၏မျက်နှာသည် တစ်ချိန်ကဂုဏ်သိန်ကို အောက်မေ့နေဟန် တည်ကြည်ငြိမ်သက်လွန်းလှလေ၏။ ကော်မရှင်နာလမ်း၊ မောင့်ဂိုမာရီလမ်း၊ ဂန်ဒတ်လမ်း၊ ဖရေဇာလမ်း၊ ကျုံးကြီးလမ်း၊ ဒါလဟိုဇီလမ်း၊ ကုန်သည်လမ်း၊ ကမ်းနားလမ်းတို့သည် လမ်းကျယ်လမ်းမကြီးများဖြစ်သည်။ လမ်းများဝဲယာ၌ စည်ကားနေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com



"တိုကျိုမှာ ခဏနားတုန်း ဂျင်နုရယ်စုငီယာမနဲ့ ဆုံခဲ့ရတယ်။ အဘိုးကြီးကတော့ အရင်တုန်းကလိုပါပဲ။ ကမ္ဘာလောကကြီးတစ်ခုလုံး ဝုန်းဒိုင်းကြဲ ပြောင်းဆန်နေပါစေ။ သူ့ကဗျာစာအုပ်တစ်အုပ်နဲ့သူ မလှုပ်မလှုပ် ရေခဲတုံးကြီးလို နေနေတတ်တဲ့ပုံစံကတော့ အရင်အတိုင်းပဲ လုံးဝကို မပြောင်းလဲသေးဘူး။ ကြာလေ၊ ခေါင်းမာတာက ပိုလာလေပဲ။ ကိုယ်နဲ့တောင် ပန်းချီကားတွေ အတူကြည့်ဖြစ်ခဲ့ကြသေးတယ်"

"အဘိုးကြီး ကျန်းမာရေးကောင်းသေးရဲ့လား"

"ကောင်းပါ့မောင်ရာ ...။ ဒေါင်ဒေါင်မြည်ပဲဟေ့။ အိန္ဒိယ အမျိုးသားတပ်မတော်ဦးစီးချုပ် မိုဟန်ဆင်းနဲ့တွေ့ဖို့ F အဖွဲ့က ဗိုလ်မှူး ဖူဂျီဝါရာနဲ့အတူ အိန္ဒိယတောင် သွားခဲ့လိုက်သေးတယ်"

"အေး ... ဒီဒုတိယကမ္ဘာစစ်ကြီးထဲက ဂျပန်စစ်တပ် စစ်သားဝင်လုပ်လိုက်ရတဲ့ ဘဝထဲမှာ ဂုဏ်ယူချင်စရာတစ်ချက်ကတော့ ဂျင်နုရယ်စုငီယာမလိုအဘိုးကြီးလက်အောက်မှာ အလုပ်လုပ်ခွင့်ရခဲ့ရယ်၊ သူနဲ့ သားသမီးလို ဆက်ဆံနေခွင့်ရခဲ့တာရယ်၊ ဒါပဲရှိတယ်။ လို့ပဲ ပြောရတော့မယ်"

"မင်းကတော့ကွာ ..."

"Fleas, Lice

the horse pissing

near my pillow ... တဲ့။ အဘိုးကြီး အမြဲတမ်းရွတ်နေတဲ့ 'ဘရှိုး' ရဲ့ကဗျာလေ။ 'အလှေးအမွှားတွေ ... သန်းတွေ၊ မြင်းသေးပေါက်နေ၊ ငါ့ရဲ့ခေါင်းအုံးနံဘေးမှာလေ'.. တဲ့။ မြင်းဇောင်းထဲ အိပ်နေရင်းက သတိရှိနေတဲ့ အလှေ့အကျင့်၊ ပတ်ဝန်းကျင်ကို မ





တ်မြင်သိနေတဲ့ အလှေ့အထကို သရုပ်ဖော်ထားတဲ့ ကဗျာပေါ့။ အဘိုးကြီး သိပ်ကြိုက်တာ။ အားရင်း ငါးမျှားရင်း၊ ပန်းချီဆွဲရင်း အမြဲရွတ်နေတတ်တာပေါ့"

ကားလေးက ချစ်စရာမြင်းရိုင်းလေးတစ်ကောင်နှယ် ခုန်ပေါက်ပြေးလွှားနေဆဲ။ ဟံသာဝတီအပိုင်းကိုဖြတ်လျက် ကြည့်မြင်တိုင်ကမ်းနားဘက်ဆီ မောင်းချလာခဲ့သည်။

မြို့တော်ရန်ကုန်၏ ထူးခြားချက်အဖြစ် မြို့တွင်းနှင့်မြို့ဆင်ခြေဖုံးအရပ်များ၌ သည်လိုလှပသော မြက်ခင်းအပိုင်းကြီးများကို တွေ့ရသည်။ သူတို့ဂျပန်ပြည်၌လည်း မမြင်ခဲ့ရစဖူး။ မြန်မာပြည်၏ ကျန်မြို့ဒေသများတွင်လည်း မတွေ့ခဲ့ရစဖူး။

ကွန်တီနင်တယ်အပိုင်း၊ ဗဟန်းအပိုင်း၊ ဦးဝိစာရအပိုင်း၊ မြေနီကုန်းအပိုင်း၊ ကမာရွတ်လှည်းတန်းအပိုင်း၊ ဝိဇယအပိုင်း၊ ရွှေဂုံတိုင်အပိုင်းများသည် မော်တော်ယာဉ်များ မောင်းနှင်သွားလာရာတွင် အချက်ပြမီးပွိုင့်များမလိုဘဲ ယာဉ်များကွေ့ပတ်ပြီး သွားလာရသောနေရာဖြစ်သည်။

ရန်ကုန်မြို့ကို စတင်တည်ထောင်သည့်အချိန်က မြို့တော်ကို ချွက်ရိုက်ခဲ့ရာတွင် တာဝန်ယူခဲ့ရသော ဗြိတိသျှအင်ဂျင်နီယာတပ်မှ ဗိုလ်မှတင်နင် အေ၊ ဖရေဇာ (A. Frazer)ပြုလုပ်ပေးထားသော အပိုင်းများဖြစ်သည်။ အသုံးလည်းတည့်၍ လှလည်းလှသည်။

'စက်ဝိုင်းဆိုတာ သူ့ဟာသူ ပြည့်စုံနေတဲ့ဟာ။ အစလည်း အဆုံးလည်းမရှိ။ တစ်ခုတည်း (Oneness) ကို ပြတဲ့အရာ။ ဘဝစက်ဝိုင်း။ ဘဝသံသရာ၊ ဘဝအဆက်ဆက်ကို စက်ဝိုင်းတွေနဲ့ သင်္ကေတ



www.burmeseclassic.com

www.burmeseclassic.com



ပြုတတ်ကြတယ်။ ပြီးတော့ စက်ပိုင်းတွေဟာ ဘဝရဲ့အကွေ့တွေ၊ အ... အပြောင်း၊ အချိုးအသစ်တွေမှာ သတိကိုရှင်သန်စေတယ်။ သ... နိုးထစေတယ်'

ကာတိုမိချိစံက အတွေးနယ်ဆက်နေမိရင်း သူ့သူငယ်... နှင့် ဂျပန်ကြည်းတပ်စစ်ဦးစီးဌာနမှ သူ့အား အရေးပေါ်ခေါ်ယူ... သည့်ကိစ္စသို့ စိတ်ရောက်သွားသည်။

ကတ္တရာခင်းလမ်းမကြီးက ပြောင်ချောနေ၏။

လူရိပ်လူခြည် နည်းပါးကျဲတောက်စပြုပြီ။ ကားလမ်း... သူတို့ကားကလေးတစ်စီးသာ အထီးတည်း ပြေးနေ၏။

"ကဲ ... သူငယ်ချင်း။ တို့တွေရဲ့ သူငယ်ချင်းဘဝကို ... ရပ်ကြဦးစို့။ စစ်ဦးစီးဌာနချုပ်က စစ်ထောက်ပံ့ရေးဌာနကြီးမှူး ... ချုပ်တစ်ယောက်အနေနဲ့ ငါ့ကို ဘာကြောင့် အရေးတကြီးခေါ်... ပြောဖို့တော့ အချိန်ရောက်ပြီထင်တယ်"

ဗိုလ်ချုပ်တာနာကားက ကား၏ပြေးနှုန်းကို မသိမသာ... လိုက်သည်။ နွေဦးညလေပြည်သည် ခပ်ပြေပြေပင် သူတို့မျက်နှာ၊ ... ဆံပင်များကို တို့ခတ်ကျီစယ်သွားလေ၏။

"ထိပ်တန်းလျှို့ဝှက်စစ်ဆင်ရေးတစ်ခုမှာ မင်းကို တာဝ... မလို့တဲ့"

"ဟေ ... ငါလိုကောင်ကလေ ..."

"ဟုတ်တယ် ...။ ကိုယ်တို့အဘိုးကြီးကိုယ်တိုင် ဂျ... တိုဂျိုကို လူရွေးပြီး တာဝန်ခံ တင်ပြပေးခဲ့တာ"

"ဟင် ..."





ရင်ထဲ လှုပ်ခတ်သွား၏။

သူ့ဆရာ ဗိုလ်ချုပ်ကြီးစုငီယာမသည် မှားခဲ၊ ယွင်းခဲသည့် ...လူစားမျိုး။ သူ့စိတ်ထဲက မသေချာသော စကားတစ်ခွန်းကိုမျှပင် သူ့ ...တ်လျှာအား ခွင့်ပြုတတ်သူမဟုတ်။ လူတစ်ယောက်ကို တာဝန်ခံ၍ ...တာဝန်ကြီးတစ်ရပ် နှင်းအပ်ခြင်းမျိုးကား ရှား၏။ သူ့တစ်သက် တပည့် ...စ်ယောက်ကိုသာ တာဝန်ခံခဲ့ဖူးသည်။ ဗိုလ်မှူးဖူဂျီကာဝါ။ အိန္ဒိယ ...မျိုး သားတပ်မတော် (INA) နှင့် ပူးပေါင်း၍ ဂျပန် F တပ်ဖွဲ့ (Freedom ...Frendship Force) ဖွဲ့စည်းလှုပ်ရှားခဲ့သူ။ ယခုမူ မိမိကို ထောက်ခံ ...င်ပြခဲ့ပြန်သည်တဲ့။

ဗိုလ်မှူးကာတိုမိချိစံရင်ထဲ၌ လှုပ်ခတ်သွား၏။

"နေပါဦး ... စီမံကိန်းက ဘယ်လောက်အရေးကြီးတဲ့ကိစ္စ ... အဘိုးကြီးကိုယ်တိုင် ဝင်ဂါလာရတာလဲ"

"သေရေးရှင်ရေးကိစ္စပဲ"

"ဟေ ..."

"ဟုတ်တယ် သူငယ်ချင်း။ အိန္ဒိယမှာ အင်္ဂလိပ်စစ်ကြီးနဲ့ ...ဘမိတ်တွေကို အသာစီးယူဖို့ ကြိုးစားခဲ့တာလည်း စစ်ဦးကျိုးခဲ့ပြီ။ ...င်းနဲ့ဝေဗယ်ရဲ့တပ်တွေ၊ စတီးဝဲလ်ရဲ့တပ်တွေနဲ့ ဝင်းဂိတ်ရဲ့ ခြသေ့ ...ပ်တွေက တို့တပ်တွေကို ပြန်တွန်းထုတ်ခဲ့တာ မန္တလေးကိုထိန်းထား ...တောင် ခပ်ခက်ခက်အနေအထားပဲ။ တရုတ်စစ်မျက်နှာကလည်း ...ကေရှိတ်ရဲ့တပ်တွေက အသာစီးရသွားခဲ့ကြလို့ တို့တပ်တွေ ပြန် ...တ်ခဲ့ရပြန်ပြီ။ နမ့်ခမ်းမှာ မနည်းပြန်စုစည်းနေကြရတယ်။ တပ်ဖွဲ့ ...ပ်းယူတောင် မနည်းလုပ်နေကြရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ..."

"ဟုတ်တယ် ... မြန်မာပြည်စစ်မျက်နှာကို တို့တွေစွန့်ခွာ မယ့်ရက်ဟာ သိပ်မဝေးတော့ဘူး။ ရခိုင်နဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ် တပ်တွေကို ရန်ကုန်ပြန်ဆုတ်ခိုင်းထားပြီ။ မြန်မာပြည်မြောက်ပိုင်းဒေသ မြစ်ကြီးနားက ဆုတ်လာတဲ့တပ်တွေကိုလည်း နမ့်ခမ်းမှာ တရုတ် စစ်မျက်နှာက ပြိုလာတဲ့တပ်တွေနဲ့ ပြန်ပေါင်းခိုင်းထားပြီ။ တောင်ငူ ဖြတ်ဆင်းကြလိမ့်မယ်"

"ဒီလောက်တောင် အခြေအနေဆိုးသွားပြီလား"

"ဆိုးတာပေါ့ကွာ ...။ စလင်းရဲ့တပ်တွေက ပခုက္ကူက ဧရာဝတီကိုဖြတ်ပြီး မြင်းခြံ၊ ပခုက္ကူ၊ မိတ္ထီလာကို သိမ်းဖို့ကြိုးစား တယ်။ မန္တလေးကို တောင်ဘက်ခြမ်းက ပိတ်ပြီးဝိုင်းဖို့ စိမံတာ ဝင်းဂိတ်ရဲ့တပ်တွေနဲ့ စလင်းရဲ့သံချပ်ကာတပ်တွေက ရွှေဘိုကို ခြောက်နေပြန်ပြီ။ ရွှေဘိုကျခဲ့ရင် မန္တလေးရဲ့မြောက်ဘက်စစ်မျက် က ဟင်းလင်းပွင့်သွားပြီပေါ့။ မန္တလေးကို ဘယ်လိုမှ မထိန်းနိုင်ေ ဘူး။ ညှပ်ပူးညှပ်ပိတ်နဲ့ မန္တလေးကျမှာပဲ"

"ဗမာ့ကာကွယ်ရေးတပ်မတော်ကရော ဘာတွေလုပ်နေလဲ"

"လူကြီးပိုင်းက မသိသာသေးပေမယ့် လူငယ်ပိုင်းက တို့ဂျ တပ်မတော်ကို သိပ်လိုလားဟန် မရှိကြတော့ဘူး။ ဗမာ့တပ်မတော် အ ပေးအရာရှိချုပ် ဂျင်နရယ်ဆာကူရိုင်းက စစ်ဦးစီးချုပ်ဆီ တင်ပြခဲ့ တော့ တပ်တွင်းပုန်ကန်တော်လှန်မှုတောင် ဖြစ်နိုင်တယ်လို့ ခန့်မှန်း တယ်တဲ့။ အထူးသဖြင့် သူငယ်ချင်းတို့ မန္တလေးက ဗမာစစ်တပ် ပိုင်းကတောင် စလင်းတို့၊ ဝင်းဂိတ်တို့နဲ့ ဆက်သွယ်မှုရှိနေတယ်





တင်းရထားတယ်"

"အေးလေ ... သူ့တိုင်းပြည်ရဲ့မျက်နှာထက် ပိုအရေးကြီး တာ ဘယ်ရှိနိုင်ပါ့မလဲ။ သေရေးရှင်ရေးမှာ သူတို့တိုင်းပြည်ရဲ့ တကယ့် လွတ်လပ်ရေးအတွက် ရွေးကြတော့မှာပေါ့"

ဗိုလ်မှူးကာတိုမိချိစံက တွေးတွေးဆဆပြောသည်။

ဗမာ့တပ်မတော်အပေါ် သံသယဇဉ်တကြီးရှိလှသည့် ဗိုလ်မှူး ကြီး ဆူဇူကီးတို့၊ ဗိုလ်မှူးကြီးတကာဟာရှိတို့နှင့် လက်ပွန်းတတီးနေ ခဲ့ဖူး၍လည်း ဗမာတွေ တစ်နေ့နေ့ သူတို့ဂျပန်စစ်တပ်ကို ပြန်လည် တော်လှန်ကြဦးတော့မည်ကို သူ့ရင်ထဲ၌ ကြိုတင်ခန့်မှန်း တွက်ဆထား ပြီးဖြစ်သည်။ သို့သော် ထိုနေ့ရောက်လာသည်က မြန်လွန်းလှသည်။

ဖုတ်ပူမီးတိုက် နိုင်လှ၏။ သူ့စိတ်တွင် ထင်ထားသည်ထက် စောနေသေးသည်။

သို့ပင်ဖြစ်လည်း သူ့ရင်တွင်း၌သာ ထိုအတွေးတို့ကို မျိုချ ထားလိုက်တော့သည်။ တာနာကားကို ဖွင့်မပြောချင်။ သူက တာဝန်ရှိ သည့် ဗိုလ်ချုပ်ဖြစ်နေသည်။ အမြင်ချင်းမတူလျှင် စိတ်ဝမ်းကွဲကြရ မည်။

"အဲဒီတော့ စစ်ဦးစီးချုပ်ရုံးက ဘယ်လိုစီစဉ်ကြမတဲ့လဲ"

"မြန်မာပြည်စစ်မြေပြင်ကနေ မလေးကျွန်းဆွယ်ကိုဖြတ်ပြီး ဂျာပူကိုဆုတ်မယ်။ အဲဒီမှာ ပြန်ဖွဲ့စည်းပြီးမှ ထိုးစစ်သစ်ကြီးတစ်ခု ကို ဂျပန်စစ်ဦးစီးဌာနချုပ်ရဲ့ အစီအမံနဲ့ ဆင်နွှဲဖို့ရှိတယ်။ လက်ရှိမြန်မာ ပြည် စစ်မျက်နှာတစ်ခုလုံးမှာ တပ်ဖြန့်ထားရတဲ့ စစ်သည်သုံးသိန်းကျော် ကို ဆုံးရှုံးမှုအနည်းဆုံး စုစည်းဆုတ်ခွာနိုင်ရေးက လတ်တလောမှာ



www.burmeseclassic.com

www.burmeseclassic.com



အရေးတကြီး စစ်ရေးလိုအပ်ချက် ဖြစ်နေတဲ့သဘောပဲ''

''ဟစ်တလာရဲ့ ဂျာမဏီလည်း စစ်မျက်နှာအားလုံးမှာ အ အကွဲခံနေရတယ်ဆို''

''တို့တွေ အာရှမှာ မှားခဲ့တဲ့ အမှားမျိုးပဲပေါ့ သူငယ်ချ ရယ်။ တဒင်္ဂစစ်ရေးအကဲသာတာကို ထာဝရစစ်အောင်နိုင်မှုကြီးပဲ အထင်ကြီးပြီး စစ်မျက်နှာသစ်၊ ထိုးစစ်သစ်တွေကို မဆင်မခြင် ချဲ့ ခဲ့တာမျိုးပေါ့။ ပြီးတော့ စစ်မျက်နှာတိုင်းမှာ ရိက္ခာနဲ့စစ်လက်နက်၊ ကျ စစ်သုံးပစ္စည်း ပြတ်လပ်မှုရဲ့ဒဏ်၊ စစ်ပန်းတဲ့ဒဏ်ကို လျှင်လျှင်မြန်မြ မကာစားနိုင်ခဲ့တဲ့ အမှားမျိုးလေ''

စစ်မြေတွင် စစ်ဆိုသည်က အဖြေတစ်ရပ် ရှိအပ်စမြဲသာ။

ရှုံးလျှင်ရှုံးမည်။ နိုင်လျှင်နိုင်မည်။

စစ်အီနေချိန်တွင် စစ်ရေးအကဲသာမှု အခွင့်အလမ်းများအ မသာယာမိဖို့လိုသည်။ စစ်ပြင်ဆင်မှုနှင့် စစ်စည်းရုံးဖွဲ့စည်းမှုကို လျှော့ပစ်ပယ်မထားမိဖို့ လိုသည်။

မြန်မာပြည်စစ်မြေပြင်တွင် ဂျပန်ကြည်းတပ်စစ်ဦးစီးဌာန က အမှတ်မထင်ပြုမိခဲ့သော အဓိကအမှားမှာ မြန်မာပြည်အား ပ ခြေကုပ်စစ်အခြေခံစခန်းအဖြစ် စည်းရုံးဖွဲ့စည်းမှု မပြုနိုင်ခဲ့ဘဲ အ စား၊ အသားမျိုလျက် ချုံးချုံးကျသည်အထိ ကုပ်သွေးစုပ်ယူမိခဲ့ ဟုသာ သူကထင်သည်။

သည်ဒဏ်တွေကို ခံရဦးတော့မည်။ ပြန်လည်ပေးဆပ် တော့မည်။ သူတို့နေဝန်းနီတပ်မတော်ကြီး ကြမ္မာယိုင်နဲ့ခဲ့လေပြီ။

''ကဲ ... အဲဒီအခြေအနေတွေနဲ့ ငါလိုပါမ္မှားနဲ့က ဘယ်





တ်သက်တာတဲ့လဲ''

''ဆိုင်တာပေါ့ဗျာ ... သိပ်ဆိုင်တာပေါ့။ သူငယ်ချင်းက မြန်မာ ည်ကို တမင်ရွေးချယ်ခေါ်ယူခြင်းခံထားရတဲ့ သီးသန့်ပညာရှင်ပဲမဟုတ် ား''

'' ......''

''ပြီးတော့ စစ်ဘက်နဲ့မပတ်သက်တဲ့ အရပ်ဘက်ပညာရှင်တစ် း ဖြစ်နေတဲ့အတွက် ဒီစစ်ဆင်ရေးကို ကိုရင့်အပေါ် တာဝန်ပေးအပ် စဉ်းစားခဲ့ကြတာလို့လည်း သိထားတယ်''

''ကိုယ်တတ်ထားတာက ငွေစက္ကူနည်းပညာနဲ့ သတ္တုအရည် ကျို၊ ဒဂါးသွန်းတဲ့ပညာလေ ဗိုလ်ချုပ်ရဲ့။ စစ်နဲ့ပတ်သက်တာ ကိုယ် ာမှ တတ်တာ၊ သိတာ၊ ကျွမ်းကျင်တာ မရှိဘူး''

သူစဉ်းစား၍ မရနိုင်။ သူက စစ်ရေးပါရဂူလည်း မဟုတ်။ သနင်္ဂဟာကျွမ်းကျင်သူလည်း မမည်။ အခြေခံစစ်ပညာပင် သင်တန်း က်ခဲ့ဖူးသည်မဟုတ်။ မြန်မာပြည်ရောက်မှသာ ရာထူးအလျောက် စစ် တ်စုံ ဝတ်ခဲ့ဖူးသူ။ သူ၏ အထူးပြုဘာသာရပ်ကျွမ်းကျင်မှုနှင့် စစ်ပွဲ ကြ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်သည်။

သို့ဖြစ်ပါလျက် ...

သူက မယုံကြည်နိုင်ဟန်မျက်နှာဖြင့် ဗိုလ်ချုပ်ဝဘာနာဘေကားကို ကြည့်သည်။ မျှော်လင့်မထားသည့် ကံကြမ္မာဆန်းဆန်းများက သူ့ဘဝ ကို အကြိမ်ကြိမ်နင်းခြေခဲ့ပြီး အဆုံးအဖြတ်ပြုခဲ့မြဲဖြစ်လေရာ တစ်စုံ စ်ရာအား ယုံကြည်ရမည်ကိုပင် မဝံ့ရဲချင်တော့။

''ကိုယ့်ကို အတိုဆုံးနဲ့အရှင်းဆုံး ပြောပြနိုင်မလား''



www.burmeseclassic.com

www.burmeseclassic.com



သူက မေးသည်။ တိကျတိုတောင်းလွန်းသောအမေး၌ အပ်ရာရာအဓိပ္ပာယ်များ အပြည့်အစုံပါသည်ကိုမူ သူတို့နှစ်ဦးစလုံး ကြပြီးဖြစ်သည်။

"မြန်မာပြည်က တို့များဂျပန်တပ်တွေ ဆုတ်ခွာကြတဲ့အ မှာ ဝန်ထုပ်ဝန်ပိုးဖြစ်နိုင်တဲ့ အဖိုးတန်ပစ္စည်းမှန်သမျှကို သင့်တော် နေရာဒေသရွေးချယ်ပြီး စနစ်တကျမြှုပ်နှံခဲ့ဖို့နဲ့ တစ်ချိန်ချိန် စစ်ရံပုံ အဖြစ် အသုံးပြုနိုင်အောင် 'သက်ရှိမြေပုံ' အဖြစ် ရှိနေပေးဖို့ပဲ"

ညသည် ပို၍ တိတ်ဆိတ်သွားသည်ထင်၏။

ညဥ့်လေသည် အလှုပ်အခတ်မရှိ။ တန့်ရပ်နေသည်။ သူ နှစ်ဦး၏ ဝင်သက်၊ ထွက်သက် ရှူသွင်းရှူထုတ်ပြုနေသည့် အသံ တိုးညင်းညင်းသာ သက်ရှိတစ်ကောင်နှယ် စည်းချက်ညီတွား၍ လျားနေတော့သည်။

ဗိုလ်မှူးကာတိုမိချိစံက ဦးစွာသတိရလိုက်သည်မှာ သူ့ဆ ဂျင်နရယ်စုငီးယာမကိုဖြစ်သည်။ တိုကျိုရှိ သူ့စစ်ဆင်ရေးမှူးချုပ် ခန်းမကျယ်ကြီးအတွင်း စစ်ဆင်ရေးကမ္ဘာ့မြေပုံကြီးကို ငေးစိုက်လျ သူ့ကိုပြောခဲ့ဖူးသည့်အကြောင်း။ ၁၉ ရာစု ကမ္ဘာစစ်ကြီးတစ်ခုအတွ က ရုရှားစစ်မြေပြင်၌ နပိုလီယံ၏ ပြင်သစ်စစ်တပ်ကြီး ကျူးလွ သော ပြစ်မှုကြီးအကြောင်း သူ့ရင်ထဲတွင် ကိန်းဝပ်နေသော ရည်ရွယ် တစ်ခုတော့ အမှန်ရှိနေမည်ထင်ပါသည်။

"ကာတိုမိချိရေ . . . မကောင်းမှုတစ်ခုကို ကိုယ်တိုင်အ ကျေးဇူးခံရမယ်၊ မခံရမယ် မသေချာသေးဘဲနဲ့ကို လက်ရဲဇက်ရဲ လွန်တတ်ကြတဲ့အထဲမှာ ရန်သူစစ်မြေပြင်ကို အောင်နိုင်တဲ့ စစ်သ





တွေဟာ အလွန်ကဲဆုံးပေါ့။ စစ်ရဲ့အောင်ပွဲမှာ ယစ်မူးသာယာမှု အတ္တ မာနတွေနဲ့အတူ လောဘ၊ ဒေါသ၊ မောဟမီးလျှံတွေ တောက်နေကြ တာဆိုတော့ သင့်မသင့်၊ ရာမရာကို တွေးမနေတတ်ကြတော့ဘူး။ စစ် ဗိုလ်ချုပ်ကြီးတွေ၊ တပ်မှူး စစ်ကဲတွေဆိုတာကလည်း သေနင်္ဂဗျူဟာ ကိုသာ ချမှတ်ကြတာလေ။ စစ်မြေမှာ စစ်ပွဲကို အဆုံးအဖြတ်ပြုတာ စစ်သည်တွေပဲမဟုတ်လား။ စစ်နိုင်ရင် ထိန်းလို့ရခဲတယ်။

မင်းက မြန်မာပြည်စစ်မြေပြင်ကို သွားတော့မှာ။ စစ်ရေးဒီရေ တက်နေချိန်ဆိုတော့ အဲဒီအာရှအရှေ့တောင်ဖျားစစ်မျက်နှာမှာ အခက် အခဲမရှိ နိုင်ပွဲတွေ ကြုံရမှာပဲ။ နိုင်ပြီဆိုရင် နိုင်ပွဲနဲ့အတူ စစ်သရဲတွေ ကျူးတတ်တယ်။ မင်းသိသင့်တဲ့ စစ်ဘုရင်နပိုလီယံရဲ့ သမိုင်းတွင်ခဲ့တဲ့ ဖက်မဲမှားယွင်းမှုကြီးတစ်ခုကို ကြုံတုန်း ငါပြောပြရဦးမယ်။ ဒီလိုကွာ"

သူ့ဆရာက အတိတ်သို့ သူ့ကိုပါ ခေါ်ငင်သွား၏။

ဂျင်နရယ်စုငီးယာမ၏အသံကိုသာ ကြားနေရသည်။ သူ့စိတ် မျက်စိထဲ၌ မော်စကိုမြို့တော်ကြီး၏ မီးတဟုန်းဟုန်း တောက်လောင် ကျနေသော စစ်မြင်ကွင်းက ထင်လာသည်။

မော်စကိုမြို့တော်ကြီးမှာ မီးဟုန်းဟုန်းတောက်လောင်ကာ တော် တော်များများပျက်စီးပြီး မြို့တော်သူမြို့တော်သား အပြောက်အပြားမှာ ည်း မြို့ကို စွန့်ခွာသွားခဲ့ကြချိန်ဖြစ်သည်။ သို့သော် ရုရှားတပ်များ ည် နပိုလီယံ၏ ပင်မတပ်တော်ကြီးကို အံ့ချီးလောက်အောင် တုံ့ပြန် က်ခိုက်နိုင်ခဲ့ကြသည်။

၁၈၁၂ ခုနှစ်၊ အောက်တိုဘာလ (၁၉) ရက်နေ့တွင်မူ ပြင်သစ် တပ်ကြီးမှာ မော်စကိုမြို့တော်မှ ဆုတ်ခွာပေးခဲ့ရတော့သည်။ ထောက်



www.burmeseclassic.com

www.burmeseclassic.com



ပွဲရေးလမ်းကြောင်းများပြတ်တောက်ကာ စားနပ်ရိက္ခာလည်း မရရှိတော့
ဘဲ ပြင်သစ်တပ်သားများသည် တွေ့မြင်သမျှအားလုံးကို လုယက်ပ
ငင်ခဲ့ကြသည်။ မြို့တော်အတွင်းမှ ရွှေ၊ ငွေနှင့် တန်ဖိုးမဖြတ်နိုင်သည့်
ကြွေထည်ပစ္စည်းများ၊ လက်ရာမြောက်ပန်းချီ၊ ခန်းဆီးများ၊ သားမွေး
ထည်များပါမကျန် ရထားတစ်စီးအပြည့် သယ်ဆောင်သွားခဲ့ကြသည်။

"မွန်းတည့်ချိန်မှာ ကျွန်တော်တို့ စထွက်လာခဲ့ကြပြီး မကြာ
မှာပဲ ကျွန်တော်တို့ဟာ လှည်းတန်းကြီးရဲ့အလယ်မှာ ရောက်နေတာ
တွေ့ရပါတယ်။ အတန်းတစ်တန်းမှာ သုံးလေးစီးလောက်ပါဝင်ပြီး လှည်း
တန်းကြီးဟာဆိုရင် တစ်မိုင်လောက်အထိ ရှည်လျားပါတယ်"

ဟု တပ်ကြပ်ကြီးဖြစ်သူ ဘူရဲဂန်းက သတိတရ ပြန်လည်ပြော
ပြခဲ့သည်။

အဆိုပါ တပ်ကြပ်ကြီးသည် 'မဟာအိုင်ဗင်' ဘုရင့်အထိမ်း
အမှတ်မျှော်စင်မှ လက်ဝါးကပ်တိုင်ကို ကွပ်ထားသည့် ငွေပြားအပိုင်း
အစတစ်ခုကိုပင် သူ့ကျောပိုးအိတ်အတွင်းထည့်ကာ သယ်ဆောင်ခဲ့သော
ကြောင်း အမှတ်ထင်ထင်ပြောသည်။

လက်ဝါးကပ်တိုင်ကြီးမှာ ရွှေရည်စိမ်ငွေပြားဖြင့် ဖုံးကွပ်၍ ရွှေ
ရည်စိမ်သံကြိုးကွင်းဆက်အမြောက်အမြား ရစ်ပတ်ထားရာ ယင်းတို့
ပါ ယူငင်ခဲ့ကြခြင်းဖြစ်သည်။ ထို့ပြင် တစ်ချိန်က ကရင်မလင်မျှော်စင်
တွင် အထိမ်းအမှတ်အဖြစ်ထားရှိခဲ့သော ရွှေရည်စိမ်လင်းယုန် ငှက်
ရုပ်ကြီးများကိုပါ ယူဆောင်ခဲ့ကြသည်။ ယင်းသို့ဖြင့် ဆုတ်ခွာသွား
ရသော ပြင်သစ်စစ်တပ်ကြီးသည် ပုဂ္ဂလိကပိုင် ရတနာများကိုသာမက
နိုင်ငံအထိမ်းအမှတ်အဖြစ်ထားရာ ရတနာပစ္စည်းများကိုပါ သယ်ဆော





ကြခြင်းဖြစ်သည်။

အောက်တိုဘာလ (၂၅) ရက်နေ့တွင် 'မာလိုယာရိုစဖြက်' ၌
င်းထန်သောတိုက်ပွဲကြီးတစ်ပွဲ ဖြစ်ပွားခဲ့ပြီးသည့်နောက် ဆုတ်ခွာလျက်
သော ပြင်သစ်စစ်တပ်ကြီးမှာ အထိနာကာ အကျပ်အတည်းနှင့် ရင်
ပိုင်ခဲ့ရလေသည်။

ဂူတင်ဘတ်မြို့မှ တပ်မတော်ဆရာဝန် ဒေါက်တာရူးစ်၏ မှတ်
တမ်းအရဆိုလျှင် စစ်မြေပြင်၌ ရှိသမျှများကို မီးရှို့ဖျက်ဆီးပစ်ရန် အမိန့်
ထုတ်ခဲ့သည်ဟုဆိုသည်။ မီးရှို့ခဲ့ကြရာတွင် အမြောက်ကျည်ဆန်အပြည့်
တင်ဆောင်ထားသောလှည်းများ ပါဝင်ခဲ့သဖြင့် အကြီးအကျယ် ပေါက်
ကွဲကုန်တော့သည်။

ထို့နောက် နိုဝင်ဘာလ (၁) ရက်နေ့တွင် ပြင်သစ်တပ်ကြီးသည်
ကော့ဆက်မြင်းသည်တော်များ၏ အတိုက်အခိုက်ခံရသဖြင့် အဆုံးအရှုံး
ပမ်းကြုံတွေ့ခဲ့ရပြန်သည်။ နပိုလီယံ၏ ပင်မတပ်တော်ကြီးမှာ ဆိုးရွား
စွာ ခြိမ်းခြောက်ခံနေရပြီဖြစ်ရာ ဒေါက်တာရူးစ်၏မှတ်တမ်းအရဆိုလျှင်
နောက်တစ်နေ့၌ 'ဗီယာဇ်မာအမ်လီအိုဗို' မှ ဆုတ်ခွာခဲ့ပြီးသည့်နောက်
ဂူတင်ဘတ်တပ်မတော်စုအား ယင်းတို့၏အလံများကို တိုင်များမှ လျှော
ချရုပ်သိမ်းရန်ပင် အမိန့်ထုတ်ပြန်ခဲ့ရသည်။ ထိုအလံများကို စစ်သား
များသည် ကျောပိုးအိတ်များတွင် ထည့်၍လည်းကောင်း၊ မိမိတို့ခါးတွင်
ပတ်၍လည်းကောင်း သိုဝှက်သိမ်းဆည်း ယူဆောင်ခဲ့ကြရသည်။

ပြင်သစ်စစ်တပ်ကြီးသည် ရုရှားစစ်သားများနှင့် ပြောက်ကျား
များ၏ တိုက်ခိုက်မှုကို မပြတ်ရင်ဆိုင်ကြရပြီး မြင်းစာပြတ်လပ်၍လည်း
မြင်းအတော်များများကို သတ်ပစ်ခဲ့ကြရသည်။ ကျန်သမျှမြင်းများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တပ်ထားသည့်လှည်းများပေါ်၌ ဒဏ်ရာရသူများကို တင်ဆောင်ကြရ သည်။ ထိုနိုက်ဒဏ်ရာရသူများမှာလည်း အလွန်များပြားလှသည်။

ကျန်လှည်းများကို မီးရှို့ဖျက်ဆီးကာ ကျည်ဆန်များကို ဖောက် ခွဲပစ်ခဲ့ကြ၏။ သူတို့လုယက်ယူငင်လာသည့် မော်စကိုမြို့တော်မှ ရတနာ များကို ပဲရစ်မြို့တိုင်အောင် သယ်ဆောင်သွားနိုင်ရေးမှာ သူတို့အတွက် မျှော်လင့်ချက်မရှိသလောက်ပင်။

နောက်မှလိုက်လာသည့် ရုရှားတပ်များက ရတနာများကို မအုပ် မိရန်ဆိုပါက ရေနက်နက်တွင် မြှုပ်နှံပစ်ခဲ့ရမည့် နည်းလမ်းကိုသာ ရွေး ချယ်ရတော့မည်ဖြစ်၏။ သို့ဖြင့် သူတို့က 'ဆမ်လီယော့စကော်ရယ် ရေအိုင်' ကို ပစ်မှတ်အဖြစ် ရွေးချယ်ခဲ့ကာ စနစ်တကျ သိုသိုသိပ်သိပ် မြှုပ်နှံနိုင်ခဲ့ကြသည်။

"အဲဒီမှာ နပိုလီယံဟာ အင်မတန်ကြီးမားတဲ့ အရှုံးကြီးနဲ့ ရပ်ကို သိမ်းပိုက်ခဲ့ရတယ်။ ကမ္ဘာမှာ အင်မတန်ထင်ရှားတဲ့ စစ်ဘုရင်ကြီး ဘဝက သူခိုးကြီး၊ ဓားပြကြီးဘဝ ရောက်ခဲ့ရတယ်။ တစ်ဖက်မှာလည်း ရုရှားနိုင်ငံရဲ့ အထွတ်အမြတ်ရတနာတွေကို စစ်လမ်းကြောင်းနဲ့အဝေး လောဘတကြီး သယ်ယူမိခဲ့တဲ့အတွက် နာကြည်းရှုံမုန်းနေတဲ့ ရုရှား ပြည်သူတွေနဲ့ ရုရှားတပ်တွေက အပြင်းအထန် ချေမှုန်းတိုက်ခိုက်တာ ကို ခံခဲ့ရပြီး တပ်ပျက်ခဲ့ရတယ်"

ဂျင်နရယ်က စကားစကိုရပ်ကာ သူ့ကိုကြည့်သည်။ ရပ်ပေ မြေခြား စစ်ထွက်ရမည့် ရင်သွေးစစ်သည်တော်ကို မျှော်ကြည့်နေသည့် ဖခင်အိုတစ်ဦး၏ အကြည့်များ။ မျက်ဝန်းရိပ်၌ ကြင်နာမှုလျှပ်ရောင်ကို မြင်သည်။

စိတ်ကူးသစ်စာပေ



"စစ်မြေပြင်မှာ မလွှဲမရှောင်သာလို့ ကိုယ်က စစ်ဆုတ်ပြီး တိမ်းရှောင်ရမယ့်အခြေအနေ ကြုံလာခဲ့ရင် ဘယ်တော့မှ ရန်သူကို နာကြည်းအောင် မပြုမိစေနဲ့။ ပြီးတော့ ရန်သူရဲ့ အထွတ်အမြတ်ပြုတဲ့ ရတနာပစ္စည်းမျိုးတွေကို စစ်လမ်းကြောင်းမှာ တစ်ပါတည်းမသယ်မိ စေနဲ့။ နိုက်တတ်တယ်။ နာကြည်းကြေကွဲနေတဲ့ ရန်သူရဲ့ အမုန်းကျိန်စာ ဟာ ပြင်းထန်စူးရှတတ်တယ်နော်"

ဂျပန်စစ်ကားတစ်စီးက တပ်သားအပြည့်တင်ဆောင်လျက် သူ တို့အနီးမှ အရေးတကြီး အရှိန်ပြင်းစွာ ဖြတ်မောင်းသွားသည်။ မြစ်ကမ်း ပါး သစ်ပင်အုပ်ကြီးအမှောင်ရိပ်၌ ကပ်၍ရပ်ထားသော သူတို့ကား ကို သတိထားမိကြဟန်မတူ။

မြစ်ပြင်ကိုဖြတ်၍ ပြေးလာသောလေက အေးသည်။

ကြယ်ရောင်တွင် မှုန်မှုန်ယဲ့ယဲ့ တလက်လက်လင်းနေသော ပိုးကြက်ခွပ်ကလေးများက သူ့အတွေးနှယ် မတည်မငြိမ်။ ယောက် ယက်ခတ်နေသည်။

"ဒါဆို ကိုယ်တို့ မြန်မာပြည်စစ်မျက်နှာက ဆုတ်ဖို့သေချာပြီ ပေါ့"

"အဲဒီလို ယူဆနိုင်တာပေါ့လေ"

"ကိုယ်တာဝန်ယူမြှုပ်နှံပေးရမယ့် ပစ္စည်းတွေက ဘာတွေလဲ။ ဘယ်လောက်များသလဲ။ ဘယ်က ရတာတွေလဲ။ ကိုယ်ထမ်းဆောင်ရ မယ့် တာဝန်အတွက် စိတ်ရှင်းလက်ရှင်းဖြစ်အောင် သိထားချင်တယ်"

"သိရတာပေါ့ ...။ သိအောင်ပြောပြဖို့က ကိုယ့်တာဝန်လေ။ ဒါပေမဲ့ သိသင့်သလောက်အထိပဲ သိခွင့်ရမယ်နော်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... ပြောပါ"

"အိန္ဒိယ၊ တရုတ်နဲ့ မြန်မာစစ်မျက်နှာက တို့ရဲ့တပ်တွေ ဖွေသိမ်းဆည်းမိခဲ့သမျှ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာ၊ တွင်းထွက်ပစ္စည်း အဖိုးတန်ရှေးဟောင်းပစ္စည်း စသဖြင့်ပေါ့လေ။ အားလုံးကို အမျိုးအ ခွဲ၊ စာရင်းတင်ပြီး ဥစ္စာပစ္စည်းစုစုပေါင်း သံသေတ္တာကြီး အလုံးခြော ဆယ်ရှိတယ်။ ရန်သူ့စစ်မျက်နှာက သိမ်းပိုက်ရရှိခဲ့တဲ့ ပစ္စည်းတွေချ ပဲ။

စိန်တွေ၊ ပတ္တမြားတွေလို ကျောက်မျက်ရတနာတွေအပြင် အ အစား တိတိကျကျ ခွဲခြားမရနိုင်သေးတဲ့ ပဉ္စလောဟာရုပ်တုတွေ၊ သ ကနက်၊ သစ်မွှေး၊ သစ်မင်းနဲ့ ထုလုပ်ထားတဲ့ရုပ်တုတွေ၊ မလေး ဘုရင်မင်းမြတ်ရဲ့ ရွှေရုပ်တုတွေ၊ တရုတ်ရှေးဟောင်းကြွေထည်ပစ္စည် တွေ၊ ရှားပါးအဖိုးတန်တဲ့ ပေ၊ ပုရပိုက်တွေ စသည် ... စသည် ... သိပ်များတယ်"

"ဒါဆို ငါတို့လည်း တို့အဘိုးကြီးပြောပြခဲ့ဖူးတဲ့ နပိုလီယံ သူခိုး၊ ဓားပြအကြီးစားတွေ ဖြစ်ကြပြီပေါ့။ ဒီလောက်ယဉ်ကျေးဖြူ ပြီး ရိုးသားလှတဲ့ နိုင်ငံသားတွေရဲ့ တိုင်းပြည်ကို နှေ့ချင်းညချင် ဖွတ်ကျောပြာစု၊ ခရုဆံကျွတ်ဖြစ်စေခဲ့ရုံမက သူတို့ရဲ့အမြတ်တရ တွေကိုပါ လုယက်ခိုးဝှက်ပြီး ပြေးကြမယ်တဲ့လား။ ဒီတာဝန်ကို ငါ ဆောင်ရွက်ရမှာတဲ့လား။ အဲဒီရတနာတွေ မြှုပ်နှံထားတဲ့နေရာကို သ လျော်တဲ့အချိန်မှာ ပြန်လည်ဖော်ထုတ်ပေးရမယ့် 'သက်ရှိမြေပုံ' အ နေပေးရမယ်တဲ့လား"

'တော်တော်မတရားတဲ့ အဆုံးအဖြတ်တစ်ခုပဲ' ဟု ခေါင်

---





က အပြင်းအထန် ကန့်ကွက်ငြင်းဆန်နေမိသည်။ ဝိညာဉ်ဖြူဖြူနှလုံး သားတွေနှင့် သည်မြေ၊ သည်ရေအပေါ် သူ မည်သို့ မတော်မတရား ပြုရက်ပါမည်နည်း။

ဘဝနှင့် ဘဝသစ္စာ။ ဘဝသေလျှင်သေ၊ ဘဝမသေလျှင် သူ့ ဘဝသစ္စာ ကွယ်ပျောက်ရတော့မည်လား။ တစိမ့်စိမ့်တွေးလျက် ကြောက် စိတ်တို့ သူ့တစ်ကိုယ်လုံးအနှံ့ ဝှန်တက်လာသည်။ အားကိုးရာမဲ့ သိမ် ငယ်စိတ်ကလည်း မဖြစ်စဖူး ရင်တွင်စိုး၏။ ချွေးဥကလေးများပင် စိမ့်၍ ထွက်လာတော့သည်။

"သိပ်အလေးအနက်ကြီး မတွေးပါနဲ့။ စစ်သည်တစ်ဦးက စစ်အောင်နိုင်ရေးအတွက် ထမ်းရွက်ရတဲ့ တာဝန်လို့ပဲ တွေးပါ။ Soul of Japanese တိုက်ပွဲဝင်ဘူရှိဒိုစိတ်ဓာတ်လို့ပဲ သဘောထားရင် ရပြီ"

"ဒီအလုပ်ကို ဘူရှိဒိုဆိုတဲ့ မြင့်မြတ်တဲ့ သူရဲကောင်းစိတ်ထား နဲ့ယှဉ်ပြီး ဘယ်တော့မှမပြောနဲ့။ ဒါက သူခိုးကြမ်းပိုးအလုပ်။ အခြေ အနေပေးရင် နကန်းတစ်လုံးမှ အသိတရားမရှိတဲ့ လမ်းဘေးက လူလေ လူလွင့်တွေတောင် လုပ်နိုင်တယ်။ လုပ်ရဲတယ်။ လုပ်တတ်တယ်"

"ဒီတော့ ..."

"ကိုယ်မလုပ်နိုင်ဘူး။ ကိုယ့်အကြောင်း၊ ကိုယ့်မိသားစု အကြောင်း၊ ကိုယ့်ဘဝ၊ ကိုယ့်အတွေးအမြင်၊ ကိုယ်ရပ်တည်ရှင်သန် ချင်တဲ့ဘဝ ဘယ်လိုလဲဆိုတာ သူငယ်ချင်းအသိပဲ။ ကိုယ့်အသက်ကို ရင်းစားပေးရမယ်ဆိုရင်တောင် ဒီအလုပ်ကို ကိုယ်မလုပ်ဘူး။ အသေပဲ ခံလိုက်တော့မယ်"

"ဒါပေမဲ့ ..."

---



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဘာဖြစ်သလဲ။ အမှန်တရားတစ်ခုကို ကျော့ခိုင်းရ တော့မယ့်အခါတိုင်း ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်စရာ အကြောင်းပြချက် ပေးနိုင်တဲ့ ဆင်ခြေစကားတိုင်းဟာ ဒါပေမဲ့နဲ့ စကြတာချည်းပဲ။ အဲ ဒါပေမဲ့တွေကို ကိုယ်မယုံဘူး"

"ဒါပေမဲ့ တကယ်ရင်ဆိုင်နေရတာက ဒီပြဿနာမဟုတ်ဘူး။ ကာတိုမိချိဆိုတဲ့ လူတစ်ယောက်ရဲ့ဘဝ၊ ခံယူချက်၊ ခံစားမှုနဲ့ စစ်မျက်နှာ တစ်ခုအတွင်း ဘက်ပေါင်းစုံက ပိုင်းပတ်ပိတ်ဆို့ခံနေရပြီး သေရေးရှင် ရေးရှုန်းကန်နေရတဲ့ စစ်သည်သုံးသိန်းကျော်နဲ့ သူတို့နောက်က မြင့်မြတ် တဲ့ သူတို့ရဲ့မိခင်မြေကို တန်ဖိုးချင်းနှိုင်းယှဉ်ခိုင်းနေတာ။ ဘယ်ဟာကို ဦးစားပေးရမလဲလို့ ရွေးချယ်ခိုင်းနေတာ။ ဘာကြောင့်လို့ထင်သလဲ"

" ......"

"အချိန်မရှိတော့လို့။ နေ့နေ့ညည အသက်ချင်းယှဉ်လုနေရ တဲ့ စစ်ပွဲတစ်ပွဲအတွက် သိပ်အရေးကြီးတဲ့ အချိန်လိုအပ်ချက်တွေ မလှ လောက်တော့လို့"

ရင်ထဲ၌ တင်းခနဲဖြစ်သည်။

သူ့အတွက် ရွေးချယ်စရာ အခွင့်အလမ်းမရှိတော့မှန်း သိ လိုက်သည်။ နာရီများ၊ ရာသီများ စက်ဝိုင်းလိုလည်နေသည်။ ရှိရှိသမျှ အရာအားလုံး အသက်ရှိနေသည်။ ရွေ့လျားနေသည်။ တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေသည်ကို ဖျတ်ခနဲ သူသတိရသည်။ သူသည် သည်စက် ဝန်း၌ နှောင်တည်းထားသော သံကြိုးကွင်းဆက်ကလေးတစ်ခုအဖြစ် ဖြစ်တည်နေရပြီလား။ ရွေးချယ်ရန်အခွင့်အရေးသည် သူ့အတွက် လို အပ်ချက် မဟုတ်လေတော့ပြီလား။





"ဘာကြောင့် ဒီလိုလုပ်ဖို့ လိုအပ်သလဲ၊ ရန်ကုန်မှာ စုစည်း ပြီး ဂျပန်ပို့ရင် ရနိုင်တာပဲ။ ဘာကြောင့် ရိုးရိုးလွယ်လွယ်လုပ်နိုင်တာ ကို မလုပ်ချင်ကြတာလဲ။ အဲဒီလိုမလုပ်ရခြင်းရဲ့ အကြောင်းရင်းက ဘာ လဲ"

"ရန်သူကို လှည့်စားဖို့။ အနာဂတ်အတွက် ဝန်ပိုတွေကို လျှော့ ချထားခဲ့ချင်လို့"

"ဘယ်လို ..."

"တစ် ... မန္တလေးကို ယာဉ်တန်းနဲ့ ပစ္စည်းတွေအရေးတကြီး ပြောင်းအရွှေ့လုပ်ခြင်းကြောင့် တို့မိတ်ဆွေ မဟာမိတ်တွေကို မန္တလေး ဟာ တို့ဂျပန်တပ်မတော်ရဲ့ မဆုတ်တမ်းခံစစ်စခန်းလို့ မြင်စေချင်တယ်။ ဟုလုပပလေး လှည့်စားပြချင်တယ်။ စလင်းရော၊ ဝေဇယ်ရော၊ ဝင်း ဖိတ်ရော၊ သူတို့နောက်က မောင့်ဘက်တန်ရော ဒီလိုပဲမှန်းဆထားတဲ့ အတွက် သူတို့မှန်းဆချက်မှန်နိုင်ကြောင်း ပြယုဂ်တစ်ခု၊ အသင့်ယုတ္တိ တစ်ခုလိုတယ်။ ဒါပေမဲ့ ဖန်တီးထားတဲ့ အတုအယောင် မဟုတ်ရဘူး။ တကယ့်အဖိုးထိုက်ရတနာတွေကို ရွှေ့ပြောင်းသယ်ဆောင်ခိုင်းမှာ။ ဒါမှ ဟိုလူတွေက အသက်နဲ့ရင်းပြီး အလေးထားမယ်။ ကိုယ့်တပ်တွေ ရင်း ပြီးပေးဆပ်လေလေ၊ ရန်သူရဲ့ယုံကြည်နိုင်မှုအလားအလာ မြင့်လေလေ ပဲ။"

သူ ပြန်မပြောပါ။ ငြိမ်၍ နားထောင်နေမိသည်။

သည်စစ်ဆင်ရေးစီမံကိန်း၏ ပင်မကြိုးကိုင်သူမှာ သူတို့၏ဆရာ ဗိုလ်ချုပ်ကြီး စုငီးယာမဆိုသည်က သေချာသွားခဲ့ပါပြီ။ ဂျပန်တပ်မတော် တစ်ခုလုံး သည်လို ထွင်းထွင်းဖောက်ဖောက်၊ ဝှံ့ဝှံ့စားစားကြံစည်ရဲသူ



www.burmeseclassic.com

www.burmeseclassic.com



များများမရှိ။ တစ်ဦးတည်းသာရှိသည်။ 'အသေခံ လူတော်ပီဒိုစိမ်ကိန်း'၊ 'လေကြောင်းချီတပ်မတော်ဖြင့် ရန်သူ့အဓိက ပစ်မှတ်များ ချေမှုန်းရေး စီမံကိန်း'၊ 'ဂျာမဏီ–အီတလီ–ဂျပန် မဟာမိတ်ပြုခြင်းဖြင့် အာရှ စစ်မျက်နှာအပေါ် ရန်သူ့တင်းအားလျှော့ချရေးစီမံကိန်း' တို့ကို ရေးဆွဲခဲ့သည်။ သူ့ပင်ကိုဉာဏ်ကိုမှီ၍ ဂျပန်သည် ကာလတစ်ရပ် စစ်ရေးအကဲသာမှုကို ဖန်တီးနိုင်ခဲ့သည်။ ဖန်တီးခဲ့ပြီးပြီ။ ရှင်သန် အတွက် ရုန်းကန်ဖန်တီးနေဆဲလည်းဖြစ်သည်။

"နှစ် ... အခုဆုတ်ခွာမှုဟာ ယာယီတပ် ပြောင်းရွှေ့နေရာ ချထားမှုသက်သက်ပဲ။ စစ်ရှုံးလို့ ဆုတ်ခွာရတာလို့ စစ်ဦးစီးချုပ် မယူဆဘူး။ ဒါကြောင့် ရန်သူမထင်မှတ်တဲ့ ရန်သူ့ထိုးစစ်မြား မြှုပ်နှံခဲ့ခြင်းဟာ အသေချာဆုံးနဲ့ အလုံခြုံဆုံးပဲ။ စစ်ကြောင်းချီတပ် ကိုလည်း ဝန်ပေါ့စေမယ်။ ဘယ်လိုသဘောရသလဲ"

သူက အမေရိကန်ရုပ်ရှင်များထဲမှ မင်းသားတွေလို ပခုံး သာ တွန့်၍ လက်မြှောက်ဟန်လုပ်ပြလိုက်သည်။ သူ့သူငယ်ချင်း ဗိုလ် ချုပ်ထံမှ စိတ်သက်သာရာရစွာ သက်ပြင်းသဲ့သဲ့ချသံ တိုးလျှလျှကို ကြား လိုက်ရ၏။ ဦးခေါင်းထက်တွင် သစ်ရွက်လှုပ်ခတ်သံကိုလည်း မပီ ကြားရသည်။

မြစ်အတွင်း၌ မီးရောင်ကလေးတလက်လက်ဖြင့် ဟိုသည် လျားနေသော တံငါလှေကလေးများကို မြင်ရသည်။ ဆိပ်ကမ်း၏ ဟိုဘက် သည်ဘက်ကမ်းပါး၌ ငြိမ်သက်စွာဆိုက်ကပ်ထားသည့် လှေ၊ သမ္ဗာန် သင်္ဘောကြီးငယ်များကို မှောင်မှောင်မည်းမည်း ငုတ်တုတ်ထိုင်နေသော သရဲတစ္ဆေတွေလို မြင်နေရသည်။ သည်သက်ငြိမ်မြင်ကွင်း၌ လှုပ်





ရုန်းကန်နေသော တံငါလှေငယ်ကလေးများက အသက်ဝင်နေသည်။ လှုပနေသည်။ ရှင်သန်မှုတိုင်း၌ အလှတည်သည်။ အလှတရား၏ ဝိညာဉ် သည်ပင် ရှင်သန်နိုးထနေသည့်အသက်ဓာတ် ဖြစ်ပေလိမ့်မည်။

"ဒီစစ်ဆင်ရေးကို နှုတ်မိန့်နဲ့ပဲ လုပ်မယ်။ လျှို့ဝှက်စီမံချက် အသေးစိတ်ကို သိတဲ့သူက ဂျင်နရယ်အီးဒါးရယ်၊ ဗိုလ်ချုပ်အီဆိုမူရာ ရယ်၊ ကိုယ်ရယ်၊ မင်းရယ် လေးယောက်ပဲရှိတယ်။ အာရှမြေမှာ တို့ နိပွန်တပ်မတော်ကြီးက အနိုင်ယူ၊ အောင်ပွဲခံ၊ စစ်ကြီးပြီးတဲ့အထိ အသက် ရှင်ကျန်ရစ်ဖို့ကလည်း ဒီလေးယောက်က အရေးအကြီးဆုံးပဲ။

တို့တွေရဲ့အသက်ကို ဂျပန်ကေရာဇ်မင်းမြတ်နဲ့ ဂျပန်ဘုရင့် နိုင်ငံတော်ကြီးက ပိုင်တယ်။ အဲဒီ ကိုယ့်အမိမြေ၊ ကိုယ့်နိုင်ငံ၊ ကိုယ့် ဘုရှင်သခင်အတွက် တို့အသက်ကို ရှင်သန်ကြွင်းရစ်စေခြင်းဖြင့် ပေးဆပ် ရမယ်"

"ဒီတော့ ..."

"ကဲပါလေ ... ကားပေါ်တက်တော့။ ကိုယ့်အိမ်မှာ အသေး စိတ်အချက်အလက်တွေ အားလုံးကို ရှင်းပြပါမယ်"

လောက၌ နေသင့်သည့်အခါရှိသည်။ သွားသင့်သည့်အခါရှိ သည်။ သွားသင့်ပါလျက် မသွားဘဲနေလျှင် အငြိုအငြင်ခံရနိုင်သည်။ ကိုယ်နိုင်စွမ်းသမျှ လုပ်ကိုင်ပေးသင့်၊ ပေးနိုင်သည်များကို ပေးခဲ့ပြီး လျှင် သွားသည်က ကောင်းသည်။

ဗိုလ်မှူးကာတိုမိချိစ်က ခေါင်းကို ကောင်းကင်သို့လှန်မော့၍ လက်ဝါးနှစ်ဖက်ဖြင့် မျက်နှာကိုအုပ်လျက် စိတ်တင်းအားကို လျှော့ သည်။ ငိုမိတော့မည်။ မိုးကောင်းကင်နှင့် မြေလွှာအကြား သူမျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



မကျဖြစ်ခဲ့သည်မှာ ကြာပြီ။ ယခုမူ ...

ကားကလေးက ကမ်းနားလမ်းမှသည် ဝေ့ပတ်၍ မြို့တော်ရန်ကုန်၏ အနားသတ်မျဉ်းအတိုင်း ပြေးနေလေ၏။

ဆိပ်ကမ်းဗောတံတား၌ ပင်လယ်ကူးသင်္ဘောကြီးနှစ်စီး ဆိုက်ကပ်ထားသည်။ မီးရောင်ထိန်ထိန်လင်းလျက်ရှိ၏။ ကမ်းကခွာကာ မြစ်အတွင်းသွားလာနေသော ရေယာဉ်ငယ်များကိုလည်း မြင်သည်။

တရွေ့ရွေ့စီးမျောနေသော ရေအလျဉ်သည် တည်ငြိမ်ဟန်ရှိသော်လည်း အင်အားကြီးစွာ စီးဆင်းနေကြောင်း သိသာသည်။

တစ်စစလောင်မြိုက်လာနေသော စစ်သည်လည်း ...

မီးလျှံတို့၏ အပူငွေ့ကဲသည့် လောင်ကျွမ်းနံ့ကိုပင် ဝေ့ဝဲနမ်းရှိုက်လိုက်ရသည်ဟု စိတ်၌ထင်သည်။

ရှင်သန်ခြင်းမနက်ဖြန်တွင် စစ်၏မီးလျှံတို့ကို သူမျက်နှာမူလိမ့်ဦးမည်။ စစ်မှာတစ်မူ ...

❀ ❀ ❀

အခန်း [ ၆ ]

❑

"တောတွင်းစစ်ဆင်ရေးဆိုတာ လျင်မြန်ဖို့လိုတယ်။ ကိုယ့်အားကိုယ်ကိုးဖို့လိုတယ်။ တပ်စုတပ်ဖွဲ့လိုက် တိုက်နေရတာမဟုတ်ဘူး။ တစ်ချင်းရဲ့ တိုက်စွမ်းရည်ထက်မြက်နေဖို့ လိုတယ်။ စစ်သားတစ်ယောက်ရဲ့သက်ဟာ သူ့အပေါ်မှာပဲ ရာခိုင်နှုန်းအပြည့် တည်နေတယ်။ စစ်သားတစ်ယောက်ဟာ ရန်သူနဲ့ ချက်ချင်းရင်ဆိုင်တိုက်ရမယ်။ ဘယ်သူမှ သူ့ကို မကူနိုင်ဘူး။ ဒါကြောင့် ပိုတော်တဲ့လူ အောင်ပွဲခံလိမ့်မယ်။ ဂျပန်တို့တစ်တွေဟာ ပိုတော်တဲ့လူတွေဖြစ်တယ်"

စကားသံတွေကို ပြန်ကြားရပြန်သည်။ သူတို့တစ်တွေ အထပ်ထပ်ကြားခဲ့ကြပြီးသော်လည်း အကြားမရိုးဘဲ နား၌စွဲနေသော အသံ



www.burmeseclassic.com

www.burmeseclassic.com



တွေဖြစ်သည်။ သည်တော၊ သည်တောင်သည် မြန်မာပြည်တော်ကြီး မျက်မည်းထဲ၌ လျှပ်တစ်ပြက်စစ်ဆင်ရေးကို ဆင်နွှဲရင်း ရှင်သန်ကျန်ရစ် ရမည့် သူတို့တွေ၏ ဥပဒေသဖြစ်သည်။

သည်ချင်းတွင်းမြစ်ကမ်းမှ မြန်မာရွာကလေးတိုင်း၏ ရွာအဝင် တံခါးအထက်၌ ထွင်းထုထားသော သစ်သားခြသေ့ရုပ်တွေကို တွေ့ရ တတ်သည်။ ခြသေ့သည် မကောင်းဆိုးရွားနှင့် ရန်သူများဝင်မလာနိုင် အောင် အကာအကွယ်ပေးနိုင်သည်ဟု သူတို့အယူရှိတတ်ကြသည်။ ထို အယူကိုပင် အစွဲပြုပြီး ဗိုလ်ချုပ်ဝင်းဂိတ်က သူတို့စစ်ဆင်ရေးကို 'ခြသေ့ စစ်ဆင်ရေး' ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။

သူတို့တပ်ဖွဲ့က ဗိုလ်ချုပ်ဝင်းဂိတ်၏ လျှပ်တစ်ပြက်စစ်ဆင် ရေးကို လက်တွေ့ဆောင်ရွက်နေကြသည့် 'ခြသေ့တပ်ဖွဲ့ဝင်' များဖြစ် ၏။

''ချီတက်ဖို့ အသင့်ပြင်''

အမိန့်သံ ပေါ်ထွက်လာသည်။

မဆန့်ရသေးသည့်ကျောကို မတ်မတ်ထောင်ပြီး လက်နက် ယမ်းမီးကျောက်များကို သယ်ဆောင်လျက် စစ်ကြောင်းအသွင်ဖြင့် ဆက် လက်ချီတက်ရပြန်တော့သည်။

ဝန်တင်လားနှင့် မြင်းများသည်လည်း သူတို့နည်းတူ သူတို့ သယ်ဆောင်ရမည့်ဝန်များကို ဘေးနှစ်ဖက်တွင် အလေးချိန် အညီအမျှ တင်ရင်း ဝန်တင်လားတပ်သားများ၏ ထိန်းကျောင်းမှုဖြင့် တိတ်တဆိတ် ရွေ့လျားချီတက်လာခဲ့ကြသည်။

မြန်မာပြည်အနောက်မြောက်ပိုင်းဒေသ မိုးသစ်တောများ





တပ်သိပ်သည်းလွန်းလှသည်။ သည်အရပ်၊ သည်ဒေသတွင်သာ တွေ့ တတ်သော အဖိုးတန်ကျွန်းပင်ကြီးများကလည်း ကြီးမားဖြောင့်စင်း စွာ မိုးယံသို့ ထိုးတက်နေသည်။ ပင်ခြေတွင်လည်း ပေါင်းတော၊ ကိုင်း တောနှင့် ဗျိုက်တော၊ မြက်ရိုင်းတောကြီးများက ဟီးထနေတော့၏။ ရှင်စီးသော ချောင်းမြောင်းများ၊ ရေသေအိုင်ကြီးများ၊ ရွှံ့နွံတော ကြီးများကိုလည်း မကြာခဏတွေ့နေရရာ ခရီးက ထင်သလောက်မတွင် ပေ။

ရှေ့မှသွားနေသည့် ကင်းထောက်တပ်ဖွဲ့က ရပ်လိုက်သည်။ သူတို့စစ်ကြောင်း ချီတက်မှုရပ်လိုက်ချိန်တွင် သူတို့အောက်ပုရေသည် သူတို့ခြေမျက်စိကို ထိနေပြီ။ သူတို့ရှေ့တွင် ကျူတော၊ ကိုင်းတောကြီး က ကန့်လန့်ခံ၍ ပိတ်ဆီးနေ၏။

ကျူတော၏အောက်ခြေတွင် ညိုညစ်ညစ်ရေပုပ်များရှိကာ ကျူ တော၏ဟိုမှာဘက်တွင် တောအုပ်များရှိနေသည်။ သို့သော် သစ်ပင် များက ခပ်ကျဲကျဲပါးပါး။ သည်တောအုပ်နှင့် အခြားတစ်ဖက်မှ မှိုင်း ညို့ညို့တောခြေကို ကိုင်းတောက ခြားထားသည်။

ကျူတောအစပ်၌ ပြာသောကောင်းကင်၏ တစ်စွန်းတစ်စကို မြင်နေရသည်။ ဟိုးခပ်လှမ်းလှမ်းတွင် မှိုင်းညို့ညို့သစ်တောအုပ်။

''ဒါကြီးကို ငါတို့ဖြတ်နိုင်မယ်တော့ သိပ်မထင်ဘူး''

တပ်ကြပ်ကြီးဟေးစ်က တစ်မျှော်တစ်ခေါ် ကျူတောနှင့် ဆင် မြက်တောကြီးကိုကြည့်ကာ ပြောသည်။ သူ့ဘေး၌ ဒုဗိုလ်ကလေး မက် ကာတနက တော်မီဂန်းကို ရင်ခွင်ပိုက်ကာ ပြာလွင်လွင်ကောင်းကင် ကို မော်ကြည့်နေ၏။ သူက စစ်ကြောင်းကို ခေတ္တအနားပေးချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သွေးမအေးခင် သည်ညွှန့်အိုင်နှင့် ကျူတောကြီးကို ဖြတ်လျက် တစ်ဖက်ဆီသို့ရောက်ထားဖို့ အရေးတကြီးလိုနေ၏။ သူက ဂေါ်ရခါးတပ်ကြပ် ပရင်ဆင်းဂူရန်းကို မျက်ရိပ်ပြလိုက်သည်။

ပရင်ဆင်းဂူရန်းက ကျောပိုးအိတ်ကိုဖြုတ်၍ မြေကြီးပေါ်သို့ ချထားလိုက်ပြီးနောက် ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ နောက်ဆုံး တွင် မနီးမဝေးရှိ သစ်ပင်တစ်ပင်ပေါ်သို့တက်ကာ တဒင်္ဂအတွင်းမှာပင် သစ်ရွက်များအကြား၌ ကွယ်ပျောက်သွားတော့၏။ သူပြန်ဆင်းလာသည့် အခါတွင် အားလုံးက မျှော်လင့်ခြင်းကြီးစွာဖြင့် သူ့ကိုကြည့်နေကြသည်။

"အခြေအနေ ဘယ်လိုမြင်ရသလဲ"

သူက မေးသည်။

တပ်ကြပ်က သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်ကာ သူမြင်ခဲ့ရသမျှ အခြေအနေကို ခပ်တိုတိုပင် ရှင်းပြ၏။ ကျူတောကြီး၏အကျယ်အဝန်း မှာ ပေတစ်ရာခန့်ရှိလိမ့်မည်။ အောက်ခြေတွင် ရေတွေအပြည့်ရှိနေ သည်။ ဤကျူတော၏ တစ်ဖက်တွင်လည်း ကျူတောကြီးများနှင့် သစ် တောကြီးများ ရှိနေသေးသည်။

"အနည်းဆုံး ဖြတ်ရမယ့်ကျူတောက ပေသုံးရာလောက်ရှိ မယ် စစ်ကြောင်းမှူး။ အခြေအနေက ထင်တာထက် ဆိုးနေတယ်"

သူက တပ်ကြပ်ကလေးကို အသာခေါင်းညိတ်ပြလိုက်မိသည်။

"ဒီကျူတောကိုမဖြတ်ဘဲ ဟိုတစ်ဖက်ကို ရောက်နိုင်မယ့်လမ်း မင်းမမြင်ခဲ့ဘူးလား"

ပရင်းဆင်းဂူရန်းက မသိမသာ ခေါင်းခါ၏။

သူက သူ့အင်္ကျီအိတ်ထဲမှ စစ်သုံးမြေပုံကို ထုတ်ယူလိုက်ကာ





ပေါင်ပေါ်သို့တင်လျက် ချခင်းလိုက်သည်။ သူ့အရာရှိများနှင့်အတူ မြေပုံ ကို ဝိုင်းကြည့်ကြသည်။ အချိန်က နည်းနေပြီ။ မကြာမီ အလင်းရောင် အားပျော့လာလျက် နေကဝင်တော့မည်။ အလင်းပဲ့သည်နှင့် သည်လို ညွှန့်အိုင်ကြီးများ၊ ရေသေအိုင် ကျူတောကြီးများအနီးဝန်းကျင်တွင် ရှိ နေရမည်မှာ အန္တရာယ်များလွန်းလှမှန်း သူတို့တွေ့ဖူးသော အတွေ့ အကြုံများအရ ကောင်းကောင်းသိခဲ့ပြီးဖြစ်သည်။

အလွန်ကြီးမားသော မြွေကြီးများ၊ အဆိပ်ပြင်းထန်သည့် ကင်း ခြေများ၊ ကင်းမြီးကောက်ကြီးများ၊ အုပ်လိုက်ပျံသန်းကာ တစစ်စစ် ကိုက်၍ ဒုက္ခပေးတတ်သည့် ဖြုတ်များ၊ မှက်များ၊ တပ်မတော်ကြီး တစ်ခု စစ်ချီလာသလို အုပ်ဖွဲ့ပျံသန်းလာတတ်သည့် ခြင်ကောင်များ၊ တစ်ခါတစ်ခါ ကြုံရလေ့ရှိတတ်သည့် ယင်မမဲရိုင်းများ၊ အခြား အသား ...းနှင့် အဆိပ်ရှိသတ္တဝါများ၊ ရန်သူဂျပန်ငပုတို့ထက် ပို၍ ချက်ချင်း ...က်ငင်း ဒုက္ခပေးနိုင်သည့်ရန်သူများကို မလွှဲမသွေ ပက်ပင်း ကြုံရ နိုင်သည်။

သူက တောအုပ်များပေါ်မှ ဖြတ်ဆွဲထားသော အပြာရောင် မျဉ်းကြောင်းသေးသေးကလေးကို သူ့လက်ညှိုးနှင့် ထောက်ပြသည်။

"အဲဒီဟာ ချောင်းဆိုတာ သေချာလို့လား"

ဗိုလ်ကြီးအာသာဘတ်စ်က မေးသည်။

"သိပ်သေချာတာပေါ့"

"သွားပြီ ...။ မျှော်လင့်ချက် မရှိတော့ဘူးလား"

သူက မြေပုံကိုပြန်ခေါက်ပြီး လာလမ်းအတိုင်း ကျူတောထဲ ပြန်ထွက်လာခဲ့သည်။ အထာသိနေသော သူ့စစ်ကြောင်းက သူ့နောက်



www.burmeseclassic.com

www.burmeseclassic.com



မှ တရွေ့ရွေ့ တစ်ပါတည်းကပ်ပါလာခဲ့သည်။ ကိုက်သုံးရာခန့်လျှော မိလျှင် စောစောက စစ်ကြောင်းနားခဲ့သည့်နေရာကို ပြန်ရောက် ရပြန်၏။

"ဒီနေ့ည ဒီမှာစခန်းချမှာလား ဗိုလ်မှူး"

သူက တပ်ခွဲမှူး ဗိုလ်ကြီးအာသာဘတ်စ်ကို ခေါင်းညိတ် လိုက်ပြီးနောက် ပင်ခြေရှင်းရှင်း သစ်ပင်တစ်ပင်ခြေရင်း၌ ထိုင်ချလို မိတော့သည်။

စစ်ကြောင်းကို အနားပေးဦးမှဖြစ်မည်။

နံနက်ပိုင်းကပင် သူတို့ 'ချကွင်း' တည်ရှိရာ ရွာကလေးအ ၌ လေကြောင်းမှ အင်အားဖြည့်ရိက္ခာနှင့် လက်နက်ခဲယမ်းမီးကျော များကို လေထီးဖြင့် လာရောက်ချပေးခဲ့သည်။ ချင်းတွင်းမြစ်အ ဘက်ကမ်းသို့ရောက်ပြီး ပထမဆုံးရရှိသော ရိက္ခာဖြည့်တင်းမှုဖြစ်သ သူတို့စစ်ကြောင်းသည် ဆယ်ရက်စာရိက္ခာကိုယ်စီနှင့် ဖြစ်သွားပြန်သ သည့်ဝန် ထုပ်ဝန်ပိုးတွေနှင့် သူ့စစ်သည်တွေကို သည့်ထက်ပို၍ မပ ပန်းစေသင့်တော့ဟု သူဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

"ခုခံတိုက်ခိုက်ဖို့ နေရာကောင်းရွေးထားတယ်ဆိုရင် ကိုယ့်ဘ က အထိအခိုက်၊ အကျအဆုံး နည်းတာကတော့ အမှန်ပဲ။ ဒါပေ တစ်ဖက်ကလာတိုက်တဲ့ ရန်သူကို ထိထိရောက်ရောက်တွန်းလှန်နို ဆိုတာက နေရာကောင်းရဖို့သာ အဓိကမဟုတ်သေးဘူး။ ကိုယ့်ဝ သားတွေရဲ့ စိတ်ဓာတ်အင်အားနဲ့ တိုက်စွမ်းရည်အပေါ် အများ တည်နေတယ်။ အဲဒါကို မင်းတို့မမေ့ပါနဲ့"

သူတို့တပ်ဖွဲ့၏ စစ်ဆင်ရေးမှူးကြီး ဗိုလ်ချုပ်ဝင်းဂိတ်က သူ





စ်တွေကို အမြဲမှာကြားလေ့ရှိသည့်စကား။ သူကလည်း သည်သဘော ရားကို ယုံကြည်သည်။ သူတို့ခြေသေ့တပ်ဖွဲ့တွင် သူသည် လွတ်လပ် သောစိတ်ကူးဖြင့် စစ်ဆင်လေ့ရှိသူဟု နာမည်ကြီးသလို သူ့တပ်ဖွဲ့ဝင် များအား အင်အားပြုန်းတီးစေမည့် အလုပ်မှန်သမျှကို မလိုအပ်ဘဲ လုပ်လေ့မရှိ။ အစဉ် ခေါင်းမာစွာ ငြင်းဆန်လေ့ရှိသူဟုလည်း နာမည် ကျော်သူဖြစ်၏။

ဗိုလ်လေးမက်ဟော်တန်က သူ့အနားတွင်လာရပ်ကာ သူ့သံဘူး မှ ကောက်ညှင်းဆန်အရက်မွှေးကို ကမ်းလာသည်။ ဒေသခံတိုင်း ရင်းသားတို့၏လက်ဆောင် ကောက်ညှင်းဆန်အရက်ကောင်းကောင်း လေးတွေရအောင် သူတို့တပ်ခွဲတွင် အတူပါလာသည့် မြန်မာလူမျိုး ပ်ကြပ်ကြီး 'မြွေပွေးသိန်းမောင်' က စွမ်းဆောင်တတ်သည်။

သတင်းလည်းရ၊ ရိက္ခာလည်းပြည့်စုံ၊ တောလမ်းတောင်လမ်း ည်းသိ၊ မြေအောက်တော်လှန်ရေး Force 136 အဖွဲ့များနှင့်လည်း က်ဆက်နိုင်ဖို့ သည်မြွေပွေးကြီးက အားကိုးရတတ်သည်။

"ဒီတစ်ဝိုက်မှာ ဒီရက်ပိုင်းအတွင်း Force 136 တပ်ဖွဲ့တွေ ည လေထီးဆင်းတာများလို့ ငပုတွေပိုက်စိပ်တိုက်နေတယ်လို့ မြွေပွေး ကြီးက သတင်းပို့ထားတယ် စစ်ကြောင်းမှူး။ မနက်က ရိက္ခာချခဲ့တဲ့ တင်းကလည်း ပူပူနွေးနွေးပဲရှိသေးတော့ စစ်ကြောင်းကို တပ်ဖျောက် ားလိုက်ရင် ကောင်းမယ်။ မြင်းနဲ့ လားတွေ၊ ရိက္ခာနဲ့ ကျည်သေတ္တာ တွေကို တောထဲရွှေ့ခိုင်းထားလိုက်ပါမယ်"

ဗိုလ်ကြီးအာသာဘတ်စ်က သူ့အနီးဝင်ထိုင်ရင်း သတင်းပို့ ည်။



www.burmeseclassic.com

www.burmeseclassic.com



သူပြုံးလိုက်မိ၏။

သူ့တပ်ခွဲမှူးအကြောင်း သူသိပြီးဖြစ်သည်။ သူစိစဉ်စရာ သမျှ ကုန်စင်အောင် ဆောင်ရွက်ခဲ့ပြီးဖြစ်မည်။ တာဝန်ရှိသူ အကြီး အကဲတစ်ယောက်အနေနှင့်သာ သူ့ကိုသတင်းပို့ခြင်းဖြစ်၏။ သူတို့ ခြေ တပ်များ လျင်မြန်ဖျတ်လတ်စွာ လျှပ်တစ်ပြက်စစ်ဆင်နိုင်ခြင်း၏ အဓိက အကြောင်းရင်းမှာ ဤသို့ ကိုယ့်ကိုယ်ကိုယ်တာဝန်ယူရဲသော တပ်ဖွဲ့ဝင် များကို စုစည်းထားနိုင်ခြင်းကြောင့်သာဖြစ်၏။

သူက ဗိုလ်ကလေးထံမှ ဆန်အရက်တစ်ငုံကို စုပ်ယူမျိုချလိုက် သည်။ လည်ချောင်းဝမှ ပူခနဲစီးဆင်းသွားကာ သွေးကြောတွေထဲ ပျံ့ သွားတော့၏။ စိတ်လည်း ကြည်လင်လာမိသည်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ..."

"ဒက် ... ဒက် ... ဒက် ..."

"ရွှီ ... ဝုန်း ..."

"ဝုန်း ..."

"ဒက် ... ဒက် ... ဒက် ..."

"ဒိုင်း ... ဒိုင်း ..."

စက်သေနတ်သံနှင့် လက်နက်ငယ်ပစ်ခတ်သံများကို ဆူညံ စွာ ကြားလိုက်ရသည်။ ကျည်ဆန်မျ..ကလည်း ပလူပျံသလို တရှိုးရှိုး လေဟုန်ခွဲကာ ပြေးဝင်လာ၏။ မော်တာကျည် ကျရောက်ပေါက်ကွဲသံ များကိုလည်း အဆက်မပြတ်ကြားရသည်။ သူတို့နယ်မြေအတွင်း တိုက် ကင်းထွက်လာသည့် ဂျပန်တပ်ဖွဲ့တစ်ဖွဲ့နှင့် ပက်ပင်းတိုးမိခြင်းလော။ သတင်းအရ သူတို့စစ်ကြောင်းကို လိုက်လံချေမှုန်းသည့် တိုက်ခိုက်ရေး





တပ်ဖွဲ့လော။

မသေချာသေး။

လက်နက်ကြီးငယ် ပစ်အားကတော့ အားကောင်းလှသည်။ ပထမ တရက်တွင် သူတို့တပ်ဖွဲ့များက ပြန်လည်ပစ်ခတ်ခြင်း မပြုနိုင် အောင်ပင် စီးမိုး၍ ဦးနှိမ်ပစ်ခတ်ထားနိုင်ခဲ့သည်။

သေနတ်သံကြားလျှင်ကြားချင်း သူက ကိုယ်ကိုတစ်ပတ်လှိမ့်၍ သစ်ပင်အကွယ်တွင် နေရာယူထားခဲ့ပြီးပြီ။ သူ့တပ်ဖွဲ့နှင့် သူ့စစ်ကြောင်း ကို အကြည့်ဝေ့ကာ အကဲခတ်လိုက်သည်။

တောအုပ်သစ်ပင်များကြား၌ ကျည်ဆန်များ ဥဒဟို ပလူပျံ နေ၏။ ကျည်ကွယ်မျက်ကွယ်ရအောင် ပြေးကြလွှားကြသည်။ အော်ကြ ဟစ်ကြသည်။ လဲကြပြိုကြသည်။ တစ်တောလုံးကို ဂျပန်စက်သေနတ် ကျည်ဆန်များကသာ ဆူညံပေါက်ကွဲလျက် ဖုံးလွှမ်းထား၏။

"စစ်ကြောင်းမှူး ... နောက်ဆုတ်ခံမလား။ ပြန်ချမလား"

ဗိုလ်ကြီးအက်ဒ်အက်ဒမန်က သူ့ကိုမေး၏။

"ရှေ့ဆက်တက်ခိုင်း။ ဆက်တိုက်မယ်။ တို့ဖို့ ဒီတစ်လမ်းပဲ ရှိတယ်"

"ဟုတ်ကဲ့"

သူ့ပတ်လည် သစ်ပင်များနှင့် သူ့ရှေ့ကမြေပြင်၌ စက်သေနတ် ကျည်ဆန်များက မိုးသီးမိုးပေါက်လို ကျနေသည်။ ရန်သူတို့သည် ရှေ့ တောအုပ်အဝဲယာမှ ညှပ်ပူးညှပ်ပိတ် ပစ်ခတ်နေခြင်းဖြစ်၏။ မြေပြင်အနေ အထားနှင့် လက်ဦးမှု အသာစီးရယူထားနိုင်သဖြင့်လည်း စိတ်ရှိလက်ရှိ ပစ်ခတ်ချေမှုန်းနေနိုင်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အသည်းနှလုံးကို ဓားနှင့်မွှန်းသလို ခံစားလိုက်ရသ သေနတ်သံများကိုလွှမ်းအောင် အော်ဟစ်အမိန့်ပေးလိုက်မိသည်။

"တိုက် ... နောက်မဆုတ်နဲ့။ တိုက် ..."

"ရှေ့ဆက်တက်"

စစ်ကြောင်းကြီးတစ်ခုလုံးမှ တုံ့ပြန်ပစ်ခတ်သံများ စတင်ကြ ရပြီဖြစ်သည်။ တပ်ကြပ်ကြီးပေးစ်နှင့် သူ့စက်ကလေးအဖွဲ့မှ စ သေနတ် အတွဲလိုက်ပစ်ခတ်သံများက အဆက်မပြတ်ပေါ်ထွက်လာ တောလုံးညံ့သည်။

စတင်အပစ်ခံရလျှင်ခံရချင်း ကျွန်တော်တို့ဘက်က အ အကျယ် အထိနာသွားပြီဟု သူထင်ခဲ့သည်။ အမှန်တကယ်တွင် ထင်သလို အထိမနာလှပါ။ သူတို့တပ်ဖွဲ့၏ ပစ်ခတ်သံများက ရန်သ ပစ်အားကို ချက်ချင်းပင် တန့်ရပ်သွားစေအောင် ဟန့်တားနိုင်ခဲ့သ

စစ်သည် ၂၅၀ ကျော်ပါဝင်သည့် ပင်မစစ်ကြောင်းကြီး ရန်သူတပ်ဖွဲ့က မသိသေး။ သူတို့၏ တုံ့ပြန်ပစ်ခတ်လိုက်သည့် လက် ကြီးငယ်ပေါက်ကွဲသံများက အင်အားကြီးမားလှသည်ဖြစ်ရာ ရန်သူ ခေတ္တမှင်တက်မိကာ ကြောင်သွားသည်ထင်၏။ ခေတ္တမျှ ပစ်အား သွားသည်။

ရှေ့ဆုံးက ချီတက်သွားသော တပ်စိတ်များသည် ရန် နှင့် သေနတ်တစ်ကမ်း၊ ကျည်တစ်ကမ်းအထိ ရောက်သွားကြပြီ။ တပ်ဖွဲ့များကလည်း ကျည်ဆန်များကြားမှပင် တစိုက်မတ်မတ် အုပ်ကိုဖြတ်ကူးဖို့ ကြိုးစားနေကြဆဲ။

ခေတ္တမျှသာဖြစ်သည်။





ရန်သူတို့ဘက်မှလည်း တိုက်ပွဲအရှိန်မြင့်ကာ ပစ်ခတ်မှုများ တင်လာပြန်၏။ ရန်သူ့စက်သေနတ်သံ၊ လက်နက်ငယ်မျိုးစုံ၏အသံ နှင့် မော်တာကျည်သံများ တဝုန်းဝုန်းတဒိုင်းဒိုင်း မိုးမွှန်အောင်ကျလာ ည်။ အသင့်နေရာယူပြီးကြ၍ တိုက်စစ်အဟုန်ကို တွန်းတင်ရန် တာစူ နေသော သူတို့ခြသေ့်တပ်ဖွဲ့များ၏ တန်ပြန်ပစ်ခတ်မှုကလည်း အား ကောင်းပြင်း ထန်လှလေရာ တဒင်္ဂအတွင်းမှာပင် စစ်မြေပြင်တစ်ဝိုက် ရဲပွက်သလို ထွေးလုံးရစ်ပတ် ဆူညံနေတော့၏။

"လူချင်းခွဲ ... လူချင်းခွဲ ..."

"ရှေ့ဆက်တက်"

"နောက်မဆုတ်နဲ့။ တိုက် ... တိုက် ..."

အဆက်မပြတ်ဆွဲမွှေ့နေသည့် ရန်သူ့စက်သေနတ်သံက နိုး သည်။ ကျည်ဆန်တွေက ပလူပျံနေ၏။ သဲနှင့်ဆုပ်ပက်သလို ဖြစ် သည်။ သူတို့အကာအကွယ်ယူထားသော သစ်ပင်ကြီးများ အပိုင်းပိုင်း ၍ လဲသံပြိုသံ၊ သစ်ကိုင်းများ ကျိုးပြတ်လွင့်စဉ်လာသံ၊ သစ်ခေါက် များ ပဲ့ပြတ်ထိမှန်သံများနှင့် မြေမှုန်မြေမွှားများ လွင့်စဉ်ထိမှန်သံတို့ သောသောညံနေ၏။

သူတို့တပ်ဖွဲ့များ အလွန်စနစ်တကျရှိနေသည်။ ရဲဘော်များ စိတ်ဓာတ်မှာလည်း မယုံကြည်နိုင်လောက်အောင်ပင် ကြံ့ခိုင်နေ သည်။ အရာရှိများနှင့် အကြပ်များ၏ ကွပ်ကဲမှုအောက်၌ တစ်သွေး သံ၊ တစ်မိန့် လိုက်နာနေကြသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း အာရှစစ်မျက်နှာ၌ ဂျပန်နှင့် ရင် တိုက်ခိုက်ရသော မဟာမိတ်တပ်များက ဂျပန်တို့၏တိုက်စွမ်းရည်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပတ်သက်၍ အမျိုးမျိုးပြောကြသည်။ 'ဂျပန်တို့သည် တောတွင်၊ စစ်ဆင်ရေးတွင် အထူးကျွမ်းကျင်လှကြောင်း၊ မည်သည့်စစ်တပ်မှ ၎င်းတို့ကို မယှဉ်ပြိုင်နိုင်ကြောင်း၊ နိပွန်တပ်မတော်သည် ချေမှုန်းဖျက်ဆီး၍ ရနိုင်စကောင်းသော တပ်မတော်မဟုတ်ကြောင်း' ပြောကြဆိုကြသည်။ လူပြောသူပြော များလှ၏။ သည်စိတ်အခံကြောင့်ပင် စစ်ဖြစ်ပြီပေ၊ ဆိုကတည်းက အဘက်ဘက်တွင် ဂျပန်တို့အသာရခဲ့ခြင်းဖြစ်သည်၊ မဟာမိတ်တပ်များ ကား တစ်ရှုံးတည်းရှုံးခဲ့ကြရသည်။

ထိုအစွဲအလမ်းဆိုးကြီးကို ဖျောက်ဖျက်ပစ်နိုင်ရန်အတွက် စစ်ဆင်ရေးကြီးတစ်ခုကို ထူးထူးခြားခြားလုပ်ပြဖို့ ဗိုလ်ချုပ်ကြီးဝေဗယ်က ဆုံးဖြတ်ခဲ့သည်။ ဂျပန်သိမ်းပိုက်ထားသည့် မြန်မာပြည်အတွင်းသို့ ဖောက်ဝင်ရောက်ပြီး ထိုးစစ်ကြီးတစ်ခုပြုလုပ်ရန်ဖြစ်သည်။ ဂျပန် ၏ ယုံတမ်းပုံပြင်များကို ဖျက်ဆီးပစ်ရန် အဓိကရည်ရွယ်ခြင်းဖြစ်၏။

အမေရိကန်ဗိုလ်ချုပ်ကြီး မိနိဂါဂျိုးစတီးဝဲလ်က တရုတ် များနှင့် ပူးပေါင်း၍ တရုတ်–မြန်မာနယ်စပ်မျဉ်းကို 'စ,မျဉ်း' အဖြစ် သတ်မှတ်ကာ အတွင်းပိုင်းသို့ တိုက်ဆင်းလာရန်နှင့် သူတို့၏စစ် ရေးမှူးကြီး ဗိုလ်မှူးချုပ်ဝင်းဂိတ်ဦးစီးသည့် အင်အားသုံးထောင်ပါ 'ဂျ တစ်ပြက်စစ်ဆင်ရေးခြသေ့်တပ်' များက ချင်းတွင်းမြစ်ဝှမ်းကို နေ ကျောမှဖောက်ဝင်လျက် စစ်နယ်ဝန်းအတွင်းရှိ ဂျပန်တပ်များအား မိ ခတ်ရေးအရ အသာစီးရအောင် ဒုက္ခမျိုးစုံဖန်တီးပေးရန်ဖြစ်သ သူတို့၏ ယခုတိုက်ပွဲသည်ပင် သူတို့ထိုးစစ်ကြီး၏ အစိတ်အပိုင်းတ ဖြစ်နေသည်။ အရှုံးခံ၍မဖြစ်။ ရှုံး၍မဖြစ်။ နိုင်ရမည်။ ရဲသူနိုင်စ

"တက် ... တက် ..."





အသံကုန်အော်ဟစ်ရင်း သူက ဦးဆောင်၍ ပြေးတက်သည်။ ပြေးရင်းလွှားရင်းကပင် လက်ထဲကတော်မီဂန်းဖြင့် ရန်သူများထံ အဆက်မပြတ် ပစ်လွှတ်လျက်ရှိ၏။ ဗိုလ်ကလေးမက်ဖော်တန်နှင့် တပ်ကြပ်ပရင်း ဆင်းဂူရန်းတို့အား သူ့ဘေး၌ တစ်ပါတည်းလိုက်လာကြသည်ကို မြင်ရသည်။ တပ်ကြပ်ကြီးဟေးစ်နှင့် စက်သေနတ်အဖွဲ့က ကာပစ်ပစ်ပေးလျက်ရှိရာ ယင်းပစ်အားကို အကာအကွယ်ယူ၍ သူတို့ တပ်ဖွဲ့များ တစ်ယောက်ပြီးတစ်ယောက် ဂရုကိုချီတက်လျက်ရှိနေသည်။

တောအုပ်အဆုံး လွင်သာကလေး၏အစသို့ ရောက်လာ၏။

ရှေ့သေနတ်တစ်ကမ်းအကွာ၌ ရန်သူတပ်စိတ်တစ်စိတ်က သစ် ငစုစုကို အကာအကွယ်ပြုကာ ရှေ့တည့်တည့်မှ ဆီးကြိုပစ်ခတ်နေ သည်။ စက်သေနတ်တစ်လက်ဖြင့်လည်း မပြတ်ဆွဲမွှေ့လျက်ရှိ၏။

"ဟေးစ်တို့စက်အဖွဲ့ကို ခေါ်လိုက်"

သူက ဗိုလ်ကလေးကို လှည့်၍အမိန့်ပေးလိုက်ပြီး လုံးပတ် ကောင်းကောင်းသစ်ပင်ကြီးကို ကွယ်၍ရပ်နေလိုက်သည်။ သူ့တပ်ဖွဲ့လည်း သီးသီးနေရာယူကာ ကျည်ကာတ်သစ်များ လဲထည့်နေကြသည်။

"တက် ... ခြသေ့်တပ်ဖွဲ့ကွ"

တပ်ကြပ်ပရန်းဆင်းဂူရန်းသည် ကြောက်မက်ဖွယ်အော်သံကြီး နှင့် သံကုန်ဟစ်၍အော်ကာ သေနတ်ကို ခါးစောင်းပိုက်ပစ်ခတ်လျက် သူများထံ တစ်ဟုန်ထိုးပြေးတက်သွား၏။ သူ့ကို လှမ်းဆွဲဖို့ စိတ်ကူး က်သေးသည်။ အချိန်မရလိုက်တော့။ သူ့နောက်တွင် ကျန်တပ်ဖွဲ့များ တရမန်းကြမ်းပစ်ခတ်လျက် ရန်သူများရှိရာသို့ ဝက်ခေါင်းထိုးချီ က်သွားနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပစ် ...ပစ် ..."

"ငပုတွေ ကျကုန်ပြီဟေ့။ ခြသေ့်တပ်ဖွဲ့ကွ"

"တက် ...တက် ..."

သူက သူ့တပ်ဖွဲ့နောက်သို့ ထက်ကြပ်ပြေးလိုက်လာခဲ့သည်။ စစ် ကျွံကာ ရန်သူချေမှုန်းမှုခံရမည်ကို သူစိုးရိမ်နေ၏။ အတွဲလိုက်ပစ်ခ လိုက်သော စက်သေနတ်သံကို အနီးကပ်ကြားသည်။ သူတို့တပ်ဖွဲ့ ရှေ့ဆုံးက ညာသံပေးလျက် ဦးဆောင်ပြေးတက်သွားသော တပ်ကြ ပရင်ဆင်းဂူရန်း၏ ခန္ဓာကိုယ်သည် လေထဲတွင်လွင့်ပျံကာ ဝုန်းခနဲ ပစ် ကျသွားသည်။ သူ့ရင်ဘတ်နှင့် လည်ပင်း၌ စက်သေနတ်ကျည်ဖ ဖောက်ထွင်းသွားပြီး အသက်ကုန်နေပြီ။

"ပြေး ...ပြေးဝင်ပြီး ပစ်တော့။ ရွေးစရာ တခြားလမ်း မ တော့ဘူး။ တက်ကြတော့"

နှုတ်ကလည်းအော်ရင်း သူ့သေနတ်ကို အဆက်မပြတ်ပစ်ခ လျက် သူပြေးတက်ခဲ့သည်။ ရန်သူတို့ရှိရာ သစ်ပင်စုစုဆီသို့ သူ ရပ်မိချိန်၌ ရန်သူဂျပန်များ အတုံးအရုံးကျဆုံးနေကြပြီ။ အားလုံး ဆယ့်နှစ်ယောက်။ အရာရှိနှစ်ယောက် ပါဝင်သည်။

ကိုင်းတော၊ မြက်ပင်ရှည်တောကြီးများနှင့် သစ်ပင်ချုံနွယ် ပိတ်ဆီးကာထားသဖြင့် မြင်ကွင်းကိုမမြင်ရသော်လည်း သူတို့တ က အသာစီးရနေပြီမှန်း လက်နက်မျိုးစုံပစ်ခတ်သံ၊ ကျည်ပေါက်ကွ များက ဖော်ပြနေသည်။ ရန်သူတို့ ပစ်အားလျော့သွားပြီဖြစ်သည်။ သူ တပ်ဖွဲ့စစ်ကြောင်းမှ ပစ်ခတ်သံများက လွှမ်းမိုးစပြုပြီ။





နောက်ထပ်ဆယ်မိနစ်ခန့်အတွင်း ပစ်ခတ်သံများ ရပ်သွား သည်။

ပွဲပြီးသွားပြီ။

ဗိုလ်ကြီးအာသာဘတ်စ်နှင့် တပ်ကြပ်ကြီးမြွေပွေးသိန်းမောင် တို့၏မျက်နှာများက ကိုင်းတောအတွင်းမှ ဘွားခနဲပေါ်လာသည်။ အောင် ႏိုင်သူတို့၏အပြုံးဖြင့် ဝင်းလက်နေသော မျက်နှာများ။

"ရန်သူအင်အား မသေးဘူး ဗိုလ်မှူး။ အရာရှိအပါအဝင် အားလုံး သုံးဆယ့်နှစ်ယောက်တောင်။ အားလုံး အသေရလိုက်တယ်။ လေးငါးယောက် ကျွံပြီးဆုတ်ပြေးပေမယ့် ရှာနီးချုပ်စပ် အခြေအနေ ကကြည့်ရင်း ပြန်လာတဲ့ မြွေပွေးသိန်းမောင်တို့အဖွဲ့နဲ့ တိုးမိလို့ လှဲ ပိုင်ခဲ့တယ်"

"တို့ဘက်က အကျအဆုံးရော"

"ဗိုလ်ကြီးအင်ဒီအက်ဒမန်နဲ့ တပ်ကြပ်ပရင်ဆင်းဂူရန်းရယ်၊ ဘော်ဗဟာဒူးသာပရယ် ကျသွားတယ်။ ပြည့်ပြည့်စုံစုံတော့ သတင်း မရသေးဘူး။ ဒဏ်ရာရသွားတဲ့သူတွေလည်း ရှိလိမ့်မယ်။ လားနဲ့မြင်း ချို့ လက်နက်ကြီးမှန်ထားတာလည်း ရှိတယ်"

"ပတ်လည်ကို ကင်းရှည်ထုတ်ပြီး ထောက်ခိုင်းထားလိုက်။ က်ပွဲက နည်းနည်းပြင်းသွားတယ်။ သေနတ်သံ၊ လက်နက်ကြီးသံ တွေ ဆူညံနေတာဆိုတော့ နီးရာဂျပန်တပ်ဖွဲ့တွေ လိုက်လာနိုင်တယ်။ လောက်အထိ ပြင်းထန်တဲ့တိုက်ပွဲမျိုး မကြုံဖူးသေးတော့ ငပုတွေ ဖြုံ လည်း ဖြုံသွားမှာပဲ။ ဒါပေမဲ့ ရေဆုံးမြေဆုံး လိုက်ချေမှုန်းလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်တွေသောက်ကျင့်အတိုင်းဆို တို့အင်အားကို လျော့တွက်ပြီး ကမူးရှူးထိုးလိုက်လာကြမှာ။ တပ်ဖွဲ့ကို ပြန်စုစည်း။ ဒဏ်ရာရတဲ့လူနဲ့ ကျဆုံးတဲ့အလောင်းတွေ အရင်သယ်ပြီး ဗိုလ်ကြီးဒန်ကင်မင်းနဲ့ တပ်ကြပ်ဂေးလ်မာတင်တို့ တပ်စုနဲ့ နောက်ကြောင်းကို လာရာအတိုင်း ပြန်ဆုတ်ခိုင်းထား။ ဒဏ်ရာရထားတဲ့ လား၊ မြင်းတွေကို ရှုပစ်ခဲ့။ ရန်သူ့လက်နက်နဲ့ ကျည်တွေကို သေချာရှာပြီးသိမ်းကြ။ တပ်တွေ ပြန်စုစည်းပြီးရင် စထွက်မယ်။ မကြာခင် ဒီ့ထက်မှောင်လာတော့မယ်။ သွားရလာရ ခက်လိမ့်မယ်။ မြွေပွေးသိန်းမောင်ကို လမ်းပြခိုင်းပြီး အနီးဆုံးရွာနဲ့ မိုင်ဝက်အတွင်းမှာ စခန်းချကြမယ်''

''ဟုတ်ကဲ့ ဗိုလ်မှူး''

ယခုမူ တောသည် ပြန်လည်ငြိမ်သက်သွားပြန်သည်။ ညသည် အမှောင်ထုဖြင့် စိုးမိုးစပြုလာသည်။ ခြင်နှင့်ဖြုတ်များ၊ မှက်များက သွေးနေအောင် ပျံသန်းလာလျက် သူတို့အား ကိုက်ခဲနေကြသည်။ တလျှပ် တချောက်ချောက်ဖြင့် သူတို့တပ်ဖွဲ့များ တောတိုးလှုပ်ရှားနေသော ဝန်တင်မြင်းနှင့် လားများ၏အသံကို ကြားရသည်။

''ဗိုလ်မှူး ... အမှတ် (၁) အုပ်စုရဲ့ တပ်မှူးကြီးက စစ်ကြောင်းမှူးနဲ့ စကားပြောပါမယ်တဲ့။ စက်ပေါ်တက်ဖို့ ခေါ်နေပါတယ်ခင်ဗျ''

ဆက်သွယ်ရေးတပ်ဖွဲ့ခေါင်းဆောင် ဗိုလ်ဟာရီးဂျိမ်းစ်က ကို သတင်းပို့သည်။

''အေး ... လာပြီ''

သူတို့အမှတ် (၁) စစ်ကြောင်းအပါအဝင် အမှတ် ၁၊ ၂၊ ... စစ်ကြောင်းများ ပါဝင်ဖွဲ့စည်းထားသည့် အမှတ် (၁) အုပ်စု၏ တပ်...





...ကြီးမှာ ဗိုလ်မှူးကြီးအလက်ဇန်းဒါးဖြစ်သည်။ ယခင်က အမှတ် (၃) ဂေါ်ရခါးရိုင်ဖယ်တပ်ရင်းမှူးဖြစ်၏။

ဆံပင်နက်နက်၊ နှုတ်ခမ်းမွှေးရေးရေးဖြင့် ကိုယ်လုံးကိုယ်ထည် သေးသေးညှက်ညှက်ဖြစ်သည်။ အလွန်စစ်သားပီသသူ ဖြစ်၏။ ယခုမူ ...ကြာသတ္တရှစ်ပတ်လုံးလုံး တောတွင်း၌သာ အနေများနေပြီဖြစ်၍ နက်မှောင်သည့် မုတ်ဆိတ်၊ ပါးမြိုင်းမွှေးများ ထူလပျစ်ကြီး ဖြစ်နေပေရော့သည်။ သူက တပ်မှူးကြီးကို ရုတ်ခြည်းပင် သတိရလာ၏။ သူတို့ အမှတ် (၁) အုပ်စု၏ နယ်မြေတွင် သင့်လျော်ရာစစ်ကြောင်း၌ ကွပ်ကဲလိုက်ပါလာလေ့ရှိသော သူ့တပ်မှူးကြီးလည်း တိုက်ပွဲမှ ပစ်သံခတ်သံ၊ လက်နက်ကြီးသံများကို ကြားပေလိမ့်မည်။

''ဟုတ်ကဲ့ .. ဗိုလ်မှူးကြီး။ အမှတ် (၁) စစ်ကြောင်းမှူး ဂျော်န်းလော့ပါ''

''အေး ... ဗိုလ်မှူးဒန်းလော့။ ကိုယ်ပါ''

''ဟုတ်ကဲ့ တပ်မှူးကြီး''

''မင်းတို့တိုင်းဝိုင်းအခြေအနေ ဘယ်လိုရှိလဲ။ လက်သံနည်းနည်းကြမ်းတော့ ကိုယ်တို့စိတ်ပူနေမိကြလို့''

''အိုကေပါ ဗိုလ်မှူးကြီး။ ရန်သူတိုက်ကင်းအဖွဲ့နဲ့ ကျွန်တော့်တို့လျားစစ်ကြောင်း တည့်တည့်တိုးလို့ ပွဲစည်သွားတာပါ။ အားလုံးရ...က်ပါတယ်။ ငပုတွေဘက်က အကျအဆုံး ၃၂ ပါ။ မိမိတပ်ဖွဲ့ အရာရှိ ...အခြား ၃၊ ပေါင်း ၄ ဖြစ်ပါတယ်။ ဒဏ်ရာရအဖွဲ့ကို ရှေ့ပြေးတပ်စုနဲ့ ...မှတ်ဆီ ထွက်ခိုင်းပြီးပါပြီ။ စစ်ကြောင်းကတော့ နောက်ငါးမိနစ်-ခရွှေ့...မယ်''



www.burmeseclassic.com

www.burmeseclassic.com



"အိုး ... ကျသွားတာ ဘယ်သူလဲ"

"ဗိုလ်ကြီး အင်ဒိအက်ဒမန်ပါ"

"ဟာ ... ဗိုလ်ချုပ်ဝင်းဂိတ် ရွေးထည့်ပေးလိုက်တဲ့ကောင် ပဲ။ အေး ... ငပုတွေ ပွဲဆူလိမ့်မယ်နော်။ ထိပ်တိုက်ထပ်မဆိုင်နဲ့တော့။ တပ်ဖျောက်ပြီး ဆုတ်လာခဲ့။ ဒီကောင်တွေ ရှော့ဝင်သွားအောင်သာ သူတို့အလောင်းတွေကို ဒီအတိုင်းထားခဲ့။ ဟုတ်ပလား"

"ဟုတ်ကဲ့"

"မင်းတို့စစ်ကြောင်း ဆုံမှတ်ကို ဘယ်တော့ရောက်မယ်မှန်း လဲ"

"စစ်ဆင်ရေးစီမံချက်အတိုင်း မီအောင်ဖောက်ထွက်ခဲ့ပါ့မယ်။ စိတ်မပူပါနဲ့ တပ်မှူးကြီး"

"အေး ... စိတ်ပူတာ မဟုတ်ဘူး။ ဗိုလ်ချုပ်ဝင်းဂိတ်က မင်း နဲ့ မင်းစစ်ကြောင်းက ကွန်မင်ဒိုတပ်စုကို သီးသန့်စစ်ဆင်ရေးတာဝန် တစ်ခုပေးဖို့ ပခုက္ကူဆင်းခဲ့ဖို့ ညွှန်ကြားထားတယ်။ ယာယီတော့ မင်း စစ်ကြောင်းကို ဗိုလ်ကြီးချာလီဘရုစ်ကို လွှဲထားခဲ့ရမယ်။ ကွန်မင်ဒိုတပ်ပု ကတော့ မင်းစိတ်ကြိုက် မင်းဘာ့သာဖွဲ့စည်း"

"ဟုတ် ...။ အလယ်ပိုင်းဒေသစစ်ဆင်ရေးက ဗိုလ်ချုပ်ကြီး စလင်း ကိုင်ထားတာမဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ သူတို့တပ်တွေလည်း မန္တလေးကို မိုးကုတ်၊ မတ္တရာဘက်က စစ်မြို့အယောင်ပြပြီး ပခုက္ကူ ကနေ မြင်းခြံ၊ မိတ္ထီလာဘက်က ဝင်သိမ်းဖို့ အလုပ်ရှုပ်နေကြတယ်။





တော့ သမားရိုးကျတပ်ဖွဲ့တွေကိုလည်း မသုံးချင်လို့တဲ့။ ဗိုလ်ချုပ် ဝင်းဂိတ်ကို လုမ်းအကူအညီတောင်းထားလို့"

"ကိစ္စက ဘာတဲ့လဲ။ အကြမ်းဖျင်းပြောပြလို့ ရနိုင်မလား တပ် မှူးကြီး"

"ငပုတွေဘက်က ထူးခြားဖြစ်စဉ် အရွေ့အပြောင်းတွေ ရှိနေ တယ်။ သူတို့တပ်တွေကိုလည်း လှုပ်ရှားပြောင်းရွှေ့မှုတွေ၊ တပ်တည် နေရာချထားမှုတွေ ပြန်ပြောင်းနေတယ်။ စစ်ဆင်ရေးရိက္ခာနဲ့ စစ် လက်နက်ပစ္စည်းထောက်ပံ့မှု၊ ဖွဲ့စည်းမှု၊ ပြောင်းရွှေ့မှုတွေ လုပ်နေတယ်။ ဗိုလ်ချုပ်ကြီးစလင်းဘက်မှာရော၊ တို့ဘက်မှာရော၊ ဗိုလ်ချုပ်ကြီးစတီး ဝဲတို့ဘက်မှာရော အတူတူပဲ။ ဒီအထိ ရှင်းလား"

"ဟုတ်ကဲ့"

"လာမယ့် မတ်လပထမပတ်အတွင်း စစ်ဆင်ရေးရိက္ခာလို့ ခေါ်ရတဲ့ ပစ္စည်းတင်ယာဉ်တန်းတစ်ခုကို မစ်ဆူဘီရှိကုမ္ပဏီပိုင်ကား တွေနဲ့ မန္တလေးကို ပို့လိမ့်မယ်လို့ သတင်းရထားတယ်။ ရန်ကုန်က ငပုစစ်ဦးစီးချုပ်ရုံးက စီစဉ်တာတဲ့။ ရုပ်ဖျောက်၊ ပုံဖျက်ပြီး သယ်ယူ ပြောင်းမယ့်သဘောပဲ။ ဒါပေမဲ့ သူတို့စစ်ဆင်ရေးအဖွဲ့ထဲမှာ မြှုပ်နှံ ထားတဲ့ တို့ရဲ့သတင်းပေးကတစ်ဆင့် အရေးကြီးတဲ့ စစ်ရေးလျှို့ဝှက် ချက်တစ်ခု ရထားတယ်"

"ဟုတ်ကဲ့"

"သံသေတ္တာကြီးအလုံးခြောက်ဆယ်ထဲမှာ လျှို့ဝှက်ထည့်ထား တဲ့ အမျိုးအမည်အတိအကျမသိရသေးတဲ့ ပစ္စည်းတွေကိုလည်း အဲဒီ ယာဉ်တန်းမှာ ရောသယ်လိမ့်မတဲ့။ အရေးကြီးတဲ့ စစ်လက်နက်ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တွေလား။ ဘယ်လိုစွမ်းရည်မြင့် ဖျက်အားပြင်း ပစ္စည်းတွေလဲဆိုတာ လူကြီးတွေက သိချင်နေကြတယ်။

ဟူးကောင်းချိုင့်ဝှမ်း 'ဇာဇပ် (Zazup)' ဆိုတဲ့ဒေသက တိုက် တစ်ခုနဲ့ မြန်မာပြည်အရှေ့မြောက်ပိုင်း နမ့်ခမ်းမြို့တစ်ဝိုက်က တိုက် တချို့မှာ ဂျပန်တွေက ရောဂါပိုးမွှားဗုံးတွေကို စမ်းသပ်သုံးစွဲခဲ့တာ လို့ အထောက်အထားတွေအရ သိထားတယ်၊ သူတို့ရဲ့ 'ရောဂါကာကွ ရေးနှင့် ထောက်ပံ့ရေးဌာန' က လျှို့ဝှက်သုတေသနပြုခဲ့တာ အောင် နေပြီလို့လည်း သိထားရတယ်။

မန်ချူးရီးယားက အမှတ် (၇၃၁) တပ်က ထုတ်လုပ်ခဲ့တာ ထောက်လှမ်းဖော်ထုတ်လို့ရတယ်။ ဂျပန်ရဲ့ မဟာမိတ်ဖြစ်တဲ့ ဂျာမ ကလည်း အနုမြူဗုံးထုတ်လုပ်နိုင်တဲ့အခြေအနေမှာ ရှိနေပြီလို့ ဒေါက် အိုပင်ဟိုင်းမားက အမေရိကန်ဆီးနိတ်နဲ့ ပင်တဂွန်ကို တင်ပြထား ကလည်း ရှိနေသေးတော့ ဒီငပုတွေပြောင်းရွှေ့မယ့် အဲဒီ သေတ္တာ အလုံးခြောက်ဆယ်ထဲမှာ ဘာတွေပါသလဲဆိုတာကို စလင်းတို့၊ ဝေ တို့၊ စတီးဝဲလ်တို့က သိပ်အာရုံကျနေကြတယ်"

"ဒီတော့ ကျွန်တော်တို့တပ်ဖွဲ့က ဘာလုပ်ရမှာတဲ့လဲ"

"ပျဉ်းမနားနဲ့ မိတ္ထီလာကြားမှာ ယာဉ်တန်းကို လျှပ်တစ် ကြားဖြတ်တိုက်ခိုက်ပြီး အဲဒီသေတ္တာကြီးအလုံးခြောက်ဆယ်ထဲမှာ ဝှက်သယ်ယူလာတဲ့ ပစ္စည်းတွေက ဘာတွေလဲဆိုတာ အတည်ပြု ရလိမ့်မယ်။ ဖြစ်နိုင်ရင် ပစ္စည်းအားလုံးသိမ်းပြီး ဗိုလ်ချုပ်ကြီးစ ဆီ အပ်ရမယ်။ အခြေအနေမပေးရင်တော့ ဖောက်ခွဲဖျက်ဆီးပ ယ်။ ဒါပဲ ...။ ရှင်းပလား"





"ဟုတ်ကဲ့ ...ရှင်းပါပြီ တပ်မှူးကြီး"

"အိုကေ ... မောင်ရင်တို့စစ်ကြောင်း ဆုံမှတ်ကိုရောက်ရင် ပ်သတင်းပို့။ Good Luck ဗိုလ်မှူးဒန်းလော့"

"လေးစားပါတယ် ဗိုလ်မှူးကြီး"

"အေး ... ဆီး ... ယူ"

စက်သံက ရပ်သွားသည်။

ညနှင့် သစ်ပင်တောအုပ်တို့က အသက်ပြန်ဝင်လာကြပြန်၏။

ကြယ်ရောင်သည် မှိန်မှိန်လင်းလျက်ရှိသည်။

ကောင်းကင်သည်လည်း ...။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၇ ]

❑

အညာနေကား ပူပြင်းလှသည်။

ဝန်းကျင်ပတ်လည် မည်သည့်နေရာတွင်မှ နေပူရှိန်ဒဏ်ကို ရှောင်၍မလွတ်ချင်။ သစ်ပင်ရိပ်ကောင်းလှသည့် မန်ကျည်းရွက်စိပ်စိပ်၊ သိပ်သိပ်သည်းသည်း ပင်ခြေရိပ်တွင်လည်း ထိုင်ဦးစခဏ၌သာ အေး ယောင်ရှိ၏။ ကြာလာလေလျှင် လေပူကြီးတိုက်ကာ ခံရခက်လွန်းသည်။ နေပူနှင့်လေပူ နှစ်ခုပေါင်းစုကာ ပူခြင်းကြီးပူလှလေရာ အသားများ ပင် ပူလောင်ကျိန်းစပ်လာမိရတော့သည်။

မတ်လဆန်းစဖြစ်သည်။





'တန်ခူးရေကုန်၊ ကဆုန်ရေခန်း' ဆိုရိုးအတိုင်း မကြာမီတွင် ကြန်ခါတော်ရောက်တော့မည်။ မြေအတွင်း၌ ရေခါတ်ပျောက် လောက်ဖြစ်ပြီ။ သဲတွေ၊ ဖုန်တွေ၊ မြေလွှာမြေကြီးတွေကပင်လျှင် ယ်အိုးကင်းအတွင်း ထည့်လှော်ထားသည်သို့ ကြွပ်ရွနေသည်။

ထနောင်းပင်၊ တမာပင်နှင့် အညာဒေသ တွေ့မြဲပင်အိုတို့ ည်လည်း အရွက်ကျိုးကျဲ ရိုးတံမွဲနှင့်ပင် အပူဒဏ်ကို တွန့်လိမ်ခံနေ ကြရ၏။ လယ်ကွင်းပြင်ကျယ်တစ်ကြောတွင်မူ လက်ပံပင်၊ ပေါက်ပင်၊ သစ်ပင်တို့သည်သာ ရွက်စိမ်းတွေပျောက်လောက်အောင် ပွင့်ချင်း ကျ်လျက် ရဲရဲနီစွာ နွေနှင့်အပြိုင် မာန်ဝင့်နေနိုင်ကြသည်။

"လာ . . . လာ . . . ဖိုလ်ဝေလင်း။ ခင်ဗျားနှယ်ဗျာ . . . ရောက်ကျလိုက်တာ။ ဖိုလ်ရဲထွဋ်နဲ့ ဖိုလ်မှူးသောင်းကြည်တို့တောင် ရောက် တာကြာလှပေါ့။ ခင်ဗျားတစ်ယောက်ပဲကျန်နေလို့ ဗိုလ်မှူးက ကျုပ် ကို လာစောင့်ခိုင်းထားတာ။ ကဲ . . . သုတ်သုတ်သွားစို့"

ဗိုလ်သန်းမောင်က သူ့ဝသီအတိုင်း ဗလုံးဗထွေးပြောသည်။ သားမည်းမည်း၊ အရပ်ရှည်ရှည်ကြီးနှင့် ပိဘိ အညာသားရုပ်ပေါက် သည့် ဗိုလ်သန်းမောင်အား မိတ္ထီလာမြောက်ခြမ်း သဲတော–ဝပ်းတွင်း ယ်ကို အခြေပြု၍ ဂျပန်ဖက်ဆစ်တော်လှန်ရေးအတွက် ကြိုတင်မြှုပ်နှံ ဝန်ပေးထားခဲ့သည်မှာ ဗိုလ်မှူးကြီးဗထူး လူရွေးမှန်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်–မန္တလေးလမ်းဘေး လျှော်ပင်ရွာကလေးမှသည် ဇောင် ကုန်း၊ ရွာတန်း၊ တမာကုန်း၊ စိန်ပန်းမြိုင်၊ ရွှေဖလားကန် စသည့် ျးလက်တောရွာလေးများမှ တော်လှန်ရေးအတွက် ထက်သန်ပြင်းပြ အင်အားစုများကို အသင့်စုစည်းနိုင်ခဲ့ပြီးဖြစ်သည်။ လက်နက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်တပ်ဖွဲ့ဝင် ရာဂဏန်းအထိရှိနေကာ နောက်လိုက်ကျေးရွာလူတ မှာလည်း ရွာလုံးကျွတ်မျှ ခါးဆွဲထွက်ဖို့ လက်သွေးနေကြသည်။

"ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ထွက်တဲ့စာကိစ္စပဲ မဟုတ် လား"

"အင်း ... အခြေခံကတော့ အဲဒါပဲ။ ဒါပေသည့် အခြေ အနေတွေ ပြောင်းလိမ့်ဦးမယ်ထင်တယ်။ ဗိုလ်ရဲတွင်ကိုယ်တိုင်ဆင်းလာ ပြီး တပ်ရင်းမှူး ဗိုလ်မှူးသောင်းကြည်လည်း ပါလာတယ်ဆိုတော့ အရေ ကြီးတဲ့အကြောင်း ပါခဲ့ပြီထင်တယ်။

လမ်းမှာလည်း ငပုတွေ လမ်းလုံခြုံရေးကို ပိုပြီးမြှင့်ထားတာ သတိထားခဲ့မိတယ်ဗျ။ ရှာတာဖွေတာတွေလည်း တော်တော်စေ့စေ့စ စပ်၊ တင်းတင်းကျပ်ကျပ် လုပ်နေတယ်။ မဟုတ်မှ လွဲရော့။ ထူးတော့ ကေန်ထူးပြီထင်တယ်ဗျို့"

ဗိုလ်ဝေလင်းက တိုးတိုးပြောသည်။

သည်ကနေ့ လှော်ပင်ဈေးနေ့ဖြစ်၏။ အညာဒေသ ရပ်ရွာ ကလေးများ၌ ရွာနီးချုပ်စပ်တွင် သူ့ရက်နှင့်သူ ငါးရက်တစ်ဈေး ဈေးပွဲလေးများ ရှိတတ်သည်။ ရွာနေပြည်သူတို့အတွက် ရက်တစ်ပတ် စာ ရိက္ခာအစုံအခြောက်၊ ဟိုဟိုသည်သည် တောက်တိုမည်ရကလေး များကို ဤသို့ဈေးပွဲနေ့များတွင် ဝယရခြမ်းရသကဲ့သို့ ဒေသထွက်ကုန် မိမိတို့လက်ဖြစ် တောင်ယာပဲနှမ်းကလေးများကိုလည်း သင့်ရာသင့်ရာ ဖလှယ်ရောင်းဝယ်ကြရတတ်သည်။

ငါးရက်တစ်ဈေး ဈေးပွဲများသို့ ဟိုသည်ကူးသန်းကာ လှည့် လည်ရောင်းချတတ်ကြသည့် ဈေးလှည်းကြီးများ၌ မျက်နှာချေး ပေါင်ဒါ





ဘီးမှသည် ထွေထွေလီလီ ကုန်မျိုးစုံအောင် ပါလာလေ့ရှိတတ်ကြ၏။

ဤခေတ်ဆိုးခေတ်ပျက်ကြီးထဲ၌ပင် ရှားပါးလွန်းလှသည့် ဂျပန် စစ်တပ်ထွက် အဝတ်အထည်အတိုအစကလေးများရဖို့လည်း အားကိုး ကြရသည်။ ပြီးလျှင် လယ်ယာသုံးကျွဲနွားများ အရောင်းအဝယ်၊ အလဲ အထပ်ပြုရာ နွားပွဲဈေးကလေးများလည်း တွဲ၍ပါတတ်သေးရာ သူ့ဓလေ့ နှင့်သူ စုစုစည်းစည်း စည်ကားနေလေ့ရှိမြဲ။

နေက ဆွမ်းကြီးခံပြန်ချိန် ကျော်ခဲ့ပြီ။

မွန်းတည့်ချိန်မတိုင်မီကပင် အညာနွေနေက သူ့အစွမ်းအစ ကို လှစ်ပြနေသည်။ သောသောရုတ်ရုတ် စည်ကားရှုပ်ထွေးနေသည့် အညာဈေးကလေးနှင့် နွားပွဲဈေးထဲသို့ ဟိုဝင်သည်ထွက် မျက်စိမှောက် လောက်အောင် အယောင်ပြလှည့်ခဲ့ပြီးမှ ဒေါ်ဆွဲမိအကြော်တဲဘေး လမ်း ကြားကလေးကိုမြှောင်ကာ ရွာတောင်စည်းခရိုးဘေးကပ်လျက် ဖိုးပေ ဟိုတဲဝိုင်းဆီ နှစ်ယောက်သား ခပ်သုတ်သုတ်ထွက်လာခဲ့ကြသည်။

"ပိုး ... ပူချက်နှယ်။ တကတည်း ... လွန်ပကွာ"

မျက်နှာပေါ်မှ ချွေးစီးကြောင်းနှင့် ဖုန်မှုန့်၊ သဲမှုန့်များကို လက် ကြီးနှင့်သုတ်ချရင်း ထန်းရွက်တဲအရိပ်အောက်သို့ ကုန်း၍ဝင်လျက် ဗိုလ်သန်းမောင်ညည်းသည်။ ဗိုလ်ဝေလင်းကလည်း ထန်းရွက်တဲ၏ ပစက်မြိတ်ကိုခိုကာ ပုဆိုးစဖြင့် သူ့မျက်နှာကို သုတ်နေ၏။

"ဗိုလ်ဝေလင်းရောက်ပလား"

"ဟာ ... ဟုတ်ကဲ့ဗိုလ်မှူး။ နေပူထဲကလာပြီး နေရိပ်ထဲကို ပတ်တရက်ဝင်လိုက်တော့ မျက်စိတွေပြာနေတာနဲ့ပဲ မမြင်မိလိုက်ဘူး။ ကန်တော့ခင်ဗျာ ... ကန်တော့"



www.burmeseclassic.com

www.burmeseclassic.com



အတွင်းဆီမှ တပ်ရင်း (၅) တပ်မှူး ဗိုလ်မှူးသောင်းကြည်၏ အသံကို အနီးကပ်ကြားလိုက်ရ၍ ဗိုလ်ဝေလင်းက ထန်းရွက်တဲ၏အတွ ပိုင်းကို သေသေချာချာကြည့်မိတော့သည်။ သူတို့တပ်ရင်းမှူးနှင့်အ အနောက်မြောက်တိုင်းမှ ဗိုလ်ရဲထွဋ်၊ တပ်ကုန်းမှ စက်အမြောက်ဝ ခွဲမှူး ဗိုလ်ထွန်းရှိန်၊ ပျဉ်းမနားမှ ဗိုလ်လှကြည်၊ ဗိုလ်သိုက်ပွား၊ ဗို စိုးလှိုင်၊ တောင်ငူမှ ဗိုလ်မှူးသီဟ၊ ဗိုလ်ညိုလေး စသည့် ရင်းနှီးကျွ ဝင်ပြီးမျက်နှာများကို အစုံအညီတွေ့ရလေသည်။ သည်တော့မှပင် နှုတ် တောင်းပန်ရင်း ပုဆိုးကို ကပျာကယာပြင်၍စည်းကာ ဗိုလ်သန်းပေ နှင့်အတူ တဲကြီးအတွင်း ဝင်ထိုင်ဖြစ်ကြ၏။

"လူစုံတက်စုံပါလား ဗိုလ်မှူး။ ဘယ်လိုလဲ ...။ ချကြ မတဲ့လား"

"ထိုင်ပါဦးလေ ကိုဝေလင်းကလည်း တယ်လောကြီးတာ အခြေအနေတွေ အပြောင်းအလဲရှိတာလည်း မှန်ရဲ့။ အရေးတ လုပ်ရကိုင်ရမှာတွေလည်း ရှိရဲ့။ ဒါပေမဲ့ လိပ်ပတ်လည်အောင် ထောင်ဦးလေ။ ဒီကရွှေ့လျှောက်ဟာ အတိမ်းအစောင်း လုံးဝမခံ ဘူး ကိုယ့်လူရဲ့။ အခြေအနေတွေက အထိမခံရွှေပန်းကန် ဖြစ်နေ

"လာ ... လာ ... ကိုရင်။ အသားတွေတောင် အတော် သွားမင့်ကိုး။ တကယ့်တောသားကြီး ဖြစ်နေတော့တာပါပဲကလား"

ဗိုလ်မှူးသောင်းကြည်နှင့် ဗိုလ်မှူးသီဟက ရှေ့နောက်သ သူ့ကို ညှော်ခံစကားပြောသည်။ ဗိုလ်ဝေလင်းက ထန်းသားကြပ် အစွန်း၌ တင်ပါးလွှဲဝင်ထိုင်ရင်း ဗိုလ်ညိုလေးကမ်းပေးသည့် ဆေး





ကြမ်းကိုလှမ်းယူကာ ခုံခုံမင်မင် ကျိုက်ချလိုက်၏။ အညာနေကိုပင် ခေတ္တ မေ့ချင်သည်။

"ပွဲဈေး စည်နေတုန်းပဲလား"

"အသီးအနှံ ကုန်စိမ်းဈေးကလေးကတော့ ကွဲစပြုပြီခင်ဗျ။ ွားပွဲကတော့ ခုမှပဲ စစည်လာတာ။ ညနေလေးငါးနာရီထိုးတဲ့အထိ ာရုန်းရုန်းနဲ့ စည်ကောင်းနေဦးမှာပါ ဗိုလ်မှူး"

"ကောင်းတယ် ... ကောင်းတယ်။ ဒါပေမဲ့ ကိုသန်းမောင် ဈေးထဲမှာရော၊ ကတ္တရာလမ်းထိပ်မှာပါ ကိုယ့်လူတွေကို အထောက်ချ ထားဦးနော်။ ကိုယ့်နယ်ကိုယ့်ခွင်ဆိုပြီး သိပ်မပေါ့လိုက်နဲ့ဦး"

"မဆွဲမိအကြော်တဲမှာ မောင်ပုနဲ့ ဖိုးပေရှိပါတယ် ဗိုလ်မှူး။ ွားပွဲမှာတော့ ဘကြီးသန်းမောင်ရှိနေမှာပါ။ သူက နွားပွဲဈေးရဲ့အခရာ ွဲစားကြီးတစ်ယောက်ကိုး။ ဒီနယ်က နွားကုန်သည်မှန်သမျှ သူ့ကို ကျော်ရဲလွန်ရဲသူ မရှိပါဘူး။ လမ်းထိပ်မှာတော့ မြတ်ကျော်နဲ့ကိုစံပြကြီး ွှတ်ထားလိုက်တယ်။ စိတ်ချပါ ဗိုလ်မှူး။ ကျွန်တော့်နယ်ထဲမှာ ရေစိမ်း တစ်ပေါက်တောင် မစဉ်စေရပါဘူး"

"အေး ... ဒီလိုဆိုလည်း ကောင်းပဗျာ။ ကဲ ... ကဲ ... ကြစို့"

သူတို့အားလုံး ဗိုလ်ရဲထွဋ်ကို အလယ်တွင်ထား၍ ဝိုင်းထိုင် ကြသည်။ တစ်ဦးနှင့်တစ်ဦး ဒူးချင်းထိ၊ ကိုယ်ချင်းကပ်လျက် ဦးခေါင်း ငုံ့လျှိုးကာ လေသံတိုးတိုးဖြင့် ကျိတ်ကျိတ်ပြောကြဆိုကြ၏။ သို့ရာ င် ပြောသမျှစကားတို့၌ မီးလျှံတို့က ဟုန်းဟုန်းလျှင်လျှင် ဗွဲကပ်တောက် ာင်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်၌ ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း၊ အမှတ်(၅) မိတ္ထီလာတပ်နယ်ရှိ ဗိုလ်မှူးသောင်းကြည်၏တပ်သည် မဟာ မိတ်တပ်များကို ရင်ဆိုင်တိုက်ခိုက်ရန်အတွက် ဂျပန်စစ်ဦးစီးဌာနချုပ်မှ ၂၆ ． ၂ ． ၁၉၄၅ ရက်နေ့တွင် အမိန့်ရရှိထားပြီးဖြစ်သည်။ ဂျင်နရယ် စလင်း၏ မဟာမိတ်တပ်များဘက်မှ ထိုးစစ်ကလည်း မြားပစ်သလို အရှိန်ပြင်းစွာ ဝင်လာနေသည်။

၁၉၄၄ ခုနှစ် ဩဂုတ်လ (၂၃) ရက်နေ့ ဗုဒ္ဓဟူးနေ့တွင် ရန်ကုန် မြို့၊ ပတ်လမ်းနှင့် ဦးမြတ်ထွန်းလမ်းထောင့်ရှိ စစ်ဝန်ကြီး ဗိုလ်ချုပ် အောင်ဆန်းနေအိမ်၌ ဗမာ့တပ်မတော်၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့ အရေးတော်ပုံပါတီတို့ပါဝင်သော 'ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ် လပ်ရေးအဖွဲ့' ကို ဖွဲ့စည်းခဲ့သည်။

ယင်းအဖွဲ့ကြီးက ဦးဆောင်၍ မြန်မာတစ်မျိုးသားလုံး ရင်ဆိုင် ခံနေကြရသည့် ဂျပန်ဖက်ဆစ်သံဖနောင့်အောက်မှ အကြွင်းမဲ့ ရုန်း တော်လှန်ရေးအစီအမံများကို ရေးဆွဲခဲ့ကြသည်။ လာမည့် မတ်လ (၄) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းအိမ်၌ပင် တော်လှန်ရေး၏ အ သတ်အစီအစဉ်များကို ဆွေးနွေးကြဦးမည်ဟုလည်း သိထားကြ၏။

"တော်လှန်ရေးစဖို့ မူလရည်မှန်းထားတဲ့ရက်ကတော့ လာ မယ့်ဧပြီလထဲမှာဆိုတာ မင်းတို့အားလုံး သိကြပြီးသားပဲ။ ဒါပေမဲ့ အခု အနေတွေပြောင်းတာက သိပ်မြန်လွန်းနေတယ်။ မဟာမိတ်တွေရဲ့ စစ်က သိပ်မြန်တယ်။

အထူးသဖြင့် ဂျင်နရယ်စလင်းရဲ့ အမှတ် (၁၄) ဒီဗီဇံတပ် ကြီးနဲ့ သူ့ယန္တရားတပ်၊ သံချပ်ကာတပ်တွေကို ဂျပန်တွေ ဘယ်





တောင့်မခံနိုင်ဘူး။ ဆုတ်ပြေးနေရတယ်။ ဒီတော့ စလင်းရဲ့တပ်တွေ က မကြာခင် မန္တလေးကို သိမ်းသွားနိုင်တယ်။

မဟာမိတ်တပ်တွေ မန္တလေးကိုမသိမ်းခင် တို့ဗမာ့တပ်မတော် က အရင်လက်ဦးမှုရယူပြီး သိမ်းနိုင်မှဖြစ်မယ်။ မဟုတ်ရင် တို့တစ် တွေ မဟာမိတ်နဲ့ဂျပန် ကြားညပ်ပြီး ပိတ်မိသွားမယ်။ စစ်ရေးအရရော၊ နိုင်ငံရေးဦးဆောင်မှု အနေအထားအရရော မဟာမိတ်လက်အောက် ကို လျှိုဝင်ရသလို ဖြစ်သွားနိုင်တယ်။ လက်ရှိအခြေအနေသုံး သပ်ချက် က အဲဒီလို"

ဗိုလ်ရဲထွဋ်က သူတို့အား ရှင်းပြသည်။

"ဗိုလ်မှူးဗထူးက ဘာပြောသလဲ။ သူဘာလုပ်မတဲ့လဲ။ ကျွန် တော်တို့ကရော ဘာလုပ်ရမှာတဲ့လဲ"

ဗိုလ်ဝေလင်းက အလောတကြီးမေးသည်။

ဖက်ဆစ်ဂျပန်များ၏ ရက်စက်သော နှိပ်စက်ညှဉ်းပန်းမှု၊ စီး ပွားရေး၊ လူမှုရေး ဒုက္ခပေါင်းစုံမှ လွတ်မြောက်နိုင်ရေးအတွက် တော် လှန်ရေး အကြိုလှုပ်ရှားမှုများ စီမံဆောင်ရွက်နိုင်ရန် ဤပျော်ဘွယ် ရမည်းသင်းနယ်တွင် သူ့ကို ပြောက်ကျားတပ်မှူးအဖြစ် ဗိုလ်မှူး ဗထူးက အထူးတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

သူစည်းရုံးဖွဲ့စည်းခဲ့ပြီးဖြစ်သော ပြည်သူ့ပြောက်ကျားတပ်ဖွဲ့ ကိုလည်း 'ဘယကျော်ထင်' တပ်ဖွဲ့ဟု လျှို့ဝှက်အမည် သတ်မှတ် ခဲ့သည်။ တစ်တိုင်းတစ်ပြည်လုံး၊ တစ်မျိုးသားလုံး၏ရန်သူ ဂျပန် များအား သေသေကြေကြေ ချေမှုန်းတိုက်ခိုက်ရန် လက်ချိုးရေတွက် စောင့်စားခဲ့ရသည်မှာ ကြာခဲ့လေပြီ။ တော်လှန်ရေးဟူသော အသံကို



www.burmeseclassic.com

www.burmeseclassic.com



ကြားရုံမျှဖြင့်ပင် အသည်းစိမ့်ကာ သွေးတွေ ချောင်းချောင်းထ ချွ
လာတတ်သည်။

"အေး ... တစ်ပြည်လုံး တော်လှန်ဖို့ရက်ကိုတော့ အ
အနေအရ ရွှေ့ကိုတိုးပြီး သတ်မှတ်လိုက်တယ်။ မတ်လ (၂၅) ရက်နေ့
ဒါပေမဲ့ ဒါလည်း ဗိုလ်ချုပ်တို့အစည်းအဝေးပြီးမှ သေချာမှာ။ ပြော
ချင်ပြောင်းနိုင်သေးတယ်။ အခုတော့ မတ်လ(၂၅)ကိုပဲ သိထားကြ"

"နီးပြီပဲ"

"ငပုတွေကို ဒီတစ်ခါတော့ တကယ်ဆော်ရတော့မယ်ပေါ့"

စစ်သွေးက လှုံ့လှုံ့ဝေသည်။ ချက်ချင်းပင် ဇာတိမာန်မီး
အကူးအစက်မြန်လှ၏။ လက်သီးများကို ကျစ်ကျစ်ပါအောင် ဆု
ကြသည်။ ရင်ဝသို့ဆောင့်တက်လာသည့် တက်ခေါက်သံများကိုလ
အနိုင်နိုင် မျိုချနေရသည်။ ယနေ့က မတ်လ (၃) ရက်နေ့။ ကြာ
ကြာလွန်းသေးတော့သည်။ လာမည့်ဘေးကို ပြေးတွေ့ရင်ဆိုင်ရန်
မကြောက်တော့သော သူတို့အတွက် မနက်ဖြန်တိုင်း၌ အရှဏ်တို့ ဖူး
ဝေနေတော့မည်သာ။

"နေဦး ... နေဦး ...။ တို့မန္တလေးကတပ်တွေရဲ့ အ
အနေက ဒီ့ထက်စောချင် စောလိမ့်ဦးမယ်။ ရက်ကို အတိအကျသ
မှတ်လို့ မဖြစ်သေးဘူး။ အရှင်မျှောပေးထားတယ်။ မဟာမိတ်တပ်
ရဲ့ တပ်တည်နဲ့ တပ်ရွှေ့လျားမှု၊ တိုက်ကွက်ဖော်တဲ့အနေအထား၊
တည်ချက်၊ စစ်ရေးအကဲသာမှုတွေကို သုံးသပ်ပြီးမှ မဟာမိတ်တပ်
မိတ္ထီလာကိုမဝင်ခင်တို့က စောပြီး ဂျပန်တပ်တွေကို ဦးအောင်
မယ်"





"ဟင် ..."

"ဗိုလ်မှူးဗထူးရဲ့ ညွှန်ကြားချက်လား"

"ဒါဆို တစ်ပြည်လုံးလှုပ်ရှားမှုကြီးအတွက် ငပုတွေကို လှန့်
ိုက်သလို ဖြစ်မသွားဘူးလား"

"ဗိုလ်ချုပ်တို့ ဘယ်လိုလုပ်မလဲ။ ရန်ကုန်စစ်ရုံးချုပ်က လူကြီး
တွေ ဒုက္ခများကုန်မှာပေါ့"

"ဗိုလ်မှူးကြီးလက်ျာ မန္တလေးမှာ ရှိနေတာပဲ။ သူဘာပြော
လဲ"

စကားသံတို့က တစ်ယောက်တစ်ပေါက် စီစီညံလာ၏။ ဗိုလ်
မှူးသီဟက လက်ကာပြ၍ ထိန်း၏။ ဗိုလ်မှူးသောင်းကြည်ကလည်း
ယ်သန်းမောင်ကို မျက်ရိပ်ပြလျက် တဲပြင်ထွက် အကဲခတ်စေ၏။ ဗိုလ်
န်းမောင်ပြန်ဝင်လာပြီး ထိုင်သည်။ ဗိုလ်ရဲထွဋ်က ချောင်းဟန့်၍
ကားစကို ရှာပြီးမှ ဆက်ပြောသည်။

"ဒီလိုကွာ ... တို့တစ်တွေ ဗမာ့တပ်မတော်ရဲ့ ပုံမှန်စစ်ဆင်
မှုနဲ့ တပ်မတော်ရေးရာကိစ္စတွေကို ခဏကလေး ဘေးမှာထားကြည့်
ရအောင်။ ဒီတော်လှန်ရေးကြီး စပြီဆိုတာနဲ့တစ်ပြိုင်နက် မြန်မာ
ပြည်လုံးကို စစ်တိုင်းကြီးတွေ၊ တော်လှန်ရေးနယ်မြေတွေ သီးခြား
၊ သူ့ဒေသနဲ့သူ၊ သူ့ဦးတည်ချက်နဲ့သူ၊ သူ့တာဝန်နဲ့သူ ကိုယ့်တာ
ယ်လုံအောင် လုပ်ကြရမှာ။

တော်လှန်ရေးကြီးရဲ့ ပင်မဦးတည်ချက်နဲ့ လမ်းကြောင်း
ျောက်အောင်တော့ ဒေသတိုင်းအတွက် စစ်ရေးခေါင်းဆောင်နဲ့ နိုင်ငံ
တာဝန်ခံတွေ တရားဝင်ထားပေးလိမ့်မယ်။ သူတို့ကပဲ ဗိုလ်ချုပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



စစ်သေနာပတိ ဗိုလ်နေဝင်းတို့ကို တိုက်ရိုက်ဆက်သွယ်တာဝန်ခံပြီး ... လှုပ်ရှားမှုတွေကို ကွပ်ကဲသွားကြမှာ''

''ဩော် ... ဒီလိုလား''

''အဲဒီတော့ ဗိုလ်မှူးကြီးလက်ျာဖြစ်ဖြစ်၊ ဗိုလ်မှူးဗထူးဖြစ်ဖြစ် ဖ ∙ တ ∙ ပ ∙ လ အဖွဲ့ချုပ်နဲ့ ဗမာ့ကာကွယ်ရေးတပ်မတော်ရဲ့ ညွှန်ကြားချက်အရပဲ လှုပ်ရှားကြရမှာဖြစ်တယ်။ ရော့ ... ဟောဒီမှာ တစ်ပြည်လုံးကို တော်လှန်ရေးစစ်တိုင်းကြီးတွေခွဲဝေမှု အကြမ်းဖျင်းသတ်မှတ်ချက်နဲ့ တိုင်းအမှတ် (၆) မှာ ပါဝင်တဲ့ တို့တပ်တွေရဲ့ တော်လှန်ရေးနယ်တွေ သတ်မှတ်မှု၊ တာဝန်ခွဲဝေမှုတွေကို ဖတ်ကြည့်ကြ''

ဗိုလ်ရဲထွဋ်နှင့်ပါလာသည့် ဗိုလ်ထွန်းလင်းက စာရွက်အချို့ကို ဖြန့်ဝေပေးလိုက်သည်။ 'ဖ ∙ တ ∙ ပ ∙ လ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်နှင့် တော်လှန်ရေးအစီအစဉ်'၊ သခင်သိန်းဖေ (စာရေးဆရာသိန်းဖေမြင့်) အိန္ဒိယနိုင်ငံမှ ရေးသားပြုစုပေးပို့လိုက်သော 'ဂျပန်ဖက်ဆစ်တော်လှန်ရေး'၊ 'ဖ ∙ တ ∙ ပ ∙ လ အဖွဲ့ချုပ်ကြီး၏ ပုန်ကန်ထကြွရေး ညွှန်ကြားချက် (၁) မူကြမ်း'၊ 'ပြည်သူ့လွတ်လပ်ရေး တပ်မတော်ဖြန့်တမ်း (မူကြမ်း)' နှင့် 'တော်လှန်ရေးစစ်တိုင်းများ ခွဲခြားသတ်မှတ်ချက် (မူကြမ်း)' စသည့် စာရွက်စာတမ်းများသည် တစ်ဦးလက်မှ တစ်ဦးလက်သို့ ချက်ချင်းပင် လက်ဆင့်ကမ်းရောက်သွားကြ၏။ မြန်မာပြည်အရပ်ရပ် နယ်မြေအနှံ့၌လည်း ဤသို့ပင် ဖြစ်ပေလိမ့်မည်။

အသက်ရှူသံမျှ မကြားရ။

မတ်လ၏ နွေအပူကိုပင် မေ့သွားကြသည်။

သူတို့အားလုံး၏ ရင်ခုန်သံ မြန်နေကြသည်။ သွေးတွေ ...





...က်ဆူဝေနေသည်။ သူတို့မျှော်လင့်ခဲ့သော အရုဏ်သည် ထွန်းသစ်ခဲ့ပြီ။

''ဒီတော့ တိုင်းကြီးခုနစ်ခုနဲ့အတူ အထက်မြန်မာပြည် အထူးတိုင်းအဖြစ် ဖွဲ့စည်းလှုပ်ရှားကြမှာဖြစ်တယ်။ မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ မော်လိုက်နဲ့ မြောက်ပိုင်းရှမ်းပြည်နယ်တို့ပါဝင်တဲ့ မြန်မာပြည်အထက်ပိုင်းအထူးတိုင်းကို ဗိုလ်မှူးဗထူးက စစ်ရေးခေါင်းဆောင်အဖြစ် ...ဆောင်လိမ့်မယ်။

တောင်ငူ၊ ရမည်းသင်း၊ မိတ္ထီလာ၊ တောင်ပိုင်းရှမ်းပြည်နယ် ...ပါဝင်တဲ့ တိုင်းအမှတ် (၆) ကိုတော့ စစ်ရေးခေါင်းဆောင်အဖြစ် ကိုယ့်...တာဝန်ပေးတယ်။ နိုင်ငံရေးတာဝန်ခံ သခင်ကျော်ငြိမ်း။ ဒုတိယစစ်...ရေးခေါင်းဆောင်အဖြစ် ဗိုလ်တောက်ထိန်။ ရုံးအုပ်က ဗိုလ်ထွန်းလင်း ... ရဲဘော်သုံးကျိပ်ထဲက ဗိုလ်တာရာ (သခင်ခင်မောင်ဦး) လည်း ပျဉ်း...များမှာ ဗိုလ်မှူးသီဟတို့နဲ့ တွဲဖက်ဦးဆောင်သွားလိမ့်မယ်။

တိုက်ပွဲအားလုံးဟာ သမားရိုးကျစစ်ပွဲနဲ့ စစ်ဆင်ရေးပုံစံမျိုး ...ဟုတ်ဘဲ ပြည်သူလူထုတစ်ရပ်လုံး အုံကြွပါဝင်လာတဲ့ ပြောက်ကျား...၊ ပြည်သူ့ပြောက်ကျားစစ်အသွင်သဏ္ဌာန်နဲ့ တိုက်မယ်။ ဒါဟာ ဒီ...န်ဖက်ဆစ်တွေကို တို့မြေပေါ်က မောင်းထုတ်ရုံသက်သက်တင်မဟုတ် ... ရှေ့ဆက်ရဦးမယ့် လုံးဝလွတ်လပ်ရေးစစ်ပွဲကြီးအတွက် ပြည်သူ...လူထုကြားမှာ အကျယ်ပြန့်ဆုံးစစ်စည်းရုံးမှုနဲ့ လူထုအင်အားပေါင်းစည်း...ကြီးပဲဆိုတာ နှလုံးသွင်းထားကြ''

စကားအခွန်းတိုင်း၌ပင် အားသစ်တွေပါသည်။

မြင်းမိုရ်တောင်ထိပ်က ပန်းပွင့်ကလေးတွေကို ခြွေချရမည်



www.burmeseclassic.com

လား။ ကောင်းကင်က ကြယ်စင်တွေကိုပင် ဆွတ်ခြွေရဦးမည်လား။ သူ
အချိန်၌ သူတို့မမူတော့ပါ။ ရင်ကော့၍ ရင်ဆိုင်ရန် အသင့်ရှိနေကြ
ဝံ့ဝံ့ရဲရဲရှိပြီ။ သူတို့ရှေ့က အနာဂတ်တွင် အောင်ပွဲတွေရှိသည်။ မြန်
ပြည် အကြွင်းမဲ့လွတ်လပ်ရေး မျှော်လင့်ချက်ပန်းတိုင်ကြီးရှိသည်။ သူ
နောက်၌ မြန်မာ ပြည်သူလူထုတစ်ရပ်လုံးရှိသည်။ တစ်မျိုးသားလုံး
သည်။ ဗမာ့တပ်မတော်ရှိသည်။

၁၈၂၄ ခုနှစ်က စတင်ခဲ့သည့် တစ်ပါးကျွန်ဘဝ၌ သူတို့
အသက်ကို စွန့်လွှတ်စတေးလျက် အမျိုးသားလွတ်မြောက်ရေး ကြိုး
ပမ်းမှုအရေးတော်ပုံကြီးတွင် ကျဆုံးခဲ့ရသော မျိုးချစ်သူရဲကောင်း
၏ ဝိညာဉ်တွေရှိသည်။

ကောင်းကင်ရှိသည်။ မြေကြီးရှိသည်။

ဧရာဝတီရှိသည်။ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း မြစ်
ကြီးတွေရှိသည်။

ရိုးမအစင်းစင်း တောင်မင်းတွေရှိသည်။

ဘာကို သူတို့ ကြောက်ရွံ့၍ နောက်တွန့်ရမည်နည်း။

ထိုစဉ်တွင် ...

ခြေသံတဖြုန်းဖြုန်း ပြေးသံလွှားသံတွေ ကြားရသည်။ ရု
ရုတ်သည်းသည်း ရှုန်းရင်းဆန့်ခတ် ဆူညံသံတွေ၊ ကြောက်လန့်တကြ
ဟစ်အော်သံတွေ၊ နွားအုပ်များ၏ ဝုန်းဝုန်းဒိုင်းဒိုင်း ဦးတည်ရာမဲ့ ရှု
ကန်ပြေးလွှားသံတွေကို ကြားရသည်။

"ငပုတွေ ...ငပုတွေ ...စစ်ကားကြီးတွေနဲ့ ရောက်လာ
ပြီး လျှော်ပင်ဈေးကို ဝင်မွှေနေလို့တဲ့"





တဒင်္ဂအတွင်း ကမ္ဘာပျက်သည့်သို့ ဖုန်မှုန့်များတထောင်း
ထောင်းထကာ ဖရိုဖရဲဖြစ်နေရှာသည့် ရွာလယ်လမ်းဆီ၌ ပုဆိုးကွင်း
သိုင်းလျက် ပြေးလာနေသူနှစ်ဦးကို မြင်ရသည်။ မောင်ပုနှင့်ဖိုးပေ ..။
သူတို့ တဲကြီးအတွင်းသို့ တဝုန်းဝုန်း ကဆုန်ပေါက်လျက် ဝင်ချလာ
ကြသည်။

"ကိုသန်းကြီး ...ကိုသန်းကြီး ...ငပုတွေဗျ ...ငပုတွေ။
များလည်းဘူးရယ်။ ကားကြီးနှစ်စီးနဲ့တောင် လာတာ"

"အေး ...တိုးတိုးလုပ်ပါဟ ဖိုးပေရဲ့။ မင်းဘိုးအေတဲ့မှပဲ။
ပြော ...ပြော။ ဒီကောင်တွေ ဘာလုပ်နေသလဲ။ ဘာလုပ်ဖို့ ဒီလောက်
များကြီး လာတာတဲ့လဲ"

"နွားပွဲဈေးက နွားတွေ ဝင်သိမ်းတာဗျ။ မိတ္ထီလာက သူတို့
တပ်တွေအတွက် ရိက္ခာလို့ပြောသယ်။ ဘကြီးသန်းမောင်တစ်ယောက်
တော့ ကျွန်ရစ်ခဲ့လေရဲ့။ သူတို့သိမ်းမိတဲ့ နွားအကောင်လေးငါးဆယ်ရဲ့
ပိုင်ရှင်တွေကို ငပုတွေက ငွေရှင်းပေးခိုင်းလို့ အဲဒီအလုပ်ကို ဒိုင်ခံလုပ်
ပေးနေခဲ့လေရဲ့"

"ဩော် ...ဒါနဲ့ ရွာထဲအထိ ဒီကောင်တွေ ဝင်လာကြသေး
လား။ လူတွေက ဘာကြောင့် တဝုန်းဝုန်း ပြေးကြလွှားကြ ဖြစ်ကြရ
တာလဲဟ"

"ရွာထဲတော့ မဝင်ဘူးဗျ။ ရွာခေါင်း ဘကြီးထွန်းကိုတော့
ကျက်ဥရှာခိုင်းနေတာ ကြားရတယ်။ ဝင်မယ့်ပုံလည်း မမြင်ပါဘူး။ ငပု
ကောင်တွေက စစ်ကားတွေနဲ့ ရုတ်တရက်ကြီးထိုးရပ်ပြီး ဆင်းပြေးလာ

www.burmeseclassic.com



ကြတော့ ကြောက်တာပေါ့ဗျ။ ဘာမှန်းမှ မသိဘဲ။ ဟိုပြေးဒီပြေးနဲ့ ...
တော့ပျက်ကရော။ နွားတွေလည်း တော်တော်ပါသွားသယ်ဗျ။

ထိမောင်တို့၊ ကံဆယ်တို့လို လာဘ်မြင်တဲ့ကောင်တွေက ... သူတို့နွားတွေ ကြိုးဖြေလွှတ်ပြီး ရိုက်ထုတ်လိုက်တာပဲ။ ဟာ ... တွေရော၊ နွားတွေ၊ ကျွဲတွေရော ဖြောက်သောက်ထွေးလို့ပဲဗျို့။ တက... ပွဲကြီးပွဲကောင်းကြီး။ သူတောင်းစား ငပုကောင်တွေကတော့ လူ... တော့တဲ့ဆိုင်တွေမှာ စိမ်ပြေနပြေ စိတ်ကြိုက်ဝင်ဆွဲနေကြလေရဲ့။ မြွေ... ကိုက်တွေ ...''

ဖိုးပေနှင့်မောင်ပုက သူတို့မြင်သမျှကို ပြောပြကြသည်။ သူ... ခမျာတွေလည်း ယခုအထိ ပါးစပ်မစေ့နိုင်ကြသေး။ ရိုးသားအေး... ၍ ကုန်းကောက်စရာမရှိလောက်အောင် ဆင်းရဲနွမ်းပါးကြသော်လ... မျိုးချစ်သွေး၊ ပြည်ချစ်သွေးကမူ ရဲရဲနီစွေးသည်။ တိုင်းပြည်အတွ... ပေးဆပ်စရာ ချွေး၊ သွေးနှင့် မျက်ရည်သာ ပိုင်သူများဖြစ်၍လ... အရေးဟဲ့ဆိုလျှင် ပို၍ပင် တက်ကြွချင်ကြသေးသည်။

''ကဲ ... အခြေအနေအရ ခဏလူစုခွဲလိုက်ကြဦးစို့။ ဒီကေ... တွေရှင်းသွားမှ ဒီမှာပဲ ပြန်စုကြမယ်။ မောင်ပုက ဗိုလ်မှူးသီဟတို့... ခေါ်သွား။ ဖိုးပေက ဗိုလ်ရဲထွဋ်နဲ့ ရန်ကုန်ကအဖွဲ့ကို မင်းကြီးသော်... အိမ် ခေါ်သွားလိုက်။ ကျန်တဲ့လူတွေတော့ သင့်သလိုသာ ကြည့်ရ... ပေတော့။

ပြီးရင် ဖိုးပေနဲ့မောင်ပုက ကတ္တရာလမ်းထိပ်က ကိုစံပြ... ဖြစ်ဖြစ်၊ မြတ်ကျော်ဖြစ်ဖြစ် တစ်ယောက်ယောက်ကို ငါ့ဆီလွှတ်လ... ဦး။ တပ်က ဘာသတင်းထူး သေးသလဲမသိဘူး။ ဒီငပုတွေ ဒီလေ...





...ရဲမင်းရဲစိုးပြီး တပ်ရိက္ခာဖွတ် လိုက်ဆွဲရပုံထောက်ရင် တစ်ခုခုတော့ ...ူးပြီပဲဟေ့''

''ဗိုလ်မှူးက ဗွေအရင်က အိမ်မှာပဲ ရှိမှာမဟုတ်လား''

''အေး ...''

''ဗိုလ်မှူးသောင်းကြည်ရေ ... ခင်ဗျားကောင်တွေကို သိပ်...တင့်မရဲစေနဲ့ဦးနော်။ တိုက်ပွဲက လက်တစ်ကမ်းရောက်နေပြီ။ မျက်စိ...သဲဝင် ဖြစ်တတ်တယ်။ သတိတော့ထားကြ''

''ဟုတ်ကဲ့ ... ဒီကလေးတွေက စိတ်ချရပါတယ်။ ပေစုတ်...တ်၊ ပေါတောတောနေလို့သာ တစ်ရွာလုံးက အော့ကြောလန်နေပေ...ယ့် အဲဒါကြောင့်ပဲ အသုံးတည့်နေတာပါ။ သူတို့က ဘေးမဲ့လိုင်စင်...ပြီးသားတွေလေ''

သူတို့အားလုံးသည် အလျှိုလျှို ကိုယ်ရောင်ဖျောက်လိုက်ကြ...သည်။

နွေနေအောက်တွင် လျှော်ပင်ရွာကလေးသည် ပျင်းရိပျင်းတွဲ ...တ်တုတ်ကလေးရှိနေတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

❑

"မဟာမိတ်တပ်တွေ ပခုက္ကူဘက်က ဧရာဝတီကိုကူးပြီး မြင်းခြံမှာ စုနေကြပြီတဲ့ ဗိုလ်မှူးရဲထွဋ်။ သူတို့တပ်တွေနဲ့ ကားတွေ၊ ယန္တရားတွေ၊ သံချပ်ကာကားတွေကို တစ်နေကုန် တစ်ညလုံး ဒီဘက်ကမ်းကို ရွှေ့နေကြတာ အင်ကြီးအားကြီးနဲ့တဲ့။

မြစ်ရိုးက လေ့၊ သမ္ဗန်တွေနဲ့ တိုက်ခိုက်ရေးတပ်တွေလည်း အရပ်အနားမရှိ ကူးလာနေကြပြီတဲ့။ မိတ္ထီလာတပ်နယ်က ဂျပန်တပ်တွေလည်း မလှိုင်–ပန်းအိုင်ဘက်နဲ့ ကျောက်ပန်းတောင်းဘက်က ဆီး ပိတ်ဖို့ ဆင်းသွားကြပြီတဲ့။

မန္တလေးရောက်နေတဲ့ သူတို့ရဲ့ စစ်ဆင်ရေးအရာရှိချုပ် ဂျင်နရယ်အီဆိုမူရာကိုယ်တိုင် မိတ္ထီလာရောက်နေတယ်တဲ့။ ဒီမှာ တပ်က ဗိုလ်ထွန်းအောင်ကျော်က ဒုဗိုလ်ခင်ရွှေကိုလွှတ်ပြီး သတင်းပို့ခိုင်းလိုက်တယ်"





ဗိုလ်မှူးသောင်းကြည်က အရပ်အနားမရှိ တောက်လျှောက် ...း ပြောချသည်။ ဗိုလ်ကလေးခင်ရွှေဆီက သတင်းပို့ချက်ကို ကြား ...သည်နှင့်ပင် အရေးတော်ပုံတော့ ပေါ်ပြီ၊ သူတို့တော်လှန်ရေးကြီး စရ ...တော့မည်ဆိုသည်ကို ရိပ်မိလိုက်ပြီ။

ဖိုးပေတို့ ထန်းရွက်တဲကြီး၌ လူပြန်စုံသည်အထိ စောင့်မနေ ...အားတော့။ ပြောက်ကျားတပ်မှူး ဗိုလ်ဝေလင်း၊ ဗိုလ်သန်းမောင်၊ ...တပ်ရင်းရုံးမှ ဒုဗိုလ်ကလေးခင်ရွှေကိုခေါ်လျက် ဗိုလ်ရဲထွဋ်တို့ရှိရာ ...လယ်မှ မင်းကြီးသော်တို့တဲဝိုင်းဆီ ချက်ချင်းပင် ထွက်လာခဲ့ကြ၏။

ဗိုလ်ရဲထွဋ်က လူလွှတ်ခေါ်ခိုင်းလိုက်သည့် ဗိုလ်မှူးသီဟတို့ ...ာင်ငူနှင့်ပျဉ်းမနားအဖွဲ့များလည်း စုံပြီ။ လူရိပ်လူခြည်ကိုကြည့်လျက် ...းကြီးသော်တို့ အိမ်အပေါ်ထပ်မှာပင် အရေးပေါ် ဆက်ဆွေးနွေးကြ ...သည်။

"လှော်ပင်ဈေးထဲကို ရိက္ခာဝင်ဆွဲတဲ့ ငပုတွေအဖွဲ့ရော ပြန် ...ားပြီတဲ့လား"

"ဟုတ်ကဲ့ ...။ ကျွန်တော်တို့တွေ ရွာထဲမှာရှိနေမှန်းသိလို့ ...ကြီးဦးသန်းမောင်က ထီမောင်တို့၊ ကံဆယ်တို့အဖွဲ့တွေနဲ့ ကျွဲအုပ်၊ ...းအုပ်တွေ မောင်းပြီး မိတ္ထီလာကို လိုက်ပို့နေတယ်။ ဒီသတင်းတွေ ...ားရင်တော့ ဘကြီးသန်းမောင်တို့လည်း မိတ္ထီလာက ငပုတွေရဲ့အခြေ ...နေကို အသေးစိတ် ကြည့်လာ၊ နားထောင်လာကြမှာပါ"

"ဒါဆို ဗိုလ်မှူးသောင်းကြည်တို့နဲ့ ဗိုလ်မှူးသီဟတို့အဖွဲ့တွေ ...ည်း ကိုယ့်တပ်ကို မြန်မြန်ပြန်ကြမှ ကောင်းမယ်။ ကျုပ်တို့တော့ ...းစီစဉ်ထားတာရှိတယ်။ ရန်ကုန်ကို တောက်လျှောက်မောင်းပြီး အချိန်



www.burmeseclassic.com

www.burmeseclassic.com



မိ ဗိုလ်ချုပ်ကို ဒီကအခြေအနေတွေ ရှင်းပြရတော့မယ်။ နောက်ကျ စိစဉ်ထားတာတွေ တလွဲဖြစ်ကုန်လိမ့်မယ်''

''ပျဉ်းမနား၊ တောင်ငူကအဖွဲ့တွေ လိုက်ချင်လိုက်ခဲ့ကြ ပျဉ်းမနားပြန်မယ့် သစ်တင်ကားတစ်စီးလုံးရှိတယ်။ ဆုံပါတယ်။ ပျဉ်း မနားမှာတော့ သစ်စက်ပိုင်ရှင် ကိုစံရွှေကြီးရဲ့ဂျစ်ကား စောင့်နေ မယ်။ ဗိုလ်မှူးတာရာအိမ် ခဏဝင်ပြီးရင် ဆက်ထွက်မှာပဲ''

ဗိုလ်ထွန်းလင်းက ဝင်ပြောသည်။ အချိန်က အရေးကြီး နေပြီ။ မိနစ်၊ စက္ကန့်နှင့်အမျှ ပြန်းတီး၍မရတော့။

''ဗိုလ်ဝေလင်းတို့၊ ဗိုလ်သန်းမောင်တို့ရဲ့ ပြောက်ကျားတပ် တွေနဲ့ တပ်ရင်း (၅) က အရပ်ဝတ်လဲပြီး တပ်ဖျောက်ထားတဲ့အင်အ ဘယ်လောက်ရှိမလဲ''

''ကျွန်တော့်တပ်ခွဲက အားလုံးခြောက်ဆယ်ကျော်လောက် မယ်။ အားလုံး Well Trained ချည်းပဲ။ လက်နက်နဲ့ကျည် ဖွဲ့စည်း အတိုင်း အပြည့်ရှိတယ်။ ပြောက်ကျားတပ်ဖွဲ့ကတော့ အင်အားခုနစ်ဆ ကျော်ပေမယ့် လက်နက်နဲ့ကျည် အရမ်းနည်းနေသေးတယ်။ ဓား၊ လှံ၊ ဒူးလေး၊ လင့်လေး၊ တူမီးနဲ့ လောက်လွှဲသမားတွေ များတယ်။ ဒါပေ အားကိုးလို့ရပါတယ်။ ရွှေဖလားကန်က ဘကြီးဦးတုတ်ကျော်ရဲ့ ပွဲကျော် ဆင်းတွေချည်းပါပဲ''

''ဗိုလ်ဝေလင်းကရော''

''ကျွန်တော့်ဆီမှာ Force-136 က ဗိုလ်ချစ်ခိုင်နဲ့အတူ မဟာ မိတ်တွေ လေထီးနဲ့ချပေးထားတဲ့ လက်နက်ခဲယမ်းက စစ်သည်တစ်ရာ စာလောက် ရှိပါတယ်။ စစ်အတွင်းဝှက်ထားတဲ့ လက်ကျန်လက်နက်





ဟောင်းတွေနဲ့ဆိုရင် နှစ်ခွဲစာလောက်တော့ တပ်ဆင်နိုင်ပါလိမ့်မယ်။ ပြည်းသင်းနဲ့ ပျော်ဘွယ်မှာ လေ့ကျင့်စုဆောင်းထားတဲ့အင်အား နှစ်ရာ ကျော်ပါလိမ့်မယ်။ အဲဒါက ဒေါင်ဒေါင်မြည်တွေပါ။ အင်အားကတော့ ပိုသလောက်စုလို့ ရနိုင်ပါတယ် ဗိုလ်မှူး''

''ဗိုလ်ချစ်ခိုင်အခြေအနေကရော ဘယ်လိုလဲ''

''သခင်တင်ရွှေ (ဖိုးယုန်) နဲ့ ရဲဘော်ညိုထွန်းတို့ရဲ့ အတွင်း လူတစ်ဦးပါ ဗိုလ်မှူး။ သူနဲ့အတူ သူတို့ယူနစ် (Unit) မှာပါပြီး လေထီး ဆင်းလာတဲ့ မဟာမိတ်တပ်က ဗိုလ်ကြီးဂျွန်မောင်လာနဲ့ ဗိုလ်ဒစ်ကီ ကလပ်ရယ်၊ ဝါယာလက်သမား ဒုတပ်ကြပ်ကားလ်ဗဟာဒူးရယ်၊ ဝါယာ လက်စက်တစ်လုံးရယ် ပါလာပါတယ်။ စက်နဲ့ သူတို့တွေကို ဇောင်း ကျွန်းကုန်းဘုန်းကြီးကျောင်းမှာ ဝှက်ထားပါတယ်။ သူ့စက်နဲ့ မကြာ ခဏဆက်ပြီး ထောက်လှမ်းချက်အရတော့ အခုရတဲ့သတင်းတွေဟာ မှန်နိုင်တယ်လို့ သုံးသပ်ပါတယ်။ ဩော် ... ဒါနဲ့ ...''

''အေး ... ပြော''

''မိတ္ထီလာဘက်ကို ဝင်းဂိတ်ရဲ့ခြသေ့်တပ်ဖွဲ့ထဲက ကွန်မင်ဒို တပ်စုတစ်စု လျှပ်တစ်ပြက်စစ်ဆင်ရေးတစ်ခုကို ဒီရက်ပိုင်းမှာ လုပ် မယ်ဆိုတာလည်း သူ့စက်က ဖမ်းမိထားတယ်။ ဗိုလ်မှူးဂျော့ဒန်းလော့ ရဲ့အဖွဲ့တဲ့။ ဦးတည်ပစ်မှတ်တော့ မသိရသေးဘူး။ ဒါပေမဲ့ စစ်ဆင်ရေး နယ်မြေကတော့ ဒီလျှော်ပင်နားတစ်ဝိုက်က ရန်ကုန်–မန္တလေး ကား လမ်းပေါ်မှာပဲ''

''ဟော ...''

''သူတို့ ဗိုလ်ချုပ်ကြီးစလင်းရဲ့ အမှတ် (၁၄) တပ်တွေနဲ့ ဗိုလ်မှူး



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ဝင်းဂိတ်အဖွဲ့က တည့်ခဲတယ်နော်။ သိပ်အဆင်ပြေကြတာမဟု
ဘူး''

''ရန်ကုန်–မန္တလေး ဆက်သွယ်နေတဲ့ ကားနဲ့ရထားလမ်း
ကြောင်းကို ဖြတ်တောက်ဖို့ဖြစ်နိုင်တယ် ဗိုလ်ရဲထွဋ်''

''အေး ... ကိုယ်လည်း ဒါကိုပဲ စဉ်းစားနေတာ။ ဒီပုံဆိုရ
ဒီကောင်တွေအရင် တို့က လက်ဦးမှ ဖြစ်လိမ့်မယ်။ ဗိုလ်မှူးသော
ကြည်ရေ ... ဒီရန်ကုန်ဘက်ခြမ်း ကားလမ်းဘေးတစ်လျှောက် ဂျပ
အထိုင်စခန်းကလေးတွေကို ရမည်းသင်း၊ တပ်ကုန်းအထိ တိုက်သိ
မယ်ဆိုရင် ဗိုလ်ဝေလင်းတို့၊ ဗိုလ်သန်းမောင်တို့အင်အားနဲ့ ဖြစ်မလာ
တပ်ရင်း (၅) နဲ့ တပ်ရင်း (၂) က ထုတ်နုတ်အင်အား နည်းနည်းပေါ်
ပေးလိုက်ပေါ့''

''ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ မြန်ဖို့တော့ လိုလိမ့်မယ်။ ဘ
ရက်လောက် မှန်းထားလဲ''

''ဒီည ...''

''ဒီနေ့ည ...''

''ဟုတ်တယ် ...။ လက်ဦးမှုရဖို့က သိပ်အရေးကြီးနေပြီ
ဘာကို စောင့်နေဦးမှာလဲ။ ကျုပ်တို့ အခုပြန်ထွက်သွားတာနဲ့ ဗိုလ်မှူး
သောင်းကြည်က ဗိုလ်ဝေလင်းနဲ့ဗိုလ်သန်းမောင်ကို စစ်ဆင်ရေးစီမံချက်
အသေးစိတ်ညှိနှိုင်းပေးလိုက်ပါ။ လိုအပ်ရင် ဗိုလ်ထွန်းအောင်ကျော်
ပါ တွဲပေးလိုက်ပေါ့။ လက်နက်နဲ့ကျည်တွေကတော့ ခုကတည်းက
ထုတ်ပေးထားလိုက်ပေတော့။

တော်လှန်ရေးဆိုတာ ကျည်တစ်ချက်ဖောက်ပြီးတာနဲ့ နောက်

---

စိတ်ကူးသစ်စာပေ



ပြန်ဆုတ်လို့ ရရိုးထုံးစံမရှိဘူး။ ဒီကနေ့ ဂျပန်ငပုတွေဆီကို ပထမဆုံး
ပစ်လွှတ်လိုက်တဲ့ ကျည်ဆန်တစ်တောင့်ဟာ နောင်မြန်မာ့လွတ်လပ်ရေး
သမိုင်းမှာ ဖက်ဆစ်ဂျပန်ကို တော်လှန်ဖို့ အချက်ပေးလိုက်တဲ့ ခေါင်း
လောင်းသံအဖြစ် မော်ကွန်းတွင်ရစ်ခဲ့မှာပဲ''

ဤသို့ဖြင့်ပင် ...

သည်ကနေ့ညတိုက်ပွဲအတွက် အကြမ်းဖျင်းစီမံချက်ကို ညှိ
နှိုင်းဆွေးနွေးကြသည်။ ပြီးလျှင် ဗိုလ်ရဲထွဋ်တို့ ပြန်ကြသည်။ ဗိုလ်မှူး
သောင်းကြည်တို့က ဆက်၍ တိုက်ပွဲစီမံချက်အသေးစိတ်ကို ရေးဆွဲကြ
ဦးမည်။

လျှော်ပင်ရွာကလေး၏ ထန်းရွက်တဲကြီးအတွင်း၌ ကမ္ဘာတွင်
မည့် မော်ကွန်းဥဒါန်းကို လက်ရုံးဆန့်လျက် ဟစ်ကြွေးကြလေသည်။

''အရေးတော်ပုံ ... အောင်ရမည်''

''အရေးတော်ပုံ ... အောင်ရမည်''

''အရေးတော်ပုံ ... အောင်ရမည်''

အနောက်ဘက်အရပ်တွင် နေဝန်းသည် မွန်းတိမ်းခဲ့ချေပြီ။

❁ ❁ ❁

www.burmeseclassic.com

❑

ပစ်ခတ်သံများကို စ၍ကြားရသည်။

တိတ်ဆိတ်ငြိမ်သက်နေသော ညလယ်ယံတွင် လက်နက်ငယ် ကျည်ပေါက်ကွဲသံများနှင့် စက်သေနတ်အတွဲလိုက် ဗုံးပစ်ခတ်သံ များကို ပီပီသသကြီး ကြားနေရသည်။

လက်မှနာရီကို အမှတ်ထင်ထင် ငုံ့၍ကြည့်လိုက်မိသည်။

ညဆယ့်နှစ်နာရီ ငါးမိနစ်တိတိ။

ချက်ချင်းပင် လက်နက်ကိုယ်စီအသင့်ကိုင်ရင်း ကျည်ကွယ် မျက်ကွယ်များ၌ နေရာယူထားသည့် သူတို့အာရုံများ ဖျတ်လတ်နိုးကြား လာကြသည်။ ကိုယ်ရော၊ စိတ်ပါ တိုက်ပွဲဝင်ရန် အသင့်ဖြစ်ကြပြီ။

''ဗိုလ်ကြီး ...ဗိုလ်သန်းမောင်တို့ဘက်ကတော့ စချကြပြီ။ ဒီတစ်ချီတော့ ဒီကောင်တွေကို တကယ်ဆော်ပလော်တီး ရပြီပဲ''

''မျက်စိနဲ့နားပဲ အလုပ်လုပ် ...ရွှေဝ။ မင်းပါးစပ်ပေါက် ကြီး ပိတ်ထားစမ်း''

ဗိုလ်ဝေလင်းက သူ့တပည့်ကျော် တပ်ကြပ်ရွှေဝကို လေသံ မျှဖြင့် သတိပေးရင်း ကြိမ်းသည်။ တပ်ရင်း (၅) လက်နက်တိုက်မှ ထုတ်





သော စက်ကလေး (ဘရင်းဂန်း) လေးလက်ကို တိုက်ပွဲဝင်ပြောက် းတပ်ဖွဲ့များသို့ အသီးသီးဖြန့်ခွဲပေးခဲ့ရာ ဗိုလ်ဝေလင်းတို့တပ်စု ွက် စက်သေနတ်တစ်လက်။ ယိုးဒယားနိုင်ငံမှ ဘီအိုင်အေ ပြည် းတပ်ဖွဲ့များနှင့်အတူ မြန်မာပြည်အတွင်း သည်စက်သေနတ်ကို ကိုယ် ပကွာထမ်းကာ တိုက်ပွဲဝင်ခဲ့သည့် တပ်ကြပ်ရွှေဝကိုလည်း တပ်မှူး မှူးသောင်းကြည်က တစ်ပါတည်း တွဲဖက်ပေးခဲ့ရာ သည်ညတိုက်ပွဲ ွက် ကြီးမားသောခွန်အားဖြစ်ခဲ့သည်။

တိုက်ပွဲပျော်၍ ကျားကုတ်ကျားခဲ ဒူပေနာပေခံလျက် သေသေ ကြေ ပစ်ခတ်တိုက်ပွဲဝင်နိုင်သလောက် သူ့ပါးစပ်က သူ့သေနတ် င်းဝထက် ပို၍နားပူလွန်းသည့် သည်အကောင်ကို ထိန်းထားရ ည်။ စက်အဖွဲ့အကူ ရဲဘော်ဟန်မြင့်နှင့် ညဏ်ပိုတို့က ငြိမ်လျက် င့်စောင့်နေကြ၏။

ရှေ့ဆင်ခြေလျှောလေးအလွန်တွင်ရှိနေသော ကသစ်ပင်နှစ်ပင် ပင်၊ မြရာပင်အုပ်အုပ်ကလေးဖြင့် ကွယ်နေသည့် ဂျပန်ကင်းရုံ၊ သူ့ း၌ ဒီဇယ်ဆီ၊ ဓာတ်ဆီပီပါကြီးများ သိုလှောင်ထားသည့် ဆီသို င်ရုံ၊ မြေကွက်လပ်ပြန့်ကျယ်တွင် ရပ်ထားသည့် စစ်ကားကြီးလေး အင်ဂျင်ဖြုတ်၍ ပြုပြင်ဆဲ ကားသုံးလေးစီး။ အုပ်ချုပ်ရေးရုံးပြုလုပ် းသည့် တစ်ထပ်အုတ်တိုက်ကလေး။ မျက်စိကို အလျားလိုက် တရွေ့ ရွေ့ကြည့်ကာ မြင်ကွင်းများကို မှတ်သားနေမိသည်။

'လုံခြုံရေးအဖွဲ့နဲ့ဆိုရင်တော့ ဒီငပုတွေ နှစ်ဆယ်ကျော်သုံး ်တော့ရှိမှာပဲ။ မျက်မြင်တော့ ရုံးရှေ့မှာ ထိုင်ခုံနဲ့ထိုင်နေတဲ့ တပ်ကြပ် တစ်ကောင်ရယ်၊ ကင်းရုံထဲက နှစ်ကောင်ရယ်ပဲ မြင်ရတယ်။ နောက်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



က သစ်သားတန်းလျားထဲမှာ အိပ်နေကြပုံပဲ'

ဗိုလ်ဝေလင်းအတွေးက မြင်ကွင်းကိုသာ ကျက်စားနေ၏။

မြို့အဝင် ကတ္တရာလမ်းကို ခွစီးထားလျက် ရန်ကုန်-မန္တ
ကားလမ်းကို ဖြတ်တောက်ပိတ်ဆို့ထားသည့် လမ်းလုံခြုံရေးဂျပန်
အဖွဲ့နှင့် ယင်းအနီးရှိ အကူတပ်စုကို ဝင်စီးသည့် ဗိုလ်သန်းမောင်
ပြောက်ကျားရဲဘော်များဆီမှ တိုက်ပွဲဝင်လက်နက်ကြီးငယ်အသံ
ပို၍ ပြင်းထန်များပြားလာ၏။ ဂျပန်စက်ကလေးပစ်ခတ်သံကိုလည်း
ရသည်။ ရိုင်ဖယ်သေနတ်သံများကပါ စက်ကလေးများနှင့်အတူ သံ
ဟစ်ကြွေးနေကြသည်။

'အနီးဆုံးမှာ အသင့်နေရာယူထားသင့်ပြီ။ ခဏနေ ဒီ
တွေအားလုံး နိုးလာကြတော့မှာ။ ကွင်းပြင်မှာ တစ်စုတစ်ဝေးစုမိမှ
တည်းနဲ့ ပွဲပြတ်အောင်ဆော်ရမယ်'

အတွေးနှင့်အတူ သူ့ညာဘက်လက်က မြှောက်တက်သွား
သူ့တပ်ဖွဲ့များအား အချက်ပြလိုက်သည်။ ဗိုလ်ဝေလင်းထံမှ အမိန့်
ချက်ချင်းအသက်ဝင်လာ၏။ အမှောင်ရိပ်နှင့် သစ်ပင်ရိပ်များကို အ
အကွယ်ယူလျက် ဂျပန်တပ်ဖွဲ့၏ခြံစည်းရိုး သေနတ်တစ်ကမ်း၌ တ
ရွေ့ တွားတက်ကာ အဆင်သင့်နေရာယူပြီးကြသည်အထိ ရန်သူ
ရှားမှု မရှိသေး။

"ဟော …"

တစ်ထပ်အုတ်တိုက်ကလေးရှေ့ ဆင်ဝင်တွင် ကုလား
လေးနှင့် အိပ်ငိုက်နေသော ဂျပန်တပ်ကြပ်ကြီးနှင့် ကင်းရုံအတူ
တပ်သားနှစ်ယောက်တို့ ကွင်းပြင်သို့ အပြေးကလေးထွက်လာကာ





ရသည့် ပစ်သံခတ်သံများကို နားစွင့်ကြသည်။

မကြာလိုက်ပါ …။

ခဏချင်းမှာပင် တပ်ကြပ်ကြီးက ဝီစီကို အဆက်မပြတ်မှုတ်
တော့သည်။

"ရှီ …ရှီ …ရှီ …"

"ရှီ …ရှီ …"

"ရှီ …ရှီ …ရှီ …"

မြင်ကွင်းက ချက်ချင်းပြောင်းသည်။ အဝတ်အစားဖိုသိဖတ်
ဖရိုဖရဲဖြင့် သေနတ်လက်ဆွဲကာ ဂျပန်စစ်သားများ ရုံးရှေ့ကွင်းပြင်
လေးဆီသို့ ပြေးလာစုကြ၏။

တစ်ယောက် …၊ နှစ်ယောက် …၊ သုံးယောက် …၊
…၊ …။

တစ်ထပ်အုတ်တိုက်ကလေးထဲမှ ဗိုလ်ကလေးဝတ်စုံဖြင့် အရာ
တစ်ဦးက ခါးတွင် ဓားရှည်ကြီးကို အစွင့်သားလွယ်လျက် ချပ်ဝတ်
နှင့်ဆာအပြည့်အစုံဖြင့် ထွက်လာကာ သူ့အသံနက်ကြီးဖြင့် အမိန့်
နေသည်ကို တွေ့ရသည်။ ဂျပန်တွေအုပ်လိုက် တန်းလျားထဲမှ တွန်း
ကာ ထွက်လာနေကြသည်။ နှစ်ဆယ်ကျော်ကျော်ရှိပေမည်။

"အချိန်ကောင်းပဲ"

ဗိုလ်ဝေလင်းက အသက်တစ်ချက် ပြင်းပြင်းရှူကာ အမိန့်
လိုက်တော့၏။

"ပစ် …"

ကြမ်းတမ်းသော စစ်မိန့်သံနှင့်အတူ သုံးဖက်သုံးတန်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ယူထားသည့် ပြောက်ကျားတပ်ဖွဲ့များမှ ပစ်ခတ်သံများက မိုးထစ်ချုန်းသလို တစ်စုတစ်ဝေး၊ တစ်ပြုံတစ်မကြီး ထွက်လာသည်။

မိုးဦးရာသီတွင် မိုးကြိုးများ အဆက်မပြတ်ထစ်ချုန်းသလိုပင် တစ်ခွင်တစ်ပြင်လုံး အုန်းအုန်းကြွက်ကြွက် သောသောညံသွား၏။ ပတ် လည်၌ သေနတ်မောင်းတင်သံများ၊ ပစ်ခတ်သံများ ဖုံးလွှမ်းနေပြီ။ ပြော ကျားရဲဘော်များသည် သူတို့၏ ဖက်ဆစ်ဂျပန်သုတ်သင်ရေးလုပ်ငန်း ကို သွေးတကြွကြွဖြင့် တက်ညီလက်ညီ တိုက်ပွဲဝင်နေကြပြီ။

"အား ... အား ... အား ..."

"ဒိုင်း ... ဒိုင်း ..."

"ဒက် ... ဒက် ... ဒက် ..."

"ဒက် ... ဒက် ..."

"အား ..."

"ခူးရား ... ခူးရား ..."

"ဒိုင်း ... ဒိုင်း ... ဒိုင်း ..."

"ဒက် ... ဒက် ... ဒက် ..."

အလစ်အငိုက် အတိုက်ခံလိုက်ရသော ရန်သူတို့သည် ... မကောင်းအောင်ပင် ကျဆုံးကြရတော့သည်။ ငှက်ပျောပင်ကို ဓားဖြင့် ထက်ဖြင့် ခါးလယ်မှ ခုတ်ပိုင်းချလိုက်သကဲ့သို့ တဘိုင်းဘိုင်း အရုပ်... ပြတ် အတုံးအရုံးပြိုလဲနေကြ၏။

ပြန်လှန်ခုခံရန်နှင့် ရန်သူဘယ်ဘက်ကပစ်သည်ကိုပင် သ... ပြုမိလိုက်ကြရဟန်မတူ။ အပြိုပြိုအလဲလဲ။ ကွင်းပြင်တွင်သေဆုံး... ဂျပန်အလောင်းများနှင့် အသက်မထွက်သေးဘဲ တွန့်လိမ်ရုန်းကန်...





...ည့် ကိုယ်ခန္ဓာများက အပြန့်ပြန့်အကျဲကျဲ။ သွေးနီနီတွေ ရဲပတောင်း ...တ်နေ၏။

"ဆီတိုင်ကီတွေပစ် ... ဆီတိုင်ကီတွေကိုပစ်"

"နောက်ကတန်းလျားကို ဝိုင်းပစ်ထား"

"တစ်ယောက်မှ မလွတ်စေနဲ့"

"ခွေးသားတွေ ... အီးတောင် ပေါက်ခွင့်မပြုနဲ့ဟေ့"

တပ်စိတ်ခေါင်းဆောင်များ၏ အမိန့်ပေးသံများ၊ စိတ်ဓာတ် ...က်ကြွလှုပ်ရှားနေသည့် တိုက်ပွဲဝင်ရဲဘော်တို့၏ ကြုံးဝါးသံများမှာ ...ဝက်မပြတ်ပေါက်ကွဲနေသည့် လက်နက်ကြီးငယ်မျိုးစုံတို့၏ အသံ ...ားတွင် ကြောက်ခမန်းလိလိ လွှမ်းမိုးနေ၏။

"ဝုန်း ..."

"ဝုန်း ..."

"ဝုန်း ..."

တမင်ရည်ရွယ်၍ ပစ်လွှတ်လိုက်သောကျည် ထိမှန်ပေါက်ကွဲ ... မီးကြီးစွဲလောင်လျက် ဆီပီပါများ တဝုန်းဝုန်းထ၍ ပေါက်ကွဲကုန် ...ည်။ ပေါက်ကွဲလွင့်စဉ်လာသည့် ဒီဇယ်ဆီ၊ ဓာတ်ဆီများက အနီးရှိ ...ဆောက်အဦများကို မီးစွဲကာ ချက်ချင်းပင် ငရဲမီးလျှံများနှယ် ကြောက် ...်စဖွယ်မီးတောက်ကြီးများ ဟုန်းဟုန်းထလာတော့၏။

စက်သေနတ်၊ ရိုင်ဖယ်၊ တော်မီဂန်း စသည့် လက်နက်ကြီး ...ယ်များဖြင့် စုပြုံပစ်ခတ်ခြင်းခံနေရ၍ စစ်တန်းလျားကလေးထဲ၌ ပိတ် ...မိကြသော ဂျပန်တပ်သားများမှာ အဝတ်အစားများမီးလောင်လျက် ...ကောင်များလွတ်ပြေးလာသလိုပင် ကိုယ်လွတ်ရုန်းထွက်ပြေးကြလေ



www.burmeseclassic.com

www.burmeseclassic.com



ရာ ပြေးရင်းလွှားရင်း ကျည်ထိမှန် သေဆုံးကြရပြန်သည်။

"တက် ... တက် ... တက် ..."

"ငပုတွေကို အပြတ်ချပေဟ့"

"ကျား ..."

"မြန်မာဟေ့ ... မြန်မာဟေ့ ..."

"ဘယကျော်ထင်တပ်ဖွဲ့ကွ"

"တက် ..."

စစ်ဆိုသည် အောင်နိုင်နေသူကို ဟန့်တားခြင်းငှာ ချက်ချ မစွမ်းသာတတ်။ နိုင်ချင်ကျွဲဖြစ်နေသော ဗိုလ်ဝေလင်း၏တပ်ဖွဲ့များမှ ရန်သူများထံဦးတည်လျက် အဟုန်ကြီးစွာပြေးဝင်၍ သုတ်သင်ချေမှုန်းကြသည်။

ငါတို့မြေ၊ ငါတို့ရေ၊ ငါတို့ရေဝတီအတွက် ...။

ငါ့ညီ၊ ငါ့အဖေ၊ ငါ့အမေအတွက် ...။

ငါ့သား၊ ငါ့မယား၊ ငါ့နိုင်ငံသားတွေအတွက် ...။

တို့ဘာသာ၊ တို့သာသနာ၊ တို့ကိုးကွယ်ရာအတွက် ...။

လက်တွင်းမှ အဆက်မပြတ်ပစ်လွှတ်လျက်ရှိသော လက်နက်ကြီးငယ်တို့မှ သေမင်းတမန်ကျည်ဆန်များက တရစပ်ထွက်လာနေသကဲ့သို့ ပြောက်ကျားတပ်ဖွဲ့များ၏ မျက်ဝန်း၌လည်း မျက်ရည်ပူတို့ တွေတွေစီးကျလျက်ရှိသည်။

တိုက်ပွဲသည် တစ်ဖက်သတ် အသာစီးဖြင့်ပင် ပွဲသိမ်းသွား၏။

အရာရှိတစ်ဦးအပါအဝင် ဂျပန်စစ်သည်နှစ်ဆယ့်ခြောက်ဦးကို

---

စိတ်ကူးသစ်စာပေ



သုတ်သင်နိုင်ခဲ့သည်။ စုဆောင်းသိုလှောင်ထားသော ဒီဇယ်ဆီ၊ ဓာတ်ဆီပိုင်ကီများ၊ မော်တော်ယာဉ်များ၊ စာရွက်စာတမ်းများ၊ အဆောက်အဦများအားလုံးကို တစ်စမကျန် မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။ စက်ကလေးတစ်လက်၊ ၂ လက်မ စိန်ပြောင်းတစ်လက်နှင့် ဗုံးသီးများအပါအဝင် လက်နက်၊ ကျည်မျိုးစုံကို သိမ်းဆည်းရယူနိုင်ခဲ့သည်။

အောင်ပွဲ ...။

မြန်မာပြည် ဖက်ဆစ်တော်လှန်ရေးသမိုင်း၏ မျက်နှာစာကို ဖွင့်လှစ်ခဲ့သည့် အောင်ပွဲ။

တိုင်းအမှတ် (၆)၊ နယ်အမှတ် (၂) ပြောက်ကျားတပ်မှူး ဗိုလ်ဝေလင်း ဦးဆောင်တိုက်ခိုက်ခဲ့သည့် အောင်ပွဲ။

မတ်လ (၄) ရက် နံနက်ဦး (၁) နာရီမတိုင်မီ ပြတ်ပြတ်သားသား အောင်ပွဲဆင်နိုင်ခဲ့သည့် တိုက်ပွဲ။

အဝေးဆီကို နားစွင့်ကြည့်သည်။ ပစ်သံခတ်သံတို့က စဲခဲ့ပြီ။

တိုင်းအမှတ် (၆)၊ နယ်အမှတ် (၁)၊ တပ်ရင်း (၅) မှ ဗိုလ်သန်းမောင်ဦးစီးသော ဗမာ့တပ်မတော်မှ အသွင်ပြောင်းပြောက်ကျားတပ်ဖွဲ့၏ တိုက်ပွဲသည်လည်း အောင်မြင်စွာ ပြီးဆုံးခဲ့ပြီထင်သည်။

သူတို့ တိတ်တဆိတ်ပင် ပြန်လည်ဆုတ်ခွာခဲ့ကြသည်။

သူတို့သည် ချက်ချင်းပင် အမှောင်ထုကြီးအတွင်း ပျောက်ကွယ်သွားကြ၏။ ကောင်းကင်ထက်မှ ကြယ်စင်ကလေးများက သူတို့ကို မမှိတ်မသုန်ကြည့်နေကြသည်။ သူတို့တိုက်ပွဲနှင့် သူတို့အောင်ပွဲကို စောင့်၍ကြည့်နေကြသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

❑

ဇောင်ချမ်းကုန်း၌ ဆုံမိကြ၏။

ရွာဦးကျောင်း သိမ်တိုက်ကလေးထဲ၌ သူတို့အားလုံး တစ်မှ တစ်စည်းတည်း ဆုံမိကြသောအခါ နံနက် (၃) နာရီထိုးလုပြီ။ မကြာမီ ကလေးကပင် ဆူညံသော ပစ်သံခတ်သံ ပေါက်ကွဲသံများ ကြားနေရ၍ သေးသလို အရှေ့ကောင်းကင်ပြင်၌ ရဲရဲနီအောင် တောက်လောင်နေ သည့် မီးရောင်များကြောင့် ရွာနီးချုပ်စပ် ရွာကလေးများသည် အိပ်၍ မပျော်နိုင်ကြသေး။

အခါပျက်၊ ကာလပျက်ကြီး၌ မည်ကဲ့သို့သောဖြိုဟ်ဆိုးတွေ မျှ ဦးမည်နည်းဟုသာ တကြောင့်ကြကြ စိုးထိတ်နေကြရ၏။ ဇောင်ချမ်း ကုန်းရွာကလေးသည်လည်း မှောင်မည်းငုတ်တုတ် တဲကုပ်ကုပ်ကလေး များ၌ မီးရောင်မလက်တလက်ဖြင့် အသက်ဝင်နေကြသေးသည်။

"ဝ ... အူ ... အူ ... ပူး ..."





ရွာထိပ်ဦးမှ အိမ်စောင့်ခွေးတစ်ကောင်၏ သံရှည်ဆွဲ၍ အူ လိုက်သံသည် အခါပေးလိုက်သလိုပင်။ ဟိုမှသည်မှ ခွေးအူသံများ စူးရှူး ပါးဝါး ဆူညံပေါ်ထွက်လာကြပြီး တော်တော်နှင့် မပြီးနိုင်မစီးနိုင်။ ချောက် များချင်စဖွယ် ဆက်တိုက်ကြီး ကြားနေရသည်။

ကျောင်းစည်းရိုးတောစပ်တစ်လျှောက်ကို အာရုံစိုက်ပြီး ကြည့် ပြန်သည်။ သစ်ပင်ရိပ်များအတွင်းလည်း သေသေချာချာကြည့်သည်။ လူရိပ်လူယောင် လုံးလုံးမမြင်ရ။ 'ညကြည့်နည်း'အတိုင်း နှံ့နှံ့စပ်စပ် ဟိုသည်ဝေ့ဝဲကြည့်သည်။ ဘယ်ညာမြောက်တောင် အလှုပ်အရှားမရှိ။

ပတ်လည်သည် ဆိတ်ဆိတ်ငြိမ်နေသည်မှန်း သေချာမှ စည်း ရိုးကို ငုံ့၍ လျှိုးဝင်ကာ သိမ်တိုက်နံဘေးက ငှက်ပျောပင်အုပ်အုပ်ဆိ ပြေးဝင်ကပ်လိုက်၏။ ဟော ... တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်။ တဖျောက်ဖျောက် စုမိကြသည်။

သည်တွင် ချိုးကူသံချွဲချွဲနွဲ့နွဲ့က လူအုပ်ထဲမှ ထွက်ပေါ်လာ ၏။

ပြီးလျှင် ပြန်လည်ဆိတ်ငြိမ်သွားပြန်သည်။

မည်းမည်းမှောင်မှောင် နှစ်ထပ်သစ်သား ကျောင်းအိုကြီးဆီ မှ မီးရောင် ရဲခနဲလက်သွားသည်ကို မြင်ရ၏။ ဘုရားခန်း၌ မီးအလင်း ရောင်အချို့ လင်းလာသည်။ တလှုပ်လှုပ်တချောက်ချောက် ခြေသံများ ကိုလည်း ကြားရ၏။

"ဆရာတော်ဘုန်းကြီးဘုရားပဲလား၊ ခန်းနေဦးပဥ္စင်း ဦးပဏ္ဍိတ လား။ တစ်ပါးပါးပဲ"

သူတို့ရှိရာ ကဲကြည့်၍ရသော ပြတင်း၏ တံခါးရွက်နှစ်ချပ်



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲပွင့်လာသည်။ ခေတ္တမျှ ရပ်၍ အကဲခတ်ကာ ပြတင်းဓါးတံခါး ပြန်ပိတ်သွား၏။ ခပ်လှမ်းလှမ်း ရွာကလေးဆီမှ ချွဲချွဲပျစ်ပျစ်ခွေးအူသံကို သဲ့သဲ့ကြားနေရဆဲပင်။

"ဟော ..."

သိမ်အနောက်ဘက်မှောင်ရိပ်မှ ဆေးလိပ်မီးရောင်ရဲခနဲကို မြင်သည်။ တစ်ကြိမ် ... နှစ်ကြိမ် ...။

"ကဲ ... သိမ်တံခါးပွင့်ရင် တစ်ယောက်စီ မြန်မြန်ဝင်ကြတော့။ ဆရာတော်ကြီးနိုးလာလို့ စိတ်မချဖြစ်နေရှာဦးမယ်။ ဦးပဥ္စင်းကတော့ ခဏနေ ရောက်လာမှာပဲ"

ဗိုလ်ဝေလင်းပင် စကားမဆုံးလိုက်။ သိမ်တံခါးပွင့်လာသည်။ ငှက်ပျောပင်ရိပ်မှ သူတို့လူစု အပြေးတစ်ပိုင်း ဝင်လာခဲ့ကြတော့၏။

"ခင်ဗျားတို့ရဲ့အောင်ပွဲကို ကြိုဆိုပါတယ် ဗိုလ်ကြီး။ Congratulation Captain"

ခပ်မှိန်မှိန်အလင်းရောင်၌ မြန်မာအဝတ်အစားကို ချပ်ချပ်ရပ်ရပ်ဝတ်ဆင်ထားသည့် နိုင်ငံခြားသားတစ်ဦးက လက်ကမ်းပေး၏။ သူနှင့်အတူ ဆံပင်နီနီ၊ မျက်နှာကြမ်းကြမ်း နောက်တစ်ဦးနှင့် ဗိုလ်ချစ်ခိုင်ကို တွေ့၏။ သူတို့နှင့် ဗိုလ်ချစ်ခိုင်က မကြာခဏတွေ့ဆုံနေကျ။

Force 136 မှ လက်နက်၊ ကျည်မျိုးစုံနှင့် စစ်သုံးပစ္စည်းများအား လေထီးဖြင့် လာချပေးသည့်အခါတိုင်း သူတို့ပြောက်ကျားတပ်ဖွဲ့များထံ ချက်ချင်းပင် ဆက်သွယ်လွှဲပြောင်းပေးနေကျ သည်နိုင်ငံခြားသားနှစ်ဦးကိုမူ တော်လှန်ရေးမစမီ သတင်းပေါက်ကြားမှုမရှိစေရန် ပြင်ပြင်လွင်လွင်သို့ မသွားစေဘဲ လျှို့ဝှက်ပုန်းခိုနေစေခြင်းဖြစ်သည်။

စိတ်ကူးသစ်စာပေ



ဒါ ... ဗိုလ်ကြီးဂျွန်မောင်လာ။ ဒါက ဗိုလ်ဒစ်ကီကလပ်။ ဗိုလ်ကြီး ... ဒါက ဒီနယ်မြေရဲ့ ပြောက်ကျားတပ်ဖွဲ့ခေါင်းဆောင် ဗိုလ်ဝေလင်း။ ဒါက ဗမာ့တပ်မတော် တပ်ရင်း (၅) က ဗိုလ်သန်းမောင်နဲ့ ဗိုလ်ထွန်းအောင်ကျော်ပါ။ အားလုံး ဗမာ့တပ်မတော် (Burma Army) က တာဝန်ပေးထားတဲ့ အရာရှိတွေချည်းပါပဲ"

"တွေ့ရတာ ဝမ်းသာတယ် ကပ္ပတိန်။ လာပါ ... ထိုင်ကြပါ"

"တော်လှန်ရေးကတော့ တာထွက်ကောင်းသွားပြီပေါ့။ ဟုတ်လား ... ဗိုလ်သန်းမောင်။ ကျုပ်တောင် လိုက်လာခဲ့ချင်တာ။ ဒါပေမဲ့ ခင်ဗျားတို့တိုက်ပွဲတွေကြောင့် ငပုတွေ ဘယ်လောက် လောင်မီးကျ ပျာယာခတ်ကုန်မလဲဆိုတာ သူတို့ဆက်သွယ်ရေးစက်တွေကတစ်ဆင့် ကြားဖြတ်နားထောင်ချင်သေးလို့ ချန်နေခဲ့ရတာဗျာ။ လက်ကတော့ ယားနေတာပဲ။ ဒီမှာကလည်း အော်ပရေတာတပ်ကြပ်ကလေးက ငပုတွေရဲ့ လျှို့ဝှက်ကုဒ်တွေကို အကုန်မဖော်နိုင်ဘူး။ ကျွန်တော်ရှိနေမှ ဖြစ်မှာမို့သာ"

ဗိုလ်ချစ်ခိုင်က ဝမ်းသာအားရစကားဆို၏။

သူတို့ပျော်နေကြသည်။

သုံးနှစ်သုံးမိုးကျော်ကျော် တပိန်ပိန်တလိမ်လိမ် ခါးစည်းခံခဲ့ရသည့် ဂျပန်ဖက်ဆစ်တို့အား လက်တုံ့ပြန်ချေမှုန်းမည့် တော်လှန်ရေး၏ ရှေ့ပြေးဇာတ်ဝင်ခန်းကို သူတို့စတင်ခဲ့ကြပြီ။ အောင်ပွဲနှင့်ဖွင့်ခဲ့သော သူတို့တော်လှန်ရေးသည် မကြာမတင်မီ အရှိန်အဟုန်ကြီးဖြင့် တောက်လောင်ပေတော့မည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... လာဗျာ ဗိုလ်ဝေလင်း။ အောင်ပွဲအကြောင်းတွေ ချည်းပြောနေလို့ မပြီးသေးဘူး။ သတင်းထူးတာလေးတွေ ရလာခဲ့တယ်။ နည်းနည်းတိုင်ပင်ကြရအောင်"

"အေး ... လုပ်ပါဦး။ ကိုယ့်ဆီကတော့ ပစ်မှတ်ကို စိစိညက် ညက်ကြေအောင် ချေမှုန်းပြီး လက်နက်တွေ၊ ကျည်တွေ သိမ်းလာနိုင် ခဲ့တာပဲရှိတယ်။ ထူးခြားသတင်းတော့ မရခဲ့ဘူး"

"ပြောပါဦး ဗိုလ်သန်းမောင်။ ခင်ဗျားရဲ့သတင်းကို နားထောင် ပြီးရင် ကျုပ်ဘက်မှာလည်း စက်ထဲက ဖမ်းလို့ရတဲ့ အရေးကြီးသတင်း တစ်ပုဒ်အကြောင်း ပြောစရာရှိနေတယ်"

မီးအလင်းရောင်အောက်၌ ဝိုင်းထိုင်လိုက်ကြ၏။

"ဒီလိုဗျာ ...။ ကျုပ်ဝင်စီးခဲ့တဲ့ လမ်းလုံခြုံရေးအဖွဲ့ကို ကြီး ကြပ်ဖို့ရောက်နေတဲ့ ငပုအကောင်ကြီးကြီးဆီက စာရွက်စာတမ်းတွေ မိလာတယ်။ ဒီကောင်က မေဂျာအဆင့်ပဲ။ သူ့ကို မန္တလေးဂျပန်စစ် ဆင်ရေးဌာနက တာဝန်ပေးတဲ့ အမိန့်စာထဲမှာ ဒီကနေ့ မတ်လ (၄) ရက်နေ့မယ် ဂျပန်ယာဉ်တန်းတစ်ခု အရေးတကြီးဖြတ်လိမ့်မယ်။

အဲဒီယာဉ်တန်းလုံခြုံရေးကို အထူးဆောင်ရွက်ဖို့ ဒီကောင့်ကို တာဝန်ပေးထားတာဗျ။ တော်တော်အရေးကြီးတဲ့ပုံပဲ။ ကျုပ်တို့ဆော်ပင် ခဲ့တာကို ကြည့်လေ။ ပင်မတပ်ဖွဲ့က ဆယ်ယောက်ကျော်ကျော်ပဲ ရှိရ မယ့်ဟာကို စစ်ကားနှစ်စီးနဲ့ ထပ်ပေါင်းထားတော့ အင်အားလေးဆယ် ကျော် ဖြစ်နေတယ်မဟုတ်လား။ တော်သေးတယ် ...။ ကျုပ်တို့က သာလွန်အင်အားသုံးပြီး အငိုက်ဖမ်းတိုက်နိုင်ခဲ့လို့ ဒီငပုတွေ တစ်ကောင် တစ်မြီးမကျန် ကျကုန်ကြတာ"





"ဟာ ... ဒါဆိုရင်တော့ တကယ်ထူးပြီပေါ့"

"ဘာလို့လဲ ဗိုလ်ချစ်ခိုင်။ ပြောပါဦး"

"ကျွန်တော် စောစောက ပြောပါပကောလား။ ကျွန်တော် လည်း အရေးကြီးတဲ့သတင်းတစ်ပုဒ်ကို ရန်သူ့ဆက်သွယ်မှုလမ်းကြောင်း ကို ဖြတ်ဖမ်းရင်း ရထားတာရှိတယ်လို့လေ။ အခု ဗိုလ်သန်းမောင်ရဲ့ သတင်းနဲ့ တစ်ထပ်တည်းပဲ။ ဒီဘက် မဟာမိတ်တွေဘက်ကလည်း ဝင်း ဂိတ်ရဲ့ အားထားရတဲ့ စစ်ကြောင်း (၁) မှူး ဗိုလ်မှူးဒန်းလော့ကိုယ်တိုင် အဲဒီယာဉ်တန်းကို လျှပ်တစ်ပြက်ဝင်စီးဖို့ အစီအစဉ်ရှိနေတာ အတိ အကျပဲ။

ကွန်မင်ဒိုအဖွဲ့ကို ချင်းတွင်းအနောက်ဘက်ကြောက ဆွဲထုတ် ပြီး ပခုက္ကူမှာ စုစည်းထားပြီးပြီတဲ့။ ဂျင်နရယ်စလင်းနဲ့ ဝင်းဂိတ် ပူး ပေါင်းလုပ်တဲ့ စစ်ဆင်ရေးဆိုတော့ တော်တော်အရေးကြီးတဲ့ ပစ်မှတ် ရှိလို့ပဲ။ ဒီယာဉ်တန်းမှာ စစ်တပ်ရိက္ခာတွေအပြင် ဘယ်လိုအရေးကြီး တဲ့ စစ်လက်နက်ပစ္စည်းတွေ ပါလာလေမလဲ"

"ဟုတ်ပြီ ... ဗိုလ်ချစ်ခိုင်။ ဒါတွေက အရင် တည်ငြိမ်အနေ အထားမှာ ရထားတဲ့သတင်းပဲ။ အခု ဒီည ကျုပ်တို့ လျှပ်တစ်ပြက် ဝင်မွှေလိုက်တဲ့ ကိစ္စကို မဟာမိတ်တွေဘက်က မသိကြသေးဘူး။ ငပု တွေကတော့ တော်ကြာနေဆိုရင် အူနုကျွဲခတ်ဖြစ်ပြီး အုပ်စုလိုက် ကြမ်း ကြ၊ ရမ်းကြတော့မှာ။ ဒီတော့ ..."

"ပြော ... ဗိုလ်ဝေလင်း"

"ကျွန်တော့်သဘောကတော့ ကိုချစ်ခိုင်နဲ့ ဒိကဗိုလ်ကြီး ၎ွန် မောင်လာတို့ပါ ကျွန်တော်တို့အဖွဲ့နဲ့ ပူးပေါင်းလိုက်ကြပေတော့။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့တော်လှန်ရေးက လျှို့ဝှက်ထားဖို့ လုံးဝမလိုအပ်တော့ဘူး။ အ
အနေအရ ပြောင်ပြောင်တင်းတင်းပဲ ချကြရတော့မှာ။

မနက်ဖြန်ဆိုရင် တပ်ရင်း (၂) တစ်ရင်းလုံး တပ်ဖျောက်
အတိအလင်း တော်လှန်ကြလိမ့်မယ်။ အခြေအနေကြည့်ပြီး ဗိုလ်
သောင်းကြည်ရဲ့ တပ်ရင်း (၅) က တချို့တပ်ခွဲတွေလည်း နီးစပ်ရာ
အချို့ကိုဆော်ပြီး တပ်ဖျောက်ကြလိမ့်မယ်"

"ဒီတော့ ..."

"ဒီနေ့ည ကျွန်တော်တို့ရဲ့ ညတိုက်ပွဲကြောင့် ပုရွက်ဆိတ်
တုတ်နဲ့ထိုးလိုက်သလို အုံနဲ့ကျင်းနဲ့ဆင်းလာမယ့် ငပုတွေရယ်၊ ဒီ
အခြေအနေတွေကို မသိဘဲ စွတ်ဝင်လာမယ့် ခြသေ့တပ်ဖွဲ့က ဗိုလ်
ဒန်းလော့တို့ရဲ့ ကွန်မင်ဒိုတပ်ဖွဲ့တွေရယ်ကို ထိပ်တိုက်တွေ့ပြီး ဆိုင်
လိုက်ကြရအောင်။

ကျုပ်တို့၊ ဗိုလ်သန်းမောင်တို့ နှစ်ဖွဲ့ပေါင်းအင်အားကတေ
ရန်ကုန်ကဆင်းလာမယ့် ဂျပန်ထောက်ပံ့ရေး ပစ္စည်းတင်ယာဉ်တန်း
တပ်ကုန်းက ရမည်းသင်းဘက်အထွက် သင့်တဲ့တစ်နေရာကနေ စီး
မယ်။ ဘယ်လိုသဘောရလဲ"

"လက်ရှိအခြေအနေနဲ့ကတော့ အဲဒီအစီအစဉ်က အကဲသ
နိုင်တယ်ဗျ။ အဲဒီယာဉ်တန်းကို အပိုင်ဖြိုလိုက်နိုင်ရင် ကျုပ်တို့ပြော
ကျားတပ်ဖွဲ့တွေရယ်၊ မနက်ဖြန် တပ်ဖျောက်လာကြမယ့် ထုပ်ဖွဲ့တေ
အတွက်ရယ် ရိက္ခာနဲ့လက်နက် မပူရတော့ဘူးပေါ့။ ရန်ကုန်–မန္တလေ
လမ်းကြောင်းကိုလည်း ဖြတ်တောက်ထိန်းချုပ်ပြီး ဖြစ်သွားတာပေါ့"

"ကဲ ... ဗိုလ်သန်းမောင်။ ဘယ်လိုသဘောရသလဲ"





"ကိုရင်တို့သဘောပဲ။ ရဲဘော်တွေလည်း သွေးစွန်းလက်စနဲ့
ကိုက်ရဲခိုက်ရဲ ပွဲတိုးရဲအောင် အပိုင်သေချာတဲ့ပွဲကိုပဲ သာလွန်အင်အား
နဲ့ ဆော်ကြသေးတာပေါ့။ ကောင်းပါတယ်"

"ဒါဆို ဦးပဥ္စင်းကိုလျှောက်ထားပြီး စထွက်ကြမှပဲ"

"ဟုတ်တယ် ...။ အခုကို အချိန်အတော်နည်းနေပြီ။ ဟိုမှာ
မြေပြင်အခြေအနေ အကဲကြည့်ရဦးမှာမဟုတ်လား။ သွက်သွက်လုပ်
ကြမှပဲဗျို့"

"ဒီလိုလုပ်လေ ဗိုလ်ဝေလင်းနဲ့ ကိုချစ်ခိုင်တို့ ...။ ခင်ဗျား
Force 136 က အဖွဲ့တွေပါခေါ်ပြီး မြင်းနဲ့သွားနှင့်လိုက်ကြလေ။ တော
ကျော်နဲ့စံပီးတို့ စီစဉ်ထားတာ မြင်းဆယ့်လေးငါးကောင်တော့ ရှိလေ
ရဲ့။ စက်တွေနဲ့ကျည်တွေပါ သယ်သွားကြပေတော့။

ကျုပ်က တော်လှန်ရေးနောက်ကို တစ်ပါတည်းလိုက်ခဲ့ကြမယ့်
အမြဲတမ်းတပ်သားတွေအားလုံးကို စုပြီး နောက်ကနေ လိုက်လာခဲ့မယ်။
တော်လှန်ရေးက စခဲ့ပြီပဲ။ နောင်မှ နောက်ကြောင်းကို ပြန်လှည့်ကြည့်
ပနေချင်တော့ဘူး"

"ကောင်းသားပဲ"

"နေဦး ... ဒီကောင်တွေ ပျဉ်းမနား၊ တပ်ကုန်းက ဘယ်
အချိန်လောက် ထွက်လာနိုင်မလဲ"

"ပုံမှန်ဆိုရင်တော့ လင်းအားကြီး ဖြတ်မှာပဲ။ အရေးကြီး
ယာဉ်တန်းကို နေ့ခင်းကြောင်တောင် လင်းလင်းချင်းချင်းမှာ လူမြင်
သူမြင်တော့ ဖြတ်ကြမှာမဟုတ်ဘူး။ ကိစ္စမရှိဘူးလေ။ ပျဉ်းမနားက



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးသီဟနဲ့ ဗိုလ်မှူးတာရာဆီ ဆက်သားလွှတ်ပြီး နည်းနည်း၊ စိစဉ်ချိန်ရအောင် ဆွဲထားခိုင်းလိုက်ရတော့မှာပဲ''

''ကိုင်း ... စကြစို့''

ညယံသည် ပြန်၍ တိတ်ဆိတ်သွားပြန်သည်။

ညဥ့်အမှောင်တွင် အရိပ်မည်းမည်းများ တလှုပ်လှုပ်ရွေ့လျား၊ ပျောက်ကွယ်သွားကြသည်။

မကြာမီတွင် ...

မြင်းဟီသံနှင့် ခွာသံတဖြောင်းဖြောင်းတို့က အရှေ့အရပ်ဆ(ဲ) သို့ တိုးဝင်သွားသည်။ ကြယ်ရောင်၌ မပီပိုးဝါး မှုန်ပျပျမြင်လိုက်ရ သည်။ အနီထဲက ကြယ်ဖြူပွင့်။

တစ်မိုးသောက်သော် အရုဏ်သစ်ပေဦးတော့မည်။

❁ ❁ ❁

နှစ်ပိုင်း [၈]

'သွေးဖြင့်ရင်း၍'

(၄ မတ်၊ ၁၉၄၅ - ၈ မတ်၊ ၁၉၄၅)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁ ]

❑

အိပ်နေရာမှ လန့်၍နိုးလာသည်။

တစ်ညလုံး ဆက်အိပ်၍မရတော့။ ရင်ဆိုင်ကျော်ဖြတ်ရမည့် မနက်ဖြန်ကို စိတ်အလိုမကျနိုင်စွာ အိပ်ရာဝင်ခဲ့၍ပင် ဖြစ်လိမ့်မည်။ မကျေမနပ်အတွေးများကြောင့် တလူးလူးတလိမ့်လိမ့်ဖြင့် အိပ်၍မပျော် နိုင်ခဲ့။ မျက်တောင်များ မှေးစင်းငိုက်ကျလျက် တဒင်္ဂအာရုံကလေး ငြိမ် ဆိတ်၊ ကိုယ်ရော၊ စိတ်ပါ ပျော့ခွေသွားတော့မည့်အချိန်ကျလျှင် ချောက် အိပ်မက်တွေက ဝင်ဝင်လာ၍ နှိပ်စက်၏။ မည်သို့မျှ ဆက်အိပ်၍ မရ နိုင်တော့။





အလဟဿအချိန်မဖြုန်းချင်၍ အိပ်ရာထက်မှ ထခဲ့ကာ အိမ် ရှေ့ဝရန်တာက ဝါးပက်လက်ကုလားထိုင်ကလေး၌ တစ်ကိုယ်တည်း ငြိမ်ငြိမ်ကလေးထိုင်လျက် တွေးနေမိသည်။

လမိုက်ညဖြစ်၍ ကြယ်ရောင်အလင်းမှုန်မှုန်သာရှိ၏။

ကောင်းကင်တွင် တိမ်မျှင်ဖြူဖြူကလေးများသည် နဂါးငွေ့ တန်းကလေးများသဖွယ် ကြယ်စင်တစ်သိုက်ကြား၌ ဟိုဝင်သည်ထွက် ပြေးတမ်း ကစားနေကြသည်။ လမင်းမှလွဲ၍ ကြယ်ပေါင်းတွေစုံသော ညသည် ကြယ်အလင်းဖြင့် မပီဝိုးဝါးလင်း၏။

'မြန်မာပြည်စစ်မျက်နှာမှာ အခု ငါတို့ဂျပန်စစ်သားတွေ နေနေ ရတဲ့ဘဝနဲ့ ရှေ့အလားအလာလိုပေါ့လေ။ ဘာကိုမှ ကြည်ကြည်လင်လင် မမြင်ရသလို အားလုံးဟာ ဝိုးတိုးဝါးတားထဲမှာ စမ်းပြီးလမ်းလျှောက် နေကြရတာမျိုးပဲလေ'

သည်အတွေးတစ်စက ရင်၌ မိုတွယ်နိုကာ ဆို့နင့်နာကျင် လျင်သည်။

စစ် ...။

စစ်ပွဲ ...။

စစ်ပွဲနှင့်စစ်သား ...။

'ငြိမ်သက်ခြင်းနှင့် မကြုံကြိုက်လို' ဟု ဆုတောင်းမှားခဲ့လေ သလား မသိတတ်နိုင်တော့၊ လောဘ၊ ဒေါသ၊ အတ္တ၊ မာန၊ အာဃာတ များ၏ ခေတ်ကြီးထဲ၌ လူလာဖြစ်ခဲ့ရသည်။ လူမှန်းသိတတ်စအရွယ်မှ ပင်လျှင် ထက်သန်တက်ကြွမှုများ၊ ပြင်းပြင်းပြပြဆန္ဒများ၊ တွန်းတွန်း



www.burmeseclassic.com

www.burmeseclassic.com



ထိုးထိုး လှုပ်ရှားရုန်းကန်မှုများ၊ ရန်လိုမုန်းတီးမှုများ၊ ကျူးကျော်ရန်စ မှုများ၊ ခုခံငြင်းဆန်မှုများ၊ ပဋိပက္ခများ၊ အမုန်းများ၊ နာကြည်းမှုများ၊ ကြေကွဲဝမ်းနည်းမှုများဖြင့် ဖွဲ့ချည်သော သံသရာဓာတ်ကွက်များထဲ သာ အနားအရပ်မရှိ ကျင်လည်နေရ၏။ သူတစ်ဦးတည်းမဟုတ်။ သူ့ တစ်နိုင်ငံလုံး၊ သူတို့တစ်မျိုးသားလုံး ထို့အတူသာ။

"ရှင်သန်ရပ်တည်ရေးအတွက် ရုန်းကန်ရင်ဆိုင်ရမယ်"

"ကြွင်းကျန်ရစ်ဖို့ စစ်ပွဲဟာ ထွက်ပေါက်ပဲ"

"အမိမြေအတွက် ပေးဆပ်ဖို့ ဝန်မလေးကြနဲ့",

"နေဝန်းနီနီ အမြဲထွန်းလင်းဖို့ နယ်မြေသစ်တွေလိုတယ်"

တစ်သက်တာ အကြားရိုးခဲ့သည့် အသံများ ...။

စစ်ဘုရင်၊ စစ်မင်းများက သူတို့တစ်မျိုးသားလုံး၏ အသည်း နှလုံး၌ သည်သံမဏိကြက်ခြေတံဆိပ်ကို အမာရွတ်ထင်စေအောင် ခပ် နှိပ်ပေးခဲ့ကြသည်။ ကြာခဲ့ပြီ ...။ မျိုးဆက်တစ်ခုပင် မကတော့။ သွေး မျိုးဆက်တွေ နှစ်ဆက် ... သုံးဆက် ...။ ဟိုး ... အတိတ ရှေးရှေး ကတည်းကပင် စစ်ဝါဒခိုင်မြဲလျက် စစ်သူရဲတွေ၏သွေးဖြင့် သည်နိုင်ငံ ချင်းချင်းနီစွေးခဲ့ရသည်။

နေဝန်းနီ ... တဲ့။

မကွယ်မပ ထွန်းလင်းနေမည့် အမိမြေ၏ နိမိတ်လက္ခဏာ

နေဝန်းနီနီ၏ မနက်ဖြန်သည်ပင် မပီပိုးဝါး။ သေချာမှုတို့ ပြို ကွဲကွဲ။ နေဝန်းကို ပိတ်ဆီးမည့် သံကန့်လန့်ကာတွေက တဖြည်းဖြည်း တစ်စတစ်စ ကျလာနေကြပြီ။

စိတ်ကူးသစ်စာပေ



သည်မျှအေးချမ်းနူးညံ့လွန်းသည့် ငြိမ်းချမ်းမြေကို စစ်ဘေး ဆိုးသင့်စေကာ ခေါင်းပါးကျပ်တည်းအောင် စုပ်မျိုခဲ့သည့် အတွက်အတင် ဝဋ်ကြွေးကြီးကို ပေးဆပ်ရဦးမည်ထင်သည်။ သူသည်လည်း လွတ်ကင်း နိုင်ပါသလော။ လွတ်နိုင်မည်မဟုတ်ဟု သူထင်သည်။

ဂျပန်ကြည်းတပ်စစ်ဌာနချုပ်၊ စစ်ဆင်ရေးဌာနချုပ်၊ စစ်အုပ် ချုပ်ရေးစနစ်၊ တစ်ပြည်လုံးအနှံ့ ဖြန့်ကျက်ထားသော အမှတ် (၁၅)၊ (၂၅)၊ (၂၈)၊ (၃၀)၊ (၃၁) ဒီဗီဇံတပ် တော်များ၊ ဘီလူးသဘက်များကဲ့ သို့ ကြမ်းကြုတ်ရက်စက်သော ဂျပန်စစ်ပုလိပ် (ကင်ပေ) တပ်ဖွဲ့များ။ သည်တစ်ပါးနိုင်ငံသိမ်း ကျူးကျော်ရေးတပ်များနှင့်အတူ သူတို့၏လက်ပါး စေဖြစ်သည့် သူနှင့် သူ၏တပ်ဖွဲ့ကလည်း တစ္ဆေသရဲများနှယ် ပူးကပ် ပါလေသည်မဟုတ်လား။

မြန်မာပြည်၏စီးပွားရေးကို ဖျက်ဆီးရန်ရည်ရွယ်ချက်ဖြင့် ကျောထောက်နောက်ခံ ငွေမရှိဘဲ အကန့်အသတ်မရှိ ရိုက်နှိပ်ထုတ် ဝေခဲ့သော ဂျပန်ရူပီးငွေ (Rupiees) များကို သူနှင့် သူ့တပ်ဖွဲ့က တာဝန်ခံ ထုတ်လုပ်ပေးခဲ့ရသည်။

မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ 'ရန်သူပိုင်ပစ္စည်းသိမ်း ဆည်းရေးတပ်ဖွဲ့များ' နှင့် ဒေသအလိုက် လွှမ်းခြုံဖြန့်ကျက်ထားသည့် စစ်နယ်မြေအသီးသီးရှိ တပ်တော်များမှ အတင်းအဓမ္မ သိမ်းဆည်း၊ ဆောင်း၊ ပေးပို့သော ရွှေ၊ ငွေ၊ ကြေး၊ သတ္တုစင်အမျိုးမျိုးကို အရည် ကျို ပုံသွန်းလောင်းလျက် ဂျပန်ပြည်သို့ ပြန်လည်ပို့ဆောင်နိုင်ရန် သူ နှင့် သူ့တပ်ဖွဲ့ကပင် ဆောင်ရွက်ခဲ့ရသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည့်နိုင်ငံအား ဖိစီးနှိပ်စက်ရာတွင် သူသည်လည်း ယ...
တစ်ခုသဖွယ် ပါဝင်က,ပြခဲ့ရသည်။

ယခုမူ သည့်ဝင့်ကြွေးတဲ့တင်ကို ပေးဆပ်ရတော့မည်ထင်သ...

လောလောဆယ် သူထမ်းဆောင်ရမည့် တာဝန်အပေါ်...
စိတ်မသန့်လက်မသန့်ချင် ဖြစ်မိရသည်။ ဂျပန်အသိမ်းပိုက်ခံ အိ...
မလေး၊ တရုတ်နှင့် မြန်မာနိုင်ငံတို့မှ နည်းလမ်းအသွယ်သွယ်ဖြင့် အ...
သိမ်းဆည်း လုယက်ယူငင်ခဲ့ကြသည့် ရတနာပစ္စည်းများအား လျှို့...
သယ်ဆောင်၍ အနာဂတ်ကာလ စစ်ရန်ပုံငွေအဖြစ် မြှုပ်နှံထားရှိရ...
တဲ့လား ... လေ။

ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့အရှင်သခင်၊ ငါ့တပ်မ...
အတွက်ဆိုသည့် သန္နိဋ္ဌာန်စိတ်ဖြင့် မဲတင်းကြည့်ခဲ့ငြားလည်း သူ့ဗိ...
သူ့လိပ်ပြာသည် ယခုထက်တိုင် သန့်သန့်ရှင်းရှင်း၊ ကြည်ကြည်ဖြူ...
လက်မခံနိုင်သေး။ ကသိကရိ ထွေပြားမှုးလည့်နေဆဲသာ။ သူသ...
နောက်ကျိရှုပ်ထွေးနေသော အတွေးများကို ရပ်သွားအောင် ခေါင်း...
ဘယ်ညာခပ်သွက်သွက် ခါယမ်းလိုက်မိ၏။

သံသေတ္တာကြီးအလုံးခြောက်ဆယ်၌ ထည့်သွင်းထားသ...
ရတနာပစ္စည်းများ၏ အသေးစိတ်စာရင်းကို သူလည်းမသိ။ သိခွင့်လ...
မရှိ။ ဂျပန်ကြည်းတပ်၏ ဘဏ္ဍာထိန်း၊ မြန်မာပြည်ဆိုင်ရာ စစ်ထော...
ပံ့ရေးဌာနကြီးမှူး ဗိုလ်ချုပ်တာနာကားတစ်ဦးတည်းသာ သိခွင့်ရှိသ...
ကိစ္စ။ အထက်အဆင့်ဆင့်အား ဂျင်နရယ်တစ်ဦးတည်းကပင် တာဝ...
ရမည်ဖြစ်သည်။

သည့်ရတနာများ သယ်ယူရေး၊ မြှုပ်နှံမည့်နေရာ ရွေးချ...





...တ်မှတ်ရေး၊ ရတနာပစ္စည်းများသိမ်းဆည်းမည့် ဥစ္စာတိုက်ဆောက်
...ုပ်ရေး၊ လုံခြုံရေးအစီအမံ ယန္တရားများ တပ်ဆင်ရေး၊ သည့်ရတနာ
...များ မြှုပ်နှံသည့်နေရာနှင့်ပတ်သက်၍ လုံခြုံအောင် လျှို့ဝှက်ထိန်းသိမ်း
...ထားရမည့် တာဝန်သည်သာ သူ့ကိစ္စ၊ သူ့အရေးဖြစ်သည်။ သည့်
...တာဝန်ကို သူတစ်ဦးတည်းသာ ဦးထိပ်ရွက်ရမည်။ ဤသို့သာဖြစ်သည်။

"တောက် ... သုံးစားမရတဲ့ ဘဝကြီးမှာနှယ်ကွာ"

ရင်ထဲက ယူကျုံးမရ ကြေကွဲမြည်တမ်းသံသည် လည်ချောင်းဝ
...ကိုကျော်၍ လျှံတက်မလာ။

"ဗိုလ်မှူး ... ကားတွေတော့ အားလုံးအဆင်သင့်ဖြစ်နေပါ
...ပြီ။ သေတ္တာကြီးတွေလည်း ပြည့်စုံအောင်ရောက်ပါပြီ။ ကားပေါ်တင်ဖို့
...အတွက်ပဲ နည်းနည်းလေး အထစ်အငေါ့ရှိနေပါတယ်"

သူနှင့်အတူ လမ်းကြောင်းလုံခြုံရေးကို ပူးတွဲတာဝန်ယူမည့်
...ဗိုလ်ကြီးဟာတာက သူ့အနီးတွင် ခြေစုံရပ်လျက် အလေးပြုရင်း သတင်း
...ပို့သည်။ သည့်တော့မှ အတွေးခြေဦးလည်နေသော သူ့စိတ်က ပစ္စုပ္ပန်
သို့ တည့်တည့်ပြန်ရောက်ဖြစ်တော့သည်။

"ဘာကြောင့်လဲ ဗိုလ်ကြီး။ သေတ္တာတွေစုံရင် ကျုပ်ပေးထား
...တဲ့ စာရင်းအတိုင်း စစ်ဆေးပြီး တင်လိုက်ရင် ရပြီပဲ။ ဘာတွေအခက်အခဲ
...ရှိနေရသေးတာလဲ"

"ဟိုက် ... ဒီလိုပါ ဗိုလ်မှူး။ ဒေသခွဲစစ်ပုလိပ်တပ်ဖွဲ့က
...ဗိုလ်ကြီးဖူကူအိနဲ့ ကင်ပေတပ်စိတ်တစ်စိတ် ရောက်လာပါတယ်။ ယာဉ်
...တန်းပေါ်တင်မယ့် ပစ္စည်းအသေးစိတ်စာရင်းနဲ့ သေတ္တာထဲက ပစ္စည်း
တွေကို စစ်ဆေးခွင့်တောင်းနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ..."

သည်တစ်ချက်ကို သူကြိုတင် တွေးဆမိခဲ့ဖို့ကောင်းသည်။ မြန်မာပြည်စစ်မြေပြင်က စစ်ရေးရာသီဥတုအခြေအနေ မကောင်းလှ ဘဲ တိမ်ညိုတိမ်မည်းတွေ သိုက်မြုံဖွဲ့ဆင်လာပြီဆိုသည်နှင့် ဗိုလ်မှူးကြီး ဖူကူဒါးဦးစီးသော စစ်ပုလိပ်တပ်ဖွဲ့များက နေရာပိုရလျက် အရာကျယ် လာကြတော့သည်။

အဦးအစက စစ်ဘက်ဆိုင်ရာသတင်းများကိုသာ စုဆောင်းရန် စစ်ဆင်ရေးဦးစီးချုပ်ရုံးလက်အောက်၌ တွဲဖက်ထားခဲ့ရာမှ ယခုအခါ မြန်မာပြည်၏စစ်သေနာပတိ ဗိုလ်ချုပ်ကြီးအီးဒါး၏ ဂျပန်ကြည်းတပ် စစ်ဦးစီးဌာနချုပ်ရုံးက တိုက်ရိုက်ကွပ်ကဲသော သီးခြားဌာနတစ်ရပ် ဖြစ် လာခဲ့သည်။ စစ်ရေးနှင့် ဒေသတွင်းအခြေအနေများ မတည်မငြိမ်ဖြစ် လေ၊ သူတို့တပ်ဖွဲ့က နေရာရတွင်ကျယ်လေဖြစ်လျက် တဖြည်းဖြည်း ခွင်ပြည့် ကွက်ပြည့် စိုးမိုးထားကြတော့သည်။

သူ့အပြစ်ဟုသာ ဆိုရတော့မည်။ သူ့ကိုယ်သူပဲ ကျိန်ဆဲပါ သည်။

ဗိုလ်ချုပ်တာနာကားကိုယ်တိုင်က ရန်ကုန်တွင် စုစည်းထား သည့် ရတနာသေတ္တာကြီးများအား မီးရထားဖြင့် တောက်လျှောက် သယ်သွားစေချင်ခဲ့သည်။ သူကမူ လုံခြုံရေးသတင်း မပေါက်ကြားစေ ရန်နှင့် သူတို့လမ်းကြောင်းဦးတည်ရာကို ရန်သူအား လှည့်စားနိုင်ရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် ပဲခူးမြို့သို့ အလီလီခွဲထုတ် ကဲ့ယူသယ် ဆောင်လာခဲ့ပြီး ပဲခူးမြို့မှ သည်ခရီးစဉ် စတင်ထွက်ခွာရန် တပ်





အကွက်ချစီမံခဲ့ခြင်းဖြစ်သည်။ အလုံးစုံ ပိပိရိရိ၊ သိုသိုသိပ်သိပ်ဖြင့် စီမံ ချက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ကြသည်။ ဆင်ကောင်ကြီး အမြီးကျ မှ တစ်တတ်သတဲ့။

'ဒီကင်ပေကောင်တွေ ...ဝင်ရှုပ်မှာ ထည့်မတွက်မိခဲ့ဘူး။ ဒီကောင်တွေလုပ်နေပုံနဲ့ ဗေဒီဆို ကွဲတော့မှာပဲ'

ဟု စိတ်ထဲက ထင့်ခနဲဖြစ်၏။

"မင်းတို့တပ်ဖွဲ့တွေ အားလုံး အဆင်သင့်ပဲမဟုတ်လား"

"ဟိုက် ...ဗိုလ်မှူး"

"စာရွက်စာတမ်းလည်း မရှိဘူး။ ပစ္စည်းတွေဖွင့်ကြည့်ဖို့ သော့ လည်း မရှိဘူး။ ငါ့မှာ အဲလိုအခွင့်အာဏာလည်း မရှိဘူး။ ငါ့ကိုပေး လိုက်တဲ့ အမိန့်ထဲမှာလည်း အဲဒါတွေ မပါဘူး။ ကိစ္စမရှိပါဘူးလေ။ ဒီ ကိစ္စ ငါကြည့်ရှင်းလိုက်မယ်။ မင်းတို့တွေက သေတ္တာတွေတင်မှာနဲ့ ယာဉ် တန်းစထွက်နိုင်ဖို့ အချိန်ဘယ်လောက်လိုချင်သလဲ"

"အလွန်ဆုံး တစ်နာရီအတွင်း ထွက်နိုင်ပါမယ် ဗိုလ်မှူး"

"အေး ...အဆင်သင့်သာ လုပ်ထားပေတော့။ ငါ့ဆီကို ဗိုလ်ဖိဇောင့်ချိကို ခဏလွှတ်ပေးလိုက်"

"ဟိုက် ..."

ဗိုလ်ကြီးဟတက အလေးပြုလျက် ပြန်ထွက်သွား၏။ သူက သည်ကိစ္စကို ဖြေရှင်းနိုင်မည့်နည်းလမ်းအား အပူတပြင်းစဉ်းစားနေ သည်။ သူတစ်ဦးတည်းသာ သိခွင့်ရှိသည့် သည်စစ်ဆင်ရေးနှင့် စပ်လျဉ်း၍ သူ့နှုတ်လျှာကို ဖွင့်၍မရ။ ဖွင့်ခွင့်လည်း သူ့မှာမရှိ။

ဟော့ကိုင်းဒိုးကျွန်းတွင် ကျန်နေရစ်ခဲ့ရှာသည့် သူ့နောက်က



www.burmeseclassic.com

www.burmeseclassic.com



မိသားစုများ၏အသက်နှင့် ရင်းစားပေးထားရသည့် သည်စစ်ဆင်ရေး တာဝန်ကို စိုးစိမ့်ပူပေါက်ကြား၍ မဖြစ်။ ဘာကြောင့်ဟူသည့် အဖြေကို လည်း သည်အခြေအနေတွင် အသေးစိတ်ရှင်းပြ၍ မရနိုင်။ မည်သို့ လုပ်ရပါ့။

ကြိတ်မနိုင်ခဲမရ ခေါင်းပူအောင် စဉ်းစားရသည်။

"တစ်ကျပ်တစ်မတ်တဲ့ကွ။ လက်တစ်ဖက်ရှင်သန်ဖို့ လက် ကလေးတစ်ချောင်းစီကို ပေးဆပ်ရဲရမယ်။ ခန္ဓာကိုယ်တစ်ခုလုံး မဆုံး ဖို့အတွက် မင်းရဲ့ခြေတစ်ဖက်ကို ပျော်ပျော်ကြီးရင်းနှီးရဲရမယ်။ မင်း အသက်ရှင် တည်မြဲနေဖို့အတွက် လိုအပ်လာခဲ့ရင် မင်းရဲ့ခန္ဓာကိုယ် ဘယ်အစိတ်အပိုင်းမဆို စွန့်လွှတ်ဖို့ ဝန်မလေးရဘူး။ အဲဒါဟာ အော် နိုင်ရေးရဲ့ လျှို့ဝှက်ချက်ပဲ"‥ တဲ့။

ခေါင်း၌ လက်ခနဲလင်း၏။ ကရာတေးဒိုကို ရှင်သန်ရပ်တည် ရေး အနုပညာတစ်ရပ် (Martial Art) အဖြစ် သူငယ်စဉ် ကလေး ကတည်းက လက်ပွန်းတတီးသင်ပြပေးခဲ့သော အဘိုးမျက်နှာ၊ အသံ တို့ကို ကြားသည်။

"ဗိုလ်မှူး ‥‥ ကျွန်တော်ရောက်ပါပြီ"

"အေး ‥‥ ဒီနားကိုလာခဲ့"

သူက ဗိုလ်လေးဖိုးဇော်ငှချိုကို အမှောင်ရိပ်ဆီသို့ လက်ဆွဲ သွားလျက် သူ့အစီအစဉ်များအား သေသေချာချာပြောပြရသည်။ စကားကိုနားထောင်ရင်း တစ်စထက်တစ်စ လင်းလက်လာသောမျက် နှင့် တင်းခနဲဖြစ်သွားသည့် ပါးရိုးကားကား၊ တုတ်တုတ်ခိုင်ခိုင် သူ့ အောက်အရာရှိ၏ သွင်ပြင်ပုံဟန်ကို သူသဘောကျသည်။





စစ်သားဆိုသည်က အရေးဟဲ့အကြောင်းဟဲ့ဆိုလျှင် တိုးရဲတိုက် ရဲ စွန့်စားရဲမှ။ ဟိုဟိုသည်သည် အတွေးကြွယ်နေလျှင် သေးကြောင် သွားတတ်သည်။ ဦးခေါင်းမပါသလိုပင် တစ်ခါတစ်ရံ နေတန်နေတတ် ရသည်။ ရင်နှလုံးဗလာဖြင့် နေရဲရသည့်အခါတွေလည်း ရှိတတ်သေး သည်။ ကြုံလာတတ်သေးသည်။ မတုန်မှ၊ မဖြုံမှ စစ်၏စစ်သားပီမည်။

သူ့ဗိုလ်ကလေး ဖိုးဇော်ငှချိုက သည်လိုလူစား။ မတုန်မလှုပ် အေးစက်စက်နေလေ့ရှိသူဖြစ်သော်လည်း အရေးကြုံလျှင် သေဆိုသေ၊ ရှင်ဆိုရှင်ရဲသည့် လူစားမျိုးဖြစ်သည်။ သူတို့ဗိုလ်မှူးအတွက် ဝံ့ဝံ့ရဲရဲ ကပြုံးမပျက် အသက်ပေးဝံ့သူဖြစ်သည်။ သူ့တပ်စုကလည်း သူ့နည်း တူ။

ဗိုလ်ဖိုးဇော်ငှချိုက လှဲ့လှဲ့ပြုံးလျက် လက်သီးနှစ်ဖက်ကို ကျစ် ကျစ်ပါအောင်ဆုပ်ကာ သူ့ကိုအလေးပြုလျက် အမှောင်အတွင်းသို့ ဝင် ရောက်ပျောက်ကွယ်သွား၏။

"အဲဒီကင်ပေကောင်ကို ရုံးခန်းထဲမှာ ထိုင်စောင့်ခိုင်းထား လိုက်။ သူ့နောက်က ခွေးအ,အုပ်ကိုလည်း ရုံးရှေ့မှာပဲ နေပလေ့စေ။ ဟာဉ်တန်းနဲ့ ကိုဒေါင်နား မကပ်စေနဲ့။ ဇွတ်အတင်းဝင်လာခဲ့ရင် ငါ ပြောထားတဲ့အတိုင်းပဲလုပ်။ မလွဲစေနဲ့ ‥‥။ ကြားလား"

အမှောင်ထဲသို့ သူလှမ်းအော်လိုက်သည်။

သူ့ရင်ထဲသို့ အရှင်ဓာတ်တို့ ပြန်ဝင်လာသည်။ ဖျတ်လတ် တက်ကြွစွာပင် ယာယီ သူ့တည်းအိမ်၊ သူ့အခန်းဆီ တက်လာခဲ့၏။ ဗိုလ်ကြီးဟာတတို့အတွက် အချိန်အရေးတကြီးလိုအပ်သည်။ အချိန်ကို ဖန်တီးယူရမည်။ ဖန်တီးရမည့်သူကလည်း သူပဲဖြစ်နေသည်။



www.burmeseclassic.com

သို့ဖြင့် သူ့စစ်ဝတ်စုံကို စမတ်ကျကျဝတ်ဆင်သည်။ ဂျပန် ဘုရင်မင်းမြတ် တင်နော်ဟေကာက သူ့အားချီးမြှင့်ထားသည့် တတိယ တန်းနေတံဆိပ်ကိုလည်း မတပ်စဖူး ထုတ်၍တပ်သည်။ သည့်တံဆိပ် ကိုမြင်တိုင်း မြန်မာလူထုအပေါ် ရက်စက်ရာကျသည့် သူ့လုပ်ရပ်များ အတွက် အရှက်ရကာ ခံစားရလွန်းသဖြင့် တစ်ခါဖူးမျှ ထုတ်၍မတပ် ခဲ့စဖူး။ ယခုမူ အခြေအနေနှင့်ကိုက်ညီအောင် ထုတ်၍တပ်လိုက်သည်။ 'လက်နက်မစွဲ သူရဲမမည်'၊ 'လက်နက်ကောင်းမှ သူရဲကောင်းပီ'.. သတဲ့။

ပဲခူးခရိုင်တပ်မှူး၏ စစ်ရုံးထဲသို့ မျက်နှာနေကို တင်းတင်း ပြုလျက် ခပ်တည်တည်သူဝင်လာခဲ့၏။ စစ်ရုံးထဲ၌ အရာရှိလေးငါး ယောက်မျှသာ ရှိကြသည်။ ဂျပန်စစ်ပုလိပ်သည် မည်သူ့ကိုမျှ စောင်း မကြည့်ဘဲ မထိလေးစားဟန်ဖြင့် စစ်ဖိနပ်သံပြင်းပြင်းနင်း၍ စစ်ရုံး အတွင်း ဟိုမှသည် လမ်းသလားနေ၏။

မျက်နှာကို တမင်မှုန်ကုပ်ထားလျက် ရှစ်ခေါက်မက ဆပ် ခေါက်လောက်ပင် မောင်းတင်ချိုးထားသည်။ ညာလက်ကလည်း ပါ ပေါ် ထောက်ထားလိုက်သေးသည်။ သူနှင့်အတူပါလာသည့် စစ်ပုလိပ် တပ်စိတ်က စစ်ရုံးရှေ့၌ တန်းစီရပ်လျက်ရှိသည်။

"ကဲ ... ဆိုပါဦးကိုယ့်လူ။ ခရိုင်စစ်ရုံးထဲအထိတောင် ရောက် လာပြီး စစ်ဦးစီးချုပ်ရုံးက ကိစ္စကို စိတ်ဝင်စားရလောက်အောင် ကိုယ့်မှ က သိပ်များ အရေးပါနေရော့သလား"

အေးစက်စက်အကြည့်၊ တင်းမာသော အထက်စီးလေသံဖြင့် တမင်လုပ်၍ သူပြောသည်။ စစ်ရုံးအတွင်းရှိ ခရိုင်တပ်မှူးရုံးမှ အရာ





တစ်သိုက်ကလည်း စစ်ပုလိပ်ကောင်ကို ကြည့်၍ရကြပုံမရ။ မလိုတမာ မျက်နှာပေးများနှင့် မုန်တိုင်းတစ်ခု၏အစကို ပွဲကြည့်သလိုပင် ငေး၍ ကြည့်နေကြ၏။

"ဒေသခွဲစစ်ပုလိပ်အဖွဲ့က ဗိုလ်ကြီးဖူကူအိပါ ဗိုလ်မှူးကာတို ပဲချိစ်။ ကျွန်တော်တို့အလုပ်က ကိုယ့်စစ်နယ်မြေအတွင်းမှာ ဖြစ်ပျက် တဲ့ စစ်ဘက်နဲ့ပတ်သက်သမျှ ကိစ္စတွေ၊ သတင်းတွေကို အပ်ကျတာ ကအစ စစ်စစ်ပေါက်ပေါက်သိနေရမှာ မဟုတ်လား။ ဒါ ... ကျွန်တော် တို့ရဲ့အလုပ်လေ။

ပြီးတော့ ဗိုလ်မှူးကာသာ စစ်ဦးစီးချုပ်ရုံးက အလုပ်လို့ပြော နေပေမယ့် ဂျပန်စစ်ရုံးချုပ်ကရော၊ ခရိုင်စစ်ရုံးကပါ ကျွန်တော်တို့ကို ဘာမှညွှန်ကြားထားတာ၊ အသိပေးထားတာ မရှိသေးဘူးခင်ဗျ။ ဒီတော့ တစ်ဆိတ် ဗိုလ်မှူးကာပဲ ဗိုလ်မှူးတို့ရဲ့အလုပ်နဲ့ ပတ်သက်သမျှကို ရှင်းပြ ပေးပါဦး"

"ဖြောင်း ..."

"ဟာ ..."

သူ၏ညာဘက်လက်က မခန့်လေးစား ဆက်ဆံပြောဆိုနေ သည့် ဂျပန်စစ်ပုလိပ်၏ ပါးပြင်ပေါ်သို့ ထိထိမိမိ ပြင်းထန်စွာကျရောက် သွားသည်။ သင်း၏မျက်နှာတစ်ခြမ်းသည်ပင် စိုက်၍လည်ဆင်းသွား ၏။ မျှော်လင့်မထားသော ကိစ္စဖြစ်သဖြင့် အားလုံးက အံ့အားသင့် ပင်တက်မိနေကြသည်။

"မင်း စစ်သားမှန်ရင် ငါဟာ ဘာအဆင့်လဲဆိုတာနဲ့ ငါ့ရင် ဘတ်က ဟောဒီနေတံဆိပ်ဟာ ဂျပန်ဧကရာဇ်မင်းမြတ်က ချီးမြှင့်ထား

www.burmeseclassic.com



တဲ့ မြင့်မြတ်တဲ့ဂုဏ်ဒြပ်ဆိုတာလောက်တော့ သိထားသင့်တယ်ကွ။ ငါ ပြောတာနားလည်လား ဗိုလ်ကြီး''

သူက တမင်ပင် လေသံကိုမြှင့်လျက် ဇာတ်ကွက်ကြမ်းကြမ်း က,ပြလိုက်သည်။ သူ့ရင်ဘတ်ပေါ်ရှိ စစ်ဝတ်စုံပေါ်၌ တောက်ပပြောင် လက်စွာ တလှုပ်လှုပ်ရှိနေသော တတိယတန်းစားနေတံဆိပ်ကိုလည်း တဘုန်းဘုန်းပုတ်ပြလိုက်သည်။

သူ့ရင်ထဲ၌ ရယ်ချင်ပက်ကျိဖြစ်နေမိသည့်တိုင် မျက်လုံးက မီးဝင်းဝင်းတောက်လျက်။ ဖြစ်နိုင်လျှင် အစိမ်းလိုက်ဝါးစားတော့မည့် ဟန် သရုပ်ဆောင်နေရသည့် သူ့ပုံစံဟန်ပန်ကို သူ့ကိုယ်သူပင် ပြန် သဘောကျနေမိသေးတော့၏။

''ဟုတ်ကဲ့ . . . ဗိုလ်မှူး။ တင်နော်ဟောကာ . . . ဘန်ဇိုင်း''

စစ်ပုလိပ်ကောင် အတော်ဖြုံသွားပုံပေါ်သည်။

ထုံးပုံနည်းကျ သူ့ကိုယ်ကိုမတ်လျက် သူနှင့် သူ၏ဆုတံဆိပ် ကို အလေးပြုနေသည်။ သူက အပေါ်စီးမျက်နှာပေးဖြင့် ထီမထင်ဟန် ပြန်၍ အလေးပြုလိုက်၏။

'ဘင်းတ (Binta)' ဟုခေါ်သော ပါးရိုက်သည့်ဓလေ့သည် ဂျပန် စစ်တပ်က ၎င်းတို့နှင့်တွဲဖက်ထားသည့် ဗမာ့တပ်မတော်နှင့် မြန်မာ လူထုအပေါ် ရက်ရက်ရောရောကျင့်သုံးနေကြသည့် ရမ်းကားမှုတစ်ခု သာ ဖြစ်သည်။

ဦးဆံနှင့်တကွ ဦးခေါင်း၊ မျက်နှာတို့ကို အထွတ်အမြတ်ထား တတ်ကြသည့် သည်လူမျိုး၊ သည်လူထုတွေကိုမှ ပါးရိုက်သံတဖြောင်း ဖြောင်းနှင့် လက်သံပြောင်တတ်လွန်းသည့် သည်ကင်ပေကောင်ပျ





ကို ယခုကဲ့သို့ အခွင့်ကြုံခိုက် အားရပါးရဆုံးမထားရသည်မှာ အရသာ ရှိလှ၏။

''ကိုင်း . . . ဒါဆိုရင် ဗိုလ်မှူးရဲ့အလုပ်တာဝန်ကို ရှင်းပြဖို့ အတွက် လုံလောက်ပြီလို့ ဆိုနိုင်ပါပြီနော် . . . ဟုတ်လား''

စစ်ပုလိပ် ဗိုလ်ကြီးက ခနဲ့တဲ့တဲ့ပြောသည်။ သူ့အပေါ် အခဲ ကျေသေးဟန်မတူ။

''မင်းရဲ့သဘောထားကို ငါမတောင်းသေးဘူး . . . ဗိုလ်ကြီး။ နောက်တစ်ခုသိစေချင်တာက ငါ့လက်အောက်က လူတွေနဲ့ စကားပြော တဲ့အခါ အသံအနေအထားကို ငါသိပ်သတိထားတယ်ဆိုတဲ့အချက်ပဲ''

စစ်ရုံးတစ်ခုလုံးက အပ်ကျသံမျှ မကြားရဘဲ သူ့ကိုပြူးကြည့် နေကြသည်။ သူ့ဝတ်စားဆင်ယင်မှု၊ သူ့ရင်ဘတ်ပေါ်က ဘုရင့်နေ တံဆိပ်၊ သူ့ဟန်ပန်၊ သူ့လေသံတို့ကို တအံ့တသြ၊ တလေးတစားကြည့် နေကြသည်။

လက်ရှိ ဂျပန်စစ်ဘက်အနေအထားများအရ ဂျပန်ကင်ပေ တပ်ကြပ်လောက်ကပင် တိုက်ခိုက်ရေးတပ်ဖွဲ့များရှိ ဗိုလ်မှူးအဆင့် လောက်ကို လူမလေးခွေးမခန့် ပြုမူနေတတ်ကြသည့်အချိန်မျိုး၌ ဗိုလ် ကြီးဖူကူအိအား ပါးရိုက်၍ ခပ်ရင့်ရင့်၊ ခပ်ကြောကြောဆက်ဆံနေသည့် သူ့ကိုလည်း အထင်ကြီးလေးစားနေကြဟန်ရှိသည်။

''ကဲ . . . ဆို . . . မင်းဘာသိချင်တာလဲ''

''ဘာပစ္စည်းတွေလဲ . . .။ ဘယ်ကပစ္စည်းတွေလဲ . . .။ ဘယ် ကို ဘယ်နည်းနဲ့သယ်မှာလဲ . . .။ ဘယ်သူ့အတွက်သယ်မှာလဲ . . .။



www.burmeseclassic.com

www.burmeseclassic.com



စစ်ဦးစီးချုပ်ရုံးနဲ့ အခြားသက်ဆိုင်တဲ့ စစ်ရုံးတွေက ခွင့်ပြုမိန့်တွေ႔ သလား။ ပြောရရင် အားလုံးကို အသေးစိတ်သိချင်တယ် ဗိုလ်မှူး''

စစ်ပုလိပ်က အောက်ကာလိအာလေသံဖြင့် ပြော၏။ သူ့အပြော သူ့အကြည့်က အပြစ်တစ်စုံတစ်ရာကို မရရအောင် ရှာတော့မည့်ဟန် အထင်းသားပေါ်နေ၏။

''ဒီကောင်တွေ ... နောက်တစ်ချက် ထပ်ဆော်လိုက်ရရင် ကောင်းမလား''

အတွေးများက ပလုံစီပွက်ထနေ၏။ မဖြစ်သေး ...။ မိမိတို ဦးတည်ချက် ပျောက်သွားဦးမည်။

''မင်းသိချင်တာတွေက သိပ်များနေပါလားကွ ဗိုလ်ကြီးရဲ့။ လောကမှာ သိတယ်ဆိုတိုင်းလည်း ကောင်းတတ်တာမဟုတ်ဘူး။ သိသင့် တာထက် ပိုသိခဲ့ရင်၊ သိဖို့လိုအပ်တာထက် ပိုသိခဲ့ရင် အဲဒါကလည်း အန္တရာယ်ကြီးတယ် ... ငါ့လူရဲ့။ ကဲပါလေ ... ထားလိုက်တော့။ မင်း သိချင်တာတွေ မသိရဘူးဆိုရင် မင်းဘာလုပ်မလဲ။ ကဲ ...''

ပွဲသိမ်းဖို့ အချိန်တန်ပြီမှန်း သူသိသည်။

သို့ဖြစ်၍ သူက ပွဲဆူအောင် တမင်ဖန်တီးလိုက်သည်။

''ဝမ်းနည်းပါတယ် ... ဗိုလ်မှူး။ အဲဒီလိုဆိုရင်တော့ ဗိုလ်မှူး တို့ ဖာတ်သိမ်းမလှ ဖြစ်သွားမှာပေါ့''

''ဘာကွ ...''

လျှပ်စီးပြက်သကဲ့သို့ပင် အခြေအနေက ရုတ်ခြည်းပြော ၏။ သူက သူ့ခါးကြားမှ သေနတ်ကို ရုတ်တရက်ဆွဲထုတ်လိုက်က စစ်ပုလိပ်ဗိုလ်ကြီး၏ နားထင်ကို ကပ်၍တော့လိုက်သည်။ မောင်းတ





ထားသည့် သေမင်းတမန်ကြောင့် စစ်ပုလိပ်အကြီးအကဲ တုတ်တုတ်မျှ မလှုပ်ရဲ။

တစ်ပြိုင်နက်တည်းတွင် ဗိုလ်လေးဖိဖောင့်ချိုတို့တပ်ဖွဲ့က ဂျပန် ကင်ပေတစ်ဖွဲ့လုံးကို လက်နက်သိမ်းကာ စစ်ရုံးအတွင်း မောင်းသွင်း လာခဲ့၏။ ခေါင်းပေါ်လက်တင်လျက် မချိမဆံ့ပုံစံဖြင့် ဝင်လာနေကြ သည့် ကင်ပေတပ်ဖွဲ့မှာ ခွေးကိုက်ခံထားရသည့် ကျားတွေလို ဖြစ်နေ ကြသည်။

''ကိုင်း ... ဗိုလ်ဖိဖောင့်ချိုစံ။ အားလုံးကို ကုလားထိုင်တွေ မှာတွဲပြီး ကြိုးနဲ့တုပ်လိုက်။ ပါးစပ်တွေကိုလည်း ပိတ်စည်းထားလိုက် ကြ။ ဟိုးမှာ စစ်ရုံးက မိတ်ဆွေတွေကိုလည်း အဲဒီလိုပဲ လုပ်ထားခဲ့ လိုက်။

ကဲ ... ဗိုလ်ကြီးတို့ရေ။ အခြေအနေအရ နားလည်ပေးကြ ပါဦး။ ကျုပ်တို့ယာဉ်တန်း ထွက်ပြီးသွားရင်တော့ ဗိုလ်ကြီးတို့ကို ကြိုး ဖြေပေးမယ့်သူ ပေါ်လာတန်ကောင်းပါရဲ့။ ဒီတော့မှပဲ ဟောဒီက ကျုပ် မိတ်ဆွေများကိုလည်း ကူညီပေးလိုက်ကြဦးပေါ့ ... ဟုတ်လား။

ကဲ ... တံခါးတွေအားလုံး ပိတ်လိုက်။ အပြင်က သော့ခတ် ထားခဲ့တော့။ အိဇမိယက ဗိုလ်ကြီးဟတကို ပြေးပြီးသတင်းပို့။ သေတ္တာ တွေ စတင်ကြတော့။ တင်ပြီးတာနဲ့ ယာဉ်တန်းစထွက်မယ်လို့ ပြော။ မင်းတို့ယာဉ်တန်းထွက်သွားပြီး နာရီဝက်ကြာမှ ငါနဲ့ ဗိုလ်ဖိဖောင့်ချို တို့တပ်ဖွဲ့ ဒီကထွက်လိုက်လာခဲ့မယ်။ စက်ကုန်သာ မောင်းနှင့်ကြပေ တော့။ ငါတို့ မိအောင်လိုက်ခဲ့မယ်လို့ပြော။ လုပ် ... လုပ် ... စတော့''



www.burmeseclassic.com

www.burmeseclassic.com



တပ်ကြပ်အီဇမိယ ပြေးထွက်သွားသည်။

"စစ်ဆိုတာ သစ္စာတရားရဲ့ အရင်းနှီးဆုံးမိတ်ကောင်းဖြစ်ပေမယ့် အဆိုးဝါးဆုံးရန်ဖက်လည်း ဖြစ်တယ်။ စကားလုံးတွေနဲ့ ငြင်းခုံညှိနှိုင်းမရနိုင်တော့လို့ လက်နက်ဆွဲကြရပြီဆိုကတည်းက သစ္စာရဲ့ဝိညာဉ်က ထွက်ပြေးသွားပြီလေ။

ရန်သူဆီက သစ္စာစောင့်သိမှုကို မျှော်ကိုးနေလွန်းရင်တော့ စစ်မြေပြင်ကို ဘယ်တော့မှ ခြေဦးမလှည့်မိစေနဲ့။ ကိုယ့်ရဲ့မစ်ရှင် (တာဝန်) အောင်မြင်ဖို့ဆိုရင် သစ္စာကို ပြောင်ပြောင်ကျောခိုင်းရဲမှ ဖြစ်လိမ့်မယ်။ အေး ... အဲဒါဟာလည်း တို့အားလုံးရင်ဆိုင်နေရတဲ့ ကမ္ဘာလုံးချီစစ်ပွဲကြီးက သင်ကြားပေးခဲ့တဲ့ တို့တွေရဲ့ အသက်ရှင်နေထိုင်မှု အနုပညာဒဿနတစ်ရပ်ပဲ ဆိုပါတော့လေ"

သူ့ဆရာ ဗိုလ်ချုပ်ကြီးစုဇီးယာမ၏ စစ်နှင့်ပတ်သက်သော မှတ်ချက်စကားတို့ကို ပြန်လည်ကြားယောင်မိသည်။ ဂျပန်နိုင်ငံက ယနေ့တွေ့ကြုံရင်ဆိုင်နေရသည့် အာရှစစ်ပွဲကြီး၌ ရှန်းကန်လှုပ်ရှားရင်း ရှင်သန်ကြွင်း ရစ်နေရေးအတွက် ဂျပန်ကြည်းတပ်စစ်ဦးစီးဌာနချုပ်ရုံးတွင် တကုပ်ကုပ်ထိုင်ကာ စစ်ဆင်မှုစီမံချက်များကို တွေးတောစဉ်းစားနေဦးမည့် ဆံပင်ဖြူဖြူ၊ မျက်လုံးပြာမွဲမွဲ၊ အထက်တန်းပြ တောကျောင်းဆရာအိုတစ်ဦး၏ဟန်ပန်ဖြင့် သူ့ဆရာ စစ်ဗိုလ်ချုပ်ကြီးအား အမှတ်ထင်ထင် လွမ်းဆွတ်မိရသည်။

ညဏ်အသက်ရှူသံက ပို၍မြန်လာနေ၏။

ကြယ်ရောင်အလင်းမှုန်မှုန်ကလေးများ အဆုပ်လိုက်ကြဲပက်ထားသည့် ကောင်းကင်ပြင်ကျယ်ကြီးသည် တစ်ပြန့်တစ်ပြောရှိလွန်း





လှသည်။ မြက်ခင်းထူထူစိမ်းစိမ်းပေါ်၌ အားရပါးရပက်လက်လှန်လျက်သားငယ်၊ သမီးငယ်တို့နှင့်အတူ မိုးကောင်းကင်ထက်မှ ကြယ်စင်များကို အတူကြည့်၍ အိပ်မက်ဖူးတွေ ဝေချင်စရာကြီးဖြစ်သည်။ ယခုတော့မူ ...

အိမ်ပျော်ခွင့်များ ခွမ်းလျသွားခဲ့သည်မှာ ကာလရှည်ခဲ့ပြီ။

အိမ်လွမ်းစိတ်တို့ကို ဖက်ပွေ့၍ နေ့များ၊ ညများအား လက်ချိုးရေတွက်တမ်း ကစားခဲ့ရသည်မှာလည်း ပျင်းရိဖွယ်ကောင်းလောက်အောင်ပင် သက်တမ်းကြာခဲ့ပြီ။

သုံးနှစ်၊ သုံးနွေ၊ သုံးမိုး ...။

သုံးကမ္ဘာမက ကြာရှည်လွန်းလှသည်။

စစ်၊ စစ်ပွဲနှင့် စစ်မြေပြင် ..။

သေခြင်းနှင့်ရှင်သန်ခြင်း၊ သတ်ခြင်းနှင့်သေခြင်း ...။ သည်လိုသာ တွေးလုံးရစ်ပတ် လုံးချာလည် သံသရာဖွဲ့နေခဲ့ရစမြဲ။

"ဗိုလ်မှူး ... ကားတွေထွက်လို့ရပြီတဲ့။ ဗိုလ်ကြီးက သတင်းပို့နိုင်းပါတယ်ခင်ဗျ"

"အေး ... ခုချက်ချင်း စထွက်ကြတော့"

"ဟုတ်ကဲ့ ... ဒါပေမဲ့ ဗိုလ်မှူး။ ယာဉ်တန်းကို ဗိုလ်မှူးပဲဆောင်သွားလိုက်ပါ။ ဒီက ကိစ္စတွေကို ကျွန်တော်စောင့်ရှင်းပြီး နောက်က လိုက်လာခဲ့ပါမယ်"

"ဟင် ... ဗိုလ်ကြီးဟာတ"

"ဒီသံသေတ္တာကြီးတွေထဲမှာ ဘာတွေရှိမှန်း ကျွန်တော်မသိပေမယ့် သိပ်အရေးကြီးတဲ့ စစ်ဆင်ရေးတစ်ခုပဲ ဆိုတာရယ်၊ ဒီစစ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ရေးရဲ့ အသက်ဝိညာဉ်ဟာ ဗိုလ်မှူးပဲဆိုတာရယ်ကိုတော့ ကျွန်တော် ခန့်မှန်းမိပါတယ် ဗိုလ်မှူးခင်ဗျာ။ ခန္ဓာနဲ့ဝိညာဉ်ဟာ ကွဲကွာကောင်းတဲ့ အရာမှမဟုတ်တာ။ ဒီပစ္စည်း၊ ဒီယာဉ်တန်း၊ ဒီသံသေတ္တာကြီးတွေနဲ့ အတူ ဗိုလ်မှူးရှေ့က ထွက်သွားပါ။ ကျွန်တော် နောက်ကြောင်းရှင်းရှင်း ချန်နေရစ်ခဲ့ပါမယ်''

သူ့ရင်များ တဒိတ်ဒိတ်ခုန်နေသည်။

တကယ်လည်း ဗိုလ်ကြီးဟာတာ၏စကားက မှန်နေ၏။ အခြေ အနေနှင့်လည်း ကိုက်ညီနေသည်။

အချိန်ဆွဲ၍ မဖြစ်တော့။ သူ သက်ပြင်းကို ရှိုက်၍ချလိုက် သည်။

''ကဲ ... ဗိုလ်ကြီးဟာတာရေ။ ဒါဆိုရင် နောက်ပိုင်းကိစ္စတွေ အတွက် မင်းကိုပဲ ပုံအပ်လိုက်တော့မယ်။ သွားပြီဟေ့''

ယာဉ်တန်းက စ၍ထွက်သည်။

စက်ကုန်ဖွင့်၍ စက်သံတဝူးဝူးပေးကာ အရှိန်မြင့်မောင်းနှင် ထွက်ခွာသွားသော စစ်ဘက်သုံးကုန်တင်ထရပ်ကားကြီး ၁၂ စီးသည် မန္တလေးသို့ဦးတည်လျက် အမှောင်အတွင်း တိုးဝင်သွားကြတော့၏။

မိနစ် ၄၀ ခန့်အကြာတွင် ရန်ကုန်မြို့ ဂျပန်ကြည်းတပ်မဟာ ဦးစီးဌာနချုပ် စစ်သေနာပတိ ဗိုလ်ချုပ်ကြီးအီးဒါး၏ စစ်ဘက်လက် ထောက်က သူ့စစ်သေနာပတိထံသို့ အရေးပေါ်သတင်းပို့သည်။

''ဂျင်နရယ်ခင်ဗျား ... ပဲခူးခရိုင်စစ်ရုံးမှာ ဒေသခွဲစစ်ပုလိပ် အဖွဲ့ဝင်တွေနဲ့ ခရိုင်စစ်ရုံးက အရာရှိတွေကို ဖမ်းချုပ်ထားခဲ့ပြီး မန္တလေး ယန္တရားတပ်ဖွဲ့မှူး ဗိုလ်မှူးကာတိုမိချိစ်နဲ့ အမည်မသိရသေးတဲ့ ...





တပ်ဖွဲ့တွေက စစ်ဘက်ယာဉ်တန်းတစ်ခုလုံးကို စစ်ဆေးမှုမခံဘဲ တိမ်းရှောင်ထွက်ပြေးသွားတယ်လို့ စစ်ရုံးတာဝန်မှူးကြီးက အရေးကြီးသတင်း ပို့လာပါ တယ်ခင်ဗျား''

''ဘယ်သူရယ် ...''

''ဗိုလ်မှူးကာတိုမိချိပါခင်ဗျ။ ဂျပန်ဘုရင်ကေရာဇ်ရဲ့ တတိယ တန်းနေတံဆိပ်ရ စစ်အင်ဂျင်နီယာ အရာရှိတစ်ဦးပါ။ လက်ရှိ မန္တလေး မြို့ ကြည်းတပ်စစ်ဆင်ရေးအရာရှိချုပ်ရဲ့ ဖွဲ့စည်းပုံအောက်မှာ ရှိနေပြီး လောလောဆယ်တော့ စစ်ဘက်ထောက်ပံ့ရေးဌာနချုပ် ဌာနကြီးမှူး ဗိုလ် ချုပ်တာနာကားရဲ့လက်အောက်မှာ ယာယီတွဲဖက်ထားတယ်လို့ သိရပါ တယ်''

''အေး ...''

''စစ်ပုလိပ်အဖွဲ့အကြီးအကဲ ဗိုလ်မှူးကြီးယာမာဒါ (Col. Yamada) ကတော့ အကြီးအကျယ်ဒေါသူပုန်ထနေပြီး ဂျင်နရယ်ဆီကို ချက် ချင်းဝင်တွေ့ဖို့ ခွင့်တောင်းနေပါတယ်''

''ဗိုလ်ချုပ်တာနာကားနဲ့ သွားတွေ့လို့ ပြောလိုက်။ သူတို့နှစ် ယောက်ရဲ့ ညှိနှိုင်းတင်ပြမယ့် အစီရင်စာကိုပဲ ငါစောင့်လိုက်မယ်။ အစီရင် ခံစာနဲ့အတူ နှစ်ယောက်စလုံး လူကိုယ်တိုင်လာတွေ့ပါလို့ ပြောပြလိုက်။ နိုင်လုံတဲ့အဖြေနဲ့ ဆက်လုပ်မယ့်အစီအစဉ်မပါဘဲ တစ်ကောင်မှ ငါ့ရုံးခန်း ဝရိပ်ကိုတောင် မနင်းမိစေကြနဲ့။ ဟုတ်ပလား ...''

''ဟုတ်ကဲ့ ... ဂျင်နရယ်''

ဗိုလ်မှူးကြီးယာနီးက ခေါင်းကိုအသာခါယမ်းလျက် ရုံးခန်း ထဲက ထွက်သွားသည်။ သူ့လက်ထောက်အရာရှိက သူ့ကိုကျော်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်နှင့် စစ်သေနာပတိ ဗိုလ်ချုပ်ကြီးအီးဒါး အားရပါးရပြုံးလိုက်၏။

"ပါမောက္ခက စလှုပ်ရှားနေပါပကောလား။ အောင်မြင်ပါစေ ကာတိုမိချိစံရေ ... ဘုရားသခင်က တို့များရဲ့ နိပ္ပွန်နေဝန်းနီကို စောင့်ရှောက်မှာပါ"

သူ၏ တီးတိုးစကားသံကို ညက စုပ်မျိုသွားသည်။

မည်သူမျှ ကြားခွင့်မကြုံလိုက်တော့။

❁ ❁ ❁

အခန်း [ ၂ ]

❑

"ဟဲလို ... နှင်းဆီနက် ...။ ဟဲလို ... နှင်းဆီနက် ...။ ကြားရင် အကြောင်းပြန်ပါ။ ဒါပဲ"

မလှမ်းမကမ်းမှ ဆက်သွယ်ရေးရဲဘော်သည် ဝိုင်ယာလက်စက်ကိုဖွင့်၍ နောက်တန်းစစ်ဌာနချုပ်ကို အဆက်မပြတ်ခေါ်နေသည်။ နောက်တန်းစစ်ဌာနချုပ်နှင့် အဆက်အသွယ်ယူနိုင်သည့်လမ်းကြောင်းမှာ ဝိုင်ယာလက်စက်တစ်လုံးသာ ရှိတော့သည်။

သူ့တစ်ကိုယ်လုံးတွင်လည်း ချွေးများရွှဲနေ၏။

သည်လိုကာလ၌ မြန်မာပြည်၏ အပူဒဏ်က ပြင်းထန်လွန်းလှသည်။ တစ်နေ့ခင်းလုံး ကမ္ဘာမျက်နှာပြင်ပေါ်သို့ သွန်ကျလာနေသည့်



www.burmeseclassic.com

www.burmeseclassic.com



အပူရှည်များကို အငမ်းမရစုပ်မျိုထားပြီးနောက် ယခုလို ညအချိန်ရောက်မှ တစိမ့်စိမ့် ပြန်အန်ထုတ်နေခြင်းဖြစ်မည်။

မြေကြီးတွေ၊ မြေမှုန်တွေသာမက မဖြစ်မနေရှူရှိုက်နေကြရသည့် လေပူကြီးကပင် ခံစားရချက် ဆိုးရွားလွန်းလှသည်။ နောက်တန်းစစ်ဌာနချုပ်နှင့် အဆက်အသွယ်ယူနေသည့် ဝိုင်ယာလက်စက်သံတဂျုံဂျုံကို နားစွင့်ရင်း ကုန်းကြောကမူကျစ်စာခဲများပေါ်၌ ပက်လက်လှန် လှဲလျက် သူ့တပ်စုက နားနေကြသည်။

''ဟဲလို ... နှင်းဆီနက်။ ဟဲလို ... နှင်းဆီနက်''

နောက်တန်းစစ်ဌာနချုပ်နှင့် အဆက်အသွယ်ရအောင် အကြိမ်ကြိမ်ကြိုးစားသော်လည်း မအောင်မြင်။ ထူးခြားချက်တစ်စုံတစ်ရာ မတွေ့။ သူက ဝိုင်ယာလက်စက်နှင့် နပန်းလုံးနေသည့် သူ့ဆက်သွယ်ရေးရဲဘော်ကိုသာ ငေး၍ကြည့်နေမိသည်။

ကြယ်ရိပ်ကြောင့် မြေပြင်ကို ပျပျမြင်သာရုံရှိသည်။

အပူပိုင်းဒေသ၌သာ ပေါက်ရောက်တတ်သည့် သစ်ပင်၊ ချုံနွယ်စေးပျစ်များ။ သူတို့လက်ရှိရောက်နေသည့် မြေပြင်အနေအထား။ ကြုံတွေ့နေရသည့် ရာသီဥတု၊ မျှော်လင့်မထားဘဲ ရင်ဆိုင်လာရသည့် အကျပ်အတည်းများ။ ရင်ထဲရှိသမျှ ရောက်တတ်ရာရာတွေးနေရင်း ရှေ့ဆက်လုပ်ရမည့် အစီအစဉ်ကို စိတ်တွင်းက ဖယ်ချနေမိ၏။

''ပူလည်း ပူလှချည့်ကွာ။ တောတွေ၊ တောင်တွေ၊ မြေပြင်တွေကလည်း ခြောက်သွေ့လွန်းလှချည့်''

ရက်မကူးသေးမီ မြင်ကွင်းများအပြောင်းအလဲရှိ၍ တောတောင်ရေမြေအနေအထားက ပြောင်းပြန်လှန်ပစ်လိုက်သည်သို့





တွေ့နေကြရသဖြင့် သူတင်မက သူ့တပ်စုပါ ရေထဲကငါးကို ကုန်းပေါ်သို့ ပစ်တင်ခြင်းခံထားရသည့်နှယ် မသက်မသာဖြစ်နေကြသည်။

ချင်းတွင်းမြစ်ဝှမ်းဒေသ မော်လိုက် အပူပိုင်းအမြဲစိမ်းသစ်တောကြီးအတွင်း၌ အနေကြာကာ အသားကျနေပြီဖြစ်သည့် သူ့တပ်ဖွဲ့သည် မြန်မာပြည်အလယ်ပိုင်းဒေသ၏ လွန်လွန်ကဲကဲ ပြင်းထန်လွန်းလှသည့် နွေည၏ အပူဒဏ်ကို မခံမဆံ့ခံနေကြရသည်။

သူတို့ အထူးကွန်မင်ဒိုတပ်စုကလေးသည် ဦးတည်ပစ်မှတ်ဆီသို့ ထွက်လာခဲ့ရင်း တောင်ကမူ ကုန်းကြောကလေးတစ်ခုပေါ်၌ နေရာယူထားကြခြင်းဖြစ်၏။ ပူပြင်းလောင်မြိုက်နေသည့်အပူဒဏ်ကို ခံစားရင်း 'န– နာရီ' ကို သည်းအတိုင်း ထိုင်စောင့်နေကြရခြင်းလည်း ဖြစ်သည်။

မနေ့ညက သူတို့ လုပ်ငန်းစခဲ့ကြသည်။

'ဂျပန် စစ်ဘက်ရိက္ခာသယ်ယာဉ်တန်းကို ဝင်တိုက်မည်။ မီးရထားလမ်းကို မိုင်းခွဲမည်။ ရန်သူစခန်းများကို အလစ်အငိုက်ဝင်တိုက်မည်။ ရန်သူကို ရှုပ်ထွေးအောင် အာရုံနှောက်လှည့်စားပြီးလျှင် လျှပ်ပြက်သလို ချက်ချင်းတပ်ဖျောက်ကာ နောက်ဆုတ်မည်။

တိုက်ပွဲနှင့်ဆိုင်သော လျှို့ဝှက်သတင်းများကို ဆက်သွယ်သတင်းပို့ပြီးလျှင် သူတို့တာဝန် ပြီးဆုံးပြီ။ မူလတာဝန်ရှိရာ စိမ်းမြသစ်တောကြီးထဲသို့ ပြန်ရမည်။ တိုက်စရာရှိသည်များကို ဆက်တိုက်ရမည်'

အလွန်ရိုးရှင်းလွယ်ကူသော သူတို့စစ်ဆင်ရေးစီမံချက်က လွဲဖြစ်အောင်ပင် အလွဲတွေနှင့် ကြုံလာရသေးသည်။ သူတို့အား လေ့ကျင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးထားသည့် ကြမ်းတမ်းခက်ခဲရှုပ်ထွေးလှသော နည်းနာများ မလိုအပ်။ ခမ်းနားဆန်းပြားသော စစ်လက်နက်ပစ္စည်းများကို အသုံးပြုရန်လည်း လိုအပ်လှသည်မဟုတ်။ သမားရိုးကျလက်နက်များ၊ နိစ္စဓူဝစစ်ဆင်မှုပုံစံများနှင့်သာ လုံလောက်သည်။ သို့ဖြစ်ပါလျက် ...

အလယ်ပိုင်းဒေသ စစ်ဆင်ရေးမှူးကြီးဖြစ်သည့် ဂျင်နရယ်စလင်း၏တပ်များက သတ်မှတ်ခန့်မှန်းထားသည့်ရက်ထက် စော၍ ပခုက္ကူကို ဝင်လာနိုင်ခဲ့ကြသည်။ ဧရာဝတီကိုဖြတ်ကျော်ကာ မြင်းခြံကို အလွယ်တကူ သိမ်းနိုင်ခဲ့သည်။

အိန္ဒိယနိုင်ငံ အင်ဖာထိုးစစ်ကြီး၌ စစ်ဦးလန်ခဲ့ရသော ဂျပန်ဒီဗီဇံတပ်မကြီးများမှာ လက်နက်၊ ကျည်၊ ရိက္ခာ မလုံမလောက်နှင့်ပင် ရခိုင်ရိုးမ၊ ချင်းတွင်းမြစ်ဝှမ်းဒေသ၊ မြောက်ဖျားစွန်းဒေသ၊ အရှေ့ဖျားဒေသများရှိ တောကြီးတောင်ကြီးများအတွင်းမှ တအိအိပြိုဆင်းဆုတ်ခွာနေရသည်။ မဟာမိတ်တပ်များ၏ လိုက်လံချေမှုန်းမှုကိုလည်း အလူးအလဲ ခံနေကြရသည်။

အထူးသဖြင့် ဂျင်နရယ်စလင်း၏ အမှတ် (၁၄) တပ်တော်ပု တွင် ပါဝင်ဖွဲ့စည်းထားသည့် သံချပ်ကာယန္တရားတပ်များနှင့် တင့်ကား တပ်များ၏ ချီစစ်ကို မဟန့်တားနိုင်ခဲ့။ မန္တလေးစစ်မျက်နှာအား မြောက် ဘက်မှ ကြံ့ကြံ့ခံနိုင်ရန် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ဂျပန်တိုက်ခိုက်ရေး တပ်ဖွဲ့များမှာ စစ်ပန်းလွန်းပြီ။

အင်ဖာမှတပ်လန်ကာ အပန်းတကြီးဆုတ်ခွာ လာခဲ့ရသည့် ဒဏ်ကြောင့် မဟာမိတ်တို့၏ ထိုးစစ်မြားဦးကို မာမာထန်ထန် အံတု ဖက်ပြိုင်ရင်ဆိုင်ခြင်းငှာ မစွမ်းသာတော့။ မန္တလေးဘက်သို့ နောက်





ဆုတ်ပြီးရင်းဆုတ်လျက် တရွေ့ရွေ့ ခံစစ်ပြုနေကြရသည်။ အကျအဆုံး အထိအခိုက်များလှ၏။

စင်စစ်မူ မိုးကုတ်–ရွှေဘိုထိုးစစ်ကြီးသည် ဂျင်နရယ်စလင်း၏ပရိယာယ်ဖြင့် စစ်ကစားမှုသက်သက်သာဖြစ်သည်။ ဂျပန်တပ်ဖွဲ့များအား အာရုံပြောင်းစေသော စစ်ယောင်ပြမှုတစ်ခုသာဖြစ်သည်။ ဂျပန်ကြည်းတပ်စစ်ဦးစီးချုပ်ရုံးက မန္တလေး၏ မြောက်ဘက်စစ်မျက်နှာ၌ အာရုံဝင်စားနေခိုက် အခွင့်ကောင်းယူကာ ပခုက္ကူမှသည် မြန်မာပြည်အလယ်ပိုင်းစစ်မျက်နှာကို ဖောက်၍ ဝင်လိုက်ခြင်းဖြစ်၏။

မန္တလေးကို မိတ္ထီလာဘက်မှ တိုက်သိမ်းမည်။ ရန်ကုန်နှင့်တကွ ကျန်စစ်ထောက်ပံ့မှုလမ်းကြောင်းများ အားလုံးကို ပြတ်တောက်လျက် ရန်သူတို့အား မန္တလေး၌ အထီးတည်း ပိတ်မိစေရန် စီပံခြင်းဖြစ်သည်။

သူ့စစ်ပရိယာယ်က မျှော်လင့်သည်ထက် ပို၍အောင်မြင်ခဲ့၏။

မူလသတ်မှတ်ထားသည့်ရက်ထက် ပို၍မြန်ဆန်စွာ မြင်းခြံကို သိမ်းပိုက်နိုင်ခဲ့ကြသည်။ ယခုမူ မိတ္ထီလာကို ချက်ချင်းတိုက်သိမ်းရန်ပင် ဦးတည်လျက် တာစူနေကြပြီ။ စစ်သွေးတွေ ကြွနေကြပြီ။

သည်တွင် သူတို့ 'လျှပ်တစ်ပြက်စစ်ဆင်ရေးတပ်ဖွဲ့' အဖို့ ရုတ်တရက် အစာနင်သလို မြုန်းစားကြီး အခက်တွေ့ခဲ့ကြရခြင်းဖြစ်သည်။

မမျှော်မလင့် ရန်သူဂျပန်တပ်များ၏ လှုပ်ရှားမှုက ကြောက်ပက်ဖွယ်ကောင်းလောက်အောင်ပင် မြန်ဆန်ပြင်းထန်ခဲ့သည်။ စစ်နယ်ဝန်းတစ်ခုလုံးရှိ တပ်များအားလုံးကို မိတ္ထီလာသို့စု၍ အင်နှင့်အားနှင့် မဆုတ်တမ်းခုခံရန် ပြင်သည်။ ထိုသို့သာ သူက ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်းခြံဘက်သို့ဦးတည်သော ကတ္တရာလမ်း၊ မြေသားလမ်း အားလုံး၌ ဂျပန်တပ်များ၏ စစ်ယာဉ်တန်းများဖြင့်သာ တင်းကြမ်းပြည့်နေတော့သည်။ ဂျပန်စစ်သားတွေ ဖွေးဖွေးလှုပ်မျှ ယောက်ယက်ခတ်လှုပ်ရှားနေကြသည်။

သူတို့သည်ပင် မကြာမတင်ကလေးက သူတို့ဂျစ်ကားများကို စွန့်ပစ်ခဲ့ရပြီ။ စစ်ဆင်ရေးမပေါက်ကြားစေဖို့ အချိန်နှင့်အလဲအထပ်ပြု ခဲ့ရပြီ။ သတ်မှတ်ချိန်ထက် နောက်ကျပေဦးတော့မည်။

"ချီးတဲ့မှ . . . ဖွီး။ ချီကတည်းက ယဉ်သကို ဆိုသလို ဖြစ်နေပြီ။ ဟိုကလာတဲ့ယာဉ်တန်းကို အုပ်မိအောင် အချိန်မီမှ မီနိုင်ပါဦးတော့မလား။ ဟေ့ . . . မင်းရဲ့ သောက်စက်အစုတ်ပလုတ်ကို ပေါက်သွားသာပစ်လိုက်တော့ကွာ။ ချီး . . ."

ညအမှောင်တွင် ဗိုလ်ကြီးအာသာဘတ်စ်၏ ခပ်အုပ်အုပ်ကျိန်ဆဲသံကို ကြားလိုက်ရသည်။ ဆက်သွယ်ရေးရဲဘော်လည်း သူ့ကြိုးပမ်းချက် မအောင်မြင်တော့သောကြောင့် လက်လျှော့သွားပုံရ၏။ ဘာသံမျှထပ်၍မကြားရတော့။

ခပ်လှမ်းလှမ်းမှ ငှက်အော်သံကို ကြားရသည်။

"စစ်ကြောင်းမှူး . . . ဘာဆက်လုပ်မလဲ။ မြွေပွေးကို ဟိုနား ဒီနား လွှတ်ကြည့်ဦးမလား။ တစ်ခုခုဖန်တီးလို့ ရနိုင်မလားလို့"

ဗိုလ်ကြီးအာသာဘတ်စ်က သူ့နံဘေးသို့ ဝင်ထိုင်သည်။

သူက ခြသေ့်တပ်တွင် သူစတင် တာဝန်ထမ်းဆောင်ခဲ့သည့် အချိန်မှစ၍ တပူးတွဲတွဲ မခွဲမခွာပါလာခဲ့သည့် ဗိုလ်ကြီးအာသာဘတ်စ်ကို အဖြေမပေးမိ။ ကြယ်ရောင်တွင် မြင်ရသော သူ့ပုံသဏ္ဌာန်ကိုသာ





သဘောကျစွာ ကြည့်နေမိသည်။

သူ့ထက် အသက်အနည်းငယ် ငယ်သော်လည်း အလွန်ပျော်တတ်သူဖြစ်သည်။ ယခင်က ဘဏ်တိုက်စာရေးလုပ်ခဲ့ဖူးသူ။ တပ်ထဲသို့ ရိုးရိုးရဲဘော်အဖြစ် ဝင်ခဲ့ပြီး တိုက်ပွဲပေါင်းများစွာကို ဆင်နွှဲခဲ့သူ။ ၁၉၄၁ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိဖြစ်လာပြီး သူတို့ခြသေ့်တပ်ဖွဲ့ သူ့စစ်ကြောင်း (၁) သို့ ရောက်လာခဲ့သည်။

"ငပုတွေ ဘာကြောင့် ဒီလောက်ပြင်းပြင်းထန်ထန် လှုပ်ရှားနေကြတာလဲ ဗိုလ်မှူး။ ချက်ချင်းကြီး ကောက်ကာငင်ကာ ထိုးစစ်ကြီးဆင်နွှဲတော့မယ့် လက္ခဏာမျိုးလို ရွှေ့နေပြောင်းနေကြတာကြည့်ပြီး ကျွန်တော်ကတော့ တွေးလို့မရနိုင်သေးဘူး။ သောက်စက်အစုတ်ပလုတ်ကလည်း အရေးထဲမှာ အရာပေါ်နေပြန်ပြီ"

ယခုအထိ သူ့အသံက အသက်ရှူသံ မမှန်ချင်သေး။ ပြင်းထန်လွန်းသည့် သည်ဒေသ၏အပူဒဏ်ကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။ စိတ်လှုပ်ရှားတက်ကြွမြန်၍ သွေးဆူတတ်သည့် သူ့စရိုက်၊ သူ့ညာဉ်ကြောင့်လည်း ဖြစ်နိုင်သည်။ စိတ်အလိုမကျနိုင်စွာ မြည်တွန်တောက်တီးနေဆဲ။

"မြေပြင်မှာ ငြိမ်ငြိမ်ကလေးလှဲပြီး မျက်စိကိုပိတ်၊ အသက်မှန်မှန်ရှူနေလိုက် . . . ဗိုလ်ကြီး။ ဒါမှမဟုတ်ရင်လည်း ဟိုးပိုးပေါ်က ကြယ်လေးတွေကိုကြည့်ပြီး ရေတွက်နေလိုက်။ ကိုယ်ပျော်လင့်မထားတဲ့ အခက်အခဲနဲ့ ရုတ်တရက်ကြုံလိုက်ရရင် ခဏလေးငြိမ်နေလိုက်တာထက် ပိုကောင်းတဲ့တုံ့ပြန်နည်း မရှိသေးဘူးဗျ"

သူက သူ့ကျောပိုးအိတ်ကို ခေါင်းအောက်ခု၍ လှဲနေရင်းက



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပြောသည်။ သူတို့တပ်စုတစ်စုလုံး ကုန်းကမူကလေး၏ ကျောရိုးပေါ်၌ ငြိမ်ငြိမ်သက်သက်နားနေခဲ့သည်မှာ နာရီတစ်မတ်သာသာ ရှိခဲ့ပြီ ဖြစ်သည်။

ညသည်လည်း ကြောက်မက်ဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသည်။ ပတ်လည်၌ မည်းမှောင်နေသည့် လွင်တီးပြင်ကိုသာ ကြယ်ရောင်အလင်းအောက်တွင် မြင်နေရသည်။

သူ့ရှေ့မလှမ်းမကမ်းရှိ တပ်ကြပ်ကြီးဟေးစ်၏လက်ထဲ၌ ဗစ်ကာအမျိုးအစား အလတ်စားစက်သေနတ်တစ်လက်ရှိသည်။ ကြယ်ရောင်၌ ယင်းစက်သေနတ်၏ ပြောင်းဝကို လှမ်းမြင်နေရသည်။

'ထွက်ခွာသင့်ပြီ ...'

သူ့အလိုလို သိစိတ်အာရုံက သူ့ကိုနှိုးဆော်နေ၏။ စစ်မြေပြင်တွင် တပ်မှူးတစ်ဦးအတွက် အလိုလိုဖြစ်ပေါ်လာတတ်သည့် အာရုံသိမှုကို အလေးမထား၊ လျစ်လျူရှု၍မရ၊ သူ့စစ်သက်ကာလတစ်လျှောက် သူ့စိတ်က ပေးသည့်အမိန့်ကို နာခံရင်း သေကံမရောက် သက်မပျောက်ကြုံခဲ့ရသည်မျိုးမှာ များလှပြီ။ သူနှင့်သူ့တပ်စု၏ကံကြမ္မာကို သည်မနေ့ အာရုံအသိ၏ စေ့ဆော်မှု၌သာ ပုံအပ်ထားလိုက်တော့မည်။

"တပ်ကြပ်ကြီးသိန်းမောင်နဲ့ ဗိုလ်မက်ဟော်တန်ကို ရှေ့လာခိုင်းလိုက်"

"ကျွန်တော်ဒီမှာ ဗိုလ်မှူး"

မြွေပွေးသိန်းမောင်က သူနှင့်မနီးမဝေးမှ လှမ်းပြော၏။ ပြီးလျှင် မြွေတစ်ကောင်နှယ် သူ့ရှေ့သို့ လျှောခနဲရောက်လာသည်။ မကြာမီ ဗိုလ်လေးမက်ဟော်တန်လည်း ရောက်လာ၏။





"တို့ ဒီကနေ လမ်းမကြီးကိုရှောင်ပြီး အရှေ့ရူးရူးကို တည့်တည့်သွားမယ်။ ကားလည်း မသုံးနိုင်ဘူးဆိုတော့ ခရီးကြုံသွားပြီး အချိန်မီနိုင်အောင် မျဉ်းဖြောင့်အတိုင်း တဲ့တိုးချီတက်ရတော့မှာပဲ။ မြွေပွေးသိန်းမောင်က ဒီနယ်ဇာတိသားဆိုတော့ ဒီက ရွာတွေ၊ လမ်းတွေ မင်းအသိဆုံး။

မင်းနဲ့ ဗိုလ်မက်ဟော်တန်တို့တပ်စိတ်က ပွိုင့်ကနေ လမ်းရှာရင်း ရှေ့ကသွားတော့။ ရွာတွေကို ကွင်းမယ်။ လယ်တဲတွေ၊ ကင်းတွေကို ရှောင်မယ်။ လျှပ်တစ်ပြက် အမြန်ချီတက်နည်းအတိုင်း တောက်လျှောက်ချီတက်ကြမယ်။ ကိုင်း ...ထကြ။ လမ်းဆုံးရင် ရွာရောက်မြဲပဲ"

သူက မတ်တတ်ထရပ်လိုက်သည်။

ရုတ်ခြည်းပင် သူ့တပ်စုက အသက်ဝင်လာတော့၏။

သတ်မှတ်လမ်းကြောင်းအတိုင်း ချီတက်လျှင် ရည်မှန်းချက်သို့ အချိန်နောက်ကျပြီးမှ ရောက်မည်။ ယာဉ်အကူအညီမပါနိုင်လျှင် ယင်းလမ်းကြောင်းက ခရီးကို ပိုဝေးစေ၏။ သူတို့စစ်ဆင်ရေးက သတ်မှတ်ထားသည့်အချိန်နှင့် အစီအစဉ်အတိုင်း ရည်မှန်းချက်သို့ ရောက်ဖို့လိုသည်။ အမှောင်ထုကို အကာအကွယ်ယူပြီး ရန်သူယာဉ်တန်းကို လျှပ်တစ်ပြက် ဝင်စီးနိုင်ဖို့လိုသည်။

ထိုစဉ်တွင် ...

"ဒိုင်း ..."

"အား ..."

ရှေ့အမှောင်ထုအတွင်းမှ သေနတ်သံတစ်ချက် ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စက္ကန့်ပိုင်းမျှသာ ကြာ၏။ ဂျပန်စက်သေနတ်သံနှင့် လက်နက်ငယ်များ စုပြုံပစ်ခတ်လိုက်သည့်အသံတို့က ဧရာပွက်သည့်နှယ် ဆူညံပေါက်ကွဲလာတော့သည်။

တရှိုးရှိုးအသံပေး၍ မိုးသီးမိုးပေါက်များနှယ် တရစပ်ပြေးဝင်လာနေသော ကျည်ဆန်များက ကြောက်မက်စဖွယ် မိစ္ဆာအော်သံကြီးများဖြင့် ပေါက်ကွဲနေကြသည်။ ပတ်လည်မှ လောကကြီးတစ်ခုလုံးကို တိုက်ပွဲ၏ သေမင်းတမန် ဆူညံပေါက်ကွဲသံများကသာ ဖုံးလွှမ်းလျက်ရှိ၏။

"ဝပ် ... နေရာယူ"

ရှေ့နားဆီမှ ဗိုလ်ကြီးအာသာဘတ်စ်၏အသံကို ကြားရသည်။ သူနှင့် သူ့တပ်ဖွဲ့မှာ ဤနှယ် လက်တစ်ကမ်းတိုက်ပွဲအတွေ့အကြုံများ၌ ရင့်ကျက်ခဲ့ပြီးဖြစ်၍ ကိုယ်စီနေရာယူပြီးဖြစ်၏။ ရန်သူ၏ပစ်ခတ်မှုအားကောင်းလွန်းလှ၍သာ တန်ပြန်ပစ်ခတ်ခွင့် မရသေး။ အမှောင်ကမျက်ကွယ်ဖြစ်နေ၍ ရနိုင်သမျှ ကျည်ကွယ်နေရာကောင်းကလေးများကို မြေပြင်၌ တွန့်လိမ်ဝပ်တွား ရှေ့လျားရင်း ရှာဖွေနေကြရသည်။

"ဟင် ..."

အမှောင်ကြီးထဲ၌ သူဝင်တိုးမိသည်မှာ သူ့ရဲဘော်တစ်ဦး၏ သက်မဲ့ခန္ဓာ။ တိုက်ပွဲစလျှင်စချင်းပင် ကျဆုံးခဲ့ခြင်းဖြစ်မည်။ သူ့ဘေးတွင်လည်း အသံကိုထိန်း၍ ညည်းညူတွန့်လိမ်နေသည့် ကိုယ်ကောင်ကြီးများကို တလှုပ်လှုပ်မြင်နေရသည်။

'အသံကတော့ လားရှိုဗဟာဒူးနဲ့ ဗိုင်ယာလက်စက်သမားရဲ့ ဘော်ဖာဂူဆန့်ပဲ။ တော်တော်ထိထားကြလေသလား'





တော်မီဂန်းကို ပစ်ခတ်ရန် အသင့်အနေအထားဖြင့် ကိုင်ထားလျက် သူတွေးသည်။

ညက ပို၍ပူအိုက်နေ၏။

သို့သော်လည်း သူ့တစ်ကိုယ်လုံးတွင် အေးစက်သောချွေးစေးတို့က အဆက်မပြတ် ယိုစီးကျနေသည်။

အခြေအနေကို အကဲခတ်ကြည့်လိုက်၏။

သူတို့တပ်ဖွဲ့တစ်ခုလုံး ဝရုန်းသုန်းကား၊ ဖရိုဖရဲဖြစ်နေတော့၏။ ရန်သူတို့၏ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းပိတ်ဆို့ကာ ဗိုင်းပတ်ချေမှုန်းတော့မည့် အရိပ်အယောင်ကို သူ့အတွေ့အကြုံအရ စိတ်ထဲက သိလိုက်သည်။

'ဖောက်ထွက်မှ ...။ အားလုံးသေကုန်တော့မယ်'

သူ့လိပ်ပြာကလည်းသူ့ကိုသတိပေးနေသည်။

ပစ်သံခတ်သံများ၊ ညဥ့်အမှောင်၌ မြင်နေရသည့် ပစ်ခတ်မှုကြောင့် ပေါက်ကွဲထွက်လာသော နီနီရဲရဲမီးပွင့်ကလေးများ၊ ကြယ်ရောင်ရိပ်ဖြင့် မြင်နေရသည့် ရန်သူတို့၏ တလှုပ်လှုပ် ပြေးလွှားလှုပ်ရှားမှုများအရ ရန်သူအင်အား များပုံရသည်။

သူတို့ ကွန်မင်ဒိုတပ်စုနှင့် ထိပ်တိုက်ဝင်တိုးမိသည့် ဂျပန်တိုက်ကင်းတစ်ခုတော့ မဖြစ်နိုင်။ ဂျင်နရယ်စလင်း၏ အမှတ် (၁၄) တပ်တော်စုမှ မဟာမိတ်စစ်ကြောင်းများချီလာမှုကို ဟန့်တားရန် စနစ်တကျ နေရာယူတည်ဆောက်ထားသည့် ခံစစ်ဇုန်နှယ်အတွင်းသို့ သူတို့တပ်စုက အမှတ်မထင် ကျွံဝင်လာခဲ့မိခြင်း ဖြစ်မည်ထင်သည်။ သူတို့တပ်စု၏ ဗိုင်ယာလက်စက် ချွတ်ယွင်းနေခြင်းကပင် သည်ကြမ္မာဆိုး



www.burmeseclassic.com

www.burmeseclassic.com



ကို ကြုံကြိုက်စေခဲ့ခြင်းဖြစ်သည်။

"ဘုရား ...ဘုရား ..."

သူ တိုးတိုးကျိတ်၍ တ,နေမိ၏။

ရှေ့နှင့်ဘေးပတ်လည်၌ ဂျပန်တို့၏ ထုနှင့်ထည်နှင့် ဖွဲ့စည်းထားသည့် ခံစစ်ကြောင်းကြီး။ မဟာမိတ်တပ်များ မိတ္ထီလာသို့ ဦးတည်ချီတက်လာသည့် ထိုးစစ်မြားဦးကို မဆုတ်တမ်းရိုက်ချိုးရန် ရည်ရွယ်စုဖွဲ့ထားသည့် ခံစစ်စည်းကြီး။

သူတို့နောက်ကျောဘက်၌ ဂျင်နရယ်စလင်း၏ မြန်မာပြည်အလယ်ပိုင်းဒေသသိမ်းပိုက်ရေး စစ်ဆင်မှုကြီးတစ်ခုလုံးကို တာဝန်ယူထားရသည့် အမှတ် ၁၄ တပ်တော်စုကြီးမှ စစ်ကြောင်းများ။ သံချပ်ကာယန္တရားတပ်များ၊ တင့်ကားတပ်များ၊ မဟာမိတ်တပ်များကလည်း အင်ကြီးအားကြီးနှင့် ထိုးစစ်ကြီးချီလာနေသည်။

သူတို့တပ်စုက ထိုးစစ်နှင့်ခံစစ် နှစ်ခုကြားညှပ်၍ ပိတ်မိနေ၏။ ထမ်းဆောင်ရမည့် စစ်ဆင်ရေးတာဝန်ချင်းကလည်း မတူ။ သူတို့တပ်စုက 'လျှပ်တစ်ပြက် ထိုးဖောက်စစ်ဆင်ရေး' အထူးကွန်မင်ဒိုတိုက်ခိုက်ရေးတပ်စု။ သမားရိုးကျစစ်ပွဲသည် သူတို့နှင့် တိုက်ရိုက်မဆိုင်။ မဟာမိတ်တို့၏ ထိုးစစ်နှင့် ရန်သူဂျပန်တို့၏ ခံစစ်မျဉ်းအကြားမှ အသာလျှိုကာ မူလစစ်ဆင်ရေးတာဝန်ကိုသာ အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ သို့ပင်ဖြစ်လည်း ...။

အခြေအနေတို့က ရှုပ်ထွေးကုန်သည်။

သူ့တပ်စုသည် ရန်သူနှင့်ထိတွေ့မှုမရှိမီအထိ စနစ်တကျနေသေးသည်။ ဖွဲ့စည်းမှု သိပ်သည်းကျစ်လျစ်နေသေးသည်။ ယခု ရန်





နှင့် ပက်ပင်းတိုး၍ အလစ်အငိုက် ဝိုင်းအတိုက်ခံလိုက်ရသည်နှင့် အားလုံး ကစဉ့်ကရဲဖြစ်ကုန်သည်။ ရန်သူကိုပင် ထိထိရောက်ရောက် တန်ပြန်ပစ်ခတ်မှု မလုပ်နိုင်သေး။ 'Don't dance with enimy's tunes ရန်သူရဲ့တီးကွက်မှာ မျှောမက,မိစေနဲ့'.. တဲ့။

လျှပ်တစ်ပြက်စစ်ဆင်ရသည့် သူတို့လို တပ်ဖွဲ့များအတွက် အခြေခံသင်ရိုး၏ အစဦးဆုံးသင်ခန်းစာ။ တိုက်ပွဲ၌ အသက်ရှင်ကြွင်းကျန်ရစ်ရေးနည်းဗျူဟာ။ ယခုမူ သည်အခြေခံစည်းမျဉ်းကိုပင် မထိန်းသိမ်းနိုင်တော့။

"ဖောက်ထွက်မှ ဖြစ်မယ်"

သူ့တစ်ကိုယ်တည်းပြောသံက အမှတ်မထင် နှုတ်မှလျှံထွက်သွားသည်။ သို့တစေ သည်အခြေအနေတွင် တပ်စုတစ်စုလုံးက သူ့ထံမှ၊ သူတို့တပ်မှူးထံမှ 'တိုက်မလား၊ သေမလား' စစ်မိန့်တစ်ရပ်ရပ်ကိုသာ တောင့်တောင့်တတစောင့်နေကြခြင်းဖြစ်ရာ သည်အသံက သူတို့အတွက် လျှပ်ပြက်သလိုပင် လင်းလက်သွားစေ၏။

"ကျွန်တော် ဗိုလ်ကြီးအာသာဘတ်စ်နဲ့ ရှေ့ကအဖွဲ့တွေသိ ပြေးပြောလိုက်မယ် ဗိုလ်မှူး။ တပ်စုတစ်စုလုံး ခေါင်းဖော်နိုင်လို့ ပစ်အားစုနိုင်တာနဲ့တစ်ပြိုင်နက် ရှေ့ကခံစစ်စည်းကို တစ်ဟုန်ထိုး ဖောက်ထွက်ကြမယ်လို့"

စစ်မြေမှ စစ်သည်သူရဲ၏ အတွေးနှင့်စစ်သွေးက ဆန်းသည်။ သေခြင်း၊ ရှင်ခြင်းထက် သူတို့ထမ်းဆောင်ရမည့်စစ်ဆင်ရေး အောင်မြင်မှုသည်သာ အဓိက။ မည်သူပါပါ၊ မပါပါ။ မည်သူသေသေ၊ ရှင်ရှင်။ ဤသည်လည်း အရေးမကြီး။ ကျန်ရစ်သူတို့က စစ်ဆင်ရေးတာဝန်ကို



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်သည်အထိ ထမ်းရွက်သွားနိုင်ဖို့သာလျှင် သူတို့ အမြင့်မား ဆုံး တန်ဖိုးထားအပ်သော အရာဖြစ်သည်။

"ဖောက်ထွက်မယ်"

"ရန်သူ့ခံစစ်စည်းကို ဖောက်ထွက်မယ်"

ဂျပန်စက်သေနတ်သံက အဆက်မပြတ်ပေါ်နေဆဲ။

စက်သေနတ်သံနှင့်အတူ သူ့အမိန့်က တစ်ယောက်နှုတ်ဖျား တစ်ယောက်နား လက်ဆင့်ကမ်းသွားသည်။

ခဏကြာလျှင် ...

သူတို့ဘက်မှ ဘရင်းဂန်းစက်သေနတ်သံများကို ကြိုကြား ကြား ကြားလာရသည်။ ရိုင်ဖယ်သေနတ်သံများ၊ တော်မီဂန်းသံများ၊ သေနတ်မောင်းတင်သံများ၊ လက်ပစ်ဗုံးပေါက်ကွဲသံများကိုပါ ဆက်တိုက် ကြားရသည်။ သူ့ဘက်ကိုယ့်ဘက် နှစ်ဘက်စလုံးမှ ပစ်ခတ်သံများ တိုက်ပွဲကြီးတစ်ပွဲ အသွင်ဆောင်လျက် ပြင်းထန်ကြမ်းတမ်း၍ လာ ၏။

အော်ဟစ်အမိန့်ပေးသံ၊ ဆဲသံဆိုသံ၊ ညည်းညူသံ၊ ဂျပန် စက်သေနတ်သံ၊ သူတို့၏ဘရင်းဂန်းသံ၊ လက်နက်ငယ်မျိုးစုံပစ်ခတ်သံ၊ လက်ပစ်ဗုံးပေါက်ကွဲသံ၊ မော်တာကျည်ဆန်ကျကွဲသံ၊ ပစ္စတိုခြောက်လုံးပြူးသေနတ်သံ ဆူညံထွေးယှက်လျက် ကမ္ဘာပျက်သည်သို့ ငရဲပွက် တော့သည်။

"တက် ... တက် ..."

"ပစ် ..."

"လုံ့စွပ်တပ် ..."

---

စိတ်ကူးသစ်စာပေ



"ပစ် ... ပစ် ... ပစ် ... ဖိပစ်ထား"

"မဆုတ်နဲ့။ တက် ..."

အမိန့်ပေးသံ၊ ပစ်သံခတ်သံ၊ ကျည်ပေါက်ကွဲသံမျိုးစုံကြား၌ လုံ့စွပ်များတပ်သည့်အသံ၊ ဂေါ်ရခါးဓားကောက်များထုတ်သံ စသည့် တိုက်ပွဲ၏ သွေးဆာနေသော သေမင်းအော်သံများကို ကြားနေရသည်။

"တိုက်ကြ ..."

ကျယ်လောင်စွာ အော်ဟစ်အမိန့်ပေးလိုက်သည်။ အုံ့ဩစရာ ကောင်းလောက်အောင်ပင် သူ့အသံက တည်ငြိမ်ရဲရင့်နေ၏။ သူတို့ တပ်မှူး၏ စစ်မိန့်သံနှင့်အတူ သူတို့တပ်စုသည် တစ်ပေါင်းတစ်စည်း တည်းသော အင်အားတစ်ရပ်အဖြစ် သိပ်သည်းစွာ ပြောင်းလဲသွား၏။ နားအရပ်မရှိ ပြေးလွှားလျက် ရန်သူတို့ရှိရာ တိုးဝင်နေသော သူတို့ ၏ခြေအနုတ်အသိမ်းကိုပင် လေးလံလွန်းလှသည် ထင်နေမိကြသည်။

တစ်လှမ်း ... နှစ်လှမ်း ... သုံးလှမ်း ...။

ရန်သူ၏ခံစည်းမျဉ်းက နီး၍နီး၍ လာနေသည်။

"ဘန်ဇိုင်း ... ဘန်ဇိုင်း ... ဘန်ဇိုင်း ..."

ဂျပန်တို့၏ စစ်ကြွေးကြော်သံများကလည်း တစ်ဝေါလုံးညံ နေ၏။ စစ်မြေပြင်တစ်ခုလုံးကို ဖုံးလွှမ်းနေသည်။ ကြယ်ရောင်ရိပ်၌ အော်ဟစ်ညာသံပေးလျက် သူတို့ထံ ဦးတည်ပြေးလာနေသော ဂျပန် စစ်သားများကို တွေ့နေရသည်။ တရိပ်ရိပ်ဖြင့် နီးကပ်လာနေသည့် သူတို့၏အရိပ်များက သရဲတစ္ဆေ၊ ဘီလူးသဘက်များသဖွယ် သရဲမင်းရဲ လျက် ဗွတ်ကြီး တိုးဝင်လာနေကြသည်။

ကိုက်ငါးဆယ် ...

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုက်လေးဆယ် ...

ကိုက်သုံးဆယ် ...။

သူ့ညာလက်က ခါးပတ်ဆီသို့ အလိုအလျောက်ရောက်သွ
၏။ လက်ပစ်ဗုံးကို အသင့်စမ်းမိသည်။ ပင်ကိုဖြုတ်လိုက်ပြီး ရှေ့က
ပြေးလာနေသည့် ရန်သူများရှိရာ လှမ်း၍ အားကုန်ပစ်ပေါက်လိုက်သည်။
ညဥ့်အမှောင်တွင် အနီရောင်မီးတောက်နှင့် မီးခိုးလုံးများ ဝုန်းခနဲပေါ်
လာ၏။

"ဝုန်း ..."

"ဝုန်း ..."

"ဝုန်း ..."

"အား ... အား ... အား ..."

လက်ပစ်ဗုံးပေါက်ကွဲသံများကို ဆက်တိုက်ကြားရပြီး ပြေးလာ
နေသည့်ရန်သူများ အတုံးအရုန်းပြိုလဲကျဆုံးလျက် ကစဥ့်ကလျားဖြ
ကုန်ကြသည်။ လက်ပစ်ဗုံးပေါက်ကွဲသံများက အချက်ပေးလိုက်သ
သို့ဖြစ်ကာ သူ့ပတ်ပတ်လည်ရှိ သူတို့တပ်ဖွဲ့ထံမှ တော်မီဂန်း၊ ဘရ
ဂန်းသံများ အစုလိုက်အပြုံလိုက် အဆက်မပြတ် ထွက်လာကြသည်။

"ကျား ... ကျား ... ကျား ..."

"ပစ် ..."

"ခြသေ့်တပ်ဖွဲ့ကွ ... ခြသေ့်တပ်ဖွဲ့ဟေ့"

"သေစမ်းဟ ငပုကောင်တွေ"

"တက် ... တက် ..."

တကယ်ပင် သွေးရူးသွေးတမ်းဖြင့် လူမဆန်လွန်းသော ပို





ပွဲတစ်ခုဖြစ်သည်။ တစ်ဖက်နှင့်တစ်ဖက် ထွေးလုံးရစ်ပတ်ဖြင့် အညှာ
အတာကင်းစွာ သတ်ဖြတ်နေကြတော့၏။

တစ်ခဏအတွင်း တိုက်ပွဲက ပြီးဆုံးသွားသည်။

သူအသက်ရှင် ကျန်ရစ်နေသေးသည်။ သူ့ရဲဘော်များ၊ သူ့
တပ်ဖွဲ့များလည်း ကြွင်းရစ်ရှင်သန်နေလေဦးမည်ထင်သည်။ သည်သို့
သာ မျှော်လင့်ထားချင်သည်။

သူ့မျက်နှာပေါ်၌ ချွေးတို့ ချက်ချင်းရွှဲလာ၏။ မျက်လုံးများထဲ
သို့ပင် စီးဝင်လာတော့သည်။ သူက မျက်လုံးထဲသို့စီးဝင်နေသည့် ချွေး
များကို လက်ဖမိုးဖြင့် သုတ်ပစ်လိုက်သည်။ ယခုမှပင် အသက်ရှူရ
မည်ကို သတိရ၏။

သူ့ဘေးက ရယ်သံကို ကြားရသည်။

မြွေပွေးသိန်းမောင်..။ သူတို့တပ်ဖွဲ့၏ မြန်မာပြည်တွင်း စစ်
မျက်နှာအတွက် သူကိုယ်တိုင် စစ်ဆင်ရေးမှူးကြီး ဗိုလ်မှူးချုပ်ဝင်းဂိတ်
ထံမှ တကူးတက တောင်းခံခေါ်ယူထားသည့် တပ်ကြပ်ကြီး။ မြန်မာ
လူမျိုးတစ်ဦး။ ဟိုမှသည်မှ လူသံသူသံတွေ ကြားလာရပြန်သည်။ ဗိုလ်
ကြီးအာသာဘတ်စ်၊ ဗိုလ်ဘရိုင်ယန်ဂစ်၊ ဗိုလ်လေး ပက်ဟော်တန်၊
ရဲဘော်လေးဖလက်ချာ၊ စမစ်၊ လားရိုဗဟာဒူးသာပ၊ တပ်ကြပ်ကြီးဟေးစ်။

အချင်းချင်း မေးသံမြန်းသံ၊ နှုတ်ဆက်နေသံများက လတ်
တလောတိုက်ပွဲ၏အဖြေကို ဆုံးဖြတ်ပေးနေသည်သို့ ဖြစ်သည်။

'တိုက်ပွဲ၌ ရှင်သန်ကြွင်းရစ်သူသာ အစစ်အမှန်အောင်နိုင်တဲ့
သူဖြစ်တယ်'

မည်သည့်အခါကာလတွင်မှ မမှားယွင်းသော စစ်၏ဥပဒေသ။



www.burmeseclassic.com

www.burmeseclassic.com



သူက မသေနိုင်သေးသည့် သူ့ကိုယ်ကို အံ့ဩမိသလို သူနှင့် သူ့တပ်စုအား စောင့်ရှောက်ပေးခဲ့သည့် အဖဘုရားသခင်အားလည်း ကျေးဇူးတင်နေမိသည်။

သူက လှဲ့လှဲ့ပြုံးလိုက်၏။

သည်စဉ်အခိုက် ...

"မီးမခြစ်နဲ့"

"သောက် ... မင်းအမေလင်တွေကို တို့ရှိတဲ့နေရာ ပစ်မှတ် ညွှန်းပေးဦးမလို့လား"

"ဝပ်ချလိုက် ... မြေပြင်ကို ဝပ်ချလိုက်"

သူနှင့် ဗိုလ်ကြီးအာသာဘတ်စ်တို့၏ အမိန့်ပေးသံများပင် မဆုံး လိုက်။

ဂျပန်စက်သေနတ်များ အတွဲလိုက်ပစ်ခတ်သံ၊ မော်တာကျည် ကျရောက်ပေါက်ကွဲသံနှင့် လက်နက်ငယ်မျိုးစုံ စုပြုံပစ်ခတ်သံတို့က တ နက် ထွက်ပေါ်လာတော့သည်။

'ခံစစ်ကြောင်းနောက်မှာ မိန်းဘော်ဒီကြီးတစ်ခုလုံး ရှိနေတာ ပါလား'

အသိတစ်ချက် လင်းခနဲဝင်လာ၏။ ကိုယ်ကိုကွေးညွတ်၍ မြေ ပြင်ဆီဝပ်ချရန် ကြိုးလိုက်စဉ် ရန်သူ့ကျည်တစ်တောင့်က သူ့ဘယ်ဘက် ရင်အုံကို အရှိန်ပြင်းစွာ ဖောက်ဝင်သွား၏။ မီးစကြီးနှင့်ထိုးလိုက်သလို ပူခနဲအတွေ့ကို သိလိုက်ရသည်။ ထိပြီ ...။ သူ့ကိုယ်ကောင်ကြီးက ရပ်တည်မနိုင်။ နောက်သို့လန်လျက် ယိုင်လဲကျသည်။ တသိတတ ကြီး ပလူပျံသလို ပြေးဝင်လာနေသည့် ရန်သူ့ကျည်တို့ကလည်း သူ့





ခြေလက်၊ သူ့ညာပခုံးတို့ကို ဝင်မှန်ကြပြန်၏။

"ဗိုလ်မှူး ... ဗိုလ်မှူး ..."

"ဟာ ... စစ်ကြောင်းမှူး ထိသွားပြီ"

"ဗိုလ်မှူးဒန်းလော့ ... ကျသွားပြီ"

"ဗိုလ်မှူး ... ဗိုလ်မှူး ..."

တစ်ယောက်တစ်ပေါက် ပြောနေသံတွေကို ကြားသည်။ သူ့ ထံသို့ ဝရုန်းသုန်းကား ပြေးလွှားလာနေသံတွေကို ကြားသည်။ ပြေး လာနေရင်းက မိုးသီးမိုးပေါက်ကြွေသလို တဖြောဖြောတသောသော ဘာခဲနက်ပစ်ခတ်နေသည့် ရန်သူ့ကျည်ထိမှန်ကာ တဝုန်းဝုန်း ပစ်လဲ ကျသံတွေကို ကြားသည်။ ရှုံးပြီ။ သူတို့စစ်ဆင်ရေးသည် ဤတွင် တစ်ခန်း ရပ်ကာ တစ်စစီပြိုကွဲသွားခဲ့ပြီ။

"ထားခဲ့ ... ငါ့ကိုထားခဲ့။ ကျန်နေသေးတဲ့လူတွေ စုစည်း။ ရန်သူ့ခံစစ်ကြောင်းကို ဖြစ်တဲ့နည်းနဲ့ ဖောက်ထွက်ကြ။ တို့စစ်ဆင်ရေး ရဲ့ မစ်ရှင်ဖြစ်တဲ့ ဂျပန်စစ်ဘက်ယာဉ်တန်းကို အချိန်မီစီးနင်းဖို့ကိုသာ အစွမ်းကုန် ကြိုးစားကြ။ အဲဒီယာဉ်တန်းနဲ့သယ်လာတဲ့ သံသေတ္တာကြီး တွေထဲက ပစ္စည်းတွေဟာ ဘာတွေလဲ ... သိအောင်လုပ်။ ဂျင်နရယ် စလင်းကို ဆက်သတင်းပို့လိုက်ကြ"

သူ့ရင်ထဲမှ သူပြောချင်သည့်စကားတို့က အသံအဖြစ် ထွက် ပေါ်မလာနိုင်တော့။ ကျတ်တီးကုန်းမြေပေါ်၌ အရှိန်ဖြင့် ပစ်လဲကျနေ သည့် သူ့ခန္ဓာကြီးပင်လျှင် သည်အတိုင်းတိုင်း။ လှုပ်၍မရ ...၊ လူး၍ လွန့်၍မရ။ တွဲလောင်းကြီးကျနေသော ညာလက်တစ်ခုလုံးက သူ့ကိုယ် ကြီးအောက်၌ ဖိမိထားသေးသည်။ ဆွဲထုတ်၍မရ ...။ သူ့အသိ၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



သတိ၊ သူ့စိတ်ဝိညာဉ်များ ပျောက်ကွယ်ချုပ်ငြိမ်းမသွားသေးသည့်တိုင် သူ့ဦးနှောက်၏အမိန့်ကို သူ့ခန္ဓာက လိုက်နာခြင်းမပြုနိုင်တော့။ လိုက်နာနိုင်စွမ်းမရှိတော့။

"ဗိုလ်မှူး ... ဗိုလ်မှူး ..."

သူ့ကိုခေါ်နေသံတွေက ဝေးလိုက်၊ နီးလိုက် ...။

တစ်ခါတစ်ခါ နားနားကပ်၍ ခေါ်နေသလို၊ တစ်ခါတစ်ရံ ဟိုးအဝေးကြီးက လာနေသလို ...။ ပေါ်လာလိုက်၊ ပျောက်သွားလိုက်ကြားနေရသည်။

သူ့ပါးစပ်မှ စေးထန်းထန်းအရည်များ ထွက်ကျလာနေသည်ကို သူသတိပြုမိသည်။

"သွေး ... သွေး ... သွေးတွေ ..."

သွေးတွေအန်ကျလာနေပြီမှန်း သူသိသည်။ ပြင်းထန်သောနာကျင်မှုဝေဒနာ ပေါ်လာသည်။ တစ်ကိုယ်လုံးရှိ နေရာတိုင်းက ခံစားနေရသည့် ဝေဒနာ။ တစ်စတစ်စ ပို၍ပို၍ ပြင်းထန်လာနေသည်။

"လမ်းမလျှောက်နိုင်လောက်အောင် ဒဏ်ရာရနေသူမှန်သမျှကို စွန့်ပစ်ထားခဲ့"

ကမ္ဘာကျော် ခြသေ့်တပ်ဖွဲ့၏ သံမဏိစစ်စည်းကမ်းဖြစ်သည်။ လုံခြုံမှု၊ လျင်မြန်မှုနှင့် သံယောဇဉ်တို့ကို အလဲအထပ်မပြုရဲလေက စစ်ဆင်ရေးတာဝန်များ အောင်မြင်ရန် ခဲယဉ်းသည်။

"ငါ့ကို ထားရစ်ခဲ့ကြ။ ချန်ထားရစ်ခဲ့ကြ။ ငါတို့စစ်ဆင်ရေးကို ပြီးအောင် ဆက်တာဝန်ယူကြ"

စိတ်ခွန်အားတို့ လျော့နည်းပါးလျလာနေသည့်တိုင် သူ့တာဝန်





ကို ကြွင်းသမျှစိတ်သတ္တိဖြင့် ဖြန့်လွှတ်အမိန့်ပေးကြည့်နေမိသေးသည်။

"ဗိုလ်ကြီးအာသာဘတ်စ် ... ဗိုလ်လေးမက်ဟော်တန် ... တပ်ကြပ်ကြီးဟေးစ် ... မင်းတို့ ဆက်တာဝန်ယူကြ"

သူမျက်စိတို့ ပြာဝေလာပြီ။ ညက ပို၍မှောင်လာနေသည် ထင်ရ၏။

မျက်နှာနှင့်မြေပြင်က တစ်သားတည်းထိကပ်နေ၍ ကောင်းကင်ကို မြင်ခွင့်မသာ။ တစ်ယောက်ယောက်က သူ့ကိုယ်ကို ဆွဲလှန်၍ပေးလိုက်စေချင်သည်။ သည်ဘဝသည်ခန္ဓာကို မစွန့်လွှတ်ရမီ ခဏကလေးတွင် သည်ကောင်းကင်၊ သည်ကြယ်စင်တွေကို အားရအောင်ကြည့်သွားချင်သေးသည်။

ပြီးလျှင် သူ့လည်ပင်းမှ ငွေဆွဲကြိုး၌ ချိတ်တွယ်ထားသောသူ့စစ်ဘက်မှတ်တမ်း သတ္တုပြားလေး။ ရန်သူလက်ရမသိမ်းပီ ဆွဲဖြုတ်ကာ ဝေးရာသို့ လွှင့်ပစ်လိုက်စေချင်မိသည်။ စစ်ဆင်ရေးနှင့်ပတ်သက်သော သဲလွန်စတစ်စွန်းတစ်စကိုမျှ သည်ငပုကောင်တွေလက်ထဲမရောက်စေချင်။ သည်တာဝန်ကို သူ့ဘဝနောက်ဆုံးအချိန်၌ပင် သူကျေပွန်ခဲ့ချင်သေးသည်။

"ဘန်ဇိုင်း ... ဘန်ဇိုင်း ... ဘန်ဇိုင်း ..."

ရန်သူတပ်များက တဝုန်ဝုန်းတဒိုင်းဒိုင်းပစ်ခတ်၍ ချီတက်လာနေကြပြန်ပြီ။ သည်တစ်ခါ သူတို့တပ်ဖွဲ့အား လက်စသိမ်းချေမှုန်းတော့မည်ထင်သည်။ အိန္ဒိယနိုင်ငံ၊ အင်ဖာတွင် အခြေစိုက်သော သူတို့ခြသေ့်တပ်ဖွဲ့၏ အောင်ပွဲတွေ များလွန်းလှသည်။ အလီလီအခါခါ အောင်နိုင်သူအဖြစ် အားရပါးရ ပြုံးရယ်ခဲ့ရဖူးလှပြီ။



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ ...

မြန်မာပြည်စစ်မြေပြင်၌ သည်တစ်ခါ အရှုံးနှင့်ကြုံဖူးခဲ့ရပြီ။

သည်အရှုံးနှင့်အတူ ...

ရန်သူတို့၏ ခြေသံများက နီး၍လာနေသည်။

သူ၏ကိုယ်က တစ်ချက်မျှ လူပ်ခနဲတွန့်ကာ သွေးတွေပွက်ခနဲ ထိုးအန်ချလိုက်သည်။ ပြီးလျှင် လုံးဝငြိမ်သက်သွားတော့၏။

သူ၏နောက်ဆုံးထွက်သက် မချုပ်ငြိမ်းမီ တဒင်္ဂတွင် သူ့အာရုံ၌ ပဟေဠိတစ်ပုဒ်က ထင်လာသည်။

"စစ်ဘက်ရိက္ခာယာဉ်တန်းနဲ့အတူ ပါလာမယ့် သံသေတ္တာကြီးတွေထဲမှာ ဘာတွေထည့်ထားသလဲ"

ညသည် ဣန္ဒြေကြီးစွာပင် တည်ငြိမ်နေပြန်တော့၏။

❁ ❁ ❁

အခန်း [ ၃ ]

တစ်ခါတစ်ရံ စောင့်ဆိုင်းရခြင်းက ညှဦးသောဝေဒနာသည် မခံချိလောက်အောင်ပင် စိတ်ရှည်သည်းခံနိုင်ရန် ခက်ခဲလွန်းလှ၏။ ဝိကျ သေချာစွာ အကွက်ချဖိမ်ထားသည့် အစီအစဉ်များ၏ အကန့်အသတ်၌ ချုပ်နှောင်ခံထားရပြီဆိုလျှင် ပို၍ဆိုးသည်။

ညတာသည် ရှည်လွန်းစွ။

ညဦးမှသည် သူတို့၏ပထမဆုံးတိုက်ပွဲ ပြီးဆုံးသွားသည်အထိ စိတ်လှုပ်ရှားရင်ခုန်ရလွန်း၍ထင့်။ အချိန်ကို သတိပင်မရခဲ့။ တကြောင့်ကြကြ ပူပူပန်ပန် မဖြစ်မိခဲ့။ ညတာတစ်ဝက်ကျိုးသည်အထိ ပေါ့ပေါ့ပါးပါးပင် ကျော်ဖြတ်ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုမူ ...

"ယာဉ်တန်းဟာ အစောဆုံးဝင်လာရင်တောင်မှ ဒီကို နံနက် လင်းအားကြီး သုံးနာရီနဲ့လေးနာရီကြားမှာ ဝင်လာနိုင်တယ်။ ဒါပေမဲ့ တို့တစ်တွေ အဆင်သင့်ဖြစ်အောင် စီစဉ်နိုင်ဖို့အတွက် ပျဉ်းမနားက ဗိုလ်မှူးတာရာနဲ့ ဗိုလ်မှူးသီဟတို့က ခဏထိန်းထားဦးမယ်ဆိုရင်တော့ လေးနာရီကျော်ကျော် အရုဏ်တက်ချိန်မှပဲ ဝင်လာနိုင်မယ်။

Dawn Attack အရုဏ်ဦးတိုက်စစ်သဘောမျိုး စီးနင်းတိုက် ခိုက်ရမှာဆိုတော့ သတ်မှတ်နေရာကို နောက်ဆုံးကား ဖြတ်သွားပြီးမှ အခုတာဝန်ခွဲပေးထားတဲ့အတိုင်း ကိုယ့်အဖွဲ့နဲ့ကိုယ်၊ ကိုယ့်ပစ်မှတ်ကို ကိုယ်အပိုင်ရှင်းကြရမှာပဲ။

အဓိကက ကားပေါ်မှာ ယာဉ်တန်းလုံခြုံရေးပါလာတဲ့ ငပုတွေ ကို ကားအောက်ရောက်အောင် မြှားခေါ်နိုင်ဖို့။ ဒါမှလည်း မော်တော် ယာဉ်တွေနဲ့ ရိက္ခာ၊ လက်နက်၊ ကျည်တွေကို အကောင်းပကတိအတိုင်း သိမ်းနိုင်မှာ။ အားလုံးသိကြတဲ့အတိုင်း ဒီကနေ့ညဦးပိုင်းက ပြီးခဲ့တဲ့ လျှော်ပင်ရွာတိုက်ပွဲက စလို့ ဖက်ဆစ်တော်လှန်ရေးကြီး စခဲ့ပြီ။

အခုမနက်ပိုင်းမှာ တပ်ရင်း တစ်ရင်းလုံး တပ်ဖျောက်လာ မယ့် တပ်ရင်း (၂) နဲ့ပူးပေါင်းပြီး လူထုအခြေခံ ပြောက်ကျားတော်လှန် ရေးကြီးကို ဆက်လုပ်ရှားကြရမှာ။ ဆိုတော့ ရန်သူ့ယာဉ်တန်းကို စီးနင်း ရုံနဲ့ မပြီးသေးဘူး။ ယာဉ်တန်းနဲ့အတူ ပါလာတဲ့ပစ္စည်းတွေကိုလည်း အကောင်းအတိုင်းလက်ရသိမ်းနိုင်မှ ပိုအကျိုးရှိမှာ။ တိုက်ပွဲတော့ လိုက်ပါရဲ့။ အကုန်လုံး ပျက်စီးရာငါးပါးတိုင်ကုန်လို့ မဖြစ်သေးဘူး။ အဲဒါကို အားလုံးသတိထားကြရမယ်"





သည်စကားကို မနေ့ည စစ်ဆင်ရေးဆွေးနွေးပွဲကတည်းက ဗိုလ်ဝေလင်း အသေအချာပြောခဲ့ပြီးဖြစ်သည်။ မပြော၍လည်း မဖြစ်။ ညဦးက လျှော်ပင်တိုက်ပွဲနှင့် မြို့ဝင်ဂိတ်ကင်းစခန်းကို ဝင်စီးသည့်တိုက်ပွဲ၊ ထိုတိုက်ပွဲနှစ်ပွဲ အောင်မြင်ခဲ့မှုအပေါ်၌ သွေးအကြွကြီးကြွနေသည့် လူငယ် ထုက ပစ်မယ်ခတ်မယ်၊ သတ်မယ်ချည်းတကဲကဲ ဖြစ်နေကြ၏။

သည်ဂျပန်ခေတ် သုံးနှစ်သုံးမိုးကာလကား ဝေသာလီပြည် ဘီလူးကျသလို မြန်မာတို့ ကံဇာတာအညိုးကြီးညိုး၍ ကသီလင်တအနိုင် ရဆုံး ခေတ်ကာလများပင်။ သည်ဂျပန်ငပုကောင်တွေကို အသံကြားရုံ မျှနှင့် အော်ဂလီဆန်ချင်အောင် ရွံလှ၊ မုန်းလှ၊ နာကြည်းလှသည်။

ရွာထိပ်က လောကသရဖူဆုတောင်းပြည့်ဘုရားနှင့် ရွာလယ် က အစိန္တေယျကပ်ကျော်ဘုရားကြီးတို့ရှိ ကြေးဆင်းတု ဗုဒ္ဓကိုယ်တော် ပြတ်ရုပ်ပွားတော်များ၊ လက်ဝဲရံလက်ျာရံ ကြေးဆင်းတုတော်များ၊ နှစ် ပေါင်းနှစ်ရာကျော်သက်တမ်းရှိ ရွာလူကြီး အဘဦးတုတ်ကျော်၏အဘိုး ဖလောင်းမင်းတရားကြီး၏ နတ်စုလက်ဝဲ ဗိုလ်ဇေယျသခံယာလှူဒါန်း ခဲ့သည့် ကြေးခေါင်းလောင်းတော်ကြီးနှင့် ကြေးထမ်းမောင်ရှင်ရုပ်တုများ၊ သုဓမ္မနတ်ရုပ်တုများအားလုံးကိုလည်း သင်းတို့ သိမ်းဆည်းယူငင်သွား ခဲ့ကြ၏။ အတင်းအကျပ် ပြန်လည်လုယူကြသည့် အဘဦးတုတ်ကျော် တို့၊ ဦးဖြိုးသာတို့၊ ဘကြီးမှန်းတို့၊ ဘိုးငွေရတို့ လူကြီးတစ်သိုက် အသက် နှင့်လဲ၍ စတေးလိုက်ကြရသော်လည်း အချည်းနှီးသာ။

ရွာဦးက ဆရာတော်ဦးကေသရ၏ ရေလယ်ဘုန်းကြီးကျောင်း မှာလည်း ကြောင်ကြွေးသည့်သတ္တုဇလုံပင်မကျန်အောင် လုန်လှော်မွှေ



www.burmeseclassic.com

www.burmeseclassic.com



နောက်၌ လုယက်ယူငင်သွားခဲ့ကြသည်။ ရှေးဆရာတော်အဆက်ဆက် ပူဇော်ကိုးကွယ်ခဲ့သည့် ပဥ္စလောဟာရုပ်ရှင်တော်မြတ်ကြီးအား အတင်း ဝင်ဆွဲသည့် ဖက်ဆစ်ကောင်ကို ဓားနှင့်ကပ်ခွဲခဲ့သည့် ဦးပဥ္စင်းကလေး ဦးဝဏ္ဏိတသည်လည်း သင်းတို့သေနတ်ဒဏ်ဖြင့်ပင် ပျံလွန်ခဲ့ရသည်။

တစ်ရွာလုံး အုတ်အုတ်ကျက်ကျက် ဓားဆွဲတုတ်ဆွဲ ထွက်ကြ၍သာ အခြေအနေအကဲမသာလေ၍ ရုပ်ပွားတော်ကြီးအား ပင့်ဆောင်မသွားခဲ့ကြ။ ဤသည်အတွင်းမှပင် ရွာသားများအားဦးဆောင်သည်ဟု သောစွဲချက်ဖြင့် ကျောင်းဆရာဆရာရှိန်ကို ရွာပြင်တံခါးဝ၌ ဓားနှင့်ခုတ်၍ သတ်ပစ်ခဲ့ကြသေးသည်။

ပြီးလျှင် . . . ဘာကြာသေးသနည်း။

မိတ္ထီလာဘက်မှ ဂျပန်တပ်တွေ မြင်းခြံဘက်သို့အဆင်း ကြောက်ရှာကြလွန်း၍ ရွာအပြင် လယ်ကွင်းများထဲ၌ ဝပ်ကာ ပုန်းကြခိုကြသော အေးလှတို့၊ လှချော့တို့၊ စိန်မူ၊ စိန်ကြူတို့ အပျိုမတစ်သိုက်အား စားနေကျကြောင်ဖား ဂျပန်ကင်ပေ (စစ်ပုလိပ်) များက ဝိုင်းဝန်း ဖမ်းဆီးကာ ဖွတ်အဝမွ သားမယားပြုကျင့်၍ ရက်ရက်စက်စက် သတ်ဖြတ်သွားခဲ့ကြသေးသည်။ စုစုပေါင်း မိန်းမပျိုကလေးဆယ့်သုံးယောက် ဖြစ်သည်။ ဤအထဲ၌ မြခက်ကလေးမှာ အပျိုဖော်ဝင်စသာ ရှိရှာသေးသည်။ သည်နယ်တစ်ကြော ရင်ကျိုးမတတ် ခံစားရချက်ဆိုးခဲ့ကြသည်။

"တောက် . . . သင်းတို့တော့လားကွာ"

ခပ်လှမ်းလှမ်း ထိန်ပင်အကွယ်မှ တက်ခေါက်သံတစ်ချက်က ရှိုက်သံနောက်၌ လွင့်ပျံ့လာခဲ့သည်။ မြခက်ကလေး၏အစ်ကို မြဒွေး





မှဖြစ်၏။ ထိုနေ့ကပင် အဖေ့လက်သုံး ငှက်ကြီးတောင်ဓားကိုဆွဲ၍ ဗိုလ်ဝေလင်းတို့ပြောက်ကျားတပ်ဖွဲ့ထံ ဝင်ရောက်ခဲ့ရာ အိမ်သို့ ယောင်၍ပင် မပြန်တော့။

သူ့ညီမထွေးအတွက် သွေးကြွေးပြေအောင်ဆပ်ပြီးမှ သာသနာ့ဘောင်ဝင်တော့မည်ဟုဆို၏။ ယခုတော့မူ ဓားကိုသာ မြနေအောင် သွေးနေတော့၏။ ခဏနေလျှင် သည်ဓားဖြင့် ဒေါသမီးတောင်ကို ဖြိုခွဲရပေဦးမည်။

"Dawn Attack က အမှောင်ကို အားကိုးအားထားပြုရတာဗျ။ ဒီကောင်တွေ လင်းမှလာရင် ဘယ့်နှယ်လုပ်ကြမလဲ။ လျှော်ပင်နဲ့ ...ဝင်ဂိတ်စီးခဲ့တာအတွက် ဒီလောက်ဆို ဒီကောင်တွေ လောင်မီးကျနေလောက်ပြီ။ ယာဉ်တန်းလာမှာသိရင် လာကြိုတဲ့အဖွဲ့တွေ ရှိချင်ရှိနေဦးမှာ . . . နော"

ဗိုလ်ထွန်းအောင်ကျော်က သူ့အမြင်ကိုပြော၏။ စစ်သက် ...တွေ့အကြုံ ရင့်မာသူဖြစ်၍လည်း ဖြစ်တန်ရာသော အလားအလာကို ကြိုတင်တွေးဆမိခြင်းဖြစ်သည်။

"ဒါကြောင့် ဗိုလ်ချစ်ခိုင်တို့ Force. 136 အဖွဲ့ကို မိတ္ထီလာ ...က်က အကူလာမယ့်အဖွဲ့ရှိခဲ့ရင် ဖြတ်တောက်ပိတ်ဆို့လို့ရအောင် ...ပြေပြင်စမ်းထိပ် သံဘေလီတံတားက စောင့်ခိုင်းထားတာပေါ့။ သတိ ...ရှိယဆိုတာ ပိုတယ်ဘယ်ရှိလိမ့်မလဲ။

ဒါပေသည့် ဒီကောင်တွေ မနေ့ကတစ်နေ့လုံး မြင်းခြံဘက်ပဲ ...ပို့တက်နေကြတယ်လို့ ဖိုးပေက ပြောတယ်ဗျ။ မိတ္ထီလာက ဂျပန် ...တက်ပွဲရေးတပ်ကို နွားတွေသွားပို့ရင်း ဘကြီးသန်းမောင်တွေ့ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ငပုတွေ အတော်ကြီးကို ယောက်ယက်ခတ်နေတယ်ဆိုပဲ။ တော့ ဒီကောင်တွေ ဒီယာဥ်တန်းကိစ္စဘက်ကို အာရုံမလှည့်နိုင်သေး ဘူးနဲ့ တူပါတယ်"

"ဒါနဲ့ ဗိုလ်ဝေလင်း ... ဒီကောင်တွေ ယာဉ်တန်းလုံခြုံရေး က အင်အားသိပ်များနေရင် ကျုပ်တို့ ကျည်နဲ့လက်နက် လောက် မလား"

"မပူပါနဲ့ ငါ့လူရယ်။ ဒီကနေ့ တပ်ဖျောက်လာမယ့် တပ်ရင်း (၂) က ဗိုလ်ကျော်ညွန့်တို့တပ်စုနဲ့အတူ တပ်ရင်းက အားကိုးရတဲ့ လက် နက်ကြီးတွေ၊ မော်တာတွေ၊ ဘရင်းဂန်းတွေ၊ ကျည်တွေ၊ ဗုံးသီးတွေ တော်တော်များများ ရထားပြီးပါပြီ။ ဒီတိုက်ပွဲမှာ သူတို့လည်း ပါ လိမ့်မယ်။

ဟိုး ... ကွေ့က လက်ပံပင်ကြီးတွေ့လား။ အဲဒီမှာ သူ တပ်စုရှိတယ်။ နောက်ဆုံးကားတစ်စီး ဖြတ်သွားပြီးတာနဲ့ သူတို့တပ် က ကားလမ်းကို နောက်ဘက်က ဘယ်ညာဝိုင်းပတ်ပိတ်ဆို့ပြီး တို ကူပစ်ပေးလိမ့်မယ်"

"ဩော် ..."

နွေပင်ဖြစ်သော်လည်း နံနက်ဦးဖြစ်၍ လေက ရှင်းသန့်က အေးချင်သည်။ တစ်ညလုံး အပူငွေ့၊ အပူရည်များကို စွန့်ထုတ်ခဲ့ ဖြစ်၍ မြေအပြင်ကပင် အေးမြနေသည်။ လမ်းဘေးဝဲယာ ကုက္ကိုပင် များနှင့် ချုံနွယ်ပင်တန်းများ၊ ကုန်းကမူကလေးများ၊ မြေပြင်၌ တချို့ပေါ်တချို့ဖြစ်နေသည့် ကျောက်တုံးမည်းမည်းကြီးများ၊ က မှုရိုးနှင့် ပိစပ်ချုံများကို အကာအကွယ်ပြုလျက် ရန်သူကိုမျှော်လင့်





သော သူတို့အဖို့ သဲ့သဲ့ညင်းညင်းကလေးတိုက်ခတ်သော လေအေးက လန်းဆန်းစေသည်။

ကောင်းကင်တွင် တိမ်တစ်မျှင်တစ် မရှိ။ ပကတိ ပြာပြာ လွင်လွင်။ မျက်လုံးတောက်တောက်က များနှင့် ကြယ်စင်တစ်သိုက် သာလျှင် မြေပြင်ကိုငုံ့ကြည့်လျက် စေ့ငုနေကြသည်။

ဟိုး ... ခပ်ဝေးဝေး င်ပေါ်ကျောင်းဆီမှ အုန်းမောင်း ခေါက်သံ၊ ကုလားတက်ခေါက်များကို ကြားရသည်။ ကြက်တွန်သံ သဲ့သဲ့ကိုလည်း ကြားသည်။ စ်မိုးသောက်တော့မည်။

မြင်ကွင်းတစ် ခုထိ ကြယ်ရောင်အလင်း၌ ပြောင်လက် နေသော ကတ္တရာလ ကြီးကို မြင်သည်။ ဂျပန်စစ်ဘက်သုံးယာဉ် များမှလွဲ၍ ညဥ့်အ သွားလာခွင့်မရှိသဖြင့်လည်း လမ်းပေါ်၌ ရှင်း လင်းတိတ်ဆိတ် ၏။

သ သတ်ကွင်းအဖြစ်သတ်မှတ်ထားသည့် ပေါက်ပင်ကိုင်း ကိုင်း ကို င်ပြည့်စေတီကလေးဘေးမှ ပြန့်ကျယ်လွင်သာကလေး ကို မ သုန် စောင့်ကြည့်နေမိရသည်။ ပစ်မှတ်ဆီသို့ ပြောင်းတန်း ထိုး အသင့်ကိုင်ဆောင်ထားသည့် သူတို့သေနတ်များ၏ ပြောင်း းမည်းများကို ကြယ်ရိပ်အလင်း၌ မြင်နေရသည်မှာ ပရဏတယန် ၏ လက်တံတွေသဖွယ်ဖြစ်၏။ တင်းတင်းဆုပ်၍ကိုင်ထားသော တွေပင် အေးခဲမတတ်ရှိပြီ။

"ဦးဇင်း ... အိပ်ငိုက်နေပြီလား"

"ဩော် ... မြသွေး၊ မငိုက်သေးပါဘူးကွာ။ ဒီဖဆ္ဆိရာယ် င်တွေကို နှိပ်ကွပ်ရမှာမို့ စိတ်လောနေတာနဲ့တင် အိပ်ချင်စိတ်



www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိပါဘူး။ ဇရာတော်ဦးကေသရကို သတိရလွန်းလို့ ဒီတိရစ္ဆာန်တွေကို စိစိညက်ညက်ကြေအောင် ခြေပစ်ချင်နေတော့တာ။ သတ္တဝါတွေကလည်း လာခဲလိုက်တာကွာ"

ဦးပဥ္စင်းလူထွက် ...မောင်က မေးကြောကြီးများထောင်လျက်က အံကြိတ်၍ပြောသည်။ ဆ...တော်ဦးကေသရကား သူ့ဘကြီးအရင်း။ သူ့အမေဒေါ်ညွန့်မေ၏ အစ်ကို...သည်။ ဂျပန်လက်ချက်ဖြင့် ပျံလွန်ခဲ့ရသည့် ဦးပဥ္စင်းကလေးက သူ့...က်က သူ့ညီကလေး။

ဦးပဥ္စင်းကလေး ပျံလွန်တော...သည့်နေ့ မကူးခင်ပင် စောမောင်သည် ဦးပဥ္စင်းဦးစန္ဒိမာဘဝကိုစွန့်...းကိုဆွဲခဲ့သည်။ ဘုန်းတော်ကြီးဦးကေသရမှာ မတားသာ၊ မတားရက်။ ...ဒဏ်ပိ၍ အိပ်ရာထက် ဘုန်းဘုန်းလဲလျက် ဆွမ်းမဝင်၊ ရေမဝင်။ ...ာလုံးက စိတ်လက်မချမ်းမြေ့လှစွာ လက်ပိုက်ကြည့်နေခဲ့ကြရသည်...ကြာတောင့်ကြာ...ပြီ။ သည်အကြွေးက သည်နေ့ရှင်းရတော့မည်။ မြ...နှင့် စောမောင်တို့သွေးများ ဆူပွက်နေကြ၏။

"ကားသံတွေထင်တယ်"

နံနက်ဦးလေပြည်၌ ယာဉ်တစ်အုပ်တစ်မကြီး ...မောင်၊ ...နှင်လာနေသည့် စက်သံတဝေါဝေါကို သဲ့သဲ့ကြားသည်။ ဗိုလ်...င၊ ...က လက်မှနာရီကို ငုံ့ကြည့်လိုက်၏။ နံနက် (၄) နာရီ (၇) မိနစ်။ ...ရှေ့သတ်ကွင်းထဲ ကွက်တိရောက်အောင် နည်းနည်းထပ်စော...မည်။ စိတ်ထင်နေ၍လားမသိ ကားသံတွေက ပို၍ညံလာသည်။

"အားလုံး အသင့်နေရာယူ"

ဗိုလ်ဝေလင်းနှင့် ဗိုလ်သန်းမောင်တို့က အသီးသီး ...





အုပ်ကြားသာရုံ အမိန့်ပေးလိုက်၏။ ကတ္တရာလမ်း၏ဘေးဝဲယာ၌ လူရိပ်တွေ မည်းမည်းမည်းမည်းဖြင့် တရိပ်ရိပ်ပြေးလွှား ပြောင်းရွှေ့နေရာယူသံ၊ သေနတ်မောင်းတင်သံ၊ ကျည်ကတ်တွင်ကျည်ဖြည့်သံတွေ ကြားရ၏။

ပြောက်ကျားရဲဘော်များအား တပ်စိတ်အလိုက် လမ်း၏ ဟိုဘက်သည်ဘက်ကို တစ်ဆစ်ချိုးစီ ပစ်ပိုင်နယ်သတ်မှတ်ပေးထားပြီး ဘရင်းဂန်းသုံးလက်ကိုလည်း ကုက္ကိုပင်ကြီး၏ သစ်ပျဉ်းအကွယ်မှ သုံးလက်ဆိုင်လျက် ကတ္တရာလမ်းတစ်လျှောက်ကို ပုံသေပစ်ကြောင်းဆင်ထားလေရာ သူတို့၏ပစ်အားဖြင့် ရန်သူယာဉ်တန်းကို စိစိညက်ညက်ကြေအောင် ချေမှုန်းနိုင်တော့မည်ဟု သူတို့တွေးထားကြသည်။

အချိန်တို့က ကုန်ခဲလွန်းလှသည်။

စက်သံတဝုန်းဝုန်းကိုသာ ကြားနေရပြီး ယာဉ်တန်းက ပေါ်မလာသေး။ ကုန်းမော့အတက်ကလေးများ နိမ့်ချည်မြင့်ချည် များလွန်းလှ၍ ကတ္တရာလမ်းက ပေါ်လိုက်၊ ပျောက်လိုက်။ ခပ်လှမ်းလှမ်း ပိုင်ဝက်ခန့်တွင်မူ ကတ္တရာလမ်းသည် ကားတစ်စီးမောင်းသာရုံမျှ ဘီးရာကလေးသာကျန်အောင် ရေတိုက်စားထားသည်။ ထိုနေရာကလေး၌ပင် ကြာနေကြခြင်းဖြစ်မည်။

"မြခက်ကလေးရေ ...ငါ့ညီမလေး ရောက်လေရာဘဝက ဟောဒီမိစ္ဆာကောင်တွေကို လက်စားချေလှည့်ပါကွယ်။ ဒီမြေ၊ ဒီရေ၊ ဒီညီအစ်ကိုမောင်နှမတွေအပေါ် သင်းတို့ရဲ့ ယုတ်မာရက်စက်မှုတွေကို သွေးနဲ့ဆပ်ကြရစေမယ်။ ညီမလေးရေ ...လာခဲ့ကွယ့်"

အံကိုကြိတ်၍ ခဲထားရင်း မြသွေးက တီးတိုးရေရွတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



တမလွန်မှ မြခက်ကလေးကို တမ်းတမိသည်။ အစ်ကိုကြီးကို အလွန်ခင်တွယ်သော သည်မိန်းကလေး လာမည်ကား မုချ။ မြသွေး အတပ်သိသည်။

"ဦးဇင်းလေးရေ ... ကောင်းရာသုဂတိဘုံကနေ ဒီမျိုးဖျက်ကောင်တွေကို တပည့်တော်တို့ ဘယ်လိုဆုံးမနေကြတယ်ဆိုတာ မြင်လှည့်ပါဘုရား။ အမျိုး၊ ဘာသာ၊ သာသနာအတွက် တပည့်တော်ကို ဓားကိုင်ခွင့်ပြုပါဘုရား။ ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေနိုင်တဲ့ ဒီဖက်ဆစ်ကောင်တွေကို ဒီမြေပေါ်က မောင်းမထုတ်နိုင်သေးသရွေ့ ရင်ကိုကတုတ်၊ သစ်ငုတ်သင်ဖြူး၊ ဆူးကိုမွေ့ရာလုပ်ပြီး ဒီအမျိုးဖျက်မိစ္ဆာတွေကို သုတ်သင်ခွင့်ပြုပါတော့ဘုရား"

စောမောင်ကလည်း နာနာကျင်ကျင် တမ်းတတိုင်တည်နေပေ၏။

သူတို့က သေနတ်လည်းမပစ်တတ်သေး။ ကိုင်ခွင့်လည်း မရသေး။ ဓားဆွဲ၊ လှံဆွဲ၊ ထမင်းအိုးထမ်း၊ ဟင်းအိုးထမ်းအဆင့်ဖြင့် သည်တော်လှန်ရေးကြီးထဲ ပါလာခဲ့ရခြင်းဖြစ်သည်။ သေစရာရှိက ရှေ့မှ ကားခနဲ အရင်သေကြရမည်သာ။ သို့တစေ ကိစ္စမရှိ။ သေလိုက သေစေ။ သည်မိစ္ဆာကောင်သုတ်သင်ရေး အရေးတော်ပုံကြီး၌ ခြေတစ်လှမ်းမျှ ပါဝင်ခွင့်ရခဲ့လျှင်ပင် ကျေနပ်လှပြီ။ ခွေးတစ်ပေါက် ကျခွင့်ရခဲ့လျှင်ပင် သေပျော်ပြီဖြစ်သည်။ သူတို့ဘဝများကို သေလူအဖြစ် ပျော်ပျော်ကြီး သတ်မှတ်ခဲ့ကြပြီးဖြစ်သည်။

"ဟော ..."

လျှပ်စစ်မီးရောင် ဝင်းခနဲကို လှမ်း၍မြင်သည်။





ကားရှေ့မီးကြီးမှ အလင်းရောင်ဖြစ်မည်။ ကတ္တရာလမ်းဘေးဝဲယာကို ခြုံလွှမ်း၍ လင်းခနဲ မီးရောင်က ဖြာကျလာ၏။ ကုန်းမော့မော့အတက်ကလေးကို စက်ရှိန်မြှင့်၍ မောင်းတက်နေရသဖြင့် ကားစက်သံများက မိုးပြိုသလို သောသောညံနေသည်။

တစ်စီး ...၊ နှစ်စီး ...၊ သုံးစီး ...။

ယာဉ်တန်းက များလှသည်။ စစ်တပ်သုံးယာဉ်ကြီးများ တစ်ဆယ့်နှစ်စီး အုပ်ဖွဲ့မောင်းနှင်လာခြင်းဖြစ်၏။ ရှေ့ဆုံး၌ ဂျစ်ကားငယ်တစ်စီးဖြင့် လမ်းလုံခြုံရေးစစ်ပုလိပ်ကားတစ်စီးအား နီပွန်နေဝန်းနီ အလံတလူလူလွှင့်လျက် မောင်းတက်လာနေသည်ကို မြင်ရသည်။

နောက်ဆုံးတွင်လည်း လက်နက်ကိုင်စစ်သားများအပြည့်ပါသော စစ်ကားတစ်စီးက ပိတ်၍လိုက်လာနေသည်။ မည်မျှလေးလံသောဝန်ကို တင်ဆောင်လာလေသည်မသိ။ စစ်ယာဉ်တန်းက တအိအိရုန်း၍တက်နေရသည်။

ရှေ့ဆုံးစစ်ပုလိပ်ကားက သတ်ကွင်းကိုဖြတ်၍ မောင်းတက်လာသည်။ ပျဉ်းမနား၊ တပ်ကုန်းလွန်လျှင် တောင်နှင့်တောမရှိ။ သစ်ကြီးဝါးကြီး၊ စိမ့်ကြီးမြိုင်ကြီး ကင်းသည်။ ပင်စောက်ပင်ပြင့်ကြီးတွေ ကျဲပါးသည်။ အပူပိုင်းဒေသတွင် ပေါက်ရောက်တတ်သည့် ချုံနွယ်ပင်ယောင်တွေသာ များသည်။ မြင်ကွင်းရှင်းသည်။ မိတ္ထီလာအထိ ယာဉ်တန်းလုံခြုံရေးကောင်းသည်။ သည်သို့ ယူဆထားကြပုံရသည်။

အသားဖြူစုတ်စုတ်၊ သွားခေါ်ခေါ်၊ ဆံပင်ညှဉ်းသိုးသိုးနှင့် ဘိန်းစားတရုတ်ပုံစံ ယာဉ်မောင်းကသာ ကားကို ဂရုတစိုက်မောင်းနေသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျန်တပ်ဖွဲ့များက သေနတ်များကို ရင်ခွင်ပိုက်လျက် အိပ်၍ လိုက်လာကြသည်။

"ဟိုးတမလွန်ကို အရှင်လတ်လတ်ကြီး ရောက်သွားတာ တောင် နိုးမယ့်ကောင်စားမျိုးတွေမဟုတ်ဘူး"

မိစ္ဆာမျက်နှာများကိုကြည့်ရင်း သူတို့ရင်တွင် တင်းခနဲဖြစ်၏။

နောက်ကားတစ်စီး ...။

ပြီးလျှင် နောက်တစ်စီး ...။

နောက်တစ်စီး ...။

ကားကြီးသုံးစီးက ရှေ့နောက်ဆင့်၍ တစ်စီးနှင့်တစ်စီး ပေ နှစ်ဆယ်ခန့်သာခွာလျက် မောင်းတက်လာနေကြသည်။ ခေါင်းခန်း၌ ယာဉ်မောင်းနှင့် စစ်ဝတ်စုံဝတ်နှစ်ယောက်စီကို တွေ့ရသည်။ ယာဉ် မောင်းများမှလွဲ၍ သတိမြဲသူမရှိ။ တချို့က သေနတ်ကို ဘေးတွင်ထောင် ၍ပင် အိပ်လျက် လိုက်ပါလာကြသည်။

"ကားပေါ်ကပစ္စည်းတွေသာ ထည့်မတွက်ရရင် အသာပြေး ပြီး လက်ပစ်ဗုံးနဲ့ ထုလိုက်ရုံတင်ပဲ ကိစ္စပြီးတယ်။ သဘောက်မသား တွေ။ သေရွာသွားရတော့မှာ မသိဘူးထင်ရဲ့။ နှစ်နှစ်မြိုက်မြိုက် အိပ်နေ လိုက်ကြတာ"

ကားများက တအိအိသာ ရွေ့လာနေကြသည်။

"ဟင် ..."

သူတို့ရှေ့ ဝါးလေးငါးပြန်၌ ဦးဆောင်စစ်ပုလိပ်ကားက တ[ဂ်]ခနဲ ရပ်သွားသည်။ နောက်က ယာဉ်တန်းလည်း တစ်စီးပြီးတစ်စီး ထို[း] ရပ်ကြ၏။





စစ်ပုလိပ်ကားပေါ်နှင့် ယာဉ်တန်းမှစစ်သားများ ကွဲကွဲကွကွ ပြောကြဆိုကြသည်။ ရယ်ကြမောကြသည်။ တအိအိရုန်း၍ စက်သံသော သောညံအောင် မောင်းနှင်တက်လာခဲ့ကြသောယာဉ်တန်းက အမှတ် မထင် ရပ်သွား၏။ လူသံသူသံ၊ စကားပြောသံတွေကို ဆူဆူညံညံကြား ရသည်။ ကားများကို စက်မသတ်၊ မီးမပိတ်ဘဲ ထားသဖြင့်လည်း ဝန်းကျင်ပတ်လည်၌ ကားမီးရောင်က ထိန်ထိန်လင်းနေသည်။

"ခူးရား ... ဘတ်ကေးရိုး"

ဆဲသံဆိုသံ၊ ပြစ်တင်ကြိမ်းမောင်းသံတချို့ကို ကြားနေရ၏။ တစ်စုံတစ်ရာအတွက် အပြင်းအထန်ငြင်းခုံနေကြသည်ကိုလည်း ကြား နေရသည်။

"ငပုတွေ ဘာဖြစ်နေကြပါလိမ့်"

"တီ ... တီ ... တီ ..."

နောက်ဆုံးကားဆီမှ ကားဟွန်းသံကြားသည်။

"တီ ... တီ ... တီ ..."

စစ်ပုလိပ်ကားက အချက်ပေးဟွန်း တီးပြန်၏။

"ပူး ... ပူး ... ပူး ..."

ယာဉ်တန်းက ဆက်လက်မောင်းနှင်လာခဲ့ကြပြန်ပြီဖြစ်သည်။

အသက်ရှူရပ်၍ ခေတ္တမျှအသက်အောင့်ထားရခြင်းကို ဖြည်း [ဖြ]ည်းချင်း ဖြေလျှော့လိုက်ရသည်။ မောလွန်းစွ ...။

ကားသံတဝေါဝေါက အဆက်မပြတ်ကြားနေရသည်။ နောက် [ဆုံ]းကားသည် သတ်ကွင်းကို ကျော်၊ မကျော် မျက်စိမပိုတ်တမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေရသဖြင့် သူတို့မျက်လုံးတွေပင် ကျွတ်ထွက်မတတ်ဖြစ်နေတော့သည်။ ဗိုလ်သန်းမောင်တို့တပ်ဖွဲ့ထံမှ စတင်ပစ်ခတ်သံ မကြားရသေး။ သူတို့က စိတ်မောလှစွာ အပစ်ခလုတ်၌ လက်ညှိုးကိုအသာဖိတင်ထားလျက် ပထမမောင်းကို ဆွဲထားလိုက်မိကြတော့၏။

ဗိုလ်သန်းမောင်က ကတ္တရာလမ်းတစ်လျှောက် နောက်ဆုံးကားရှိရာကို အာရုံစိုက်ပြီး ကြည့်သည်။ သစ်ပင်ရိပ်များအတွင်း တရွေ့ရွေ့မောင်းနေသော ယာဉ်တန်းကို ကြည့်သည်။ ဘေးအိတ်ထဲမှ ကျည်ကတ်သုံးခုကိုထုတ်၍ ရှေ့နား၌ အသင့်ချထားလိုက်၏။ တရစပ်ပစ်ဖို့ လိုအပ်ပြီဆိုလျှင် ပစ်မှတ်မှ မျက်စိမခွာဘဲ ကျည်ကတ်အသစ်ကို အလွယ်တကူ လဲထည့်နိုင်ရန်ဖြစ်သည်။

"ဗိုလ်ကြီး ..."

စိတ်လောနေသည့် ဗိုလ်လေးခင်စိုးက ဗိုလ်သန်းမောင်၏ပခုံးကို အသာတို့လျက် သတိပေးသည်။ ဟုတ်ပေသည် ...။ နောက်ဆုံးကားက ကိုးတောင်ပြည့်စေတီဖြူဖြူကလေးအနားကို ရောက်တော့မည်။ ဘီးသုံးလေးပတ်စာသာ လိုတော့၏။

"ပစ် ..."

ကြောက်မက်ဖွယ်ကောင်းသော အော်ဟစ်အမိန့်ပေးသံကြီး ရုတ်တရက်ပေါ်လာသည်။ သူ့ဘေးမှ ဘရင်းဂန်းနှင့် ရိုင်ဖယ်သေနတ်များ သံပြိုင်မောင်းဖြုတ်လိုက်ကြသည်။ ကားပေါ်မှရန်သူတို့၏ အော်ဟစ်ညည်းတွားသံကို ကြားရ၏။ အလွန်အထိနာသွားသည့် အသံများပင်ဖြစ်သည်။

"ပစ် ... ပစ် ... ပစ် ..."





"အကုန်သတ် ...။ ခွေးမသား မိစ္ဆာကောင်တွေကို အကုန်သတ်"

ဗိုလ်သန်းမောင်တို့ထံမှ သေနတ်သံကြားရသည်နှင့် ဗိုလ်ဝေလင်းအပါအဝင် တပ်စိတ်အသီးသီးမှ ခေါင်းဆောင်များ၏ စစ်မိန့်သံက ရှေ့ဆင့်နောက်ဆင့်ပေါ်လာသည်။ လုပ်ရိုးလုပ်စဉ်၊ ပေးရိုးပေးစဉ် မို့သာ အော်ဟစ်အမိန့်ပေးလိုက်ရခြင်းဖြစ်၏။ သူတို့အမိန့်သံက တစ်စုတစ်ဝေးကြီး စုပြုံပစ်ခတ်လိုက်ကြသော ဘရင်းဂန်းသံ၊ တော်မီဂန်းသံ၊ ရိုင်ဖယ်သံ၊ တူမီးသေနတ်သံများ၏နောက်တွင် ကျန်နေရစ်ခဲ့တော့သည်။

"ပစ်ထား"

"တစ်ကောင်မှမလွတ်စေနဲ့"

"အကုန်သတ်"

"ဒက် ... ဒက် ... ဒက် ..."

"ဒက် ... ဒက် ..."

"ဒိုင်း ..."

"ဒိုင်း ..."

"ဒက် ... ဒက် ... ဒက် ..."

သူတို့ပတ်လည်မှ ကမ္ဘာလေး၌ ပစ်သံခတ်သံ၊ ပေါက်ကွဲသံများ ဆူညံသွားသည်။ အဆက်မပြတ်။ မောင်းတင်သံတွေ ကြားရသည်။ ကျည်ကတ်အသစ်လဲသံတွေ ကြားရသည်။ ထပ်၍ပစ်ကြခတ်ကြပြန်သည်။ ယမ်းနံ့တွေ ညှော်နေသည်။ မွှန်နေသည်။ သူတို့၏ခေါင်းများထဲသို့လည်း ယမ်းနံ့များက တိုးဝင်လာ၏။



www.burmeseclassic.com

သူ၏ တော်မိဂန်းသေနတ်မှ ကျည်ဆန်ခွံဖူးများသည် အဆက်မပြတ်တွန်းကန်ထွက်လျက်ရှိကာ ယမ်းနံ့များကလည်း သူ့ပတ်လည်၌ အဆမတန်ဖုံးလွှမ်းလျက်ရှိသည်။ ကျည်တစ်တွဲထွက်သွားပြီးတိုင်း သူ့သေနတ်သည် နောက်ထပ်ဆက်ပစ်ရန် အသင့်အနေအထားသို့ ပြန်ရောက်နေမြဲဖြစ်သည်။

"ဒိုင်း ..."

"ဒိုင်း ..."

"ဒက် ... ဒက် ... ဒက် ..."

"ဒက် ... ဒက် ..."

"ဒက် ... ဒက် ... ဒက် ..."

တပ်ရင်း (၂) မှ တွဲထားသည့် အရာခံဗိုလ် မောင်နုနှင့် တပ်ကြပ် ကြီးဖိုးဟန်တို့ စက်အဖွဲ့ကလည်း လက်သံပြောင်လွန်းလှ၏။ ဘရင်းဂန်းသုံးလက်ကို အချိအချ သုံးပွင့်ဆိုင် အတွဲလိုက် စနစ်တကျ ပစ်ခတ်နေခြင်းပင်ဖြစ်လေရာ ပစ်မှတ်များအား ခေါင်းမဖော်တမ်း‌ေ ချုပ်မှုန်း ထားနိုင်နေသည်။

သူတို့၏ပစ်အားက အလွန်ထိရောက်ပါသည်။

သတ်ကွင်းအတွင်း ပစ်မှတ်၌ရှိနေသည့် ရန်သူများအားလုံး ပင် အတုံးအရုံး ကျဆုံးကုန်ကြ၏။ ယာဉ်ပေါ်မှခုန်ဆင်းလာသည့် ဂျပန် စစ်သားများမှာလည်း ကတ္တရာလမ်းပေါ်သို့ အထွေးလိုက် တဝုန်းဝုန်း ပစ်၍ လဲကျသွားကြသည်။ ကားတစ်စီးစီအတွက် ပစ်မှတ်ကိုယ်စီခွဲ၍ လမ်းဘေးဝဲယာမှ ပိုက်စိပ်တိုက်ပစ်ခတ်နေကြခြင်းဖြစ်လေရာ လွတ် လမ်းမမြင်နိုင်တော့ဘဲ ဒလိမ့်ခေါက်ကွေး ကျဆုံးကြရတော့သည်။

စိတ်ကူးသစ်စာပေ



သစ်ပင်များ၊ ကျောက်တုံးများ၊ ချုံတန်းများနောက်ကွယ်မှ တရစပ်ပစ်ခတ်နေသည့် ရိုင်ဖယ်သေနတ်သံ၊ ရှမ်းတူမီးသံ၊ ပျော်ဘွယ်နယ် ပန်းပဲဖိုများ၏လက်ဖြစ် လုပ်သေနတ် ပစ်ခတ်သံများမှာလည်း လက်ကျည်ီစွာ ပစ်ခတ်စဉ်လေ့ကျင့်ခန်းတစ်ခု လေ့ကျင့်နေသည်သို့ မြိုင်ဆိုင်လှပေ၏။

အလစ်အငိုက် ထိထိမိမိတိုက်ခိုက်ခြင်း ခံလိုက်ရ၍ ရန်သူတို့မှာ ပြန်လှန်ပစ်ခတ်ချိန်ပင် မရလိုက်တော့။ ရှေ့ဆုံးမှ ဂျပန်စစ်ပုလိပ်များစီးနင်းသည့် ဂျစ်ကားမှာ တစ်ယောက်မျှပင် ဆင်းခွင့်မရလိုက်ဘဲ ကားတစ်စီးလုံး ဆန်ကာပေါက်ဖြစ်လျက် ကတ္တရာလမ်းဘေးတွင် တိမ်းမှောက်ကာ မီးများစွဲလောင်လျက်ရှိသည်။

စစ်ယာဉ်တန်းမှ မော်တော်ယာဉ်အားလုံးမှလည်း ပြင်းပြင်းထန်ထန် ပြန်လည်ခုခံမည့်အရိပ်အယောင် မမြင်ရ။ နောက်ဆုံးကားသုံးစီးမှာ ရှေ့နောက်ဆင့်၍ပင် တိုက်ထားလိုက်သေးသည်။ ဖင်ချင်း၊ ခေါင်းချင်း ဆက်၍ ချိတ်နေကြပြီ။

ရုတ်တရက် သေနတ်သံများ ရပ်သွား၏။

ဘရင်းဂန်းပစ်ခတ်သံများလည်း စဲသွားသည်။

ညည်းညူအော်ဟစ်သံများမှတစ်ပါး ရန်သူဘက်မှလည်း လုံးဝ တိတ်ဆိတ်လျက်ရှိသည်။ ရန်သူလှုပ်ရှားမှုကို မတွေ့ရ။

စစ်မြေပြင်ကြီးတစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်လျက်ရှိနေ၏။

"ကားတွေပေါ်မှာနဲ့ ကားဘေးမှာ ငပုတွေ ရှိနေနိုင်သေးတယ်"

"သောက်ရမ်းစွတ်တက်မသွားနဲ့။ အနားကပ်ပြီး တော့ဖြုတ်သွားမယ်နော်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"အာရှမှာ ကြောက်စရာအကောင်းဆုံး စစ်ဘီလူးတွေဟေ့။ သတိထား ... သတိထားကြ"

"လက်ရွေးစင်ထွက်ပြီး ဝင်ရှင်း။ ပြီးမှ ကျန်တဲ့အဖွဲ့တွေ လိုက်လာကြ"

သူတို့တပ်ဖွဲ့များ၏ အချင်းချင်းသတိပေးသံ တစ်ယောက်တစ်ပေါက်ကိုသာ ကြားနေရသည်။ ကားတချို့သည် တိမ်းမှောက်လျက်။ အများစုက စက်မသတ်နိုင်။ ကားမီးမပိတ်နိုင်။ မှောင်မည်းနေသော ဝန်းကျင်ပတ်လည်၌ ကားမီးရောင်များက ဟိုတချို့ သည်တစ်ကွက် လင်းထိန်လျက်ရှိနေသည်။ ရန်သူဂျပန်တို့၏ အကြွင်းအကျန်များ မှောင်ရိပ်ခို၍ ရှိနေနိုင်သေးသည်။ တန်ပြန်ပစ်ခတ်လျက် သူတို့ကို ဒုက္ခပေးနိုင်သေးသည်။

လှုပ်ရှားမှုတစ်ခုကို ရိပ်ခနဲ သူက မြင်လိုက်မိသည်။

"လုံ့စွပ်တပ် ..."

သူက အော်ဟစ်အမိန့်ပေးလိုက်၏။

တစ်ပြိုင်တည်းတွင် သူ့ခါးက ဂေါ်ရခါးဓားကောက်ကို လျင်မြန်စွာ ဆွဲထုတ်လိုက်သည်။ ကားမီး၏ အလင်းရောင်ပြန့်၌ လက်ခနဲ ဖြစ်သွားသည်။

သူ့နည်းအတူ သူတို့ပြောက်ကျားတပ်ဖွဲ့ဝင်များက သေနတ်တွင် လုံ့စွပ်တပ်သူတပ်၊ ခါးက ဓားများကို ဓားအိမ်မှဆွဲထုတ်သူထုတ်ဖြင့် အလုပ်ရှုပ်လျက်ရှိကြ၏။ မြသွေးက အဖေ့ငှက်ကြီးတောင်ဓားကို တင်းတင်းဆုပ်လျက်။ ဦးပဥ္စင်းလူထွက် ပွဲကျောင်းပြန် စောမောင်ကလည်း ပျော်ဘွယ်နယ်ထွက် မြန်မာဓားရှည်နှစ်လက်ကို ဘယ်ညာ ခ...





ဆဆကိုင်လျက် ကိုယ်တစောင်းနောက်တွင် ပူးယှက်၍ ကိုင်ထားသည်။

တမာကုန်း မုဆိုးကျော် ကိုမှတ်တင်နှင့် ကိုလေးတို့ ဆရာ တပည့်မှာ အဆိပ်သုတ်ထားသည့် မြားကျည်တောက်ဘူးကို ကျောတွင် ကိုယ်စီသိုင်းလွယ်လျက် သူတို့လက်စွဲ ဒူးလေးကြီးများကို အသင့်လေးညို့ တင်ကာ စိတ်အားထက်သန်စွာဖြင့် ပစ်မှတ်သားကောင်ကို အမှောင်တွင်း၌ ရှာဖွေလျက်ရှိကြ၏။ သည့်လေးတစ်ချက်သည် ကိုးတောင်ကျားကိုပင်လျှင် နှစ်ဖွေ့သုံးဖွေ့ထက် ပိုမခုန်စေရဘဲ ဖိဝိန်နှတ်ခြွေနိုင်သည်ကို သူတို့ယုံသည်။

"တက် ..."

ဗိုလ်ဝေလင်း၏အမိန့်သံက စူးရှစွာ ပေါ်လာ၏။

ရုတ်ခြည်းပင်လျှင် ဂျပန်စစ်သားလေးငါးဆယ်ဦးက အမှောင်ရိပ်မှ ပေါ်လာကြသည်။ သူတို့လက်ထဲ၌ လုံ့စွပ်တပ်ထားသော သေနတ်များကို အသင့်ကိုင်ထားကြသည်။ ဂျပန်လူမျိုးတို့၏ ပြောင်ပြောက်သော သတ္တိကို ဖော်ပြနေသကဲ့သို့ သွေးအေးအေးဖြင့် ရင်ဆိုင်တော့မယောင် ရှေ့တိုးလာနေကြသည်။ ပစ်ခတ်နေသည့် ကျည်ဆန်များသည်ပင် သူတို့၏ကိုယ်ထဲသို့ ဖောက်မဝင်နိုင်တော့သည့်နှယ် ယုံကြည်နေကြသည့်ပုံစံမျိုးဖြစ်သည်။

"သစ်ပင်ဘေးကို ပြေးကပ်နေလိုက်ကြ"

ဗိုလ်သန်းမောင်က သူ့လူများကို သတိပေးရင်း သူ့တော်မီဂန်းကို အတွဲလိုက်ဆွဲချလိုက်သည်။ ညဥ့်အမှောင်၌ မီးပွင့်နီနီကလေးများ တဖျပ်ဖျပ်ဖြာထွက်သွားလျက် ကျည်ဆန်များက ပြောင်းဝမှ တရှိန်ရှိန်ပြေးထွက်သွားကြ၏။ သူတို့နောက်နားဆီမှ မုဆိုးကျော်နှစ်ဦး၏ လေးညို့



www.burmeseclassic.com

www.burmeseclassic.com



မှလည်း ဒေါင်ခနဲ ဒေါင်ခနဲ မြားထွက်သွားသံကို ကြားရသည်။

ရန်သူဂျပန်တို့ဘက်မှ ရမ်း၍ပစ်လိုက်သော သေနတ်ကျည်ဆန်တို့သည် သူတို့ကိုကျော်၍ သစ်ကိုင်းသစ်ခက်များကို ထိမှန်သည်။ ကိုင်းပြတ်များ ထွေးခနဲကျလာ၏။ ရန်သူတစ်သိုက်ကား မြေပြင်တွင် တုံးလုံးပက်လက်။

"ကျား ... ကျား ... ကျား ..."

"ကျား ..."

"ရှင်း ... ရှင်း ... အကုန်ရှင်း"

"သူမသေ ကိုယ်သေမှာနော်"

"ငပုတွေကို မသနားလိုက်နဲ့"

"ကျား ..."

"ဗမာ့သွေးကွ ... ဗမာ့သွေး"

"ချပေ့ ...။ မိစ္ဆာကောင်တွေကို အကုန်သတ်ကွာ"

လက်တစ်ကမ်းတိုက်ပွဲဖြစ်၏။

ပြောက်ကျားများက တစ်ဖက်သတ် အသာစီးရသော တိုက်ပွဲလည်းဖြစ်သည်။ အရှေ့ဆီမှ ပုစွန်သွေးရောင်အရုဏ်အလင်းက ပျပျသန်းလာပြီဖြစ်ရာ မြင်ကွင်းကလည်း ရှင်းလာသည်။ ပြောက်ကျားတို့၏ ဝင်းလက်နေသောလှံစွပ်များက တာဝန်ကျေပွန်စွာပင် မသေမရှင်တွန့်လိမ်ရုန်းကန်နေသော ဂျပန်စစ်သားများအား ဇိဝိန်ခြွေပေးလျက်ရှိသည်။

သေနတ်မဆွဲရဘဲ ဓား၊ လှံ၊ လေး၊ မြားတို့ဖြင့်သာ သည့်ဖက်ဆစ်တော်လှန်ရေးကြီးနောက်သို့ ပြင်းပြင်းပြပြဖက်တွယ်လျက်





လိုက်လာခဲ့ကြသော မြသွေး၊ စောမောင်၊ မှတ်တင်၊ ဖိုးပေ၊ ကိုလေး၊ တောကျော်တို့ကဲ့သို့သော ကျေးလက်တောသားများသည်လည်း သူတို့လက်ထဲမှ ဆွဲထားသည့်လက်နက်ဖြင့် မည်းမည်းမြင်ရာ ဖက်ဆစ်မိစ္ဆာတို့အား ထိုးသတ်ခုတ်ပိုင်းလျက်ရှိ၏။

ဓားတစ်ချက်တိုင်း၊ လှံတစ်ချက်တိုင်းသည်ပင် သူတို့ရင်၌ ကိန်းတည်နေခဲ့သော မျက်ရည်ပွင့်များဖြစ်လိမ့်မည်။ မထွေးနိုင်မအန်နိုင် မျိုချခဲ့ရသော တက်ခေါက်သံတွေ ဖြစ်လိမ့်မည်။ သိမ်းထုပ်ထားခဲ့ရသော ဒေါသတုထည်များဖြစ်လိမ့်မည်။ တဒင်္ဂရူးသွပ်သွားကြသည့်သို့ပင် အငြိုးတကြီး ထိုးခုတ်သုတ်သင်နေကြတော့၏။

အလင်းက နီဖျော့ဖျော့ကောင်းကင်မှတစ်ဆင့် စီးကျလာနေ၏။

ဗိုလ်ဝေလင်း၊ ဗိုလ်သန်းမောင်နှင့် ဗိုလ်ကျော်ညွန့်တို့ သုံးဖွဲ့ပေါင်း အင်အား (၁၂၀) ခန့်ရှိသည့် ပြောက်ကျားတပ်ဖွဲ့၏ အနီးကပ်လက်တစ်ကမ်း နောက်ဆုံးချေမှုန်းသုတ်သင်မှုမှာ သရဲမင်းရဲရိုင်လှသည်။ အသက်ဖြင့်မြဲ၍ ရှင်သန်ကျန်ရစ်သူ ဂျပန်စစ်သား တစ်ဦးတလေမျှပင် မရှိခဲ့။ လက်နက်ဆွဲစစ်သည် ၄၇ ဦး၊ အရပ်သား ၁၅ ဦး၊ ပေါင်း ၆၂ ဦးစလုံး ကျဆုံးသွားခဲ့ရသည်။

မိနစ်ပိုင်းအတွင်း ဖက်ဆစ်မိစ္ဆာတို့အား သုတ်သင်ချေမှုန်းပွဲကြီး ပြီးသွား၏။

"လက်နက်တွေ လိုက်ကောက်ပေ့။ ကျည်တွေ၊ ဓားတွေပါ မကျန်စေနဲ့။ ဖြစ်နိုင်ရင် ရေဘူးတွေ၊ စစ်ဖိနပ်တွေပါ ဖြုတ်ပြီး၊ ချွတ်ပြီး ယူလာခဲ့ကြ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကျန်နေတာ ရှိသေးသလား။ ကားတွေပေါ်မှာ သေချာစစ်စမ်း"

"ကားပေါ်က သေတ္တာကြီးတွေကို တက်ကြည့်ကြစမ်းဟေ့။ ဘာတွေလဲဆိုတာ"

သူ့အစုနှင့်သူ လုပ်ငန်းတာဝန်ခွဲလျက် သွက်လက်လျင်မြန်စွာ လှုပ်ရှားနေကြသည်။ ရှေ့ဆက်ရဦးမည့် တော်လှန်ရေးခရီးအတွက် အသုံးတည့်ရာများကို စိစစ်သိမ်းဆည်းရသည်။ မော်တော်ယာဉ်များပေါ်တွင် တင်ဆောင်လာသည့် ပစ္စည်းများကိုလည်း စစ်ရဆေးရဦးမည်။

"မစ်ဆူဘီရှီကုမ္ပဏီရဲ့ အမှတ်တံဆိပ်နဲ့ မန္တလေးကိုပို့မယ့် သကြားတွေ၊ ဆေးသေတ္တာတွေ၊ ဆေးရုံသုံးပစ္စည်းတွေ၊ ဂွမ်းလိပ်တွေ၊ ရိက္ခာခြောက်တွေ အများဆုံးတွေ့ရတယ် ဗိုလ်ကြီး။ သံသေတ္တာကြီးတွေကတော့ သော့လေးလုံးတောင် ပတ်လည်ခတ်ထားတာ။ ဖွင့်မကြည့်ရသေးဘူး"

ဗိုလ်လေးခင်စိုးက သတင်းပို့သည်။ တပ်ရင်း (၂) တွင် တပ်ထောက်ကိုင်လာခဲ့သူဖြစ်၍ လက်ငင်းအခြေအနေကို ချက်ချင်းပင် စနစ်တကျ ကွပ်ကဲစီမံနိုင်သူတစ်ဦးဖြစ်နေ၏။

"ဗိုလ်ထွန်းအောင်ကျော်နဲ့ ဟိုတမာကုန်းက မုဆိုးနှစ်ယောက်ရယ်၊ လျှော်ပင်က ဦးဇင်းလူထွက်နဲ့ အရာခံကြီးဆရာနုတို့ကို အနီးဆုံးရွာတွေဆီ လွှတ်လိုက်။ လူဆင့်၊ လှည်းဆင့်ပြီး အမြန်ဆုံး ပြန်ဆုတ်ကြရအောင်။ ရောင်နီလာနေပြီ။ တစ်နာရီအတွင်း ဆုတ်နိုင်မှ။ ဒီကပစ်သံခတ်သံတွေကြားလို့ ပျဉ်းမနားက ငပုတွေ ဆင်းလိုက်လာနေဦးမယ်"

---

စိတ်ကူးသစ်စာပေ



"ဟုတ် ..."

"ဗိုလ်ကျော်ညွှန့်က ကျွန်တော့်ကို ကူဗျာ။ ဟိုဘက်ထိပ်၊ ဒီဘက်ထိပ်ကို ကင်းရှည်ထုတ်ပြီး ထောက်ထားပေး။ ဘရင်းဂန်းအဖွဲ့တွေ သုံးပေါ့။ အရေးဆို ဒီကောင်တွေက ပစ်အားလည်းကောင်း၊ ဖိနှိပ်လည်းကောင်းတယ်။

ကင်းထုတ်ပြီးရင် ကျန်တဲ့တပ်စိတ်တွေနဲ့ ဒီကသိမ်းလို့ရသမျှ လက်နက်၊ ပစ္စည်းအားလုံးကို ဒီကမြင်နေရတဲ့ တောလမ်းကလေးအဆုံး ကျွန်းဖိုပင်အုပ်အုပ် တောစုကလေးထဲမှာ ယာယီရွှေ့ထားပေးဖို့ ဦးစီးပေးပါ။ ဒီနေရာက မလုံခြုံဘူး။ ဖြတ်သွားဖြတ်လာကားတွေ ဆင်းလာခဲ့ရင် နောက်တစ်ပွဲ ဆက်ချင်ဆက်နေရဦးမှာ"

"ရပါတယ် ဗိုလ်ဝေလင်း။ ဆရာကြီးဖိုးဟန်တို့အဖွဲ့နဲ့ အမြန်ဆုံး လှုပ်ရှားလိုက်ပါမယ်"

"ဗိုလ်ဝေလင်းရေ ... ဟောဒီမှာ ဂျပန်စကားပြန်ကောင်။ ပြဟန်တဲ့။ ရှေ့ဆုံးကားရဲ့ ပစ္စည်းပုံကြားထဲမှာ ပုန်းနေတာ။ ကဲ ... ညီးနည်း မေးမြန်းကြည့်လိုက်ပါဦး။ ကျုပ်တော့ ကျန်တဲ့ကားတွေ ဆက်ရှင်းလိုက်ဦးမယ်"

"ဩော် ... ဗိုလ်သန်းမောင်"

အရပ်ရှည်ကိုင်းကိုင်း ဗိုလ်သန်းမောင်၏ပုံစံမှာ စစ်ဝတ်စုံပြည့် ဝတ်ဆင်ထားသဖြင့် ကလန်ကလားကြီးပင်ဖြစ်နေသည်။ သို့သော်စေ သူ့လက်မောင်းမှ အနီရောင်အောက်ခံ ကြယ်ဖြူတစ်ပွင့်ပါ တော်လှန်ရေးလက်ပတ်ကြောင့် ကြည့်ကောင်းနေ၏။ နီကျင်ကျင် အရှုထင်လင်းအောက်၌ ဝင့်ဝင့်ကြွားကြွားကြီး ခန့်ထည်နေသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘေး၌ ကုပ်ကုပ်ရှပ်ရှပ် ကပ်၍ပါလာသည့် အသက်သုံးဆယ်ခန့်၊ ဘိုကေဆံပင် တိုပဲ့ပါးပါး၊ အသားလတ်လတ်၊ ဒေါင်ကောင်းကောင်း အမျိုးသားတစ်ဦးကို တွေ့ရ၏။ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် တိုက်ပွဲအတွေ့အကြုံအပေါ် ထိတ်လန့်မှုပြယ်သေးပုံမရ။ သူ့မျက်နှာက အကြောက်လွန်နေဟန်။ မျက်ဝန်းများ ချာချာလည်နေဆဲ။

"လာ ... ကိုမြဟန်။ ကျုပ်တို့ ဗမာလူမျိုးအချင်းချင်း သွေးရင်းသားရင်းတွေပဲ။ ကြောက်စရာမလိုပါဘူး။ ကျုပ်တို့မြေ၊ ကျုပ်တို့ရေ၊ ကျုပ်တို့လွတ်လပ်ရေးရဲ့ ရန်သူ ဂျပန်ဖက်ဆစ်ကောင်တွေကိုသာ သုတ်သင်တာပါ။ ဗမာချင်းကတော့ ရေစိမ်းတစ်ပေါက် မစဉ်စေရပါဘူးဗျာ။ စိတ်အေးအေးထားပါ"

"ဟုတ် ... ဟုတ်ကဲ့ဗိုလ်ကြီး"

"ကျုပ်သိချင်တာကလေးတွေတော့ ကိုမြဟန် အမှန်အတိုင်းဖြေပေးစေချင်တယ်။ ဒီအခြေအနေမှာ ကျုပ်တို့ဗမာလူမျိုးချင်း ကျောချင်းကပ်၊ ရင်ချင်းအပ်ကြရမှာ မဟုတ်လား"

"ဟုတ်ကဲ့ ... မေးပါ ဗိုလ်ကြီးခင်ဗျာ။ ကျွန်တော်သိသမျှ မခြွင်းမချန် ဖြေပါ့မယ်"

"ဟုတ်ပြီ ...။ ခင်ဗျားက ဒီငပုကောင်တွေဆီမှာ ဘာအလုပ်လုပ်နေရတာလဲ"

"တရားဝင်တာဝန်ကတော့ မစ်ဆူဘီရှီဆိုးကိုကုမ္ပဏီက ခန့်ထားတဲ့ စကားပြန်ပါ ဗိုလ်ကြီး။ ကုမ္ပဏီက မြန်မာမြို့ကလေးတွေ၊ တောရွာတွေဆင်းပြီး ဆန်စပါး၊ ဝါဂွမ်း၊ ပဲ စတဲ့ စစ်တပ်ရိက္ခာ





ဝယ်ရင် စကားပြန်လိုက်လုပ်ပေးရပါတယ်။ အခုလို ယာဉ်တန်းနဲ့ ပစ္စည်းအသယ်အပို့မှာလည်း လမ်းကြောင်းကိစ္စတွေ အဆင်ပြေအောင် စကားပြန် လိုက်လုပ်ပေးရပါတယ်။ ဒါပေမဲ့ ..."

"အေးပါ ... ပွင့်ပွင့်လင်းလင်းပြော။ ဒါပေမဲ့ ဘာဖြစ်သလဲ"

"တကယ်က ကျွန်တော့်ကို ဒီဂျပန်ကုမ္ပဏီ၊ ဂျပန်စစ်တပ်တွေထဲ တွဲထည့်ပေးထားတာက ပန္တလေး ယူနန်တရုတ်ဘုံကျောင်းမှာ အခြေစိုက်တဲ့ တရုတ်ပြည်မကြီးကျောထောက်နောက်ခံ ဂျပန်ဆန့်ကျင်ရေးအသင်းကပါ"

"ဟေ ... ဘယ်လို ... ဘယ်လို ..."

"ဂျပန်ဆန့်ကျင်ရေးအသင်းဆိုတာ မြန်မာပြည် ဂျပန်စစ်တပ်နဲ့ ပတ်သက်သမျှ စစ်ဘက်ဆိုင်ရာသတင်းတွေကို လျှို့ဝှက်ထောက်လှမ်း၊ စုဆောင်းပြီး တရုတ်ပြည်မကြီးက ဗိုလ်ချုပ်ကြီးချန်ကေရှိတ်ဆီ ဆက်သွယ်သတင်းပေးပို့နေရတဲ့ မြေအောက်အဖွဲ့အစည်းတစ်ခုပါ။ ကျွန်တော်က သူတို့ရဲ့ အေးဂျင့်ပါ။

ရွှေဘိုကနေ ဗိုလ်ချုပ်ကြီးလီရဲ့ တရုတ်တပ်တွေ နယ်ခံကို ပြန်ဆုတ်တော့ ဒီအသင်းကို ဖွဲ့စည်းပေးထားခဲ့တာပါ။ သခင်သိန်းဖေ (စာရေးဆရာသိန်းဖေမြင့်) တို့၊ သခင်တင်ရွှေတို့၊ သခင်ရှုမောင် (ဗိုလ်နေဝင်း) တို့ ရွှေဘိုမှာ ဗိုလ်ချုပ်ကြီးလီနဲ့ ဆွေးနွေးတုန်းကလည်း ကျွန်တော်ပဲ စကားပြန်လုပ်ပေးခဲ့ရတာပါ"

"ဩော် ... ဒီလိုလား"

"ဟုတ်ကဲ့ ..."

တော်လှန်ရေး၏ အတိတ်နိမိတ်ကား ကောင်းလွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ပွဲဦးထွက်တိုက်ပွဲသုံးပွဲကလည်း မိမိဘက်မှ အထိအခိုက်မရှိ၊ ချောမောအောင်မြင်ခဲ့၏။ သူတို့အတွက် လက်နက်၊ ကျည်၊ ရိက္ခာမျိုးစုံနှင့် စိတ်ဓာတ်ခွန်အားများကို လက်ဝယ်ပိုင်ပိုင် သိမ်းပိုက်နိုင်ခဲ့ကြသည်။

ယခုလည်း ကံအခွင့်ကြုံပြန်လေပြီ။

ရန်သူဂျပန်တို့၏ အတွင်းစည်းမှ အရေးကြီးသတင်းများကို ရရှိပေဦးမည်။ ကောင်းစွ ...။

"နို ... နေပါဦး ကျုပ်လူရဲ့။ သိချင်လွန်းအားကြီးလို့ တစ်ခွန်းဖြင့် ကျုပ်ဝင်မေးစမ်းပါရစေဦး"

သူ့အတွေးနှင့်သူ ငြိမ်နေသော ဗိုလ်သန်းမောင်က မြဟန်ကို စေ့စေ့ကြည့်၍ ပြောသည်။

"ဟုတ်ကဲ့ ဗိုလ်ကြီး"

"ကျုပ်တို့က သေသေချာချာ ခတ်ကွင်းပြင်ပြီး စစ်ရေးငင်ထားတဲ့ သတ်ကွင်းထဲကို တည့်တည့်ကြီး ကားတွေထိုးရပ်လိုက်ကြတာက ဘာဖြစ်လို့လဲ ကျုပ်လူရဲ့။ ကျုပ် အဲဒီကိစ္စကို လွှတ်သိချင်နေတာ။ ကျုပ်တို့ဘက်ကို ဘာမသင်္ကာစရာတွေ့လို့လဲ"

"ဩော် ... ဒါလား"

မြဟန်က မသက်မသာ ပင့်သက်ကို ချလိုက်သည်။

"အဲဒီကိစ္စက သူတို့အချင်းချင်းတောင် အကြီးအကျယ်ပြဿနာတက်သွားကြတာ ဗိုလ်ကြီးရဲ့။ သေပန်းပွင့်တယ်ခေါ်မလား။ နိမိတ်ပြတယ်ခေါ်မလား။ တော်တော်လေးတော့ ထူးခြားတဲ့ကိစ္စခင်ဗျ"

"အင်း ... ဆိုပါဦး။ ဘယ်လိုဖြစ်လို့လဲ"





ဗိုလ်ဝေလင်းက စကားထောက်၏။ သည်ကိစ္စကို အားလုံးကလည်း သိချင်ကြသည်။ နားစွင့်နေကြ၏။

"ရှေ့ဆုံးက လမ်းကြောင်းလုံခြုံရေးယူတဲ့ ပိုင်းလော့ကားကို ဘုရားလေးနားကနေ မိန်းကလေးတစ်အုပ်က တားထားလို့တဲ့ ဗိုလ်ကြီးရဲ့။ မိန်းကလေးတွေ ဆယ့်လေးငါးယောက်တဲ့။ အဝတ်အစား သစ်သစ်လွင်လွင်နဲ့ သနပ်ခါးတွေလိမ်း၊ ပန်းတွေပန်လို့တဲ့။ ဈေးသွားကြမလို့လား မသိပါဘူး။ အဲဒါမြင်လို့ သူတို့က ရပ်လိုက်ကြတာ။ နောက်ကားတွေလည်း ဘာမှန်းမသိ လိုက်ရပ်ရတာပေါ့။ တကယ်တမ်း သေချာကြည့်တော့ ဘာမှမရှိဘူး။ တစ်ယောက်မှ မတွေ့တော့ဘူး။ အဲဒါ အချင်းချင်းတွေ စကားများကုန်တာပေါ့"

"ဟောဗျာ ..."

ဖိုးပေ မျက်လုံးပြူးသွားသည်။ မြသွေးနှင့် စောမောင်ကား အနားတွင် မရှိကြတော့။ ဗိုလ်ထွန်းအောင်ကျော်နှင့် ပါသွားကြပြီ။ သေချာသည်။ သေချာပါသည်။ မြခက်ကလေးတို့ ဖြစ်မည်။ အေးလှတို့၊ လှချောတို့၊ စိန်မှုတို့၊ စိန်ကြူတို့တစ်သိုက် ဖြစ်မည်။ သင်းကလေးတို့က တမလွန်မှပင် လာ၍ လက်စားချေခဲ့ကြသေးသည်တကား။

"မြသွေးရေ ... မင်းများကြားရင် ရင်ကျိုးမှာပဲ ငါ့ညီရေ၊ အမျှ ... အမျှ ... အမျှ ...။ ငါ့ညီမလေးတွေ ကောင်းရာသုဂတိဘုံဘဝ ရောက်ကြပါစေဗျာ"

စိတ်ငယ်တတ်သည့် ဖိုးပေမှာ မျက်ရည်တောင်ကြည်လယ်နှင့် မျက်တောင်ကိုသာ ပုတ်ခတ်ပုတ်ခတ်လုပ်နေတော့၏။ ဗိုလ်ဝေလင်း



www.burmeseclassic.com

www.burmeseclassic.com



တို့မှာလည်း သည်ဇာတ်ကြောင်းကို သိထားပြီးဖြစ်၍ အံ့သြမကုန်၊ မယုံနိုင်အောင် ဖြစ်နေကြရသည်။

"ဩော် ... ဗိုလ်ကြီးရေ၊ မေ့တော့မလို့ ...။ အရေးကြီးတာတစ်ခုကို သတိရတုန်း သတင်းပို့ပါရစေဦး"

မြဟန်က တစ်စုံတစ်ခုကို ရုတ်တရက်သတိရဟန်ဖြင့် အရေးတကြီးပြောသည်။ အားလုံး၏အာရုံက သူ့အပေါ် ပုံလာကြပြန်၏။

"ပဲခူးကနေ သာစည်အထိ ယာဉ်တန်းပေါ်မှာတင်လာတဲ့ သံသေတ္တာအစိမ်းကြီး အလုံးခြောက်ဆယ်ကိုတော့ သာစည်ဘူတာမှာပဲ ဂျပန်စစ်ရထားပေါ် ပြောင်းတင်သွားကြတယ်။ ယာဉ်တန်းကိုဦးစီးတဲ့ ဗိုလ်မှူးနဲ့ သူ့တပည့်လေးငါးခြောက်ယောက်တော့ အရပ်ဝတ်နဲ့ပဲ အဲဒီရထားတွဲပေါ် ပါသွားလေရဲ့။ ရှေ့ဆုံးက ဂျစ်ကားမှာ ပါလာတာက ဗိုလ်ကြီးဟာတတဲ့။ ဒီအထဲမှာ သူရာထူးအကြီးဆုံးပဲ၊ ရထားနဲ့ ပါသွားတာက ဗိုလ်မှူးကာတိုမိချိတဲ့ခင်ဗျ။ တော်တော်ထက်တယ်။ တော်တော်လည်း အရေးပါတဲ့ပုဂ္ဂိုလ်နဲ့ တူတာပဲ"

"ဟင် ..."

"ဒါဆို အခု ဒီကားတွေပေါ်မှာပါလာတဲ့ သံတ္တာကြီးတွေက"

"အဲဒါက မစ်ဆူဘီရှီကုမ္ပဏီက ကြိုတင်လုပ်ထားပြီး ဒီသာစည်မှာမှ ပြောင်းတင်လိုက်တဲ့ သေတ္တာကြီးတွေပါ။ အရောင်ရော၊ အရွယ်အစားရော၊ သော့တွေရော တစ်ပုံစံတည်းပါပဲ"

"အထဲမှာ ဘာတွေပါသတဲ့လဲ"

"ဟိုဂျပန်ဗိုလ်မှူး ရထားနဲ့တင်ယူသွားတဲ့ သံသေတ္တာကြီးတွေထဲမှာ ဘာတွေပါတယ်ဆိုတာကို မသိပေမယ့် အခု ဒီကားပေါ်က





သေတ္တာကြီးတွေထဲမှာကတော့ မုံရွာကိုပို့ရမယ့် ဝါကြိတ်တဲ့၊ ဝါဖန်တဲ့ စက်အစိတ်အပိုင်းတွေ ပါပါတယ် ဗိုလ်ကြီး။

ဒါက ကျွန်တော်တို့ မစ်ဆူဘီရှီကုမ္ပဏီက မုံရွာမှာဖွင့်ထားတဲ့ ချည်ငင်စက်တွေအတွက် ဂျပန်ကပို့လိုက်တဲ့ စက်ပစ္စည်းတွေပါ။ ပစ္စည်းစာရင်းတွေလည်း သေတ္တာတွေထဲမှာ ပါပါလိမ့်မယ်"

"သေဟဲ့ ... နန္ဒိယ။ တို့အပေါ် ဘာတွေ လက်တစ်လုံးခြားလှည့်သွားပြန်သလဲမသိဘူး"

"ဘာဖြစ်လို့လဲ ဗိုလ်ကြီး"

"နေတော့ ... ကိုမြဟန် ... နေတော့။ ရပြီ"

ဗိုလ်ဝေလင်း စဉ်းစားနေသည်။

သာစည်မှ စစ်ရထားဖြင့် ပြောင်းတင်သွားသော သံသေတ္တာကြီးများ၏လှည့်ကွက်က ပြောင်မြောက်သော စစ်ပရိယာယ်တစ်ခုဟု သူခံစားလိုက်ရသည်။ သံသေတ္တာကြီးများ၌ ထည့်သွင်းပါဝင်လာသော ပစ္စည်းများ၏ အရေးပါမှုကို လျှော့တွက်၍မရတော့။

သူတို့၏ လျှပ်တစ်ပြက် စီးနင်းတိုက်ခိုက်မှုစီပံချက်သည် ရာနှုန်းပြည့်အောင်မြင်ခဲ့ပါသည်။ သို့နှင့်တိုင် ရန်သူတပ်မှူးက သူတို့ထက်ခြေတစ်လှမ်းဦး၍ အရေးကြီးသောသံသေတ္တာကြီးများကို သာစည်မှ ရထားဖြင့် ပြောင်း၍ သယ်ယူသွားခဲ့သည်။ ၎င်းသည် မဲဇာညဉ်ဦးက တိုက်ပွဲအခြေအနေနှင့် မဟာမိတ်တို့၏ မိတ္ထီလာမြို့သိမ်းအစီ အစဉ်များကို ကြိုတင်သိရှိခဲ့ပြီထင်သည်။

"ဗိုလ်ကျော်ညွန့်ရေ ..."

"ခင်ဗျာ ... ဗိုလ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"သာစည်လော်ကယ် မန္တလေးဘက်ကို တက်သွားပြီလား ဟေ့။ သတိထားလိုက်မိသေးသလား"

"မနက်သုံးနာရီကျော်ကျော်လောက်ကပဲ ထွက်သွားပြီလေ ဗိုလ်ကြီး"

"ကောင်းကွာ ..."

နည်းနည်းလေး နောက်ကျခဲ့ရပြီဖြစ်သည်။

သူတို့အနေနှင့် အကောင်းဆုံး တိုက်ပွဲဆင်နိုင်ခဲ့သော်လည်း အမြင့်ဆုံးရလဒ်နှင့်တော့ လွဲခဲ့ကြသည်။

'ကိစ္စမရှိဘူးလေ ..။ ပျံလေတဲ့ငှက်ခါး နားခါမှ သိရမှာပေါ့။ ဗိုလ်မှူးကြီးဗထူးဆီ ဆက်သတင်းပို့လိုက်ရုံပဲ ရှိတော့တာပဲ'

ဗိုလ်ဝေလင်းက မီးလောင်ပျက်စီးနေသော ဂျပန်စစ်ဘက် ယာဉ်တန်းကြီးကိုကြည့်ရင်း တွေးနေမိသည်။

အရှေ့မိုးကောင်းကင်တွင် နေဝန်းက ဝင်းခနဲထွက်လာလေပြီ။

အညာနွေ၏ တမန်တော် ဥသြငှက်သံတွဲ့တွဲ့နွဲ့နွဲ့ကလေးများကို အရှေ့ဘက်ခင်တန်းဆီမှ ကြားရသည်။

အိုပ်တန်းမှထကြသော တောကြက်၊ တောငှက်သံတို့ကိုလည်း စိုးစိုးစီစီ ဟိုမှ၊ သည်မှ ကြားလာရ၏။

ပြောက်ကျားရဲဘော်များသည် ရှမ်းတောင်မင်းများနှင့် ခွယ် ငင်ယှက်တင်နေသည့် အညာဒေသ ခင်တန်းတောချုံများအတွင်းသို့ တိုးဝင်ပျောက်ကွယ်၍ သွားကြပြန်လေသည်။

❀ ❀ ❀

---

စိတ်ကူးသစ်စာပေ

[၁၁]

# 'ကျဲမြေမှသည်'

(၉ မတ်၊ ၁၉၄၅)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁ ]

❑

နေဝင်တော့မည် ...။

အနောက်မိုးကုပ်စက်ဝိုင်းဆီ၌ နေဝန်းနီနီကြီးကို စစ်ကိုင်းမင်းဝံတောင်ရိုးကြီးက မျိုချနေသည်သို့ရှိ၏။ နေဝန်း၏ အလင်းမျှင်များ ဖျော့တော့နွမ်းပါးစပြုပြီ။ ပုစွန်သွေးရောင်နီကျင်ကျင်၌ မီးခိုးဖျော့ဖျော့အရိပ်တို့ ယက်ကန်းရှယ်လျက် မှိုင်းပျပျညိုရိုမှောင်ချင်လာပြီ။

ရှားရှားပါးပါး နွေတစ်နေ့၏ တိမ်တောက်ချိန်ကို တွေ့ဖူးရခြင်းလည်းဖြစ်သည်။ မျက်စိတစ်စတစ်ဆုံး ဖြန့်၍မြင်နေရသည့် မဟာရှုခင်းကြီးက လှလွန်းနေသည်။ မိုးရိပ်တိမ်တောင်တို့ ပျပျမှိုင်းလျက် အလိပ်လိုက်အလိပ်လိုက် စုံ့စုံ့တက်နေသည်ကို နေဝန်းက နောက်ခံအလင်းထိုးပေးထားပြီး လက်ကျန် နီကျင်ကျင်အလင်းမှုန်မှုန်တို့ဖြင့် ပက်ကျဲထားပြန်လေရာ တိမ်ရောင်စုံတို့၏ အနားကွပ်မှာ တချို့ရွှေရောင်၊ တချို့နီပြေပြေ။ လှချင်တိုင်း လှနေတော့သည်။





"မိုးပေါ်မှာ တောင်တွေ
တောင်ခြေမှာ မြစ်မင်း၊
ရှုခင်းသာယာပုံက
မာယာစုံ နတ်ရေးသည်သို့
လှရက်လေခြင်း။"

လှသော ရောဝတီ၊ လှသော ရှမ်းတောင်မင်း။

မန္တလေးနှင့် စစ်ကိုင်းမင်းဝံတောင်ရိုးကြီးများနှင့် ယင်းတို့၏ခြေရင်း၌ သေသေဝပ်ဝပ် ခွေကာရစ်ကာ ငြိမ့်ငြိမ့်ကလေးစီးဆင်းနေသည့် မြစ်မင်းရောဝတီ။ သည်ရောဝတီ၊ သည်တောင်မင်း၊ သည်ရှုခင်းမဟာပြင်ကျယ်ကို မာယာတွေစုံလေလှသည့် 'သဘာဝပန်းချီသည်' မှတစ်ပါး မည်သူက အံ့တုဖက်ပြိုင်၍ ရေးချယ်နိုင်အံ့နည်း။

ဆည်းဆာရောင်တွင် တလက်လက်ပြေးနေသည့် ရောဝတီ၏ လှိုင်းကြက်ခွပ်ကလေးများက မြတ်နိုးချင်စရာ။ သူတို့ရေရာ သူတို့ကျွန်း၊ သူတို့ရွာလို ပင်လယ်လှိုင်းသံဟုန်းဟုန်း၏ မထိမဲ့မြင်ပြိုင်းခြောက်သံမျိုးတွေ မကြားရ။ မရဏသေမင်းတမန် ပင်လယ်အော်သံ၊ မိစ္ဆာမြူးသံတွေကို စိုးစဉ်းမျှပင် မခံစားမိရ။

ရွှေရွှက်ရွှေပြားကလေးများအချင်းချင်း လေညင်းခပ်၍ တိုးမိတိုက်မိကြသည့်အသံကဲ့သို့ လေပြည်နှင့်အတူ မြူးတူးနေကြသည့် လှိုင်းဦးကြက်ခွပ်ကလေးတွေ တက်သံ၊ သက်သံ ညှိုးညှိုးညံ့ညံ့ကိုသာ ကြားရသည်။ ထိုထိုသာယာသံကလေးများအား ဤမျှဝေးသော၊ ဤမျှမြင့်သော ထုံးဘိုတောင်ကြောကြီးပေါ်ကပင်လျှင် ကြားရယောင်ယောင်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရောဝတီသည် လှပလွန်းစွ။

သည်မြေ၊ သည်ရေအတွက် နတ်ဒေဝါတို့ဖန်ဆင်းပေးထားသည့် မဟာဂန္ထဝင်အလှတစ်ပါးသာဖြစ်သည်ဟု သူက ထင်သည်။

သူက နေဝင်ချိန်တွင် တွေ့ရတတ်မြဲ ရောဝတီ၏ မဟာရှုခင်းကို စီးမိုး၍ တစိမ့်စိမ့်ကြည့်နေမိသည်။ မနေ့က သူနှင့် ဂျင်နရယ် အိဆိုမူရာတို့ နှစ်ဦးပင်လျှင် သည်နေရာမှ ညရှုခင်းကို ကြည့်ခဲ့ကြသေးသည်။ တောင်ကုန်းကမူကလေး၏ဦးထိပ် ကညင်ပင်ကြီးအောက်၌ ဖြစ်သည်။ မီးအလင်းရောင် မရှိ။

ကောင်းကင်က ကြယ်ရောင်လင်းရိပ်မှ အလင်းမှုန်မှုန်တို့သာ ရှိသည်။ အဖော်လည်းမပါ။ သူတစ်ကိုယ်တည်းသာဖြစ်၏။ အဖော်လည်း မရှိ။ သည် 'Project-P' ကို သူစတင်လက်ခံချိန်မှစ၍ ဗြိုဟ်ဆိုးကြမ္မာသင့်ကာ သူသံယောဇဉ်တွယ်ဖွဲ့မိသူတွေ အားလုံးနှင့် ကွဲခဲ့ရသည်။ သေကွဲပြီးလျှင် ရှင်ကွဲ။

ရန်ကုန်စစ်ဦးစီးချုပ်ရုံးက တွဲဖက်ပေးထားသော ဗိုလ်ကြီးဟာတနှင့် ဗိုလ်ကလေး ဖိဇောင့်ချီ။ စစ်သားပီသလွန်းသည့် စစ်သည်သူရဲနှစ်ယောက်။ လယ်သမားမျိုးရိုးမှ မွေးဖွားလာခဲ့သည်ဆိုငြား သည်ကမ္ဘာလုံးချီ စစ်ပွဲကြီးအတွင်းသို့ အမိမြေနိပ္ပွန်နိုင်ငံတော်ကြီး ပါဝင်လာခဲ့လေမှ စစ်ဆိုသည့်စကားလုံးနှင့် လက်ပွန်းတတီး ယှဉ်ပါးလာခဲ့ရသည်ဆိုလေငြား စစ်မိန့်နာခံမှု၊ သစ္စာစောင့်သိမှုနှင့် စစ်စည်းကမ်းလိုက်နာမှုတို့၌ စံတင်ထိုက်သည့် စစ်သားကောင်းများဖြစ်သည်။ လုပ်ရဲ၊ ကြံရဲ၊ တိုက်ရဲ၊ သေရဲသူများလည်း ဖြစ်သည်။

သူက ဗိုလ်ချုပ်တာံနာကားနှင့် တင်ကူးစီစဉ်ထားခဲ့ကြသည့်





အတိုင်း သူတို့ယာဉ်တန်း သာစည်အရောက်၌ ကားပေါ်မှ ရတနာသေတ္တာ အလုံးခြောက်ဆယ်ကို အရှယ်အစားတူ၊ အရောင်တူ မစ်ဆူဘီရှီဆိုးကိုကုမ္ပဏီမှ စက်ယက္ကန်း၊ ဝါကြိတ်စက်၊ ဝါဖန်စက်ပစ္စည်းများ ထည့်ထားသည့် သေတ္တာများနှင့် အပြောင်းအလဲလုပ်ခဲ့သည်။

သူက သာစည်လော်ကယ်စစ်ရထားပေါ်တွင် မန္တလေးသို့ အငြိမ့်ပွဲက,ရန်သွားကြသည့် သာစည် 'ရွှေဖလားကန်' ရွာမှ အငြိမ့်မင်းသမီးတစ်ဦး၏ အငြိမ့်အဖွဲ့ကိုပါ တင်ဆောင်လျက် လိုက်ပါလာခဲ့သည်။ သူ့သံသေတ္တာကြီးများကိုလည်း အငြိမ့်အဖွဲ့မှ ဆိုင်းသေတ္တာ၊ ဇာတ်သေတ္တာများနှင့်အတူ ရောနှော၍ မထင်မရှား တင်ဆောင်လာခဲ့သည်။ ရထားဘေး၌ သူကိုယ်တိုင်တပ်ဆင်ခွင့်ပြုခဲ့သော အငြိမ့်အဖွဲ့၏ နဖူးစည်းစာတမ်းက သူတို့အား ဘေးကင်းလုံခြုံမှုကို ပေးစွမ်းနိုင်ခဲ့သည်။

ဇာတ်ထောင်ဆရာ၏ စေတနာရောင်ပြန်ဖြစ်သည့် ဝါးပတ္တလားတစ်လုံး၊ ဝါးပုလွေတစ်ချောင်း၊ စည်းနှင့်ဝါး၊ လင်းကွင်းတို့ပျှသာ ပါသော ရထားတွဲပေါ်က မြန်မာတီးဝိုင်းကလေး၏ မြန်မာတေးသံများကလည်း သူတို့၏လျှို့ဝှက်ချက်ကို ကောင်းစွာ ထိန်းသိမ်းကာကွယ်နိုင်ခဲ့သည်။ မြို့ဟောင်းဘူတာ၌ အငြိမ့်အဖွဲ့ကို ချထားခဲ့ပြီးနောက် ထုံးဘိုအထိ ရထားကို ဆက်တိုက်ခုတ်မောင်းစေခဲ့ခြင်းဖြင့် 'Project-P' ၏ ပထမအဆင့် အောင်မြင်စွာ ပြီးဆုံးအောင်မြင်ခဲ့သည်။

သို့နှင့်တိုင် ...

သူ၏လက်ရုံးစစ်သည်တော် ဗိုလ်ကြီးဟာတနှင့် ဗိုလ်ဖိဇောင့်ချီတို့ဦးစီးသော စစ်ယာဉ်တန်းတစ်ခုလုံးကား စိစိညက်ညက်ကြေမွ ရန်သူတို့၏ အလစ်အငိုက်တိုက်ခိုက်ခြင်းကို ခံခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာမိတ်တပ်များက လျှို့ဝှက်စေလွှတ်သည့် ကွန်မင်ဒိုတိုက်ခိုက်ရေးတပ်များလော ...။

သည်နယ်မြေအတွင်း အကြိမ်ကြိမ် လေထီးဖြင့်ဆင်းသက်၍ လှုပ်ရှားနေကြသော 'Force.136' တပ်ဖွဲ့နှင့် မြေအောက်တော်လှန်ရေးတပ်ဖွဲ့များလော ...။

မဟာမိတ်တို့၏ အမှတ် (၁၄) တပ်တော်စုမှ တိုက်ခိုက်ရေးစစ်ကြောင်းများလော ...။

အတိအကျ မသိရသေး။ စစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့က စိစစ်နေဆဲသာဖြစ်သည်။

ထိုတိုက်ပွဲ၌ ဗိုလ်ကြီးဟာတာအပါအဝင် အရာရှိ၊ စစ်သည် (၄၇) ဦး၊ မစ်ဆူဘီရှိကုမ္ပဏီဝန်ထမ်း (၁၅) ဦး၊ ပေါင်း (၆၂) ဦး ကျဆုံးခဲ့သည်။ သူတို့၏ 'Project-P' အတွက် ပထမဦးဆုံး စတေးလိုက်ရသည့် အဆုံးအရှုံး။ စနစ်တကျ စီမံအကွက်ချ၍ ကျကျနန အပိုင်တိုက်ခိုက်သွားသည့် ဝါရင့်သမ္ဘာရင့်တပ်ဖွဲ့တစ်ခု၏ လက်ချက်ပင်ဖြစ်သည်။

ကျဆုံးသွားသည့် သူ့ရဲဘော်များ၏ အခြေအနေမှာ မကြည့်ရက်၊ မကြည့်ရဲစရာ မြင်မကောင်း၊ ရှုမကောင်း။ နတ်ဆိုးတို့၏ ကျိန်စာသင့်သော စစ်ရေးစီမံကိန်းတစ်ခုအတွက် ပဏာမပြကွက်ကား မဖွယ်ရာလှ။

ပြီးလျှင် မနေ့က ဖြစ်ရပ်များ ...။

လျှို့ဝှက်စစ်ဆင်ရေးစီမံကိန်းတစ်ရပ်အဖြစ် 'Project-P' ဟု လျှို့ဝှက်အမည်ပေးထားသော မဟာလုပ်ငန်းကြီးကို မနေ့က သူတို့အပြီးသတ် ဆောင်ရွက်ခဲ့ကြသည်။ အသက်၊ သွေး၊ ချွေး စတေး၍





လျှို့ဝှက်သယ်ယူလာခဲ့သော ရတနာသေတ္တာကြီးများအား မြှုပ်နှံခြင်းလုပ်ငန်း။

သည်လုပ်ငန်းကို ဂျပန်ကြည်းတပ်စစ်ဌာနချုပ်၏ စစ်ဆင်ရေးမှူးကြီး (Army Commander) ဂျင်နရယ်အီဆိုမူရာကိုယ်တိုင် ကြီးကြပ်ခဲ့သည်။ 'Project-P' ၏ အခရာဖြစ်နေသော ဂျင်နရယ်အီဆိုမူရာနှင့် သူကိုယ်တိုင်ပင် စေ့စေ့စပ်စပ် ဂရုတစိုက် အာရုံပြုဆောင်ရွက်ခဲ့ကြပါလျက် နောက်တစ်ကြိမ် အသက်တွေ စတေးခဲ့ရပြန်သည်။

ပထမ တပ်ကြပ်ကလေး ရှိဂေဟာရုစံ။

သူ့ရှုံးအကူစစ်သည်တော်။ သူ၏သားကလေးကဲ့သို့လည်းဖြစ်၏။ နိပွန်ဘုရင့်တပ်မတော်မှ ဒုတိယတန်းနေတံဆိပ် ချီးမြှင့်ခြင်းခံထားရသည့် ဆာမူရိုင်းမျိုးနွယ် တပ်ကြပ်ကြီး (အငြိမ်းစား) ဟာနားယစံ၏ မြေးကလေး။

သူ့လက်အောက်ဝန်ထမ်းတစ်ဦးအနေဖြင့် ပျက်ကွက်မှုတစ်ခုအတွက် တာဝန်သိစွာပင် သူ့ကိုယ်သူ 'ဟာရာကီရီ' လုပ်သွားခဲ့သည်။ 'Project-P' က သွေးဆာစွာ စုပ်မျိုခဲ့ခြင်း။ သူ့ကိုယ်သူ စတေးခဲ့ခြင်း။

ပြီးလျှင် ဒုတိယအဖြစ် မြန်မာဟဲဟိုးအလုပ်သမား ငါးဆယ့်ကိုးဦး။ လွန်ခဲ့သည့်တစ်လကျော်ကျော် ဂျပန်ကြည်းတပ်စစ်ဌာနချုပ်၏ စစ်ဘက်ထောက်ပံ့ရေးဌာနကြီးမှူး ဂျင်နရယ်တာနာကား၏ အမိန့်ဖြင့် လျှို့ဝှက်စစ်ဆင်ရေးပစ္စည်းများ သိုလှောင်ထားရှိရန် ကျောက်သားလိုဏ်ဂူအဆောက်အဦတစ်ခုကို လက်ရွေးစင်မြန်မာအလုပ်သမားခြောက်ဆယ်ကို ရွေးချယ်လျက် သူနှင့်သူ့တပ်ဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေ ၂၀ ပတ်လည်၊ အနက်ပေ ၃၀ ရှိသော မြေကျင်းစောက်နက်ကြီးတစ်ကျင်း။ အောက်၌ ၂ ပေထု ကွန်ကရစ်ကြမ်းခင်းပြင်ကြီး လောင်းထား၏။ လက်ဝဲဘက် ထုံးကျောက်နံရံကြီး၏ မျက်နှာပြင်ကို ၁၀ ပေအကျယ်၊ ၁၅ ပေအမြင့်၊ ပေ ၃၀ အရှည် ကျောက်သားလိုဏ်ခေါင်းကြီး ထွင်းဖောက်ထားခဲ့ရသည်။

အလွန်ပြင်းထန်ကြမ်းတမ်းလက်ဝင်လှသော အလုပ်ဖြစ်၏။ ကျောက်သားပြင်ထုကြီးအား စို့တွေ၊ ဆောက်တွေ၊ သံတူရွင်းတွေ၊ တူတွေ နှင့် အကြိတ်အနယ် ထုရရိုက်ရ၊ ထွင်းရ ဖောက်ရသည်။ အညာနွေ အပူမီးအောက်တွင် အလုပ်အဖွဲ့ အဆိုင်းများအသီးသီးခွဲလျက် လုပ်ခဲ့ကြရသည်။ မရပ်မနား။ အတန့်အရပ် မရှိခဲ့ပေ။ ရံဖန်ရံခါ ညဘက်ပါ ညဉ့်မီးထွန်း၍ လုပ်ခဲ့ကြရသည်။

ဆင်းရဲနွမ်းပါးကြသော်လည်း ရိုးသားဖြူစင်မှုတစ်ခုကောင်းတွေဖြင့် အစဉ်ဝင်းလက်ရွှင်လန်းနေလေ့ရှိကြသော သည်မြန်မာလုပ်သားများကို သူ သံယောဇဉ်ဖြစ်မိရ၏။ သူ့စိတ် သူ့အနေနှင့် ကိုက်ညီစွာ သူတို့တွေကို မိသားစုများပမာ သူသဘောထားခဲ့မိရသည်။

တစ်ရက်မှသည် နှစ်ရက် ‥ ရက်တစ်ပတ် ‥ တစ်လ ‥။

ရင်း၍ဖြစ်တည်သော သံယောဇဉ်တွေ အပွေးတက်၍ အသားရင့်လာချိန်၌ ကျောက်သားလိုဏ်ဂူကြီး ပြီးစီးခဲ့တော့သည်။ လေးလံလွန်းလှသော ရတနာသေတ္တာကြီးအလုံး (၆၀) ကိုလည်း တောင်ခြေမှသည် စိမ့်ကိန်းတည်ရာ ပေတစ်ထောင်ကျော်မြင့်သည့် တောင်ပေါ်သို့ သူတို့တစ်တွေပဲ ပင်ပန်းကြီးစွာ သယ်ယူထမ်းပိုး ပို့ဆောင်ခဲ့ရပြန်သည်။

နံနက် နေထန်းတစ်ဖျားမှသည် နေဝန်းညိုချိန်အထိ သူတို့





တွေ ကျွဲများနွားများကဲ့သို့ သူတို့ခွန်အားများကို ဖဲ့ခြွေစားသုံးလျက် လှူလပြုခဲ့ကြရသည်။ သူတို့ချွေးတွေ တုတ်တုတ်ကျမှ ယိုစီးသည်အထိ မောကြီးပန်းဟိုက် ကြိုးပမ်းခဲ့ကြသည်။

သို့ပင်ဖြစ်လည်း ‥‥

'Project-P' ၏ နတ်ဆိုးတို့ပြုံးဖွဲ့သော ကျိန်စာက ဆိုးရွားစွာ စီရင်ခဲ့ပြန်၏။ သည်လျှို့ဝှက်စိမ့်ကိန်းကြီးကို မျက်မြင်ကိုယ်တွေ့သိရှိကြရုံမျှမက ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့ကြရသည့် သည်မြန်မာလုပ်သားကြီးများကို အသက်ရှင်ရပ်တည်ခွင့် မပေးခဲ့။ သူ့မျက်စိရှေ့မှောက်၌ပင် အစုလိုက်အပြုံလိုက် ကွပ်မျက်ခဲ့သည်။ သူကာကွယ်စောင့်ရှောက်မှု မပေးနိုင်ခဲ့။

သည်လျှို့ဝှက်စိမ့်ကိန်းတွင် ကြမ္မာဆိုးစွာ ပါဝင်ခဲ့၍ မျက်မြင်သက်သေဖြစ်ခဲ့ခြင်းကပင် သူတို့၏ ကံဆိုးမှုတစ်ရပ်ဖြစ်သည်။ ပလ္လဲမရှောင်သာ ကြုံကြိုက်တိုက်ဆိုင်ခဲ့သော ကံဆိုးမှုတစ်ရပ်ဟုသာ ဆိုရတော့မည်။ သေသူတို့ကား သေခဲ့ကြပေပြီ။

ပြီးလျှင် ‥‥

မန္တလေးမြို့ စစ်ဆင်ရေးမှူးရုံးက ရွေးချယ်ထားသည့် 'နိပ္ပန်ဇာနည်' သူရဲကောင်းစစ်သည်နှစ်ဆယ်။ သူတို့ကလည်း သူတို့၏ကိုယ်တိုင်ဆန္ဒပြုမှုအရ နိပ္ပန်ဘုရင်ဧကရာဇ်နိုင်ငံတော်နှင့် ဘုရင် 'တင်နော်ဟေကာ' အတွက် သည်နေရာ၌ မြှုပ်နှံထားရစ်ခဲ့သော ရတနာများ၏ လုံခြုံမှုကို တာဝန်ယူစောင့်ရှောက်ရန် သူတို့ကိုယ်သူတို့ အသက်စတေးခဲ့ကြသည်။ သည်ရတနာတွေကို ဝိညာဉ်အဖြစ်ဖြင့်ပင် စောင့်ရှောက်ကြလေမည် ‥‥ တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ... ပြီးလျှင် ...။

ရတနာသေတ္တာများကို မြှုပ်နှံနေစဉ်အတွင်း ကံအားလျော်စွာ ထွက်ပြေးလွတ်မြောက်သွားခဲ့သော မြန်မာအလုပ်သမားတစ်ဦးအား ပြန်လည်ဖမ်းဆီး ခေါ်ဆောင်နိုင်ခဲ့ခြင်းမရှိ၍ ဗိုလ်ကလေး ကိုအိဇမိ၊ တပ်ကြပ်ကြီးတကေးဒါးစံနှင့်တကွ စစ်ပုလိပ်(ကင်ပေ) တပ်ဖွဲ့ဝင် စစ်သည် (၁၀) ဦးကို ကင်ပေတိုင်အကြီးအကဲ ဗိုလ်မှူးရှိဘာတားစံကိုယ်တိုင် ကွပ်မျက်ခဲ့ပြန်သည်။

ဂျင်နရယ်အိဆိုမူရာက သည်ရက်စက်သော အဆုံးအဖြတ်ကို အမိန့်ပေးခဲ့ခြင်းဟုလည်း ဆိုကြသည်။ သူကမူ သိလိုက်ပါသည်။ ဂျင်နရယ်အိဆိုမူရာက အချိန်အခါ၊ အခြေအနေ၏ အခွင့်သာမှုကို အရယူ၍ 'Project-P' ၏ မျက်မြင်သက်သေများအား ဖျောက်ဖျက်ပစ်နေခြင်းဟု သူ့ရင်က သိနေခဲ့ပါလေသည်။

'ရတနာ' ... တဲ့။

တကယ်ဆိုမူ သည်မြေ၊ သည်ရေ၊ သည်နိုင်ငံ၊ သည်လူမျိုးတို့၏ ရတနာဟုဆိုမှ မှန်လေမည်။

မိမိတို့က ...၊ မိမိတို့ နီပွန်တပ်မတော်ကြီးက ဤမြေမှသည် အနိုင့်အထက်လုယက်ယူငင်ခဲ့သော သည်ပစ္စည်းတွေသည် မိမိတို့အတွက် ရတနာဟု ဆိုနိုင်ရာပါ၏လော။

ထို့ထက်တစ်မူ 'ရတနာဆိုသည် ထိုက်မှစံသည်' ဟု ရှေးစကားပောင်း အဆိုရှိသည်။ သွေးစွန်းနေသော သူတို့လက်၊ လောဘဒေါသ မောဟတို့ ဟူးဟူးလျှံတက်ပေကျံနေသော သူတို့နီပွန်တပ်မတော်ကြီးအထံ၌ သည်ရတနာပစ္စည်းတွေက စံရာလေမည်လော။ စံထိုက်





လေသလော။ ယခုပင်လျှင် သူတို့စစ်သည်နှစ်ရာခန့် သွေးမြေကျ၊ အသက်ခန္ဓာ စတေးခဲ့ကြရပြီးပြီ။

သည်အသက်၊ သည်ခန္ဓာတွေနှင့် သည်ရတနာတွေသည် အလဲအထပ်ပြုအပ်လောက်အောင် ထိုက်တန်ပါလေသလော။ နောက်နောက်ထပ်၍ မည်မျှ အသက်ပေးကြရလေဦးမည်နည်း။ မသိတတ်နိုင်ပြီ။

သူက ပင့်သက်ရင်မောကိုသာ တစ်ဝကြီး ချလိုက်မိတော့သည်။

ထိုစဉ်တွင် ...

'ချွတ်' ခနဲ သစ်ရွက်ခြောက်ကို အသာဖွဖွ ခြေဖြင့်နင်းမိသံလိုလို ကြားလိုက်ရ၏။ စိတ်အလျှင်နိုးကြား၍ အာရုံများထက်မြက်နေခိုက်ဖြစ်၍ သူက ကြားဖြစ်အောင် ကြားလိုက်မိရခြင်းဖြစ်သည်။

သူ့လက်က အလိုလို သေနတ်အိတ်ထဲမှ ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်မိပြီးဖြစ်သည်။ သူ့ကိုယ်ကို ကညင်ပင်ကြီး၏ ပင်စည်သို့ ဖိကပ်ထားလိုက်၏။ ကြယ်ရောင်အလင်းရိပ်၌ မျက်စိကျင့်သားရနေပြီးဖြစ်၍ ဝန်းကျင်ပတ်လည်ကို ကောင်းစွာမြင်သာသည်။

အသံကြားလိုက်ရသည့် ခြေလမ်းရာကလေးဘေး၊ ပါးပိုးရုံအုပ်အုပ်ဆိုင်းဆိုင်း၏ရှေ့က ဆူးချုံပုတ်ကလေးများတစ်ပိုက်ကို အာရုံပြု၍ ကြည့်နေမိ၏။ စူးစူးစိုက်စိုက် ...။ မည်သည့်လှုပ်ရှားမှုကိုမျှ မတွေ့ရ။ လုံးဝငြိမ်သက်နေသည်။

ညအမှောင်ကလည်း ပို၍ သိပ်သည်းလာနေ၏။

သည်တောသည်တောင်၌ သည်နေရာကလေးတွင် သည်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မျိုးမှာ သူတစ်ဦးတည်းသာရှိလေမည်ဟု ကနဦးက ထင်မိခဲ့သည်။ ယခုမူ တစ်စုံတစ်ဦးရှိနေသေးသလော။ တောတိရစ္ဆာန်တစ်ကောင်ကောင်လည်း ဖြစ်ချင်ဖြစ်မည်။ သိပ်တော့မသေချာလှ။ သည်တောတွေ၊ သည်တောင်တွေ၊ သည်ရေ၊ သည်မြေတွေက သူတို့အိမ်သူတို့ယာ။ သူတို့သွားချင်ရာ သွားလာခွင့်ရှိသည်။

မိမိတို့ကသာ သူတို့မြေအပေါ် ကျူးကျော်လာသော ဧည့်သည်များပေတကား။ သည်အတွေးဝင်တော့မှပင် သူ့အဖြစ်ကို သူ သတိရလျက် ပြုံးမိရပြီး ပင်စည်မှခွာ၍ သေနတ်ကို ပြန်လည်သိမ်းလိုက်ရတော့သည်။

ညဥ့်၏အော်သံတွေကို ကြားနေရ၏။

ဘာတွေရယ်ဟု တိတိကျကျပြောဖို့ ခက်သည်။ လေတိုက်သံ၊ သစ်ရွက်သစ်ခက်တွေ လှုပ်ရှားသံ၊ တောအုပ်ကို လေတိုးသံ၊ တောကြက်၊ တောငှက်၊ တောတိရစ္ဆာန်တွေ သွားလာလှုပ်ရှားသံ၊ သူတို့ဘာသာဘာဝ မြည်ကျွေးသံ ... စသည်စသည် ပေါင်းစုဖွဲ့လျက် ချောက်ချောက်ချားချား တော၏အော်သံတွေက မြူးတူးနေကြခြင်းဖြစ်သည်။

'တွေးတာတွေကို ခဏရပ်ပြီး လုပ်စရာရှိတာလေးတွေ လုပ်ဦးမှ' ဟု သူကိုယ့်သူ မဲတင်း၍ တောင်ကုန်းကလေးပေါ်မှ ဆင်းလာခဲ့သည်။ ဆင်းလာခဲ့သည်ဆိုသည်ထက် ခြေလှမ်းများကို သိမှတ်စိတ်ရှိရှိဖြင့် သေသေချာချာရေတွက်၍ လှမ်းလာခဲ့ခြင်းဟုဆိုလျှင် ပို၍မှန်နိုင်သည်။

တစ်လှမ်း ...၊ နှစ်လှမ်း ...၊ သုံးလှမ်း ...။

တောင်ကုန်းကမူလေး၏ထိပ်၌ စီးစီးမိုးမိုး လွင့်နေအောင် ထီး





တည်းတည်နေသည့် ပတ်လည်လုံးပတ် ငါးပေခြောက်ပေခန့်ရှိမည့် ထီးထီးမားမား ထိုကညင်ပင်ကြီးမှ အရှေ့တောင်ဘက် ခြေလှမ်းကိုးဆယ်တိတိ၌ ထိုနေရာတည်နေ၏။ ထိုနေရာမှ ခြေလှမ်းတစ်ဆယ့်သုံးလှမ်းတွင်တောင် လက်ပံပင်ကြီးတစ်ပင်ရှိသည်။

ရတနာသိုက် ...။

ဥစ္စာသိုက် ...။

'သိုက်' ဟုပင် ဂမ္ဘီရဆန်ဆန် ခေါ်ချင်ခေါ်။ ရတနာပစ္စည်းတို့ အစုအဝေးဖြင့် မြှုပ်နှံထားရာ 'ဘဏ္ဍာအိမ်' ဟုပဲ ဆိုချင်ဆို။ အလျားသုံးပေ၊ အနံနှစ်ပေ၊ အမြင့်နှစ်ပေရှိ သံသေတ္တာကြီး အလုံးခြောက်ဆယ်ဖြင့် ထည့်သွင်းသိမ်းဆည်းထားသော အာရှမြေတစ်လွှားမှ ဖက်ဆစ်ဂျပန်စစ်မင်းတို့ အာသာငမ်းငမ်း လုယက်သိမ်းပိုက်ခဲ့လေသမျှ အဖိုးတန်၊ အဖိုးထိုက်ရတနာတို့အား သည်နေရာ၌ စနစ်တကျမြှုပ်နှံထားခဲ့သည်။

၁၉၄၅ ခုနှစ် မတ်လ ၈ ရက်နေ့ ညနေပိုင်းတွင် ကိစ္စအလုံးစုံပြီးပြတ်ခဲ့၏။ သူ့ပခုံးပေါ်သို့ ဝန်ထုပ်ကြီးတစ်ခုနှယ် ဖိစီးနိုပ်နယ်နေသော 'Project-P' ၏ အဓိကအစိတ်အပိုင်းနှစ်ရပ်ဖြစ်သည့် သယ်ယူခြင်း၊ မြှုပ်နှံခြင်းအခန်းကဏ္ဍများက ပြီးခဲ့ပြီ။ ထိန်းသိမ်းခြင်းနှင့် ပြန်လည်တူးဖော်ခြင်းတို့သည်သာ ဆက်လက်သယ်ယူရမည့် ဝန်တာများအဖြစ် ကြွင်းရစ်ခဲ့သည်။

သည်လက်ကျန်တာဝန်နှစ်ရပ်ကိုထမ်းဖို့ သူ၊ ဂျင်နရယ်တာနာကား၊ ဂျင်နရယ်အီဆိုမူရာ၊ ဗိုလ်ချုပ်ကြီးအီးဒါး သည်လေးဦးတည်း၌သာ တာဝန်ရှိတော့သည်။ သို့တစေ သည်လျှို့ဝှက်စီမံကိန်းကြီးတစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



လုံး၏ ဝိညာဉ်၊ အသည်းနှလုံးသည် သူပင်ဖြစ်သည်ဟုလည်း သူတို့က ပြောကြ သေးသည်။

'Project-P' ဟု အမည်ပေးထားအပ်သော သည်စစ်ဆင်ရေး၏ လျှို့ဝှက်သင်္ကေတ 'P' ဆိုသည်မှာ 'Professor=ပါမောက္ခ' ဟုလည်းကောင်း၊ ပါမောက္ခဆိုသည့် စကားရပ်၏ညွှန်းမှတ်မှာ သူပင်ဖြစ်သည်ဟုလည်းကောင်း အသိပေးခဲ့ကြပြန်သည်။ သည်ရတနာသိုက်၊ ဥစ္စာသိုက်၊ ဘဏ္ဍာအိမ်အား ပြန်လည်တူးဖော်သည်အထိ မသေမပျောက် 'သက်ရှိမြေပုံ' အဖြစ် ရှင်သန်ကြွင်းရစ်ရဦးမည်တဲ့။

ချယ်ရီတို့ဝေလေသော ဖူဂျီယာမာတောင်မင်း၏အခြေမှ ဇာတိမြေမွေးရပ်တွင် ကျန်ရစ်ခဲ့သော သူချစ်သည့်မိသားစုနှင့် အလဲအထပ် ပြုလျက် ထမ်းရွက်ထားရလေမည့် တာဝန်က 'သက်ရှိမြေပုံ' တစ်ချပ်ဖြစ်ရဦးမည်တဲ့လား ... လေ။

ခြေလှမ်းကို သူရပ်လိုက်၏။

ကညင်ပင်ကြီးမှရေတွက်လျှင် သူလိုယောကျ်ားကြီးတစ်ယောက်၏ ပုံမှန်ခြေလှမ်းဖြင့် ခြေလှမ်းကိုးဆယ်တိတိ၌ သူရပ်လိုက်သည်။ သူ့ခြေလှမ်းတွေ ခြေစုံရပ်ထားသည့် သည်မြေလွှာအောက်၌ ရတနာတွေရှိသည်။ ရှိနေသည်။ ဘယ်ကာလ၊ ဘယ်အချိန်၊ ဘယ်ကမ္ဘာတွင် ပြန်လည်တူးဖော်ခွင့် ရလေမည်မသိသည့် ရတနာသေတ္တာကြီးတွေ ရှိနေသည်။

ဟုတ်သည် ...။

ဘယ်အချိန်၊ ဘယ်ကာလတွင်မှ သည်မြေကို ခြေချခွင့်ရတော့လေမည် မသိတတ်နိုင်။ ယခုမူ ယာယီဖြင့်တော့ ခွဲခွာရဦးတော့မည်။





ဤမြေမှသည် ...

သူတို့ကတော့ ရှုံးနိမ့်ဆုတ်ခွာရမှုဟု ဝန်မခံ။ ယာယီစစ်ပြောင်းရွှေ့ နေရာချထားမှုဟု စကားလုံးလှလှကလေးများဖြင့် လှည့်ဖြားထားဆဲ။ စင်ကာပူသို့တိုင် ဦးတည်၍ တရွေ့ရွေ့ဆုတ်ခွာမည့် သည်ယာယီထွက်ပြေးဆုတ်ခွာရမှုက ဘယ်သောအခါ စစ်နာလန်ထူ၍ သည်မြေ၊ သည်အရပ်ကို မတ်မတ်ရပ်တည်ခွင့် ရနိုင်လေဦးမည်နည်း။ ဤသည်လည်း မသေချာပြန်။

မတ်လ (၄) ရက်နေ့ အရုဏ်ဦးက သူတို့၏ စစ်ဘက်ရိက္ခာသယ် ယာဉ်တန်းကြီးတစ်ခုလုံးအား စိစိညက်ညက်ကြေအောင် ကြားဖြတ်အတိုက်ခံလိုက်ရသည်။ ယင်းနေ့ နံနက်လင်းသည်နှင့် မြင်းခြံတွင် စုရုံးဖွဲ့စည်းပြီးသော မဟာမိတ်တို့၏ အမှတ် (၁၄) တပ်တော်စုမှ မိတ္ထီလာကို သိမ်းပိုက်ရေးထိုးစစ်ကြီး စတင်ခဲ့၏။ တစ်နေကုန် ရေကုန်ရေခန်းတိုက် ကြခိုက်ကြသည်။ သတ်ကြဖြတ်ကြသည်။

အဆင့်ဆင့် ပိတ်ဆို့ဝန်းရံထားသော ဂျပန်ခံစစ်ကြောင်းတွေ တဝုန်းဝုန်းပြိုလဲကုန်၏။ မရပ်မတည်နိုင် ကျိုးပေါက်ပွင့်ထွက်ကုန်၏။ ညမိုးမချုပ်မီ မိတ္ထီလာမြို့ ကျခဲ့၏။ မိတ္ထီလာမှ ဂျပန်တပ်တွေအားလုံး မန္တလေး၊ တံခွန်တိုင်သို့ အလုံးအရင်းဖြင့် ပြောင်းရွှေ့ဆုတ်ခွာခဲ့ရသည်။

မတ်လ (၅) ရက်နေ့တွင် မိတ္ထီလာတပ်နယ်ရှိ ဗဟိုတပ်မတော် တပ်ရင်း (၂) တပ်ရင်းတစ်ရင်းလုံးက ၎င်းတို့တပ်ရင်း၌ တွဲဖက်ပေးထားသော ဂျပန်ကြည်းတပ်စစ်ဦးစီးရုံး အကြံပေးအရာရှိ ဗိုလ်ကြီးတိုကိုနှင့် အကြပ်ဂျပန်နှစ်ဦးအား သုတ်သင်သတ်ဖြတ်၍ ဂျပန်ဘုရင့်တပ်မတော်ကြီးကို အတိအလင်း စတင်တော်လှန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်ဖျောက်၍ မိတ္ထီလာတပ် နယ်ဒေသအသီးသီး၌ ဖြန့်ခွဲပြီး ပဟာမိတ်တပ်များ၏ထိုးစစ်ကြောင့် အရှုံးမိပိုင်းဖြစ်နေသည့် ဂျပန်ကင်းစခန်းများ၊ တိုက်ကင်းများအား အလစ်အငိုက် ဝင်စီး၏။ ချုံခိုတိုက်ခိုက်၏။ လက်နက်၊ ကျည်၊ စစ်တပ်ရိက္ခာ၊ စစ်သုံးယာဉ်များအား လုယက်လျက်ရှိ၏။

ဗိုလ်မှူးသောင်းကြည်၏ တပ်ရင်း (၅) သည်လည်း တပ်ရင်း (၂) ကဲ့သို့ တရားဝင်အတိအလင်း တော်လှန်ခြင်းမရှိသေးသော်လည်း လစ်လျှင်လစ်သလို ဂျပန်တပ်ဖွဲ့များအား တိုက်ခိုက်လျက်ရှိ၏။ သည်တပ်ရင်းနှစ်ရင်းနှင့် Force.136 မှ ဦးဆောင်ဖွဲ့စည်းထားသည့် ပြောက်ကျားတပ်ဖွဲ့များကလည်း ထိထိရောက်ရောက် ဒုက္ခပေးနေသည်။

မတ်လ (၇) ရက်နေ့တွင် စစ်ဝန်ကြီး ဂျင်နရယ်အောင်ဆန်း အိမ်၌ ဂျပန်တော်လှန်ရေးအတွက် လျှို့ဝှက်အစည်းအဝေးတစ်ရပ်ကို ဗမာ့တပ်မတော်တပ်မှူးများ၊ နိုင်ငံရေးခေါင်းဆောင်များဖြင့် ပြုလုပ်ခဲ့သည်ဟု ဂျပန်စစ်ဘက်ထောက်လှမ်းရေးတပ်ဖွဲ့ (ကင်ပေ) က အတိအကျ သတင်းရခဲ့၏။

သို့တစေ လက်ဆုပ်လက်ကိုင်ပြစရာက ဘာမျှမရှိ။ လက်ပူးလက်ကြပ်လည်း ဝင်ဖမ်း၍မဖြစ်။ သည်အတိုင်း လက်ပိုက်ထိုင်ကြည့်နေခဲ့ရသည်။ ယင်း၏အကျိုးဆက်က နောက်တစ်နေ့လင်းသည်နှင့် ချက်ချင်းလက်ငင်း ဇာတိပြတော့သည်။

ဗမာ့တပ်မတော်၏ အထက်ဗမာပြည်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တပ်မှူး ဗိုလ်မှူးဗထူးက ၁၉၄၅ ခုနှစ် မတ်လ ၈ ရက်နေ့ လင်းအရုဏ်ဦး၌ စတင်လျက် စစ်ကိုင်း၊ မန္တလေး၊ သီပေါမြို့များရှိ





ဗမာစစ်တပ်များကို ကွပ်ကဲကာ မိမိတို့ဂျပန်တပ်များကို တရကြမ်း ထိုးစစ်ဆင် တော်လှန်ခဲ့သည်။ သူတို့ကြိုတင်တွက်ဆခဲ့ကြသော သည်မြေ၊ သည်ရေ၊ သည်နိုင်ငံ၏ အမုန်းပိုးလုံးကြီး တောက်လောင်ခဲ့လေပြီ။

မန္တလေး၏ မြောက်ဘက်စစ်မျက်နှာ ရွှေဘိုခံစစ်ကြောင်းလည်း ကျိုးခဲ့ပြီ။ ရှိသမျှတပ်တွေက နောက်ပြန်လန်ကျလျက် မတ္တရာနယ်တွင် တပ်တည်စုရုံးလျက် ရှိနေကြ၏။ ဂျင်နရယ်စလင်း၏ သံချပ်ကာတပ်များနှင့် တင့်ကားတပ်များက တောခြောက်သလို ခြောက်လှန့်လိုက်လာနေကြပြီ။

မကြာမတင်မီ မန္တလေးက ခွာရတော့မည်။

ဤမြေမှသည် ...

သူက တောင်ခြေကို စေ့စေ့ကြည့်သည်။

တောင်ခြေအရင်း ချောင်းအကူး သံဘောလီတံတားလေးဘေးမှကပ်၍ တောင်အခြေကို မေးတင်လျက် မြေနီကားလမ်းလေးကို မြင်ရ၏။ ပြီးလျှင် သရက်ပင်အုပ်အုပ်ထွေးထွေးနှင့် ပြန့်ကျယ်ကလေး။ ပြန့်ကျယ်လွင်သာကလေး၏ လက်ဝဲဘက် တောင်စောင်းတွင် သံသေတ္တာကြီးတွေ ထမ်းပိုးတင်ဆောင်လာခဲ့သည့် လူသွားလမ်းကလေး။

သည်လမ်းအစ၌ တောင်နဘဲပင် ထီးထီးကြီးတစ်ပင်။ သံဘောလီတံတားမှ တောင်နဘဲပင်ကြီးအထိ ပေ ၁၃၀၀ နှင့် ၉ လက်မ။ တောင်နဘဲပင်ကြီးက မော့ကြည့်လျှင် မြင့်ထောင့် အနောက် ၇၈ ဒီဂရီ မြောက်အရပ်၊ ခန့်မှန်းခြေလှမ်း ၈၂၅ ၌ သူတို့ရတနာသိုက်တည်ရာကို ညွှန်ပြမည့် ကညင်ပင်ကြီးရှိနေသည်။

ပြီးလျှင် မြေပြင်အခြေအနေ၊ မြင်သာလွယ်သည့် အမှတ်



www.burmeseclassic.com

www.burmeseclassic.com



အသားများကိုလည်း အသေးစိတ် သူမှတ်သားသည်။ တစိမ့်စိမ့်ကြည့်၍ တဖြည်းဖြည်းချင်း မှတ်ဉာဏ်အတွင်း ရိုက်သွင်းသည့်နည်း။ သူလို အနုပညာဗီဇသွေးရှိသူအဖို့ မခက်လှပါ။ တိကျသေချာမှုကို မက်မောတတ်သည့် သူ့အင်ဂျင်နီယာဉာဉ်ကလည်း အသေးစိတ်ကလေးများကို အမှတ်အသားပြုမိစေသည်။

လေကလေးက တဖြည်းဖြည်း ညင်းညင်းညံ့ညံ့ ပြေးလာ၏။

ရွက်ကြွေလေးများ မြေဝယ်ရှပ်တိုက်ပြေးသံကိုလည်း သူကြားရသည်။

မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်မှ ပုစဉ်းရင်ကွဲအော်သံတွေက နားမခံသာအောင် ကျယ်လောင်လှ၏။

ခွဲခွာခြင်း၏ နိဒါန်းသည် လွမ်းချင့်စဖွယ် ကောင်းလွန်းနေတော့သည်။

သူက သူ့ဂျာကင်အိတ်ထဲမှ ဝီစကီပုလင်းပြားလေးကို ထုတ်ယူ၍ တစ်ကျိုက်မော့ချလိုက်သည်။ ယမကာရည်တို့က ပူပြင်းလောင်မြိုက်စွာ လည်ချောင်းအတွင်းမှ ပြေးဆင်းသွားကြလေ၏။

'ချွတ်' ခနဲ ခြေရွေ့သံကို နားဝယ်စွဲမိပြန်သည်။

တစ်စုံတစ်ယောက်က သူ့အား ချောင်းမြောင်းကြည့်ရှုခြင်း ခံနေရသလို စိတ်အနေ ကျဉ်းမြောင်းကျပ်တည်းခြင်းဝေဒနာကို သိသိသာသာ ခံစားနေရ၏။'

"မောင်ရှိန်စံများလား ..."

သူ့ရင်ထဲက သံယောဇဉ်နွယ်တစ်မျှင်က တင်းခနဲဖြစ်လာသည်။

---

စိတ်ကူးသစ်စာပေ



"မောင်ရှိန်စံ ...အသက်ရှင်နေသေးသလား။ အသက်ရှင်နေပါစေဦး။ သူ့အပေါ် ကောင်းလွန်းလှခဲ့သည့် သည်မြေသည့်ရေက သည်မြန်မာလူငယ်ကလေး မသေပါစေနဲ့ဦး"

ရင်ထဲ၌ လွမ်းလွမ်းဆွေးဆွေး ဆို့ဆို့နင့်နင့် ဖြစ်၍လာသည်။ အမှောင်ရိပ်၌ ရစ်ဝိုင်းဖွဲ့တည်လာသော မျက်ရည်ငွေ့ငွေ့ကို လက်ခုံဖြင့်သုတ်လျက် သည်ရတနာတည်ရာမြေကိုကျောခိုင်း၍ ခြေတစ်လှမ်းစတင်လှမ်းသည်။

"နေရစ်ခဲ့တော့ မြန်မာပြည် ..."

"စီးဆင်းရစ်လေဦးတော့ ဧရာဝတီ ..."

"ဆာယိုနာရာ"

နောက်ခြေတစ်လှမ်း ...။

နောက်တစ်လှမ်း ...။

နောက်တစ်လှမ်း ...။

ဤမြေမှသည် ကျောခိုင်း၍ အမှောင်ရိပ်အတွင်း တဖြည်းဖြည်း ဝင်ရောက်ပျောက်ကွယ်သွားတော့၏။ ။

(ဆက်လက်၍ 'သို့ ... ဧရာဝတီ' အမည်ဖြင့် ရေးသားထားပါသည်။)


မေတ္တာဖြင့်
ဧေယျာမင်းသျှင်

www.burmeseclassic.com

www.burmeseclassic.com





စာမူခွင့်ပြုချက်အမှတ် – ၅၀၀၇၈၆၀၆၀၉




စာမူခွင့်ပြုချက်အမှတ် – ၅၀၀၁၈၂၀၂၁၁

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com